

# သင်္ဂြိုဟ်အရသာ

အဂ္ဂမဟာပဏ္ဍိတ
ညောင်လေးပင်ဆရာတော်

ဟံသာဝတီ

အဘိဓမ္မာပိဋကတ်

ခုနစ်ကျမ်းလုံး၏အရသာကို

ပေါ်လွင်စေလျက်

လျှာတိုင်းနှင့်သင့်သော

# သဂြိုဟ်–အရသာ

ညောင်လေးပင်မြို့-တောရကျောင်းတိုက်

နာယကဆရာတော်

စီရင်ရေးသားသည်။

☆

ရန်ကုန်မြို့

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်

၁၉၅၂

# အချီနိဒါန်း

**အဘိဓမ္မာ**

သုတ္တန် ဝိနည်းတရားတို့ထက် လွန်ကဲထူးမြတ်သော အဘိဓမ္မာ ဒေသနာတော်ကို ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး၍ ခုနစ်ဝါမြောက် ရောက်သောကာလ သာဝတ္ထိပြည်၏ အနီး ကဏ္ဍအမည်ရှိသော ဥယျာဉ်စောင့်သည် စိုက်ပျိုးအပ်သော သရက်ပင်ရင်း၌ တိတ္ထိတို့ကို နှိမ်နင်းခြင်းငှါ ရေမီးအစုံအစုံသော တန်းခိုးပြာဋိဟာတို့ကို ပြတော်မူပြီးသည်၏ အဆုံး၌-သုံးဘဝါးသော လှမ်းသဖြင့် တာဝတိံသာ နတ်ပြည်သို့ ကြွမြန်းတော်မူ၍ ဂင်လယ်ကာသစ်ပင်၏ အရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ ကျောက်နေရာထက်၌ နေမင်းကဲ့သို့ တင့်တယ်စွာ နေတော်မူလျက် မယ်တော် ဖြစ်ခဲ့ဘူးသော သန္တုသိတ နတ်သားကို အမှူးပြု၍—လောကဓာတ် တသောင်းမှ နတ်ဗြဟ္မာ အပေါင်းတို့အား ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခဲ့လေသည်။

နတ်ပြည်ဝယ် ဘုရားရှင် ဟောကြားတော်မူခဲ့သော အဘိဓမ္မာသည် အလွန်တရာ ကျယ်ဝန်းလှသောကြောင့် စန္ဒကူးတော၌ နေတော်မူစဉ် ပညာအရာတွင် အထွတ်အထိပ်ဖြစ်သော ရှင်သာရိပုတ္တရာအား အကျဉ်းချုပ် ဟောတော်မူပြန်လေသည်၊ ညာဏ်ကြီးရှင်- ရှင်သာရိပုတ္တရာသည်- မိမိအားဘုရားရှင် အကျဉ်းချုပ် ဟောတော်မူခဲ့သော အဘိဓမ္မာဒေသနာကို- မကျဉ်းမကျယ် ဝေဖန်လျက် လင်းနို့သား ဖြစ်ခဲ့ဘူးသော ရဟန်း ငါးရာတို့အား ဟောကြားတော်မူခဲ့လေသည်။

**အဘိဓမ္မတ္ထသင်္ဂဟ**

ယင်းအဘိဓမ္မာသည် အလွန်တရာနက်နဲ၍-အလွန်တရာလည်း ကျယ်ဝန်းများပြားလှလေရာ- ဓမ္မသင်္ဂဏီ ဝိဘင်း ဓာတုကထာ ပုဂ္ဂလပညတ် ကထာဝတ္ထု-ယမိုက်-ပဋ္ဌာန်းအားဖြင့် ၇-ကျမ်းပင်ရှိခဲ့လေသည်၊အဘိဓမ္မာကို ဖွင့်ဆိုသော·အဋ္ဌကထာပေါင်းများစွာနှင့် ဋီကာဂဏ္ဌိဏ္ဌိရတို့လည်

မနဲပါပေ၊ သို့ရာတွင်-သမုဒ္ဒရာရေကို ဖွန်းငယ်ဖြင့်ခပ်၍ ပစ်သော်လည်း မကုန်ခန်းနိုင်သည့်ပမာ–ဤအဘိဓမ္မာ၏ အနက်အဓိပ္ပါယ်တို့ကိုလည်း အမျိုးမျိုး အဖုံဖုံ ဖွင့်ဆိုကြစေကာ ပြည့်စုံလုံလောက်လှပြီဟုပင် မရှိနိုင်ပေ။

ဤသို့ နက်နဲ ကျယ်ဝန်းလှသဖြင့်ပင် အတော်အတန် အသိဉာဏ် မှုံမွှေးသူတို့အတွက်-အနက်အဓိပ္ပါယ်များကို သိရန်မှာ-သမုဒ္ဒရာအလယ် ယုန်သူငယ်ပမာ ဖြစ်နေပေတော့သည်၊ ထို့ကြောင့်ပင်လျှင် ကဉ္စိပုရတိုင်း ကာဝိရပဋ္ဋနမည်သော ပင်လယ်ကူး သင်္ဘောဆိပ်ကမ်းမြို့လျှင် ဖွါးရာဇာတိရှိသော ရှင်အနုရုဒ္ဓါမထေရ်သည် သိဟိုဠ်ကျွန်း-မူလသောမကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် အဘိဓမ္မာ ၇-ကျမ်းတွင် အကျယ်အကျယ် ဟောတော်မူခဲ့သော တရားအားလုံးကို အကျဉ်းချုံးလျက် အဘိဓမ္မာ၏အဆီကို ညှစ်၍ အနှစ်ကိုထုတ်ကာ အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို ရေးသားပြုစု တော်မူခဲ့လေသည်။

**သင်္ဂြိုဟ်အရသာ**

လက်သန်းကလေးမျှသာရှိသော သင်္ဂြိုဟ်ကျမ်းသည် ရတနာအပြည့် ထည့်ထားသော ရတနာကြုတ်ကလေးပမာ အလွန်ကောင်းမွန်လှသောကြောင့် ပါဠိမြန်မာ အဖွင့်အမျိုးမျိုးပင် ရှိခဲ့လေရာ ထိုထိုအဖွင့် ကျမ်းတို့သည်လည်း ထိုထိုအလိုက် ကောင်းမွန် သင့်မြတ်ကြပါသည်၊ ဘုရားရှင့်ဒေသနာကို ဝေနေယျာတို့ သိရေး၌ တာဝန် မကင်းလှသော ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ ညောင်လေးပင်တောရဆရာတော်ဘုရားသည်လည်း- သင်္ဂြိုဟ်ကျမ်း၏ အနက်အဓိပ္ပါယ်များကို မကျဉ်းမကျယ် သိလွယ်ရုံ သဘောထားလျက် ၁၃၀၀-ပြည့်နှစ်ကပင် ဤ "သင်္ဂြိုဟ်အရသာ" ကျမ်းကို အပြီးစီရင်တော် မူခဲ့လေသည်။

ဤသင်္ဂြိုဟ်အရသာကျမ်းတွင် ပါဝင်သော သဘောအဓိပ္ပါယ်သရုပ်များအရ ထောက်ဆ၍ ကြည့်ရှုရလျှင် အဘိဓမ္မာကျမ်းကို

# နိဒါန်း

လေ့လာသင်ကြားလိုသော ပါဠိမဖက် မြန်မာသက်သက်တတ် လူငယ်လူရွယ်များအပြင် တက္ကသိုလ်တွင် အဘိဓမ္မာသင် ကျောင်းတော်သူ ကျောင်းတော်သားများပင် ကြည့်ရှုလေ့လာပါက အလွယ်တကူ သင်ယူတတ်မြောက် ပေါက်ရောက် နိုင်ပေလိမ့်မည်ဖြစ်ရာ—

**(၁) သရုပ်သကောင်ထုတ်ဆောင်ပြသခြင်း။**
**(၂) မှတ်ဘွယ်သိဘွယ်လွယ်ကူစွာပြသခြင်း။**
**(၃) သဘောသဘာဝကျနစွာပြသခြင်း။**

အထက်ပါ အချက်အလက်တို့နှင့် ပြည့်နှက်လျက် ရှိသောကြောင့် ဤသင်္ဂြိုဟ်အရသာသည် ပညာရှိသုံး ပညာရှိဆောင် ကျမ်းစာတစောင်ဖြစ်ကြောင်း သိသာနိုင်ပေသည်။

ထိုမှတပါး အဆိုပါ ကျမ်းစာတွင် စိတ်ပိုင်းမှစ၍ ကမ္မဋ္ဌာန်းပိုင်းတိုင်အောင် ပါဠိပါဠ်သား မပါ မြန်မာဘာသာ သက်သက်ဖြင့် တအုပ်တည်း ပြီးစီးအောင် စီစဉ်ရိုက်နှိပ် ထားသဖြင့်လည်း ကြည့်လွယ် ရှုလွယ် သင်အံမှတ်သား လွယ်သော ကျမ်းစာတဆောင်ဖြစ်ရာ ဤကျမ်းစာကို ကြည့်ရှုလေ့လာခြင်းဖြင့် အဘိ-ဓမ္မာအမြင် ရင့်သန် ပြည့်ဝလာနိုင်လိမ့်မည်ဟူ၍ ယုံကြည်မျှော်လင့်ပေသည်။

ဤသို့ အဘိဓမ္မာ ၇-ကျမ်းကို သိမ်းကြုံးပေါင်းရုံးကာ သိမှတ်ဘွယ်ရာအဖြာဖြာတို့ဖြင့် ပြည့်နှက်လျက်ရှိသော ဤသည့်ကျမ်းကို ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်၌ ရိုက်နှိပ်ထုတ်ဝေ လိုက်ပါသတည်း။

**အရှင် ခေမိန္ဒ**
ကျောက်ကုန်းတောရ မေဓိနီကျောင်းတိုက်
ရန်ကုန်မြို့။

# မာတိကာ

## ၁—စိတ်ပိုင်း


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အကုသိုလ်စိတ်—၁၂ | ...... | ၂ |
| အဟိတ်စိတ်—၁၈ | ...... | ၃ |
| ကာမသောဘဏစိတ်-၂၄ | ...... | ၄ |
| ရူပစိတ်—၁၅ | ...... | ၅ |
| အရူပစိတ်—၁၂ | ...... | ၆ |
| လောကုတ္တရာစိတ်—၈ | ...... | ၇ |
| လောကုတ္တရာအကျယ်—၄၀ | ...... | ၈ |
| သရုပ်ခွဲလေ့လာဘွယ် | ...... | ၉ |
| သရုပ်ခွဲ၍မှတ်ဘွယ် | ...... | ၁၁ |
| သဘောမှတ်ဘွယ် | ...... | ၁၃ |
| ပါဒကချုပ်စသည့်မှတ်ဘွယ် | ...... | ၁၈ |


## ၂—စေတသိက်ပိုင်း


| | | |
|---|---|---|
| လက္ခဏာ—၄-ပါး | ...... | ၂၀ |
| သမ္ပယောဂနည်း—၁၆ | ...... | ၂၁ |
| သဗ္ဗစိတ္တတနည်း | ...... | ၂၁ |
| ပကိဏ်း—၆—နည်း | ...... | ၂၁ |
| အကုသိုလ်—၅—နည်း | ...... | ၂၂ |
| သောဘဏ—၄—နည်း | ...... | ၂၃ |
| အနိယတ ယောဂီ-၁၁- | ...... | ၂၄ |
| သင်္ဂဟနည်း-၃၃- | ...... | ၂၄ |
| လောကုတ္တရာ-၅-နည်း | ...... | ၂၅ |
| မဟဂ္ဂုတ်-၅-နည်း | ...... | ၂၅ |
| ကာမသောဘဏ-၁၂—နည်း | ...... | ၂၆ |

# မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အကုသိုလ်-၇-နည်း | ...... | ၂၆ |
| အဟိတ်-၄-နည်း | ...... | ၂၈ |
| သမ္ပယောဂနည်း-၁၇-နည်းဖြစ်ပုံ | ...... | ၂၉ |
| သမ္ပယောဂယှဉ်နည်း-၂၆။ မယှဉ်နည်း-၂၇ | ...... | ၃၀ |
| သင်္ဂဟနည်း-၁၉-နည်း | ...... | ၃၀ |
| စေတသိက် လက္ခဏာ လေးပါးမှတ်ဘွယ် | ...... | ၃၁ |
| စေတသိက်သဘောလေ့လာဘွယ် | ...... | ၃၁ |
| သဗ္ဗစိတ္တသာဓာရဏမှတ်ဘွယ် | ...... | ၃၂ |
| ပကိဏ်းမှတ်ဘွယ် | ...... | ၃၄ |
| အကုသိုလ်မှတ်ဘွယ် | ...... | ၃၆ |
| သောဘဏမှတ်ဘွယ် | ...... | ၃၇ |
| သမ္ပယောဂနည်း မှတ်ဘွယ် | ...... | ၄၄ |
| အနိယတ မှတ်ဘွယ် | ...... | ၄၅ |

## ၃-ပကိဏ်းပိုင်း

| | | |
|---|---|---|
| ဝေဒနာသင်္ဂဟ | ...... | ၄၇ |
| ဟေတုသင်္ဂဟ | ...... | ၄၉ |
| ကိစ္စသင်္ဂဟ | ...... | ၅၀ |
| ဒွါရသင်္ဂဟ | ...... | ၅၂ |
| အာရမ္မဏသင်္ဂဟ | ...... | ၅၅ |
| ဝတ္ထုသင်္ဂဟ | ...... | ၅၉ |
| စေတသိက်၏ဝေဒနာလေ့လာဘွယ် | ...... | ၆၁ |
| စေတသိက်၏ဟေတုလေ့လာဘွယ် | ...... | ၆၂ |
| စေတသိက်၏ကိစ္စလေ့လာဘွယ် | ...... | ၆၃ |
| ဌာနသယ်ပါး ၂၅-ပါးမှတ်ဘွယ် | ..... | ၆၃ |
| စေတသိက်၏အာရုံလေ့လာဘွယ် | ...... | ၆၄ |
| စေတသိက်၏ ဝတ္ထုလေ့လာဘွယ် | ...... | ၆၅ |

အကြောင်းအရာ ... စာမျက်နှာ


အာရုံပြုဧကန်၊အနေကန်လေ့လာဘွယ် ...... ၆၆
ဒွါရဝိမုတ်အာရုံလေ့လာဘွယ် ...... ၇၀
အဘိညာအာရုံလေ့လာဘွယ် ..... ၇၁
အာရမ္မဏာဓိပတိအာရုံလေ့လာဘွယ် ...... ၇၂
မိဿကခွဲလေ့လာဘွယ် ...... ၇၃
ဝေဒနာသင်္ဂဟမှတ်ဘွယ် ...... ၇၇
ဟေတုသင်္ဂဟမှတ်ဘွယ် ..... ၇၇
ကိစ္စသင်္ဂဟမှတ်ဘွယ် ...... ၇၈
ဒွါရသင်္ဂဟမှတ်ဘွယ် ...... ၇၉
အာရမ္မဏသင်္ဂဟမှယ်ဘွယ် ..... ၇၉
ဒွါရဝိမုတ်အာရုံမှတ်ဘွယ် ...... ၈၂
ယေဘုယျမှတ်ဘွယ် ...... ၈၃
ဝတ္ထုသင်္ဂဟမှတ်ဘွယ် ...... ၈၄


## ၄—ဝီထိပိုင်း


ဆဆက္က ...... ၈၅
ကာမဇောဝါရ(ဝိထိ-၈၅) ...... ၈၆
အပ္ပနာဇောဝါရ(ဝိထိ-၁၅၂) ...... ၈၉
တဒါရုံမှတ်ခြင်း(ဝိပလ္လာသမှတ်ဘွယ်) ...... ၉၁
အာဂန္တုကဘဝင် ...... ၉၂
ဇောမှတ်ခြင်း ...... ၉၃
ပုဂ္ဂိုလ်ဝီထိစိတ်ရ ...... ၉၄
ဘုံဝီထိစိတ်ရ ...... ၉၅
ပုဂ္ဂိုလ်ဝီထိစိတ်ရအကျယ် ...... ၉၅
ဘုံဝီထိစိတ်ရအကျယ် ...... ၉၆
ဘုံပုဂ္ဂိုလ်ဝီထိစိတ်ရ ...... ၉၇
ဝါကရုံး ...... ၉၈

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဝိထိလက်ရိုးလေ့လာဘွယ် (၂၂၇-ဝိထိ) | ...... | ၉၈ |
| အတိမဟန္တာရုံ ၅-ဝိထိ | ...... | ၁၀၀ |
| မဟန္တာရုံ-၁၀-ဝိထိ | ...... | ၁၀၁ |
| ပရိတ္တာရုံ-၃၀- | ...... | ၁၀၂ |
| အတိပရိတ္တာရုံ-၃၀ | ...... | ၁၀၃ |
| ကာမမနောဒွါရဝိထိ-၁၀ | ...... | ၁၀၅ |
| အပ္ပနာဇောဝါရ | ...... | ၁၀၈ |
| မဟဂ္ဂုတ်-ဈာနဝိထိ-၇၂ | ...... | ၁၀၉ |
| မဂ္ဂဝိထိ-၄၀ | ...... | ၁၁၀ |
| ဖလသမာပတ္တိဝိထိ-၄၀ | ...... | ၁၁၁ |
| အဘိညာ ၂၈-ဝိထိ | ...... | ၁၁၃ |
| နိရောဓသမာပတ်ရှစ်ဝိထိ | ...... | ၁၁၅ |
| မရဏာသန္န ၂၄-ဝိထိ | ...... | ၁၁၆ |
| စိတ်အကြံမှတ်ဘွယ် | ...... | ၁၁၈ |
| ရှေ့နောက်စိတ်စဉ် | ...... | ၁၂၀ |
| ကာမဝိထိနောက်လိုက် | ...... | ၁၂၂ |
| အပ္ပနာဝိထိနောက်လိုက် | ...... | ၁၂၄ |
| မိရာဝတ္ထု | ...... | ၁၂၅ |
| မန္တိမာယုက | ...... | ၁၂၅ |
| ကာမဝိထိအရာမှတ်ဘွယ် | ...... | ၁၂၇ |
| မမြင်ရသော ရူပါရုံ ၆-မျိုး၊ သဒ္ဒါရုံမလာခြင်း | ...... | ၁၂၈ |
| ဂန္ဓာရုံပသည်လာခြင်း | ...... | ၁၂၉ |
| အပ္ပနာဝိထိအရာမှတ်ဘွယ် | ..... | ၁၃၁ |
| မဂ်ဖိုလ်ဝေဒနာ | ...... | ၁၃၂ |


## ၅–ဘုံပိုင်း


| | | |
|---|---|---|
| ဘူမိစတုက္က | ...... | ၁၃၃ |
| ပဋိသန္ဓိစတုက္က | ...... | ၁၃၄ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ကမ္ဘစတုက္က | ...... | ၁၃၇ |
| မရဏုပ္ပတ္တိစတုက္က | ...... | ၁၄၂ |
| ပဋိသန္ဓိစတုက္ကမှတ်ဘွယ် | ...... | ၁၄၇ |
| ဘုံပုဂ္ဂိုလ်ဝိထိမှတ်စိတ်ရ | ...... | ၁၅၀ |
| သတ္တာဝါသဘုံကိုးဝ | ...... | ၁၅၁ |
| အကုသိုလ်ကမ္ဘပထ | ...... | ၁၅၂ |
| ကာမကုသိုလ်ကမ္ဘပထ | ...... | ၁၅၃ |
| ရူပကုသိုလ်ကံ | ...... | ၁၅၅ |
| ပဋိသန္ဓေဖြစ်စေပုံ | ...... | ၁၅၇ |
| မရဏာသန္နဝိထိအာရုံဒွါရ | ...... | ၁၅၇ |
| ပစ္စုပ္ပန်ကမ္ဘနိမိတ်သဒိသူ | ...... | ၁၅၈ |
| ဘုမ္မိစတုက္ကမှတ်ဘွယ် | ...... | ၁၅၉ |
| တက်ကပ်ဆုတ်ကပ် | ...... | ၁၆၄ |
| ဘဝတချန္ဒပ၊ ဘာ၊ ရု-တူ၊ မတူ | ...... | ၁၆၄ |
| ကမ္ဘစတုက္ကမှတ်ဘွယ် | ...... | ၁၆၅ |
| မရဏုပ္ပတ္တိစတုက္ကမှတ်ဘွယ် | ...... | ၁၆၇ |
| ရဟန္တာစုတိ | ...... | ၁၆၈ |

## ၆....ရုပ်ပိုင်း

| | | |
|---|---|---|
| ရုပ်အကျဉ်း | ...... | ၁၆၉ |
| ရုပ်ဝေဘန်ခြင်း | ...... | ၁၇၁ |
| ရုပ်ဖြစ်ကြောင်း | ...... | ၁၇၃ |
| ရုပ်ကလာပ် | ...... | ၁၇၅ |
| ရုပ်ဖြစ်စဉ် | ...... | ၁၇၆ |
| နိဗ္ဗာန် | ...... | ၁၇၈ |
| ရုပ်သက်မှတ်ဘွယ် | ...... | ၁၇၉ |
| ရုပ်ဖြစ်စဉ်ရှုမှတ်သားဘွယ် | ...... | ၁၈၁ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ရုပ်ကလာပ်ဖြစ်စဉ် | ...... | ၁၈၃ |
| ရုပ်ကလာပ်ချုပ်စဉ် | ...... | ၁၈၄ |
| ရုပ်ဝိထိ | ...... | ၁၈၅ |
| ရုပ် ၁၂-မျိုး | ...... | ၁၈၉ |
| ရုပ်ကလာပ်မှတ်ဘွယ် | ...... | ၁၉၀ |
| ရုပ်အကျဉ်း၌မှတ်ဘွယ် | ...... | ၁၉၁ |
| မဟာဘူတ | ...... | ၁၉၃ |
| ဘူတရုပ်လေးပါးသဘော | ...... | ၁၉၄ |
| ပသာဒရုပ်ငါးပါးသဘော | ...... | ၁၉၅ |
| ဂေါစရရုပ်ခုနစ်ပါးသဘော | ...... | ၁၉၇ |
| ဘာဝရုပ်နှစ်ပါးသဘော | ...... | ၁၉၈ |
| ဟဒယရုပ်သဘော | ...... | ၁၉၉ |
| ဇီဝိတရုပ်သဘော | ...... | ၂၀၀ |
| အာဟာရရုပ်သဘော | ...... | ၂၀၁ |
| အာကာသဓာတ်သဘော | ...... | ၂၀၂ |
| ဝိညတ်ဒွေသဘော | ...... | ၂၀၂ |
| လဟုတာဒိတ္တယသဘော | ...... | ၂၀၅ |
| လက္ခဏာရုပ်လေးခုသဘော | ...... | ၂၀၆ |
| ရုပ်ဝေဘန်ခြင်းမှတ်ဘွယ် | ...... | ၂၀၇ |
| ရုပ်ဖြစ်ကြောင်းမှတ်ဘွယ် | ...... | ၂၀၈ |
| နိဗ္ဗာန်၌မှတ်ဘွယ် | ...... | ၂၁၀ |


## ၇....သမုစ္စည်းပိုင်း


| | | |
|---|---|---|
| အကုသလသင်္ဂဟ | ...... | ၂၁၂ |
| မိဿကသင်္ဂဟ | ...... | ၂၁၅ |
| ဗောဓိပက္ခိယသင်္ဂဟ | ...... | ၂၁၈ |

# မာတိကာ




| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သဗ္ဗသင်္ဂဟ | ...... | ၂၂၀ |
| မိဿကသင်္ဂဟခွဲလေ့လာဘွယ် | ...... | ၂၂၂ |
| သဗ္ဗဋ္ဌ ဘေဒ—၁၁ | ...... | ၂၂၄ |
| အကုသလ သင်္ဂဟမှတ်ဘွယ် | ...... | ၂၂၅ |
| ဒိဋ္ဌိ ၆၂-ပါး | ...... | ၂၂၆ |
| မိဿကသင်္ဂဟမှတ်ဘွယ် | ...... | ၂၃၃ |
| ဈန္ဒြေဟောစဉ် | ...... | ၂၃၆ |
| ဗောဓိပက္ခိယသင်္ဂဟမှတ်ဘွယ် | ...... | ၂၃၈ |
| ဥပ္ပန္နရှစ်မျိုး | ...... | ၂၄၀ |
| တပေါင်းတည်းဖြစ်ပုံ | ...... | ၂၄၁ |
| ဥပေက္ခာဆယ်ပါး | ...... | ၂၄၂ |
| သဗ္ဗသင်္ဂဟမှတ်ဘွယ် | ...... | ၂၄၃ |
| ခန္ဓာငါးပါးရှုဘွယ် | ...... | ၂၄၅ |
| သီးခြားနှစ်ပါး | ...... | ၂၄၅ |
| အာယတနဓာတ်ရှုဘွယ် | ...... | ၂၄၆ |
| သစ္စာအနက် ၁၆-ချက် | ...... | ၂၄၈ |
| ဒုက္ခ ၁၂-မျိုး။ ဒုက္ခခွဲ။ သံခိတ်ဒုက္ခ | ...... | ၂၅၀ |
| တဏှာ၏သင်းချိုင်း မချနိဗ္ဗာန် | ...... | ၂၅၂ |
| သစ္စာသိကျိုး သစ္စာဥပမာ | ...... | ၂၅၃ |
| စတုက္ကလေးချက် | ...... | ၂၅၄ |
| သဘောတူမတူ။ သုံးဦးကြိုက်တရား | ...... | ၂၅၅ |


## ၈....ပစ္စည်းပိုင်း


| | | |
|---|---|---|
| ပဋိစ္စသမုပ္ပါဒ်နည်း | ...... | ၂၅၇ |
| ပဋိစ္စသမုပ္ပါဒ် အရကောက် | ...... | ၂၅၈ |
| အခြင်းအရာ စသည်၌ မှတ်ဘွယ် | ...... | ၂၆၁ |
| ပုဗ္ဗန္တစက်၊ အပရန္တစက် | ...... | ၂၆၃ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပဋ္ဌာန်းနည်း | ...... | ၂၆၄ |
| ၎ကျူးဖွဲးပြုနည်း ၆-မျိုး | ...... | ၂၆၉ |
| နာမ်+နာမ်-ခြောက် | ...... | ၂၆၉ |
| နာမ်+နာမ်ရုပ်-ငါး | ...... | ၂၇၁ |
| နာမ်သည်+ရုပ်အားတစ် | ...... | ၂၇၅ |
| ရုပ်သည်+နာမ်အားတစ် | ...... | ၂၇၆ |
| ပညတ်နာမ်ရုပ်+နာမ်အားနှစ် | ...... | ၂၇၈ |
| ပကတူမှတ်ချက် | ...... | ၂၈၀ |
| ဒွယံ+ဒွယာ-ကို | ...... | ၂၈၁ |
| မှတ်ဘွယ်အထူး | ...... | ၂၈၈ |
| ပစ္စည်းပေါင်းခြင်း | ...... | ၂၉၂ |
| သဟာဇာတရုပ်နှစ်မျိုး ပစ္စည်းခွဲခြင်း | ...... | ၂၉၂ |
| ကာလဖြင့်လေးမျိုး | ...... | ၂၉၃ |
| ယုဂ ခုနစ်စုံ။ သပ္ပတ်နှစ်မျိုး | ...... | ၂၉၃ |
| ဌာနိကနှစ်မျိုး | ...... | ၂၉၄ |
| ပစ္စည်းပေါင်းဝင်ခြင်း၌မှတ်ဘွယ် | ...... | ၂၉၄ |
| ပညတ် | ...... | ၂၉၆ |
| အဋ္ဌပညတ်အများ | ...... | ၂၉၇ |
| သဒ္ဒပညတ် ၆-မည် | ...... | ၂၉၈ |
| ဝိဇ္ဇမာနသဏ္ဌာ | ...... | ၂၉၉ |
| သင်္ကေတဖြင့်ပြီးခြင်း | ...... | ၃၀၀ |
| ဝဒန္တ သုံးဝိထိ | ...... | ၃၀၁ |
| သုဏန္တ လေးဝိထိ | ...... | ၃၀၂ |
| အသံများတိုင်းဝိထိတိုးခြင်း | ...... | ၃၀၂ |
| ဝဒန္တအကျယ် ၇-ဝိထိ။ သုဏန္တအကျယ် ၇-ဝိထိ | | ၃၀၃ |
| ပညတ်ပျက်-မပျက် | ...... | ၃၀၄ |
| ပဋိစ္စသမုပ္ပါဒ်နည်း မှတ်ဘွယ်။ ခေါင်းဆောင် | ...... | ၃၀၅ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပြန်ဆက်၊ အင်္ဂါမရေတွက် | ...... | ၃၀၆ |
| အဝိဇ္ဇာပစ္စယာ သင်္ခါရာမှတ်ဘွယ် | ...... | ၃၀၆ |
| အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ | ...... | ၃၀၇ |
| ကုသိုလ်ဆင်ကောင်ပုပ်။ ဥပမာ | ...... | ၃၀၈ |
| ကျေးဇူးပြုပုံ | ...... | ၃၀၉ |
| ထင်ရှားသော အဝိဇ္ဇာ။ ကြောင်းကျိုးတူမတူ | ...... | ၃၁၀ |
| ငါးဌာနအဝိဇ္ဇာ | ...... | ၃၁၁ |
| သင်္ခါရပစ္စယာ ဝိညာဏံမှတ်ဘွယ် | ...... | ၃၁၃ |
| ကျေးဇူးပြုပုံ | ...... | ၃၁၃ |
| ဝိညာဏပစ္စယာ နာမရူပံမှတ်ဘွယ် | ...... | ၃၁၅ |
| ကျေးဇူးပြုပုံ | ...... | ၃၁၆ |
| နာမရူပ ပစ္စယာ သဠာယတနံမှတ်ဘွယ် | ...... | ၃၁၇ |
| ရုပ်ကျေးဇူးပြုပုံ၊နာမ်ရုပ်ကျေးဇူးပြုပုံ | ...... | ၃၁၉ |
| သဠာယတန ပစ္စယာ ဖဿောမှတ်ဘွယ် | ...... | ၃၂၀ |
| ဝါဒကွဲ။ အများကြောင့်တခု | ...... | ၃၂၀ |
| ဖဿပစ္စယာဝေဒနာမှတ်ဘွယ် | ...... | ၃၂၁ |
| ကျေးဇူးပြုပုံ | ...... | ၃၂၁ |
| ဝါဒကွဲ | ...... | ၃၂၂ |
| ဝေဒနာပစ္စယာ တဏှာမှတ်ဘွယ် | ...... | ၃၂၂ |
| တဏှာတရာ့ရှစ် | ...... | ၃၂၂ |
| ကျေးဇူးပြုပုံ | ...... | ၃၂၃ |
| တဏှာပစ္စယာ ဥပါဒါနံမှတ်ဘွယ် | ...... | ၃၂၃ |
| ဥပါဒါန်ဖြစ်စဉ် | ...... | ၃၂၄ |
| ဥပါဒါန ပစ္စယာ ဘဝေါမှတ်ဘွယ် | ...... | ၃၂၄ |
| သင်္ခါရနှင့် ဘဝအထူး၊ ဘဝအပြား | ...... | ၃၂၅ |
| ဥပါဒါန်—အားလုံးကြောင့် ဘဝအားလုံး | ...... | ၃၂၆ |
| ဘဝပစ္စယာဇာတိမှတ်ဘွယ် | ...... | ၃၂၈ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဓာတ်ပစ္စယာ ဓာရာမရဏံမှတ်ဘွယ် | ...... | ၃၂၉ |
| သောကစသည်မှတ်ဘွယ် | ...... | ၃၂၉ |
| အာသဝကြောင့်ဖြစ်ဆက်ပုံ | ...... | ၃၃၀ |
| ကျေးဇူးပြုပုံ ပစ္စည်းအမျိုးချုပ် | ...... | ၃၃၁ |
| ဝိနိစ္ဆယခြောက်ပါးမှတ်ဘွယ် | ...... | ၃၃၂ |
| သစ္စပဘာဝ | ...... | ၃၃၂ |
| ကိစ္စ | ...... | ၃၃၃ |
| ဝါရဏာ | ...... | ၃၃၃ |
| ဥပမာ | ...... | ၃၃၄ |
| ဂမ္ဘီရဘေဒ | ...... | ၃၃၆ |
| နယဘေဒ | ...... | ၃၃၇ |
| ဥပယော်ချာစဉ် | ...... | ၃၃၈ |


## ၉—ကမ္မဋ္ဌာန်းပိုင်း


| | | |
|---|---|---|
| အာရုံကမ္မဋ္ဌာန်းနှစ်မျိုး | ...... | ၃၃၉ |
| ဘာဝနာ ကမ္မဋ္ဌာန်း နှစ်မျိုး | ...... | ၃၄၀ |
| ဥဒ္ဒေသ | ...... | ၃၄၀ |
| ကသိုဏ်းဆယ်ပါးစသည် | ...... | ၃၄၁ |
| သပ္ပါယဘေဒ | ...... | ၃၄၃ |
| ဘာဝနာဘေဒ | ...... | ၃၄၄ |
| နိမိတ္တဘေဒ | ...... | ၃၄၄ |
| ဥပစာရဈာန်၊ အပ္ပနာဈာန် | ...... | ၃၄၆ |
| ပသိဘောင်ငါးပါး အရူပဈာန် | ...... | ၃၄၇ |
| အပ္ပနာမရတဆယ် | ...... | ၃၄၈ |
| အဘိညာဉ်ငါးပါး | ...... | ၃၄၉ |
| အာဝဟာစသည်မှတ်ဘွယ် | ...... | ၃၄၉ |
| အာဝဟာ၊ ပဘေဒ၊ အတိက္ကမ | ...... | ၃၄၉ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဝဇ္ဇနာဝဇ္ဇနအာရုံ | ...... | ၃၅၀ |
| စလာစလ၊ သုံး၊ ဂဟာဏ၊ အာဒိကမ္မိက၊ ပစ္စယ | ...... | ၃၅၁ |
| စရိယာနှင့် ကုလ၊ သဗ္ဗတ္ထက။ ပရမတ်၌အပ္ပနာ | ...... | ၃၅၂ |
| ဈာန်တစိတ်ဖြစ်ကြောင်း | ..... | ၃၅၃ |
| ကမ္မ+သဿက-တာဉာဏ် | ...... | ၃၅၃ |
| စရိတ်မှတ်ဘွယ် | ...... | ၃၅၃ |

## ဝိပဿနာကမ္မဋ္ဌာန်း


| | | |
|---|---|---|
| ဥဒ္ဒေသ | ...... | ၃၅၆ |
| သီလဝိသုဒ္ဓိ | ...... | ၃၅၇ |
| စိတ္တဝိသုဒ္ဓိ | ...... | ၃၅၇ |
| ဒိဋ္ဌိဝိသုဒ္ဓိ | ...... | ၃၅၇ |
| ကင်္ခါဝိသုဒ္ဓိ | ...... | ၃၅၈ |
| မဂ္ဂါမဂ္ဂ၌ သမ္မသနဉာဏ် | ...... | ၃၆၀ |
| နယဝိပဿနာ | ...... | ၃၆၀ |
| အဒ္ဓါန် စသည်၊ ဥဒယဗ္ဗယဉာဏ် | ...... | ၃၆၁ |
| ဘေးရန်ဆယ်ပါး | ...... | ၃၆၂ |
| ပဋိပဒါဉာဏ် | ...... | ၃၆၃ |
| ဉာဏဒဿန ဝိသုဒ္ဓိ မဂ်ဝီထိ | ...... | ၃၆၃ |
| အမည်လေးခု ဂေါတြဘူမဂ်ဉာဏ် | ...... | ၃၆၄ |
| ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်၊ ဝိမောက္ခဘေဒ | ...... | ၃၆၅ |
| ပုဂ္ဂလဘေဒ | ...... | ၃၆၆ |
| သမာပတ္တိဘေဒ | ...... | ၃၆၇ |
| နိဂုံး | ...... | ၃၆၈ |



# သင်္ဂြိုဟ်အရသာ

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

## ၁–စိတ်ပိုင်း

သမ္မာ သမ္ဗုဒ္ဓ မတုလံ၊ သသဒ္ဓမ္မ ဂဏုတ္တမံ။
အဘိဝါဒိယ ဘာသိဿံ၊ ဘိဓမ္မ ရ သ သင်္ဂဟံ။

အဟံ၊ ငါသည်။ သသဒ္ဓမ္မဂဏုတ္တမံ၊ သူတော်ကောင်းတရားဆယ်ပါး၊မြတ်သော အရိယာပုဂ္ဂိုလ် ရှစ်ယောက်အပေါင်းနှင့်တကွဖြစ်သော။ အတုလံ၊ အတုမရှိ အမြတ်ဆုံးဖြစ်သော။ သမ္မာသမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဘိဝါဒိယ၊ ရိုသေစွာရှိခိုးပြီး၍၊ အဘိဓမ္မရသသင်္ဂဟံ၊ အဘိဓမ္မာ သင်္ဂြိုဟ်အရသာကို။ ဘာသိဿံ၊ ဆိုပေအံ့။

အဘိဓမ္မာချုန်စ်ကျမ်း၌ ဘုရားဟောအနက်တို့သည် ပရမတ္ထအားဖြင့် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်–ဟူ၍လေးပါး အပြားရှိကုန်၏။

ထိုလေးပါးတို့တွင် စိတ်သည် ကာမာဝစရစိတ်၊ ရူပါဝစရစိတ်၊ အရူပါဝစရစိတ်၊လောကုတ္တရာစိတ်–ဟူ၍ လေးပါး အပြားရှိ၏။

အကုသိုလ်စိတ်-၁၂။ ။ထိုလေးပါးတို့တွင် ကာမာဝစရ စိတ်ကား .....

သောမနဿ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် တခု။

သောမနဿ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက စိတ်-တခု၊

သောမနဿ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် တခု။

သောမနဿ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် တခု၊

ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် တခု။

ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် တခု။

ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်တခု။

ဥပေက္ခာ သဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်တခု။

ဤကား လောဘမူစိတ်ရှစ်ခုတည်း။

ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ် တခု။

ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် တခု။

ဤကားဒေါသမူစိတ်နှစ်ခုတည်း။

ဥပေက္ခာ သဟဂုတ် ဝိစိကိစ္ဆာ သမ္ပယုတ်စိတ် တခု။

ဥပေက္ခာ သဟဂုတ် ဥဒ္ဓစ္စ သမ္ပယုတ် စိတ် တခု။

ဤကားမောဟမူစိတ်နှစ်ခုတည်း။

လောဘမူ-ရှစ်၊ ဒေါသမူနှစ်၊ မောဟမူနှစ်၊ ဤသို့အကုသိုလ် စိတ် ၁၂-ခုဖြစ်၏။ ။မောဟမူဒွေ-သင်္ခါရဝိမုတ်။

(သောမနဿ ၄-ဥပေက္ခာ ၆-ဒေါမနဿ ၂-ပေါင်း ၁၂။ သမ္ပယုတ် ၈-ဝိပ္ပယုတ် ၄-ပေါင်း ၁၂။ ။အသင်္ခါရိက ၅-သသင်္ခါရိက ၅။ဝိမုတ် ၂။ ပေါင်း ၁၂။)

**အဟိတ်စိတ် ၁၈။** ။ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်တခု။
ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်တခု။
ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ်တခု။
ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ်တခု။
ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ်တခု။
ဥပေက္ခာသဟဂုတ်သမ္ပဋိစ္ဆိုင်းစိတ်တခု။
ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တခု။

၎င်းအကုသလ ဝိပါက်စိတ်ခုနစ်ခုတည်း။

ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ်တခု။
ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ်တခု။
ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ်တခု။
ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ်တခု။
သုခသဟဂုတ် ကာယဝိညာဏ်စိတ်တခု။
ဥပေက္ခာသဟဂုတ်သမ္ပဋိစ္ဆိုင်းစိတ်တခု။

သောမနဿသဟဂုတ် သက္ကိရဏာစိတ်
တခု။
ဥပေက္ခာသဟဂုတ် သက္ကိရဏာစိတ်တခု။
ဤကား အဟိတ်ကုသလဝိပါက် စိတ်ရှစ်ခုတည်း။
ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်
တခု။
ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ်
တခု။
သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ်
တခု။
ဤကား အဟိတ် ကြိယာစိတ် သုံးခုတည်း၊

အကုသလဝိပါက်-ခုနစ်၊ အဟိတ်ကုသလဝိပါက်-ရှစ်၊ အဟိတ်ကြိယာ-သုံး ။ ဤသို့အဟိတ်စိတ် ၁၈-ခုဖြစ်၏။ ။၁၈-ခုလုံးသမ္ပယုတ် ဝိပ္ပယုတ်ဝိမုတ်၊ သင်္ခါရဝိမုတ်။

(သောမနဿ ၂၊ သုခ ၁၊ ဒုက္ခ ၁၊ ဥပေက္ခာ ၁၄ -ပေါင်း ၁၈၊ စက္ခုဝိညာဏ်နွေ၊ သောတဝိညာဏ်နွေ၊ ဃာနဝိညာဏ်နွေ၊ ဇိဝှါဝိညာဏ်နွေ၊ ကာယဝိညာဏ်နွေ၊ သမ္ပဋိစ္ဆိုင်းနွေ၊ သန္တိရဏ ၃၊ အာဝဇ္ဇန်းနွေ၊ ဟသိတုပ္ပါဒ် ၁-ပေါင်း ၁၈။)

**ကာမသောဘဏစိတ် ၂၄။** ။အကုသိုလ်စိတ်၊ အဟိတ်စိတ်တို့မှ လွတ်ကျန်သော စိတ်တခုယုတ် ခြောက်ဆယ်၊ အကျယ် ၉၁-ပါးတို့သည် သောဘဏစိတ်တို့ မည်ကုန်၏။

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်တခု။
သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်သသင်္ခါရိက စိတ်တခု။
သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်တခု။
သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်တခု။
ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် တခု၊

ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် တခု။
ဥပေက္ခာသဟဂုတ်ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်-တခု။
ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်-တခု။

ဤကား ကာမာဝစရ ကုသိုလ်စိတ်ရှစ်ခုတည်း။

ထိုအတူ သဟိတ်ကာမာဝစရ ဝိပါက်စိတ်ရှစ်ခု၊ သဟိတ်ကာမာဝစရ ကြိယာ စိတ်ရှစ်ခုဖြစ်၏။ ။မဟာကုသိုလ်၊ မဟာဝိပါက်၊ မဟာကြိယာလည်း ခေါ်သည်။

(ကုသလဝိပါက်၊ ကြိယာတို့၌''သဟိတ်''ဟု အဘယ်ကြောင့် ထူးသနည်း။ ။အဟိတ်ကုသလဝိပါက်၊ အဟိတ် ကြိယာတို့နှင့် ရောမည်စိုးသောကြောင့်တည်း။)

ဤစိတ်တို့သည် ဝေဒနာအားဖြင့် သောမနဿ၊ ဥပေက္ခာ-ဟု နှစ်မျိုး။ ဉာဏ်အားဖြင့် သောမနဿ ဉာဏသမ္ပယုတ်၊ ဉာဏဝိပ္ပယုတ်၊ ဥပေက္ခာ ဉာဏသမ္ပယုတ်၊ ဉာဏဝိပ္ပယုတ်-ဟု လေးမျိုး။ သင်္ခါရအားဖြင့် တဖန်ရှစ်မျိုးပြားသည်။ ကုသိုလ်၊ ဝိပါက်၊ကြိယာ စွမ်းဖြင့် ကာမသောဘဏစိတ် ၂၄-မျိုးဖြစ်၏။

အကုသိုလ် ၁၂၊ ကုသိုလ် ၈၊ ဝိပါက် ၂၃၊ ကြိယာ ၁၁။ဤသို့ ကာမာဝစရစိတ် ၅၄-ဖြစ်၏။ ကာမစိတ်လည်း ခေါ်သည်။

(သောမနဿ ၁၈၊ ဥပေက္ခာ ၃၂၊ ဒေါမနဿ ၂၊ သုခ ၁၊ ဒုက္ခ ၁-ပေါင်း ၅၄။ ။သမ္ပယုတ် ၂၀၊ ဝိပ္ပယုတ် ၁၆၊ ဝိမုတ် ၁၈။ ပေါင်း ၅၄။ ။အသင်္ခါရိက ၁၇၊သသင်္ခါရိက ၁၇၊ဝိမုတ် ၂၀၊ ပေါင်း ၅၄။)

**ရူပစိတ် ၁၅။** ။ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ-တည်းဟူသော ဈာန်အင်္ဂါ ငါးပါးနှင့် တကွဖြစ်သော ပဌမဈာန် ကုသိုလ်စိတ်-တခု။

ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ-တည်းဟူသော ဈာန်အင်္ဂါ လေးပါးနှင့် တကွဖြစ်သော ဒုတိယဈာန် ကုသိုလ်စိတ်-တခု။

ဒိတ္ထိ, သုခ, ဧကဂ္ဂတာ-တည်းဟူသော ဈာန်အင်္ဂါသုံးပါးနှင့် တကွဖြစ်သော တတိယဈာန်ကုသိုလ် စိတ်-တခု။

သုခ, ဧကဂ္ဂတာ-တည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့် တကွ ဖြစ်သော စတုတ္ထဈာန် ကုသိုလ်စိတ်-တခု။

ဥပေက္ခာ, ဧကဂ္ဂတာ-တည်းဟူသော ဈာန်အင်္ဂါ နှစ်ပါးနှင့် တကွဖြစ်သော ပဉ္စမဈာန် ကုသိုလ်စိတ်တခု။ ။ဤကား ရူပါဝစရ ကုသိုလ်စိတ်ငါးခုတည်း။

ထိုအတူ ရူပါဝစရဝိပါက် စိတ်ငါးခု၊ ရူပါဝစရ ကြိယာ စိတ်ငါးခုဖြစ်၏။

ရူပစိတ်သည် ဈာန်အင်္ဂါ ယှဉ်ခြင်းအား ဖြင့်ငါးပါး။ ကုသိုလ်, ဝိပါက်ကြိယာအား ဖြင့် တဆဲ့ငါးပါး ဖြစ်၏။ ။၁၅-ပါးလုံး ဉာဏ သမ္ပယုတ်၊သသင်္ခါရိက။(သုခဟူသည် စိတ်သုခ ဖြစ်သောကြောင့် သောမနဿ ပင်တည်း။ ကာယဝိညာဏ် သုခကား ကိုယ်သုခ ဖြစ်သောကြောင့် သောမနဿမမည်။ သုခသာမည်သည်။

ဈာန်အင်္ဂါ ယှဉ်ခြင်းသည်အင်္ဂါငါးပါးနှင့်ယှဉ်ခြင်း၊လေးပါး-၊ သုံးပါး-၊နှစ်ပါး-၊ နှစ်ပါ နှင့်ယှဉ်ခြင်း-ဟုငါးမျိုးဖြစ်သည်။)

**အရူပစိတ် ၁၂။** ။အာကာသာနဉ္စာ ယတနဈာန် ကုသိုလ်စိတ် တခု။
ဝိညာဏဉ္စာ ယတနဈာန် ကုသိုလ်စိတ်တခု။
အာကိဉ္စ ညာယတနဈာန်ကုသိုလ်စိတ်တခု။
နေဝသညာနာသညာယတနဈာန် ကုသိုလ် စိတ်တခု။
ဤကား အရူပါ ဝစရ ကုသိုလ်စိတ်လေးခုတည်း။

ထိုအတူ အရူပါဝစရဝိပါက်စိတ်လေးခု၊ အရူပါဝစရကြိယာ စိတ်လေးခုဖြစ်၏။

အရူပစိတ်သည်အာရုံအားဖြင့်လေးပါး။ ကုသိုလ်,ဝိပါက်, ကြိယာအားဖြင့် တဆဲ့နှစ်ပါးဖြစ်၏။ ။၁၂-ပါးလုံးဥပေက္ခာ၊ ဉာဏသမ္ပယုတ်၊ သသင်္ခါရိက။

(အာရုံသည် ကောင်းကင်ပညပ်အာရုံ၊ အာကာ ဈာန်အာရုံ၊ နတ္ထိဘောပညပ်အာရုံ၊ အာကိံ ဈာန်အာရုံ-ဟုလေးမျိုးဖြစ်သည်။ ဤစိတ်လေးခုသည် အစဉ်အတိုင်း တခုစီ အာရုံပြုသည်။

ရူပစိတ်သည်အာရုံအချို့ တူသော်လည်းအင်္ဂါမတူ၊ အင်္ဂါလွန်သည်။ ။အရူပစိတ်သည် အင်္ဂါအားလုံး "ဥပေက္ခာ၊ ဧကဂ္ဂတာချည်းဖြစ်၍" တူသော်လည်း အာရုံမတူ၊ အာရုံလွန်သည်။

အကုသိုလ် ၁၂၊ ကုသိုလ် ၁၇၊ ဝိပါက် ၃၂၊ ကြိယာ ၂၀-ဤသို့လောကီစိတ် ၈၁-ဖြစ်၏။

သော-၃၀၊ဥ-၄၇၊ဒေါ-၂၊ သု-၁၊ ဒု-၁-ပေါင်း ၈၁။ ။သမ္ပယုတ် ၄၇၊ ဝိပ္ပယုတ် ၁၆၊ဝိမုတ် ၁၈-ပေါင်း ၈၁။ ။အ,သင် ၁၇၊ သ,သင် ၄၄၊ဝိမုတ် ၂၀-ပေါင်း ၈၁။)

**လောကုတ္တရာစိတ် ၈။** ။သောတာပတ္တိ မဂ်စိတ်တခု။
သကဒါဂါမိ မဂ်စိတ်တခု။
အနာဂါမိ မဂ်စိတ်တခု။
အရဟတ္တ မဂ်စိတ်တခု။
ဤကားလောကုတ္တရာကုသိုလ်စိတ်လေးခုတည်း။။

သောတာပတ္တိ ဖိုလ်စိတ်တခု။
သကဒါဂါမိ ဖိုလ်စိတ်တခု။
အနာဂါမိ ဖိုလ်စိတ်တခု။
အရဟတ္တ ဖိုလ်စိတ်တခု။
ဤကားလောကုတ္တရာဝိပါက်စိတ်လေးခုတည်း။။

လောကုတ္တရာ၌ မဂ်လေးမျိုးပြား သောကြောင့် ကုသိုလ်စိတ် လေးမျိုးဖြစ်သည်။ ထိုကုသိုလ်၏အကျိုး ဖြစ်သောကြောင့် ဝိပါက်

စိတ်လည်း လေးမျိုးဖြစ်သည်။ ဤသို့လျှင် လောကုတ္တရာစိတ်ရှစ်ခု ဖြစ်၏။ ။ရှစ်ခုလုံး သောမနဿ၊ ဉာဏသမ္ပယုတ်၊ သသင်္ခါရိက။

စိတ်တို့သည် ဇာတ်အားဖြင့် အကုသိုလ် ၁၂၊ ကုသိုလ် ၂၁၊ ဝိပါက် ၃၆၊ ကြိယာ ၂၀၊ပေါင်း ၈၉။

ဘုံအားဖြင့် ကာမစိတ် ၅၄၊ ရူပစိတ် ၁၅၊ အရူပစိတ် ၁၂၊ လောကုတ္တရာစိတ် ၈ ပေါင်း ၈၉။ ။(လောကုတ္တရာဘုံဟု သီးခြား မရှိသော်လည်း မဂ်စိတ်၊ ဖိုလ်စိတ် အရိုက် အတန့်ကို တင်စား၍ ခေါ်သည်။ အပယ္ယာဘုံဟု အမည်ရသည်။)

**လောကုတ္တရာအကျယ် ၄၀။** ။ဤသို့စိတ်သည်တခုယုတ် ကိုးဆယ်အပြား ရှိသော်လည်း ၁၂၁-ပါး ပြား၍ ဟောကြား တော်မူ၏။ ဝေဘန်ပုံကား.....

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ-တည်း ဟူသော ဈာန် အင်္ဂါငါးပါးနှင့် တကွဖြစ်သော ပဌမဈာန်နှင့်တူသော သောတာ ပတ္တိမဂ်စိတ်-တခု။

ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ-တည်းဟူသော ဈာန်အင်္ဂါ လေးပါးနှင့် တကွဖြစ်သော ဒုတိယဈာန်နှင့်တူသော သောတာ ပတ္တိမဂ်စိတ်-တခု။

ပီတိ၊သုခ၊ဧကဂ္ဂတာ-တည်းဟူသော ဈာန်အင်္ဂါသုံးပါးနှင့်တကွ ဖြစ်သော တတိယဈာန်နှင့်တူသော သောတာပတ္တိမဂ် စိတ်-တခု။

သုခ၊ ဧကဂ္ဂတာ-တည်း ဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့် တကွ ဖြစ်သော စတုတ္ထဈာန်နှင့်တူသော သောတာပတ္တိမဂ် စိတ်-တခု။

ဥပေက္ခာ၊ ဧကဂ္ဂတာ-တည်းဟူသော ဈာန်အင်္ဂါ နှစ်ပါးနှင့် တကွ ဖြစ်သော ပဉ္စမဈာန်နှင့် တူသော သောတာပတ္တိမဂ် စိတ် တခု။ ။ဤကား သောတာပတ္တိမဂ် စိတ်ငါးခုတည်း။(ပဌမဈာန်နှင့် တူသော သောတာပတ္တိမဂ် စိတ်တခု- ဒုတိယဈာန်နှင့် တူသော သောတာပတ္တိမဂ် စိတ်တခု- ဤအနေမျှ ချုံးဆိုလျှင်လည်း သင့်၏။)

ထိုအတူ သကဒါဂါမိမဂ်စိတ်ငါးချ၊ အနာဂါမိမဂ်စိတ်ငါးချ၊အရဟတ္တမဂ်စိတ်ငါးချဖြစ်၍ မဂ်စိတ် ၂၀-ဖြစ်၏။ ထိုအတူ သောတာပတ္တိဖိုလ်စိတ်ငါးချ သကဒါဂါမိဖိုလ်စိတ်ငါးချ၊ အနာဂါမိဖိုလ်စိတ်ငါးချ၊ အရဟတ္တဖိုလ် စိတ်ငါးချဖြစ်၍ စိတ် ၂၀-ဖြစ်၏။ဤသို့လျှင် လောကုတ္တရာစိတ် ၄၀-ဖြစ်၏။ ၄၀-လုံ ဉာဏသမ္ပယုတ်၊သသင်္ခါရိက။ သုခပဲ့သော သောမနဿ ၃၂၊ ဥပေက္ခာ၅စ်။

ဈာန်အင်္ဂါလျှဉ်ခြင်း ငါးမျိုးကြောင့် လောကုတ္တရာစိတ် တခုတခုသည် ငါးပါးစီဖြစ်၏။ ထိုကြောင့် လောကုတ္တရာစိတ် လေးဆယ်ဖြစ်၏။ လောကုတ္တရာစိတ် လေးဆယ် ဖြစ်သောကြောင့် စိတ်တခုယုတ် ကိုးဆယ်သည် ၁၂၁-ပါးဖြစ်၏။

**ဈာန်ခွဲ။** ။ရူပဈာန်စိတ်သည် ပဉ္စမဈာန်စသည်ဖြင့် ငါးမျိုးပြား၏။ လောကုတ္တရာ ဈာန်စိတ်လည်း ထိုအတူ ငါးမျိုးပြား၏၊ အရူပဈာန် စိတ်ကား ပဉ္စမဈာန် တမျိုးတည်းသာ ဖြစ်၏၊ ထိုကြောင့် ပဌမဈာန် ၁၁၊ ဒုတိယဈာန် ၁၁၊ တတိယဈာန် ၁၁။ စတုတ္ထဈာန် ၁၁၊ ပဉ္စမဈာန် ၂၃-ဈာန်စိတ်ပေါင်း ၆၇။ ဈာန်မဟုတ်သောစိတ် ၅၄။ ပေါင်း ၁၂၁။

**ဇာတ်ခွဲ။** ။စိတ်တို့သည် ဇာတ်အားဖြင့် အကုသိုလ် ၁၂။ ကုသိုလ် ၃၇။ ဝိပါက် ၅၂။ ကြိယာ ၂၀ ပေါင်း ၁၂၁၊

**ဘုံခွဲ။** ။ဘုံအားဖြင့် ကာမစိတ် ၅၄၊ ရူပစိတ် ၁၅၊ အရူပစိတ် ၁၂၊ လောကုတ္တရာစိတ် ၄၀-ပေါင်း ၁၂၁။

## သရုပ်ခွဲလေ့လာဘွယ်

**အကျဉ်းခွဲ။** ။စိတ်တခုယုတ် ကိုးဆယ်သည် အနှလုံအားဖြင့် လောဘမူ ၈-ဒေါသမူ ၂-မောဟမူ ၂-အကုသလဝိပါက် ၇-အဟိတ် ကုသလဝိပါက် ၈-အဟိတ် ကြိယာ ၃-မဟာကုသိုလ် ၈-မဟာဝိပါက် ၈-မဟာကြိယာ ၈-ရူပကုသိုလ် ၅-

ရူပဝိပါက် ၅-ရူပကြိယာ ၅- အရူပကုသိုလ် ၄-အရူပဝိပါက် ၄-အရူပကြိယာ၄-မဂ် ၄-ဖိုလ် ၄-ပေါင်း ၈၉။

ပန္နံလုံအားဖြင့် ဖိုလ် ၄-မဂ် ၄-အရူပကြိယာ ၄-အရူပဝိပါက် ၄၊အရူပကုသိုလ် ၄၊ ရူပကြိယာ ၅၊ ရူပဝိပါက်၅-ရူပကုသိုလ် ၅၊ မဟာကြိယာ ၈၊ မဟာဝိပါက် ၈၊မဟာကုသိုလ် ၈၊ အဟိတ်ကြိယာ ၃၊အဟိတ်ကုသလဝိပါက် ၈၊အကုသလဝိပါက်၇၊ မောဟမူ ၂-ဒေါသမူ ၂-လောဘမူ ၈-ပေါင်း ၈၉။

ဝေဒနာအားဖြင့် သောမနဿ ၃၈-ဥပေက္ခာ ၄၇-ဒေါမနဿ ၂-ဒုက္ခ ၁-သုခ ၁-ပေါင်း ၈၉။

သမ္ပယုတ်အားဖြင့် သမ္ပယုတ် ၅၅-ဝိပ္ပယုတ် ၁၆-ဝိမုတ် ၁၈-ပေါင်း ၈၉။ ။(သမ္ပယုတ် ၅၅-ကား။ ဒိဋ္ဌိဂတသမ္ပယုတ် ၄-ပဋိဃသမ္ပယုတ် ၂-ဝိစိကိစ္ဆာသမ္ပယုတ် ၁-ဥဒ္ဒစ္စသမ္ပယုတ် ၁-ဉာဏသမ္ပယုတ် ၄၇။ ။ဝိပ္ပယုတ် ၁၆-ကား။ ဒိဋ္ဌိဂတဝိပ္ပယုတ် ၄- ဉာဏဝိပ္ပယုတ် ၁၂။)

သင်္ခါရအားဖြင့် အသင်္ခါရိက ၁၇-သသင်္ခါရိက ၅၂-ဝိမုတ် ၂၀-ပေါင်း ၈၉။

**အကျယ်နည်း။** ။စိတ်အကျယ် ၁၂၁-ပါးသည် အနုလုံအားဖြင့်လောဘမူ ၈-ဒေါသမူ ၂-မောဟမူ ၂-အကုသလဝိပါက် ၇-အဟိတ်ကုသလဝိပါက် ၈-အဟိတ်ကြိယာ ၃-မဟာကုသိုလ် ၈-မဟာဝိပါက်၈-မဟာကြိယာ ၈-ရူပကုသိုလ် ၅-ရူပဝိပါက် ၅-ရူပကြိယာ၅-အရူပကုသိုလ် ၄-အရူပဝိပါက် ၄-အရူပကြိယာ၄ မဂ် ၂၀-ဖိုလ် ၂၀-ပေါင်း ၁၂၁။

ပန္နံလုံအားဖြင့် ဖိုလ် ၂၀၊ မဂ် ၂၀၊ အရူပကြိယာ ၄၊ အရူပဝိပါက် ၄၊ အရူပကုသိုလ် ၄၊ ရူပကြိယာ ၅၊ရူပဝိပါက် ၅၊ ရူပကုသိုလ် ၅၊ မဟာကြိယာ ၈၊မဟာဝိပါက် ၈၊ မဟာကုသိုလ် ၈၊ အဟိတ်ကြိယာ ၃၊အဟိတ်ကုသလဝိပါက် ၈၊အကုသလဝိပါက် ၇၊ မောဟမူ ၂၊ဒေါသမူ ၂၊လောဘမူ ၈-ပေါင်း ၁၂၁။

ဝေဒနာအားဖြင့် သောမနဿ ၆၂-ဥပေက္ခာ ၅၅-ဒေါမနဿ ၂-ဒုက္ခ ၁-သုခ ၁-ပေါင်း ၁၂၁။

သမ္ပယုတ်အာဖြင့် သမ္ပယုတ် ၈၇-ဝိပ္ပယုတ် ၁၆-ဒိမျာ် ၁၈-ပေါင်း ၁၂၁-။ ။(သမ္ပယုတ်၌ ဉာဏသမ္ပယုတ် ၇၉-ဖြစ်သည်။)

သင်္ခါရအာဖြင့် အသင်္ခါရိက ၁၇-သသင်္ခါရိက ၈၄-ဒိမုတ် ၂၀-ပေါင်း ၁၂၁။

ဈာန်အာဖြင့် ပဌမဈာန် ၁၁-ဒုတိယဈာန် ၁၁-တတိယဈာန် ၁၁-စတုတ္ထဈာန် ၁၁-ပဥ္စမဈာန် ၂၃။ ။ဈာန်စိတ် ၆၇။ ။ဈာန်မဟုတ်သောကာမစိတ် ၅၄-ပေါင်း ၁၂၁။

## သရုပ်ခွဲဌနှမှတ်ဘွယ်

ထိုထိုကိစ္စ၌ တွန့်သောစိတ်ကို ထက်သန်အောင် ကိုယ်တိုင်တိုက်တွန်းခြင်း၊ သူတပါးတိုက်တွန်းခြင်းသည် ပုဗ္ဗပယောဂမည်၏။ ထိုပုဗ္ဗပယောဂကြောင့်ဖြစ်သော ထက်သန်ခြင်း ဂုဏ်သည် သင်္ခါရမည်၏။ မိမိဖြစ်စေ, သူတပါးဖြစ်စေ တိုက်တွန်းမှ ထက်သန်သော စိတ်နှင့်သည် သသင်္ခါရိကမည်၏၊ ကြိမ်ဝင့်မှ ပန်းဆွတ်သည်နှင့်တူ၏။ အလိုလိုထက်သန်စွာ ဖြစ်လာသော စိတ်သန်သည် တိုက်တွန်းသော်လည်း အသင်္ခါရိကသာမည်၏၊ ကြိမ်မဝင့်ဘဲ ပန်းဆွတ်သည်နှင့်တူ၏၊ မောဟမူဒွေသည် မောဟဟိတ်တခုတည်းဖြင့် အမြဲပြင်းစွာ တွေ့ဝေ၏၊ တပ်ခြင်းမရှိ၊ ပြစ်မှားခြင်းမရှိ၊ လောဘ၊ ဒေါသမတွဲဘဲ အမြဲတွေဝေ၏။ တိုက်တွန်းလည်းမထက်၊ အလိုလိုလည်း မထက်။ ထို့ကြောင့် သင်္ခါရဝိမုတ်ဖြစ်၏။

အဟိတ်စိတ် ၁၈-ခုသည် ဟိတ်တည်းဟူသော အမြစ်မူလမရှိ၊ မောဟမူအောက် အားသေး၏။ ထို့ကြောင့် သမ္ပယုတ်ဝိပ္ပယုတ် အဖြစ်ဖြင့်လည်း မရေတွက်ကုန်။ သင်္ခါရအားဖြင့်လည်း မရေတွက်ကုန်။

ရူပစိတ်၊ အရူပစိတ်၊ လောကုတ္တရာစိတ်တို့သည် တိဟိတ်ပဋိသန္ဓေဉာဏ်ရှိသူအားသာဖြစ်ကုန်၏။ ကြီးစွာသောဉာဏ်ဖြင့် အားထုတ်မှဖြစ်ကုန်၏။ ထို့ကြောင့်ဉာဏသမ္ပယုတ်ကေန။ ကြီးစွာသော လုံ့လဖြင့် ထက်သန်အောင် အားထုတ်မှ ဖြစ်ကုန်၏။ ထို့ကြောင့် သသင်္ခါရိက။ ။ဆရာအချို့ကား-အသင်္ခါရိကလည်းဖြစ်သင့်ပုံကို အထူးမိန့်ဆိုကုန်၏။

ရူပစိတ်၌ သုခသည် သုခသဟဂုတ် ကာယဝိညာဏ်ကဲ့သို့ ကာယိကသုခမဟုတ်၊ စေတသိက သုခဖြစ်၏။ စေတသိကသုခသည် သောမနဿပင်တည်း။

အရူပစိတ်၌ ဈာန်အင်္ဂါမဆိုသော်လည်း ဥပေက္ခာ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်သာ တကွဖြစ်၏။ ထို့ကြောင့် ပဉ္စမဈာန်စိတ်တို့သာတည်း။

လောကုတ္တရာ စိတ်ရှစ်ခုသည် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါငါးပါးရှိ၏။ ထို့ကြောင့် သောမနဿတို့သာတည်း။ ဘယ်ဈာန်မဆိုဝိတက်,ဝိစာရ, ပီတိရှိလျှင် ဥပေက္ခာမရှိ။ ဘယ်စိတ်မဆို ပီတိရှိလျှင် ဥပေက္ခာမရှိ၊ကိန်းသေတည်း။

မဂ်စိတ်သည် ပါဒကဈာန်နှင့် သော်လည်း ဈာန်အင်္ဂါတူ၏၊ သမ္မသိတ ဈာန်နှင့်သော်လည်းတူ၏။ ပုဂ္ဂလဇ္ဈာသယဈာန်နှင့် သော်လည်းတူ၏။ ထို့ကြောင့် ဈာန်အလား ငါးပါးစီ ပြားသည်။ မဂ်ကြောင့် ဖိုလ်စိတ်လည်း ငါးပါးစီ ပြားသည်။

လောကီကုသိုလ်သည် အကြိမ်ကြိမ်ဖြစ်လေ့ရှိ၏၊ ရဟန္တာအားလည်းဖြစ်သည်။ ရဟန္တာအား ဖြစ်သောအခါ ဖြစ်ရုံမျှသာ ဖြစ်၍ ကြိယာအမည်ရသည်။ အကျိုးဝိပါက်ကို မဖြစ်စေနိုင်သောကြောင့် ကုသိုလ်အမည်မရ။ ထိုလောကီကုသိုလ်သည် တဒင်္ဂ၊ ဝိက္ခမ္ဘန-ပဟာန်ဖြင့် ကိလေသာကို ဖယ်ခြင်း တွန်းခြင်းဖြင့် အကြိမ်ကြိမ် ဖြစ်သည်။ တကြိမ်တည်းအပြီးမပယ်နိုင်။

လောကုတ္တရာ ကုသိုလ်သည်ကား သမုစ္ဆေဒပဟာန်ဖြင့် တကြိမ်တည်း ကိလေသာကို ကိစ္စပြီး ပယ်သည် သတ်သည်။ ကိစ္စပြီးသောကြောင့် နောက်ထပ်ဘယ်သူအား မှုမဖြစ်။ ထိုကြောင့် ကြိယာမည်စရာ လောကုတ္တရာမရှိ။

## သဘောမှတ်ဘွယ်

မြတ်စွာဘုရား ဟောကြားသော ဓမ္မက္ခန္ဓာ ၈၄၀၀၀-သည် ဓမ္မ, ဝိနယအားဖြင့် နှစ်ပါးသာဖြစ်၏။ ထိုတွင်ဓမ္မသည် သုတ္တန်ဓမ္မ၊ အဘိဓမ္မ-ဟုနှစ်မျိုးပြား၏။ အဘိဓမ္မသည် သုတ္တန်ဓမ္မထက် လွန်သောဓမ္မ-ထူးသောဓမ္မဖြစ်၏။ "အဘိ-အတိရေကောဓမ္မော အဘိဓမ္မော" ထိုအဘိဓမ္မကို ဟောရာကျမ်းသည် အဘိဓမ္မာခုနစ်ကျမ်းမည်၏။ ။ဝိနယနှင့် အဘိဓမ္မကို ယှဉ်တွဲ၍မပြအပ်။

ခုနစ်ကျမ်းတို့တွင် ဓမ္မသင်္ဂဏီကျမ်း၌ရှေးဦးစွာကုသလာဓမ္မာ, အကုသလာဓမ္မာ စသည်ဖြင့် မာတိကာထား၍ စိတ်ကဏ္ဍ၊ ရုပ်ကဏ္ဍ စသော လေးကဏ္ဍဖြင့်ဝေဘန်သည်၊ ထိုမာတိကာသည် ခုနစ်ကျမ်းလုံး၏ မာတိကာဖြစ်သည်။

ဝိဘင်းကျမ်း၌ခန္ဓဝိဘင်း,အာယတနဝိဘင်းစသော၁၈-ဝိဘင်းဖြင့် ဝေဘန်သည်။ ။ဓာတုကထာ ကျမ်း၌ ခန္ဓာ အာယတန ဓာတ်တို့ဖြင့် ရေတွက်ခြင်း၊ မရေတွက်ခြင်း စသော ၁၄-နယဖြင့် ဝေဘန်သည်။ ။ပုဂ္ဂလပညတ် ကျမ်း၌ ခန္ဓပညတ် အာယတနပညတ် စသောပညတ် ၆-ပါးဖြင့် ဝေဘန်သည်။ ။ကထာဝတ္ထုကျမ်း၌ သကဝါဒသုတ်ငါးရာ,ပရဝါဒသုတ်ငါးရာ,ဟု သုတ်တထောင်ပေါင်း၍ဝေဘန်သည်။ ။ယမိုက်ကျမ်း၌ မူလယမိုက်, ခန္ဓယမိုက် စသော ယမိုက်ဆယ်ကျမ်းဖြင့် ဝေဘန်သည်။ ။ပဋ္ဌာန်းကျမ်း၌ ဟေတုပစ္စယော၊အာရမ္မဏပစ္စယော စသော ၂၄ ပစ္စည်းဖြင့် ဝေဘန်သည်။ တိကပဋ္ဌာန်းကျမ်း၊ ဒုကပဋ္ဌာန်းကျမ်း၊ စသည်ဖြင့် နယလေးချ၌ ခြောက်ကျမ်းစီဖြစ်၍ ပဋ္ဌာန်း ၂၄ ကျမ်း ဖြစ်သည်။

ပရမ-မဖေါက်ပြန်သော၊ အတ္ထ-အနက်။ မဖေါက်ပြန်သော အနက်သဘောသည် ပရမတ္ထမည်၏၊တနည်း။ ပရမ-မြတ်သော ဉာဏ်၏၊ အတ္ထ-အာရုံ။ မြတ်သော သဗ္ဗညုတဉာဏ်၏ အာရုံသည် ပရမတ္ထမည်၏။ အမည်ပညတ်မှ အသီးအခြား ထုတ်နုတ်၍ ယူအပ်သော သဘောတရားရ၏။

အာရုံကိုသိခြင်းသည် စိတ်မည်၏။ စိတ်၌အမြဲယှဉ်ခြင်းသည် စေတသိက်……။အဇ္ဇအပူ စသည့်ကြောင့် ဖေါက်ပြန် ပျက်စီးခြင်းသည်၊ဝါ–ရှေးနှင့်မတူခြင်းသည် ရုပ်……။တဏှာမှလွတ်ခြင်းသည် ဝါ၊ဒုက္ခခပ်သိမ်းငြိမ်းခြင်းသည် နိဗ္ဗာန်မည်၏။ ။အာရုံကိုသိခြင်း ဟု ဆိုသော်လည်း ကိုယ်တိုင် သိတတ်သော စိတ်ဟူ၍၎င်း၊ သမ္ပယုတ်တရားတို့ကိုသိစေတတ်သော၊ဝါ– သိကြောင်းဖြစ်သော စိတ်ဟူ၍၎င်း "ကတ္တာကရိုဏ်း"တင်စားအပ်သေး၏။

ကာမ ၁၁-ဘုံ၌ဖြစ်ခြင်းများသောစိတ်သည် ကာမာဝစရစိတ်မည်၏၊ရူပ ၁၆-ဘုံ၌ ဖြစ်ခြင်းများသောစိတ်သည် ရူပါဝစရစိတ်၊ အရူပ ၄–ဘုံ၌ဖြစ်ခြင်းများသောစိတ်သည် အရူပါဝစရစိတ်……။ လောကမှလွတ်ဆဲ၊လွတ်ပြီးဖြစ်သောစိတ်သည် လောကုတ္တရာစိတ်မည်၏။ ။ဥပါဒါန်လေးပါး၏ အာရုံဖြစ်သော လောကီခန္ဓာငါးပါးသည် ဤ၌လောကမည်၏။ အသညသတ်တဘုံ၌စိတ်မဖြစ်။

စိတ်ချမ်းသာခြင်းနှင့် တကွဖြစ်သော စိတ်သည်သောမနဿ သဟဂုတ်မည်၏။ စိတ်ဆင်းရဲခြင်းနှင့်တကွ ဖြစ်သောစိတ်သည် ဒေါမနဿ……။ကိုယ်ချမ်းသာခြင်းနှင့် တကွဖြစ်သော စိတ်သည် သုခ…။ကိုယ်ဆင်းရဲခြင်းနှင့်တကွဖြစ်သော စိတ်သည်ဒုက္ခ……။ လျစ်လျူရှုခြင်းနှင့် တကွဖြစ်သောစိတ်သည် ဥပေက္ခာသဟဂုတ်မည်၏။ ဝေဒနာစေတသိက်ကို ငါးမျိုးခွဲ၍ ဝေဘန်သည်။

အမြင်မှားခြင်းနှင့် ယှဉ်သောစိတ်သည်ဒိဋ္ဌိဂတသမ္ပယုတ်မည်၏။ အမြင်မှားခြင်းနှင့် မယှဉ်သောစိတ်သည် ဒိဋ္ဌိဂတဝိပ္ပယုတ်……။ အမျက်ထွက်ခြင်းနှင့် ယှဉ်သော စိတ်သည် ပဋိဃသမ္ပယုတ်……။

သို့လော သို့လောဟု မဆုံးဖြတ်နိုင်ခြင်းနှင့် ယှဉ်သော စိတ်သည် ဝိစိကိစ္ဆာသမ္ပယုတ်……။ပျံ့လွင့်ခြင်းနှင့်ယှဉ်သော စိတ်သည်ဥဒ္ဓစ္စ သမ္ပယုတ်၊ဥာဏ်နှင့် ယှဉ်သော စိတ်သည်ဉာဏသမ္ပယုတ်……။ ဉာဏ်နှင့် မယှဉ်သောစိတ်သည် ဉာဏဝိပ္ပယုတ်မည်၏။

ဉာဏ်, ဥဒ္ဒ, ဝိစိ၊ ဒေါ, ဒိဋ္ဌိ—ငါးရှိသမ္ပယုတ်။

တိုက်တွန်းမှ ထက်သန်သောစိတ်သည် သသင်္ခါရိကမည်၏။ တိုက်တွန်းသော်ရင်း, မတိုက်တွန်းသော်ရင်း အလိုလိုထက်သန်သောစိတ်သည် အသင်္ခါရိက……။ ထက်သန်ခြင်း ကင်းလျက်ဖြစ်သောစိတ်သည် သင်္ခါရဝိမုတ်မည်၏။

သဘာဝဖြင့်ရင်း ပရိကပ္ပဖြင့်ရင်း ဣဋ္ဌာရုံဖြစ်ခြင်း၊သောမနဿစိတ်ဖြင့်ပဋိသန္ဓေနေသူဖြစ်ခြင်း၊ ပေါ့လွင်သော ပင်ကိုယ်သဘောရှိခြင်း၊ဤကား သောမနဿဖြစ်ကြောင်းတည်း။

သဘာဝဖြင့်ရင်း၊ ပရိကပ္ပဖြင့်ရင်း ဣဋ္ဌမဇ္ဈတ္တာရုံ ဖြစ်ခြင်း၊ ဥပေက္ခာစိတ်ဖြင့် ပဋိသန္ဓေနေသူဖြစ်ခြင်း၊ မပေါ့လွင်သော ပင်ကိုယ်သဘောရှိခြင်း၊ဤကား ဥပေက္ခာဖြစ်ကြောင်းတည်း။

သဘာဝဖြင့်ရင်း ပရိကပ္ပဖြင့်ရင်း အနိဋ္ဌာရုံဖြစ်ခြင်း၊ အကျိုးမဲ့ပြုဘူးပြီ၊ ပြုဆဲ၊ပြုလတ္တံ့စသော အာဃာတဝတ္ထုကိုးပါးဖြစ်ခြင်း၊ ဤကား ဒေါမနဿဖြစ်ကြောင်းတည်း။

အယူပျက်သူနှင့်ပေါင်းသင်းခြင်း၊ သဿတ ဥစ္ဆေဒ စသော ဝါဒရှိသူဖြစ်ခြင်း……။ဤကားဒိဋ္ဌိဖြစ်ကြောင်းတည်း။

သင့်လျော်သောဥတု, ဘောဇဉ်, ပုဂ္ဂိုလ်, အာဝါသမှီဝဲရခြင်း၊ကိုယ်ခန့်ကျန်းခြင်းစသည်သည် အသင်္ခါရိကဖြစ်ကြောင်းတည်း။

မလိမ္မာအောင်ပြုသောစိတ်သည်အကုသိုလ်မည်၏။အကုသိုလ်ကိုဖျက်ဆီးတတ်သောစိတ်သည် ကုသိုလ်……။ကုသိုလ်အကုသိုလ်တို့၏အကျိုးဖြစ်သောစိတ်သည်ဝိပါက်……။ ပြုရုံမျှသာဖြစ်၍အကျိုးမဖြစ်စေသော စိတ်သည်ကြိယာမည်၏။

လောဘစသော ဟိတ်မရှိသောစိတ်သည် အဟိတ်မည်၏၊ ဟိတ်ရှိသောစိတ်သည် သဟိတ်၊အကုသိုလ်စိတ် အဟိတ်စိတ်တို့မှ လွတ်သော စိတ်သည် တင့်တယ်သော ဟိတ်ရှိသောကြောင့် သောဘဏ…။ အကုသိုလ်စိတ် အဟိတ်စိတ်သည် တင့်တယ် သော ဟိတ်မရှိသောကြောင့် အသောဘဏ…။ အလောဘ အဒေါသ၊အမောဟ, သုံးပါးသည် တင့်တယ်သောဟိတ်မည်၏။

မျက်စိ၌မှီလျက်သိသောစိတ်သည်စက္ခုဝိညာဏ်မည်၏။ နား, နှာ, လျှာ, ကိုယ်၌ မှီလျက်သိသောစိတ်သည် သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ကာယဝိညာဏ်စိတ်……။ ငါးဒွါရ၌ ထင်သော အာရုံငါးပါးကိုလက်ခံသောစိတ်သည်သမ္ပဋိစ္ဆိုင်း……၊ လက်ခံပြီးသောအာရုံကို စုံစမ်းသောစိတ်သည် သန္တီရဏမည်၏။

ငါးဒွါရ၌ ထင်သောအာရုံငါးပါးကို နှလုံးသွင်းသော စိတ်သည် ပဥ္စဒွါရာဝဇ္ဇန်းမည်၏။ မနောဒွါရ၌ထင်သော အာရုံခြောက်ပါးကို နှလုံးသွင်းသောစိတ်သည် မနောဒွါရာဝဇ္ဇန်း ……။ ဘုရားရဟန္တာ တို့၏ သန္တာန်၌ ပြုံးရယ်ခြင်းကို ဖြစ်စေတတ်သော စိတ်သည် ဟသိတုပ္ပါဒ်မည်၏။

သူမြတ်သည် သိတ- မျက်စိ ပွင့်ရုံ၊ ဟသိတ- သွားပေါ်ရုံ ရယ်သည်။ သူလတ်သည် ဝိဟသိတ အသံညှင်းညှင်းထွက်ရုံ။ ဥပဟသိတ—ဦးခေါင်း ပခုံးလှုပ်ရုံရယ်သည်။ သူယုတ်သည်အပ ဟသိတ—မျက်ရည်ထွက်အောင်၊ အတိဟသိတ-ကိုယ်ပစ်လွဲ၍ ကျယ်လောင်စွာရယ်သည်။ ။ ရယ်ခြင်း၆-မျိုး။

သိတနှင့်၊ဟ(၂)။ ဝိ၊ဥပ(၂)။ အပ၊အတိ(၂) ခြောက်။

မျက်၊သွား—နှစ်လီ(၂)။ သံ၊ဦး၊လည်(၂)။ မျက်ရည်၊ ပစ်လွဲ (၂) ခြောက်။

ရူပစိတ်,အရူပစိတ်သည်ကြီးသော အာနုဘော်ရှိသောကြောင့် မဟဂ္ဂုတ်မည်၏။မဟဂ္ဂုတ်စိတ်၊ လောကုတ္တရာစိတ်သည် အပ္ပနာ စွမ်းဖြင့်ဖြစ်၏။ ဝါ၊အပ္ပနာမည်သော ဝိတက်စွမ်းဖြင့် ဖြစ်၏၊ ထိုကြောင့် အပ္ပနာမည်၏။

အဆုံးမရှိသော ကောင်းကင်ပညတ်ကို အာရုံပြုသောစိတ်သည် အာကာသာနဉ္စာယတနစိတ်မည်၏၊ အဆုံးမရှိသော အာကာသာနဉ္စာယတန ဈာန်စိတ်ကို အာရုံပြုသောစိတ်သည် ဝိညာဏဉ္စာယတနစိတ်၊ အာကာသာနဉ္စာယတနဈာန်၏ ဖိုးစဉ်းမျှ အကြွင်းမရှိသော နတ္ထိဘောပညတ်ကို အာရုံပြုသော စိတ်သည် အာကိဉ္စညာယတနစိတ်၊ ရုန့်ရင်းသော သညာမရှိ သိမ်မွေ့သော သညာမျှရှိသော စိတ်အာယတန၊ စေတသိက် အာယတနနှင့် ပါဝင်သော စိတ်သည် နေဝသညာနာသညာယတနစိတ်မည်၏။ ဤနေဝသညာနာသညာယတနဈာန်စိတ်သည် နတ္ထိဘောပညတ်ကို အာရုံပြုသော အာကိဉ္စညာယတနကိုပင် အာရုံပြုသည်၊ ထို့ကြောင့် လွန်စွာသိမ်မွေ့သည်။ သိမ်မွေ့လွန်းသောကြောင့် အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ ဝိပဿနာဉာဏ်ဖြင့်ပင် ရှု၍မရကောင်း။

ရူပစိတ်သည် အာရုံကိုမလွန်၊ အင်္ဂါကိုလွန်သည်။ (အောက်ဈာန်အထက်ဈာန် အာရုံတူသည်။ အင်္ဂါမတူဟူလို။) အင်္ဂါလွန်ပုံကား ပဌမဈာန်၌ အင်္ဂါငါးပါးရှိသည်၊ ဒုတိယဈာန်၌ လေးပါးရှိသည်၊ ဝိတက်ကိုလွန်ခဲ့ပြီ။ တတိယဈာန်၌သုံးပါးရှိသည်၊ ဝိစာရကိုလွန်ခဲ့ပြီ၊ စတုတ္ထဈာန်၌နှစ်ပါးရှိသည်၊ ပီတိကိုလွန်ခဲ့ပြီ၊ ပဉ္စမဈာန်၌ အင်္ဂါနှစ်ပါးရှိသည်-သုခကိုလွန်ခဲ့ပြီ။

အရူပစိတ်သည် အင်္ဂါမလွန်၊ အာရုံလွန်သည်။ (အောက်အထက်အားလုံး ဥပေက္ခာ၊ ဧကဂ္ဂတာ- အင်္ဂါချင်းတူသည်၊ အာရုံချင်းမတူဟူလို။) အာရုံလွန်ပုံကား- အာကာသာနဉ္စာယတနဈာန်သည် ကသိုဏ်းပညတ်အာရုံကို လွန်ခဲ့၍ ကသိုဏ်းကိုခွါ၍ရသော ကောင်းကင်ပညတ်ကိုအာရုံပြုသည်။ ဝိညာဏဉ္စာယတနဈာန်သည် ကောင်းကင်ပညတ်ကို လွန်ခဲ့၍ အာကာသာနဉ္စာယတန ဈာန်ကို အာရုံပြုသည်။ အာကိဉ္စညာယတန ဈာန်သည် အာကာသာနဉ္စာယတနဈာန်ကို လွန်ခဲ့၍ နတ္ထိဘောပညတ်ကို အာရုံပြုသည်။ နေဝသညာနာသညာယတနဈာန်သည် နတ္ထိဘောပညတ်ကို လွန်ခဲ့၍ အာကိဉ္စညာယတနဈာန်ကိုအာရုံပြုသည်။

မဂ္ဂင်ရှစ်ပါးသည် သောတမည်၏။ နိဗ္ဗာန်တံခါးဝမည်၏၊ သောတသို့ ရှေးဦးစွာရောက်သော မဂ်နှင့်ယှဉ်သော စိတ်သည် သောတာ ပတ္တိ မဂ်စိတ်မည်၏။ လူ့ပြည်သို့ ပဋိသန္ဓေတကြိမ် လည်စေသော မဂ်စိတ်သည် သကဒါဂါမိမဂ်စိတ်……။ကာမဘုံသို့ ပဋိသန္ဓေမလည်စေသော မဂ်စိတ်သည် အနာဂါမိမဂ်စိတ်၊ ရဟန္တာ၏ ဖြစ်ကြောင်း ဖိုလ်သို့ ရောက်စေသော မဂ်စိတ်သည် အရဟတ္တမဂ်စိတ်၊ ထိုထိုမဂ်စိတ်၏ အသီးအသီး အကျိုးဖြစ်သော စိတ်သည် ထိုထိုဖိုလ်စိတ်မည်၏။

## ပါဒကဈာန်စသည်မှတ်ဘွယ်

မဟဂ္ဂုတ်ဈာန် ကိုးခုတို့တွင် တခုခုကိုဝင်စား၍ (ဝါ၊အခြေပြု၍) ထိုဈာန်မှ ထပြီးလျှင် ထိုထိုသင်္ခါရတို့ကို (ဝိပဿနာ)သုံးသပ်၍ မဂ်ရသည်ဖြစ်အံ့။ ဝင်စားအပ်သော ဈာန်သည် ပါဒကဈာန်မည်၏။ ထိုမဂ်သည်ပါဒကနှင့် ဈာန်အင်္ဂါတူ၏။(ပါဒက ၅-ဈာန်၌မဂ်လေးခုစီရသောကြောင့် မဂ် ၂၀-ဖြစ်၏။)

ဈာန်တခုခုကိုသုံးသပ်၍ မဂ်ရသည်ဖြစ်အံ့၊ သုံးသပ်အပ်သော ဈာန်သည် သမ္မသိတဈာန်မည်၏။ ထိုမဂ်သည် သမ္မသိတနှင့်တူ၏။ (သမ္မသိတစွမ်းဖြင့်လည်းမဂ် ၂၀-ဖြစ်၏)။

ပဉ္စမဈာန်နှင့်တူစွာ အင်္ဂါငါးပါးရှိသောမဂ်သည် ငါ့အားဖြစ်မူ ကောင်းလေစွ၊ သို့မဟုတ် ဒုတိယဈာန်စသည်နှင့်တူစွာ အင်္ဂါလေးပါး သုံးပါး နှစ်ပါး နှစ်ပါးရှိသော မဂ်သည် ငါ့အားဖြစ်မူ ကောင်းလေစွ။ ဤသို့ဖြစ်သော အလိုဆန္ဒသည် ပုဂ္ဂလဇ္ဈာသယမည်၏၊ ထိုပုဂ္ဂလဇ္ဈာသယဖြင့် ဈန်တခုခုဝင်စား၍ ဈာန်တခုခုသုံးသပ်၍ မဂ်ရသည်ဖြစ်အံ့၊ ထိုမဂ်သည် ပုဂ္ဂလဇ္ဈာသယဈာန်နှင့်တူ၏ (ဤ၌လည်း မဂ် ၂၀-ဖြစ်၏)။

ပုဂ္ဂလဇ္ဈာသယမရှိဘဲ ဈာန်တခုခုဝင်စား၍ ဈာန်တခုခုသုံးသင်၍ မဂ်ရသည်ဖြစ်အံ့၊ ထိုမဂ်သည် ဝင်စားသောဈာန်,သုံးသပ်သော ဈာန် နှစ်ခုတို့တွင် အထက်ကျသော ဈာန်နှင့်တူ၏။ အောက်ဈာန်

ထက် အထက်ဈာန်အားရှိသောကြောင့်တည်း။ဤသို့ ပါဒကစွမ်း စသည်ဖြင့် လောကုတ္တရာစိတ် ၄၀–ဖြစ်သည်။

မဂ်သည် ထိုထိုကိလေသာမှရင်း၊ ထိုထိုဘဝမှရင်း ထနိုင်သောကြောင့် ဝုဋ္ဌာနမည်၏။ ကိလေသာအားဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာမှ တကြိမ်၊ ရုန့်ရင်းသောကာမရာဂ, ဒေါသမှတကြိမ်၊ နုသော ကာမရာဂ, ဒေါသမှတကြိမ်၊ ရူပရာဂစသော ကြွင်းကိလေသာ တို့မှ တကြိမ်၊ ဤသို့လေးကြိမ်ထသည်၊ ဘဝအားဖြင့် ပဌမမဂ်သည် သုဂတိခုနစ်ဘဝချန်၍ ဘဝအားလုံးမှထသည်။ တနည်း၊မဂ်လေးခု လုံးစဉ်တိုင်း အပါယ်ဘုံမှ တကြိမ်၊ ကာမဘုံတစိတ်မှ တကြိမ်၊ ကာမဘုံအကုန်မှတကြိမ်၊ရူပအရူပဘုံမှတကြိမ်၊ရင်းအစဉ်အတိုင်း လေးကြိမ် ထသည်၊ဤသို့ထသောကြောင့် ဝုဋ္ဌာနမည်၏။

မဂ်၏ရှေ့ ပရိကံ, ဥပစာ၊ အနုလုံ, ဂေါတြဘူသည် ဘဝင် မခြားဘဲ မဂ်ဝုဋ္ဌာနသို့ရောက်သောကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာ မည်၏၊ မဟာကုသိုလ် သမ္ပယုတ်ဇောလေးခု တခုခုဖြစ်၏၊ သောမနဿနှစ်ခု၊ ဥပေက္ခာနှစ်ခု၊ ထိုတွင် သောမနဿကာမဇောနောင် သောမနဿမဂ်အောက် ဈာန်လေးခုကျသည်၊ ဥပေက္ခာ ကာမဇောနောင် မဂ်ပဉ္စမဈာန်တခုကျသည်၊ဘုံမတူသော်လည်း ဇာတ်တူ၊ဝေဒနာတူ အာသေဝနထုံခြင်းဖြင့် ကျေးဇူးပြုသည်။

သုက္ခဝိပဿက ပုဂ္ဂိုလ်၏မဂ်သည် ဈာန်နှင့်မစပ်၊ ဈာန်ရသော်လည်း ဈာန်ကိုမခင်စားမသုံးသပ်ဘဲ ပကိဏ္ဏက သင်္ခါရတို့ကို သုံးသပ်၍ရသော မဂ်သည်လည်း ဈာန်နှင့်မစပ်၊ ထိုမဂ်တို့ကား ဝိပဿနာနိယမအားဖြင့် အင်္ဂါငါးပါးရှိသော မဂ်တို့သာ၊ပဌမဈာန် မဂ်နှင့်တူသော မဂ်တို့သာဖြစ်ကုန်၏၊ ဤနည်းစွမ်းဖြင့် လောကုတ္တရာစိတ်သည် ရှစ်ခုသာဖြစ်သည်၊ ပဌမဈာန်နှင့်တူစွာ သောမနဿ သာဖြစ်သည်၊ ဥပေက္ခာမဖြစ်။

စိတ်ပိုင်းအရသာပြီး၏။

## စေတသိက်ပိုင်း

**လက္ခဏာ ၄–ပါး။** ။စိတ်နှင့်အတူဖြစ်ခြင်း၊ စိတ်နှင့်အတူချုပ်ခြင်း၊ စိတ်နှင့်အာရုံတူခြင်း၊ စိတ်နှင့်မှီရာတူခြင်း၊ ဤလေးပါးသည် စေတသိက်၏ လက္ခဏာမည်၏။ ဤလက္ခဏာ လေးပါးရှိ၍ စိတ်နှင့်အမြဲယှဉ်သော သဘောတရားသည် စေတသိက် မည်၏။ ၅၂–ပါးရှိ၏။

**အညသမာန်း ၁၃။** ။ထိုစေတသိက် တို့ကား– ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြိယ, မနသိကာရ ဤကား သဗ္ဗစိတ္တသာဓာရဏ စေတသိက်ခုနစ်ခုတည်း။

ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ, ဆန္ဒ,– ဤကား ပကိဏ်း စေတသိက် ခြောက်ခုတည်း။ ဤ ၁၃–ခုသည် အညသမာန်း စေတသိက်မည်၏။

**အကုသိုလ် ၁၄။** ။မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ, လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ထိန, မိဒ္ဓ, ဝိစိကိစ္ဆာ, ဤကား အကုသိုလ် စေတသိက် ၁၄–ခုတည်း။

**သောဘဏ ၂၅။** ။သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, အလောဘ, အဒေါသ, တတြမဇ္ဈတ္တတာ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကာယလဟုတာ, စိတ္တလဟုတာ, ကာယမုဒုတာ, စိတ္တမုဒုတာ, ကာယကမ္မညတာ, စိတ္တကမ္မညတာ, ကာယပါဂုညတာ, စိတ္တပါဂုညတာ။ ကာယုဇုကတာ, စိတ္တုဇုကတာ- ဤကား သောဘဏသာဓာရဏ စေတသိက် ၁၉-ခုတည်း။

သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ-ဤကား ဝိရတိစေတသိက်သုံးခုတည်း။

ကရုဏာ, မုဒိတာ-နှစ်ပါးသည် အပ္ပမညာ စေတသိက်မည်၏၊ ဤစေတသိက်တို့သည် ပညိန္ဒြေနှင့်တကွ သောဘဏ စေတသိက် ၂၅-ခုဖြစ်၏။

သုတေသနစာကြည့်တိုက်
အာသနာတော်ထွန်း ၁ ပြင်
ပကိဏ်း ၆ ကျည်ချိုးအား၊ ရန်ကုန်။ ၅၁

အညသမာန်းရာသိ ၁၃။ အကုသလရာသိ ၁၄။ သောဘဏ ရာသိ ၂၅။ ဤသို့စေတသိက် ၅၂-ပါးဖြစ်၏။

**သမ္ပယောဂနည်း ၁၆။** ။စေတသိက်တို့၏ ယှဉ်ရာစိတ်တို့ကို ရေတွက်၍ ပြသောနည်းသည် သမ္ပယောဂ နည်းမည်၏။ ။ဤစေတသိက်သည် ဤစိတ်ဤစိတ်တို့၌ယှဉ်သည်ဟု စိတ်တို့ကိုရေတွက်သည်။

**စေတသိက်တို့၏ သမ္ပယောဂနည်း အသီးသီးတို့ကား** ခုနစ်ပါးသည် စိတ်အားလုံး၌တနည်း။ခြောက်ပါးသည် သင့်သလိုပြွမ်း၍ခြောက်နည်း။တဆဲ့လေးပါးသည်အကုသိုလ်စိတ်၌ငါးနည်း။ ၂၅-ပါးသည် သောဘဏစိတ်၌လေးနည်း၊ ပေါင်း ၁၆-နည်း။

**သဗ္ဗစိတ္တတနည်း။** ။တနည်း ဟူသည်ကား ဖဿသည် စိတ်တခုယုတ် ကိုးဆယ်၊အကျယ် ၁၂၁ပါး၌ ယှဉ်သည်။ဝေဒနာ, သညာ,စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြိယ, မနသိကာရလည်း ထို့အတူတည်း။ မယှဉ်သော စိတ်မရှိ။ ။အားလုံး တနည်းတည်းတူသောကြောင့်တနည်းဟုဆိုသည်။

**ပကိဏ်း၆-နည်း။** ။ခြောက်နည်းကား၊ပကိဏ်းတို့တွင် ဝိတက်သည် ဒွေပဉ္စ ဝိညာဏ်တဆယ်ကြဉ်သောကာမစိတ်၄၄။ ပဌမဈာန်ဧကာဒသအားဖြင့် ၅၅-ပါးသောစိတ်တို့၌ယှဉ်သည်။ ။(ထို့ကြောင့် ၅၅-ယှဉ်သည်၊ ၆၆-မယှဉ်၊ ပေါင်း ၁၂၁။ ။၅၅ ယှဉ်သည်၊ ၃၄-မယှဉ်၊ပေါင်း ၈၉၊ မြင်အောင်ကောက်ရမည်။)

ဝိစာရသည်ဝိတက်ယှဉ်သောစိတ်၅၅-၊ဒုတိယဈာန်ဧကာဒသအားဖြင့်၆၆-ပါးသောစိတ်တို့၌ ယှဉ်သည်။ ။(ထို့ကြောင့် အကျယ်၆၆-ယှဉ်သည်+ ၅၅-မယှဉ်)ပေါင်း ၁၂၁။အကျဉ်း၅၈+ ၃၁-ပေါင်း၈၉။….မြင်အောင်ကောက်)

အဓိမောက္ခသည် ဒွေပဉ္စဝိညာဏ်တဆယ်၊ ဝိစိကိစ္ဆာ ကြဉ်သော ၇၈-ပါးသောစိတ်တို့၌ယှဉ်သည်။ ။(၇၈+၁၁-ပေါင်း၈၉။ ၁၁၀+၁၁-ပေါင်း ၁၂၁။)

၂၄၉၈၅

ဝိရိယသည် ပဉ္စဒွါရာဝဇ္ဇန်း၊ ဒွေပဉ္စ ဝိညာဏ် ဟဆယ်၊ သမ္ပဋိစ္ဆိုင်းနွေ၊ သန္တီရဏသုံးချကြဉ်သော ၇၃-ပါးသော စိတ်တို့၌ ယှဉ်သည်။ ။(၇၃+၁၆-ပေါင်း၈၉။ ။၁၀၅+၁၆-ပေါင်း၁၂၁။)

ပီတိသည် ဒေါသမူနွေ၊ ဥပေက္ခာသဟဂုတ် ၅၅၊ ကာယဝိညာဏ်နွေး စတုဇ္ဈာန်ကောဒသ (ဝါ- ဒေါ, ဥ, ကာ, စတုတ်၇၀) ကြဉ်သော ၅၁-ပါးသောစိတ်၌ ယှဉ်သည်၊ (၅၁+၇၀-ပေါင်း ၁၂၁။ ။၃၅+၅၄-ပေါင်း ၈၉။)

ဆန္ဒသည်အဟိတ်စိတ်အဋ္ဌာရသ၊ မောဟမူနွေကြဉ်သော ၆၉-ပါးသောစိတ်တို့၌ယှဉ်သည်။ ။(၆၉+၂၀-ပေါင်း ၈၉။ ။၁၀၁+၂၀-ပေါင်း ၁၂၁။)

ပကိဏ်းမယှဉ်စိတ်အစဉ်ကား ၆၆၊ ၅၅၊ ၁၁၊ ၁၆၊ ၇၀၊ ၂၀။

ပကိဏ်းအယှဉ်စိတ်အစဉ်ကား- ၅၅၊ ၆၆၊ ၇၈၊ ၇၃၊ ၅၁၊ ၆၉။

ဤသို့ခြောက်နည်း ဖြစ်၏။ (ကျဉ်းသုံး၊ ကျယ်သုံး- ရောသည်၊ သန့်နိုင်ရမည်။)

**အကုသိုလ် ၅-နည်း။** ။အကုသိုလ်တို့တွင် မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ- ဤလေးခုသည် သဗ္ဗာကုသလ သာဓာရဏ မည်၏။ လေးခုလုံး အကုသိုလ်စိတ် ၁၂-ခု၌ ယှဉ်သည်။ (ကျဉ်း ၇၇-မယှဉ်၊ ကျယ် ၁၀၉-မယှဉ်။)

လောဘသည် လောဘမူစိတ်ရှစ်ခု၌ယှဉ်သည်။ ။(၈၁-မယှဉ်၊ ၁၁၃-မယှဉ်။) ဒိဋ္ဌိသည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်လေးခု၌ ယှဉ်သည်။ မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ်လေးခု၌ယှဉ်သည်။ ။(၈၅-မယှဉ်၊ ၁၁၇-မယှဉ်။)

ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ-လေးခုသည် ဒေါသမူနွေ၌ ယှဉ်သည်။ (၈၇-မယှဉ်၊ ၁၁၉-မယှဉ်။)

ထိန, မိဒ္ဓသည် သသင်္ခါရိကစိတ်ငါးခု၌ ယှဉ်သည်။ ။(၈၄-မယှဉ်၊ ၁၁၆-မယှဉ်။)

ဝိစိကိစ္ဆာသည်ဝိစိကိစ္ဆာစိတ်တခု၌ယှဉ်သည်။ (၈၈ မယှဉ်၊ ၁၂၀-မယှဉ်။)

အကုသိုလ်စိတ် ၁၂-ခု၌လေး။လောဘမူရှစ်ခု၌သုံး။ဒေါသမူနှစ်ခု၌လေး။ သသင်္ခါရိကငါးခု၌နှစ်။ဝိစိကိစ္ဆာ၌တစ်။ (ဤသို့၁၄-ခုသည် ၁၂-ခု၌ သမ္ပယောဂနည်း ငါးပါးဖြင့် ယှဉ်သည်။) သင့်အောင် ကောက်နိုင်စေရမည်။)

**သောဘဏ ၄-နည်း။** ။သောဘဏတို့တွင် သဒ္ဓါသည် သတိ, ဟိရီ, ဩတ္တပ္ပ, အလောဘ, အဒေါသ, တတြမဇ္ဈတ္တတာ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကာယလဟုတာ, စိတ္တလဟုတာ, ကာယမုဒုတာ,စိတ္တမုဒုတာ, ကာယကမ္မညတာ, စိတ္တကမ္မညတာ, ကာယပါဂုညတာ, စိတ္တပါဂုညတာ, ကာယုဇုကတာ, စိတ္တုဇုကတာသည်။ ဝါ၊သောဘဏသာဓာရဏ ၁၉-သည် သောဘဏ စိတ်တခုယုတ်ခြောက်ဆယ်၊ အကျယ် ၉၁-ပါး၌ယှဉ်သည်။ ။ (၃၀-မယှဉ်။)

သမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမ္မာအာဇီဝ ဟူသော ဝိရတီသုံးခုသည် လောကုတ္တရာစိတ်ရှစ်ခု၊ အကျယ် ၄၀-၌ အမြဲယှဉ်သည်။ တပေါင်းတည်းယှဉ်သည်။ မဟာကုသိုလ် စိတ်ရှစ်ခု၌ ရံခါယှဉ်သည်။ အသီးသီးယှဉ်သည်။ အသီးသီး ယှဉ်သောကြောင့် နာနာ၊ ရံခါယှဉ်သောကြောင့်ကဒါစိ။(၁၆။၄၈-ယှဉ်သည်။၇၃-မယှဉ်။)

ကရုဏာ၊မုဒိတာဟူသော အပ္ပမညာနှစ်သည်ပဉ္စမဈာန် ကြဉ်သော မဟဂ္ဂုတ်စိတ် ၁၂-ခု။ မဟာကုသိုလ် ၈-ခု၊ မဟာကြိယာ ၈-ခုအားဖြင့် ၂၈- ပါးသောစိတ်တို့၌ ရံခါယှဉ်သည်၊ အသီးသီး ယှဉ်သည်။ နာနာ၊ ကဒါစိ။ ။(၆၁-မယှဉ်၊၉၃-မယှဉ်။)

ကေစိဆရာတို့ကား မဟာကုသိုလ်, မဟာကြိယာ- ဥပေက္ခာ ရှစ်ခုတို့၌ ကရုဏာ၊ မုဒိတာ–မယှဉ်-ဟု ဆိုကုန်၏။

ပညာသည် ဉာဏသမ္ပယုတ် ကာမစိတ် ၁၂-ခု၊ မဟဂ္ဂုတ် လောကုတ္တရာ ၃၅-ခုအားဖြင့် အကျဉ်း ၄၇။ အကျယ် ၇၉-တို့၌ယှဉ်သည်။ ။(၄၂–မယှဉ်။ )

စိတ်တချယုတ် ခြောက်ဆယ်၌ ၁၉။ တဆဲ့ခြောက်၌ ၃။ နှစ်ဆဲ့ရှစ်ချ၌ ၂။ လေးဆဲ့ချနှစ်၌ ၁- ဤသို့သောဘဏ၌ သမ္ပယောဂနည်း လေးပါးဖြင့် ယှဉ်သည်၊

သမ္ပယောဂနည်း ၁၆-ပါးပြီး၏။

**အထူးမှတ်ဘွယ်။** ။(အကုသိုလ်စိတ် ၁၂-ချ၌ အဓိမောက္ခ ၁၁၊ ပီတိ ၄၊ ဆန္ဒ ၁၀။ ။အဟိတ်စိတ် ၁၈-ချ၌ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ-၈။ ဝီရိယ ၂။ ပီတိ ၂။ ဆန္ဒမရှိ။ ။ကာမသောဘဏစိတ် ၂၄-ချ၌ ပီတိ ၁၂။ ဝိရတိ ၈။ အပ္ပမညာ ၁၆။ ပညာ ၁၂။ ။ မဟဂ္ဂုတ်စိတ် ၂၇-ချ၌ ဝိတက် ၃။ ဝိစာရ ၆။ ပီတိ ၉။ အပ္ပမညာ ၁၂။ ဝိရတိမရှိ။ ။လောကုတ္တရာစိတ် ၄၀-၌ ဝိတက် ၈။ ဝိစာရ ၁၆။ ပီတိ ၂၄။ အပ္ပမညာ မရှိ။)

**အနိယတယောဂီ ၁၁။** ။ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စတို့သည် အသီးသီးဖြစ်သောကြောင့် နာနာ၊ ရံခါ ဖြစ်သောကြောင့် ကဒါစိ၊ (၃)ဝိရတိသုံးခုသည်မဟာကုသိုလ်၌နာနာ၊ကဒါစိ(၃)ကရုဏာ၊ မုဒိတာသည် နာနာ၊ ကဒါစိ(၂) မာနသည် ကဒါစိ (၁) ထိန၊ မိဒ္ဓသည် တကွဖြစ်သောကြောင့် သဟ၊ ရံခါ ဖြစ်သောကြောင့် ကဒါစိ (၂)တနည်း-ထိန၊မိဒ္ဓသည်ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စနှင့် ၎င်း၊ မာနနှင့်၎င်း၊ သဟ၊ ကဒါစိ။

ဤ၁၁-ခုသည် အနိယတယောဂီစေတသိက်မည်၏။ကြွင်း ၄၁ ခုသည် နိယတယောဂီ စေတသိက်မည်၏။ ။(အနိယတ၌ အကုသိုလ် ၆။ သောဘဏ ၅ ပေါင်း ၁၁။ နိယတ၌ အညသမာန်း ၁၃။ အကုသိုလ် ၈၊ သောဘဏ ၂၀-ပေါင်း ၄၁။)

**သင်္ဂဟနည်း ၃၃။** ။ထိုနိယတ အနိယတ စေတသိက်တို့ကို စိတ်၌ပေါင်းဆုံခြင်းကို ရေတွက်၍ ပြသော နည်းသည် သင်္ဂဟနည်းမည်၏။(ဤစိတ်၌ ဤစေတသိက် ဤစေတသိက်တို့ပေါင်းဆုံကြသည်ဟု စေတသိက်တို့ကိုရေတွက်သည်။)

ထိုစေတသိက်တို့၏ သင်္ဂဟနည်း အသီးသီးကား လောကုတ္တရာ စိတ်၌ စေတသိက် ၃၆ ခုသည် ၅ နည်း၊ မဟဂ္ဂုတ် စိတ်၌ ၃၅ ခုသည် ၅ နည်း။ ကာမ သောဘဏစိတ်၌ ၃၈ ခုသည် ၁၂-နည်း၊ အကုသိုလ်စိတ်၌ ၂၇ ခုသည် ၇-နည်း။ အဟိတ်စိတ်၌ ၁၂ ခုသည် ၄-နည်း။ ဤသို့အကျဉ်း ၅-နည်း အကျယ် ၃၃ နည်းဖြစ်၏။

**လောကုတ္တရာ ၅-နည်း။** ။လောကုတ္တရာစိတ်တို့တွင် ပဌမဈာန်စိတ်ရှစ်ခု၌အညသမာန်း ၁၃၊ အပ္ပမညာကြဉ်သောသောဘဏ ၂၃-အားဖြင့် ၃၆-ပါးသောစေတသိက်တို့သည် ပေါင်းဆုံခြင်းသို့ ရောက်ကုန်၏။ ထိုအတူဒုတိယဈာန်စိတ်ရှစ်ခု၌ ဝိတက်ကြဉ်၍ ၃၅၊ တတိယဈာန် စိတ်ရှစ်ခု၌ဝိတက် ဝိစာရကြဉ်၍ ၃၄၊ စတုတ္ထဈာန် စိတ်ရှစ်ခု၌ ဝိတက်ဝိစာရပီတိကြဉ်၍ ၃၃၊ ပဥ္စမဈာန်စိတ်ရှစ်ခု၌ ကား ဥပေက္ခာဝေဒနာပြောင်း၍ ထို ၃၃။ ။ဤသို့လောကုတ္တရာ စိတ်၌သင်္ဂဟနည်းသည်-၃၆၊ ၃၅၊ ၃၄၊ ၃၃၊ ၃၃-အားဖြင့်ငါးနည်း ဖြစ်၏။

**မဟဂ္ဂုတ် ၅-နည်း။** ။မဟဂ္ဂုတ်စိတ်တို့တွင် ပဌမဈာန် စိတ်သုံးခု၌အညသမာန်း ၁၃။ ဝိရတိကြဉ်သော သောဘဏ ၂၂ အားဖြင့် ၃၅-ပါးသော စေတသိက်တို့သည် ပေါင်းဆုံခြင်းသို့ ရောက်ကုန်၏။ ထိုတွင်ကရုဏာ, မုဒိတာတို့ကား နာနာ၊ ကဒါစိ ဖြစ်ကုန်၏။ (ထိုကြောင့်အမြဲ ၃၃။ ရံခါကရုဏာနှင့် ၃၄။ ရံခါမုဒိတာ နှင့် ၃၄။ တယ်ခါမျှ ၃၅-မရှိ။ ဤနည်းဖြင့်အနိယတတို့ကိုသတိပြု၍ ယူဉ်ရာ၏။) ထိုအတူ ဒုတိယဈာန်စိတ် သုံးခု၌ဝိတက်ကြဉ်၍ ၃၄။ တတိယဈာန် စိတ်သုံးခု၌ ဝိတက် ဝိစာရကြဉ်၍ ၃၃။ စတုတ္ထ ဈာန် စိတ်သုံးခု၌ ဝိတက်,ဝိစာရ, ပီတိကြဉ်၍ ၃၂။ ပဥ္စမဈာန်စိတ် တဆဲ့ငါးခု၌ ဝိတက်, ဝိစာရ, ပီတိ, အပ္ပမညာကြဉ်၍ ၃၀။ ။ ဤသို့မဟဂ္ဂုတ်စိတ်၌ ၃၅၊ ၃၄၊ ၃၃၊ ၃၂၊ ၃၀-အားဖြင့်ငါးနည်း ဖြစ်၏။ (နာနာ၊ ကဒါစိ နှစ်ခု စတုတ္ထဈာန်အထိ သတိပြု။)

**ကာမသောဘဏ ၁၂—နည်း။** ။ကာမသောဘဏ စိတ်တို့တွင်မဟာကုသိုလ် ပဌမဒွေ၌ အညသမာန်း ၁၃။သောဘဏ ၂၅ အားဖြင့် ၃၈—ပါးသော စေတသိက်တို့သည် ပေါင်းဆုံခြင်းသို့ ရောက်ကုန်၏။ ထိုတွင်ဝိရတိ၊အပ္ပမညာတို့ကားနာနာ၊ ကဒါစိတို့ ဖြစ်ကုန်၏။ (ထိုကြောင့်အမြဲ၃၃၊ရံခါ သမ္မာဝါစာ စသည်နှင့် ၃၄ စီ၊ဘယ်ခါမှ ၃၅၊၃၆၊၃၇၊၃၈—မရှိ။)ထိုအတူ ဒုတိယ ဒွေ၌ ပညာကြဉ်၍ ၃၇၊ တတိယဒွေ၌ ပညာယှဉ်- ပီတိကြဉ်၍ ၃၇။ စတုတ္ထဒွေ၌ပညာ ပီတိကြဉ်၍ ၃၆။(နာနာကဒါစိသည် ကုသိုလ်၌ ၅—ခု၊ ကြိယာ၌ ၂-ခုသတိပြု။)

မဟာကုသိုလ်တို့၌…………၃၈၊၃၇၊ ၃၇၊၃၆။

မဟာကြိယာတို့၌ ဝိရတိကြဉ်၍……၃၅၊၃၄၊၃၄၊၃၃။

မဟာဝိပါက်တို့၌ဝိရတိအပ္ပမညာကြဉ်၍… ၃၃၊၃၂၊၃၂၊၃၁။

ဤသို့ကာမသောဘဏစိတ်၌ တဆဲ့နှစ်နည်းဖြစ်၏။

သောဘဏစိတ်တို့တွင်ကြိယာ၌ ဝိရတိမရှိ၊ မဟဂ္ဂုတ်၌ ဝိရတိမရှိ၊ လောကုတ္တရာ၌အပ္ပမညာမရှိ၊ ကာမဝိပါက်၌ဝိရတိ၊အပ္ပမညာမရှိ။

လောကုတ္တရာ၌ဈာန်ထူး၏၊ (ဝါ-ဝိတက်,ဝိစာရ,ပီတိ,ဝေဒနာ လေးခုထူး၏၊) မဟဂ္ဂုတ်၌ဈာန်၊ အပ္ပမညာထူး၏။ ကာမစိတ်၌- အပ္ပမညာ,ဝိရတိ,ဉာဏ်,ပီတိ-ထူး၏။ ဝေဒနာလည်းထူး၏။ ဝေဒနာကား သုခ၊ဥပေက္ခာမှထူး၍ ယှဉ်သည်ချည်းသာတည်း။

**အကုသိုလ် ၇—နည်း။** ။အကုသိုလ် စိတ်တို့တွင် လောဘမူ ပဌမအသင်္ခါရိက၌ အညသမာန်း၁၃။ အကုသလ သာဓာရဏ ၄- အားဖြင့် ၁၇-ပါးသည် လောဘ၊ ဒိဋ္ဌိတို့နှင့်၁၉-ပါးဖြစ်၍ ပေါင်းဆုံခြင်းသို့ ရောက်ကုန်၏။ ထိုအတူဒုတိယအသင်္ခါရိက၌လောဘ၊ မာနနှင့် ၁၉၊ တတိယ အသင်္ခါရိက၌ပီတိကြဉ်၍ လောဘ၊ဒိဋ္ဌိနှင့် ၁၈။စတုတ္ထ အသင်္ခါရိက၌ လောဘ၊မာနနှင့်၁၈။(ဝိပ္ပယုတ်၌-မာန ကဒါစိ)

ပဌမ အသင်္ခါရိကဥ္စဒေါသ၊ဈာသာ၊ မဇ္ဈာရိယ၊ကုက္ကုစ္စနှင့် ၂၀။ ထိုတွင် ဈာသာ၊ မဇ္ဈာရိယ၊ ကုက္ကုစ္စတို့ကား နာနာ၊ ကဒါစိဖြစ်ကုန်၏။ (ထိုကြောင့်အမြဲ ၁၇။ ရံခါဈာသာ စသည်နှင့် ၁၈ စီ။ ဘယ်ခါမှ ၁၉၊ ၂၀မရှိ။)

ထိုအတူ သသင်္ခါရိက ငါးခုတို့၌ ထိန၊ မိဒ္ဓနှင့်-၂၁၊ ၂၁၊ ၂၀၊ ၂၀၊ ၂၂။ ။(ဤ၌ထိန၊ မိဒ္ဓကား သဟ၊ ကဒါစိ။ ။ဈာသာ, မဇ္ဈာရိယ, ကုက္ကုစ္စ-နာနာ၊ ကဒါစိ။ ။မာန-ကဒါစိ။)

ဥဒ္ဓစ္စ သဟဂုတ်စိတ်၌ဆန္ဒ၊ ပီတိကြဉ်သော အညသမာန်း ၁၁။ အကုသလ သာဓာရဏ ၄-အားဖြင့် ၁၅။ ။ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌ ထိုအတူ အဓိမောက္ခကြဉ်၍ ဝိစိကိစ္ဆာနှင့် ၁၅။

ဤသို့အကုသိုလ်စိတ် ၁၂-ခုတို့၌ အသီးသီး ယှဉ်သော်လည်း သင်္ချာတူဂဏနတွင်းဖြင့် အသင်္ခါရိက ငါးခု-၁၉၊ ၁၈၊ ၂၀။ ။ သသင်္ခါရိက ငါးခု-၂၁၊ ၂၀၊ ၂၂။ ။မောဟမူဒွေ၌ ၁၅။ ဤသို့ သင်္ဂဟနည်း ၇-ပါးဖြစ်၏။ (သင်္ချာတူပေါင်း၍ ၇-နည်း။ မပေါင်းလျှင် ၁၂-နည်းတည်း။)

လေး-သာဓာရဏ၊ မာန်း-ဒသာ၊ သဗ္ဗာကုသလယောဂီ ၄-တည်း။

**အဟိတ် ၄-နည်း။** ။အဟိတ် စိတ်တို့တွင် ဟသိတုပ္ပါဒ်စိတ်၌ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ၁၂-ခုတို့သည် ပေါင်းဆုံခြင်းသို့ရောက်ကုန်၏။

မနောဒွါရာဝဇ္ဇန်း၌ဆန္ဒ, ပီတိကြဉ်၍ ၁၁၊ သောမနဿသန္တီရဏ၌ဆန္ဒ, ဝီရိယကြဉ်၍ ၁၁။

ပဥ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းဒွေ၊ ဥပေက္ခာ သန္တီရဏနှစ်ခု-ဤငါးခုတို့၌ဆန္ဒ, ပီတိ၊ ဝီရိယကြဉ်၍ ၁၀။

ဒွေပဥ္စ ဝိညာဏ်တဆယ်၌ ပကိဏ်းကြဉ်၍ ၇။

ဤသို့အဟိတ်စိတ် ၁၈-ခုတို့၌ ဂဏန်းစွမ်းဖြင့်-၁၂၊၁၁၊၁၀၊ ၇-အားဖြင့် သင်္ဂဟနည်း လေးနည်းဖြစ်၏။ ။အဟိတ်စိတ်တိုင်း ၇-လုံးယှဉ်သည်။ ကြွင်းငါးလုံး သင့်သလို ယှဉ်သည်။

သင်္ဂဟနည်း ၃၃-ပါးပြီး၏။

မနောဒွါရာဝဇ္ဇန်းကို ဝုဋ္ဌော ဟူ၍လည်း ခေါ်သည်၊ပဉ္စဒွါရာ ဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းနှစ်တို့ကို မနောဓာတ် သုံးခုဟူ၍လည်းခေါ် သည်။ ဥပေက္ခာ သန္တီရဏနှစ်ခုကို အဟိတ်ပဋိသန္ဓေအစုံ ဟူ၍ လည်းခေါ်သည်။

ဤဆိုပြီးသော နည်းဖြင့် သမ္ပယောဂနည်း ၁၆-ပါး။ သင်္ဂဟ နည်း ၃၃-ပါး တို့ကိုသိ၍ စိတ်နှင့်အညီအမျှ စေတသိက် တို့ကို ပြားရာ၏။ ။(ဖဿသည်တခုယုတ် ကိုးဆယ်၌ယှဉ်သောကြောင့် ဖဿ စေတသိက်ပေါင်းတခုယုတ် ကိုးဆယ်ရှိသည်။ ဝိတက်စေ တသိက်ပေါင်း ၅၅။ မောဟစေတသိက်ပေါင်း ၁၂။ သဒ္ဓါစေတ သိက်ပေါင်း ၅၉။ပညာစေတသိက်ပေါင်း ၄၇-ရှိသည်-ဟုပြား၍ ညွှန်ရာ၏။)

## သမ္ပယောဂနည်း ၁၇နည်းဖြစ်ပုံ

ဒွိဘိတလုံး၌ ယှဉ်သောစေတသိက် ၁-ကား....။ ။ဝိစိကိစ္ဆာသည် ၁-ယှဉ်သည်+၈၈-မယှဉ်=ပေါင်း ၈၉။ ။၁-ယှဉ်သည်+၁၂၀-မယှဉ်=ပေါင်း ၁၂၁။ ။ဤနည်းမျိုး၍ဆို။

| | | | | | |
|---|---|---|---|---|---|
| ၁ | စိတ်တလုံးယှဉ်– ၁။ | ဝိစိကိစ္ဆာသည် .... | ၁+၈၈= ၈၉ | ၁+၁၂၀=၁၂၁ |
| ၂ | ၂လုံးယှဉ်– ၄။ | ဒေါသစတုက္ကသည် .... | ၂+၈၇= ၈၉ | ၂+၁၁၉=၁၂၁ |
| ၃ | ၄လုံးယှဉ်– ၂။ | ဒိဋ္ဌိ-မာန .... .... | ၄+၈၅= ၈၉ | ၄+၁၁၇=၁၂၁ |
| ၄ | ၅လုံးယှဉ်– ၂။ | ထိန-မိဒ္ဓ .... .... | ၅+၈၄= ၈၉ | ၅+၁၁၆=၁၂၁ |
| ၅ | ၈လုံးယှဉ်– ၁။ | လောဘ .... .... | ၈+၈၁= ၈၉ | ၈+၁၁၃=၁၂၁ |
| ၆ | ၁၂လုံးယှဉ်– ၄။ | မောဟစတုက္က .... | ၁၂+၇၇= ၈၉ | ၁၂+၁၀၉=၁၂၁ |
| ၇ | ၁၆လုံးယှဉ်– ၁။ | ဝိရတိ .... .... | ၁၆+၇၃= ၈၉ | ၄၈+ ၇၃=၁၂၁ |
| ၈ | ၂၀လုံးယှဉ်– ၂။ | အပ္ပမညာ .... .... | ၂၀+၆၉= ၈၉ | ၂၈+ ၉၃=၁၂၁ |
| ၉ | ၄၇လုံးယှဉ်– ၁။ | ပညာ .... .... | ၄၇+၄၂= ၈၉ | ၇၉+ ၄၂=၁၂၁ |
| ၁၀ | ၅၁လုံးယှဉ်– ၁။ | ဝီရိယ .... .... | ၅၁+၇၀=၁၂၁ | ၃၅+ ၅၄= ၈၉ |
| ၁၁ | ၅၅လုံးယှဉ်– ၁။ | ဝိတက် .... .... | ၅၅+၆၆=၁၂၁ | ၅၅+ ၃၄= ၈၉ |
| ၁၂ | ၅၉လုံးယှဉ်–၁၉။ | သဒ္ဓါသတိစသည် .... | ၅၉+၃၀= ၈၉ | ၉၁+ ၃၀=၁၂၁ |
| ၁၃ | ၆၆လုံးယှဉ်– ၁။ | ဝိစာရ .... .... | ၆၆+၅၅=၁၂၁ | ၅၈+ ၃၁= ၈၉ |
| ၁၄ | ၆၉လုံးယှဉ်– ၁။ | ဆန္ဒ .... .... .... | ၆၉+၂၀= ၈၉ | ၁၀၁+ ၂၀=၁၂၁ |
| ၁၅ | ၇၃လုံးယှဉ်– ၁။ | ပီတိ .... .... | ၇၃+၁၆= ၈၉ | ၁၀၅+ ၁၆=၁၂၁ |
| ၁၆ | ၇၈လုံးယှဉ်– ၁။ | အဓိမောက္ခ .... | ၇၈+၁၁= ၈၉ | ၁၁၀+ ၁၁=၁၂၁ |
| ၁၇ | ၈၉လုံးယှဉ်– ၇။ | သဗ္ဗစိတ္တသာဓာရဏ .... | ၈၉+ ၀= ၈၉ | ၁၂၁+ ၀=၁၂၁ |

**တေနုဂုတ္တံ**။ ။စိတ်တလုံးဖြစ်၊ စေတသိက် တစ်တည်း။ နှစ်မှာ-လေးပါး၊ လေး-ငါး-နှစ်စီ၊ရှစ်ချမ့်-တစ်၊ ဆဲ့နှစ်-လေးကောက်၊ ဆဲ့ခြောက်-သုံးလီ၊ ဋ္ဌဝိ-နှစ်ညွှန်။ လေးဆဲ့ခွန်-တစ်၊ ငါးဆယ်တစ်–တပါး၊ငါးဆယ်ငါး-တသွယ်၊ ငါးဆယ်နှင့်ကိုး တဆဲ့ကိုးကောက်၊ ခြောက်ဆဲ့ခြောက်-တမျိုး၊ ခြောက်ဆဲ့ကိုး-တလုံး၊ ခုနစ်ဆဲ့သုံး—

တရစ်၊ ခုနစ်ဆဲ့ရှစ်-တမျိုး၊ ရှစ်ဆဲ့ကိုး-ခုနစ်၊……ငါးဆဲ့နှစ်သည်၊ နည်းဖြစ်ဆဲ့ခွန်ယှဉ်သည်တည်း။

## သမ္ပယောဂ….ယှဉ်နည်း၂၆

၁။……စိတ်တလုံးတည်း ယှဉ်ကား-ဝိစိကိစ္ဆာ။ ။၂။……၂-လုံးယှဉ်ကား-ဒေါသစတုက္က။ ။(သုံးမရှိ)။ ။၄။……၄-လုံးယှဉ်ကား-ဒိဋ္ဌိ၊ မာန။ ။……ဤနည်းမှီး၍ဆို။

၁။၂။၄။၅။၈။ ။၁၂။၁၆။၂၀။၃၅။၄၇။ ။၄၈။၅၁။၅၅။ ၅၀။၅၉။ ။၆၆။၆၉။၇၃။၇၀။၇၉။ ။၈၉။၉၁။၁၀၁။၁၀၅။ ၁၁၀။၁၂၁။……(၂၆-မျိုး)။

## သမ္ပယောဂ….မယှဉ်နည်း၂၇

၀။……စိတ်သုညမယှဉ်ကား-သဗ္ဗစိတ္တ သာဓာရဏ။ ။၁၁။ ၁၁-မယှဉ်ကား-အဓိမောက္ခ။ ။၁၆။……၁၆-မယှဉ်ကား-ဝီရိယ၊ ဤနည်းမှီး၍ဆို။

၀။၁၁။၁၆။၂၀။၃၀။ ။၃၁။၃၄။၄၂။၅၄။၅၅။ ။၆၁။၆၆၊ ၇၀။၇၃။၇၇။ ။၈၁။၈၄။၈၅။၈၇။၈၈။ ။၉၃။၁၀၉။၁၁၃။၁၁၆။ ၁၁၇။ ။၁၁၉။၁၂၀။……(၂၇-မျိုး)

## သင်္ဂဟနည်း….၁၉နည်း

အပ္ပမာဏ်စိတ်၌ စေတသိက် ၇-ယှဉ်=၁၀။၁၀-ယှဉ်=၅။

၁၁-ယှဉ်=၂။၁၂-ယှဉ်=၁-ပေါင်း ၁၈။

အကုသိုလ်၌ ၁၅-ယှဉ်=၂။၁၈-ယှဉ်=၂။၁၉-ယှဉ်=၂။၂၀-ယှဉ်=၃။၂၁-ယှဉ်=၂။၂၂-ယှဉ်=၁=ပေါင်း ၁၂။

သောဘဏာ၌၃၀-ယှဉ်=၁၅။၃၁=၂။၃၂=၇။၃၃=၂၃။

၃၄=၁၅။ ၃၅=၁၃။ ၃၆=၁၀။ ၃၇=၄။ ၃၈=၂=ပေါင်း ၉၁။ (၁၉ မျိုး။)

## စေတသိက်လက္ခဏာလေးပါးမှတ်ဘွယ်

စိတ်နှင့်-ဖြစ်အတူ၊ ချုပ်အတူ၊ အာရုံအတူ-ဖြစ်လျှင် မှီရာတူ သည်သာတည်း။ ဤလက္ခဏာ လေးပါးရှိမှ စိတ်၌အမြဲ ယှဉ်သည် မည်၏။ စေတောယုတ္တဖြစ်သည်မည်၏။ အရူပဘုံ၌ကား မှီရာဝတ္ထု ရုပ်မရှိသောကြောင့်လက္ခဏာသုံးပါးမျှဖြင့်စိတ်၌အမြဲ ယှဉ်သည်၊ စေတောယုတ္တဖြစ်သည်။

စိတ္တဇရုပ်သည် အတူဖြစ်သောစိတ်နှင့် အတူမချုပ်။ အတူချုပ် သောစိတ်နှင့်အတူမဖြစ်၊ လက္ခဏာတပါးပါးသာ။ ဝိညတ်ဒွေသည် အတူဖြစ်သောစိတ်နှင့် အတူချုပ်၏။ အာရုံမပြုတတ်၊ လက္ခဏာနှစ် ပါးသာ။ ထိုကြောင့် စေတောယုတ္တမဖြစ်ကုန်။

## စေတသိက်သဘောလေ့လာဘွယ်

ဖဿသည် အာရုံကိုတွေ့ထိတတ်၏၊ ကတ္တာသဘော၊ အတူဖြစ် သောစိတ်စေတသိက်တို့ကိုလည်း မိမိကဲ့သို့ တွေ့ထိစေ၏၊ ဝါ၊ စိတ်စေတသိက်တို့၏ တွေ့ထိကြောင်းဖြစ်၏၊ ကာရိတ်သဘော၊ (ထိစေတတ်က-ထိကြောင်းရသည်။ စေတတ်နှင့် ကြောင်းတူ၏။) တွေ့ထိခြင်းသဘောမျှလည်း ဖြစ်၏၊ ဘာဝသဘော၊ ဤသုံးမျိုးတို့ တွင် ကတ္တာနှင့်ကာရိတ်သည် တဒ္ဓမ္မူပစာဖြစ်၏။ မရှိသောယုန်ချို ကိုတင်စားသကဲ့သို့တင်စား၏။ ဘာဝသဘောသာ မုချပရမတ် ဖဿဖြစ်သည်။

ဝေဒနာသည် အာရုံ၏အရသာကို ခံစားတတ်၏။ စိတ်စေတ သိက်တို့ကို မိမိကဲ့သို့ခံစားကြ၊ ခံစားကြဟုစေခိုင်း၏။ ခံစားခြင်း သဘောမျှဖြစ်၏၊ ထိုတွင် ကတ္တာကာရိတ် တဒ္ဓမ္မူ၊ ဘာဝမှ မုချ ပရမတ်။

သညာသည်အာရုံကို အမှတ်ပြု၍သိတတ်၏။ အမှတ်ပြု၍သိကြ သိကြဟု စေခိုင်း၏။ အမှတ်ပြု၍ သိခြင်းမျှဖြစ်၏၊ ထိုတွင် ကတ္တာ ကာရိတ်တဒ္ဓမ္မူ၊ ဘာဝမှမုချ ပရမတ်။……ဤနည်းဖြင့် ပရမတ် တို့ကို ထိုက်သည်အလျောက် လေ့လာအပ်၏။

**ဘာဝသဘောဥပမာ။** ။ဤ၌ဖဿသည် နာမ်တရားဖြစ်၍ ရုပ်အားဖြင့် မထိတတ်။ထိကြ၊ ထိကြဟူ၍လည်း မစေခိုင်းတတ်။ ထိသကဲ့သို့သော အခြင်းအရာမျှ ဖြစ်၍ထိခြင်း သဘောမျှသာဖြစ်သည်။ ထိုအခြင်းအရာသည် အချဉ်သီးမြင်၍ တံတွေးဖြစ်သောအခါ လျှာနှင့်အချဉ်သီး မထိဘဲ ထိသကဲ့သို့သော အခြင်းအရာမျှနှင့်တူ၏၊ သစ်ပင်ဖျားတက်သူကိုမြင်၍ ဒူးတုန်သောအခါ သစ်ပင်ပေါ် ဒူး မရောက်၊ ရောက်သလို အခြင်းအရာနှင့်လည်းတူ၏၊ ရေးခြစ်သံကြား၍ သွားကျိန်းသောအခါ သွားကိုမခြစ်၊ ခြစ်သလို အခြင်းအရာနှင့်လည်း တူ၏။

ဝေဒနာလည်း မခံစားတတ်၊ ခံစားကြဟုမစေခိုင်းတတ်၊ ခံစားသကဲ့သို့ အခြင်းအရာမျှသာ။ ။သညာလည်းမမှတ်တတ်၊ မမှတ်ခိုင်းတတ်၊ မှတ်သကဲ့သို့ အခြင်းအရာမျှသာ၊ ကြွင်းသောပရမတ်တို့လည်း ဤအတူအခြင်းအရာမျှသာ ဖြစ်ကုန်၏။ ။တံတွေးဖြစ် ဒူးတုန်, သွားကျိန်းသောအခါမထိ, မရောက်, မခြစ်ဘဲ-ထိသလို၊ ရောက်သလို၊ ခြစ်သလိုအခြင်းအရာသည် ပရမတ်အားလုံး၏ ထိသလို၊ ခံစားသလို၊ အာရုံသို့တင်ပေးသလို၊ သုံးသပ်သလို စသော အခြင်းအရာ၏ ဥပမာတည်း၊ ဖဿတခုတည်း၏ ဥပမာမဟုတ်၊ ပရမတ်အခြင်းအရာဥပမာဖြစ်သည်။

## သဗ္ဗစိတ္တသာဓာရဏ မှတ်ဘွယ်

၁။ ဖဿသည် အာရုံ၌ တွေ့ထိ တတ်၏၊ ပသာဒနှင့်အာရုံ ပေါင်းဆုံခြင်းသည် ဖဿမည်၏၊ ဆိတ်နှစ်ကောင် ခွေ့သောအခါ တကောင်ကို ပသာဒကဲ့သို့၊တကောင်ကို အာရုံကဲ့သို့၊ ခွေ့ခြင်းကို ဖဿကဲ့သို့ မှတ်အပ်၏၊ တိဏ္ဏံ သင်္ဂတိ ဖဿော၌ကား-တိဏ္ဏံ သင်္ဂတိ ယာ ဖဿော-ဟုဖွင့်သောကြောင့် ပသာဒ, အာရုံ, ဝိညာဏ်- သုံးပါး ပေါင်းဆုံခြင်းသည် ဖဿ၏ အကြောင်းမျှ ဖြစ်သည်၊ သုံးပါးပေါင်းဆုံခြင်းကြောင့် ဖြစ်သော တွေ့ထိခြင်း အကျိုးသာလျှင် ဖဿ-ဟု သိအပ်၏။ ။ဖဿသည် တွေ့ထိတိုင်း မိမိရှိရာ

စိတ်၌ ဝေဒနာကိုဖြစ်စေ၏၊ ထိုကြောင့်-ဖဿပစ္စယာ ဝေဒနာ-ဟု ဟောသည်၊ မိမိ၏ဖြစ်ကြောင်းဖြစ်သော ပဿာဒ၊ အာရုံ၌ဝေဒနာကို မဖြစ်စေ၊ ချိပ်၌ရှိသောတေဇောသည် ဗဟိဒ္ဓမီး ပူထိသောအခါ မိမိမှီရာချိပ်ကိုသာ နူးညံ့အောင်ပြုသည်၊ မိမိကို ကျေးဇူးပြုသော ဗဟိဒ္ဓမီးပူကို နူးညံ့အောင် မပြုသည်နှင့်တူ၏။

၂။ ဝေဒနာသည် အာရုံအရသာကို ခံစား၏၊ အကောင်း၊ အလတ်၊ အဆိုးသုံးမျိုးလုံး မြိန်စွာ ခံစား၏-ဘောဇဉ် အရသာကို အစိုးတရခံစားသောမင်းနှင့်တူ၏၊ အတူဖြစ်သော သမ္ပယုတ်စိတ်စေတသိက်တို့ကား စားတော်ကဲပမာ ခံစားရုံခံစားရကုန်၏၊ ဤဝေဒနာသည် အနုသယမကင်းသူအား တဏှာကိုဖြစ်စေ၏၊ ဝေဒနာပစ္စယာတဏှာ-ဟု ဟောသည်၊ အနုသယကင်းသော ရဟန္တာအားတဏှာဖြစ်အောင် မတတ်နိုင်၊ (ယောနိသော မနသိကာရရှိသူအားလည်းတဏှာမဖြစ်။)

၃။ သညာသည် အာရုံကိုအမှတ်ပြု၍သိ၏၊ ရှေးအမှတ်ဖြင့် နောက်၌သိ၏၊ နောက်၌သိအောင် ယခုမှတ်၏-သစ်သား အမှတ်အသားပြုသော လက်သမားနှင့်တူ၏၊ အများကိုလည်း မှတ်စေ၏-ဝါ-အချည်းနှီးသော လက်ဆုပ်အလား အထင်လည်း မှားစေ၏၊ မှတ်သောအတိုင်းလည်း မြဲစွာယူ၏-ဆင်ကို ထွန်တုံကဲ့သို့၊ တံမြက်စည်းကဲ့သို့ ဟုမြဲစွာဆိုသော ဝမ်းတွင်းကန်းနှင့်တူ၏၊ ညက်ယှဉ်သောသညာကား ဉာဏ်သို့ အစဉ်လိုက်၏၊ ဉာဏ်ကဲ့သို့အမှန်သိ၏-သသမ္ဘာရပထဝီ-မြေပိုင်ခဲ၌ တွင်သော အာပေါ် စသည်တို့သည် ပထဝီသို့ အစဉ်လိုက်သကဲ့သို့တည်း။

၄။ စေတနာသည် အာရုံ၌စေ့စပ်ပေး၏၊ ကုသိုလ်အကုသိုလ်ပြုသောအခါ နှစ်ဆအားထုတ်၏၊လယ်ရိတ်သူတို့အလုပ်တွင်အောင် နှစ်ဆအားထုတ်သော လယ်ရှင်နှင့်တူ၏၊စစ်သားတို့ကို မိမိဆိုင်ရာကိစ္စ ပြုစေသော စစ်ဗိုလ်မှူးကဲ့သို့ အစီအမံကောင်း၏၊မိမိကိစ္စ သူတပါးကိစ္စ ပြီးစေသော တပည့်ကြီးအလား၊ လက်သမားကြီး သဘွယ်ဖြစ်၏။

၅……ဇောဂုတာသည် တခုတည်းသော အာရုံ၌ တည်ကြည်၏၊ လေတိတ်ရာ၌ ထွန်းသောမီးနှင့်တူ၏၊ ပျံ့လွင့်ခြင်းဌါမပေး-စစ်တပ်ဖရိုဖရဲ ဖြစ်ခွင့် မပေးသော မင်းနှင့်တူ၏။ အတူ ဖြစ်သော တရားတို့ကို ပေါင်းစုပေး၏။-ရေချိုး ကသယ်မှုန့်မလွင့်အောင် ရေဆွတ်ပေးသည်နှင့် တူ၏။

၆……ဇီဝိတိန္ဒြေသည်သမ္ပယုတ်တရားတို့ကိုအသက်ရှည်စေ၏၊ မိမိရှိစဉ် ဥပါဒ်နှင့် ဌီအကြား၊ ဌီနှင့် ဘင်အကြား၊ မပျက်အောင် စောင့်ရှောက်ခြင်း၌ အကြီး အကဲဖြစ်၏- ကြာကို စောင့်ရှောက်သော ရေနှင့်တူ၏။ မိမိရှိစဉ်ကြာကိုစောင့်သည်။

၇……မနသိကာရသည် နှလုံး၌သွင်းတတ်၏၊ သမ္ပယုတ်တရားတို့ကို အာရုံနှင့် ယှဉ်တွဲပေး၏။ မြင်းတို့ကို ရထား၌ ကသော ရထားထိန်းနှင့်တူ၏။ ။မနသိကာရသည်သုံးမျိုးရှိ၏။ ဤစေတသိက်သည် အာရုံ၌ယှဉ်ပေးသော မနသိကာရ မည်၏။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ဝိထိနှင့် ယှဉ်ပေးသော မနသိကာရ မည်၏။ မနောဒွါရာဝဇ္ဇန်း စိတ်သည် ဇောနှင့် ယှဉ်ပေးသော မနသိကာရ မည်၏။ ။ အာရုံ၌ယှဉ်၊ ဝိထိယှဉ်၊ ဇောယှဉ်—မနသိသုံးမျိုး။

## ပကိဏ်းမှတ်ဘွယ်

၁-ဝိတက်သည် ကြံစည်တတ်၏။ စိတ်ကို အာရုံသို့ တင်ပေးတတ်၏-ဇနပုဒ်သားကို မင်းအိမ်သို့ပို့သော မင်းကျွမ်း ဝင်သူနှင့်တူ၏။ အာရုံကို စည်ကြီးအတူ တီးခေါက်တတ်၏။သမ္မာဒိဋ္ဌိ အမြင်သန်အောင် အာရုံကို ဖန်ဖန် တီးခေါက် ပေးသောကြောင့် ပညာကဏ္ဍ၌ အကူအညီ အဖြစ်ဖြင့် ရေတွက်အပ်၏။ သမ္မာဒိဋ္ဌိ၏ လက်ညှိုးလည်း ဆိုသင့်၏။ လက်ညှိုးကျူ၍ ညွှန်ပေးမှ ရုံလင်စွာ မြင်နိုင်သည်။

၂—ဝိစာရသည် အာရုံ၌ စိတ်ကိုလှည့်လည်စေ၏။ အာရုံ၌ သုံးသပ်တတ်၏။ ဝိတက် ကသားရှိန်ရင်း၏၊ ရွှေသွားဖြစ်၏။ စည်တီး

သကဲ့သို့ အာရုံ၌ စိတ်ကိုရှေးဦးစွာ ကျစေ၏။ ဝိစာရကား သိမ်မွေ့၏၊ နောက်၌ ဖန်ဖန် သုံးသပ်တတ်၏။ စည်သံအစဉ် ဆက်၍ မြည်သကဲ့သို့ အာရုံ၌စိတ်ကိုဖွဲ့၏။

၃–အဓိမောက္ခသည် ဆုံးဖြတ်တတ်၏၊ ရွေ့ရှားခြင်းမပြု၊ အာရုံ၌ တုန်လှုပ်ခြင်းမရှိ၊ တံခါး ခုံနှင့်တူ၏။ ဝိစိကိစ္ဆာနှင့် ဆန့်ကျင်ဘက်ဖြစ်၏။

၄–ဝီရိယသည် ရဲရင့်သောသူ၏ ဖြစ်ကြောင်းသဘော ဖြစ်၏-အိမ်အိုကိုကျားကန်သကဲ့သို့ ထောက်ပံ့၏။ ဝီရိယထောက်ပံ့သော သူတော်ကောင်းသည် ကုသိုလ်မှ ဆုတ်ယုတ်ခြင်းမရှိ။ အားထုတ်ခြင်းသဘောရှိ၏။ သမ္မယုတ် တရားတို့ကို တွန့်တို ဆုတ်နစ်ခြင်း မရှိအောင် ချီးမြှောက်၏။ စစ်ကူလွှတ်သောမင်းနှင့်တူ၏။

၅-ပီတိသည် နှစ်သက်တတ်၏။ ကိုယ်စိတ် ပြည့်ဖြိုး၏။ ပျံ့နှံ့၏။ ဝမ်းသာကြောင်းဖြစ်၏။ ထိုပီတိသည် ကြက်သီးထအောင် နှစ်သက်လျှင် ခုဒ္ဒကာပီတိမည်၏။ လျှပ်စစ်ပြက်သကဲ့သို့ ခဏခဏ နှစ်သက်လျှင် ခဏိကာပီတိ ....။ သမုဒ္ဒရာကမ်းကို လှိုင်းလုံးရိုက်ဝင်သကဲ့သို့ ကိုယ်တွင်းသို့ ရိုက်ဝင်အောင် နှစ်သက်လျှင် ဩက္ကန္တိကာပီတိ......။ ကိုယ် ကောင်းကင် လွင့်တက်အောင် လွန်စွာနှစ်သက်လျှင် ဥဗ္ဗေဂါပီတိ ။ တောင်ဒှမ်းရေပြည့်သကဲ့သို့ ကိုယ်လုံးနှံ့အောင်နှစ်သက်လျှင် ဖရဏာပီတိမည်၏။ (ဂွမ်းဆီထိသကဲ့သို့လည်းဆိုကုန်၏၊) ပုဏ္ဏဝလ္လိကဝါသီမဟာတိဿမထေရ်သည့်ရင်းလေးသော ဝန်ရှိသော အမျိုးသမီး တယောက် သည်ရင်း, ဥဗ္ဗေဂါပီတိဖြင့် လွင့်တက်၍ တောင်ထိပ် စေတီရင်ပြင်သို့ ရောက်ဘူးပြီ။ ။ ပီတိငါးပါးပြည့်လျှင် ပဿဒ္ဓိပြည့်၏။ ပဿဒ္ဓိရင့်လျှင် သုခပြည့်၏။ သုခရင့်လျှင် ခဏိကသမာဓိ၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိပြည့်၏။

၆–ဆန္ဒသည်ပြုလိုကာမျှသာ ဖြစ်၏။ အာရုံကိုရှာယူ၏- မိမိအာရုံယူသောအခါ စိတ်၏ဆန့်သော လက်နှင့်တူ၏။ စွန့်ကြဲသူဒါန်း

စရောက်ကို အသိုဂ်ရှိ၏-ပစ်စရာမြားကို ရှာယူသော လေးသမားနှင့် တူ၏၊ လောဘကဲ့သို့ ကပ်ငြိခြင်းမရှိ။

ဝိတက်သည် သမ္ပယုတ် တရားတို့ကို အာရုံသို့ တင်ပေး၏။ မဆက်ပေး။ ။စေတနာသည်ဝိတက် တင်ပေးသမျှကို ဆက်ပေး၏။ ဝါ၊တိုက်တွန်း၏။ စေ့စပ်ပေး၏၊မြဲအောင်တွဲမပေး။ ။မနသိကာရသည် မြဲအောင်တွဲပေး၏၊ ဤကား ထိုသုံးခု အထူးတည်း။

## အကုသိုလ်မှတ်ဘွယ်

၁—မောဟသည် အာရုံ၌ တွေဝေ၏။ စိတ်ကို မျက်စိကန်း အောင်ပြု၏။ အာရုံ၏ သဘောကို ဖုံးလွှမ်း၏။ အကျင့် လွဲစေ၏။ လကွယ်,သန်းခေါင်, မိုးမှောင်, တောအုပ်- ဤအင်္ဂါလေးပါးရှိ သောအမိုက်မှောင်နှင့်တူ၏။

၂—အဟိရိကသည် မကောင်းမှုကို မစက်ဆုပ်တတ်- မစင် ဝက်နှင့်တူ၏။

၃—အနောတ္တပ္ပသည် မကောင်းမှုမှ တွန့်ခြင်းမရှိ။ထိတ်လန့်ခြင်း မရှိ-ပိုးဖလံ-မီးတိုးသည်နှင့်တူ၏။

၄—ဥဒ္ဓစ္စသည်စိတ်မငြိမ်၊ ပျံ့လွင့်၏ လေခတ်၍ ရေလှုပ်သည် နှင့်တူ၏။လေခတ်သော တမ်းခွန်ကဲ့သို့ ရပ်တည်ခြင်းမရှိ၊ကျောက် ခတ်၍လွင့်သော ပြာကဲ့သို့တုန်လှုပ်၏။ အဓိမောက္ခရှိသောကြောင့် တန့်၍တန့်၍ လိမ့်၏၊ ယောင့်ရှိသော ပတ္တမြားလိမ့်သည်နှင့်တူ၏။

၅—လောဘသည် အာရုံ၌ လိုချင်ကပ်ငြိ၏၊ ထိတိုင်းကပ်သော မျောက်နှံ့စေးနှင့်တူ၏။ ဆန္ဒကဲ့သို့ အလိုရှိရုံမျှမဟုတ်။ ။တဏှာ၊ သမုဒယ၊မာယာ၊ ဝဍ္ဎနာ-စသည်လည်းမည်၏။

၆—ဒိဋ္ဌိသည် မှား သောအမြင်ရှိ၏။အမှားကိုနှစ်သက်စွာစွဲမြဲ၏- မိကျောင်းကိုက်သကဲ့သို့ စွဲမြဲ၏။ ငါ့အယူသာမှန်သည်ဟု အမှား ကိုသုံးသပ်တတ်၏၊ မျက်စိလည်၍ အရှေ့ကို အနောက်ထင်သူနှင့် တူ၏။ ဒိဋ္ဌ၊ သုတ၊ မုတ၊-မင်္ဂလာ (ပြဿဒါး၊ ရက်ရာဇာ)စသည်

တို့၌ လေ့ကျက်ခြင်းကြောင့်လည်း ဒိဋ္ဌိဖြစ်တတ်သည်။ ပညာကဲ့သို့အမှန်ကိုမမြင်။

၇–မာနသည် သူ့ထက်ငါ-သာသည်ဟု မှတ်ထင်၏။ ကောင်းသွားတတ်၏-မှန်ကင်း အသွင်ပြုချင်၏။ မိမိကိုယ်ကို မိမိမြှောက်သော သူရူးနှင့်တူ၏။အထင်ကြီးသောကြောင့် ဒိဋ္ဌိကဲ့သို့ အာ ရုံမှ ရှိ၏။ ဒိဋ္ဌိနှင့်အတူမဖြစ်၊ ခြင်္သေ့နှစ်စီး-တဂူတည်းမအောင်း သကဲ့သို့တည်း။ မိမိကိုယ်ကို မြတ်နိုးသဖြင့် ဒေါသနှင့်လည်း အတူမဖြစ်။ ။သေယျပုဂ္ဂိုလ်၊ သဒိသပုဂ္ဂိုလ်၊ ဟီနပုဂ္ဂိုလ်-(မြတ်၊လတ်၊ယုတ်) သုံးယောက်တို့အား သေယျမာန်၊ သဒိသမာန်၊ ဟီနမာန်-သုံးချိအားဖြင့် မာနကိုးမျိုး ပြား၏။

၈-ဒေါသသည်ဖျက်ဆီးတတ်၏-အဆွင့်ရသော ရန်သူနှင့်တူ၏။ လှံတံ ခတ်မိသောမြွေကဲ့သို့ ကြမ်း၏။ အဆိပ်တက်သကဲ့သို့ ပျံ့နှံ့လွယ်၏။ မိမိမှီရာဟဒယဝတ္ထုကိုလောင်၏-မိမိမှီရာတောအုပ်ကိုလောင်သော တောမီးနှင့်တူ၏။ အာဃာတဝတ္ထု ကိုး ပါ ကြောင့် ဖြစ်၏။ ။ကိုးပါးကား-ဤသူသည် ငါ၏အကျိုးမဲ့ကို ပြုဘူးပြီ။ ပြုဆဲ ပြုလတ္တံ့-သုံးပါး။ ငါ့ပိယပုဂ္ဂိုလ်၏ အကျိုးမဲ့ကို ပြုဘူးပြီ၊ ပြုဆဲ၊ ပြုလတ္တံ့-သုံးပါး၊ ငါ့ဝေရီပုဂ္ဂိုလ်၏ အကျိုးစီးပွါးကို ပြုဘူးပြီ၊ ပြုဆဲ၊ ပြုလတ္တံ့-သုံးပါး၊ ဤကိုးပါးတည်း။ မိုးရွာခြင်း,နေပူခြင်းစသည်၌ စိတ်ဆိုးခြင်းကား အရာမဟုတ်သောကြောင့် အဋ္ဌာနကောပမည်၏။ အဋ္ဌာနကောပနှင့် ဆယ်ပါးသည် ဒေါသကိုဖြစ်စေ၏။

၉-ဣဿာသည် သူတပါး ပြည့်စုံခြင်းကိုငြူစူ၏၊ မျက်နှာလွှဲရှောင်တတ်၏။ ဗဟိဒ္ဓကိုသာ အာရုံပြုသည်။ အဇ္ဈတ္တမပြု။

၁၀-မစ္ဆရိယသည် မိမိ၏ရပြီး ရလတ္တံ့သော ပြည့်စုံခြင်းကို လျှို့ဝှက်၏။ သူတပါးနှင့် ဆက်ဆံခြင်းငှါ သည်းမခံနိုင်။ တွန့်တို၏။ စပ်ခါး၏။အဇ္ဈတ္တကိုသာ အာရုံပြုသည်။ဗဟိဒ္ဓမပြု။ မပေးလိုရုံဖြင့် မစ္ဆရိယမဖြစ်။ စိတ်မသက်မသာ-လျှို့ဝှက်မှ ဖြစ်သည်။

၁၁-ကုဏ္ဍုမ္ဘသည် စက်ဆုပ်ဘွယ်သော ပြုခြင်းဖြစ်၏။ နောက်၌ အဖန်ဖန်ပူပန်၏။ ပြုမိသောအကုသိုလ်၊ မပြုမိသောကုသိုလ် တို့ကို ပြန်၍ဖိုးရိမ်၏။ နှလုံးမသာယာခြင်း ထင်ရှား၏-ပြုမိလည်းပူ-မပြုမိလည်းပူ၊ သူ့ကျွန်ခံရသည်နှင့် တူ၏။

၁၂-ထိနသည်အားမထုတ်သဖြင့်တွန့်၏-လူပျင်းနှင့်တူ၏။ ဝီရိယကိုပယ်၏။ စိတ်၏အမှု၌ မခန့်ကျန်းခြင်း သဘောရှိ၏။ စိတ်ပျော့ထိုင်းကြောင်း ဖြစ်၏။

၁၃-မိဒ္ဓသည် သတ္တိမရှိသဖြင့် ပင်ပန်း၏-လူနာနှင့်တူ၏။ စေတသိက်၏အမှု၌ မခန့်ကျန်းခြင်း သဘောရှိ၏။ စေတသိက်ပျော့ထိုင်းကြောင်းဖြစ်၏။ ငိုက်မျဉ်းမှိတ်တုတ် မျက်လွှာလှုပ်ခြင်းထင်ရှား၏။

၁၄-ဝိစိကိစ္ဆာသည် အာရုံကိုမဆုံးဖြတ်နိုင်။ အာရုံတခုအမြဲမယူ၊ နှစ်ခွယူသည်။ အဝိဓောက္ခမရှိသောကြောင့် မရပ်မတန့်လိမ့်၏။ ထောင့်မရှိသော ပတ္တမြားလုံး လိမ့်သည်နှင့်တူ၏။ ပဋိပတ်ကို အန္တရာယ်ပြု၏။

## သောဘဏစေတသိက်ဘွယ်

၁-သဒ္ဓါသည် ယုံကြည်တတ်၏။ ယုံကြည်ရာ ဌာနကား-ရတနာသုံးတန်၊ ကံ၊ ကံ၏အကျိုး-ဤငါးမျိုးတည်း။ ကိလေသာကင်းအောင် စိတ်ကိုကြည်လင် စေ၏-ရေနောက် ကြည်စေနိုင်သော စကြာမင်း ၏ ပတ္တမြားရတနာနှင့်တူ၏။ သူတော်ကောင်းတို့သည် ယုံကြည်လင်သောစိတ်ဖြင့် ဒါနသီလဘာဝနာတို့ကိုအားထုတ်ကုန်၏။ ကုသိုလ်တို့၌ ရဲရင့်စွာပြေးဝင်နိုင်၏၊ မိကျောင်းကြောက်သူတို့ကို ခေါ်ဆောင်အားပေး၍ မြစ်ကူးသောရှေ့ဆောင် မိုလ်မှူးကြီးနှင့် တူ၏။ ဤသဒ္ဓါသည် ကုသိုလ်ရအောင်ယူရာ၌ လက်သဘွယ်၊ စည်းစိမ် ခပ်သိမ်းပြီးစေရာ၌ဥစ္စာသဘွယ်။ နိဗ္ဗာန်သီး-သီးစေရာ၌ မျိုးစေ့သဘွယ်ဖြစ်၏။

သဒ္ဓါသည်လေးမျိုးပြား၏။ ဘုရား, တရား, သံဃာဟုကြား၍ ကြည်ညိုခြင်းသည် ပသာဒသဒ္ဓါမည်၏။ ဂုဏ်တော်၌ သက်ဝင်ယုံကြည်ခြင်းသည် ဩကပ္ပနသဒ္ဓါ……။မဂ်ဖြင့်ရသော အရိယာတို့ယုံကြည်ခြင်းသည် အဓိဂမသဒ္ဓါ…။ဘုရားလောင်းတို့ ယုံကြည်ခြင်းသည် အာဂမနိယသဒ္ဓါမည်၏၊ မိစ္ဆာဒိဋ္ဌိတို့အား မိမိဆရာဘုရားကို ယုံကြည်ခြင်းသည် သဒ္ဓါစေတသိက်မဖြစ်၊ စကားနားထောင်သောဒိဋ္ဌိ၊ မောဟ၊ အဓိမောက္ခ စေတသိက်တို့သာဖြစ်ကုန်၏။ ယုံကြည်ရာဌာနမဟုတ်သောကြောင့်တည်း။ဘုရားမှန် တရားမှန် သံဃာမှန်မဟုတ်ဘဲ ဂုဏ်တော်မသိဘဲ ကြည်ညိုခြင်းသည်း သဒ္ဓါမဟုတ်၊ သဒ္ဓါတု၊သဒ္ဓါလွန်၊ သဒ္ဓါလွဲသာတည်း။ ကြည်ညိုတိုင်း ရက်ရောတိုင်း အမြောက်ခံရတိုင်း သဒ္ဓါမဟုတ်။ သဒ္ဓါမှန်သည် ကိလေသာဆယ်ပါးကိုကင်းစေသည်။

၂–သတိသည် ကြာမြင့်စွာပြုပြီးသောကုသိုလ်ကို အောက်မေ့စေ၏၊ စည်းစိမ်ကိုသတိပေးသော မင်းဘဏ္ဍာစိုးနှင့်တူ၏။ဗုဒ္ဓ တင်းရေချောမဟုတ် ကျောက်ဖျာအလား မလှုပ်မရှား၊ အာရုံ၌ သားတတ်၏။ အကျိုးမဲ့ကိုပယ်၍ အကျိုးရှိကို ချီးမြောက်တတ်သောကြောင့် စကြာမင်း၏ သားကြီးရတနာနှင့်တူ၏။ အာရုံ၌ ွဲစွာတည်သောကြောင့် တံခါးတိုင်နှင့်တူ၏။ စက္ခုဒွါရ စသော -ဒွါရကို စောင့်တတ်သောကြောင့် တံခါးစောင့်နှင့်တူ၏။ ။ ိစ္ဆာဒိဋ္ဌိတို့အား မိမိပြုဘူးသည်ကိုအောက်မေ့ခြင်းသည် သတိ စေတသိက်မဖြစ်၊ အကုသိုလ်မိစ္ဆာသတိသာဖြစ်သည်။ အမှတ်တိုင်းသတိမဟုတ်၊ သတိဟူသည် ဒွါရခြောက်ခွင်၌ အကုသိုလ် ဝင်အောင်စောင့်သည်။ ကုသိုလ်ဖြစ်အောင် အမှတ်ရသည်။

၃–ဟိရိသည် မကောင်းမှုမှရှက်၏။မိမိ၏ဇာတ်၊အရွယ်၊ရဲရင့်ခြင်းဂုဏ်၊ ဗာဟုသစ္စဂုဏ်တို့ကိုဆင်ခြင်၍အရှက်တွင်ငဲ့၍မကောင်းမှုမပြု။ ငါသို့သောဇာတ်ကောင်းသူ၊ အရွယ်ကောင်းသူ၊ ရဲရင့်သူ၊ ကြားအမြင်များသူသည် မကောင်းမှု မပြုသင့်ဟု မိမိကိုယ်ကို

ဒိဋိအလေးပြု၏။ ရှက်ခြင်း သဘော၌တည်၏၊ မပူလောင်သော်လည်း မစင်လူးသောသံချောင်းကို မကိုင်ဝံ့သူနှင့်တူ၏။ ဒိဋိ၏ဇာတ်မြတ်ခြင်း၊ ဆရာမြတ်ခြင်း၊ အမွေခံမြတ်ခြင်း။ သီတင်းသုံးဘော်မြတ်ခြင်းတို့ကို ဆင်ခြင်၍ ရှိသေခြင်း လက္ခဏာရှိ၏။ ဒိဋိကိုယ်ကို အလေးပြုသော အမျိုးကောင်း သတို့သမီးနှင့်တူ၏။

၄–ဩတ္တပ္ပသည် မကောင်းမှုမှ ကြောက်လန့်၏။ သူတပါးကဲ့ရဲ့မည်ကို ဆင်ခြင်၍ ဗဟိဒ္ဓငဲ့၍မကောင်းမှုမပြု၊သူတပါးသိသွားလတ္တံ့ဟုလောကကိုအလေးပြု၏။ အပါယ်ကြောက်ခြင်းသဘော၌တည်၏၊မစင်မလူးသော်လည်း ပူလောင်သောသံချောင်းကိုမကိုင်ဝံ့သူနှင့်တူ၏။ အတ္တာ နုဝါဒဘေး၊ ပရာနု ဝါဒဘေး၊ ဒဏ္ဍဘေး၊ ဒုဂ္ဂတိဘေး တို့ကိုဆင်ခြင်၍ ရှိသေခြင်းလက္ခဏာရှိ၏၊ သူတပါးကို အလေးပြုသော ပြည့်တန်ဆာမနှင့်တူ၏၊မရှက်သော်လည်း လူမစုံမက်မှာစိုးရိမ်လည်း။

၅–အလောဘသည် အာရုံ၌ ကပ်ငြိခြင်းမရှိ-ကြာရွက် ရေမကပ်သည်နှင့် တူ၏။စုဆောင်းခြင်းမရှိ- ကိလေသာမှ လွတ်သော ရဟန္တာနှင့်တူ၏၊ ကပ်ငြိခြင်းကို အလိုမရှိ- မဘော်တသ မစင်တွင်း လိမ့်ကျသူနှင့်တူ၏။ လောဘ၏ ဆန့်ကျင်ဘက်ဖြစ်၏။

၆–အဒေါသသည် ကြမ်းတမ်းခြင်း မရှိ၊ ဆန့်ကျင်ခြင်း မရှိလိုက်လျောသော မိတ်ဆွေနှင့်တူ၏။ ရန်ငြိုးဖျောက်တတ်၏။ ပူပန်ခြင်းငြိမ်းစေတတ်၏။ ပူလောင်ခြင်းကို ငြိမ်းစေသော စန္ဒကူးနှင့်တူ၏။ ချမ်းခြင်းထင်ရှား၏- လပြည့်ဝန်းနှင့် တူ၏။ သည်းခံခြင်းခန္တီသည် မည်၏၊ ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်၏။

ပြယုဒ်ဟာရန်၌ မေတ္တာမည်၏။ မေတ္တာဟူသည် သတ္တဝါတို့၏အစီးအပွါးကိုဆောင်တတ်၏။ ငယ်သော သား၏ ကြီးပွါးခြင်းကိုတောင့်တသောမိခင်နှင့်တူ၏။ ဒေါသမရှိလျှင် ပြည့်စုံ၏။ တဏှာချစ်ဖြစ်လျှင် ပျက်၏၊ဒေါသနှင့်တဏှာအကြား၌တည်၏။ လွန်လျှင်တဏှာ၊ လျော့လျှင်ဒေါသ။ ရာဂသည် မေတ္တာအယောင် ဆောင်တတ်၏။

၇-တတြမဇ္ဈတ္တတာသည် သမ္ပယုတ် တရားတို့၏ အလယ်၌ တည်၏၊ စိတ်စေတသိက်တို့ကို မိမိဆိုင်ရာကိစ္စ၌အညီအမျှဖြစ်စေ ၏၊ အယုတ်အလွန်ကိုတား၏၊တဘက်သတ်ကျခြင်း မရှိ။ ညီမျှသော စိတ်စေတသိက်တို့ကို လျစ်လျူရှု၏၊ ညီမျှသောအာဇာနည်မြင်း တို့ကို လျစ်လျူရှုသော ရထားထိန်းနှင့်တူ၏။

ဖြဟ္မဝိဟာရ၌ကား ဥပေက္ခာမည်၏၊ဥပေက္ခာဖြဟ္မဝိဟာရဟူ သည် သတ္တဝါတို့၌ ချစ်ခြင်း မုန်းခြင်းမရှိ၊ ကံသာလျှင် မိမိဥစ္စာရှိ သည့်အဖြစ်ကို မြင်၏၊မိမိကိစ္စ၌ လေ့လာ နိုင်သော သားကြီးအား မကြောင့်ကြသော မိခင်နှင့်တူ၏၊ ရာဂချစ်၊ ဒေါသမုန်း မရှိလျှင် ပြည့်စုံ၏၊ မောဟဖြင့် ဥပေက္ခာဖြစ်လျှင် ပျက်၏၊ ရာဂ ဒေါသနှင့် မောဟအကြား၌တည်၏၊လွန်လျှင်မောဟ၊လျော့လျှင်ရာဂဒေါသ၊ မောဟသည် ဥပေက္ခာ အယောင်ဆောင်တတ်၏။

၈-၉-ကာယပဿဒ္ဓိသည်ကိုယ်၏ငြိမ်းခြင်း၊စိတ္တပဿဒ္ဓိသည် စိတ်၏ ငြိမ်းခြင်းဖြစ်၏။(စေတသိက်ခန္ဓာသုံးပါးသည် နာမကာယ ဖြစ်၍ ကိုယ်မည်၏။) ကိုယ်စိတ်တို့ကို ပူလောင် စေသော ဥဒ္ဓစ္စ- စသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်၏။

၁၀၊၁၁-လဟုတာဒွယသည် ကိုယ်စိတ်တို့၏ ပေါ့ပါးခြင်းဖြစ် ၏။ လေးလံစေသော ထိန မိဒ္ဓ- စသည်တို့၏ ဆန့်ကျင်ဘက် ဖြစ်၏။

၁၂၊၁၃-မုဒုတာဒွယသည် ကိုယ်စိတ်တို့၏ နူးညံ့ခြင်း ဖြစ်၏၊ ခက်ထန်စေသော ဒိဋ္ဌိမာန–စသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်၏။

၁၄၊၁၅–ကမ္မညတာဒွယသည်ကိုယ်စိတ်တို့၏ ကုသိုလ်အမှု၌ ကောင်းခြင်းဖြစ်၏၊ အမှု၌ မကောင်းစေသော နီဝရဏတို့၏ ဆန့်ကျင်ဘက်ဖြစ်၏။ ကုသိုလ်မှုပြုခြင်း၌ ခံနိုင်၏၊ စင်ကြယ် သော ရွှေနှင့်တူ၏။

၁၆၊၁၇–ပါဂုညတာဒွယသည် ကိုယ်စိတ်တို့၏ အနာကင်း၍ လေ့လာခြင်းဖြစ်၏။ နာစေသော အသဒ္ဓိယ စသည်တို့၏ဆန့်ကျင် ဘက်ဖြစ်၏၊

၁၈၊၁၉-ဥဇုကတာဒွယသည် ကိုယ်စိတ်တို့၏ ဖြောင့်မတ်ခြင်း ဖြစ်၏၊ ကောက်ကျစ်စေသော မာယာ၊သာထေယျ-စသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်၏။

၂၀။ သမ္မာဝါစာသည် ကောင်းသောစကားကို ဆိုစေ၏၊ဝစီ ဒုစရိုက်ကို လွန်ကျူးခြင်း မရှိ၊ မိစ္ဆာဝါစာလေးပါးမှ ရှောင်ကြဉ် ၏၊ (မိစ္ဆာဝါစာမှ ရှောင်ကြဉ် ခြင်းသာ ဝိရတိ သမ္မာဝါစာ ဖြစ် သည်၊ ရှောင်ကြဉ်မည်ဟု သဘောမထားဘဲ၊ အကျိုး ရှိသော စကား ဆိုကာမျှနှင့် သမ္မာဝါစာ ဝိရတိမဖြစ်။)

၂၁။ သမ္မာကမ္မန္တသည် ကောင်းသောအမှုကိုပြုစေ၏၊ကာယ ဒုစရိုက်ကို လွန်ကျူးခြင်းမရှိ၊ မိစ္ဆာကမ္မန္တသုံးပါးမှရှောင်ကြဉ်၏၊ (ရှောင်ကြဉ်မည်ဟု သဘောမထားဘဲ၊ ကောင်းသောအမှု ပြုရုံမ ဟုတ်။)

၂၂။ သမ္မာ အာဇီဝသည် ကောင်းစွာ အသက် မွေးစေ၏၊ အသက်မွေးခြင်းအတွက် ကာယဒုစရိုက်၊ဝစီဒုစရိုက်ကိုလွန်ကျူး ခြင်းမရှိ၊ မိစ္ဆာအာဇီဝရှနစ်ပါးမှ ရှောင်ကြဉ်၏၊ကုဟနာ၊ လပနာ စသော မိစ္ဆာဇီဝများစွာတို့မှလည်း ရှောင်ကြဉ်၏၊ ရှောင်ကြဉ် မည်ဟု သဘောမထားလျှင် သမ္မာအာဇီဝမဖြစ်၊ အခိုင်သီးကို မစားဝံ့သူနှင့် တူ၏၊ (ဤသုံးခုသည် ဒါန၊ ဘာဝနာမျိုး မဟုတ်၊ ဒုစရိုက်မှ ရှောင်ကြဉ်သော သီလတည်း။ဝါ၊ စေတနာ သီလမှ ထူးသောဝိရတိသီလတည်း။)

၂၃။ ကရုဏာသည် ဒုက္ခိတသတ္တဝါကို သနားတတ်၏၊သတ္တ ဝါအားလုံးကိုသော်လည်း သံသရာဒုက္ခဖြစ်အင် ဆင်ခြင်၍သနား ၏၊ ဒုစရိုက်ရှိသူကိုလည်း အပါယ်ဘေးကြီး နီးကပ်နေပြီဟု သနား ၏-မကျန်းမာသောသား၏ ရောဂါကင်းခြင်းကို တောင့်တသော မိခင်နှင့်တူ၏။

ဖြဟ္မဝိဟာရလေးပါး၌ပါဝင်၏၊ညှဉ်းဆဲခြင်း ဝိဟိံသာမရှိလျှင် ပြည့်စုံ၏၊ သောကဖြစ်လျှင်ပျက်၏၊ ဝိဟိံသာနှင့် သောကအကြား

၌တည်၏၊ လွန်လျှင်သောက၊ လျော့လျှင် ဝိပဿီသာ၊ သောက
သည် ကရုဏာ အယောင်ဆောင်တတ်၏။

၂၄။ မုဒိတာသည် သုခိတသတ္တဝါကို ဝမ်းမြောက်တတ်၏၊
သတ္တဝါ အားလုံးကိုသော်လည်း သုခိတ ဖြစ်တုံ့ခြင်းကိုရင်း-ဖြစ်
လတ္တံ့ကိုရင်း ဆင်ခြင်၍ ဝမ်းမြောက်၏၊ သုစရိုက်ရှိသူ ကိုလည်း
သုဂတိ နီးကပ်ပေသည် ဟု ဝမ်းမြောက်၏ အရွယ်ရောက်သော
သား၏ပြည့်စုံခြင်းကို တောင့်တသော မိခင်နှင့်တူ၏။

ပြဟ္မဝိဟာရ၌ ပါဝင်၏၊ ဇာသာမရှိလျှင် ပြည့်စုံ၏၊ ပျော်ရွှင်
ခြင်း-ဟာသဖြစ်လျှင် ပျက်၏၊ ဇာသာနှင့်ဟာသ အကြား၌တည်
၏၊ လွန်လျှင်ဟာသ၊ လျော့လျှင်ဇာသာ၊ ဟာသသည် မုဒိတာ
အယောင်ဆောင်တတ်၏။ ။(အပ္ပမညာ ပြဟ္မဝိဟာရ တို့သည်
ဗဟိဒ္ဓသတ္တဝါ ပညပ်ကိုသာ အာရုံပြုကြသည်။)

၂၅။ ပညာသည် အနိစ္စ စသည်ဖြင့် ခွဲစိပ်၍ သိတတ်၏၊ အ
ဝိဇ္ဇာမှောင်ကိုဖျောက်၏၊ ပညာရောင်တောက်စေ၏၊ သစ္စာလေး
ပါးသိအောင်ပြု၏-မီးရောင်နှင့်တူ၏၊ ကုသိုလ်အကုသိုလ် မှီဝဲသင့်
မမှီဝဲသင့်ကိုသိ၏-ဆေးသမားနှင့်တူ၏၊ ဟုတ်မှန်သောအတိုင်း မ
ချွတ်မယွင်းသိ၏-လိမ္မာသော လေးသမား၏ မြား-အချက်တိုင်း
မှန်သည်နှင့် တူ၏။ တွေဝေခြင်းမရှိ-တောသွားခရီးညွှန်နှင့် တူ၏၊
သိတိုင်းလည်းပညာမဟုတ်၊ လှည့်ပတ်တတ်သော ပညာမည်
သောပညာမျိုးကား ပညာစစ်မဟုတ်၊ ဝဥ္စနာ၊ မာယာ-မည်သော
တဏှာသာဖြစ်သည်။

**ဉာဏ်သုံးမျိုးအထူး။** ။သညာသည် မှတ်၍ သိရုံသာ-
ဂုဏ်တပါးရှိသည်။ လက္ခဏာ ထိုးထွင်း၍မသိ၊ ဝိညာဏ်ကား
မှတ်၍လည်းသိ၊ ထိုးထွင်း၍လည်းသိ-ဂုဏ်နှစ်ပါးရှိသည်၊ မဂ်သို့
မရောက် စေနိုင်၊ ပညာကား မှတ်၍လည်း သိ၊ ထိုးထွင်း၍
လည်းသိ၊ မဂ်သို့လည်း ရောက်စေနိုင်သည်-ဂုဏ်သုံးပါးရှိသည်၊
ဤကို ကလေးသူငယ်သိ၊ ရွာသားသိ၊ ပန်းထိမ်သိ-ဟုသည်နှင့် တူ

၏။ ကလေး-ဝါရုံသိ၊ ရှာသား–ရွှေဟူ၍လည်းသိ။ ပန်းထိမ်–အဘိုး တန်အမျိုးခွဲ၍လည်းသိ။

**တိုက်တွန်းခြင်း။** ။ငါတို့ဆရာ ဘုရားမြတ်စွာသည် ထိုထို သဘောကို မှန်ကန်စွာသိ၍သာ ဝေဘန်တော်မူနိုင်ပေသည် တကား-ဟုယုံကြည်လေးစား၍ သဘာဝဓမ္မတို့၏ အထူးကို ကြံစည်အပ်၏။ မေးမြန်းအပ်၏။ ဆွေးနွေးအပ်၏။ ပေါက်ပြန် သောအားဖြင့် တွေတွေဝေဝေ မဖြစ်စေအပ်။

## သမ္မယောဂနည်းမှတ်ဘွယ်

ကရုဏာ မုဒိတာတို့သည် အဘယ်အခါ သောမနဿ၊ အဘယ်အခါ ဥပေက္ခာဖြစ်ကြသနည်း။ ။ချာန်အပ္ပနာသို့ ရောက်သောအခါ သောမနဿသာ ဖြစ်ကြသည် ။ ရှေ့အဘို့ ကာမာဝစရ၌ကား လေ့လာခြင်း အားသေးသောအခါ သောမနဿသာ ဖြစ်ခြင်းများ၍ လေ့လာခြင်း အားကြီးသောအခါ ဥပေက္ခာလည်း များစွာဖြစ်ကြသည်။

လေ့လာခြင်း များသော ကျမ်းဂန်ကို သရဇ္ဈာယ်သောအခါ ရံခါအာရုံတပါး နှလုံး ထားခြင်းများစွာဖြင့်လည်း သရဇ္ဈာယ် ကုန်၏၊ လေ့လာခြင်းများသော ဝိပဿနာဉာဏ်ဖြင့် သင်္ခါရတို့ကို သုံးသပ်သောအခါ ရံခါဉာဏဝိပ္ပယုတ်ဖြင့်လည်း သုံးသပ်ကုန်၏။ ဤ အတူတည်း။ ယို့ကြောင့်ကရုဏာ မုဒိတာတို့ ဥပေက္ခာ၌ မဖြစ် ဟူသော ဝေါဒါသည်မပြည့်စုံ။ လေ့လာခြင်း အဂ္ဂိန်မရသေး လျှင် သတိလည်းကြီးစွာထားရသည်။ သတိလစ်လျှင် ချက်ခြင်း မှားနိုင်သောကြောင့်တည်း။

အပ္ပမညာနှင့် ဝိရတီသည် အဘယ်ကြောင့် အတူ မဖြစ်သနည်း။ ။အာရုံမတူခြင်းကြောင့်တည်း။အပ္ပမညာသည် သတ္တဝါပညတ်ကိုသာ။ ဝိရတီသည် ပရမတ်ကိုသာ အာရုံပြုသည်။

လောကီ ဝိရတိသည် အဘယ်ကြောင့် အဗျာကတ မဖြစ်သနည်း။ ။ကုသိုလ်ဇောကန် ဖြစ်သောကြောင့် တည်း။ လောကီဝိရတိသည် ရှောင်ကြဉ် အပ်သော ဒုစရိုက်မှ အမြဲ ရှောင်ကြဉ် သောကြောင့် ကုသိုလ်အမြဲ-ကုသိုလ် ဇောကန်ဖြစ်သည်။ ကုသိုလ် ဇောကန် ဖြစ်သောကြောင့် ဝိပါက်ကြိယာ အဗျာကတ ဟူ၍ ဝိရတိမရှိစကောင်း။

ကာမ ဝိပါက်သည် မိမိကို ဖြစ်စေသော ကာမကုသိုလ် အကုသိုလ်၏ အာရုံကိုမယူ။ကာမတဏှာ၏ အာရုံကိုသာယူသည်။ အဘယ်ကြောင့်နည်း။ ။ကာမကုသိုလ် အကုသိုလ်သည်ပင် ကာမတဏှာသခင်နှင့် စပ်သောကြောင့်တည်း။ ကာမတဏှာ သခင် ညွှတ်ရာ၌သာ ကာမကုသိုလ် အကုသိုလ်သည် ကာမဝိပါက် ပဋိသန္ဓေကို ဖြစ်စေနိုင်သည်။ ကာမဝိပါက်သည် ကျွန်မ၏သား-သပေါက်နှင့်တူ၏။သပေါက်သည် အမိကျွန်ကိုမပြုနိုင်၊သခင့်ကျွန်ကိုသာ ပြုရသည်။(ဤစကားပကိဏ်းပိုင်း အာရုံပြုနှင့်ဆိုင်သည်။)

## အနိယတမှတ်ဘွယ်

အနိယတာ၁ - ခုတ္တိတွင်ဆုံသာသည်သူတပါးစည်းစိမ်ကိုငြူမှုသောအခါ၌သာ ဒေါသမူဒွေး၌ ရံခါဖြစ်သည်၊ တပါးသောအခါ ဘယ်မှာမှမဖြစ်၊ မစ္ဆရိယသည် မိမိစည်းစိမ်ကို လျှို့ဝှက်ဝန်တိုသော အခါ၌သာ......။ကုက္ကုစ္စသည် ပြုမိသော ဒုစရိုက်၊ မပြုမိသော သုစရိုက်တို့ကို ဖန်ဖန်စိုးရိမ်သောအခါ၌သာ ဒေါသမူဒွေး၌ ရံခါဖြစ်သည်၊ တပါးသောအခါ ဘယ်မှာမှမဖြစ်။ ဖြစ်သောအခါလည်း အသီးအသီး ဖြစ်ကြသည်။

သမ္မာဝါစာသည် ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်သော အခါ၌သာ မဟာကုသိုလ်၌ဖြစ်သည်။တပါးသောအခါ လောကုတ္တရာ၌ အမြဲတပေါင်းတည်း ဖြစ်သည်။ သမ္မာကမ္မန္တသည် ကာယ ဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်သော အခါ၌သာ။... သမ္မာ အာဇီဝ

သည် မိစ္ဆာဒိဋ္ဌိဝဒုစရိုက် ချနစ်ပါးမှ ရှောင်ကြဉ်သော အခါ၌သာ မဟာကုသိုလ်၌ရံခါဖြစ်သည်။ တပါးသောအခါ လောကုတ္တရာ၌ အမြဲတပေါင်းတည်းဖြစ်သည်။

ကရုဏာသည် ဒုက္ခိတ သတ္တဝါပညပ်ကို သနားသောအခါ၌သာ ၂၈-ပါးသောစိတ်တို့၌ ရံခါဖြစ်သည်၊ မုဒိတာသည် သုခိတသတ္တဝါပညပ်ကို ဝမ်းမြောက်သော အခါ၌သာ ၂၈-ပါးသောစိတ်တို့၌ရံခါဖြစ်သည်။ အသီးအသီးဖြစ်သည်၊ တပါးသောအခါ ဘယ်မှာမှမဖြစ်။

မာနသည် ငါတကားဟု ထောင်လွှားသော အခါ၌သာ ဒိဋ္ဌိယုတ်လေးခု၌ ရံခါဖြစ်သည်။ တပါးသောအခါ ဘယ်မှာမှမဖြစ်။

ထိနမိဒ္ဓသည် စိတ်စေတသိက်တို့၏အမှု၌ မခန့်ကျန်းသောအခါ၌သာ သသင်္ခါရိကငါးခု၌ ရံခါဖြစ်သည်။အချင်းချင်း တပေါင်းတည်းဖြစ်သည်၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စနှင့်ရင်း၊ မာနနှင့်ရင်း တပေါင်းတည်း ဖြစ်သည်။ တပါးသောအခါ ဘယ်မှာမှမဖြစ်။ (ဣဿာတိက အချင်းချင်းအာရုံမဘူ။ ဝိရတိတ္တယ အချင်းချင်းအာရုံမတူ။အပ္ပမညာဒွယ အချင်းချင် အာရုံမတူ။ထိနမိဒ္ဓအချင်းချင်းကား အာရုံတူသည်။)

## ဝိရတိအပ္ပမညာစသည်မှတ်ဘွယ်

လောကုတ္တရာ ဝိရတိသည် သမုစ္ဆေဒ၊ ပဋိပဿဒ္ဓိနဖြင့် ဒုစရိုက် ဒုရာဇီဝကိုပယ်သည်။မဂ်၌ဖိုလ်၌ဖြစ်သည်။ကုသိုလ်အဗျာကတ-နှစ်မျိုးပြားသည်။ နိဗ္ဗာန်ကိုသာ အာရုံပြုသည်။

လောကီဝိရတိသည် တဒင်္ဂဖြင့် ဒုစရိုက်စသည်ကို ပယ်သည်။ သမ္ပတ္တ၊ သမာဒါန-နှစ်မျိုးပြားသည်။ မဟာကုသိုလ်၌သာ ဖြစ်သည်။ ဝါ၊ ငါးပါးသီလ အဖြစ်ဖြင့်၊ မဟာကုသိုလ်၌သာ ဖြစ်သည်။ ကုသိုလ်ကောန့်ဖြစ်သည်။ပစ္စုပ်နာဂတ် ရှောင်ကြဉ်အပ်သော ကာမနာမ်ရုပ်ကို အာရုံပြုသည်။

အပ္ပမညာသည် ဈာန်မရမီ ရှေ့ကာမာဝစရ၌ ရံခါသောမနဿ၊ ရံခါဥပေက္ခာ၊ ဈာန်၌ကား အမြဲသောမနဿဖြစ်သည်။ သတ္တဝါ ပညတ်ကိုအာရုံပြုသည်။

လောကုတ္တရာစိတ်သည် လောကုတ္တရာ ဝိရတိနှင့်တူပြီ။

မဟဂ္ဂုတ်စိတ်သည် ဝိရတိသီလ တဒင်္ဂဖြင့် ကိုယ်နှုတ်သုတ်သင်သော်လည်း မဖြစ်သေး။ ဝိက္ခမ္ဘနဖြင့် သမာဓိကြီးစွာထားနိုင်မှုဖြစ်သည်။ သမုစ္ဆေဒ၊ ပဋိပဿမ္ဘန ဝိရတိဖြင့်လည်းမဖြစ်။ ကသိုဏ်းစသော ပညတ်နှင့်အာကာသာနဉ္စာယတန၊ အာကိဉ္စညာယတနကို အာရုံပြုသည်။

ကာမဝိပါက်သည် အမိနှင့်တူသောကုသိုလ်ကံ၊ အကုသိုလ်ကံ၏အာရုံကိုအာရုံမပြု။အမိ၏သခင်နှင့်တူသောကာမဝတ္ထုတို့၏အာရုံကိုသာ အာရုံပြုသည်။ ကာမနာမ်ရုပ်ဟူသောစိတ်၊စေတသိက်ရုပ်သည် ကာမဝတ္ထုတို့၏အာရုံ၊ ကာမဝိပါက်၏အာရုံဖြစ်၏။

ကာမဝိပါက်နှင့် လောကီဝိရတိသည် ဇာတ်မတူသောကြောင့် မယှဉ်။ကာမဝိပါက်နှင့် အပ္ပမညာသည် အာရုံမတူသောကြောင့် မယှဉ်။

ကာမဝိပါက်နှင့် လောကီဝိရတိ-ဇာတ်မတူ။ ကာမဝိပါက်နှင့် အပ္ပမညာအာရုံမတူ၊ကာမကြိယာနှင့် လောကီဝိရတိဇာတ်မတူ၊ (လောကုတ္တရာဝိရတိနှင့် ဘုံမတူ။)

မဟဂ္ဂုတ်နှင့် ဝိရတိ-အာရုံမတူ။ (ပဟာန်ကိစ္စမတူ၊ဘုံမတူ။)

ပဥ္စမဈာန်နှင့် အပ္ပမညာ-ဝေဒနာမတူ။

လောကုတ္တရာနှင့် အပ္ပမညာ-အာရုံမတူ။

အပ္ပမညာနှင့် ဝိရတိ-အာရုံမတူ။ ထိုကြောင့်မယှဉ်။

ဇာတ်၊ ကာလ၊ဘုံ၊ သဏ္ဌာန်-လေးပါးမတူခြင်းဖြင့် သမ္ပယုတ်မဖြစ်၊ ဝိပ္ပယုတ် လေးမျိုးဖြစ်သည်။ ဝေဒနာ၊ ဟိတ်၊ ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထု-မတူလျှင်လည်း သမ္ပယုတ် မဖြစ်ကောင်း။

စေတသိက်ပိုင်း အရသာပြီး၏။

## ၃......ပကိဏ်းပိုင်း

ဟှဉ်သင့်သည်အားလျော်စွာ အညီအညွတ် အပြားအားဖြင့် ယှဉ်ကုန်သော စိတ်စေတသိက်တို့သည် အသီးသီး မိမိတို့၏ သဘောအားဖြင့် ၅၃–ပါးဖြစ်ကုန်၏။ ။စိတ်တခုယုတ် ကိုးဆယ်သည် အာရုံသိခြင်းသဘောအားဖြင့် တပါးသာ။ စေတသိက်တို့သည် တွေ့ထိခြင်း၊ခံစားခြင်း စသောသဘော အသီးသီးအားဖြင့် ၅၂-ပါး။ ဤသို့ ၅၃–ပါးဖြစ်ကုန်၏။

ထို ၅၃-ပါးတို့၏–ဝေဒနာ၊ ဟိတ်၊ကိစ္စ၊ ဒွါရ၊ အာရုံ၊ ဝတ္ထု–အားဖြင့် ပြွမ်းသော ပကိဏ္ဏက သင်္ဂဟ ခြောက်ချက်ုစိတ်၊ စေတသိက်စွမ်းဖြင့်ဆိုပေအံ့။

**ဝေဒနာသင်္ဂဟ။** ။ထိုခြောက်ချက်တို့တွင် ဝေဒနာသင်္ဂဟ၌ ဝေဒနာသည်သုခ၊ ဒုက္ခ၊ အဒုက္ခ မသုခ–ဟုအာရုံ အရသာခံစားခြင်းအားဖြင့် သုံးပါး။သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ–ဟု ဣန္ဒြေအပြားအားဖြင့် ငါးပါး ပြား၏။

ထိုတွင် သုခဝေဒနာနှင့်တကွ ဖြစ်သော စိတ်သည် ကုသလ ဝိပါက်ကာယ ဝိညာဏ် တခုဖြစ်၏။ ဒုက္ခဝေဒနာနှင့်တကွ ဖြစ်သော စိတ်သည် အကုသလဝိပါက်ကာယ ဝိညာဏ်တခုဖြစ်၏။

သောမနဿ ဝေဒနာနှင့်တကွဖြစ်သော စိတ်သည် လောဘမူ-၄၊ သောမနဿ သန္တီရဏ၊ ဟသိတုပ္ပါဒ်၊ ကာမသောဘဏ ၁၂–အားဖြင့် ကာမ ၁၈ ပဌမဈာန်ကောဒသ......ဒုတိယဈာန် ကောဒသ၊ တတိယဈာန် ကောဒသ၊စတုတ္ထဈာန် ကောဒသ အားဖြင့် မဟဂ္ဂုတ်လောကုတ္တရာ ၄၄–ဤသို့ ၆၂–ခုဖြစ်၏။

ဒေါမနဿ ဝေဒနာနှင့်တကွဖြစ်သော စိတ်သည် ဒေါသမူ၂ ဖြစ်၏။ ဥပေက္ခာ ဝေဒနာနှင့်တကွ ဖြစ်သောစိတ်သည် ကြွင်း ၅၅–ခုဖြစ်၏။

**အချုပ်။** ။ဝေဒနာသည် အနုဘဝနအားဖြင့် သုံးပါး။ဣန္ဒြိယဘေဒအားဖြင့် ငါးပါးဖြစ်၏။ ။သုခ—၁၊ ဒုက္ခ—၁။ သောမနဿ-၆၂။ ဒေါမနဿ-၂။ ဥပေက္ခာ ၅၅—ပေါင်း ၁၂၁။

**စေတသိက်။** ။စေတသိက်တို့၌ သဗ္ဗစိတ္တ သာဓာရဏတို့တွင် ဝေဒနာသည် ယှဉ်ဘက်ဝေဒနာမရှိ၊ ကြွင်းခြောက်ရသည်ဝေဒနာ ငါးပါးနှင့်ယှဉ်၏။ ။ပကိဏ်းတို့တွင် ပီတိသည် ဝေဒနာတပါးနှင့်ယှဉ်၏။ ကြွင်းငါးရသည် သုံးပါးနှင့်ယှဉ်၏။ ။ အကုသိုလ်တို့တွင် မောဟစသော လေးရသည် သုံးပါးနှင့်ယှဉ်၏၊ လောဘစသော သုံးရသည် နှစ်ပါးနှင့်ယှဉ်၏၊ ဒေါသစသော လေးရသည် တပါးနှင့်ယှဉ်၏၊ ထိန၊ မိဒ္ဓသည် သုံးပါးနှင့်ယှဉ်၏။ ဝိစိကိစ္ဆာသည် တပါးနှင့်ယှဉ်၏။ ။သောဘဏ ၂၅-သည် နှစ်ပါးနှင့်ယှဉ်၏။

---

**ဟေတုသင်္ဂဟ။** ။ဟေတုသင်္ဂဟာ၌ ဟိတ်တို့သည် လောဘ၊ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟအားဖြင့် ၆-ပါးဖြစ်ကုန်၏။

ဟိတ်မရှိသောစိတ်သည် ပဉ္စဒွါရာဝဇ္ဇန်း၊ ဒွေပဉ္စဝိညာဏ်တဆယ်၊ သမ္ပဋိစ္ဆိုင်းနှစ်၊ သန္တီရဏသုံးခု၊ ဝုဋ္ဌော၊ ဟသိတုပ္ပါဒ်-အားဖြင့် အဟိတ်စိတ် ၁၈-ခုဖြစ်၏။ ဟိတ်ရှိသောစိတ်သည်ကြွင်းသော သဟိတ်စိတ် ၇၁ တတ်ဖြစ်၏။

(သဟိတ်စိတ်တို့တွင် လောဘဟိတ်ရှိသောစိတ်သည် လောဘ စေတသိက်ယှဉ်သော စိတ်ရှစ်ခုဖြစ်၏။ထိုအတူ ဒေါသဟိတ်ရှိသောစိတ် ၂-ခု။ မောဟဟိတ်ရှိသောစိတ် ၁၂-ခု။အလောဘဟိတ်ရှိသောစိတ် ၅၉-ခု။ အဒေါသဟိတ် ရှိသောစိတ် ၅၉-ခု။ အမောဟဟိတ်ရှိသောစိတ် ၄၇-ခု ဖြစ်၏။)

ဟိတ်တပါးရှိသောစိတ်သည် မောဟမူဒွေ၌ဖြစ်၏။ဟိတ်နှစ်ပါးရှိသော စိတ်သည် လောဘမူရှစ်၊ ဒေါသမူနှစ်၊ ဉာဏဝိပ္ပယုတ်

၁၂-အားဖြင့် ၂၂-ခုဖြစ်၏၊ ဟိတ်သုံးပါးရှိသော စိတ်သည် ဉာဏသမ္ပယုတ် ၄၇-ခု (၀၁-၇၉-ခု)ဖြစ်၏။

**အချုပ်။** ။အကုသိုလ်ဟိတ်သုံးပါး၊ ကုသိုလ်ဟိတ်သုံးပါး၊ အဗျာကတဟိတ်သုံးပါး။ ။အဟိတ်စိတ် ၁၈။ ဧကဟိတ်စိတ် ၂။ ဒွိဟိတ်စိတ် ၂၂၊ တိဟိတ်စိတ် ၄၇-ပေါင်း ၈၉။

**စေတသိက်။** ။စေတသိက်တို့၌ အညသမာန်းတို့တွင်ဝိ တိသည် ဟိတ် ၅-ပါးရှိ၏။ ကြွင်း ၁၂-ခုသည် ဟိတ်ခြောက်ပါးရှိ၏။ ။အကုသိုလ်တို့တွင် မောဟ-ဒွိဟိတ်၊ ယှဉ်ဘက် မောဟဟိတ်မရှိ။ အဟိရိကစသော သုံးခု-တိဟိတ်။ လောဘ-ဧကဟိတ်။ ဒိဋ္ဌိမာနဒွိဟိတ်၊ ဒေါသ-ဧကဟိတ်၊ ဣဿာစသော သုံးခု-ဒွိဟိတ်။ ထိန၊ မိဒ္ဓ-တိဟိတ်၊ ဝိစိကိစ္ဆာ-ဧကဟိတ်။ ။သောဘဏတို့တွင် အလောဘ-ဒွိဟိတ်၊ အဒေါသ-ဒွိဟိတ်။ ပညာ-ဒွိဟိတ်၊ ကြွင်း ၂၂-ခုတိဟိတ်။

တနည်း၊ အဟိတ်စိတ်ယှဉ်နိုက် ၁၂-ခုတို့တွင် ၁၂-ခုလုံးအဟိတ်၊ မောဟမူစိတ်ယှဉ်နိုက် ၁၆-ခုတို့တွင် မောဟ-အဟိတ်၊ ကြွင်း ၁၅-ဧကဟိတ်၊ လောဘမူစိတ်ယှဉ်နိုက် ၂၂-ခုတို့တွင် လောဘ-ဧကဟိတ်။ မောဟ-ဧကဟိတ်၊ ကြွင်း ၂၀-ဒွိဟိတ်။ ဒေါသမူစိတ်ယှဉ်နိုက် ၂၂-ခုတို့တွင် ဒေါသဧကဟိတ်၊ မောဟဧကဟိတ်။ ကြွင်း ၂၀-ဒွိဟိတ်။

ဉာဏဝိပ္ပယုတ်စိတ် ၁၂-ခုယှဉ်နိုက် ၃၇-ခုတို့တွင် အလောဘဧကဟိတ်၊ အဒေါသ-ဧကဟိတ်၊ ကြွင်း ၃၅-ဒွိဟိတ်၊ ဉာဏသမ္ပယုတ်စိတ် ၄၇-ခုယှဉ်နိုက် ၃၈-ခုတို့တွင် အလောဘဒွိဟိတ်၊ အဒေါသ-ဒွိဟိတ်၊ အမောဟ ဒွိဟိတ်၊ ကြွင်း၃၅-တိဟိတ်။

---

**ကိစ္စသင်္ဂဟ။** ။ကိစ္စသင်္ဂဟ၌ ကိစ္စတို့သည် ပဋိသန္ဓေ၊ ဘဝင်၊အာဝဇ္ဇန်း၊ ဒဿန၊သဝန၊ဃာယန၊ သာယန၊ ဖုသန၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ၊ စုတိအားဖြင့် ၁၄–

ပါးဖြစ်ကုန်၏။ ။ဩာနတို့သည် ပဋိသန္ဓေ၊ ဘဝင်၊ အာဝဇ္ဇန်း ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ၊ စုတိ-အားဖြင့် ဆယ်ပါးဖြစ်ကုန်၏။

ပဋိသန္ဓေ ကိစ္စတပ်သော စိတ်သည် ဥပေက္ခာ သန္တီရဏ ၂-ချ၊ မဟာဝိပါက် ၈ချ၊ မဟဂ္ဂုတ်ဝိပါက် ၉-ခုအားဖြင့် ၁၉-ခု ဖြစ်၏။ ထိုအတူ ဘဝင်စိတ် ၁၉၊ စုတိစိတ်၁၉။

အာဝဇ္ဇန်းကိစ္စတင်သောစိတ်သည် အာဝဇ္ဇန်း ၂။ ဒဿနကိစ္စ စက္ခုဝိညာဏ်၂။ သဝနကိစ္စ-သောတဝိညာဏ်၂၊ ဃာယနကိစ္စ ဃာနဝိညာဏ်၂၊ သာယနကိစ္စ-ဇိဝှါဝိညာဏ်၂၊ ဖုသနကိစ္စ-ကာယဝိညာဏ်၂၊ သမ္ပဋိစ္ဆိုင်းကိစ္စ သမ္ပဋိစ္ဆိုင်း၂၊ သန္တီရဏ ကိစ္စ-သန္တီရဏသုံးခု။

ဝုဋ္ဌောကိစ္စသည် ငါးဒွါရ၌ဖြစ်သော မနောဒွါရာဝဇ္ဇန်းတခု ဖြစ်၏။ ဇောကိစ္စသည် ကုသိုလ် ၂၁။ အကုသိုလ်၁၂။ ဖိုလ် ၄ (အာဝဇ္ဇန်း၂ကြဉ်သော)ကြိယာ ၁၈-အားဖြင့် ၅၅ခု။ အကျယ် ၈၇-ခုဖြစ်၏။ တဒါရုံကိစ္စသည်သန္တီရဏ၊ မဟာဝိပါက်အားဖြင့် ၁၁-ခုဖြစ်၏။

**စိတ်စဉ်အတိုင်း။** ။အကုသိုလ်စိတ် ၁၂-ခုသည် ဇော ကိစ္စတပ်၏။ စက္ခုဝိညာဏ်၂ ဒဿန…။သောတဝိညာဏ်၂-သဝန၊ ဃာနဝိညာဏ်၂-ဃာယန၊ ဇိဝှါဝိညာဏ်၂-သာယန။ ကာယဝိညာဏ်၂-ဖုသန။ သမ္ပဋိစ္ဆိုင်း၂- သမ္ပဋိစ္ဆိုင်။ သုခသန္တီ ရဏ- သန္တီရဏ တဒါရုံ-နှစ်ကိစ္စ။ ဥပေက္ခာသန္တီရဏ-ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊ သန္တီရဏ၊ တဒါရုံ-ငါးကိစ္စ။ ပဉ္စဒွါရာဝဇ္ဇန်း-အာဝဇ္ဇန်း၊မနောဒွါရာဝဇ္ဇန်း ဝုဋ္ဌော၊အာဝဇ္ဇန်း—နှစ်ကိစ္စ။ ဟသိတုပ္ပါဒ် ဇော။ ။မဟာ ကုသိုလ်-ဇော၊ မဟာဝိပါက်- လေးကိစ္စ၊ မဟာကြိယာ-ဇော၊မဟဂ္ဂုတ် ကုသိုလ်-ဇော၊မဟဂ္ဂုတ်ဝိပါက်- သုံးကိစ္စ၊ မဟဂ္ဂုတ်ကြိယာ-ဇော၊ မဂ်-ဇော၊ ဖိုလ်-ဇော။

တကိစ္စတပ်သောစိတ်သည်ဇော၊မနောဓာတ်၊ဒွေပဉ္စဝိညာဏ်အားဖြင့် ၆၀-ချ။ (ဝါ-တရာ) ဖြစ်၏။ နှစ်ကိစ္စ-သုခသန္တီရဏ၊ မနောဒွါရာဝဇ္ဇန်းအားဖြင့် ၂၊ သုံးကိစ္စ-မဟဂ္ဂုတ်ဝိပါက် ၉၊ လေးကိစ္စ-မဟာဝိပါက် ၈၊ ငါးကိစ္စ-ဥပေက္ခာ သန္တီရဏ နှစ်ချဖြစ်၏။

**အချုပ်။** ။စိတ်စေတသိက်တို့သည် ကိစ္စအားဖြင့် ၁၄-မျိုး။ ဌာနအားဖြင့်ဆယ်မျိုးဖြစ်ကုန်၏။ ။တကိစ္စတဌာနစိတ် ၆၀။ နှစ်ကိစ္စနှစ်ဌာန ၂။ သုံးကိစ္စ သုံးဌာန-၉။ လေးကိစ္စလေးဌာန-၈။ ငါးကိစ္စငါးဌာန-၂။ ပေါင်း ၈၉။

**စေတသိက်။** ။စေတသိက်တို့၌ သဗ္ဗစိတ္တသာဓာရဏ တို့တွင် ၇-ချလုံး ၁၄-ကိစ္စယှဉ်၏၊ပကိဏ်းတို့တွင် ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ ၉-ကိစ္စ။ ဝိရိယ-၇။ ပီတိ-၆။ ဆန္ဒ-၅။ အကုသိုလ် ၁၄-ချဇောတကိစ္စ။ သောဘဏာဘွဲ့ကွင်ဝိရတိ ဇောတကိစ္စ၊ အပ္ပမညာ-၄-ကိစ္စ၊ကြွင်းနှစ်ဆယ်-ငါးကိစ္စ။

---

**ဒွါရသင်္ဂဟ။** ။ဒွါရသင်္ဂဟ၌ ဒွါရတို့သည် စက္ခုဒွါရ၊ သောတဒွါရ၊ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရ၊ အားဖြင့်ခြောက်ပါး ဖြစ်ကုန်၏။ ။စက္ခုပသာဒရုပ်သည် စက္ခုဒွါရမည်၏။သောတပသာဒ ရုပ်သည် သောတဒွါရမည်၏။ဃာနပသာဒရုပ်သည် ဃာနဒွါရမည်၏။ ဇိဝှါပသာဒရုပ်သည်- ဇိဝှါဒွါရမည်၏။ ကာယပသာဒရုပ်သည် ကာယဒွါရမည်၏။ ဘဝင်္ဂုပစ္ဆေဒ ၁၉-ချသည် မနောဒွါရမည်၏။

စက္ခုဒွါရ၌ ဖြစ်သော စိတ်ကား-ပဉ္စဒွါရာဝဇ္ဇန်းတစ်၊ စက္ခုဝိညာဏ်နှစ်၊သမ္ပဋိစ္ဆိုင်းနှစ်၊ သန္တီရဏသုံးချ၊ ဝုဋ္ဌောတစ်၊ ကာမဇောတစ်ယုတ်သုံးဆယ်၊ တဒါရုံ ဧကာဒသ-အားဖြင့် ၄၉-ချဖြစ်၏။(သန္တီရဏနှင့် တဒါရုံကို ၁၁-ဖြစ်အောင်ပေါင်းနိုင်စေ၊ ၁၄-မဖြစ်စေနှင့်။)

သောတ ဒွါရ၌ ဖြစ်သော စိတ်ကား-ပဉ္စဒွါရာ ဝဇ္ဇန်း-တစ်-သောတဝိညာဏ်နှစ်-သမ္ပဋိစ္ဆိုင်းနှစ်- သန္တီရဏ သုံးချ၊ ဝုဋ္ဌော-

တစ်-ကာမဇောတရယုတ်သုံးဆယ် တဒါရုံကောဒသ အားဖြင့် ၄၆-ချဖြစ်၏။

ဃာနဒွါရ၌ဖြစ်သော စိတ်ကား ပဉ္စဒွါရာဝဇ္ဇန်း- တစ်၊ဃာန ဝိညာဏ်နှစ်,သမ္ပဋိစ္ဆိုင်းနှစ်, သန္တီရဏသုံးချ,ဝုဋ္ဌော-တစ်-ကာမ ဇောတရယုတ်သုံးဆယ် တဒါရုံကောဒသ အားဖြင့်၄၆-ချဖြစ်၏။

ဇိဝှါဒွါရ၌ ဖြစ်သောစိတ်ကားပဉ္စဒွါရာဝဇ္ဇန်း တစ်၊ ဇိဝှါဝိ ညာဏ်နှစ်, သမ္ပဋိစ္ဆိုင်းနှစ်, သန္တီရဏသုံးချ, ဝုဋ္ဌော-တစ်-ကာမ ဇောတရယုတ်သုံးဆယ်-တဒါရုံကောဒသ-အားဖြင့် ၄၆-ချဖြစ်၏။

ကာယ ဒွါရ၌ ဖြစ်သော စိတ်ကား ပဉ္စဒွါရာဝဇ္ဇန်းတစ်, ကာယဝိညာဏ်နှစ်, သမ္ပဋိစ္ဆိုင်းနှစ်,သန္တီရဏသုံးချ,ဝုဋ္ဌော-တစ် ကာမဇောတရ ယုတ်သုံးဆယ် တဒါရုံကောဒသအား ဖြင့် ၄၆ချပ် ဖြစ်၏။ ဤသို့လျှင် ပဉ္စဒွါရ၌ ကာမစိတ် ၅၄—ချသာဖြစ်၏။

မနောဒွါရ၌ဖြစ်သောစိတ်ကား မနောဒွါရာဝဇ္ဇန်း၊ဇော ငါးဆဲ့ ငါး၊ တဒါရုံကောဒသအားဖြင့် ၆၇-ချဖြစ်၏။

ခြောက်ဒွါရ၌ မဖြစ်သောစိတ်ကား ပဋိသန္ဓေ ၁၉၊ဘဝင် ၁၉၊ စုတိ ၁၉ အားဖြင့် ၁၉ချဖြစ်၏။ ဤသုံးကိစ္စသည် ဒွါရဝိမုတ်မည် ၏။

**စိတ်စဉ်အတိုင်း။** ။အကုသိုလ်စိတ် ၁၂-ချသည်ဇောကိစ္စ, ခြောက်ဒွါရ၌ဖြစ်၏။ စက္ခု ဝိညာဏ်နှစ်—ဒဿနကိစ္စ၊ စက္ခုတ ဒွါရ။ သောတဝိညာဏ်နှစ်- သဝနကိစ္စ, သောတဒွါရ။ဃာန ဝိညာဏ်နှစ် ဃာယနကိစ္စ-ဃာနတဒွါရ။ဇိဝှါဝိညာဏ်နှစ် သာယ နကိစ္စ-ဇိဝှါတ ဒွါရ၊ကာယဝိညာဏ်နှစ်-ဖုသနကိစ္စ-ကာယတဒွါ ရ၊သမ္ပဋိစ္ဆိုင်း နှစ်—သမ္ပဋိစ္ဆိုင်း ကိစ္စ၊ ငါးဒွါရ။ သုခသန္တီရဏ- နှစ်ကိစ္စတွင် သန္တီရဏကိစ္စ-ငါးဒွါရ၊ တဒါရုံကိစ္စ-ခြောက်ဒွါရ၊ ဥပေက္ခာသန္တီရဏနှစ်ချ-ငါးကိစ္စတွင် သန္တီရဏကိစ္စ-ငါးဒွါရ၊ တဒါရုံကိစ္စ- ခြောက်ဒွါရ၊ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စ- ဒွါရဝိ

မှတ်၊(ရံခါဆဒွါရ၊ ရံခါဒွါရဝိမုတ်ဟူလို၊) ပဉ္စဒွါရာဝဇ္ဇန်း-အာဝဇ္ဇန်းကိစ္စ-ငါး ဒွါရ၊ မနောဒွါရာဝဇ္ဇန်း—နှစ်ကိစ္စတွင် ဝုဋ္ဌော ကိစ္စ-ငါးဒွါရ၊ အာဝဇ္ဇန်းကိစ္စ-မနောတဒွါရ- ပေါင်းခြောက်ဒွါရ၊ ဟသိတုပ္ပါဒ်-ဧဝ-ခြောက်ဒွါရ။

မဟာကုသိုလ်-ဧဝ ခြောက်ဒွါရ၊ မဟာဝိပါက်-လေးကိစ္စတွင် တဒါရုံကိစ္စ-ခြောက်ဒွါရ။ ပဋိသန္ဓေ, ဘဝင်, စုတိ ကိစ္စဒွါရဝိမုတ်။ (ရံခါဆဒွါရ၊ ရံခါဒွါရဝိမုတ်ဟူလို။) မဟာကြိယာ—ဧဝ၊ ခြောက်ဒွါရ။ မဟဂ္ဂုတ်ကုသိုလ်- ဧဝ မနောတဒွါရ။ မဟဂ္ဂုတ်ဝိပါက်- သုံးကိစ္စလုံး-ဒွါရဝိမုတ်၊ (အမြဲဝိမုတ်ဟူလို။) မဟဂ္ဂုတ်ကြိယာ-ဧဝ မနောတဒွါရ။ မဂ်-ဧဝ မနောတဒွါရ၊ ဖိုလ်ဧဝ မနောတဒွါရ။

တဒွါရ၌ ဖြစ်သောစိတ်ကား ဒွေ ပဉ္စဝိညာဏ် တဆယ်၊ မဟဂ္ဂုတ်လောကုတ္တရာ(အပ္ပနာ)ဧဝ ၂၆-အားဖြင့် ၃၆ ချဖြစ်၏။ ငါးဒွါရစိတ် မနောဓာတ်သုံးခု။ ခြောက်ဒွါရစိတ်—သုခသန္တီရဏ ဝုဋ္ဌော ကာမဇဝနာအားဖြင့် ၃၁။ ရံခါဆဒွါရ-ရံခါဒွါရဝိမုတ်စိတ်၊ ဥပေက္ခာသန္တီရဏ၊ မဟာဝိပါက်အားဖြင့် ၁၀။ အမြဲ ဒွါရဝိမုတ်-စိတ်-မဟဂ္ဂုတ်ဝိပါက် ၉။

**အချုပ်။** ။တဒွါရစိတ် ၃၆၊ ငါးဒွါရ-၃။ ခြောက်ဒွါရ ၃၁၊ ရံခါဝိမုတ် ၁၀။ အမြဲဝိမုတ် ၉-ပေါင်း ၈၉။

**စေတသိက်။** ။စေတသိက်တို့သည်၊ တဒွါရသက်သက်၊ ငါးဒွါရသက်သက်မရှိ။ ခြောက်ဒွါရ၊ ရံခါဝိမုတ်၊ အမြဲဝိမုတ်—ဟုအခိုက်အတန့်အားဖြင့် သုံးမျိုးစီသာ များကုန်၏။ အကုသိုလ် ၁၄-ခုသည် ခြောက်ဒွါရတမျိုးသာ။ ဝိရတိသည် ခြောက်ဒွါရတမျိုးသာ။ အပ္ပမညာသည် ခြောက်ဒွါရနှင့် အမြဲဝိမုတ်-နှစ်မျိုးသာ။ ကြွင်း ၃၃—ခုသည် ခြောက်ဒွါရ၊ ရံခါဝိမုတ်၊ အမြဲဝိမုတ်—သုံးမျိုးစီ။

**အာရမ္မဏသင်္ဂဟ။** ။အာရမ္မဏ သင်္ဂဟ၌ အာရုံဟူသည် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ-ဓမ္မာရုံ အားဖြင့် ခြောက်ပါးဖြစ်ကုန်၏။ အဆင်းသည် ရူပါရုံမည်၏။ အသံသည် သဒ္ဒါရုံ၊ အနံ့သည် ဂန္ဓာရုံ၊ အရသာသည် ရသာရုံ၊ ပထဝီအတွေ့၊ တေဇောအတွေ့၊ ဝါယောအတွေ့-သုံးမျိုးသည် ဖောဋ္ဌဗ္ဗာရုံမည်၏၊ ဓမ္မာရုံကား–ပသာဒရုပ် ငါးခု ဓမ္မာရုံ၊ သုခုမရုပ် သောဠသဓမ္မာရုံ၊ စိတ်တခုယုတ် ကိုးဆယ် ဓမ္မာရုံ၊ စေတသိက်ဒွေ ပညာသ ဓမ္မာရုံ၊ နိဗ္ဗာန်ဓမ္မာရုံ၊ ပညတ်ဓမ္မာရုံအားဖြင့် ခြောက်မျိုးပြား၏။

**အာရုံပြုအကျဉ်း။** ။စက္ခုဒွါရိကစိတ် ၄၆ခုသည် ပစ္စုပ္ပန် ရူပါရုံကို အာရုံပြု၏။…သောတဒွါရိကစိတ် ၄၆-ခုသည်-ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြု၏၊ ဃာနဒွါရိကစိတ် ၄၆-ခုသည် ပစ္စုပ္ပန် ဂန္ဓာရုံကိုအာရုံပြု၏၊ ဇိဝှါဒွါရိကစိတ် ၄၆-ခုသည် ပစ္စုပ္ပန်ရသာရုံကို အာရုံပြု၏၊ ကာယဒွါရိကစိတ် ၄၆-ခုသည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကိုအာရုံပြု၏၊ မနောဒွါရိကစိတ် ၆၇–ခုသည်အာရုံခြောက်ပါးကို အာရုံပြု၏၊ ထိုခြောက်ပါးတို့တွင် ဓမ္မာရုံ၌ နိဗ္ဗာန်နှင့် ပညတ်သည် ကာလဝိမုတ်ဖြစ်၏။ ကြွင်းသောအာရုံအားလုံးသည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်အားဖြင့် ကာလသုံးပါးစီဖြစ်၏။

**ဝိမုတ်အာရုံ။** ။ပဋိသန္ဓေ၊ ဘဝင်၊ စုတိဟု ဆိုအပ်သော ဒွါရဝိမုတ်စိတ် တခုယုတ်နှစ်ဆယ်သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်-ဟုသမုတ်အပ်သော အာရုံခြောက်ပါးကို အာရုံပြု၏။ ထို အာရုံခြောက်ပါးသည် ထိုက်သည်အားလျော်စွာ၊ ပစ္စုပ္ပန်၊ အတိတ်၊ ပညတ် ကာလဝိမုတ်-ဟု သုံးမျိုးပြား၏။ (အနာဂတ်မရှိ။) အများအားဖြင့် အတိတ်အခြားမဲ့ဘဝ-မရဏာသန္နအခါ ခြောက်ဒွါရဖြင့် ယူခဲ့သော အာရုံဟောင်းဖြစ်၏။

(ကံကား စေတနာ စေတသိက် ဓမ္မာရုံဖြစ်၏။ အတိတ်ဖြစ်၏။ မနောဒွါရဖြင့်ယူခဲ့၏။ ကမ္မနိမိတ်ကား-အာရုံ ခြောက်ပါးဖြစ်၏။ ပစ္စုပ္ပန်အချို့၊ အတိတ်အချို့၊ ကာလဝိမုတ်အချို့ဖြစ်၏။ ခြောက်ဒွါ

ရဖြင့်ယူခဲ့၏။ ဂတိနိမိတ်ကား-ရူပါရုံဖြစ်၏။ ပစ္စုပ္ပန်ဖြစ်၏၊ မနောဒွါရဖြင့်ယူခဲ့၏။

ထိုတွင် ကံ၌ကာမပဋိသန္ဓေကို ဖြစ်စေတတ်သော ဥဒ္ဓစ္စကြဉ်သော ကာမကုသိုလ်၊ အကုသိုလ် စေတနာ ၁၉-ခုကိုသာယူသည်၊ မဟဂ္ဂုတ်ကံကိုမယူ။ ကမ္မနိမိတ်၌ ထိုလောကီ ကုသိုလ် အကုသိုလ်ကံကို အားထုတ်စဉ် အကြောင်းအာရုံ ဖြစ်သောစိတ်၊ စေတသိက်၊ ရုပ်-ပညတ်အားဖြင့် အာရုံခြောက်ပါး ဖြစ်သော ပစ္စုပ္ပန်၊ အတိတ်၊ ကာလဝိမုတ်ကိုသာ ယူသည်။ အနာဂတ်ကို မယူ။ နိဗ္ဗာန်ကိုမယူ။ ဂတိနိမိတ်၌ လားရာဘဝ၌ တည်ရှိဆဲ ရူပါရုံတခုကိုသာ ယူသည်။ အကြွင်းတို့ကိုမယူ။ ထိုရူပါရုံကို လည်း အိပ်မက်၌ကဲ့သို့မနောဒွါရဖြင့် ယူသည်။)

**ကာမ၌ ၂၅။** ။ဆဒွါရိက စိတ်တို့တွင် စက္ခုဝိညာဏ်ဒွေသည် ပစ္စုပ္ပန်ရူပါရုံကိုအာရုံပြု၏။ သောတဝိညာဏ်ဒွေသည် ပစ္စုပ္ပန်သဒ္ဒါရုံကိုအာရုံပြု၏၊ ဃာနဝိညာဏ်ဒွေသည်-ပစ္စုပ္ပန်ဂန္ဓာရုံကိုအာရုံပြု၏။ ဇိဝှါဝိညာဏ်ဒွေသည် ပစ္စုပ္ပန်ရသာရုံကို အာရုံပြု၏။ ကာယဝိညာဏ်ဒွေသည် ပစ္စုပ္ပန် ဖေါဋ္ဌဗ္ဗာရုံကို အာရုံပြု၏။ မနောဓာတ်သုံးခုသည် ပစ္စုပ္ပန် ပဥ္စာရုံကို အာရုံပြု၏၊ တဒါရုံ၊ ဟသိတုပ္ပါဒ်အား ဖြင့် ၁၂-ပါးသောစိတ်သည် ကာမအာရုံခြောက်ပါးကို အာရုံပြု၏။ (ကာမအာရုံ ခြောက်ပါးဟူသည်-ကာမစိတ် ၅၄-ခု၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသဖြစ်၏။ ခပ္ပာရုံ လေးမျိုးသာ၊ နိဗ္ဗာန်ပညတ်မပါ။)

**အာရုံအများ ၃၁။** ။အကုသိုလ်ဇော၊မဟာကုသိုလ်၊မဟာကြိယာ-ဉာဏ်ဝိပ္ပယုတ်ဇောအားဖြင့် ၂၀-သောစိတ်သည် လောကုတ္တရာကြဉ်သော အာရုံခြောက်ပါးကို အာရုံပြု၏။ (လောကုတ္တရာကြဉ်သော အာရုံခြောက်ပါးဟူသည်-လောကီစိတ် ၈၁-ခု၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ၊ ပညတ်ဖြစ်၏။ ဝါ-ကာမ၊ မဟဂ္ဂုတ်၊ ပညတ်ဖြစ်၏။ ခပ္ပာရုံငါးမျိုးသာ၊ နိဗ္ဗာန်မပါ။)

မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော၊ အဘိညာကုသိုလ်ဇော အားဖြင့် ငါးပါးသော စိတ်သည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ကြဉ်သော အာရုံခြောက်ပါးကိုအာရုံပြု၏။ (စိတ် ၈၇ ၊ စေတသိက် ဒွေပညာသ၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်-ဟူလို၊ ဓမ္မာရုံခြောက်မျိုးလုံး။)

မဟာကြိယာ ဉာဏသမ္ပယုတ်ဇော၊ အဘိညာကြိယာဇော၊ မနောဒွါရာဝဇ္ဇန်း-အားဖြင့် ခြောက်ပါးသော စိတ်သည် အလုံးစုံ သော အာရုံခြောက်ပါးကို အာရုံပြု၏။

**ပညပ်၌ ၂၁။** ။ရူပ ပဥ္စမဈာန် သုံးခုသည် ကသိဏ်း စသော ၂၅-ပါးသော ပညပ် (ဓမ္မာရုံ) ကိုအာရုံပြု၏၊ ဒုတိယ ဈာန်သုံးခု၊ တတိယဈာန်သုံးခု၊ စတုတ္ထဈာန်သုံးခုသည် ၁၄-ပါး သော ပညပ်ကို အာရုံပြု၏။ ပဥ္စမဈာန်သုံးခုသည် ၁၂-ပါးသော ပညပ်ကို အာရုံပြု၏၊ အာကာသာနဉ္စာယတန ဈာန်သုံးခုသည် ကသိဏ်းကို ခွါ၍ရအပ်သော ကောင်းကင်ပညပ်ကို အာရုံပြု၏။ အာကိဉ္စညာယတနဈာန် သုံးခုသည် နတ္ထိဘော ပညပ်ကို အာရုံ ပြု၏။

**မဟဂ္ဂုတ်၌ ၆။** ။ဝိညာနဉ္စာယတနကုသိုလ်သည် ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာ သာနဉ္စာယတန ကုသိုလ်စိတ်(ဓမ္မာရုံ တခု)ကိုအာရုံပြု၏၊

ဝိညာနဉ္စာယတန ဝိပါက်သည် ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်စိတ် (ကမ္မနိမိတ် ဓမ္မာရုံတခု) ကိုအာရုံပြု၏။

ဝိညာနဉ္စာယတန ကြိယာသည် ဤဘဝ ရှေးဘဝ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန ကုသိုလ်စိတ်၊ ဤ ဘဝ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယဘာန ကြိယာစိတ် (ဓမ္မာရုံနှစ်ခု) ကိုအာရုံပြု၏။

နေဝသညာ နာသညာယတန ကုသိုလ်သည် ဤဘဝ ရှေးဘဝ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်စိတ် (ဓမ္မာရုံတခု )ကိုအာရုံပြု၏။

နေဝသညာ နာသညာယတနဝိပါက်သည် ရှေးဘဝ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကုသိုလ်စိတ် (ကမ္မနိမိတ်ဓမ္မာရုံတရ) ကိုအာရုံပြု၏။

နေဝသညာ နာသညာယတန ကြိယာသည် ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတနကုသိုလ်စိတ်၊ ဤဘဝ အဇ္ဈတ္တ သန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန ကြိယာစိတ် (ဓမ္မာရုံနှစ်ရ) ကိုအာရုံပြု၏။

**နိဗ္ဗာန်၌ ရှစ်။** ။လောကုတ္တရာ စိတ် ရှစ်ခုသည် နိဗ္ဗာန် (ဓမ္မာရုံတရ) ကိုအာရုံပြု၏။

**အချုပ်။** ။ကာမအာရုံ၌ ၂၅။ မဟဂ္ဂုတ်၌ ၆။ ပညတ်၌ ၂၁။ နိဗ္ဗာန်၌ ၈။ လောကုတ္တရာကြဉ်သောအာရုံ၌ ၂၀။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ကြဉ်သော အာရုံ၌ ၅။ အလုံးစုံသော အာရုံ၌ ၆။ ပေါင်း ၉၁။ (အဘိညာဒွေနှင့် ၉၁။)

**စေတသိက်။** ။အညသမာန်း ၁၃-ခုသည် အလုံးစုံသော အာရုံခြောက်ပါးကို အာရုံပြု၏။ အကုသိုလ် ၁၄-ခုသည် လောကီ ပညတ်အာရုံခြောက်ပါးကို အာရုံပြု၏။ အထူးကား-ဣဿာသည် ဗဟိဒ္ဓဖြစ်သော ထိုအာရုံ ခြောက်ပါးကိုသာ အာရုံပြု၏။ မစ္ဆရိယသည် အဇ္ဈတ္တဖြစ်သော ထိုအာရုံခြောက်ပါး ကိုသာ အာရုံပြု၏။ (အဇ္ဈတ္တ၌ ပညတ်ကားမရှိ။)

သောဘဏတို့တွင် ဝိရတိသည် လောကီ ယှဉ်ခိုက်-ဝိရမိတဗ္ဗဖြစ်သော ပစ္စုပ္ပန်၊ အနာဂတ်-ကာမနာမ်ရုပ်ကိုသာ အာရုံပြု၏။ လောကုတ္တရာ ယှဉ်ခိုက် နိဗ္ဗာန်ကိုသာ အာရုံပြု၏။

အပ္ပမညာ နှစ်သည် ဗဟိဒ္ဓ၊ ကာလဝိမုတ်ဖြစ်သော သတ္တဝါ ပညတ်ကို အာရုံပြု၏။ ကြွင်း ၂၀-သည် အလုံးစုံသော အာရုံ ခြောက်ပါးကိုအာရုံပြု၏။

**ဝတ္ထုသင်္ဂဟ။** ။ဝတ္ထုသင်္ဂဟ၌ ဝတ္ထုတို့သည် စက္ခုဝတ္ထု၊ သောတဝတ္ထု၊ဃာနဝတ္ထု၊ဇိဝှါဝတ္ထု၊ကာယဝတ္ထု၊ဟဒယဝတ္ထု-၊ အားဖြင့် ခြောက်ပါးဖြစ်ကုန်၏။စက္ခုပသာဒရုပ်သည် စက္ခုဝတ္ထု မည်၏။ သောတ ပသာဒရုပ်သည် သောတဝတ္ထု၊ဃာနပသာဒ ရုပ်သည်ဃာနဝတ္ထု ၊ဇိဝှါပသာဒ ရုပ်သည်ဇိဝှါဝတ္ထု၊ ကာယ ပသာဒရုပ်သည် ကာယဝတ္ထု၊ ဟဒယဝတ္ထုရုပ်သည် ဟဒယ ဝတ္ထုမည်၏။

ဝတ္ထုရုပ်ရခြင်းသည် ဘုံအားဖြင့် ကာမဘုံ၌ ၆-ဝတ္ထု၊ ရူပ ဘုံ၌ ဃာနာဒိတ္တယကြဉ်၍ ၃ ဝတ္ထုရသည်။အရူပဘုံ၌မရ၊အသည သတ်၌လည်းမရ။

စက္ခုဝိညာဏ် ဒွေသည် စက္ခုဝိညာဏ ဓာတ်မည်၏။ စက္ခု ဝတ္ထုကို အမြဲမှီ၏။ သောတဝိညာဏ်ဒွေသည် သောတဝိညာဏ ဓာတ်မည်၏၊ သောတဝတ္ထုကို အမြဲမှီ၏။ ဃာနဝိညာဏ်ဒွေသည် ဃာနဝိညာဏဓာတ် မည်၏။ ဃာနဝတ္ထုကို အမြဲမှီ၏။ ဇိဝှါဝိ ညာဏ်ဒွေသည် ဇိဝှါဝိညာဏ ဓာတ်မည်၏။ ဇိဝှါဝတ္ထုကို အမြဲမှီ ၏။ ကာယဝိညာဏ် ဒွေသည် ကာယဝိညာဏ ဓာတ်မည်၏။ ကာ ယဝတ္ထုကိုအမြဲမှီ၏။ပဉ္စဒွါရာဝဇ္ဇန်း—သမ္ပဋိစ္ဆိုင်းဒွေသည် မနော ဓာတ်မည်၏။ ဟဒယဝတ္ထုကိုအမြဲမှီ၏။

ကြွင်းသောစိတ် ၇၆-သည် မနောဝိညာဏဓာတ်မည်၏။ ထို တွင်-သန္တီရဏ၊ မဟာဝိပါက်၊ ပဋိဃဒွယ၊ ပဌမမဂ္ဂ၊ဟာသန၊ ရူပါဝစရစွမ်းဖြင့် ၃၀-သော မနောဝိညာဏ ဓာတ်သည် ဟဒ ယဝတ္ထုကို အမြဲမှီ၏။ ကြွင်းသော လောကီကုသိုလ် ၁၂-အကု သိုလ် ၁၀-ကြိယာ ၁၃- လောကုတ္တရာ ၇-အားဖြင့် ၄၂-ပါး သော မနောဝိညာဏဓာတ်သည် ဟဒယဝတ္ထုကိုမှီ၍ရင်၊မမှီမူ၍ ရင်းဖြစ်၏။ (ပဉ္စဝေါကာရ၌မှီသည်၊ စတုဝေါကာရ၌မမှီ။)အရူပ ဝိပါက်လေးခုကား ဝတ္ထုရုပ်ကို မမှီမူ၍ အရူပလေးဘုံ၌သာ ဖြစ် သည်။

**အချုပ်။** ။ကာမဘုံ၌ ဝတ္ထုရုပ်ခြောက်ပါး၊ စိတ်ဓာတ် ခုနစ်ပါး၊ စိတ် ၈၀။ ။ရူပ ၁၅-ဘုံ၌ ဝတ္ထုရုပ် သုံးပါး၊ စိတ်ဓာတ်လေးပါး၊ စိတ် ၆၉။ ။အရူပဘုံ၌ ဝတ္ထုရုပ်မရှိ၊ စိတ်ဓာတ်တပါး၊ စိတ် ၄၆။ ။အသညသတ်ဘုံ၌ ဝတ္ထုရုပ်မရှိ၊ စိတ်ဓာတ်မရှိ၊ စိတ်မရှိ။

အမြဲရှိသောစိတ် ၄၃။ ရံခါရှိ ၄၂၊ အမြဲမရှိ ၄—ပေါင်း ၈၉။

**စိတ်စဉ်အတိုင်း။** ။လောဘမူဂုစ်ခု- ရံခါရှိ။ ဒေါသမူနှစ်ခု [ကာမ ၁၁-ဘုံ၌] အမြဲရှိ။ မောဟမူနှစ်ခု—ရံခါရှိ။

စက္ခုဝိညာဏ်နှစ်ခု၊ သောတဝိညာဏ်နှစ်ခု [၂၆-ဘုံ၌အမြဲရှိ] ဃာနဝိညာဏ်နှစ်ခု,ဇိဝှါဝိညာဏ်နှစ်ခု,ကာယဝိညာဏ်နှစ်ခု[၁၁-ဘုံ၌] အမြဲရှိ။သမ္ပဋိစ္ဆိုင်းနှစ်ခု၊ သန္တီရဏသုံးခု။ပဉ္စဒွါရာဝဇ္ဇန်း [၂၆-ဘုံ၌] အမြဲရှိ။မနောဒွါရာဝဇ္ဇန်း -ရံခါရှိ။ဟသိတုပ္ပါဒ် [၂၂-ဘုံ၌]အမြဲရှိ။

မဟာကုသိုလ်၊ မဟာကြိယာ-ရံခါရှိ။ မဟာဝိပါက် [ကာမ သုဂတိ ၇-ဘုံ၌]အမြဲရှိ။

ရူပကုသိုလ်၊ ရူပကြိယာ [၂၂-ဘုံ၌] အမြဲရှိ။ ရူပဝိပါက် [၁၅ ဘုံ၌]အမြဲရှိ။

အရူပကုသိုလ်၊ အရူပကြိယာ-ရံခါရှိ။ အရူပဝိပါက် [၄-ဘုံ၌] အမြဲမရှိ။

သောတာပတ္တိမဂ် [၁၇—ဘုံ၌] အမြဲရှိ။ ကြွင်းခုနစ်ခု-ရံခါရှိ

**မှတ်ချက်။** ။[အမြဲရှိ ၄၃—သည် ပဉ္စဝေါကာရ ၂၆—ဘုံလုံး၌ရင်း၊ အပါယ်၊ သုဒ္ဓါဝါသ-စသည် ကြဉ်၍ ၂၂-ဘုံ၊ ၁၇-ဘုံ,၁၅-ဘုံ,၁၁-ဘုံ၌ရင်း ဖြစ်သည်။ ။ရံခါရှိ ၄၂-သည်ပဉ္စဝေါကာရ၌ရှိ၍၊ စတုဝေါကာရ၌မရှိမူ၍ ဘုံ ၃၀ လုံး၌ရင်း၊ ပဉ္စဝေါကာရအချို့ကြဉ်၍ ၂၆-ဘုံ၊ ၂၅-ဘုံ။ ၂၁-ဘုံ၌ရင်း ဖြစ်သည်။ လောဘမူတွင် သမ္ပယုတ်-သုဒ္ဓါဝါသကြဉ်၍ ၂၅—ဘုံ၌ဖြစ်၏၊ဝိပ္ပယုတ်-ဘုံ ၃၀-၌ဖြစ်၏။

မောဟမူတွင် ဝိစိကိစ္ဆာ ၂၅-ဘုံ၌ဖြစ်၏၊ဥဒ္ဓစ္စဘုံ ၃၀-၌ ဖြစ်၏။မနေ့ာဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်သည် ဘုံ ၃၀-၌ ဖြစ်၏။ မဟာကြိယာ၊ အရူပကုသိုလ်၊အရူပကြိယာသည် ၂၆-ဘုံ၌ဖြစ်သည်။ လောကုတ္တရာတွင်း ၇-ခုတွင် လေးခု ၂၁-ဘုံ၌ဖြစ်သည်။၃-ခု ၂၆-ဘုံ၌ ဖြစ်သည်။ ။အမြဲမဲ့ လေးခုသည် စတုဝေါကာရ အရူပ လေးဘုံ၌ ဖြစ်သည်။]

**စေတသိက်။** ။သဗ္ဗစိတ္တသာဓာရဏ ခုနစ်ခုသည် ဝဇ္ဇု ရုပ်ချောက်ပါးလုံးကို ပဉ္စဝေါကာရ၌မှီ၍ စတုဝေါကာရ၌ မမှီမူ၍ ဖြစ်သည်၊ရံခါဆဝဇ္ဇုဖြစ်သည်။ ။ဒေါသစတုက္ကသည် ဟဒယ ကိုအမြဲမှီသည်။ ပဉ္စဝေါကာရ ကာမ ၁၁-ဘုံ၌ ဟဒယအမြဲမှီ သည်။ ။ကြွင်းစေတသိက် ၄၁-သည် ဟဒယကို ပဉ္စဝေါကာရ ၌မှီ၍ စတုဝေါကာရ၌မမှီမူ၍ဖြစ်သည်။ဟဒယ ရံခါမှီဖြစ်သည်။

---

## စေတသိက်၏ဝေဒနာလေ့လာဘွယ်

သုခဝေဒနာနှင့် တကွဖြစ်သော စေတသိက်သည် (ဝေဒနာ ကြဉ်သော) သဗ္ဗစိတ္တ သာဓာရဏ ၆-ခုဖြစ်၏။ ။ဒုက္ခနှင့်လည်း ဤ၆-ခုဖြစ်၏။ ။သောမနဿနှင့်ကား-(ဝေဒနာ၊ဒေါသစတုက္က၊ ဝိစိကိစ္ဆာကြဉ်) ၄၆။ ။ဒေါမနဿနှင့် (ဝေဒနာ ပီတိ၊ လောဘ တိက၊ ဝိစိကိစ္ဆာကြဉ်) ၂၁။ ။ဥပေက္ခာနှင့် (ဝေဒနာ၊ ပီတိ၊ ဒေါသ၊စတုက္ကကြဉ်) ၄၆။

ဝေဒနာတပါးသာ ယှဉ်သော စေတသိက်ကား-ပီတိ၊ဒေါသစ တုက္က၊ ဝိစိကိစ္ဆာ အားဖြင့် ၆-ခုဖြစ်၏။ ။နှစ်ပါးယှဉ်ကား-လော ဘတိက၊ သောဘဏ- အားဖြင့် ၂၈။ ။သုံးပါးယှဉ်ကား-ပ ကိဏ်းပဉ္စ၊ မောဟစတုက္က၊ ထိနမိဒ္ဓ-အားဖြင့် ၁၁။ ။လေးပါး ယှဉ်မရှိ။ ။ငါးပါးယှဉ်ကား (ဝေဒနာကြဉ်) သဗ္ဗစိတ္တ ၆။ ဝေဒနာ မယှဉ်သော စေတသိက်ကား ဝေဒနာ စေတသိက်သာ တည်း။

တေနဝုတ္တံ.....ဝေဒနာတစ်–ခြောက်ပါး ဖြစ်၏။ နှစ်မှာ–ဋ္ဌဝီ။ သုံးလီ-ဆဲ့တစ်။ ငါးဖြစ်-ခြောက်ရ။ မတေချပေါင်းရ ငါးဆဲ့နှစ်။

## စေတသိက်၏ ဟေတုလေ့လာဘွယ်

လောဘမူသှဉ် ၂၂-ခုသော စေတသိက်တို့တွင် လောဘ သည်ဧကဟိတ်။ မောဟသည်ဧကဟိတ်။ကြွင်း ၂၀ သည်ဒွိဟိတ် ဖြစ်၏။ ။ဒေါသမူသှဉ် ၂၂-ခုတွင် ဒေါသ၊မောဟ- ဧကဟိတ်၊ ကြွင်း ၂၀ ဒွိဟိတ်။ ။မောဟမူသှဉ် ၁၆-ခုတွင် မောဟ-အဟိတ်။ ကြွင်း ၁၅-ဧကဟိတ်။ ။ဉာဏဝိပ္ပယုတ်သှဉ် ၃၇-တွင်အလော ဘ၊အဒေါသ-ဧကဟိတ်။ကြွင်း ၃၅-ဒွိဟိတ်။ ။ဉာဏသမ္ပယုတ် သှဉ် ၃၈-တွင် အလောဘ၊ အဒေါသ၊ အမောဟ-ဒွိဟိတ်။ ကြွင်း ၃၅–တိဟိတ်။

တနည်း။ ။အဟိတ်စိတ်သှဉ်၁၂-ခုတွင် ၁၂-ခုလုံးအဟိတ်။ ။ ဧကဟိတ်စိတ်သှဉ် ၁၆ ခုတွင် တခုအဟိတ်၊ ၁၅-ခုဧကဟိတ်။ ။ ဒွိဟိတ်စိတ်သှဉ် ၅၀–တွင်ငါးခုဧကဟိတ်၊ ၄၅–ခုဒွိဟိတ်။(ဒွိဟိတ် ဋ္ဌဝိစိတ်များပြည့်ပြည့်သာနှိုက်ရမည်သှဉ်။)။ ။တိဟိတ်စိတ်သှဉ် ၃၈–ခုတွင် သုံးခု ဒွိဟိတ်။ ၃၅–ခုတိဟိတ်။

အဟိတ်ဖြစ်နိုင်သော စေတသိက်ကား (၁၂+၁) ၁၃။ ဧက ဟိတ် (၁၅+၅) ၂၀။ ဒွိဟိတ်(၄၅+၃) ၄၈။ တိဟိတ် ၃၅–ဖြစ် နိုင်၏။

တေနဝုတ္တံ.....အဟိတ်–တေရသ၊ဧက–နှစ်ဆယ်၊ ဒွိဝယ် ဋ္ဌ စတ်၊ တိဟိတ်မှတ်–ချလတ် သုံးဆဲ့ငါး။

ယှဉ်ခြင်းကို မယူလျှင်.... ဟိတ် တပါးနှင့်သာ ယှဉ်သော စေတ သိက်ကား–လောဘ၊ ဒေါသ၊ ဝိစိကိစ္ဆာ–အားဖြင့် ၃။ ။နှစ်ပါး ယှဉ်–မောဟ ဒိဋ္ဌိ၊ မာန၊ ဣဿာတိက၊ အလောဘတိကဇ–။ ။ သုံးပါးသှဉ်–အဟိရိက တိက၊ ထိန မိဒ္ဓ သောဘဏ ၂၂-အားဖြင့်

၂၇။ ။လေးပါးမရှိ။ ။ငါးပါးယှဉ်–ဝိတိတခု။ ။ခြောက်ပါးယှဉ် အညသမာန်း ၁၂။

တေနဝုတ္တံ·····သုံး–ဇောပိတ်။ ဒွိပိတ်–ကိုးလီ။ သတ္တဝိ–တိပိတ်။ ပဋ္ဌပိတ်·တစ်၊ ဆဲ့နှစ်-ဆပိတ်။ ဒွိပညီသ်၊ နိမိတ်ထင်မျှကြ။

---

## စေတသိက်၏ကိစ္စလေ့လာဘွယ်

ပဋိသန္ဓေ၊ ဘဝင်၊ စုတိ-စိတ်၌ ယှဉ်သော စေတသိက်သည် ၃၅–ချဖြစ်၏။ အာဝဇ္ဇန်းယှဉ် ၁၁။ ဒဿန-။ သဝန- ဃာယန သာယန- ဖုသနယှဉ်- ၇။ သမ္ပဋိစ္ဆိုင်းယှဉ် ၁၀။ သန္တီရဏ ယဉ်-၁၁။ဝုဋ္ဌောယှဉ် ၁၁။ ဇောယှဉ် ၅၂။ တဒါရုံယှဉ် ၃၃။ ။ စေတသိက်ကိစ္စ အထူးကား-ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ ၉- ကိစ္စ။ဝီရိယ–၇။ပီတိ–၆။ ဆန္ဒ–၅။ အပ္ပမညာ–၄။

တကိစ္စသာရှိသော စေတသိက်ကား–အကုသလ၊ ဝိရတိ–။ အားဖြင့် ၁၇-ခု။ ။နှစ်၊သုံး-မရှိ။ ။လေးကိစ္စ-အပ္ပမညာငွေ။ ။ ငါးကိစ္စ- ဆန္ဒ၊သောဘဏာ သာဓာရဏ၊ ပညာ-အားဖြင့် ၂၁။ ။ ခြောက်ကိစ္စ-ပီတိ။ ။ခုနစ်ကိစ္စ-ဝီရိယ-၁။ ။ရှစ်မရှိ။ ။ကိုးကိစ္စ- ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ-၃။ ။တဆယ်စသည်မရှိ။ ။ဆဲ့ လေးကိစ္စ-၇။

တေနဝုတ္တံ·····တကိစ္စဖြစ်–ဆဲ့ခုနစ်တည်း။ လေးဖြစ်-နှစ်ပါး၊ ငါး-ဇောဝိ၊ ခြောက်လီမှာ-တစ်။ ခွန်လည်း-တစ်ပင်။ကိုးဖြစ်ကား တေး။ ဆဲ့လေး-ခုနစ်ရပ်၊ ကိစ္စတပ်သည်၊ ပေါင်းအပ်ဒွိပညာ သတည်း။

## ဌာနဆယ်ပါး ၂၅-ပါးမှတ်ဘွယ်

စိတ်နှစ်ခုတို့၏ အကြားသည် တည်ရာဖြစ်သောကြောင့် ဌာန မည်၏။ စိတ်ကင်းသောအကြား (ကွက်လပ်) မရှိသော်လည် သိလွယ်စေခြင်းငှါ အထူးကြံသည်။ ဝိထိနားလည်သောအခါ ဤဌာနတို့ကို သိလွယ်လတ္တံ့။

ရတိ + ဘဝင် အကြားသည် ပဋိသန္ဓေဌာနဖြစ်၏။ တဌာနရှိ၏။ ရတိနောင် ပဋိသန္ဓေ၊ ထိုနောင် ဘဝင်-ဤသို့စဉ်၍ဖြစ်၏။ ဤသို့ စသည်ဖြင့် ၂၅-ဌာနကို သိအပ်၏။

၁……ပဋိသန္ဓေသည် ရတိ + ဘဝင်-အကြားတဌာန။

၂……ဘဝင်သည်-ပ + အာ၊ ဖ + အာ၊ တ + အာ၊ ဝ + အာ ဖ + ရ။ တ + ရ-အကြား-ခြောက်ဌာန။

၃……အာဝဇ္ဇန်းသည်- ဘ + ပဉ်၊ ဘ + ဇ- အကြား နှစ်ဌာန။ (အိပ်မက်ဝိထိ၌-ဘ + ဘ အကြားရှိသေး၏။)

၄……ပဉ္စဝိညာဏ်သည်-အာ + သိုင်း-အကြားတဌာန။

၅……သမ္ပဋိစ္ဆိုင်းသည်-ပဉ် + တိ-အကြားတဌာန။

၆……သန္တီရဏသည်-သိုင်း + ဝု-အကြားတဌာန။

၇……ဝုဋ္ဌောသည်-တိ + ဇ။ တိ + ဘ-အကြားနှစ်ဌာန။

၈……ဇောသည်-ဝု + တ၊ ဝု + ဘ၊ ဝု + ရ။ အာ + တ၊ အာ + ဘ၊ အာ + ရ-အကြားခြောက်ဌာန။

၉……တဒါရုံသည်-ဇ + ဘ၊ ဇ + ရ-အကြားနှစ်ဌာန။

၁၀……ရတိသည်-ဇ + ပ၊ တ + ပ၊ ဘ + ပ-အကြားသုံးဌာန။

တေနဝုတ္တံ……ပ၊ ပဉ်၊ သိုင်း၊ တိ။ တစ်စီဌာန။ အာ၊ ဝု၊ တ-ဒွိ။ ရတိ-သုံးဟော။ ဘ၊ ဇော-ခြောက်သွယ်၊ ဌာနဆယ်သည်၊ အကျယ်နှစ်ဆဲ့ငါးခုတည်း။

---

## စေတသိက်၏အာရုံလှေလာဘွယ်

အကုသိုလ်စေတသိက် ၁၄-ခုသည် လောကုတ္တရာကြဉ်သော (လောကီပညာပ်) အာရုံခြောက်ပါးကိုအာရုံပြု၏။ ထိုတွင်ဒေါသသည် အဇ္ဈတ္တမပြု၊ ဗဟိဒ္ဓကိုသာ ကေန်အာရုံပြုသည်။ မစ္ဆရိယသည် ဗဟိဒ္ဓမပြု။ အဇ္ဈတ္တကိုသာ ကေန် အာရုံပြုသည်။

လောကီဝိရတိသည် ဝိရမိတဗ္ဗဖြစ်သော ပစ္စုပ္ပန်၊ အနာဂတ်ကာမ- နာမ်ရုပ်ကိုသာ အာရုံပြုသည်၊ လောကုတ္တရာဝိရတိသည် နိဗ္ဗာန်ကိုသာ အာရုံပြုသည်။

အပ္ပမညာသည် ကာလဝိမုတ်ဗဟိဒ္ဓဖြစ်သော သတ္တဝါပညတ်ကိုသာ အာရုံပြုသည်။ (ပညတ်ကြောင့် ကာလဝိမုတ်ကြောင့် ဗဟိဒ္ဓကြောင့်မွှာရုံကြောင့်။)

ကြွင်းသောစေတသိက် ၃၃-ခုသည် အလုံးစုံသော အာရုံခြောက်ပါးကို အာရုံပြုသည်။

**တေနဝုတ္တံ**…… ငါးဆဲ့နှစ်ခု၊ စေတသိက်စုတွင်၊ အကုသလာ၊ လောကီ- ပညတ်သာတည်း။ ဈာဿာ—ပမဉ်၊ ပယ်ကြဉ်အရွတ်။ ဗာဟျတ်—မချွေ၊ မပြုလေဘူး။ သုံးထွေဝိရတီ၊ ဝိရမိတဗ္ဗ၊ သမုတ်ရသည့်၊ ကာမ—နာမ်-ရုပ်၊ ပဋ္ဌုပ်-နာဂတ်၊ စွဲမှိကပ်၍။ ပညတ်-ပမညာ၊ဝိမုတ္တာလည်း။ အာရုံပြုလျှင်း။ ကြွင်းလေသမျှ၊ တေတ္တိ သမှာ-ဘယ်ဟာတခု၊ အာရုံစုကို၊ မပြုမရှိလေဘူးတည်း။

---

## စေတသိက်၏ဝတ္ထုလေ့လာဘွယ်

စေတသိက်တို့တွင် သဗ္ဗစိတ္တသာဓာရဏ ၇-ခုသည် ပဉ္စဝေါကာရဘုံ၌ ဆဝတ္ထုကိုမှီ၍၊စတုဝေါကာရဘုံ၌မမှီမူ၍-ဖြစ်သည်။ (ရံခါဆဝတ္ထု)။

ဒေါသစတုက္ကသည် ကာမဘုံ၌ ဟဒယဝတ္ထုကို အမြဲမှီ၍ဖြစ်သည်(အမြဲဟဒယ)။

ကြွင်းစေတသိက်၄၁—သည် ပဉ္စဝေါကာရဘုံ၌ ဟဒယကိုမှီ၍၊ စတုဝေါကာရဘုံ၌ မမှီမူ၍-ဖြစ်သည်(ရံခါဟဒယ)။

**တေနဝုတ္တံ**……ရံခါမှီမှု၊ ဆဝတ္ထုကြ၊ ခုနစ်ဝတည်း။ ဟဒယစွဲ၊ မှီမြဲလေးဖြာ၊ရံခါမှီလစ်-လေးဆဲ့တစ်၊စိစစ်ဒွေပညာ။

အပ္ပမညာသည် စတုဝေါကာရဘုံ၌မဖြစ်၊ ပဉ္စဝေါကာရဘုံ၌ ဟဒယအမြဲ-ဟူ၍လည်း စိစစ်အပ်သေး၏၊သို့ရာတွင်ရဟန္တာ သုံးပါးဂုဏ်သည် ကာမဘုံ၌ လေ့လာဘူးသော အရှိန်ဖြင့် အရူပဘုံ၌လည်း ပွါးနိုင်သေး၏ဟု ဂုဏ်တော်ဖွင့်ဝိနည်းဋီကာတို့၌ဆို၏။ ထိုနည်းဖြင့် ‘ကာမာဝစရ အပ္ပမညာသည် အရူပဘုံ၌လည်းပွါးနိုင်

ဘွယ်ရှိရာ၏။ အဋ္ဌသာလိနီ လောကုတ္တရာအကုသိုလ်ဖွင့်၌လည်း သမာပတ်ရှစ်ပါးရသော ရဟန်းသည် ပဉ္စမဈာန်ကိုပါဒကပြု၍ သောတာပန် တည်၍ အရူပဘုံ၌ ဖြစ်သောအခါ ပဉ္စမဈာန် သောတာပတ္တိ ဖလသမာပတ်မှ ထ၍ဝိပဿနာဖြစ်စေ၍ အထက် မဂ်ဖိုလ်သုံးပါးတို့ကိုဖြစ်စေအံ့၊ ထိုမဂ်ဖိုလ်တို့သည် ပဉ္စမဈာန်ရှိ ကုန်သည်သာတည်း။ အရူပဘုံ၌ တိကဈာန်၊ စတုက္ကဈာန်ဖြစ်၏။ လောကီမဟုတ် လောကုတ္တရာသာတည်း၊ အရူပဘုံ၌လည်း ပါဒ ကဈာန်သာ မှတ်သားသည်...... ဟုတိပိဋက ဗုဒ္ဓနာဂမထေရ်၏ ဝါဒကိုမိန့်ဆို၏။ လောကုတ္တရာ၌ အပ္ပမညာ မရှိသော်လည်း ပါဒကဈာန်၌ကား အပ္ပမညာမရှိဟုမဆိုသာ၊ ထိုကြောင့်ပျံ့နှံ့ဘွယ်ရာ ရှိ၏—ဟုဆိုပြ၊ သင့်အောင်ယူနိုင်ရာ၏။

---

## အာရုံပြု-ဧကန်၊ အနေကန်-လေ့လာဘွယ်

အာရုံသည် ကာမ၊ မဟဂ္ဂုတ်၊ နိဗ္ဗာန်-အားဖြင့်သုံးပါး။ (မဂ်၊ ဖိုလ်၊ ပညတ်ကျွန်၊)နာမ်၊ရုပ်-အားဖြင့်နှစ်ပါး။(ပညတ်ကျွန်၊)ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ကာလဝိမုတ်-အားဖြင့် လေးပါး။ ပညတ်၊ပရမတ်-အားဖြင့်နှစ်ပါး။ အဇ္ဈတ္တ၊ဗဟိဒ္ဓ-အားဖြင့်နှစ်ပါး။ (နတ္ထိဘောပညတ်ကျွန်။)ရူပ၊သဒ္ဒ၊ဂန္ဓ၊ရသ၊ ဖောဋ္ဌဗ္ဗ၊ဓမ္မအားဖြင့်-ခြောက်ပါးဖြစ်၏။ (ခြောက်မျိုးခွဲ။)

အာရုံပြုသောစိတ်သည် ဧကန် အနေကန် ၂၅။ အနေကန် ၃၁၊ ဧကန်-၃၅။ ပေါင်း ၉၁ ဖြစ်၏။ (အဘိညာဒွေနှင့် ၉၁။)

၂၅။ ။ဧကန် အနေကန် ၂၅-ကား ရူပါရုံ၌ ၂။ သဒ္ဒါရုံ၌ ၂။ ဂန္ဓာရုံ၌ ၂၊ရသာရုံ၌ ၂၊ ဖောဋ္ဌဗ္ဗာရုံ၌ ၂။ ပဉ္စာရုံ၌ ၃။ကာမအာရုံ ခြောက်ပါး၌ ၁၂-ပေါင်း ၂၅။

စက္ခု ဝိညာဏ်ဒွေသည် ပစ္စုပ္ပန် ရူပါရုံကို အာရုံပြု၏။ ထိုကြောင့် ကာမဧကန်, ရုပ်ဧကန်, ပစ္စုပ္ပန်ဧကန်, ပရမတ်ဧကန်, အဇ္ဈတ္တ ဗဟိဒ္ဓ အနေကန်, ရူပါရုံ ဧကန် အာရုံပြု၏။ သောတဝိညာဏ်ဒွေသည် ပစ္စုပ္ပန်သဒ္ဒါရုံကိုအာရုံပြု၏။ ထိုကြောင့် ကာမ

ကောန်, ရုပ်ကောန်, ပစ္စုပ္ပန်ကောန်, ပရမတ်ကောန်, အဇ္ဈတ္တ ဗဟိဒ္ဓအနေကန်, သဒ္ဒါရုံ ကောန် အာရုံပြု၏။ ဃာန ဝိညာဏ်ဒွေသည် ပစ္စုပ္ပန် ဂန္ဓာရုံကိုအာရုံပြု၏။ ထိုကြောင့် ကာမကောန်, ရုပ်ကောန်, ပစ္စုပ္ပန်ကောန်, ပရမတ် ကောန်, အဇ္ဈတ္တ ဗဟိဒ္ဓ အနေကန်, ဂန္ဓာရုံ ကောန် အာရုံပြု၏။

ဇိဝှါ ဝိညာဏ် ဒွေသည် ရသာရုံကို အာရုံပြု၏။ ထိုကြောင့် ကာမကောန်, ရုပ်ကောန်, ပစ္စုပ္ပန်ကောန်, ပရမတ်ကောန်, အဇ္ဈတ္တ ဗဟိဒ္ဓအနေကန်, ရသာရုံ ကောန်အာရုံပြု၏။ ကာယဝိညာဏ် ဒွေသည်ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏။ ထိုကြောင့် ကာမကောန်, ရုပ်ကောန်, ပစ္စုပ္ပန်ကောန်, ပရမတ်ကောန်, အဇ္ဈတ္တ ဗဟိဒ္ဓအနေကန်, ဖောဋ္ဌဗ္ဗာရုံ ကောန်အာရုံပြု၏။

မနောဓာတ် သုံးခုသည် ပစ္စုပ္ပန် ပဉ္စာရုံကို အာရုံပြု၏။ ထိုကြောင့် ကာမကောန်, ရုပ်ကောန်, ပစ္စုပ္ပန်ကောန်, ပရမတ်ကောန်, အဇ္ဈတ္တဗဟိဒ္ဓ အနေကန်, ပဉ္စာရုံအနေကန်, အာရုံပြု၏ (သင်္ဂြိုဟ်ရဏာ ကိစ္စတပ်ခိုက် သင်္ဂြိုဟ်ရဏာသုံးခုလည်း ဤအတူတည်း။)

တဒါရုံ ကောဒသ၊ ဟသိတုပ္ပါဒ်သည် ကာမအာရုံခြောက်ပါးကို အာရုံပြု၏။ ထိုကြောင့် ကာမကောန်, နာမ်ရုပ်အနေကန်, ပစ္စုပ္ပန်, အတိတ်, အနာဂတ် အနေကန်, ပရမတ်ကောန်, အဇ္ဈတ္တ ဗဟိဒ္ဓအနေကန်, အာရုံခြောက်ပါး အနေကန် အာရုံပြု၏။

၃၁။ ။အနေကန် ၃၁-ကား၊ လောကုတ္တရာ ကြဉ်သော အာရုံ ခြောက်ပါး၌ ၂၀။ အရဟတ္တမဂ်-ဖိုလ် ကြဉ်သော အာရုံ ခြောက်ပါး၌ ၅။ အလုံးစုံသော အာရုံခြောက်ပါး၌ ၆။ ပေါင်း ၃၁။

အကုသိုလ် ဝိပ္ပယုတ်- ကုသိုလ် ဝိပ္ပယုတ် ကြိယာ-အာ ဖြင့် ၂၀–သောစိတ်သည် လောကုတ္တရာ ကြဉ်သောအာရုံခြောက်ပါးကိုအာရုံပြု၏။ ထိုကြောင့်ကာမ မဟဂ္ဂုတ် အနေကန်, နာမ်ရုပ် အနေကန်, ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ကာလဝိမုတ် အနေကန်,

ပညပ်ပရမတ်အနေကန်, အဇ္ဈတ္တ ဗဟိဒ္ဓ အနေကန်, အာရုံခြောက်ပါးအနေကန် အာရုံပြု၏။

မဟာ ကုသိုလ် သမ္ပယုတ်၊ ကုသိုလ် အဘိညာ–အားဖြင့် ငါးပါးသောစိတ်သည် အရဟတ္တမဂ် အရဟတ္တဖိုလ် ကြဉ်သော အာရုံခြောက်ပါးကို အာရုံပြု၏။ ထို့ကြောင့် ကာမမဟဂ္ဂုတ် နိဗ္ဗာန် အနေကန်,နာမ်ရုပ်အနေကန်,ပစ္စုပ္ပန်, အတိတ်,အနာဂတ်, ကာလ ဝိမုတ်အနေကန်, ပညပ်ပရမတ် အနေကန်, အဇ္ဈတ္တဗဟိဒ္ဓအနေကန်,အာရုံခြောက်ပါး အနေကန် အာရုံပြု၏။

မဟာကြိယာသမ္ပယုတ်၊ ကြိယာ အဘိညာ၊ ဝုဋ္ဌော-အားဖြင့် ခြောက်ပါးသော စိတ်သည် အလုံးစုံသော အာရုံခြောက်ပါးကို အာရုံပြု၏။ ထို့ကြောင့် ကာမမဟဂ္ဂုတ် နိဗ္ဗာန်အနေကန်, နာမ်ရုပ် အနေကန်,ပစ္စုပ္ပန်,အတိတ်, အနာဂတ်, ကာလဝိမုတ် အနေကန်, ပညပ်ပရမတ် အနေကန်,အဇ္ဈတ္တ ဗဟိဒ္ဓ အနေကန်,အာရုံခြောက်ပါး အနေကန် အာရုံပြု၏။

၃၅။ ။ဧကန် ၃၅-ကား ကသိုဏ်းစသောပညပ်၌ ၁၀။ နတ္ထိဘောပညပ်၌ ၃။မဟဂ္ဂုတ်၌ ၆။ နိဗ္ဗာန်၌ ၈။ ပေါင်း ၃၅၊

ရူပါအာကာသာနဥ္စာယတနအားဖြင့် ၁၀-ပါးသောစိတ်သည် ကသိုဏ် စသော ပညပ်ကိုအာရုံပြု၏၊ ထို့ကြောင့် ကာလ ဝိမုတ် ဧကန်, ပညပ်ဧကန်, ဗဟိဒ္ဓဧကန်, ဓမ္မာရုံဧကန်။

အာကိဉ္စညာယတနသုံးခုသည် နတ္ထိဘောပညပ်ကို အာရုံပြု၏။ ထို့ကြောင့် ကာလဝိမုတ်ဧကန်, ပညပ်ဧကန်, ဓမ္မာရုံဧကန်, (နတ္ထိဘောသည် အဇ္ဈတ္တဗဟိဒ္ဓ-နှစ်ပါးလုံး၌နတ္ထိ။)

ဝိညာနဉ္စာယတန၊ နေဝသညာနာသညာယတန- ခြောက်ခုသည် အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာနဉ္စာယတန၊ အာကိဉ္စညာယတန- ကုသိုလ် ကြိယာကို အာရုံပြု၏။ ထို့ကြောင့် မဟဂ္ဂုတ်ဧကန်,နာမ်ဧကန်,အတိတ်ဧကန်, ပရမတ်ဧကန်, အဇ္ဈတ္တ ဧကန်, ဓမ္မာရုံဧကန်။

လောကုတ္တရာ စိတ်ရှစ်ခုသည့် နိဗ္ဗာန်ကိုအာရုံပြု၏။ ယင်းကြောင့် နိဗ္ဗာန်ကောန်၊ နာမ်ကောန်၊ ကာလဝိမုတ်ကောန်၊ ပရမတ်ကောန်၊ ဗဟိဒ္ဓကောန်၊ ဓမ္မာရုံကောန်။

**သင်္ချာအချုပ်။** ။ကောန်အားဖြင့် ကာမ ၂၅။ မဟာဂ္ဂုတ် ၆၊ နိဗ္ဗာန် ၀။ နာမ် ၁၄၊ရုပ် ၁၃။ ပစ္စုပ္ပန် ၁၃။အတိတ် ၆၊ အနာဂတ် ခရို။ ဝိမုတ် ၂၉။ ပညပ် ၂၁။ ပရမတ် ၃၉။အဇ္ဈတ္တ ၆။ ဗဟိဒ္ဓ ၂၆။ ရူပါရုံ ၂။ သဒ္ဒါရုံ ၂-ဂန္ဓာရုံ ၂-ရသာရုံ ၂-ဖောဋ္ဌဗ္ဗာရုံ ၂။ ဓမ္မာရုံ ၃၅။

အနေကန်အားဖြင့် ကာမ ၃၁။ မဟာဂ္ဂုတ် ၃၁။ နိဗ္ဗာန် ၁၁။ ။နာမ် ၄၃။ ရုပ် ၄၃။ ပစ္စုပ္ပန် ၄၃။ အတိတ် ၄၃။ အနာဂတ် ၄၃။ ဝိမုတ် ၃၁။ ပညပ် ၃၁။ ပရမတ် ၃၁။ အဇ္ဈတ္တ ၅၆။ ဗဟိဒ္ဓ ၅၆။ အဇ္ဈတ္တဗဟိဒ္ဓ ၅၆။ ရူပါရုံ ၄၆။သဒ္ဒါရုံ ၄၆။ဂန္ဓာရုံ ၄၆။ရသာရုံ ၄၆။ ဖောဋ္ဌဗ္ဗာရုံ ၄၆။ ဓမ္မာရုံ ၄၃။

**တေနရုတ္တံ**·····ပဌဝီ-ကာမ၊ ဆ-မဟာဂ္ဂါ။ရှစ်ဖြာ-နိဗ္ဗာန်။ နာမ် ဘဆဲ့လေး၊တေးရသ- ရုပ်။ ပစ္စုပ်- ထို့တူ။ တိတ်မူ- ဆမှတ်။ နာဂတ်- မရှိ။ ဝိမုတ်- နှစ်ဆဲ့ကိုး။ ရှေးရိုးကျမ်းညီ၊ ကောဝီ-ပညပ်၊ ပရမတ္တ- နဝတိံသာ။ ဆဓာ- အဇ္ဈတ်၊ ဗာဟျတ်-ဆဋ္ဌိ။ ။နှစ်ဝိ ပဥ္စ။ ဓမ္မ- သုံးဆဲ့ငါး။ ။တပါး-ဋ္ဌဝိ၊ ဒွေ- နှစ်လီတည်း။ ငါးလီမှာ သုံး။ဆဲ့နှစ်- သုံးပင်။ သိကုံးချို၊ ဆဲ့လေး- ကိုးလီ။ ပဌဝိ- သုံးတန်။ ကောန် ရှေးရှု၊ အာရုံပြုသည်၊ သောတု နောင်လာ မခဲတည်း။

မခဲစေရန်၊ အနေကန်ကို၊ အကျဉ်းဆိုအံ့။ ဖိုယိုကာင်ပ၊ ကာမ မဟာဂ္ဂုတ်၊ ဝိမုတ်-ပညပ်၊ပရမတ်-ဟူ၊ငါးရပ်တူလစ်၊ သုံးဆဲ့ယာဂ် စိ။ပစ္စုပ်- တိတ၊ နာဂတနှင့်၊ ဓမ္မ၊ ရုပ်၊နာမ်၊ ခြောက်တန်ပေါင်းရုံ၊ လေးဆဲ့သုံးတည်း။ သုံးနည်း အဇ္ဈတ်၊ ဈဲလတ် မိုရောက်၊ငါးဆဲ့ ခြောက်မှန်။ နိဗ္ဗာန်-ကော်ဒသ။ ပဉ္စဒွါရယ်၊ လေးဆယ် နှင့်ခြောက်၊ ရွေးကောက်စေ့မှု။ ဥဒါန်းပြုသည်၊ စေ့ငုဖန်ခါယပ်လဲ့တည်း။

မှတ်ချက်။ ။ကာမစ္ဆန္ဒကြောင့် ၂၅၊ အနေကန် ၃၁-အားဖြင့် ၅၆-အာရုံပြုသည်၊ ၃၅-မပြုပေါင်း ၈၁။-ဤနည်းဖြင့် ဓမ္မာရုံတိုင် အောင်လေ့လာနိုင်၏။

တပါး-ဋ္ဌဝိကား-ဒွေပဥ္စဝိညာဏ်၁၀။အာကာသာနဉ္စာယတန၊ အာကိဉ္စညာယတန ၆။ ဝိညာနဉ္စာယတန၊ နေဝသညာနာသညာ ယတန-ကုသိုလ်ဝိပါက် ၄၊ လောကုတ္တရာ ၈-ဤ ၂၈-ပါးသည် ရူပါရုံတခုကိုရင်း အာရုံပြု၏၊ သဒ္ဒါရုံတခုကိုရင်း, ဂန္ဓာရုံတခုကို ရင်း,ရသာရုံတခုကိုရင်း,ဖောဋ္ဌဗ္ဗာရုံ တခုကိုရင်း,နိဗ္ဗာန်တခုကိုရင်း တခုစိကိုသာ အာရုံပြု၏။ ဒွေ-နှစ်လီကား-ဝိညာနဉ္စာယတန၊ နေဝ သညာနာသညာယတန ကြိယာ ၂-ပါးသည် အာကာသာနဉ္စာ ယတန၊အာကိဉ္စညာယတန၊ကုသိုလ်ကြိယာ-နှစ်ခုစိကိုအာရုံပြု၏။ ငါးလီမှာ သုံးကား မနောဓာတ် သုံးပါ သည် အာရုံငါးပါးကို အာရုံပြု၏။ ဆဲ့နှစ်-သုံးကား- ရူပ ပဉ္စမဈာန် ၃-ပါ သည် ပညပ် ၁၂-ခုကို အာရုံပြု၏။ ဆဲ့လေး-ကုံးလီကား-အလယ်ဈာန် ၉-ပါး သည် ပညပ် ၁၄-ခုကိုအာရုံပြု၏။ ပဉ္စဝီ-သုံးတန်ကား-ပဌမဈာန် ၃-ပါးသည် ပညပ် ၂၅-ပါးကို အာရုံပြု၏။

## ဒွါရဝိမုတ်အာရုံလေ့လာဘွယ်

ကာမပဋိသန္ဓေသည် မနောဒွါရဂ္ဂဟိတ-အတိတ်-ကံ-ဓမ္မာရုံ ကိုရင်း၊ ပဉ္စဒွါရဂ္ဂဟိတ-ပစ္စုပ္ပန်-ကမ္မနိမိတ်-ပဉ္စာရုံကိုရင်း။မနော ဒွါရဂ္ဂဟိတ-ပစ္စုပ္ပန်-ကမ္မနိမိတ်- အာရုံခြောက်ပါးကိုရင်း။ မနော ဒွါရဂ္ဂဟိတ- အတိတ်- ကမ္မနိမိတ်-အာရုံ ခြောက်ပါးကိုရင်း။ မနောဒွါရဂ္ဂဟိတ-ပစ္စုပ္ပန်-ဂတိနိမိတ်-ရူပါရုံကိုရင်း အာရုံပြု၏၊ (ငါးမျိုး၊) ပဋိသန္ဓေနောင်ရံခါလေး၊ ငါး၊ ခြောက်ချက်ခန့်ဘဝင် အချို့လည်း ထိုအတူအာရုံပြု၏။

ကာမစုတိသည် မနောဒွါရဂ္ဂဟိတ- အတိတ်-ကံ- ဓမ္မာရုံကို ရင်း၊ပဉ္စဒွါရဂ္ဂဟိတ-ပစ္စုပ္ပန်ဖြစ်ခဲ့ဘူးသော -ကမ္မနိမိတ်-ပဉ္စာရုံကို ရင်း။ မနောဒွါရဂ္ဂဟိတ-ပစ္စုပ္ပန်ဖြစ်ခဲ့ဘူးသော-ကမ္မနိမိတ် အာရုံ

ခြောက်ပါ ကိုရင်း။ မနောဒွါရဂ္ဂဟိတ-အတိတ်-ကမ္မနိမိတ်-အာရုံခြောက်ပါးကိုရင်း။ မနောဒွါရဂ္ဂဟိတ-ပစ္စုပ္ပန်ဖြစ်ခဲ့ဘူးသော-ဂတိနိမိတ်-ရူပါရုံကိုရင်း အာရုံပြု၏။(ငါးမျိုး၊) ပဋိသန္ဓေနှင့်ဝေးသော ဘဝင်အချို့လည်း ထိုအတူအာရုံပြု၏။(စုတိအာရုံ၌ ပစ္စုပ္ပန် မရှိ။)

ရူပ၊ အာကာသာနဉ္စာယတန၊ အာကိဉ္စညာယတန- ပဋိသန္ဓေ၊ ဘဝင်၊ စုတိတို့သည် မနောဒွါရဂ္ဂဟိတ-ကာလဝိမုတ်-ကသိုဏ်းစသော ပညတ်၊ကောင်းကင်ပညတ်၊ နတ္ထိဘာဝပညတ်- ကမ္မနိမိတ်ဓမ္မာရုံကို အာရုံပြုကုန်၏။ (တမျိုး။)

ဝိညာဏဉ္စာယတန၊ နေဝသညာ နာသညာယတန ပဋိသန္ဓေ ဘဝင်၊ စုတိတို့သည် မနောဒွါရဂ္ဂဟိတ- အတိတ်- အာကာသာနဉ္စာယတန၊ အာကိဉ္စညာယတန၊ မဟဂ္ဂုတ် ကုသိုလ်စိတ်-ကမ္မနိမိတ် ဓမ္မာရုံကိုအာရုံပြုကုန်၏။(တမျိုး။)

## အဘိညာအာရုံလေ့လာဘွယ်

အထူးသိသော ဉာဏ်သည် အဘိညာမည်၏။ ထိုဉာဏ်ထူးသည် ရူပကုသိုလ် ရူပကြိယာ-ပဉ္စမဈာန်စိတ်၌ ၅ှ၌၏။ ဒိ၊ ဒိ၊ ဣ၊ စေ၊ ပုဗ္ဗေ၊ ယ၊ အ-အားဖြင့် ခုနစ်ပါးပြား၏။

**ဒိ။** ။ဒိဗ္ဗ စက္ခုကုသိုလ် အဘိညာသည် ဒူရ၊ ပဋိစ္ဆန္န၊ သဏှ၊ သုခုမ-ဖြစ်သော ပစ္စုပ္ပန် ရူပါရုံကို အာရုံပြု၏။

**ဒိ။** ။ဒိဗ္ဗသောတ အဘိညာသည် ဒူရ၊ ပဋိစ္ဆန္န၊ သဏှ၊ သုခုမ-ဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံကိုအာရုံပြု၏။

**ဣ။** ။ဣဒ္ဓိဝိဓ အဘိညာသည် ပါဒကဖြစ်သော ရူပကုသိုလ် ပဉ္စမဈာန်။ သတ၊ သဟဿ-စသော နိမ္မိတရုပ်-ဟု ဆိုအပ်သော အာရုံခြောက်ပါးကို အာရုံပြု၏။

**စေ။** ။စေတောပရိယ အဘိညာသည် လွန်လေပြီသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက် တိုင်အောင် ကာလ သုံးပါး၌ တည်သော သူတပါး၏ စိတ် ၈၇-ခု၊ စေတသိက် ၅၂

ပညာသ-ဟုဆိုအပ်သော ဓမ္မာရုံကို အာရုံပြု၏။ (အရဟတ္တ မဂ်၊ ဖိုလ် ကြဉ်သည်။)

ပုဗ္ဗေ။ ။ပုဗ္ဗေနိဝါသာနုဿတိ အဘိညာသည်ပုဗ္ဗေနိဝုဋ္ဌ ဖြစ်သောစိတ်၈၇-ခု၊ စေတသိက် ဒွေပညာသ၊ရုပ်အဋ္ဌဝီသ—ဟု ဆိုအပ်သော ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးမှ လွှောက်၍ သိအပ်သောနိဗ္ဗာန်၊ အမည်, အမျိုး·စသော ပညတ်-ဟု ဆိုအပ်သော အာရုံခြောက်ပါးကိုအာရုံပြု၏။

ယ။ ။ယထာကမ္မုပဂ အဘိညာသည်အတိတ် ဖြစ်သော လောကီကုသိုလ်၊ အကုသိုလ်စေတနာ-ဟုဆိုအပ်သော ဓမ္မာရုံကို အာရုံပြု၏။

အ။ ။အနာဂတံသ အဘိညာသည် အနာဂတ်ဖြစ်သောစိတ် ၈၇-ခု၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ-ဟု ဆိုအပ်သော ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးမှ လွှောက်၍ သိအပ်သော နိဗ္ဗာန်၊ အမည် အမျိုးစသော ပညတ် -ဟုဆိုအပ်သော အာရုံခြောက်ပါး ကို အာရုံပြု၏။

ကြိယာအဘိညာ ခုနစ်ပါးတို့တွင် ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ယထာကမ္မုပဂတို့သည် ကုသိုလ်နှင့်တူကုန်၏။ ။ဣဒ္ဓိဝိဓအဘိညာနှင့် ပါဒကဖြစ်သော ရူပကြိယာ ပဥ္စမဈာန်သည် စေတောပရိယ အဘိညာ၊ ပုဗ္ဗေနိဝါသအဘိညာ၊အနာဂတံ သ အဘိညာနှင့် စိတ် တခုယုတ်ကိုးဆယ်၊ ဤမျှသာထူး၏။ ကုသိုလ်အဘိညာနှင့် မြင်လျှင် မှတ်ဆိုနိုင်လတ္တံ့။

## အာရမ္မဏာဓိပတိ အာရုံလေ့လာဘွယ်

ဓမ္မာရုံကို အလေးအမြတ် အာရုံပြုတတ်သော စိတ်တို့သည် လောဘမူစိတ်၈ခု၊ မဟာကုသိုလ်စိတ်၈ခု၊ မဟာကြိယာသမ္ပယုတ်လေးခု၊ လောကုတ္တရာစိတ်၈ခု- အားဖြင့် ၂၈-ပါးဖြစ်ကုန်၏။

ထိုတွင် လောဘမူစိတ်ရှစ်ခုသည် (ဒေါသမူ၂၊ မောဟမူ၂၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သော) လောကီစိတ် ၇၆-ခု၊ (ဒေါသစတုက္က၊ဝိစိကိစ္ဆာကြဉ်သော) စေတသိက် ၄၇-ခု၊ ဇာရုပ္ပဖြစ်သော(စတုဇ) နိပ္ဖန္နရုပ် အဋ္ဌာရသရုပ်ကို အလေ အမြတ်အာရုံပြု၏။ (ပုထုဇဉ်မှ အနာဂါမ်အထိ ဆိုင်သည်)

ပုထုဇဉ်၏ မဟာကုသိုလ် ၈-ခုသည် လောကီကုသိုလ်သမ္ပယုတ်ရသကိုအာရုံပြု၏။

သောတာပန်၏မဟာကုသိုလ်သမ္ပယုတ် ၄-ခုသည် မိမိ၏မဂ် ဖိုလ်၊ နိဗ္ဗာန်ကိုအာရုံပြု၏။ (သောတာပတ္တိမဂ်၊သောတာပတ္တိဖိုလ် ဟူလို၊)

သကဒါဂါမ်၊အနာဂါမ်၏ မဟာကုသိုလ် သမ္ပယုတ်၄-ခုသည် မိမိ၏မဂ်၊ ဖိုလ်၊နိဗ္ဗာန်ကို အာရုံပြု၏။

ရဟန္တာ၏ မဟာကြိယာ သမ္ပယုတ် ၄-ခုသည် မိမိ၏မဂ် ဖိုလ်၊နိဗ္ဗာန်ကိုအာရုံပြု၏။

လောကုတ္တရာ စိတ်ရှစ်ခုသည် နိဗ္ဗာန်ကို အလေးအမြတ် အာရုံပြု၏။

အပေါင်းအားဖြင့်ကား - အာရမ္မဏာဓိပတိ ပစ္စည်းသည် အလေးအမြတ်ပြုအပ်သော(ဒေါသ၊မောဟ၊ဒုက္ခ၊ကြဉ်သော)စိတ် ၈၄-ခု၊စေတသိက် ၄၇-ခု၊ ဇာရုပ္ပဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ နိဗ္ဗာန်ဖြစ်၏။

ပစ္စယုပ္ပန်သည် အလေးအမြတ် အာရုံပြုတတ်သောစိတ် ၂၈-ခု၊ စေတသိက်၄၅-ခုဖြစ်၏။(ပရမတ်အာရုံဖြစ်၍ အပ္ပမညာလည်း ကြဉ်၊)

## မိဿကခွဲလေ့လာဘွယ်

ဝေဒနာ၌- သုခ-၁၊ဒုက္ခ-၁၊ သောမနဿ-၆၂၊ ဒေါမနဿ-- ၂၊ဥပေက္ခာ ၅၅၊ ပေါင်း၁၂၁၊ ။ငါးမျိုး။

H.224-10 [ဟံသာဝတီမှ]

ဟိတ်၌-အဟိတ်-၁၈။ ဧကဟိတ်-၂။ ဒွိဟိတ်-၂၂။ တိဟိတ် ၄၇။ ပေါင်း-၈၉။ ။လေးမျိုး။

ကိစ္စ၌-အာဝဇ္ဇန်း-၁။ ဒဿန-၂။ သဝန-၂။ ဃာယန-၂။ သာယန-၂။ ဖုသန-၂။ ဋ္ဌိုင်း-၂။ ဇော-၅၅။ တိ၊ ရုံ-၁။အာ၊ ဂု-၁။ ပ၊ ဘ၊ ရ-၉။ ပ၊ဘ၊ရ၊ရုံ-၈။ ပ၊ဘ၊ ရ၊ တိ၊ ရုံ-၂။ပေါင်း ၈၉။ ။၁၃ မျိုး။

ဒွါရ၌-တဒွါရ-၃၆။ ငါးဒွါရ-၃။ ခြောက်ဒွါရ-၃၁။ ရုံခါဝိမုတ်-၁၀။ အမြဲဝိမုတ်-၉။ပေါင်း-၈၉။ ။ငါးမျိုး။

အာရုံ၌-ပစ္စုပ္ပန် ရူပါရုံ-၂။ သဒ္ဒ-၂။ ဂန္ဓ-၂။ ရသ-၂။ ဖောဋ္ဌဗ္ဗ-၂။ ပဉ္စာရုံ-၃။ ကာမအာရုံ ခြောက်ပါး-၁၂။ လောကုတ်ကြဉ်အာရုံ-၂၀။ အရဟတ္တမဂ်ဖိုလ်ကြဉ်အာရုံ-၅။ အလုံးစုံအာရုံ-၆။ ၂၅-ပါးသောပညတ်-၃။ ၁၄-ပါး-၉။ ၁၂-ပါး-၃။ ကောင်းကင်ပညတ်-၃။ နတ္ထိဘော-၃။ အာကာသာနဉ္စာယတန ကုသိုလ်-၂။ အာကိဉ္စညာယတန ကုသိုလ်-၂။ အာကာသာနဉ္စာယတန ကုသိုလ်ကြိယာ-၁။ အာကိဉ္စညာယတန ကုသိုလ်ကြိယာ -၁။နိဗ္ဗာန် ၈။ ပေါင်း-၉၁။ ။အမျိုး၂၀။

ဝတ္ထု၌-ကာမ၌ ဃာနအမြဲ-၂။ ဇိဝှါအမြဲ-၂။ ကာယအမြဲ-၂။ ဟာဒယအမြဲ-၁၀။ ပဉ္စဝေါကာရ၌ စက္ခုအမြဲ-၂။ သောတအမြဲ-၂။ ဟာဒယအမြဲ-၂၃။ ပဉ္စဝေါကာရ စတုဝေါကာရ၌ ဟာဒယ ရုံခါ-၄၂။ စတုဝေါကာရ၌ မမှီ-၄။ ပေါင်း-၈၉။ ။ကိုးမျိုး။

## အထူးမှတ်ဘွယ်

ဒေါသမူဒွေသည် ဝတ္ထုအားဖြင့် ကာမ၌ ဟာဒယ အမြဲ။

ဥပေက္ခာ သန္တီရဏ ၂-ခုသည် ဒွါရ၊ အာရုံ၊ ဝတ္ထုအားဖြင့်- ပ, ဘ, ရ-ကိစ္စတပ်ခိုက် ဒွါရဝိမုတ်၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ဖြစ်သော ကာမအာရုံ။ကာမ၌ဟာဒယအမြဲ။ ။သန္တီရဏကိစ္စ တပ်ခိုက်၊ပဉ္စဒွါရ ပဉ္စာရုံ၊ ပဉ္စဝေါကာရ ဟာဒယအမြဲ။ ။တဒါရုံတပ်ခိုက်၊ခြောက်ဒွါရ၊ ကာမအာရုံခြောက်ပါး၊ ကာမဟာဒယအမြဲ။

မနောဒွါရ ဝဇ္ဇနီးသည်— ဝုဋ္ဌောတပ်ခိုက်- ပဉ္စဒွါရ၊ ပဉ္စာရုံ၊ ပဉ္စဝေါကာရ ဟာဒယအမြဲ။ ။အာဝဇ္ဇနီးတပ်ခိုက်- မနောဒွါရ၊ အလုံးစုံ အာရုံခြောက်ပါး၊ ပဉ္စဝေါကာရ စတုဝေါကာရ ဟာဒယရံခါ။

ရူပဝိပါက်သည် ဒွါရဝိမုတ်။ ၂၅-ပါး။ ၁၄-ပါး ၁၂-ပါး သော ပညပ်ကမ္မနိမိတ် မမွာရုံ။ ပဉ္စဝေါကာရ ဟာဒယအမြဲ။ ရူပ ဘုံ၌သာ ဟာဒယ အမြဲဟူလို။

အရူပကြိယာသည် မနောဒွါရ။ ကောင်းကင်ပညပ်၊ အာကာ သာနဉ္စာယတန ကုသိုလ်ကြိယာ၊ နတ္ထိဘောပညပ်၊ အာကိဉ္စညာ ယတန ကုသိုလ်ကြိယာ- မမွာရုံ၊ ပဉ္စဝေါကာရ စတုဝေါကာရ ဟာဒယရံခါ။

## စိတ်မိဿကလေ့လာဘွယ်

လောဘမူ ရှစ်ခုသည် ဝေဒနာအားဖြင့်နှစ်ပါး။ ဟိတ်အားဖြင့် ဒွိဟိတ်။ ကိစ္စအားဖြင့်ဇော။ ဒွါရအားဖြင့် ခြောက်ဒွါရ။ အာရုံ အားဖြင့် လောကုတ္တရာ ကြဉ်သော အာရုံခြောက်ပါး။ ဝတ္ထုအား ဖြင့် ပဉ္စဝေါကာရ စတုဝေါကာရ ဟာဒယ ရံခါမှီသည်။

ဒေါသမူဒွေသည်၊…မောဟမူဒွေသည်…။(အကုသိုလ်၃-ပုဒ်။)

စက္ခုဝိညာဏ်ဒွေသည်…။ သော၊ ဃာ၊ ဇိ၊ ကာ၊ နှိုင်းဒွေ သည်…။သောမနဿ သန္တီရဏသည်…။ ဥပေက္ခာ သန္တီရဏ နှစ်ခုသည်…။ ပဉ္စဒွါရာဝဇ္ဇနီးသည်…။ မနောဒွါရာဝဇ္ဇနီးသည်…။ ဟသိတုပ္ပါဒ်သည်……(အဟိတ် ၁၁-ပုဒ်။)

မဟာကုသိုလ် ဝိပ္ပယုတ် သည်…။ သမ္ပယုတ်၊မဟာ ဝိပါက်၊ မဟာကြိယာ ဝိပ္ပယုတ်၊ သမ္ပယုတ်သည်။ (ကာမ သောဘဏ ၅-ပုဒ်။)

ရူပ ကုသိုလ်သည်…။ ရူပ ဝိပါက်၊ ရူပ ကြိယာ၊ အဘိညာ ကုသိုလ်၊ အဘိညာ ကြိယာသည်…။(ရူပ ၅-ပုဒ်။)

အရူပကုသိုလ်သည်…၊ ဝိပါက်သည်၊ကြိယာသည်…။(အရူပ ၃–ပုဒ်။)

သောတာပတ္တိမဂ်သည်–သောမနဿ။တိဟိတ်၊ ဇော၊ မနော ဒွါရ၊ နိဗ္ဗာန်အာရုံ၊ ပဥ္စဝေါကာရ ဟဒယ အမြဲ။

ကြွင်းသော လောကုတ္တရာစိတ် ၇–ခုသည် သောမနဿ၊ တိ ဟိတ်၊ဇော၊ မနောဒွါရ၊နိဗ္ဗာန်အာရုံ။ ဟဒယရှိခါ။ (လောကုတ္တရာ ၂–ပုဒ်။)

## စေတသိက် မိဿက လှေလာဘွယ်

ဖဿသည် ဝေဒနာအားဖြင့်ငါးပါး။ ဟိတ်အားဖြင့်ဆဟိတ်၊ "ရှိခါအဟိတ်၊ ရှိခါဧကဟိတ်၊ ရှိခါဒွိဟိတ်၊ ရှိခါတိဟိတ်" ကိစ္စ အားဖြင့်တဆဲ့လေးကိစ္စ။ ဒွါရအားဖြင့် ရှိခါဆဒွါရ၊ ရှိခါဝိမုတ်။ အာရုံအားဖြင့် အလုံးစုံ အာရုံခြောက်ပါး။ ဝတ္ထုအားဖြင့် ဆ ဝတ္ထုရှိခါ။

ဝေဒနာသည် ဝေဒနာသုဉ်ဘက်မရှိ။ ဆဟိတ် "ရှိခါအဟိတ်၊ ဧကဟိတ်၊ ဒွိဟိတ်၊ တိဟိတ်" တဆဲ့လေးကိစ္စ။ အကြွင်း ဆက် ဆို။(သဗ္ဗစိတ္တ ၂-ပုဒ်။)

ဝိတက်သည်…၊ဝိစာသည်…။ဆန္ဒသည်…။(ပကိဏ်း ၃-ပုဒ်)

မောဟသည်…။ အဟိရိကသည်…။ လောဘသည်…။ ဒိဋ္ဌိ သည်…။ ဒေါသသည်…။ ဣဿာသည်…။ထိနသည်…။ ဝိစိကိ စ္ဆာသည်……။(အကုသိုလ် ဂ -ပုဒ်၊)

သဒ္ဓါသည်…။အလောဘသည်……။အဒေါသသည်…။သမ္မာဝါ စာသည်။…ကရုဏာသည်…။ပညာသည်…။(သောဘဏ ၆-ပုဒ်၊)

သမ္မာဝါစာသည်–ဝေဒနာ နှစ်ပါး။ တိဟိတ်။- ရှိခါဒွိဟိတ်၊ ဟိဟိတ်၊ဇော၊ဆဒွါရ။ဝိရမိတဗ္ဗကာမနာဂ်ရုပ်၊နိဗ္ဗာန်။ဟဒယရှိခါ။

ပညာသည်-ဝေဒနာ နှစ်ပါး။ ဒွိဟိတ်- အမြဲ ငါးကိစ္စ။ရှိခါ ဆ- ရှိခါဝိမုတ်။အလုံးစုံ အာရုံ ခြောက်ပါး။ဟဒယရှိခါ။

ဤသို့စသော လေ့လာခြင်း အဘိဓမ္မာဖြင့် အဘိဓမ္မာ တရား ဟောကြားသော ဘုရား ရှင်အား ပူဇော်ခြင်းသည် အဘိဓမ္မာ ဉာဏ် တိုးပွါးကြောင်း ကောင်းသည် သာတည်း။

## ဝေဒနာသင်္ဂဟမှတ်ဘွယ်

ဝေဒနာ သင်္ဂဟ၌ ဝေဒနာ စေတသိက်တခုတည်းကို သုံးမျိုး ငါးမျိုးခွဲ၍ ထိုသုံးမျိုး ငါးမျိုးဖြင့် စိတ်စေတသိက်တို့ကို ဝေဘန် သည်။

ကိုယ်စိတ်၌ သာယာ၊ မသာယာအားဖြင့် သုခ၊ ဒုက္ခကို နှစ်ခု စိဝေဘန်သည်။ ဥပေက္ခာ၌ အပြားမရှိ။ ။ကိုယ်၌သာယာခြင်း သည်သုခမည်၏။ ဇ္ဇာ၌ဖော်ဌဗ္ဗာရုံကို ခံစား၏၊ ကိုယ်၌မသာယာ ခြင်းသည် ဒုက္ခမည်၏၊အနိဋ္ဌဖောဋ္ဌဗ္ဗာရုံကိုခံစား၏၊စိတ်၌သာယာ ခြင်းသည် သောမနဿ။ဣဋ္ဌအာရုံခြောက်ပါးကို ခံစား၏၊ စိတ်၌ မသာယာခြင် သည် ဒေါမနဿ၊ အနိဋ္ဌအာရုံ ခြောက်ပါးကို ခံစား၏၊လျစ်လျူရှုခြင်းသည် ဥပေက္ခာ၊ ဣဋ္ဌမဇ္ဈတ္တအာရုံခြောက် ပါးကို ခံစား၏။

ပင်ကိုယ်ကောင်းဖြစ်၍ အလိုရှိအပ်သော အာရုံကောင်းသည် သဘာဝဣဋ္ဌာရုံမည်၏။ မကောင်းသော်လည်းကြိုက်၍ အလိုရှိ အပ်သောအာရုံသည် ပရိကပ္ပဣဋ္ဌာရုံမည်၏။ ။အလိုမရှိအပ်ဖြစ် လျှင် အနိဋ္ဌာရုံ။ အလယ်အလတ်ဖြစ်လျှင် ဣဋ္ဌမဇ္ဈတ္တာရုံ။ ၎င် တို့ ၌လည်း သဘာဝနှင့် ပရိကပ္ပကိုသိအပ်၏။ ပရိကပ္ပကား ဝိပါက် နှင့်မဆိုင်၊ ဇောနှင့်ဆိုင်သည်။

## ဟေတုသင်္ဂဟမှတ်ဘွယ်

ဟေတုသင်္ဂဟ၌ လောဘစသော စေတသိက်ခြောက်ပါးတို့ ဖြင့် ဝေဘန်သည်။ ထိုစေတသိက်တို့သည် သမ္ပယုတ် တရားကို ၏ တည်ရာ အမြစ်သဘွယ် ဖြစ်သောကြောင့် ဟိတ်မည်ကုန်၏၊

(ဟေတုသင်္ဂဟသိလျှင် ဟေတုပစ္စယော-ပဋ္ဌာန်းနည်း လွယ်ကူလတ္တံ့။)

သမ္ပယုတ်တရားတို့၏ ကောင်းစွာ တည်ရာ၏ အဖြစ်ကိုပြီး စေတတ်သော အမြစ်မူလ၏ အဖြစ်သည် ဟေတု၏ ဘာဝ ဂုဏ်သကတ်မည်၏။ ဟိတ်ရှိသော စိတ် စေတသိက် တို့သည် အမြစ်ရှိသော သစ်ပင်ပမာတည်ရာရ၍ ခိုင်ခံ့ကုန်၏၊ ဟိတ်မရှိသော စိတ် စေတသိက်တို့သည် ရေပြင်၌ မှော်ပမာ တည်ရာ မရ မခိုင်ခံ့ကုန်။

## ကိစ္စသင်္ဂဟမှတ်ဖွယ်

ကိစ္စသင်္ဂဟ၌ စိတ်စေတသိက်တို့၏ အလုပ်ကိစ္စသည် ၁၄-ပါး။ နေရာဌာနသည် ဆယ်ပါးဖြစ်၏။ ထိုကိစ္စ၊ ဌာနတို့ဖြင့် ဝေကန်သည်။

ရှေ့ကပနှင့် နောက်ဘဝကို စပ်ခြင်းသည် ပဋိသန္ဓေကိစ္စမည်၏။ ။ဥပပတ္တိ ဘဝ၏အကြောင်းသည် ဘဝင်ကိစ္စ။ (မပြတ်အောင်ဖြစ်ခြင်း၏ အကြောင်းပဂုလို။) ဝိထိစိတ်ဖြစ်ခြင်း၌ ညွှတ်သောဆင်ခြင်ခြင်းသည် အာဝဇ္ဇန်းကိစ္စ။ ။မျက်မှောက်အားဖြင့် မြင်ခြင်း, ကြားခြင်း, အနံ့ယူခြင်း, လျက်ခြင်း, တွေ့ထိခြင်း, လက်ခံခြင်း, ဆုံးစမ်းခြင်း, မှတ်ခြင်းသည် ဒဿနကိစ္စ။...... သဝနကိစ္စ-ဃာယနကိစ္စ-သာယနကိစ္စ-ဖုသနကိစ္စ-သမ္ပဋိစ္ဆနကိစ္စ-သန္တီရဏကိစ္စ-ဝုဋ္ဌောကိစ္စ။ ။အာရုံ၌တပ်ခြင်း,ပြစ်မှားခြင်း စသောကိစ္စကိုပြီးစေလျက် အဟုန်ဖြင့် ဖြစ်ခြင်းသည် ဇောကိစ္စ။(လျင်စွာပြေးသွားသူနှင့်တူ၏။)။ ။ဇောယူပြီးသော အာရုံကိုအာရုံပြုခြင်းသည် တဒါရုံကိစ္စ။ ။ဖြစ်ဆဲဘဝမှ ရွေ့လျောခြင်းသည် စုတိကိစ္စမည်၏။

ဤ၌ မဂ်ဇော-စသည်သည် တကြိမ်တည်းမျှဖြစ်သော်လည်း ကိစ္စပြီးစေသောကြောင့် ဇောအမည် မစွန့်—သဗ္ဗညုတဉာဏ်သည် တခုခုကိုသာ အာရုံပြုသော်လည်း လိုရာအလုံးစုံ အာရုံပြု

နိုင်သောကြောင့် သဗ္ဗညုတအမည်ဖြစ်နိုင်သည်နှင့် တူ၏။ ။တဒါရုံသည် မူလပဋိသန္ဓေနှင့်တူလျှင် မူလဘဝင်လည်းမည်၏။မတူလျှင်အာဂန္တုကဘဝင်လည်းမည်၏၊ တူ၊ မတူ-ပိဋ္ဌိဘဝင်လည်းမည်၏၊ ရုံ၊ မူ၊ အာ၊ ပိဋ္ဌိ—လေးမည်ရသည်။

## ဒွါရသင်္ဂဟမှတ်ဘွယ်

ဒွါရသင်္ဂဟ၌ ရုပ်ဒွါရငါးပါး၊ စိတ်ဒွါရတပါးဖြင့် ဝေဘန်သည်။ ။ထိုခြောက်ပါးသည် အာဝဇ္ဇန်းစသော ဝိထိစိတ်တို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ဒွါရမည်၏။ ထွက်ဝင်ကြောင်းတံခါးသဘွယ်ဖြစ်၏။ ဤ၌ဘဝင်္ဂုပစ္ဆေဒကို မနောဒွါရဟုခေါ်သည်၊ ဘုံပိုင်းအကုသိုလ်ကံ၊ ကုသိုလ်ကံ၌၊ မနောဒွါရကားကုသိုလ်စိတ် အကုသိုလ်စိတ်ကိုခေါ်လတ္တံ့။

ပဋိသန္ဓေ၊ ဘဝင်၊ စုတိတို့သည် ခြောက်ဒွါရ၌လည်း မဖြစ်၊ ရှေ့နောက်ဘဝင်၏ အာရုံမှတပါးသော အာရုံကိုလည်း မယူ၊ ထိုကြောင့် ဒွါရဝိမုတ်တို့မည်ကုန်၏။

စေတသိက်ကား ဒွါရခြောက်ပါးလုံး၌ ၅၂-စီ၊ ဒွါရဝိမုတ်၌ ၃၅။

## အာရမ္မဏသင်္ဂဟမှတ်ဘွယ်

အာရမ္မဏ သင်္ဂဟ၌ အာရုံ ခြောက်ပါးဖြင့် ဝေဘန်သည်၊ ပညတ်၊ ပရမတ်အားလုံး သည် စိတ်၊ စေတသိက်တို့၏ စွဲအပ်မှီအပ်သောကြောင့် အာရုံမည်၏၊ အားနည်းသူတို့၏ ဆွဲမှီစရာကြိုးတန်း၊တောင်ဝှေးနှင့်တူ၏။(အာရမ္မဏသင်္ဂဟသိလျှင် အာရမ္မဏပစ္စယောပဋ္ဌာန်းနည်း လွယ်ကူလတ္တံ့။)

အာပေါသည် အဘယ်ကြောင့် ဖောဋ္ဌဗ္ဗမမည်သနည်း။ မထိတတ်၊ မထိအပ်သောကြောင့်တည်း၊ ထင်ရှားစေဦးအံ့၊ ပထဝီသည်တေဇော၊ ဝါယောကိုထိ၍လက်ခံ၏၊ အာပေါကို မထိမူ၍လက်ခံ၏၊ တေဇောသည် ပထဝီ,ဝါယောကိုထိ၍ ရင့်စေ၏။ အပေါကိုမထိမူ၍ ရင့်စေ၏။ ဝါယောသည် ပထဝီ, တေဇောကိုထိ၍ ရွေ့စေ၏၊ အာပေါကိုမထိမူ၍ ရွေ့စေ၏၊ အာပေါသည်

ပထဝီ, တေဇော, ဝါယောကို မထိမှု၍ ဖွဲ့၏။ ဤသို့ မသိတတ်၊ မထိအပ်သောကြောင့်တည်း။

နိဗ္ဗာန်နှင့် ပညတ်သည် ပျက်စီးခြင်းမရှိသောကြောင့် ကာလ ဝိမုတ်မည်၏။ ကာလသုံးပါးမှလွတ်၏။

တဒါရုံ၊ ဟာသိတုပ္ပါဒ် ၁၂-ခု ကာမအာရုံ ၆-ပါးကိုအာရုံ ပြုရာ၌ သန္တီရဏသည် သန္တီရဏကိစ္စအခါ ပစ္စုပ္ပန် ပဉ္စာရုံကို သာ အာရုံပြု၏။ ကြွင်းလေးကိစ္စအခါ ကာမအာရုံခြောက်ပါးကို အာရုံပြု၏။

ဟာသိတုပ္ပါဒ်ကား- ကမ္မဋ္ဌာန်း စီးဖြန်းခြင်းငှါ လျှောက်ပတ် သော နေရာကိုမြင်၍နှစ်သက်စွာ ပြုံးရွှင်သောအခါ ရဟန္တာ၏ ဟာသိတုပ္ပါဒ်သည် ရူပါရုံကို အာရုံပြု၏။ ပစ္စည်းဝေဘန်ရာတွင် စိစိညံညံ အသံကြား၍ "ဤသို့သော လော်လည်ခြင်းသည် ငါ့ အားကင်းလွတ်ပေပြီ၊အရတော်လေစွ"ဟုဆင်ခြင်၍ နှစ်သက်စွာ ပြုံးရွှင်သောအခါ သဒ္ဒါရုံကို အာရုံပြု၏။နံ့သာပွေးကြိုင်ဖြင့် စေတီ အား ပူဇော်၍ပြုံးရွှင်သောအခါ ဂန္ဓာရုံကို အာရုံပြု၏။ ကောင်း သော ဘောဇဉ်ကို သီတင်းသုံးဘော်တို့နှင့် ဝေဘန်ကာ သုံး ဆောင်၍ ပြုံးရွှင်သောအခါ ရသာရုံကို အာရုံပြု၏။ မထေရ် ကြီး များ ခြေကိုပွတ်သေးခြင်း ဆုပ်နယ်ခြင်း၊ ဦးတိုက်ခြင်း ပြု၍ ပြုံးရွှင်သောအခါ ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏။ အဘိညာဖြင့် ထိုထို ဘဝ ကာမာဝစရ ဓမ္မတို့ကိုမြင်သိ၍ နှစ်သက်စွာ ပြုံးရွှင်သော အခါ ဓမ္မာရုံကို အာရုံပြု၏။

စိတ် ၂၀-လောကုတ္တရာကြဉ်သော အာရုံခြောက်ပါး အာရုံ ပြုရာ၌ လောဘမူ သမ္ပယုတ်လေးခုသည် ကာမကို၊ မဟဂ္ဂုတ်ကို ပညတ်ကို များသောအားဖြင့် သုံးသပ်ခြင်း၊ နှစ်သက်ခြင်းဖြင့် အာ ရုံပြု၏၊ ဝိပ္ပယုတ် လေးခုသည် နှစ်သက်ခြင်းမျှဖြင့် အာရုံပြု၏၊ ဒေါသမူသည် ပြစ်မှားခြင်း၊ နှလုံး မသာယာခြင်းဖြင့် အာရုံပြု၏၊ ဝိစိကိစ္ဆာသည် မဆုံးဖြတ်နိုင်ခြင်းဖြင့် အာရုံပြု၏။ ဥဒ္ဓစ္စသည် ပျံ့လွင့်ခြင်း၊ မငြိမ်သက်ခြင်းဖြင့် အာရုံပြု၏၊

မဟာကုသိုလ် ဝိပါကယုတ်သည် အသက္ကုန်စွမ်းဖြင့် ဒါနပြု၊ ဆင်ခြင်၊ တရားနာ စသောအခါ ကာမာဝစရကို အာရုံပြု၏။ လွန်ခဲ့ပြီးသော ဈာန်ကိုဆင်ခြင်သောအခါ မဟဂ္ဂုတ်ကို အာရုံပြု၏။ ကသိုဏ်း ပရိကံစသည် ပြုသောအခါ ပညတ်ကို အာရုံပြု၏။ ဤကား ပုထုဇဉ် သေက္ခနှင့်ဆိုင်၏။ ရဟန္တာ၏ မဟာကြိယာဝိပါကယုတ်လည်းထိုအတူပင် အာရုံပြု၏။

ဉာဏသမ္ပယုတ် မဟာကုသိုလ်၊ အဘိညာဉ်ကုသိုလ် အားဖြင့် ငါးခု—အရဟတ္တမဂ်ဖိုလ် ကြဉ်သော အာရုံ ၆-ပါး အာရုံပြုရာ၌ ရဟန္တာ၏မဂ်စိတ်၊ ဖိုလ်စိတ်ကို ရဟန္တာချင်းသာ မဟာကြိယာသမ္ပယုတ်ဖြင့် အာရုံပြုနိုင်သည်။ အနာဂါမ်သော်လည်း မဟာကုသိုလ်သမ္ပယုတ်ဖြင့် အာရုံမပြုနိုင်။ ထို့ကြောင့် ထိုအာရုံ၌ အရဟတ္တမဂ်ဖိုလ် ကြဉ်သည်။

ပုထုဇဉ်သည် အရိယာ၏ ပါဠိပုဂ္ဂလိက မဂ်စိတ်၊ ဖိုလ်စိတ်ကို အာရုံမပြုနိုင်၊ လောကီ စိတ်ကိုသာ အာရုံပြုနိုင်သည်၊ အောက်အောက် အရိယာလည်း အထက်အထက် အရိယာ၏ ပါဠိပုဂ္ဂလိကမဂ်စိတ်၊ဖိုလ်စိတ်ကို အာရုံမပြုနိုင်၊ လောကီစိတ်ကိုသာ အာရုံပြုနိုင်သည်။

ပုထုဇဉ် သေက္ခ၏ မဟာကုသိုလ်သမ္ပယုတ်သည် သက္ကုန်စွမ်းဖြင့် ဒါနပြု-စသောအခါ ရှေးအတိတ်ကာမကို အာရုံပြု၏၊မဟဂ္ဂုတ်ကိုအာရုံပြု၏၊ပညတ်ကို အာရုံပြု၏၊ဂေါတြဘူ၊ဝေါဒါန်အခါ နိဗ္ဗာန်ကို အာရုံပြု၏။ သေက္ခ၏ မဟာ ကုသိုလ် သမ္ပယုတ်ကား မိမိမဂ်ဖိုလ်၊သူတပါးမဂ်ဖိုလ်ကို အာရုံပြု၏။

ဉာဏသမ္ပယုတ် မဟာကြိယာ၊ အဘိညာဉ်ကြိယာ၊ ဝုဋ္ဌော အားဖြင့်ခြောက်ခု အကြွင်းမဲ့ အာရုံခြောက်ပါး အာရုံပြုရာ၌ မဟာကြိယာ သမ္ပယုတ်သည် သဗ္ဗညုတ ဉာဏ်စွမ်းဖြင့် ဖြစ်သောအခါအလုံးစုံကို အာရုံပြု၏။ထိုထိုကြိယာ အဘိညာဉ်လည်း အလုံးစုံကိုအာရုံပြု၏။ ဝုဋ္ဌော-မနောဒွါရာ ဝဇ္ဇန်းကား ထိုထို ဇောတို့၏

ရွှေ့နိုင်ဖြစ်၍ သဗ္ဗညုတ ဉာဏ်တော်၏ ရွှေ့နိုင်ဖြစ်သောအခါ အလုံးစုံပင် အာရုံပြု၏။ အရောကျယ်သောကြောင့် ဆင်ပြောင်ကြီးနှင့်တူသောစိတ်ဖြစ်၏။

ကာမာ ဝစရကို အဘယ့်ကြောင့် ပရိတ္တဟု ခေါ်သနည်း?၊ ပရိ-ထက်ဝန်းကျင်မှ+အတ္တံ-ပိုင်းဖြတ် အပ်သောကြောင့် ပရိတ္တမည်၏။မဟဂ္ဂုတ် လောကုတ္တရာတို့ကို ထောက်လျှင် အလွန်နည်းသော အာနုဘော်ရှိသောကြောင့် ပိုင်းဖြတ်ခံရသည်နှင့် တူ၏။ ပရိသမန္တတော အတ္တံ-ခဏ္ဍိတံ ဝိယာတိ-ပရိတ္တံ။ပရိ၊ အာ၊ ဒါ-အဝခဏ္ဍနေ+တ။

## ဥါရဝိမုတ်အာရုံမှတ်ဘွယ်

ဥါရဝိမုတ်အာရုံသည် အာဝဇ္ဇန်း၏ အာရုံကဲ့သို့ အသစ်မဟုတ်၊ အတိတ်ဘဝ မရဏာသန္နဇော ယူပြီးသော အာရုံဟောင်းဖြစ်၏။ ပစ္စုပ္ပန်သက်သက်၊ တေကာလိက သက်သက်မဟုတ်၊ ဒွေကာလိကနှင့် ကာလဝိမုတ်ဖြစ်၏။ ဖြစ်ပြီးအာရုံ၊ ခံစားပြီးအာရုံ၊ ထင်ဆဲအာရုံသာဖြစ်သောကြောင့် အနာဂတ်လည်းမဟုတ်။

ဤဥါရဝိမုတ် အာရုံသည် အာဂမသိဒ္ဓိ ဝေါဟာရမှမလွတ်။ "ဤဥကုသိုလ်ကံ အကုသိုလ်ကံသည် အာဂမမည်၏။အာဂမမည်သောကံကြောင့် ဖြစ်သောကံ,ကမ္မနိမိတ်, ဂတိနိမိတ်ဟူသော အမည်သည် အာဂမသိဒ္ဓိ ဝေါဟာရမည်၏"။ ။ထိုတွင်ဥဒ္ဒိဋ္ဌကြည့်သော အကုသိုလ် စေတနာ ၁၁၊ မဟာကုသိုလ် စေတနာ ဂ-သည်ကံဖြစ်၏၊ စေတသိက်ဓမ္မာရုံ၊ အတိတ်၊ မနောဒွါရဂ္ဂဟိတဖြစ်၏။ ကာမပဋိသန္ဓေ၊ ဘဝင်၊ စုတိ-အားထင်၏။ (မဟဂ္ဂုတ်ကံသည် မဟဂ္ဂုတ်ပဋိသန္ဓေ, ဘဝင်,စုတိအားမထင်။)

ပဋိသန္ဓေကို ဖြစ်စေတတ်သောကံ၏ အာရုံသည် ကမ္မနိမိတ်မည်၏၊ အာရုံ ခြောက်ပါး ဖြစ်၏။ ပစ္စုပ္ပန်အချို၊ အတိတ် အချို၊ ကာလဝိမုတ် အချိုဖြစ်၏။ ဆဒွါရဂ္ဂဟိတ ဖြစ်၏။ ကာမ၊ရူပ၊အရူ

၂(ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊)အားထင်၏။ ဤ၌ပဉ္စဒွါရ အချို့သည် အာရုံခြောက်ပါး။ဆဋ္ဌဒွါရဂ္ဂဟိတ၊ကာမပဋိသန္ဓေ၊ဘဝင်၊စုတိအား ထင်၏။ အတိတ်အချို့သည် အာရုံခြောက်ပါး၊ မနောဒွါရဂ္ဂဟိတ ကာမ ပဋိသန္ဓေ၊ ဘဝင်၊ စုတိအားထင်၏။ အတိတ် အချို့သည် မဟဂ္ဂုတ်စိတ် (အာကာသာနဉ္စာ ယတန၊ အာကိဉ္စညာ ယတန၊) ခမ္မာရုံ။ မနောဒွါရဂ္ဂဟိတ။ ဝိညာဏဉ္စာယတန၊ နေဝသညာနာ သညာယတနအားထင်၏။ ကာလဝိမုတ်အချို့သည် ပညတ်ဓမ္မာရုံ၊ မနောဒွါရဂ္ဂဟိတ။ ရူပ၊ အာကာသာနဉ္စာယတန၊ အာကိဉ္စညာယ တန အားထင်၏။

လားရာဂတိ၌ရှိသော အာရုံသည် ဂတိနိမိတ်မည်၏။ ရူပါရုံ။ ပဉ္စဒွါရ။ မနောဒွါရဂ္ဂဟိတ။ ကာမအားထင်၏။

## ယေဘုယျမှတ်ဘွယ်

အသညသတ်မှ စုတေသော သူတို့၏ ပဋိသန္ဓေအာရုံသည် အတိတာနန္တရ ဘဝ ဆဋ္ဌဒွါရဂ္ဂဟိတ မဟုတ်။ ရှေးရှေးဘဝ အပ ရာ ပရိယ ကံစွမ်းဖြင့် ထင်သည်။ ထိုကံသည်ပင် အခွင့်ရ၍ ပဋိ သန္ဓေ ကိုလည်း ဖြစ်စေသည်။ တပါးသော ဘုံမှ စုတေသော သူတို့၏ ပဋိသန္ဓေအာရုံကား အတိတာနန္တရဘဝ ဆဋ္ဌဒွါရဂ္ဂဟိတ ဖြစ်သည်။ ထို့ကြောင့် ယေဘုယျေန-ဟုဆိုသည်။

အပရာပရိယကံစွမ်းဖြင့် ထင်သောအာရုံသည် ထိုကံပြုရာဘဝ ၌ ဒွါရတခုခုဖြင့်ယူပြီးပင်မဟုတ်လော၊ကံနှင့်ကမ္မနိမိတ်သည် ဒွါရ တခုခုဖြင့် ယူပြီးဟုတ်၏။ ဂတိနိမိတ်ကား ယူပြီး မဟုတ်။ ဤကား စကားတုံ့ပြန်၍ဖြေသော ပဋိဝစန ပရိဟာရတည်း။ (ဂတိနိမိတ် ဟူသည် သေခါနီး အခါ၌သာထင်သည်။ ကံပြုစဉ်မထင်။)

တနည်းကား။ မရဏာသန္နဇော ယူသော အာရုံကိုရည်၍ ဤနေရာ၌ ဆဋ္ဌဒွါရဂ္ဂဟိတ ဟုဆိုသည်။ ကံပြုစဉ် ဒွါရတခုခုဖြင့် ယူသည်ကို ဆဋ္ဌဒွါရဂ္ဂဟိတ-ဟု ဆိုသည်မဟုတ်။ ဤကားပယ်၍ ဖြေသော ပဋိက္ခေပ ပရိဟာရတည်း။

နနဝတ္တပ္ပံ၊ သစ္စ—ခံ၍ဖြေမှု-အဘျူပဂမ ပရိဟာရမည့်၏။ ပရိဟာရသုံးမျိုးရှိသည်၊ ဤနှစ်မျိုးဖြင့် ဖြေသည်။

## ဝတ္ထုသင်္ဂဟမှတ်ဘွယ်

ဝတ္ထုသင်္ဂဟ၌ဝတ္ထုရုပ်ခြောက်ပါးဖြင့်စိတ်,စေတသိက်တို့ကို ဝေဘန်သည်။ ဤရုပ်တို့သည် စိတ်,စေတသိက်တို့၏ နေရာဖြစ်သောကြောင့် ဝတ္ထုမည်၏။

ပသာဒ်ငြွေ အားလုံးပြည့်စုံသော သူတို့သည် ကာမဘုံ၌သာ ဖြစ်ကုန်၏။ ထို့ကြောင့် ကာမဘုံ၌ ဝတ္ထုရုပ်အားလုံးရသည်။

ဗြဟ္မာတို့အား ဘာဝနာစွမ်းဖြင့် ကာမရာဂမရှိ၊ ကာမရာဂ အမြဲအားပေးသော ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗတို့၌ တပ်ခြင်းမရှိသဖြင့် ဃာနာဒိတ္တယ၌လည်း တပ်ခြင်းမရှိ။ စက္ခုသောတတို့၌ ကား ဘုရားဖူးခြင်း၊ တရားနာခြင်းငှါသာလျှင် တပ်ခြင်းရှိ၏။

အရူပဗြဟ္မာတို့အား ဘာဝနာစွမ်းဖြင့် ရုပ်အားလုံး၌ တပ်ခြင်း မရှိ။ ထို့ကြောင့် ဝတ္ထုရုပ်မရ။

လေးဆဲ့သုံးပါးသော စိတ်သည် အဘယ်ကြောင့်ဝတ္ထုရုပ်ကို အမြဲမှီသနည်း။အရူပဘုံ၌ မဖြစ်ခြင်းကြောင့်တည်း။ ရှေ့ဦးအံ့၊ ပဥ္စဝိညာဏ်၊ သမ္ပဋိစ္ဆန၊ မနောဓာတ်အားဖြင့် ၁၆—ခုတို့သည်အရူပဘုံ၌ ဖြစ်ရာပစ္စည်းဒွါရမရှိသောကြောင့် မဖြစ်ကုန်။ ပဋိသန္ဓေ, ဘဝင်,စုတိ, တဒါရုံ ကိစ္စတင်သော သန္တီရဏနှင့် မဟာဝိပါက် စိတ်ရှစ်ခုသည် အရူပဘုံ၌ မိမိ၏ပြုဘွယ် ကိစ္စမရှိသောကြောင့် မဖြစ်။ ဒေါသမူဒွေသည် အမြဲနိစ္စ နီဝရဏဖြစ်သောကြောင့် ရူပ ဘုံ၌ပင်မဖြစ်။ ပဌမ မဂ်သည် အရူပဘုံ၌ သူတပါး အသံကို မကြားရသောကြောင့် မဖြစ်။ တရားဟောသံကြားရမှ သောတာ ပတ္တိမဂ်ဖြစ်နိုင်သည်။ ဝါ-သယမ္ဘူပုဂ္ဂိုလ်တို့သည် လူ့ဘုံမှတပါး သောဘုံတို့၌ ဖြစ်သောကြောင့်အရူပဘုံ၌ ပဌမ မဂ်မဖြစ်။ဟာသိ တုပ္ပါဒ်သည် အရူပဘုံ၌ ရူပကာယမရှိသောကြောင့် မဖြစ်။ရူပ စိတ် ၁၅-ခုသည်ကသိုဏ်းရုပ်ကို (ဝါ-ရုပ်နှင့်တူသော ကသိုဏ်း

ပညပ်ကို)အာရုံပြုသောကြောင့် အရူပဘုံ၌မဖြစ်။ မိမိမကြိုက်သော ရုပ်ကိုအာရုံပြုသောကြောင့် လက်မခံဟူလို။ ဤသို့လေးဆဲ့သုံးပါးသောစိတ်သည် အရူပဘုံ၌ မဖြစ်ခြင်းကြောင့် ပဥ္စဝေါ ကာရ၌ ဝတ္ထုရုပ်ကို အမြဲမှီသည်။

ပကိဏ်းပိုင်းအရသာပြီး၏။

## ၄-ဝီထိပိုင်း

ဤသို့ စိတ်စေတသိက်တို့၏ ပကိဏ္ဏက သင်္ဂဟကို ပြပြီး၍ ယခုအခါ ဘုံအပြား ပုဂ္ဂိုလ်အပြားဖြင့်လည်း မှတ်အပ်သော, ရှေးစိတ် နောက်စိတ်တို့ဖြင့်လည်းမှတ်အပ်သော,ပဋိသန္ဓေပဝတ္တိ နှစ်ပါးတို့တွင် ပဝတ္တိအခါ၌သာဖြစ်သောကြောင့် ပဝတ္တိသင်္ဂဟ လည်းမည်သော, ဝီထိသင်္ဂဟကိုအကျဉ်းအားဖြင့်ဆိုပေအံ့။

**ဆဆက္က။** ။ဤဝီထိသင်္ဂဟ၌ ဝတ္ထု ၆-ပါး၊ ဒွါရ ၆-ပါး၊ အာရုံ ၆-ပါး၊ဝိညာဏ် ၆-ပါး၊ဝီထိ ၆-ပါး၊ဝိသယပဝတ္တိ၆-ပါး၊ ဤသို့၆-ပါး ၆-ခုသိအပ်၏။ ။ဝီထိမုတ်စိတ်တို့၏ဝိသယပဝတ္တိ ကား (၆-ပါးမဟုတ်) ကံ၊ကမ္မနိမိတ်၊ဂတိနိမိတ်စွမ်းဖြင့် သုံးပါး ဖြစ်၏၊ဝတ္ထု၊ ဒွါရ၊ အာရုံတို့သည် ဆိုပြီးသော နည်းရှိကုန်ပြီ။

စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိ ညာဏ်၊ကာယဝိညာဏ်၊မနောဝိညာဏ်-ဤကားဝိညာဏ်၆-ပါး တည်း။

စက္ခုဒွါရဝီထိ၊ သောတဒွါရဝီထိ၊ ဃာနဒွါရဝီထိ၊ ဇိဝှါဒွါရ ဝီထိ၊ ကာယဒွါရဝီထိ၊ မနောဒွါရဝီထိ-ဤကားဒွါရစွမ်းဖြင့်ဝီထိ ၆-ပါးတည်း။ စက္ခုဝိညာဏဝီထိ၊ သောတဝိညာဏဝီထိ၊ ဃာန ဝိညာဏဝီထိ၊ ဇိဝှါဝိညာဏဝီထိ၊ ကာယဝိညာဏဝီထိ၊ မနော ဝိညာဏဝီထိ-ဤကား ဝိညာဏ်စွမ်းဖြင့် ဝီထိ ၆-ပါးတည်း။ ။ ခြောက်ဒွါရ၌ ဖြစ်သောစိတ်ဖြစ်စဉ်သည် ဝီထိမည်၏။ တဆဲ့ တကိစ္စရှိ၏။ခြောက်ဒွါရမှ လွတ်သောစိတ်ဖြစ်စဉ်သည် ဝီထိမုတ် မည်၏။သုံးကိစ္စရှိ၏။

ဝိသယ ပဝတ္တိကား ပဉ္စဒွါရ၌ အတိမဟန္တာရုံ၊ မဟန္တာရုံ၊ ပရိတ္တာရုံ၊ အတိပရိတ္တာရုံဟု လေးပါး၊ မနောဒွါရ၌ ဝိဘူတာရုံ၊ အဝိဘူတာရုံဟု နှစ်ပါး။ ဤသို့ခြောက်ပါးဖြစ်၏။

အာရုံတို့၏+ဒွါရတို့၌ ဖြစ်ခြင်းသည် ဝိသယ+ပဝတ္တိမည်၏။ ဝါ-အာရုံတို့၌+စိတ်တို့၏ ဖြစ်ခြင်းသည် ဝိသယ+ပဝတ္တိမည်၏။

ဝိသယပဝတ္တိဖြစ်ပုံကား၊ ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏအားဖြင့် ခဏငယ်သုံးခုအပေါင်းသည် စိတ်တခု၏ခဏမည်၏၊ စိတ္တက္ခဏ ၁၇-ချက်ခန့်၊ ဝါ၊ ခဏငယ် ၅၁-ချက်ခန့်ကာလသည် ရုပ်သက်မည်၏။ ဝါ၊ ဝိညပ်ဒွေ၊ လက္ခဏာရုပ် လေးချဉ်သော ၂၂-ပါးသော ရုပ်တို့၏ အသက်မည်၏။

ဝိညပ်ဒွေကား ဥပါဒ်တချက်၊ ဌီတချက်၊ ဘင်တချက်၊ သုံးချက်၊ လက္ခဏာရုပ်တို့တွင် ဥပစယသည် ဥပါဒ်တချက်၊ သန္တတိသည် ဥပါဒ်တချက်၊ ဇရတာသည် ဌီ၄၉-ချက်၊ အနိစ္စတာသည်ဘင် တချက်၊ ကြွင်းရုပ် ၂၂-ခုကား ဥပါဒ်တချက်၊ ဌီ၄၉-ချက်၊ ဘင်တချက်၊ ပေါင်း ၅၁-ချက်။

**ကာမဇောဝါရ**။ ။ပဉ္စာရုံတို့သည် စိတ္တက္ခဏာတချက်ခန့်ဖြစ်စေ၊ နှစ်ချက်၊ သုံးချက်၊ လေးချက်၊ ငါးချက်၊ ခြောက်ချက်၊ ခုနစ်ချက်၊ ရှစ်ချက်၊ ကိုးချက်၊ ဆယ်ချက်၊ ဆဲ့တချက်၊ ဆဲ့နှစ်ချက်၊ ဆဲ့သုံးချက်၊ ဆဲ့လေးချက်၊ ဆဲ့ငါးချက်ခန့်ဖြစ်စေ၊ လွန်၍ ရုပ်ဌီအဖြစ်သို့ ရောက်မှသာလျှင် ငါးဒွါရ၌ ထင်ခြင်းသို့ ရောက်ကုန်၏။

**အတိမဟန္တာရုံ**။ ။ထိုကြောင့်စိတ္တက္ခဏာတချက်လွန်သော ရူပါရုံသည်စက္ခုပသာဒအားထင်ခြင်းသို့ရောက်သည်ဖြစ်အံ့၊ ထို အခါ၊(ရှေးကံ၊ ကမ္မနိမိတ် ဂတိနိမိတ် အာရုံ၌သာ)နှစ်ကြိမ်ဘဝင် လှုပ်၍ ဘဝင်စိတ်သည်ပင် ဘဝင်အရှိန်ကို ဖြတ်သကဲ့သို့ဖြစ်၍ ဘဝင် ပြတ်သွား၏။ ဘဝင်ပြတ်ခြင်းကြောင့် ထိုထင်သော ရူပါရုံကို ဆင်ခြင်တတ်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် တကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင်စိတ်၏ အခြားမဲ့၌ ထိုရူပါရုံကို မြင်တတ်သော

စက္ခုဝိညာဏ်၊ လက်ခံတတ်သောသမ္ပဋိစ္ဆိုင်း၊ ရုံစမ်းတတ်သော သန္တီရဏ၊ကောင်းစွာ မှတ်တတ်သော ဝုဋ္ဌောဟု အစဉ်အတိုင်း တကြိမ်စီဖြစ်၍ချုပ်၏။ ထိုနောင် ကာမဇောတချက် သုံးဆယ် တို့တွင် အကြောင်း အားလျော်စွာ တခုခုသည် (ဝါ-နှလုံးသွင်း ကောင်းလျှင် ကုသိုလ်ဇောသည်၊ မကောင်းလျှင် အကုသိုလ်ဇော သည်၊ ရဟန္တာသန္တာန်ဖြစ်လျှင် ကြိယာဇောသည်၊) များသော အားဖြင့် ခုနစ်ကြိမ် ပြေးသွားသကဲ့သို့ ဇောစော၏၊ ထိုနောင် ထိုက်သည် အားလျော်စွာ (ဝါ-ကာမဇော၊ ကာမသတ္တဝါ၊ကာမ အာရုံဖြစ်လျှင်)ဇော၏နောက်လိုက် တဒါရုံလည်းနှစ်ကြိမ်ဖြစ်၏။ ထိုနောင်ဘဝင်ကျ၏။(ရူပပုဂ္ဂိုလ်တို့အား ဤဝီထိ၌ တဒါရုံမကျ၊ အရူပပုဂ္ဂိုလ်တို့အား လုံးလုံးမဖြစ်။)

ဤမျှဖြင့် ဝီထိစိတ် ၁၄-ခု၊ ဘဝင်စလန ၂-ခု၊ အတိတဘဝင် တခုအားဖြင့် စိတ္တက္ခဏ ၁၇-ချက်(ခဏငယ် ၅၁-ချက်)ပြည့်၏။ ထိုနောင် ထိုထင်သော ရူပါရုံသည် ချုပ်၏။ဤရူပါရုံသည် အလွန် များသော ဝီထိစိတ်ရှိသောကြောင့် အတိမဟန္တာရုံမည်၏။ (ဤ၌ ဒုတိယဘဝင်စလနသည် ဘဝင်ုပစ္ဆေဒလည်း မည်၏၊)

**မဟန္တာရုံ။** ။တဒါရုံနှစ်ကြိမ်ဖြစ်ခြင်းငှါ မလောက်အောင် စိတ္တက္ခဏ နှစ်ချက်၊ သုံးချက်ခန့် လွန်ပြီးမှ ထင်ခြင်းသို့ ရောက် သော ရူပါရုံသည် မဟန္တာရုံမည်၏။ဤမဟန္တာရုံ၌ ဇောနောင် ဘဝင်သာကျသည်၊တဒါရုံမကျ၊

**ပရိတ္တာရုံ။** ။ဇောခုနစ်ကြိမ်ဖြစ်ခြင်းငှါ မလောက်အောင် လေးချက်၊ ငါးချက်၊ ခြောက်ချက်၊ ခုနစ်ချက်၊ ရှစ်ချက်၊ ကိုး ချက်ခန့်လွန်ပြီးမှ ထင်သောရူပါရုံသည် ပရိတ္တာရုံမည်၏။ ဤ ပရိတ္တာရုံ၌ ဇောမဖြစ်ခြင်းကြောင့် ဝုဋ္ဌော နှစ်ကြိမ်ဖြစ်စေ၊ သုံးကြိမ်သာဖြစ်စေ၊ဖြစ်၏။ ထိုနောင် ဘဝင်ကျ၏။

**အတိပရိတ္တာရုံ။** ။ဝုဋ္ဌောနှစ်ကြိမ်မျှ ဖြစ်ခြင်းငှါ မလောက် အောင် ဆယ်ချက်၊ ဆဲ့တချက်၊ ဆဲ့နှစ်ချက်၊ ဆဲ့သုံးချက်၊

ဆဲ့လေးချက်၊ ဆဲ့ငါးချက်ခန့် လွန်ပြီးမှ ထင်သော ချုပ်လှုနီးသော ရူပါရုံသည် အတိပရိတ္တာရုံမည်၏။ ဤ အတိပရိတ္တာရုံ၌ ဘဝင် စလနနှစ်ကြိမ်သာ ဖြစ်သည်။ ဝိထိစိတ်မဖြစ်၊ ဝိထိစိတ်မဖြစ်ခြင်းကြောင့် ဒုတိယဘဝင်စလနသည် ဘဝင်္ဂုပစ္ဆေဒ မဖြစ်။ ဝိထိစိတ်ဖြစ်မှ ဘဝင်ပြတ်သည်၊ ဘဝင်္ဂုပစ္ဆေဒဖြစ်သည်။

ဤသို့ စက္ခုဒွါရ၌ ရူပါရုံသည် အတိမဟန္တာရုံစသော ဝိသယပဝတ္တိလေးပါး ဖြစ်သကဲ့သို့ သောတဒွါရ စသည်တို့၌လည်း သဒ္ဒါရုံ စသည် သည်လေးပါးစီဖြစ်၏။ ပဉ္စဒွါရ၌ ဝိထိစိတ်သည် တဒါရုမ္မဏဝါရ၊ ဇဝနဝါရ၊ ဝေါဋ္ဌဗ္ဗနဝါရ၊ မောဃဝါရဟု လေးဝါဒဖြစ်၏။ ထိုဝိသယပဝတ္တိ လေးပါးသည် ထိုဝါရလေးပါး၏ အစဉ်အတိုင်း အာရုံဖြစ်၏။ ဝါ-အကြောင်းဖြစ်၏။

ပဉ္စဒွါရ၌ ထိုက်သည်အားလျော်စွာ ဝိထိစိတ်တို့သည် ၇-လုံး၊ ဝါ-၇-ကိစ္စ၊ ၁၄-ကြိမ်၊ စိတ်ကျယ် ၅၄-ဖြစ်၏၊ ကိစ္စကျယ် ၁၁-ဖြစ်၏။

ပဉ္စဒွါရဝိထိစိတ်ဖြစ်နည်းပြီး၏။

---

[မနောဒွါရိက စိတ်၏ အာရုံသည် ပစ္စုပ္ပန်၊ အတီတ်၊ အနာဂတ်၊ ကာလဝိမုတ်အာရုံခြောက်ပါးလုံး ဖြစ်သောကြောင့် အတိမဟန္တစသည်ဖြင့် မမှတ်သားနိုင်၊ ဝိဘူတ၊ အဝိဘူတဖြင့်သာ ထိုအာရုံခြောက်ပါးကိုမှတ်သည်။]

**ဝိဘူတာရုံ။** ။မနောဒွါရ၌ ဝိဘူတ-ပါကဋ ထင်ရှားစွာ ဖြစ်၍အာရုံခြောက်ပါးထင်ခြင်းသို့ရောက်သည်ဖြစ်အံ့၊ ထိုမှနောက်၌ ဘဝင်စလနနှစ်ကြိမ်၊ မနောဒွါရာဝဇ္ဇန်းတကြိမ်၊ ကာမဇော ခုနစ်ကြိမ်၊ တဒါရုံနှစ်ကြိမ်ဖြစ်၏။ ထိုနောင်ဘဝင်ကျ၏။

**အဝိဘူတာရုံ။** ။အဝိဘူတ-အပါကဋ မထင်မရှား ဖြစ်၍ ထင်သော အာရုံခြောက်ပါး၌ကား ဇောနောင် ဘဝင်သာကျသည်၊ တဒါရုံမကျ။

မနောဒွါရ၌ ဝိထိစိတ်သုံးလုံး၊ ဝါ-သုံးကိစ္စ၊ ဆယ်ကြိမ်။ စိတ်ကျယ် ၄၁။ ကိစ္စကျယ်သုံးကိစ္စဖြစ်၏။

ကာမဇောဝါရပြီး၏။

---

**အပ္ပနာဇောဝါရ။** ။အပ္ပနာဇောဝါရ၌ ဝိဘူတာရုံ၊ အဝိဘူတာရုံအပြားမရှိ၊ ဝိဘူတာရုံချည်းသာဖြစ်၏၊ တဒါရုံကျခြင်းလည်းမရှိ။

အပ္ပနာဇောကျပုံကား ဥာဏသမ္ပယုတ် ကာမကုသိုလ်၊ ကြိယာဇော ရှစ်ခုတို့တွင် တခုခုသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ-ဟုဒန္ဓာဘိညာ ပုဂ္ဂိုလ်အား လေးကြိမ်၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟုခိပ္ပါဘိညာ ပုဂ္ဂိုလ်အား သုံးကြိမ် အစဉ်အတိုင်းဖြစ်၏။ ငါးကြိမ်မြောက်၊ လေးကြိမ်မြောက်၌ မဟဂ္ဂုတ်၊ လောကုတ္တရာဇော ၃၇-ခုတို့တွင် သမထပွါးသူအား မဟဂ္ဂုတ်ဇောသည်၊ ဝိပဿနာပွါးသူအား လောကုတ္တရာဇောသည် အပ္ပနာဝိထိအမျိုးမျိုးသို့သက်၏။ အပ္ပနာဇောအဆုံး၌ ဘဝင်သာကျသည်၊ ကာမဇောပြန်မကျ။ (အချို့ကား လောကီ ပဉ္စမအပ္ပနာဇော နောင် ကာမဇော ပြန်ကျသေးသည်ဟု ဆိုကုန်သတတ်။)

အပ္ပနာဝိထိဖြစ်ပုံကား ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟု လေးကြိမ်၊ ဝါ-ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟုသုံးကြိမ်ဖြစ်၍ အာဒိကမ္မိက ဝိထိဖြစ်အံ့၊ မဟဂ္ဂုတ်ဇောတကြိမ်စော၍ ဘဝင်ကျ၏၊ သမာပတ္တိနဝိထိဖြစ်အံ့၊ မဟဂ္ဂုတ်ဇောအကြိမ်များစွာ စော၍ ဘဝင်ကျ၏။ မဂ္ဂဝိထိဖြစ်အံ့၊ မဂ်ဇောတကြိမ်၊ ဖိုလ်ဇောနှစ်ကြိမ်၊ သုံးကြိမ် စော၍ ဘဝင်ကျ၏၊ ဖလသမာပတ္တိဝိထိဖြစ်အံ့၊ ဖိုလ်ဇောအကြိမ်များစွာစော၍ ဘဝင်ကျ၏၊ အမျိုးအားဖြင့် လေးမျိုး၊ အကျယ်အားဖြင့် မန္တ၊ တိကစ္စစွမ်းဖြင့် အာဒိကမ္မိက ဝိထိ ၃၆။ သမာပတ္တိနဝိထိ ၃၆။(ဝါ-မဟဂ္ဂုတ်ဝိထိ ၇၂။) မဂ်ဝိထိ ၄၀။ ဖိုလ်ဝိထိ ၄၀။ ပေါင်း ၁၅၂-ဝိထိဖြစ်၏။

H,224.12 [ဟံသာဝတီမှု]

တိဟိတ်ကာမဇော ရှစ်ခုနှောင် အပ္ပနာဇော ၅၈-ခုကျရာ၌ သောမနဿနှောင် သောမနဿသာ ကျသည်၊ ဥပေက္ခာနှောင် ဥပေက္ခာသာကျသည်၊ ဝေဒနာတူသော်လည်း ကုသိုလ်နှောင် ကုသိုလ်လည်းကျသည်၊ အောက်မိုလ်လည်းကျသည်၊ ကြိယာ နှောင်ကြိယာလည်းကျသည်၊ အရဟတ္တမိုလ်လည်းကျသည်။

သောမနဿကုသိုလ်နှောင် ၃၂-ကျသည်။ ဝါ-မဟဂ္ဂုတ် ကုသိုလ် ၄+ကြိယာ-၀+မဂ် ၁၆+မိုလ် ၁၂-ပေါင်း ၃၂-ကျ သည်၊ဥပေက္ခာကုသိုလ် နှောင် ၁၂-ကျသည်၊(၅+၀+၄+၃။) သောမနဿ ကြိယာ နှောင် ၈-ကျသည်၊ (၀+၄+၀+၄။) ဥ ပေက္ခာကြိယာနှောင် ၆-ကျသည်၊(၀+၅+၀+၁+)။

ပုထုဇဉ်၊သေက္ခတို့အား တိဟိတ်ကာမကုသိုလ် ဇောနှောင်သာ အပ္ပနာကျသည်၊ (ဝါ-၄၄-ကျသည်၊ ကုသိုလ်နှောင် ကုသိုလ်၊ အောက်မိုလ်အတိုင်းပင်တည်း။) ရဟန္တာတို့အား တိဟိတ်ကာမ ကြိယာဇောနှောင်သာ အပ္ပနာကျသည်။ (ဝါ-၁၄- ကျသည်၊ ကြိယာနှောင်ကြိယာ၊ အရဟတ္တမိုလ်အတိုင်းပင်တည်း။)

မနောဒွါရဝီထိစိတ်ဖြစ်နည်းပြီး၏။

[ဝီထိတို့သည် အတိမဟန္တာ ရုံတဝီထိ၊ မဟန္တာရုံနှစ်ဝီထိ၊ ပရိတ္တာရုံ ၆-ဝီထိ၊ အတိပရိတ္တာရုံ ၆-ဝီထိအားဖြင့် စက္ခုဒွါရ ဝီထိ ၁၅။ သောတဒွါရဝီထိ- ၁၅-ဃာနဒွါရဝီထိ၁၅-ဇိဝှါဒွါ ရဝီထိ ၁၅-ကာယဒွါရဝီထိ ၁၅၊ဤသို့ ပဉ္စဒွါရဝီထိ၇၅-ဖြစ်၏။

မနောဒွါရ၌ ဝိဘူတာရုံငါးဝီထိ၊ အဝိဘူတာရုံနှစ်ဝီထိ၊တနည်း၊ ဝိဘူတာရုံတဝီထိ၊အဝိဘူတာရုံတဝီထိ၊ မနောဒွါရာဝဇ္ဇန်းနှစ်ကြိမ်၊ သုံးကြိမ်မှကျသော အဗျာကတဝီထိခေါ် အိပ်မက်တဝီထိအားဖြင့် ကာမဇ္ဈသယ်ဝီထိဖြစ်၏။

ရူပဇ္ဈ ၄၀၊ အရူပဇ္ဈ ၃၂။ (ဝါ-မဟဂ္ဂုတ် ၇၂-ဝီထိ၊)လော ကုတ္တရာ၌ ဝီထိရှစ်ဆယ်နှင့် ၁၅၂-ဖြစ်၏၊ ပဉ္စဒွါရ ၇၅-မနောဒွါ ရ ၁၅၂-ပေါင်း ၂၂၇-ဖြစ်၏။]

**တဒါရုံမှတ်ခြင်း။** ။ခြောက်ဒွါရ၌ ခြောက်အာရုံ ထင်သောအခါ အနိဋ္ဌာရုံဖြစ်အံ့၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ တဒါရုံဟူသော ဝိပါက်တို့သည် အကုသလ ဝိပါက်သာ ဖြစ်ကုန်၏၊ (ဝါ-အကုသလဝိပါက်ခုနစ်ခုသာဖြစ်သည်။)

ဣဋ္ဌဟူသော ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်အံ့၊ ကုသလဝိပါက်သာဖြစ်ကုန်၏။ ကုသလဝိပါက် ၁၆-ခု တို့တွင်လည်း သန္တီရဏ၊ တဒါရုံသည် ဥပေက္ခာသာဖြစ်၏။ (ဝါ-၁၁--သာဖြစ်သည်။)အတိ ဣဋ္ဌာရုံဖြစ်အံ့-ကုသလ ဝိပါက်သာဖြစ်ကုန်၏။ ကုသလဝိပါက် ၁၆-တို့တွင်လည်း သန္တီရဏ တဒါရုံသည် သောမနဿသာ ဖြစ်၏။ (ဝါ-၁၁-သာဖြစ်သည်။)

အနိဋ္ဌာရုံ၌ ဥပေက္ခာတဒါရုံ ၁၊ မဇ္ဈတ္တာရုံ၌ ဥပေက္ခာတဒါရုံ ၅၊ အတိဣဋ္ဌာရုံ၌ သောမနဿ တဒါရုံ ၅။ ။တဒါရုံဝိပါက်သည်ကံ အဟုန်ကြောင့် ဖြစ်ခြင်းကြောင့်၊ အာရုံ အားလျော်စွာ မြဲသည်၊ မှန်သည်။

ကာမဇော ၂၉-ခုနှောင်တဒါရုံ ၉ကောဒသ ကျပုံကား သောမနဿ ကြိယာဇော ငါးခုနှောင် သောမနဿ တဒါရုံငါး ခုကျသည်။ (အတိဣဋ္ဌာရုံကို ချိန်သည်။) ဥပေက္ခာ ကြိယာဇော လေးခု နှောင် ဥပေက္ခာတဒါရုံ ခြောက်ခုကျသည်။ (အနိဋ္ဌာရုံ၊ မဇ္ဈတ္တာရုံကိုချိန်သည်။)

ဤ စကားနှစ်ရပ်သည် ဘုရားရဟန္တာနှင့်ဆိုင်သည်၊ ဝိပလ္လာသကင်းသောကြောင့် ဝိပါက်လည်း မှန်သည်၊ ဇောလည်း မှန်သည်။

ဒေါသဇော နှစ်ခု နှောင် ဥပေက္ခာ တဒါရုံ ခြောက်ခုသာ ကျသည်၊ ဘဝင်ကျလျှင်လည်း ထိုဥပေက္ခာ ဘဝင် ၆-ခုသာကျသည်။(အနိဋ္ဌာရုံ၊ မဇ္ဈတ္တာရုံကိုချိန်သည်၊ အတိဣဋ္ဌာရုံ ကျန်သေးသည်)ကြွင်းကာမဇော ၁၀-ခု နှောင် တဒါရုံ ၉ကောဒသကျသည်။ (အာရုံသုံးခုလုံးချိန်သည်။)

ဤစကားနှစ်ရပ်သည် ပုထုဇဉ်၊သေက္ခတို့နှင့်ဆိုင်သည်၊ဝိပလ္လာသ မကင်းသောကြောင့် ဇောမမှန်၊ဝိပါက်ကား ကံအဟုန်ကြောင့် မှန်သည်။

**ဝိပလ္လာသမှတ်ဘွယ်။** ။ဝိပလ္လာသသည်အနိစ္စ၊ဒုက္ခ၊အနတ္တ၊ အသုဘလေးပါး၌ နိစ္စ၊ သုခ၊ အတ္တ၊ သုဘ-ဟု ဖေါက်ပြန်သည်၊ မှတ်တတ်၊ ကြံတတ်၊ မြင်တတ်သောသညာ၊ စိတ္တ၊ဒိဋ္ဌိစွမ်းဖြင့် ၁၂ ပါးပြားသည်။

ထိုတွင် အနိစ္စ၌ နိစ္စဟူသော သညာ၊ စိတ္တ၊ဒိဋ္ဌိသုံးပါးကိုရင်း၊ အနတ္တ၌အတ္တဟု သုံးပါးကိုရင်း၊ဒုက္ခ၌ သုခဟု၊ အသုဘ၌ သုဘဟု ဒိဋ္ဌိနှစ်ပါးကိုရင်း ပဌမမဂ်ပယ်သည်၊ ဝါ၊ ဒိဋ္ဌိလေးပါး၊ အနိစ္စ၊ အနတ္တ၌ သညာနှစ်ပါး၊ စိတ္တနှစ်ပါး- ပေါင်း ရှစ်ပါးပယ်သည်။ ဝါ- ဒိဋ္ဌိအကုန်၊နိစ္စအကုန်၊အတ္တအကုန်ပယ်သည်။“ဒုက္ခ၊အသုဘ၌ သညာ, စိတ္တနှစ်ပါးစီဖြင့် လေးပါး ကျန်သည်။”

အသုဘ၌ သုဘဟု သညာ,စိတ္တနှစ်ပါးကို တတိယမဂ်ပယ် သည်။

ဒုက္ခ၌ သုခဟုသညာ, စိတ္တနှစ်ပါးကို စတုတ္ထမဂ်ပယ်သည်။

ထိုကြောင့် ဝိပလ္လာသသည် ပုထုဇဉ်၌ ၁၂၊ သောတာပန် ၄၊ သကဒါဂါမိ ၄၊ အနာဂါမိ ၂။ ရဟန္တာ၌မရှိ။)

**အာဂန္တုက ဘဝင်။** ။သောမနဿ ပဋိသန္ဓေ နေသူ အား ဒေါသဇောနောင် တဒါရုံမကျသည်ဖြစ်အံ့၊ ဝါ-သောမနဿ တဒါရုံ ကျထိုက်သော အာရုံဖြစ်လျက် မကျအံ့၊ (အတိဣဋ္ဌာရုံကို ချိန်သည်။) ထိုအခါ ယခုဘဝ၌ လေ့ကျက်ဘူးသော ကာမအာရုံ တခုခုကို အာရုံပြု၍ ဥပေက္ခာ သန္တီရဏသည် အာဂန္တုကဘဝင် အဖြစ်ဖြင့် တကြိမ်ဖြစ်၏။ထိုအာဂန္တုက ဘဝင်နောင်မူလ ပဋိ သန္ဓေ အားလျော်စွာ သောမနဿ ဘဝင်ကျသည်။ (သောမ နဿပဋိသန္ဓေ နေသူဖြစ်ခြင်း၊ ဒေါသဇောစောခြင်း။ ဥပေက္ခာ တဒါရုံမကျကောင်းသော အတိဣဋ္ဌာရုံဖြစ်ခြင်း၊ ဝါ-တဒါရုံ မကျ

ကောင်းသောအာရုံဖြစ်ခြင်း၊ ဤကားအာဂန္တုကဘဝင်ကျကြောင်း သုံးပါးတည်း။)

[ဘုရားကိုမြင်၍ တိဟိတ် ဒွေါသဖြစ်သောအခါ ဒွေါမနဿ ဇောနောင် သောမနဿ တဒါရုံ မကျကောင်း၊ အတိဣဋ္ဌာရုံ ဖြစ်၍ ဥပေက္ခာ တဒါရုံလည်း မကျကောင်း၊ ဈာန် လျောကျသော သူ ဈာန်အာရုံပြု၍ ဒွေါသဖြစ်သောအခါ မဟဂ္ဂုတ်အာရုံဖြစ်၍တဒါ ရုံမကျ။ ။ပညတ်အာရုံ၌လည်း တဒါရုံမကျ။ ။ မဟန္တာရုံ၊ အဝိဘူတာရုံ၌လည်း တဒါရုံမကျ။

ကာမဇောအဆုံး၌သာ, ကာမသတ္တဝါတို့အားသာ, ကာမအာ ရုံ၌သာ တဒါရုံကျခြင်းကို အလိုရှိကုန်၏။

ကာမဇော၊ကာမသတ္တဝါ၊ ကာမအာရုံသုံးပါးစုံမှသာ ဝိဘူတာ ရုံ၊ အတိမဟန္တာရုံတို့၌ တဒါရုံကျသည်။ မစုံလျှင် ဝိဘူတာရုံ၊ အ တိမဟန္တာရုံတို့၌လည်း တဒါရုံမကျ။ ။

တဒါရုံ မှတ်ခြင်းပြီး၏။

**ဇောမှတ်ခြင်း။** ။ကာမဇောတို့သည် ကာမဇော ဝီထိ တို့၌ ခုနစ်ကြိမ်၊ ခြောက်ကြိမ်စောကုန်၏၊ မရဏာသန္နစသော အခါတို့၌ငါးကြိမ်စောကုန်၏၊ ဝတ္ထုရုပ်အားနည်း၍ စိတ်အဟုန်ညံ့ သောကြောင့်တည်း၊ မုစ္ဆာကာလ-တွေဝေသော အခါ၌လည်း ငါးကြိမ်စောကုန်၏၊ ခြောက်ကြိမ်လည်းစောကုန်၏။

မြတ်စွာဘုရားရေမီးအစုံတန်ခိုးပြသောအခါတို့၌ လျင်စွာဖြစ် ခြင်းကြောင့်ပစ္စဝေက္ခဏာဇောတို့သည် လေ ကြိမ်၊ငါးကြိမ်စော ကုန်၏၊(အပ္ပနာဝီထိ၌ သုံးကြိမ်၊ လေးကြိမ်လည်း စောသော၏)

မဟဂ္ဂုတ်ဇော (၁၈-ခု) တို့သည် အာဒိကမ္မိကအား ဈာန်ဦးစွာ အပ္ပနာ၌တကြိမ်သာစော၍ဘဝင်ကျ၏။ သမာပတ္တိနှင့်အကြိမ်များ စွာစော၍ ဘဝင်ကျ၏။ အဘိညာဇောနှစ်ခုသည် အခါခပ်သိမ်း တကြိမ်သာစော၍ဘဝင်ကျ၏။

မဂ်ဇောတို့သည် မဂ္ဂဝီထိ၌ မဂ်ဇောတကြိမ်၊ ဖိုလ်ဇောနှစ်ကြိမ်၊ သုံးကြိမ်စော၍ဘဝင်ကျ၏၊ (ဖိုလ်ဝီထိ၌ ဖိုလ်ဇောအကြိမ်များစွာစော၍ဘဝင်ကျ၏။)

နိရောဓသမာပတ် ဝင်စားသောအခါ နေဝသညာ-နာသညာယတနကုသိုလ်၊ ကြိယာဇောတို့သည် နှစ်ကြိမ်စော၍ နိရောဓသမာပတ်သို့ ရောက်၏၊ (ဝါ-စိတ်,စေတသိက်၊ စိတ္တဇရုပ်ချုပ်၍တိဇရုပ်မျှကြွင်း၏။)

နိရောဓမှ ထသောအခါ အနာဂါမ်အား အနာဂါမိ ဖိုလ်ဇောတကြိမ်စော၍ ဘဝင်ကျ၏။ ရဟန္တာအား အရဟတ္တဖိုလ်ဇောတကြိမ်စော၍ဘဝင်ကျ၏။

သမာပတ္တိဝီထိတို့၌မဟဂ္ဂုတ်ဈာန်ဇော၊ဖိုလ်ဇောတို့သည်ဘဝင်အယဉ်ကဲ့သို့ ပိုင်းခြားခြင်းမရှိ၊ အကြိမ်များစွာလည်းဖြစ်ကုန်၏။

ကာမဇောသည် အလွန်ဆုံးခုနစ်ကြိမ်သာ၊ မဂ်ဇော၊အဘိညာဇောတကြိမ်သာ၊ ကြွင်းသောဈာန်ဇော၊ ဖိုလ်ဇောအကြိမ်များစွာလည်းစော၏။

ဤကားဇောမှတ်ခြင်းတည်း။

[အလွန်ဆုံး ခုနစ်ကြိမ်၌ ကာမဇောသည်၊ ၃-ကြိမ်၊၄-ကြိမ်၊ ၅-ကြိမ်၊၆-ကြိမ်၊၇-ကြိမ်၊ဟု ငါးမျိုးသိရသည်။ အကြိမ်များစွာ၌လည်း၊မဟဂ္ဂုတ်ဇောသည်တကြိမ်၊နှစ်ကြိမ်၊ အကြိမ်များစွာဟုသုံးမျိုး။ ။ဖိုလ်ဇောသည်တကြိမ်၊နှစ်ကြိမ်၊သုံးကြိမ်၊အကြိမ်များစွာဟုလေးမျိုးသိရသည်။ ။နိရောဓ အခါနေဝသညာ နာသညာယတနမဟဂ္ဂုတ်ဇောနှစ်ကြိမ်နှင့်နိရောဓမှထသောအခါဖိုလ်ဇောတကြိမ်ကားတွေ့နိုင်ခဲသည်၊သတိသမ္ပဇဉ်ယှဉ်မှမြင်နိုင်မည်။]

**ပုဂ္ဂိုလ်ဘေဒ**ဝီထိစိတ်ရ။ ။ဝီထိစိတ် ၅၄ဆယ်တို့တွင် ဒွိဟိတ်၊ အဟိတ်တို့အား ကြိယာဇော၊အပ္ပနာဇောမရ၊(ဝါ-၃၅-မရ)။ ။ ဒွိဟိတ်၊ သုဂတိအဟိတ်တို့အား ဉာဏသမ္ပယုတ်ဝိပါက်လည်းမရ (ဝါ-၃၉-မရ)။ ။ဒုဂ္ဂတိအဟိတ်တို့အား ဉာဏဝိပ္ပယုတ် ဝိပါက်လည်းမရ(ဝါ-၄၃-မရ)။ ။

တိဟိတ်တို့တွင် ရဟန္တာတို့အား ကုသိုလ်ဇော၊ အကုသိုလ်ဇောမရ(ဝါ-၃၃-မရ)။ ။သေက္ခပုထုဇဉ်တို့အား ကြိယာဇောမရ(ဝါ–၁၈-မရ)။ ။သေက္ခတို့အား ဒိဋ္ဌိဂတသမ္ပယုတ်၊ ဝိစိကိစ္ဆာလည်းမရ (ဝါ-၂၃-မရ)။ ။အနာဂါမ်တို့အား ဒေါသဇောလည်းမရ၊(ဝါ-၂၅-မရ)။ ။

လောကုတ္တရာ ဇောတို့သည်လည်း လျော်စွာ အရိယာတို့အားသာ တခုစီ ဖြစ်ကုန်၏၊ဖြစ်သင့်သည် အား လျော်စွာ ရဟန္တာစိတ် ၄၄။ သေက္ခ ခုနစ်ယောက်စိတ် ၅၆။ ပုထုဇဉ်လေးယောက်စိတ် ၅၄။ ။ဤကားပုဂ္ဂိုလ်စွမ်းဖြင့်+ စိတ်ပြားခြင်းတည်း။ ဝါ-ပုဂ္ဂလ+ဘေဒတည်း။

---

**ဘုံဝီထိစိတ်ရ**။ ။ကာမဘုံ၌ ဝီထိစိတ်ရှစ်ဆယ်လုံးထိုက်သလိုရသည်။ ရူပဘုံ၌ ဒေါသမူဇော၊ တဒါရုံမရ (ဝါ ၁၃-မရ) အရူပဘုံ၌ ပဌမမဂ်၊ ရူပ၊ ဟသိတုပ္ပါဒ်လည်းမရ(ဝါ-၃၀-မရ)။ အောက်အောက် အရူပစိတ်လည်းမရ။

ထိုထိုဘုံ၌ ထိုထိုပသာဒ ကင်းသူတို့အား ထိုထိုဒွါရိက စိတ်မရ။ အသညသတ်၌ အခြင်းခပ်သိမ်း စိတ်ဖြစ်ခြင်းမရှိ။

ဝီထိစိတ်တို့သည် ထိုက်သလိုကာမဘုံ၌-၈၀၊ ရူပဘုံ၌ ၆၄၊အရူပဘုံ၌ ၄၂။ ။ဤကားဘုံစွမ်းဖြင့် + စိတ်ဝေဘန်ခြင်းတည်း၊ ဝါ ဘူမိ+ဝိဘာဂတည်း။

ဤသို့လျှင် ခြောက်ဒွါရ၌ ဝီထိစိတ်ဖြစ်ခြင်းသည် ဖြစ်သင့်သည့်အားသျော်စွာ ဘဝင်စိတ်ခြားကာ—ခြားကာ တသက်လုံးမပြတ်ဖြစ်၏။

---

## ပုဂ္ဂိုလ်ဝီထိစိတ်ရအကျယ်

ပုဂ္ဂိုလ်တို့သည် ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်၊ တိဟိတ်ဟု ပုထုဇဉ်လေးယောက်၊ မဂ်ပုဂ္ဂိုလ် လေးယောက်၊ ဖိုလ်ပုဂ္ဂိုလ် လေးယောက်ဟု—အရိယာပုဂ္ဂိုလ် ရှစ်ယောက်၊ဤသို့ ၁၂-ယောက်ရှိ၏။

ထိုတွင် ဒွိဂ္ဂတိအဟိတ်ပုဂ္ဂိုလ်အား အကုသိုလ်စိတ် ၁၂၊ ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် ၁၇။ မဟာကုသိုလ် ၈-အားဖြင့် ၃၇-ရသည်။သုဂတိအဟိတ်အား ပဝတ္တိအခါ မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄-နှင့် ၄၁-ရသည်၊ ဒွိဟိတ်အားလည်း ထို ၄၁-ရသည်။(ဒွိဟိတ်အား ပဋိသန္ဓေအခါလည်း ဉာဏဝိပ္ပယုတ် ၄-ချရသည်။) တိဟိတ်အား မဟာဝိပါက်ရှစ်နှင့် ၄၅-ရသည်။ ဈာန်ရလျှင် မဟဂ္ဂုတ်ကုသိုလ် ၉-နှင့် ၅၄-ရသည်။

မဂ်ပုဂ္ဂိုလ် လေးယောက်တို့အား တယောက်တမဂ် စီသာ ရသည်။

သောတာပန်အား ဒိဋ္ဌိ၊ဝိစိကိစ္ဆာ ကြဉ်သော အကုသိုလ် ၇၊ ဟသိတုပ္ပါဒ် ကြဉ်သောအဟိတ် ၁၇။ မဟာကုသိုလ် ၈၊မဟာဝိပါက်ရှစ်၊ မိမိသောတာပတ္တိဖိုလ် ၁-အားဖြင့် ၄၁-ရသည်။ ဈာန်ရလျှင်မဟဂ္ဂုတ်ကုသိုလ် ၉-နှင့် ၅၀-ရသည်။ ။သကဒါဂါမ်အား ထိုအတူမိမိဖိုလ်နှင့် ဈာန်မရ ၄၁၊ ဈာန်ရ-၅၀။ ။အနာဂါမ်အား ဒေါသမူကြဉ်၍ မိမိဖိုလ်နှင့် ဈာန်မရ-၃၉၊ ဈာန်ရ-၄၈။

ရဟန္တာအားအဟိတ် ၁၈၊မဟာဝိပါက် ၈၊ မဟာကြိယာ ၈၊ အရဟတ္တဖိုလ် ၁-အားဖြင့် ၃၅၊ ဈာန်ရလျှင် မဟဂ္ဂုတ်ကြိယာ ၉ နှင့် ၄၄-ရသည်။

ပုထုဇဉ်လေးယောက်……၃၇၊၄၁၊၄၁၊၄၅၊၅၄။

မဂ်ပုဂ္ဂိုလ်လေးယောက်……၁။၁။၁။၁။

ဖိုလ်ပုဂ္ဂိုလ် လေးယောက် ……၄၁-၅၀။ ၄၁-၅၀။ ၃၉-၄၈။ ၃၅-၄၄။

---

## ဘုံဝီထိစိတ်ရအကျယ်

အပါယ်လေးဘုံ၌ အကုသိုလ် ၁၂။ အဟိတ် ၁၇၊ မဟာကုသိုလ် ၈-အားဖြင့် ၃၇-စီရသည်။ ကာမသုဂတိ ခုနစ်ဘုံ၌-မဟဂ္ဂုတ်ဝိပါက်ကြဉ်၍ ဝီထိစိတ် ၈၀-စီရသည်။

ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပဆယ်ဘုံ၌ ဒေါသမူကြဉ်သောအကုသိုလ် ၁၀၊ ဃာနာဒိဆက္ကကြဉ်သော အဟိတ် ၁၂၊ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ မဟဂ္ဂုတ်ကုသိုလ် ၉၊ မဟဂ္ဂုတ်ကြိယာ၉။ မဂ် ၄၊ ဖိုလ်၄-အားဖြင့် ၆၄-စီ။ ။အသညသတ်၌ စိတ်မရ။ ။သုဒ္ဓါဝါသငါးဘုံ၌ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ပဋိဃကြဉ်သော အကုသိုလ် ၅၊ အဟိတ် ၁၂။ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ မဟဂ္ဂုတ်ကုသိုလ် ၉၊ မဟဂ္ဂုတ်ကြိယာ ၉၊ မဂ် ၁၊ ဖိုလ် ၂။အားဖြင့် ၅၄-စီ။

အာကာသာနဉ္စာယတနဘုံ၌ အကုသိုလ် ၁၀၊ မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊အရူပကုသိုလ် ၄၊ အရူပကြိယာ ၄၊ မဂ် ၃။ ဖိုလ် ၄-အားဖြင့် ၄၂-ရသည်။ ။ ဝိညာဏဉ္စာယတနဘုံ၌ အာကာသာနဉ္စာယတန နှစ်ချကြဉ်၍ ၄၀။ အာကိဉ္စညာယတနဘုံ၌ အာကာသာနဉ္စာယတန၊ဝိညာဏဉ္စာယတန လေးချကြဉ်၍ ၃၈။နေဝသညာနာသညာယတနဘုံ၌အာကာသာနဉ္စာယတန။ ဝိညာဏဉ္စာယတန အာကိဉ္စညာယတန၊ ခြောက်ချကြဉ်၍ ၃၆။ ။

ကာမ၌ ၃၇။ ၈၀။ ။ရူပ၌ ၆၄။၀။၅၄။ ။အရူပ၌-၄၂။ ၄၀။ ၃၈။ ၃၆။

---

## ဘုံပုဂ္ဂိုလ်ဝိထိစိတ်ရ

အပါယ် ၄-ဘုံ၌ ဒုဂ္ဂတိ အဟိတ်တယောက်စီ၄-ယောက်။ဝိထိစိတ် ၃၇-ရသည်။

လူ၊ စာတုမဟာ ရာဇ်နှစ်ဘုံ၌ ဒုဂ္ဂတိ အဟိတ်ကြဉ်၍ ၁၁-ယောက်စီ။ ၂၂-ယောက်။ စိတ်ရကား ၄၁၊ ၄၁၊ ၄၅-၅၄။ တမဂ်စီ၊ ၄၁-၅၀။ ၄၁-၅၀။ ၃၉-၄၈။ ၃၅-၄၄။

အထက်နတ်ငါးဘုံ၌ အဟိတ်ကြဉ်၍ ၁၀-ယောက်စီ။ ၅၀။ စိတ်ရသိနိုင်ရမည်။

ဗြဟ္မာဆယ်ဘုံ၌ ဒွိဟိတ်၊ အဟိတ်ကြဉ်၍ တိဟိတ်၉-ယောက်စီ။ ၉၀။ စိတ်ရကား ဈာန် မရသူမှ၍-၃၈။ တမဂ်စီ၊ ၃၄၊ ၃၄၊ ၃၄၊ ၃၀။

အသညသတ်၌ သုဂတိအဟိတ်တယောက်၊ စိတ်မရ။ ။သုဒ္ဓါဝါသငါးဘုံ၌ အရိယာပုဂ္ဂိုလ်သုံးယောက်စီ။ ၁၅-ယောက်၊ စိတ်ရကား၊ တမဂ်။ ၃၄၊ ၃၀။

အရူပလေးဘုံ၌ သောတာပတ္တိ မဂ္ဂဋ္ဌာန်ကြဉ်၍ တိဟိတ်ရှစ်ယောက်စီ၊ ၃၂-ယောက်။ စိတ်ရကား—အာကာသာနဉ္စာယတန ဘုံ၌၊ ၂၃၊ တမဂ်စီ။ ၁၉၊ ၁၉။ ၁၉၊ ၁၄။ ဝိညာနဉ္စာယတနဘုံ၌ ၂၂၊ တမဂ်စီ၊ ၁၈၊ ၁၈၊ ၁၈၊ ၁၃။ အာကိဉ္စညာယတန ဘုံ၌ ၂၁၊ တမဂ်စီ၊ ၁၇၊ ၁၇၊ ၁၇၊ ၁၂။ ။နေဝသညာ နာသညာယတန ဘုံ၌ ၂၀၊ တမဂ်စီ၊ ၁၆၊ ၁၆၊ ၁၆၊ ၁၁။

**ဝါကရား။** ။ကာမဘုံ၌ ၄ + ၂၂ + ၅၀။ ပေါင်း-၇၆-ယောက်။ ရူပဘုံ၌ ၉၀ + ၁ + ၁၅၊ ပေါင်း ၁၀၆-ယောက်။ အရူပဘုံ၌ ၃၂-ယောက်ဤ ၂၁၄-ယောက်ကိုပိဋကတ်သင်္ချာဖြင့် ပုဂ္ဂိုလ်အပြားဝါကရားဟုဆိုသည်။

ကအစရှိသော အက္ခရာကိုးလုံး၊ ဋ—စသောကိုးလုံး၊ ယ-စသောကိုးလုံးကို ကိုးသင်္ချာအထိ။ ။ပ-စသော ငါးလုံးကို ငါးသင်္ချာအထိ ယူ၍ သရရှစ်လုံး၊ ည, နကို သုညဟု ယူရသည်၊ ယ-စသောကိုးလုံးကား ယ၊ ရ၊ လ၊ ဝ၊ ၐ—(ယှ)။ ၑ (ရှ)၊ သ၊ ဟ။ ဠ။ ။ဂ ငယ်အတွင်းဆံခတ်—ယှ၊ ပစောက်အတွင်းဆံခတ် ရှ-ဟုဘာတ်။

"ကာဒိ, ဋာဒိ, ယကာရာဒိ၊ နဝသင်္ချာပကာသိတာ။
ပကာရာဒိ ပဉ္စသင်္ချာ၊ သုညာနာမ သရညနာ"။

---

## ဝိထိလက်ရိုးလေ့လာဘွယ်(၂၂၇-ဝိထိ)

ဝိယန္တိ ဂစ္ဆန္တိ ဧတာယာ တိ ဝိထိ။ ဧတာယ၊ ဤအစဉ်ဖြင့်၊ စိတ္တစေတသိကာ၊ စိတ်စေတသိက်တို့သည်။ ဝိယန္တိ ဂစ္ဆန္တိ၊

ဖြစ်ကုန်၏။ ဇုတ်၊ ထို့ကြောင့်၊ ဝိထိ၊ ဝိထိမည်၏။ ဝိဂတ်၊ ဂတိမှ-လားခြင်း၌၊ ထိ-ပစ္စည်း။ ။ဝိဂတ်၏အရကား—ပရမတ္ထစိတ်စေတသိက်တို့၏ ခဏတ္တယသမင်္ဂီသည့် မချအားဖြင့်ရ၏။ ထိုထိုအနန္တရသတ္တိ၊ ပကတူပနိဿယသတ္တိ၊ သဟဇာတသတ္တိ စသည်သည်ဌာနပစ္စ၊ ဖလူပစာအားဖြင့်ရ၏။ ထိပစ္စည်းအရကား ထိုမချ၊ ဌာန၊ ဖလူတို့ဖြင့်မှတ်အပ်သော စိတ်ဖြစ်စဉ် သန္တာနပညပ်ရ၏။ စိတ်အစဉ် သန္တာနပညပ်သာ-ဝိထိမည်၏ဟူလို။

ရူပါရုံနှင့် စက္ခု—ဥပါဒ်ပြိုင်၍ ဆုံသောအခါ ချက်ခြင်းမထင်၊ ဖြစ်နေကျ ဘဝင်စိတ်တချက် ၂-ချက် ၃-ချက် ၄-ချက် ၅-ချက် ၆-ချက် ၇-ချက် ၈-ချက် ၉-ချက် ၁၀-ချက် ၁၁-ချက် ၁၂-ချက် ၁၃-ချက် ၁၄-ချက် ၁၅—ချက် ဖြစ်၍လွန်မှ (ဝါ၊ ဌီရပ်တို့ဖြစ်ကြမှ) ထိုဌီရူပါရုံသည့် ထိုဌီစက္ခုအား ထင်သည်။ ထိုအခါ ထိုအာရုံကိုမယူသေးဘဲ ဘဝင်စလန နှင်ကြွမ် ဖြစ်သည်။ ဒုတိယဘဝင်စလနသည် ဝိထိစိတ် ဖြစ်လိုလျှင် ပြတ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒမည်သည်။ မဖြစ်လိုလျှင်မပြတ်၊ မမည်။ ထိုနောင်မှ ထိုရူပါရုံကို အာရုံပြု၍ ပဥ္စဒွါရာဝဇ္ဇန်း စသော ဝိထိစိတ်ဖြစ်သည်။ သဒ္ဒါရုံနှင့်သောတ—ဆုံခြင်း စသည်လည်း နည်းတူဘည်း။

အာရုံခြောက်ပါး မနောဒွါရအား ထင်သောအခါ ဘဝင်စလနဟူသော မနောဒွါရအားလည်း ထင်သည်၊ ဒုတိယ ဘဝင်စလနသည် ဘဝင်္ဂုပစ္ဆေဒလည်း မည်သည်။ ထိုဘဝင်္ဂုပစ္ဆေဒ-မနောဒွါရအားထင်သော အလွန်နီးကပ်သော အာရုံခြောက်ပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစသော ဝိထိစိတ်ဖြစ်သည်။ ။၁၇-ချက် အသက်ရှိသော ပစ္စုပ္ပန် ရုပ်အာရုံခြောက်ပါး ထင်သောအခါ တချက် နှစ်ချက် သုံးချက်လေးချက် ငါးချက် ခြောက်ချက် ခုနစ်ချက် ဖြစ်၍လွန်မှ၊ ဝါ၊ အာရုံရုပ်ဌီဖြစ်မှ ဘဝင်စလနတို့အား ထင်သည်။ ထိုမှကြွင်းသော အာရုံခြောက်ပါး ထင်သောအခါ တချက်လွန် စသည်မဆိုကုန်။

ရုပ်သည်ငြိမ်၍ အားရှိသည်၊ ရုပ်ငြိမ်ရောက်မှ ပဿဒ္ဓေတ ပဿဒ္ဓိ ဥပထမ္ဘက သတ္တိဖြင့် ထောက်ပံ့သောကြောင့်တည်း။ ငြိမ်ရောက်မှ ဒွါရအားလည်း ထင်သည်၊ ဥတုဇ, အာဟာရဇ-ရုပ်ကိုလည်း ဖြစ်စေသည်။ ။စိတ်ကား ဥပါဒ်၍ အားရှိသည်၊ စိတ်ဥပါဒ်အား အနန္တရပစ္စည်း ဇနကသတ္တိဖြင့် ကျေးဇူးပြုသော ကြောင့်တည်း။ ဥပါဒ်ဖြစ်စကပင် ဒွါရအားလည်းထင်သည်၊စိတ္တဇရုပ်ကိုလည်း ဖြစ်စေသည်။

ထိုဝီထိသည် စက္ခုဒွါရဝီထိ၊ သောတဒွါရဝီထိ၊ ဃာနဒွါရဝီထိ၊ဇိဝှါဒွါရဝီထိ၊ ကာယဒွါရဝီထိ၊ မနောဒွါရဝီထိ-ဟူ၍ခြောက်ပါးအပြားရှိ၏။ ထိုတွင်စက္ခုဒွါရဝီထိသည် အတိမဟန္တာရုံ တဝီထိ၊ မဟန္တာရုံနှစ်ဝီထိ၊ ပရိတ္တာရုံခြောက်ဝီထိ၊ အတိပရိတ္တာရုံခြောက်ဝီထိဟူ၍ ၁၅-ပါးအပြားရှိ၏။ သောတဒွါရ ၁၅ ဝီထိ၊ ဃာနဒွါရ ၁၅ ဝီထိ၊ ဇိဝှါဒွါရ ၁၅ ဝီထိ၊ ကာယဒွါရ ၁၅ ဝီထိ တို့၌လည်း ဤအတူဖြစ်၍ ပဉ္စဒွါရ၌ ၇၅-ဝီထိ အပြားရှိ၏။

## အတိမဟန္တာရုံ-၅

စက္ခုဒွါရ အတိမဟန္တာရုံ ဝီထိဖြစ်ဟန်ကား စိတ္တက္ခဏာ တချက်ခန့်လွန်သော ရူပါရုံသည် စက္ခုပသာဒအား ထင်ခြင်းသို့ရောက်သည်ဖြစ်အံ့၊ ဘဝင်စလန နှစ်ကြိမ်ဖြစ်၏။ ဝါ၊ ဘဝင်စလန၊ ဘဝင်္ဂုပစ္ဆေဒ- ဟု နှစ်ကြိမ်ဖြစ်၏။ ရူပါရုံ အလွန် ခံရသော စိတ္တက္ခဏာသည် အတီတ ဘဝင်မည်၏။ ထိုနောင် ထိုထင်သော ရူပါရုံကို ဆင်ခြင်တတ်သော ပဉ္စဒွါရာဝဇ္ဇန်း တကြိမ်၊ မြင်တတ်သော စက္ခုဝိညာဏ်တကြိမ်၊ လက်ခံတတ်သော သမ္ပဋိစ္ဆိုင်း တကြိမ်၊ စုံစမ်းတတ်သော သန္တီရဏတကြိမ်၊ ကောင်းစွာမှတ်တတ်သောဝုဋ္ဌော-မနောဒွါရာဝဇ္ဇန်းတကြိမ်၊ (မိမိကိစ္စအားလျော်စွာတကြိမ်စီ)ဖြစ်၍ချုပ်၏။ထိုနောင် ထိုရူပါရုံကို လျင်စွာသိတတ်သော ကာမဇောခုနစ်ကြိမ်၊ ဇော၏အာရုံကို အာရုံပြုတတ်သော တဒါရုံနှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောင်ဘဝင်စိတ် များစွာဖြစ်၏။

(အရူပဘာဝင်မကျ၊ ဝါ၊အရူပဘုံ၌မဖြစ်၊ဤဝိထိသည်ရူပဘုံသား-တို့အား တဒါရုံမကျမှု၌ဖြစ်၏။)

ဤသို့လျှင် ရှေးဦးအစ အတိတဘဝင်နှင့် ဥပါဒ်ပြိုင်သော ရူပါရုံသည် အတိတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ခုနစ်ကြိမ်၊ တဒါရုံနှစ်ကြိမ်-အားဖြင့် စိတ္တက္ခဏ ၁၇-ချက်(ခဏာငယ် ၅၁-ချက်)ပြည့်သည်ဖြစ်၍ ဒုတိယတဒါရုံ၏ ဘင်နှင့်ပြိုင်၍ချုပ်၏၊ ဤရူပါရုံသည် အလွန်များသော ဝိထိစိတ္တုပ္ပါဒ် ရှိသောကြောင့် အတိမဟန္တာရုံဝိထိမည်၏။ပဉ္စဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသောစိတ် (၁၄-ချက်) အစဉ်သည် အတိမဟန္တာရုံ ဝိထိမည်၏။ တဒါရုံ အဆုံးရှိသောကြောင့် တဒါရဏ္ဏဝါရမည်၏။

ဤဝိထိ၌ဝိထိစိတ်တို့သည်ကိစ္စအားဖြင့်ခုနစ်မျိုး၊ အကြိမ်အားဖြင့် ၁၄-ကြိမ်၊ စိတ်ကျယ်အားဖြင့် ၄၆-ဖြစ်၏။

စက္ခုဒွါရအတိမဟန္တာရုံဝိထိပြီး၏။

သောတဒွါရ စသည်တို့၌လည်း နည်းတူဖြစ်၏။ သဒ္ဒါရုံသည် သောတပသာဒအား-စသည်မှတ်ရာ၏၊ အတိမဟန္တာရုံ ငါးဝိထိဖြစ်၏။ (ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ၌ ရူပဘာဝင်လည်းမကျ။)

ဤအတိမဟန္တာရုံ ငါးဝိထိ၌ ဝိထိစိတ်တို့သည် ခုနစ်မျိုး၊ ၁၄-ကြိမ်။ စိတ်အကျယ် ၅၄။ ကိစ္စအကျယ် ၁၁-ဖြစ်၏။

အတိမဟန္တာရုံပြီး၏။

## မဟန္တာရုံ-၁၀

စက္ခုဒွါရ မဟန္တာရုံဝိထိဖြစ်ဟန်ကား-စိတ္တက္ခဏနှစ်ချက်ရှင်၊ သုံးချက်ရှင်း လွန်သော ရူပါရုံသည် စက္ခုပသာဒအား ထင်ခြင်းသို့ရောက်သည်ဖြစ်အံ့၊ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ထိုနောင် ပဉ္စဒွါရာဝဇ္ဇန်းတကြိမ်၊ စက္ခုဝိညာဏ်တကြိမ်၊ သမ္ပဋိစ္ဆိုင်းတကြိမ်၊

သန္တီရဏတကြိမ်၊ ဝုဋ္ဌော တကြိမ်။ ဇောခုနစ်ကြိမ် — ဖြစ်၍ချုပ်၏။ ထိုနောင်ဘဝင်စိတ် များစွာဖြစ်၏။ (ပဥ္စဝေါကာရဘဝင်-၁၅)

ဤသို့လျှင် ရှေးဦးအစ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သောရူပါရုံသည် အတီတဘဝင် နှစ်ကြိမ်ရင်း၊ သုံးကြိမ်ရင်း၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇောခုနစ်ကြိမ် ဘဝင်အားဖြင့် စိတ္တက္ခဏ ၁၇ ချက် ပြည့်သည်ဖြစ်၍ သတ္တမဇောနောင် ပဌမ ဘဝင်၏ ဘင်နှင့်ရင်၊ သတ္တမဇော၏ ဘင်နှင့်ရင်း ပြိုင်၍ချုပ်၏၊ (၂-ဝိထိ) ဤရူပါရုံသည် များသော ဝိထိစိတ္တုပ္ပါဒ် ရှိသောကြောင့် မဟန္တာရုံ ဝိထိမည်၏။ ပဉ္စဒွါရာဝဇ္ဇန်းအစ ဇောအဆုံးရှိသော စိတ် (၁၂-ချက်) အစဉ်သည် မဟန္တာရုံဝိထိမည်၏။ ဇောအဆုံးရှိသောကြောင့် ဇဝနဝါရမည်၏။

ဤဝိထိ၌ ဝိထိစိတ်-ခြောက်မျိုး၊ ၁၂ ကြိမ်၊ စိတ်အကျယ် ၃၀ ဖြစ်၏။

သောတဒွါရ စသည် နည်းတူဖြစ်၍ (မဟန္တာရုံ ဆယ်ဝိထိဖြစ်၏။)

(ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၌ ကာမဘဝင် ၁၀-သာ)။ မဟန္တာရုံဆယ်ဝိထိ၌ ဝိထိစိတ်ခြောက်မျိုး။ ၁၂-ကြိမ်၊ စိတ်အကျယ် ၄၆၊ ကိစ္စကျယ် ၁၀-ဖြစ်၏။

မဟန္တာရုံဝိထိပြီး၏။

## ပရိတ္တာရုံ-၃၀

စက္ခုဒွါရ ပရိတ္တာရုံဝိထိဖြစ်ပုံကား- စိတ္တက္ခဏ လေးချက်ရင်း, ငါးချက်ရင်း, ခြောက်ချက်ရင်း, ခုနစ်ချက်ရင်း, ရှစ်ချက်ရင်း, ကိုးချက်ရင်း လွန်ပြီးမှထင်ခြင်းသို့ ရောက်သည်ဖြစ်အံ့၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌောနှစ်ကြိမ်၊ ဝါ၊ သုံးကြိမ်ဖြစ်၍ချုပ်၏၊ ထိုနောင်ဘဝင်စိတ်များစွာဖြစ်၏၊ (ပဥ္စဝေါကာရဘဝင် ၁၅-)

ဤသို့လျှင် ဤရူပါရုံသည် အဟေတိက ဘဝင်လေးကြိမ်ရင်း၊ ငါးကြိမ်ရင်း, ခြောက်ကြိမ်ရင်း, ခုနစ်ကြိမ်ရင်း, ရှစ်ကြိမ်ရင်း, ကိုးကြိမ်ရင်း၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်-သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌောနှစ်ကြိမ် (ဝါ-သုံးကြိမ်) ဘဝင်အားဖြင့် ၁၇-ချက် ပြည့်သည် ဖြစ်၍ ဒုတိယ ဝုဋ္ဌော နောင် ပဌမဘဝင်၏ ဘင်နှင့်ရင်း၊ စတုတ္ထဘဝင်၏ ဘင်နှင့်ရင်း၊ တတိယ ဘဝင်၏ဘင်နှင့်ရင်း၊ ဒုတိယဘဝင်၏ ဘင်နှင့်ရင်း၊ ပဌမဘဝင်၏ဘင်နှင့်ရင်း၊ ဒုတိယဝုဋ္ဌော၏ဘင်နှင့်ရင်းပြိုင်၍ ချုပ်၏၊(၆—ဝီထိ၊)။

ဝုဋ္ဌောသုံးကြိမ်ကျသည်ဖြစ်အံ့၊ တတိယဝုဋ္ဌောနောင် စတုတ္ထဘဝင်၏ ဘင်နှင့်ရင်း၊ တတိယ ဘဝင်၏ဘင်နှင့်ရင်း၊ ဒုတိယဘဝင်၏ဘင်နှင့်ရင်း၊ ပဌမဘဝင်၏ဘင်နှင့်ရင်း၊ တတိယဝုဋ္ဌော၏ ဘင်နှင့်ရင်း ပြိုင်၍ချုပ်၏၊ (၅—ဝီထိ)။

ဤရူပါရုံသည် နည်းသော ဝီထိစိတ္တုပ္ပါဒ် ရှိသောကြောင့် ပရိတ္တာရုံဝီထိမည်၏။ ပဉ္စဒွါရာဝဇ္ဇန်း အစ၊ ဝုဋ္ဌောအဆုံး ရှိသော စိတ် ၆-ချက်၊ဝါ၊ ၇-ချက် အစဉ်သည် ပရိတ္တာရုံဝီထိမည်၏။ ဝုဋ္ဌော အဆုံးရှိသောကြောင့် ဝေါဋ္ဌဗ္ဗနဝါရမည်၏။

ဤဝီထိ၌ ဝီထိစိတ်ငါးမျိုး၊ ၆—ကြိမ်၊ ၇-ကြိမ်၊ စိတ် ကျယ် ၉—ဖြစ်၏။

သောတဒွါရစသည် နည်းတူဖြစ်၍ ပရိတ္တာရုံ ၃၀၊ ဝါ၊ ၂၅-ဝီထိဖြစ်၏၊(ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၌ ကာမဘဝင်၁၀)။

ပရိတ္တာရုံဝီထိတို့၌ ဝီထိစိတ်ငါးမျိုး၊ ၆-ကြိမ် ၇—ကြိမ်၊စိတ် ကျယ် ၁၇။ ကိစ္စကျယ်၉-ဖြစ်၏။

ပရိတ္တာရုံဝီထိပြီး၏။

## အတိပရိတ္တာရုံ ၃၀-

စက္ခုဒွါရ အတိပရိတ္တာရုံ ဝီထိဖြစ်ဟန်ကား၊ ဝဏ္ဏက္ခဏ ဆယ် ချက်ရင်း။ ဆဲ့တချက်ရင်း၊ ဆဲ့နှစ်ချက်ရင်း၊ ဆဲ့သုံးချက်ရင်း၊ ဆဲ့

လေးချက်ငင်း။ ဆဲ့ငါးချက်ငင်း လွန်ပြီးမှထင်ခြင်းသို့ ရောက်သည် ဖြစ်အံ့၊ဘဝဂ်စလန နှစ်ကြိမ်သာဖြစ်၍ ဘဝင်စိတ် များစွာဖြစ်၏၊ (ပဋ္ဌဝေါကာရဘဝင် ၁၅။)

ဤသို့လျှင် ဤရူပါရုံသည် အတိတဘဝင် ဆယ်ကြိမ်ငင်း၊ ဆဲ့တကြိမ်ငင်း၊ ဆဲ့နှစ်ကြိမ်ငင်း၊ ဆဲ့သုံးကြိမ်ငင်း၊ ဆဲ့လေးကြိမ်ငင်း, ဆဲ့ငါးကြိမ်ငင်း၊ ဘဝဂ်စလန နှစ်ကြိမ်အားဖြင့် ၁၇-ချက် ပြည့်သည်ဖြစ်၍ ဒုတိယ ဘဝဂ်စလန နောင်ပဋ္ဌမဘဝင်၏ ဘင်နှင့်ငင်း။ စတုတ္ထဘဝင်၏ဘင်နှင့်ငင်း၊ တတိယဘဝင်၏ ဘင်နှင့်ငင်း, ဒုတိယဘဝင်၏ ဘင်နှင့်ငင်း, ပဌမဘဝင်၏ဘင်နှင့်ငင်း, ဒုတိယ ဘဝဂ်စလန၏ဘင်နှင့်ငင်း ပြိုင်၍ချုပ်၏(၆-ဝိထိ)။

ဤရူပါရုံသည် အလွန်နည်းသော ဝိထိစိတ္တုပ္ပါဒ်ရှိသောကြောင့် အတိပရိတ္တာရုံဝိထိမည်၏၊ဝိထိစိတ်ပင် မရှိသော်လည်း ဥပစာအားဖြင့် အတိပရိတ္တာရုံ ဝိထိမည်၏၊ ဝိထိစိတ်မရှိသောကြောင့် မောဃဝါရမည်၏။

သောတဒွါရစသည် နည်းတူဖြစ်၍ အတိပရိတ္တာရုံ ဝိထိ ၃၀ ဖြစ်၏၊ ဃာနဒွါရ- ဇိဝှါဒွါရ-ကာယဒွါရ-၌ ကာမဘဝင် ၁၀။) ဝိထိစိတ်မရှိ၊ အကြိမ်မရှိ၊ အကျယ်မရှိ၊ ကိစ္စမရှိ၊

အတိပရိတ္တာရုံဝိထိပြီး၏။

---

စက္ခုဒွါရဝိထိ ၁၅၊ သောတဒွါရဝိထိ ၁၅-၊ဃာနဒွါရဝိထိ ၁၅၊ ဇိဝှါဒွါရဝိထိ ၁၅၊ ကာယဒွါရဝိထိ ၁၅၊ ပေါင်း-၇၅။ ။ အတိမဟန္တာရုံ ၅။ မဟန္တာရုံ ၁၀။ပရိတ္တာရုံ ၃၀။အတိပရိတ္တာရုံ ၃၀၊ ပေါင်း၇၅။

ပဥ္စဒွါရဝိထိပြီး၏။

ရှေ့နောက်ဘဝင်တို့သည် စက္ခုဒွါရ၊ သောတဒွါရ၊ နှစ်ဒွါရ၌ ပဋ္ဌဝေါကာရ ဘဝင် ၁၅။ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ သုံးဒွါရ၌ ကာမဘဝင်တဆယ်သာ။

---

## ကာမမနောဒွါရဝိထိ ၁၀

မနောဒွါရ ဝိထိသည် ကာမဇောဝါရ၊အပ္ပနာဇောဝါရ-ဟူ၍ နှစ်ပါးအပြားရှိ၏။ထိုတွင်ကာမဇောဝါရသည် ဝိဘူတာရုံငါးဝိထိ၊ အဝိဘူတာရုံ နှစ်ဝိထိ-ဟူ၍ ခုနစ်ပါး အပြားရှိ၏။ တနည်း၊ဝိဘူတာရုံတဝိထိ၊ အဝိဘူတာရုံ တဝိထိ-ဟူ၍ နှစ်ပါးအပြားရှိ၏။ အိပ်မက်အဝိဘူတာရုံ-ဟူ၍လည်း တဝိထိရှိသေး၏။ပေါင်းဆယ်ဝိထိ ဖြစ်၏။

စိတ္တက္ခဏ ၁၇-ချက် အသက်ရှိသော ရုပ် ၂၂-ပါးတည်းဟူသော ပစ္စုပ္ပန်အာရုံ ခြောက်ပါးသည် ထင်ရှားစွာ ဖြစ်သောအခါ ဝိဘူတာရုံ၊ မထင်မရှား ဖြစ်သောအခါ အဝိဘူတာရုံ မည်၏။

**ဝိဘူတာရုံငါးဝိထိ။** ။ဝိဘူတာရုံဝိထိဖြစ်ဟန်ကား-စိတ္တက္ခဏ တချက်ခန့်ရှင်း, နှစ်ချက်ခန့်ရှင်း, သုံးချက်ခန့်ရှင်း, လေးချက်ခန့်ရှင်း, ငါးချက်ခန့်ရှင်း လွန်သောထိုရုပ် ၂၂-ပါးတည်းဟူသော ပစ္စုပ္ပန် အာရုံ ခြောက်ပါးသည် မနောဒွါရအား ထင်ခြင်းသို့ ရောက်သည်ဖြစ်အံ့၊ ဘဝင်စလနံ၊ ဘဝင်ုပစ္ဆေဒဖြစ်၏။ ထိုနောင် ဘဝင်ုပစ္ဆေဒ—မနောဒွါရအား ထင်သော အလွန်နီးကပ်သော ထိုအာရုံကို ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်းတကြိမ်၊ လျင်စွာသိတတ်သော ကာမဇော ခုနစ်ကြိမ်၊ ဇော၏အာရုံကို အာရုံပြုတတ်သော တဒါရုံနှစ်ကြိမ်ဖြစ်၍ ချုပ်၏၊ ထိုနောင်ဘဝင်စိတ်များစွာ ဖြစ်၏။ (ပဉ္စဝေါကာရ ဘဝင် ၁၅။) ဤဝိထိသည်း ရုပဘုံသားတို့အား တဒါရုံမကျမူ၍ဖြစ်၏။

ဤသို့လျှင် ရှေးဦးအစ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ရုပ်အာရုံသည် အတီတဘဝင် တကြိမ်ရှင်း၊ နှစ်ကြိမ်ရှင်း, သုံးကြိမ်ရှင်း,လေးကြိမ်ရှင်း, ငါးကြိမ်ရှင်း၊ ဘဝင်စလနံ, ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇောခုနစ်ကြိမ်၊ တဒါရုံနှစ်ကြိမ်၊ ဘဝင်အားဖြင့် ၁၇-ချက်ပြည့်သည်ဖြစ်၍။ ဒုတိယတဒါရုံ နောင် စတုတ္ထ ဘဝင်၏

ဘင်နှင့်ရင်း,တတိယ ဘဝင်၏ ဘင်နှင့်ရင်း, ဒုတိယဘဝင်၏ ဘင်နှင့်ရင်း ပဉ္စမဘဝင်၏ ဘင်နှင့်ရင်း၊ ဒုတိယတဒါရုံ၏ ဘင်နှင့်ရင်း ပြိုင်၍ချုပ်၏။ (ငါးဝိထိ၊)

ဤရုပ်အာရုံသည် ထင်ရှားသောကြောင့် ဝိဘူတာရုံ မည်၏။ မနောဒွါရာဝဇ္ဇန်း၊ ဇောခုနစ်ကြိမ်၊ တဒါရုံနှစ်ကြိမ်—စိတ် (၁၀—ချက်)အစဉ်သည် ဝိဘူတာရုံ ဝိထိမည်၏၊ တဒါရုဝါရမည်၏။ ဝိထိစိတ်သုံးမျိုး၊ သုံးကိစ္စ၊ ဆယ်ကြိမ်၊ စိတ်ကျယ် ၄၁-ဖြစ်၏။ (ပဥ္စဝိညာဘ်၊ မနောဓာတ်-အားဖြင့် ၁၃-မဖြစ်။)

ဝိဘူတာရုံဝိထိပြီး၏။

**အဝိဘူတာရုံ နှစ်ဝိထိ။** ။အဝိဘူတာရုံဝိထိ ဖြစ်ဟန်ကား စက္ခုဒွါရ ၆-ချက်ရင်း၊ ၇ ချက်ရင်း၊ လွန်ပြီးမှ မနောဒွါရအား ထင်ခြင်းသို့ ရောက်သည် ဖြစ်အံ့၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇောခုနစ်ကြိမ် ဖြစ်၍ချုပ်၏၊ ထိုနောင်ဘဝင် များစွာဖြစ်၏၊ (ပဥ္စဝေါကာရ ဘဝင် ၁၅။)

ဤသို့လျှင် ဤရုပ်အာရုံသည် အတီတဘဝင်ခြောက်ကြိမ်ရင်း၊ ခုနစ်ကြိမ်ရင်း၊ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော ခုနစ်ကြိမ်၊ ဘဝင်အားဖြင့် ၁၇—ချက် ပြည့်သည် ဖြစ်၍ သတ္တမဇော. နောင် ပဉ္စမ ဘဝင်၏ဘင်နှင့်ရင်း၊ သတ္တမဇော၏ ဘင်နှင့်ရင်း ပြိုင်၍ချုပ်၏(နှစ်ဝိထိ)

ဤရုပ်အာရုံသည် မထင်ရှားသောကြောင့် အဝိဘူတာရုံမည်၏၊ မနောဒွါရာဝဇ္ဇန်း၊ ဇောခုနစ်ကြိမ်-စိတ်(၈-ချက်) အစဉ်သည် အဝိဘူတာရုံဝိထိမည်၏။ ဇဝနဝါရမည်၏။ ဝိထိစိတ်နှစ်မျိုး၊ နှစ်ကိစ္စ၊ ရှစ်ကြိမ်၊ စိတ်ကျယ် ၃၀-ဖြစ်၏။

အဝိဘူတာရုံဝိထိပြီး၏။

**တနည်း ဝိဘူ၊ အဝိဘူနှစ်ဝိထိ။** ။တနည်းကားဆိုပြီးသော ပဉ္စုပြန်ရုပ်မှ ကြွင်းသော အာရုံအလုံးစုံသည်ပင်—ဝိဘူတာရုံ အဝိဘူတာရုံ နှစ်မျိုးဖြစ်၏။ ၎င်းတို့ကား- သတ္တရသာယုက မရစ

ကောင်းသော ပဋ္ဌာန်, အတိတ်, အနာဂတ်ဖြစ်သော ဓါတ်၊ စေတသိက်၊ ဝိညာဉ်ခွေ၊ လက္ခဏာရုပ်လေးခု-ဓမ္မာရုံရှင်း၊ သမ္မုတိမှသော ယုတ္တိရပကောင်းသော အတိတ်,အနာဂတ်ဖြစ်သော ရုပ် ၂၂–ခု အာရုံခြောက်ပါးရှင်း၊ ကာလ ဝိမုတ် ဖြစ်သော နိဗ္ဗာန်၊ ပညတ်၊ ဓမ္မာရုံရှင်း-ဤသို့ပညတ် နာမ်ရုပ် အာရုံခြောက်ပါ ဖြစ်ကုန်၏။ ထင်ရှားလျှင်ဝိဘူတာရုံ၊ မထင်ရှားလျှင် အဝိဘူတာရုံ။

ဝိထိဖြစ်ဟန်ကား ထိုပညတ်နာမ်ရုပ် အာရုံခြောက်ပါး၊ (ဝိဘူတ)သည် မနောဒွါရအား ထင်ခြင်းသို့ ရောက်သည်ဖြစ်အံ့၊ ဘဝင်စလန ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇောခုနစ်ကြိမ်၊ တဒါရုံနှစ်ကြိမ်ဖြစ်၍ ဘဝင်ကျ၏။ (ပဥ္စဝေါကာရ စတုဝေါကာရ ဘဝင် ၁၉၊)ကာမနာမ်ရုပ် အာရုံ၌သာ ကာမသတ္တဝါတို့အားသာ တဒါရုံကျသည်။ ။ဤကား ဝိဘူတာရုံ တဝိထိတည်း။

ထိုအာရုံခြောက်ပါး (အဝိဘူတ)သည် မနောဒွါရအားထင်အံ့၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇောခုနစ်ကြိမ် ဖြစ်၍ဘဝင်ကျ၏။ (ဘဝင် ၁၉၊) ဤကား အဝိဘူတာရုံ တဝိထိ တည်း။

**အိပ်မက် တဝိထိ။** ။အလုံးစုံအာရုံခြောက်ပါး(အဝိဘူတ) သည် မနောဒွါရအားထင်အံ့၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်းနှစ်ကြိမ်၊ သုံးကြိမ်ဖြစ်၍ ဘဝင်ကျ၏။(ဘဝင် ၁၉၊)

မြင်မိသလို ကြားမိသလိုဟု အိပ်မက်ဖြင့်သော ပြောဆိုသော အခါ ဤအဗျာကတ ဝိထိဖြစ်သည်ဟု အဋ္ဌကထာ၌ မိန့်ဆိုသော ကြောင့် ဤဝိထိကို အိပ်မက်ဝိထိဟု မိန့်ဆိုကုန်၏။ ပဥ္စဒွါရ၌ ဝေါဋ္ဌဗ္ဗနဝါရကဲ့သို့ မနောဒွါရ၌ အာဝဇ္ဇန ဝါရ-ဟု ဆိုအပ်၏။ ဘုရားရှိခိုးရခြင်း၊ ခိုက်ရန်ဖြစ်ခြင်း–စသော အိပ်မက်အခါကား ဝိဘူတာရုံတို့လည်း ဖြစ်ကုန်၏။

ကာမမနောဒွါရဝိထိပြီး၏။

ကာမဝိထိတို့သည် စက္ခုဒွါရ ၁၅၊ သောတဒွါရ ၁၅၊ ဃာနဒွါရ ၁၅၊ ဇိဝှါဒွါရ ၁၅။ ကာယဒွါရ ၁၅၊ မနောဒွါရ ၁၀၊ ပေါင်း ၇၅။ ။အတိမဟန္တာရုံ ၅။ ။မဟန္တာရုံ ၁၀။ ပရိတ္တာရုံ ၃၀၊ အတိပရိတ္တာရုံ ၃၀။ ဝိဘူတာရုံ ၆၊ အဝိဘူတာရုံ ၄၊ ပေါင်း ၇၅။ ။ပဉ္စဒွါရ ၇၅၊ မနောဒွါရ ၁၀၊ ပေါင်း ၇၅။

ကာမဝိထိပြီး၏။

## အပ္ပနာဇောဝါရ

အပ္ပနာဇောဝါရသည် ဈာနဝိထိ၊ မဂ္ဂဝိထိ၊ ဖလသမာပတ္တိဝိထိ၊ အဘိညာဉ်ဝိထိ၊ နိရောဓ သမာပတ္တိဝိထိ– ဟူ၍ ငါးပါးအပြားရှိ၏။

ပဌမဈာန်သည် ကသိဏ(၁၀)၊ အသုဘ(၁၀)၊ ကာယဂတာ၊ အာနာပါန၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ-အာရုံပညတ် ၂၅-ကို အာရုံပြု၍ ဖြစ်သည်။ ။ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ဈာန်သည် ကသိဏ၊ အာနာပါန၊ မေတ္တာဒိတ္တယ-အာရုံပညတ် ၁၄-ကိုအာရုံပြု၏။ ။ပဉ္စမဈာန်သည် ကသိဏ၊ အာနာပါန၊ ဥပေက္ခာ-အာရုံပညတ် ၁၂ ကိုအာရုံပြု၏။ ။အာကာသာနဉ္စာယတနဈာန်သည် အာကာသ ကသိုဏ်းကြဉ်သော ကသိုဏ်း ၉-ပါးတို့တွင်တပါးပါးကို ဝင်စား၍ နှုတ်မသွင်းသော အားဖြင့် ခွါ၍ရသော ကောင်းကင်ပညတ်ကို အာရုံပြု၏။ ။အာကိဉ္စညာယတနဈာန်သည်အာကာသာနဉ္စာယတနဈာန်၏ မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ်ကို အာရုံပြု၏။ ။ဝိညာဏဉ္စာယတန၊ နေဝသညာနာသညာယတနဈာန်သည် အရူပါဝစ်ဖြစ်ဘူးသောအာကာသာနဉ္စာယတန၊အာကိဉ္စညာယတန–မဟဂ္ဂုတ်ကို အာရုံပြု၏။ ။လောကုတ္တရာမဂ်လေး၊ ဖိုလ်လေးသည်၊နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သည်။

ဤပညတ်အာရုံ၊ မဟဂ္ဂုတ်အာရုံ၊ နိဗ္ဗာန်အာရုံတို့သည် လွန်စွာထင်ရှားလျက်သာ အပ္ပနာဇောကျသောကြောင့် ဝိဘူတ၊ အဝိဘူတမပြား၊ ဝိဘူတချည်းသာဖြစ်ကုန်၏။

## မဟဂ္ဂုတ်-ဈာနဝိထိ-၇၂

ဈာနဝိထိဖြစ်ဟန်ကား ဈာန်ရစေနိုင်သော သမထ ၃၀ တို့တွင်တခုခုကိုလွန်စွာ စီးဖြန်းသော ယောဂီအား ဈာန်အပ္ပနာဇော ဖြစ်လိုလတ်သည်ရှိသော် (ဝါ၊ဈာန်ရလိုသည်ရှိသော်၊) ၂၅-ပါး ၁၄-ပါး၊ ၁၂-ပါးသော ပညပ်၊ ကောင်းကင်ပညပ်၊ နတ္ထိဘော ပညပ် ဓမ္မာရုံသည်ဒင်း၊ အာကာသာနဉ္စာယတန၊အာကိဉ္စညာယတန မဟဂ္ဂုတ်ဓမ္မာရုံသည်ဒင်း မနောဒွါရအားထင်ခြင်းသို့ရောက်လာ၍၊ ထိုအခါ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဖြစ်၍၊ ထိုနောင် ထိုအာရုံကို အာရုံပြုလျက် မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊အနုလုံ၊ ဂေါတြဘူ-ဟုဒန္ဓာဘိညပုဂ္ဂိုလ်အားလေးကြိမ်၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟုခိပ္ပါဘိညပုဂ္ဂိုလ်အား သုံးကြိမ်(ကာမကုသိုလ်၊ကာမကြိယာသမ္ပယုတ်ဇော၊) ဖြစ်၍ ချုပ်၍။ ထိုကာမဇော နောင် မဟဂ္ဂုတ်ကုသိုလ်ဇော ကိုးခု၊ ကြိယာဇောကိုးခုတို့တွင် တခုခုသည် အာဒိကမ္မိကဖြစ်အံ့၊တကြိမ်သာ၊သမာပဇ္ဇနဖြစ်အံ့၊ အကြိမ်များစွာ(အပ္ပနာဇော)ဖြစ်၍၊ ထိုနောင်ဘဝင်ကျ၏။ ဤကား ဈာနဝိထိ ၇၂-ခုတည်း။

ရှေးဦးစွာဈာန်ရသူအား—ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ-ဟုလေးကြိမ်၊ ဝါ၊ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟုသုံးကြိမ်၊ ဈာန်ဇောတကြိမ်စော၍ဘဝင်ကျ၏။ ။ဈာန်ဝင်စားသူအား- စ၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ (ဝါ)ဥ၊ နု၊ ဂေါ၊ဈာန်ဇောအကြိမ်များစွာ စော၍ဘဝင်ကျ၏(ရူပဈာန်၌ ကာမ၊ ရူပ-တိဟိတ်ဘဝင် ၉။ အရူပဈာန်၌ အရူပနှင့်တိဟိတ်ဘဝင် ၁၃။)

ဤသို့လျှင် အာဒိကမ္မိကတိက္ခ၊ ၉-ဝိထိ၊ မန္ဒ ၉-ဝိထိ၊သမာပဇ္ဇနတိက္ခ ၉ ဝိထိ၊ မန္ဒ ၉-ဝိထိ၊အားဖြင့် မဟဂ္ဂုတ်ကုသိုလ်ဇော ၃၆-ဝိထိဖြစ်၍၊ ကြိယာဇောလည်း ထိုအတူ ၃၆-ဖြစ်၍ ၇၂-ဝိထိဖြစ်၏။

ပဌမဈာန်ကုသိုလ် ၄–ဝိထိ။ ဒုတိယဈာန်ကုသိုလ် ၄-ဝိထိ၊ တတိယဈာန်ကုသိုလ် ၄–ဝိထိ၊ စတုတ္ထဈာန်ကုသိုလ် ၄–ဝိထိ၊ ပဉ္စမဈာန်ကုသိုလ် ၄ဝိထိ၊ အာကာသာနဉ္စာယတန ကုသိုလ် ၄-ဝိထိ၊ဝိညာဏဉ္စာယတန ကုသိုလ် ၄-ဝိထိ၊ အာကိဉ္စညာယတန ကုသိုလ် ၄ဝိထိ၊ နေဝသညာနာသညာယတန ကုသိုလ် ၄-ဝိထိ။ ပဌမဈာန်ကြိယာ ၄-ဝိထိ။ဒုတိယဈာန်ကြိယာ ၄-ဝိထိ၊တတိယဈာန်ကြိယာ ၄-ဝိထိ၊ စတုတ္ထဈာန်ကြိယာ ၄-ဝိထိ၊ ပဉ္စမဈာန်ကြိယာ ၄-ဝိထိ၊အာကာသာနဉ္စာယတန ကြိယာ ၄–ဝိထိ၊ ဝိညာဏဉ္စာယတနကြိယာ ၄-ဝိထိ၊ အာကိဉ္စညာယတန ကြိယာ ၄–ဝိထိ၊ နေဝသညာနာသညာယတန ကြိယာ ၄–ဝိထိ၊ ပေါင်း ၇၂။ ။ရူပဝိထိ ၄၀၊ အရူပဝိထိ ၃၂၊ ပေါင်း ၇၂။

မဟဂ္ဂုတ်ဝိထိပြီး၏။

---

## မဂ္ဂဝိထိ ၄၀

မဂ္ဂဝိထိဖြစ်ဟန်ကား၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို လွန်စွာစီးဖြန်းသော ယောဂီအား မဂ်ဖိုလ် အပ္ပနာဇော ဖြစ်လိုလတ်သည်ရှိသော် (ဝါ၊ မဂ်ဖိုလ်ရလိုသည်ရှိသော်) တေဘူမကသင်္ခါရအာရုံခြောက်ပါးသည် အနိစ္စ,ဒုက္ခ,အနတ္တတည်းဟူသော အခြင်းအရာဖြင့် မနောဒွါရအား ထင်ခြင်းသို့ရောက်လာ၏။ ထိုအခါဘဝင်စလန၊ ဘဝင်ုပစ္ဆေဒဖြစ်၏။ ထိုနောင်ထိုတေဘူမကသင်္ခါရကို အာရုံပြုလျက်၊ မနောဒွါရာဝဇ္ဇန်း ပုထုဇဉ်ဖြစ်အံ့၊ ပရိကံ၊ဥပစာ၊ အနုလုံ၊ နိဗ္ဗာန်ကို အာရုံပြုလျက် ဂေါတြဘူ-ဟု ဇန-လေးကြိမ်၊ ဝိပဿနုံးကြိမ်၊ (ပရိကံမပါ) သေက္ခဖြစ်အံ့၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ နိဗ္ဗာန်ကို အာရုံပြုလျက် ဝေါဒါန်–ဟုဇနလေးကြိမ်၊ ဝိပဿုံးကြိမ်၊ (ကာမကုသိုလ်သမ္ပယုတ်ဇော) ဖြစ်၍ချုပ်၏၊ ထိုနောင်မဂ်စိတ် ၂၀–တို့တွင်တခုခုသည် နိဗ္ဗာန်ကိုအာရုံပြုလျက် ဇနအား မဂ်တကြိမ်၊ ၎င်း၏ဖိုလ်နှစ်ကြိမ်၊ ဝိပဿအား မဂ်တကြိမ်၊ ၎င်း၏

ဖိုလ်သုံးကြိမ်ဖြစ်၏၊ ထိုနောင်ဘဝင်ကျ၏။ (ဤကားမဂ္ဂဝိထိ ၄၀-တည်း။)

သောတာပန်တည်သူအား— ဘဝင်စလနာ၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ-ဟုလေးကြိမ်၊ ဝါ၊ ဥပစာ၊အနုလုံ၊ ဂေါတြဘူ-ဟုသုံးကြိမ်၊ မဂ်တကြိမ်၊ ဖိုလ်နှစ်ကြိမ်၊ ဝါ၊ ဖိုလ်သုံးကြိမ်စော၍ ဘဝင်ကျ၏ (ကာမရူပ၊ တိဟိတ်ဘဝင် ၈။)။ ။အထက်မဂ်ဖိုလ်ရသူအား—စ၊ဒ၊မ၊ ပ၊ဥ၊နု၊ ဝေါဒါန်။ (ဝါ) ဥ၊နု၊ ဝေါဒါန်၊ မဂ်တကြိမ်၊ ဖိုလ်နှစ်ကြိမ်၊ ဝါ၊ ဖိုလ်သုံးကြိမ်စော၍ ဘဝင်ကျ၏၊ (တိဟိတ်ဘဝင် ၁၃။)

ဤသို့လျှင်တိက္ခ ၂၀၊ မန္ဒ ၂၀—အားဖြင့် မဂ္ဂဝိထိ ၄၀—ဖြစ်၏။ ။သောတာပတ္တိမဂ် တိက္ခ ၅၊ မန္ဒ ၅၊ သကဒါဂါမိမဂ် တိက္ခ ၅—မန္ဒ ၅-အနာဂါမိမဂ်တိက္ခ ၅-မန္ဒ ၅၊ အရဟတ္တမဂ် တိက္ခ ၅၊ မန္ဒ ၅၊ပေါင်း ၄၀။

## ဖိုလ်အရသာ

လူမင်း၊ နတ်မင်းသည် မိမိစည်းစိမ်ကို ခံစား၍ မငြီးငွေ၊ ဖိုလ်ပုဂ္ဂိုလ်သည် မိမိဖိုလ်အရသာကို ခံစား၍ မငြီးငွေ။ ။စည်းစိမ်ခံစားစဉ် အပူဝင်၏၊ ငန်းဖမ်း၏၊ အချို့အသက်ထွက်၏။ ဖိုလ်အရသာခံစားစဉ် အပူမဝင်၊ အဇမဖမ်း၊ အသက် ထွက်သူမရှိ၊ အမြိုက်ဆေးဖျန်းသော ပျားသည် ဩဇာယက်၏၊ လွန်စွာအရသာရှိ၏။ ဖိုလ်ချမ်းသာ ဆွတ်ဖျန်းသော ဖိုလ်အရသာသည် ထက်မြက်စွာချမ်းသာ၏။ ။စိတ်ရှိသူတို့ ခံစားသောချမ်းသာတို့တွင် ထိပ်ဆုံးချမ်းသာဖြစ်၏၊ နိဗ္ဗာန်လက်တွေ့ဖြစ်၏၊

## ဖလသမာပတ္တိဝိထိ ၄၀

ဖလသမာပတ္တိ ဝိထိ ဖြစ်ဟန်ကား၊ ဖိုလ် အရသာ ခံစားလိုသော၊ ဝါ၊ ဖိုလ်ဝင်စားလိုသော အရိယာပုဂ္ဂိုလ်အား ဖိုလ်စော အကြိမ်များစွာ ဖြစ်လိုလတ်သည်ရှိသော် တောဘူမကာသင်္ခါရ အာ

ရုံခြောက်ပါးသည် မနောဒွါရအား ထင်ခြင်းသို့ ရောက်လာ၏၊ ထိုအခါ ဘဝင်စလနာ၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာ ဝဇ္ဇန်း၊ အနုလုံလေးကြိမ်၊ ဝါ၊ သုံးကြိမ် (ကာမကုသိုလ် ကာမကြိယာ သမ္ပယုတ်ဇော) ဖြစ်၍ချုပ်၏။ ထိုနောင်မိုလ်စိတ် ၂၀-တို့တွင် တခုခုသည် နိဗ္ဗာန်ကိုအာရုံပြုလျက် မိုလ်ဇော အကြိမ်များစွာဖြစ်၏။ ထိုနောင် ဘဝင်ကျ၏။ ။ဤကား ဖလသမာပတ္တိ ၄၀-တည်း၊ တိက္ခ ၂၀၊ မန္ဒ ၂၀၊ ဝါ၊ တမိုလ်လျှင် တိက္ခ၅၊ မန္ဒ ၅။ ။

မိုလ်ဝင်စားသူအား-ဘဝင်စလနာ၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာ ဝဇ္ဇန်း၊ အနုလုံလေးကြိမ်၊ဝါ၊ သုံးကြိမ်၊ မိုလ်အကြိမ် များစွာစော၍ဘဝင်ကျ၏။ (တိဟိတ်ဘဝင် ၁၃)

မဂ်ဝိထိ၊ မိုလ်ဝိထိအားဖြင့် လောကုတ္တရာ ဝိထိရှစ်ဆယ်၌-မ၊ ပ၊ ဥ၊ နု-တို့သည်တော့ကာမကသင်္ဂါရကို အာရုံပြု၏။ဂေါ၊ ဝေါ၊မဂ်၊ မိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကုန်၏။

မဟာကုသိုလ် ၇၂။ လောကုတ္တရာ ၈၀-အားဖြင့် အပ္ပနာဝိထိ ၁၅၂-ဖြစ်၏။

ကာမ ၈၅။ အပ္ပနာ ၁၅၂။ ပေါင်း ၂၃၇။ ။ပဉ္စဒွါရ ၇၅။ မနောဒွါရ ၁၆၂။ ပေါင်း ၂၃၇။

**ကျန်ဝိထိများ။** ။အဘိညာ ဝိထိတို့သည် ရူပပဉ္စမစျာန် ဝိထိ၊ကာမ မနောဒွါရဝိထိတို့၌ ဝင်ကုန်၏။နိရောဓ သမာပတ္တိဝိထိတို့သည် မဟာကုသိုလ်ဝိထိ၊ အနာဂါမိမိုလ်ဝိထိ၊ အရဟတ္တမိုလ်ဝိထိ တို့၌ဝင်ကုန်၏။ ။ထိုမှတပါး မရဏာသန္န ဝိထိတို့သည် ကာမ ဝိထိတို့သာဖြစ်ကုန်၏။

ဝိထိပေါင်း ၂၃၇-ပြီး၏။

## အဘိညာ ၂၈ ဝီထိ

သမာပတ် ၈ပါးတို့၌ဈာန်ကို၊ ကသိုဏ်းကို၊ အစဉ်အတိုင်း ဝင်စားခြင်း၊ တခုခြား ဝင်စားခြင်း–စသော* ၁၄–ပါးသော အခြင်းအရာတို့ဖြင့် လေ့လာခြင်း ပြုနိုင်မှ အဘိညာရသည်။ ပါဒကတဝီထိ၊ ပရိကံတဝီထိ၊ တဖန်ပါဒကတဝီထိ၊ အဘိညာတဝီထိ ဟုလေးဝီထိဖြစ်သည်။ ထိုနောင် ဆင်ခြင်သော ပစ္စဝေက္ခဏာ ဝီထိကိုလည်း မိန့်ဆိုကုန်၏။

**ပါဒက။** ။ကသိုဏ်း ဆယ်ပါးသည် အဘိညာအားလုံး၏ အကြောင်းပါဒကဖြစ်၏။ အထူးအားဖြင့်-ဒူရပဋိစ္ဆန္န သဏ္ဌာသုခုမ ဖြစ်သော ရူပါရုံကို ဒိဗ္ဗစက္ခုဖြင့် မြင်လိုသောအခါ တေဇော, ဩဒါတ,အာလောက ကသိုဏ်းတို့တွင် တခုခု၌ ရူပပဉ္စမဈာန်ကို ဝင်စား၍ပါဒကပြု၏။ ဣဒ္ဓိဝိဓဖြင့် တန်းခိုးဖန်ဆင်းလိုသောအခါ ကသိုဏ်းဆယ်ခုတို့တွင် လျော်စွာ တခုခု၌ ရူပ ပဉ္စမ ဈာန်ကို ဝင်စား၍ ပါဒကပြု၏။ဤကား ပါဒက တဝီထိတည်း။

**ပရိကံ။** ။ထိုနောင် အလိုရှိရာ ဆောက်တည်ခြင်းဖြင့် ပရိကံပြုသော ကာမမနောဒွါရ ဝီထိဖြစ်၏၊ ဆောက်တည်ပုံကား ဒိဗ္ဗစက္ခု၌- ဩဘာသရူပံ ပဿာမိ။ ဒိဗ္ဗသောတ၌ ဩဘာသသဒ္ဒံ သုဏောမိ။ ဣဒ္ဓိဝိဓ၌-သတံဟောမိ၊ သဟဿံ ဟောမိစသည်၊ ပရစိတ္တ၌၊ဝါ၊ စေတောပရိယ၌ ဩဘာသစိတ္တံ ဇာနာမိ။ ပုဗ္ဗေ၌– ပုဗ္ဗေနိဝုတ္ထံ ခန္ဓံဇာနာမိ။ယထာကမ္မုပဂ၌–အတီတံကမ္မံဇာနာမိ။ အနာဂတံ၌-အနာဂတံ ခန္ဓံဇာနာမိ-ဟုဆောက်တည်၏။(၇-မျိုး။ (ဤကား ပရိကံတဝီထိတည်း။)

---

*၁၄–ပါးကား-ကသိုဏ်း အနုလုံ၊ ပဋိလုံ၊ အနုလုံပဋိလုံ–၃၊ ဈာန်အနုလုံ၊ ပဋိလုံ၊ အနုလုံပဋိလုံ–၃၊ ကသိုဏ်းတခုခြား၊ ဈာန်တခုခြား၊ ကသိုဏ်းဈာန် တခုခြား–၃။ ဈာန်ပြောင်း၊ ကသိုဏ်းပြောင်း၊ ဈာန် ကသိုဏ်းပြောင်း–၃၊ ဈာန်အင်္ဂါမှတ်၊ ကသိုဏ်းအာရုံမှတ်–၂။ ဤသို့ ၁၄-ပါးတို့ဖြင့်တည်း။

H,224.15 [ဟံသာဝတီမှ]

**တဖန်ပါဒက။** ။ထိုနောင် ရှေးပါဒကအတိုင်း ကသိုဏ်း ပဉ္စမဈာန်ကို ဝင်စားပြန်၏။ ဤကားအဘိညာ၏ အခြေဖြစ်သော ပါဒက တစိတ်တည်း။

**အဘိညာ။** ။ထိုနောင် ဆောက်တည်သော အတိုင်း ရုပါရုံ ကိုသိခြင်းစသည်ဖြင့် အဘိညာဖောက်စွ ပဉ္စမဈာန်တကြိမ် ကျ သောစိတ်ဖြစ်၏။ (ဤကားအဘိညာ တစိတ်တည်း။)

၁–ပရိကံ၏ပါဒကကား- ဓ၊ဒ၊မ၊ပ၊ဥ၊နု၊ဂေါ၊ ဈာန်အကြိမ် များစွာဖြစ်၍ဘဝင်ကျ၏။

၂–ပရိကံကား-ဓ၊ဒ၊မ၊ ကာမဖောခုနစ်ကြိမ်ဖြစ်၍ ဘဝင်ကျ ၏။

၃–အဘိညာ၏ ပါဒကကား-ဓ၊ဒ၊မ၊ပ၊ဥ၊နု၊ဂေါ၊ ဈာန်အကြိမ် များစွာဖြစ်၍ ဘဝင်ကျ၏။

၄–အဘိညာကား-ဓ၊ဒ၊ မ၊ ပ၊ဥ၊ နု၊ ဂေါ၊အဘိညာဈာန်ဖော တကြိမ်ဖြစ်၍ ဘဝင်ကျ၏။

ဤအဘိညာ ဝိထိသည် အဘိညာ ၇-မျိုးအားဖြင့် ၇-ဝိထိ။ ကုသိုလ်၊ ကြိယာအားဖြင့် ၁၄-ဝိထိ။ တိက္ခ၊ မန္ဒအားဖြင့် ၂၈– ဝိထိဖြစ်၏။(နိဿရဏဟ္ဓအကျိုး၌ စာသင်သူတို့အားဤနေရာမျိုး ၌ ငါ့ဘို့-ငါ့အတွက်ဟု အာသာဆန္ဒ ပြင်းထန်စွာ ဖြစ်နိုင်ရာ၏။)

**အဘိညာ ၅၊၆၊၇။** ။ယထာကမ္မုပဂ၊ အနာဂတံသ-ဤ နှစ်ခုသည် ဒိဗ္ဗစက္ခုနှင့် ကင်း၍မဖြစ်၊ ပရိကံသီးခြားမရှိ၊ ဒိဗ္ဗစက္ခု၌ဝင်၏၊ ထိုကြောင့် အဘိညာ ၇–ပါးသည် ၅-ပါးသာ ဖြစ်၏၊ အာသဝက္ခယ အဘိညာနှင့် ခြောက်ပါးဖြစ်၏။

ပုဗ္ဗေ၊ဒိ၊ဒိ၊(၃)၊ စေါဏ္ဍိ၊(၂)၊ ငါးရှိအဘိညာ။
စက္ခုစွမ်းနှစ်၊–ယ၊ နာ-လှစ်(၂)၊ခုနစ်အဘိညာ။
အာသဝက်အား(၁)၊ထည့်စွက်ငြား–၊ခြောက်ပါးအဘိညာ။

## နိရောဓ သမာပတ်ရှုစ်ဝီထိ

သမာပတ် ချာန်အားလုံး ရသော အနာဂါမ် ရဟန္တာသည် ဤခန္ဓာဝန်ဖြင့် ငြီးငွေ့၍ "ဒိဋ္ဌဓမ္မနိဗ္ဗာန် ချမ်းသာခံစားမည်" ဟု ရှေးဦးစွာ လောကီ ပဌမဈာန်ကို ဝင်စား၏။(ဝီထိစိတ်ဖြစ်စဉ်သိရမည်) ထိုဈာန်မှထ၍ ထိုဈာန်၌ရှိသော သင်္ခါရတို့ကို အနိစ္စ,ဒုက္ခ, အနတ္တဟု ဝိပဿနာရှု၏ (ဝီထိသိရမည်၊ ကာမမနောဒွါရ) ဤသို့ သမထနှင့်ဝိပဿနာကို အစုံဖွဲ့ခြင်းသည် ယုဂနဒ္ဓပြုသည်မည်၏။

ဤနည်းဖြင့် အစဉ်အတိုင်း (ဒုတိယ၊ တတိယ၊ စတုတ္ထ၊ မနောဒွါရာဝဇ္ဇန်း၊ အာကာသာ နဉ္စာ ယတန၊ ဝိညာနဉ္စာ ယတန)- အတိယုဂနဒ္ဓပြု၍အာကိဉ္စညာယတနဈာန် တိုင်အောင် ဝင်စား၏။ အာကိဉ္စညာယတနဈာန်မှ ထသောအခါ ဝိပဿနာမရှုဘဲပုဗ္ဗကိစ္စ လေးပါးပြု၍ နေဝသညာ နာသညာ ယတနဈာန်ကို ဝင်စား၏။ နေဝသညာ နာသညာယတနဈာန် ဇောနှစ်ကြိမ် အဆုံး၌ နိရောဓ ဖြစ်၏။ဝါ၊ စိတ်,စေတသိက်, စိတ္တဇရုပ် ချုပ်၏။ တိဇရုပ် (ရုပ်ဘုံ၌ ဒွိဇရုပ်မျှ ကွင်း၏။)

နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်ဇော၊ အရဟတ္တဖိုလ်ဇောသည် တကြိမ်ဖြစ်၍ ဘဝင်ကျ၏။

နိရောဓဝီထိပုံကား–စ၊ ဒ၊မ၊ ပ၊ ဥ၊နု၊ ဂေါ၊ နေဝသညာနာသညာယတန ဇောနှစ်ကြိမ်၊ ထိုနောင်နိရောဓဖြစ်၏ (ပိတ်စဉ်မရှိ) နိရောဓမှထသောအခါ ဖိုလ်ဇောတကြိမ်ဖြစ်၍ ဘဝင်ကျ၏။

ဤဝီထိသည် ကာမဘုံ၊ရူပဘုံအားဖြင့် နှစ်ဝီထိ၊ အနာဂါမ်၊ ရဟန္တာအားဖြင့်လေးဝီထိ၊ တိက္ခ၊ မန္ဒအားဖြင့် ရှစ်ဝီထိဖြစ်၏။

**ပုဗ္ဗကိစ္စ။** ။ပုဗ္ဗကိစ္စ လေးပါးကား၊ ကိုယ်နှင့် စပ်သည်မှ တပါး သီးခြားနေသော ပရိက္ခရာ၊ ကျောင်း စသည်တို့သည် မီးစသည်ဖြင့် မပျက်စီးစေကုန်သတည်းဟု ဓိဋ္ဌာန်ခြင်း--နာနာဗဒ္ဓအဝိကောပနတပါး။ (ကိုယ်နှင့်စပ်သည်ကို ဓိဋ္ဌာန်ဘွယ်မရှိ၊)

မိမိနှင့် စပ်သော ကိစ္စရှိသဖြင့် သံဃာ တောင့်တသောအခါ လာမခေါ်မီ ထနိုင်စေသတည်းဟု မိဋ္ဌာန်ခြင်း—သံဃာပဋိမာနနတပါး။

ဘုရားရှင်ခေါ်တော်မူသောအခါ လာမခေါ်မီ ထနိုင်စေသတည်းဟုမိဋ္ဌာန်ခြင်း-သတ္ထုပြက္ကောသနတပါး။

ချန်ရက်အတွင်း မိမိအသက်တည်မည်၊ မတည်မည်ရှုခြင်း-အဒ္ဓါနပရိစ္ဆေဒတပါး။ ဤသို့လေးပါးတည်း။ ဤပုဗ္ဗကိစ္စအခါတို့၌ ကာမ မနောဒွါရဝိထိတို့သာဖြစ်ကုန်၏။

**နိရောဓ ဘုံပုဂ္ဂိုလ်။** ။ဤနိရောဓ သမာပတ်ကို ကာမဘုံ၌ အာဟာရအတွက် ချန်ရက်ထက်လွန်၍ မဝင်စားနိုင်။ ရူပဘုံ၌ ကာလပိုင်းခြားမရှိ ဝင်စားနိုင်၏။ အရူပဘုံ၌ အစဉ်အတိုင်းဝင်စားရန် ရူပဈာန်မရှိသောကြောင့် မဝင်စားနိုင်။

ပုဂ္ဂိုလ်အားဖြင့် အနာဂါမ်၊ ရဟန္တာတို့သာ ကာမရာဂကင်း၍ သမာဓိမြဲသောကြောင့် ဝင်စားနိုင်ကုန်၏။ ၎င်းတို့လည်း အစဉ်အတိုင်း ဝင်စားရန် သမာပတ်အားလုံးရမှဝင်စားနိုင်ကုန်၏။ ဖြစ်တတ်ပျက်တက်သော သင်္ခါရတို့၌ ငြီးငွေ့၍ ပျက်ပျောက်ချမ်းသာစွာ နေလိုသောကြောင့် ဝင်စားကုန်၏။(အလဂဒ္ဒူပမာ စာသင်လျှင် ဤနည်းမျိုး အာသာ ရှိကောင်းသည်ဟု သတိမမူနိုင်လတ္တံ့။)

## မရဏာသန္န ၂၄-ဝိထိ

မရဏာသန္နဝိထိသည် စက္ခုဒွါရဝိထိစသည်ဖြင့် ခြောက်ပါးပြား၏။ ဇောနောင်ဝုတ်၊ ဇောဘဝင်နောင်ဝုတ်၊ တဒါရုံနောင်ဝုတ်- တဒါရုံဘဝင်နောင်ဝုတ် အားဖြင့် လေးပါးစီ ပြားသောကြောင့် ၂၄-ဝိထိဖြစ်၏။

**ပဥ္စဒွါရ။** ။စက္ခုဒွါရဝိထိဖြစ်ဟန်ကား— အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဥ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ မရဏာသန္နဇောငါးကြိမ်၊ဝုတိ

(ဝါ၊ ဓောင်းကြိမ်၊ ဘဝင်၊ စုတိ။ ဝါ၊ဓောင်းကြိမ်၊ တဒါရုံနှစ်ကြိမ်၊ စုတိ၊ ဝါ၊ ဓောင်းကြိမ်၊ တဒါရုံနှစ်ကြိမ်၊ ဘဝင်စုတိ။)ထို နောင်ပဋိသန္ဓေတချက်၊ ဘဝင် ၁၅-ချက်၊ ၁၆ချက်။ ထိုနောင် မနောဒွါရာဝဇ္ဇန်း၊ ဘဝနိကန္တိ လောဘဇော ခုနစ်ကြိမ်ဖြစ်၍ ဘဝင်ကျ၏။ သောတဒွါရစသည် နည်းတူပြီ။ (ပဥ္စဒွါရ... ၂၀-ဖြစ်၏။)

**မနောဒွါရ။** ။မနောဒွါရ ဝိထိကား၊ ကာမဘုံမှ စုတေ၍ ကာမဘုံ၌ ဖြစ်သောသူအားရင်း၊ ကာမစဝနတ္ထ ရဟန္တာအားရင်း၊ ဘဝင်စလန။ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္န ဓောင်းကြိမ်၊စုတိ။ (ဝါ၊ဓော၊စုတိ။ ဓော၊ဘဝင်၊စုတိ။ တဒါရုံ၊ စုတိ၊တဒါရုံဘဝင်၊စုတိ။)ဖြစ်၏။ထိုနောင်(ရဟန္တာမဟုတ်သူအား) ပဋိသန္ဓေ၊ဘဝင် ၁၅-ချက်၊ ၁၆-ချက်၊ မနောဒွါရာဝဇ္ဇန်း၊ ဘဝ နိကန္တိ လောဘဇောခုနစ်ကြိမ်ဖြစ်၍ ဘဝင်ကျ၏။ (မနောဒွါရ လေးဝိထိဖြစ်၏။)

ရူပ၊ အရူပသို့ သွားလတ္တံ့သော ကာမစဝနတ္ထအားရင်း၊ ရူပ အရူပစဝနတ္ထတို့အားရင်း ဓောနောင် စုတိ၊ဓော၊ဘဝင်၊နောင်စုတိ အားဖြင့် နှစ်မျိုးသာဖြစ်သည်။

ရဟန္တာစုတိ နောင် ပဋိသန္ဓေမရှိ။ အကာနိဋ္ဌစုတိ နောင် ပဋိ သန္ဓေမရှိ။ ။အသညသတ်၌ နာမ်ပဋိသန္ဓေမရှိ၊ ရုပ်ပဋိသန္ဓေ သာတည်း။ ။အကာနိဋ္ဌစုတိကား ပစ္ဆိမဘဝိက အစစ်ဖြစ်၍ ရ ဟန္တာ၌ စုတိသာဖြစ်၏။

**မရဏာသန္နအာရုံ။** ။ဤမရဏာ သန္နဝိထိ တို့၌ ဘဝ ဟောင်း ဘဝင်စိတ်၊စုတိစိတ်တို့သည် မူလပဋိသန္ဓေ ဟောင်း၏ အာရုံဖြစ်သော-ကံ၊ကမ္မနိမိတ်၊ ဂတိနိမိတ်ကို အာရုံပြုကုန်၏။ ။ ဘဝဟောင်း မရဏာသန္နဝိထိစိတ်၊ ဘဝသစ် ပဋိသန္ဓေစိတ်၊ ဘဝသစ်ဘဝင်စိတ်တို့သည် ပဋိသန္ဓေကို ဖြစ်စေသော ကံထွမ်းဖြင့် ထင်သော-ကံ၊ကမ္မနိမိတ်၊ ဂတိနိမိတ်ကို အာရုံပြုကုန်၏။

ဘဝသစ် မနောဒွါရာဝဇ္ဇန်း ဘဝနိကန္တိ ဇောတ်ရှိသည့် ပဋိသန္ဓေသစ်ဟု ဆိုအပ်သောဝိပါက်၊ ကဒုတ္တာရုပ်ကို အာရုံပြုကုန်၏။
ရဟန္တာ၏ မရဏာသန္န ဝိထိစိတ်တို့သည် ထင်လာတိုင်းသော နာမ်ရုပ်ကိုရင်း၊ လက္ခဏာရုပ်ကိုရင်း၊ ပညတ်ကိုရင်း အာရုံပြုကုန်၏။

---

## စိတ်အကြိမ် မှတ်ဘွယ်

အကုသိုလ်စိတ် ၁၂-ခုသည် ဇောအားဖြင့် ငါးကြိမ် ရင်း, ခြောက်ကြိမ်ရင်း, ခုနစ်ကြိမ်ရင်း-သုံးမျိုးဖြစ်၏။

ဒွေပဉ္စဝိညာဏ် တဆယ်-တကြိမ်စီ။ ။သမ္ပဋိစ္ဆိုင်းဒွေ-တကြိမ်စီ။ ။ဥပေက္ခာ သန္တီရဏနှစ်ခု-တကြိမ်၊နှစ်ကြိမ်၊အကြိမ်များစွာ။ ။သုခသန္တီရဏ တခု-တကြိမ်၊ နှစ်ကြိမ်။ ။ပဉ္စဒွါရာဝဇ္ဇန်း-တကြိမ်။ ။မနောဒွါရာ ဝဇ္ဇန်း- တကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်။ ။ဟသိတုပ္ပါဒ်- ငါးကြိမ်၊ ခြောက်ကြိမ်၊ ခုနစ်ကြိမ်။
မဟာကုသိုလ် သမ္ပယုတ်- သုံးကြိမ်၊ လေးကြိမ်၊ ငါးကြိမ်၊ ခြောက်ကြိမ်၊ ခုနစ်ကြိမ်။ ဝိပ္ပယုတ်-ငါးကြိမ်၊ ခြောက်ကြိမ်၊ ခုနစ်ကြိမ်။ ။မဟာဝိပါက်ရှစ်ခု-တကြိမ်၊နှစ်ကြိမ်၊ အကြိမ်များစွာ။ ။မဟာကြိယာ သမ္ပယုတ်-သုံးကြိမ်၊လေးကြိမ်၊ ငါးကြိမ်၊ ခြောက်ကြိမ်၊ခုနစ်ကြိမ်။ ။ဝိပ္ပယုတ်—ငါးကြိမ်၊ ခြောက်ကြိမ်၊ ခုနစ်ကြိမ်။
ရူပစိတ် ၁၅-ခု-တကြိမ်၊ အကြိမ်များစွာ။ ။နေဝသညာနာသညာယတနကုသိုလ်၊ကြိယာနှစ်ခု-တကြိမ်၊နှစ်ကြိမ် အကြိမ်များစွာ။ ။ကြွင်းအရူပစိတ်ဆယ်ခု-တကြိမ်၊ အကြိမ်များစွာ။ (နိရောဓဝီထိကို သတိမရလျှင် အလွဲအမှားဟု စွပ်စွဲတတ်ကုန်၏။)
မဂ်စိတ်လေးခု-တကြိမ်၊အောက်ဖိုလ်နှစ်ခု-နှစ်ကြိမ်၊သုံးကြိမ်၊ အကြိမ် များစွာ။ ။အထက် ဖိုလ်နှစ်ခု-တကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်၊အကြိမ်များစွာ။

**စောနဝုတ္တံ။** ။တကြိမ်သာဖြစ်၊ ဆဲ့ခုနစ်ဝာည်း။ တစ်၊နှစ်-တပါး။ တစ်-အများကား၊ နှစ်ဆဲ့ငါးဖြစ်။ တစ်၊ နှစ်၊ သုံးမှာ၊ တခု

သာတည်း။ တခါ-နှစ်၊ များ၊ ဆဲ့နှစ်ပါးလုံး။ နှစ်-သုံး-များ-ခြောက်၊ ငွေဟုကောက်လေ။ငါး-ခြောက်- ခုနစ်၊ နှစ်ဆဲ့တစ်မှတ်။ တစ်-နှစ်-သုံး-များ၊နှစ်ပါးဟုရေး။သုံး-လေး-ငါး-ခြောက်၊ ခုနစ်ခြောက်မှာ၊ ရှစ်ခုလာသည်။ တစ်ခွါကိုးဆယ်စိတ်ကြိမ်တည်း။

တနည်း-တကြိမ်ဖြစ်သော စိတ်ပေါင်း ၅၈။ နှစ်ကြိမ် ၁၈။ သုံးကြိမ်-၁၃။လေးကြိမ်-၈။ ငါးကြိမ်၊ ခြောက်ကြိမ်၊ခုနစ်ကြိမ် ၂၉။ အများ ၄၁။

## ၈ ယားကွက်ရှုဘွယ်

| စိတ်အမည် | | တကြိမ် | ၂ | ၃ | ၄ | ၅၊၆၊၇ | အများ | |
|---|---|---|---|---|---|---|---|---|
| ပဉ္စဝိညာဏ်၊မနောဓာတ်၊မဂ် | ၁၇ | ၁၇ | .... | .... | .... | .... | .... | တကြိမ်-၁၇။ |
| သုခသန္တီရဏ | ၁ | ၁ | ၁ | .... | .... | .... | .... | ၁၊ ၂-တပါး။ |
| နေဝသညာ-ကု-ကြိ-ကြဉ်- မဟဂ္ဂုတ် | ၂၅ | ၂၅ | .... | .... | .... | .... | ၂၅ | ၁၊ အများ-၂၅။ |
| မနောဒွါရာဝဇ္ဇန်း | ၁ | ၁ | ၁ | ၁ | .... | .... | .... | ၁၊ ၂၊ ၃-မှာ-၁။ |
| ဥ-သန္တီ၊ မဟာဝိပါက်၊နေဝ-ကု-ကြိ | ၁၂ | ၁၂ | ၁၂ | .... | .... | .... | ၁၂ | ၁၊ ၂၊ များ-၁၂။ |
| အောက်ဖိုလ် | ၂ | .... | ၂ | ၂ | .... | .... | ၂ | ၂၊ ၃၊ များ-၂။ |
| အကု၊ ဟသိ၊ဝိပ္ပယုတ်-ကု-ကြိ | ၂၀ | .... | .... | .... | .... | ၂၀ | .... | ၅၊ ၆၊ ၇၊ ၂၀။ |
| အထက်ဖိုလ် | ၂ | ၂ | ၂ | ၂ | .... | .... | ၂ | ၁၊ ၂၊ ၃၊ များ-၂။ |
| မဟာကု-ကြိ-သမ္ပယုတ် | ၈ | .... | .... | ၈ | ၈ | ၈ | .... | ၃၊ ၄၊ ၅၊ ၆၊ ၇-မှာ-၈။ |
| ပေါင်း | ၈၉ | ၅၈ | ၁၈ | ၁၃ | ၈ | ၂၈ | ၄၁ | |

## ရှေ့နောက်စိတ်စဉ်

အခြားမဲ့ဖြစ်၍ ချုပ်ကုန်သော ရှေးရှေးသောစိတ် စေတသိက်တို့သည် မိမိနောက်သို့လိုက်၍ ဖြစ်ကုန်သော နောက်နောက်သောစိတ် စေတသိက်တို့အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုကုန်၏။ ။စိတ်တပါးအကြားမရှိသော ရှေးစိတ်-ပစ္စည်း။ နောက်စိတ်-ပစ္စယုပ္ပန်။ အနန္တရပစ္စည်း-ပဋ္ဌာန်းနည်းကိုချိန်သည်။

**နောက်နောက်စိတ်။** ။ပဋိသန္ဓေ နောင်ဘဝင်တမျိုးသာ။ ဘဝင်နောင်ဘဝင်၊ အာဝဇ္ဇန်း။ စုတိ-သုံးမျိုး။ ပဉ္စဒွါရာဝဇ္ဇန်းနောင် ပဉ္စဝိညာဏ်။ ။ပဉ္စဝိညာဏ်နောင် သမ္ပဋိစ္ဆိုင်း။ ။သမ္ပဋိစ္ဆိုင်း နောင်သန္တီရဏ။ ။သန္တီရဏနောင်ဝုဋ္ဌော။

ဝုဋ္ဌောနောင်ဝုဋ္ဌော၊ကာမဇော၊ပဉ္စဝေါကာရဘဝင်-သုံးမျိုး။ ။မနောဒွါရာဝဇ္ဇန်းနောင်မနောဒွါရာဝဇ္ဇန်း၊ကာမဇော၊ဘဝင်သုံးမျိုး၊

တိဟိတ်မှတပါးသော ကာမဇောနောင် ထိုကာမဇော၊တဒါရုံ၊ ဘဝင်၊စုတိ၊လေးမျိုး။ ။တိဟိတ်ကာမဇောနောင်ထိုကာမဇော၊ မဟဂ္ဂုတ်ဇော၊မဂ်ဇော၊ဖိုလ်ဇော၊တဒါရုံ၊ဘဝင်၊စုတိ-၇မျိုး။

နေဝသညာနာသညာယတန ကြဉ်သော မဟဂ္ဂုတ်ဇောနောင် ထိုမဟဂ္ဂုတ်ဇော၊တိဟိတ်ဘဝင် ၂-မျိုး။ ။နေဝသညာနာသညာယတနဇောနောင် နေဝသညာ နာသညာယတနဇော၊ အထက်ဖိုလ်ဇော၊ တိဟိတ်ဘဝင်သုံးမျိုး။ (နိရောဓသမာပတ်ဝင်ချျင် ထွပ်ထွဲ စရာတည်း။)

မဂ်ဇောနောင်ဖိုလ်ဇော။ ။ဖိုလ်ဇောနောင်ဖိုလ်ဇော၊တိဟိတ်ဘဝင် နှစ်မျိုး။ တဒါရုံ နောင်တဒါရုံ၊ ကာမဘဝင်၊ ကာမစုတိ-သုံးမျိုး။ ။စုတိနောင်ပဋိသန္ဓေ။

**ရှေးရှေးစိတ်။** ။ပဋိသန္ဓေ ရှေ့စုတိ - တမျိုးသာ။ ။ဘဝင်ရှေ့ဘဝင်၊ ပဋိသန္ဓေ၊ ဇော၊ တဒါရုံ၊ ဝုဋ္ဌော-ငါးမျိုး။

## ဇယားကွက်ရှုဘွယ်

| စိတ်အမည် | | တ-ကြိမ် | ၂ | ၃ | ၄ | ၅၊၆၊၇ | အများ | |
|---|---|---|---|---|---|---|---|---|
| ပဥ္စဝိညာဏ်၊မနောဓာတ်၊မဂ် | ၁၇ | ၁၇ | .... | .... | .... | .... | .... | တကြိမ်-၁၇။ |
| သုခသန္တီရဏ | ၁ | ၁ | ၁ | .... | .... | .... | .... | ၁၊ ၂-တပါး။ |
| နေဝသညာ-ကု-ကြိ-ကြဉ်- မဟဂ္ဂုတ် | ၂၅ | ၂၅ | .... | .... | .... | .... | ၂၅ | ၁၊ အများ-၂၅။ |
| မနောဒွါရာဝဇ္ဇန်း | ၁ | ၁ | ၁ | ၁ | .... | .... | .... | ၁၊ ၂၊ ၃-မှာ-၁။ |
| ဥ-သန္တီ၊ မဟာဝိပါက်၊နေဝ-ကု-ကြိ | ၁၂ | ၁၂ | ၁၂ | .... | .... | .... | ၁၂ | ၁၊ ၂၊ များ-၁၂။ |
| အောက်ဖိုလ် | ၂ | .... | ၂ | ၂ | .... | .... | ၂ | ၂၊ ၃၊ များ-၂။ |
| အကု၊ ဟသိ၊ဝိပ္ပယုတ်-ကု-ကြိ | ၂၀ | .... | .... | .... | .... | ၂၀ | .... | ၅၊ ၆၊ ၇၊ ၂၀။ |
| အထက်ဖိုလ် | ၂ | ၂ | ၂ | ၂ | .... | .... | ၂ | ၁၊ ၂၊ ၃၊ များ-၂။ |
| မဟာကု-ကြိ-သမ္ပယုတ် | ၈ | .... | .... | ၈ | ၈ | ၈ | .... | ၃၊ ၄၊ ၅၊ ၆၊ ၇-မှာ-၈။ |
| ပေါင်း | ၈၉ | ၅၈ | ၁၈ | ၁၃ | ၈ | ၂၉ | ၄၁ | |

## ရှေ့နောက်စိတ်စဉ်

အခြားမဲ့ဖြစ်၍ ချုပ်ကုန်သော ရှေးရှေးသောစိတ် စေတသိက်တို့သည် မိမိနောက်သို့လိုက်၍ ဖြစ်ကုန်သော နောက်နောက်သောစိတ် စေတသိက်တို့အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုကုန်၏။ ။စိတ်တပါးအကြားမရှိသော ရှေးစိတ်-ပစ္စည်း။ နောက်စိတ်-ပစ္စယုပ္ပန်။ အနန္တရပစ္စည်း-ပဋ္ဌာန်းနည်းကိုချိန်သည်။

**နောက်နောက်စိတ်။** ။ပဋိသန္ဓေ နောင်ဘဝင်တမျိုးသာ။ ဘဝင်နောင်ဘဝင်၊ အာဝဇ္ဇန်း။ စုတိ-သုံးမျိုး။ ပဉ္စဒွါရာဝဇ္ဇန်းနောင် ပဉ္စဝိညာဏ်။ ။ပဉ္စဝိညာဏ်နောင် သမ္ပဋိစ္ဆိုင်း။ ။သမ္ပဋိစ္ဆိုင်းနောင်သန္တီရဏ။ ။သန္တီရဏနောင်ဝုဋ္ဌော။

ဝုဋ္ဌောနောင်ဝုဋ္ဌော၊ကာမဇော၊ပဉ္စဝေါကာရဘဝင်-သုံးမျိုး။ ။မနောဒွါရာဝဇ္ဇန်းနောင်မနောဒွါရာဝဇ္ဇန်း၊ကာမဇော၊ဘဝင်သုံးမျိုး၊

တိဟိတ်မှတပါးသော ကာမဇောနောင် ထိုကာမဇော၊တဒါရုံ၊ ဘဝင်၊စုတိ၊လေးမျိုး။ ။တိဟိတ်ကာမဇောနောင်ထိုကာမဇော၊ မဟဂ္ဂုတ်ဇော၊မဂ်ဇော၊ဖိုလ်ဇော၊တဒါရုံ၊ဘဝင်၊စုတိ-၇မျိုး။

နေဝသညာနာသညာယတန ကြဉ်သော မဟဂ္ဂုတ်ဇောနောင် ထိုမဟဂ္ဂုတ်ဇော၊တိဟိတ်ဘဝင် ၂-မျိုး။ ။နေဝသညာနာသညာယတနဇောနောင် နေဝသညာ နာသညာယတနဇော၊ အထက်ဖိုလ်ဇော၊ တိဟိတ်ဘဝင်သုံးမျိုး။ (နိရောဓသတိမရလျှင် ငှပ်ရွှံ့စရာတည်း။)

မဂ်ဇောနောင်ဖိုလ်ဇော။ ။ဖိုလ်ဇောနောင်ဖိုလ်ဇော၊တိဟိတ်ဘဝင် နှစ်မျိုး။ တဒါရုံ နောင်တဒါရုံ၊ ကာမဘဝင်၊ ကာမစုတိ သုံးမျိုး။ ။စုတိနောင်ပဋိသန္ဓေ။

**ရှေးရှေးစိတ်။** ။ပဋိသန္ဓေ ရှေ့စုတိ - တမျိုးသာ။ ။ ဘဝင်ရှေ့ဘဝင်၊ ပဋိသန္ဓေ၊ ဇော၊ တဒါရုံ၊ ဝုဋ္ဌော-ငါးမျိုး။

ပဋ္ဌဒ္ဓါရာဝဇ္ဇန်းရှေ့ဘဝင်။ ။ပဥ္စဝိညာဏ်ရှေ့ပဥ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်း ရှေ့ပဥ္စဝိညာဏ်၊ သန္တီရဏ ရှေ့သမ္ပဋိစ္ဆိုင်း။ ။ ဝုဋ္ဌော ရှေ့ဝုဋ္ဌော သန္တီရဏ နှစ်မျိုး။ ။မနောဒွါရာဝဇ္ဇန်း ရှေ့ မနောဒွါရာဝဇ္ဇန်း။ ဘဝင် နှစ်မျိုး။

ကာမဇော ရှေ့ကာမဇော၊ ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်း။ ။ မဟဂ္ဂုတ်ဇော ရှေ့မဟဂ္ဂုတ်ဇော၊ ကာမတိဟိတ်ဇော နှစ်မျိုး။

မဂ်ဇော ရှေ့ကာမ ကုသိုလ် တိဟိတ်ဇော။ ။အောက်ဖိုလ်ဇော ရှေ့အောက်ဖိုလ်ဇော၊ အောက်မဂ်ဇော။ ကာမကုသိုလ်တိဟိတ် ဇော၊ သုံးမျိုး။ ။အထက်ဖိုလ်ဇောရှေ့ အထက်ဖိုလ်ဇော၊ အထက်မဂ်ဇော၊ ကာမတိဟိတ်ဇော၊ နေဝသညာ နာသညာယတန မဟဂ္ဂုတ်ဇော-လေးမျိုး။

တဒါရုံ ရှေ့တဒါရုံ၊ကာမဇောနှစ်မျိုး။ ။ စုတိရှေ့-ကာမဇော၊ တဒါရုံ၊ ဘဝင်- သုံးမျိုး ။ အနန္တရ ပစ္စည်းပဋ္ဌာန်းနည်း၌ ကမ်း ကကာက်ရောက်သူ-ပါရဂူဖြစ်နိုင်ရာ၏။

---

## ကာမဝီထိနောက်လိုက်

သဒ္ဒံပဉ္စမစိတ္တေန၊ တိတံဒုတိယစေတသာ။
နာမံ တတိယစိတ္တေန၊ အတ္ထံစတုတ္ထစေတသာ။

သဒ္ဒံ၊ပဋ္ဌပုန် သဒ္ဒါရုံကို။ပဉ္စမစိတ္တေန၊ ပဉ္စမစိတ်ဖြင့်သိ၏။ အတိတံ၊ အတိတ်သဒ္ဒါရုံကို။ဒုတိယစေတသာ၊ ဒုတိယစိတ်ဖြင့်သိ၏။ နာမံ၊ နာမပညတ်ကို။ တတိယစိတ္တေန၊ တတိယစိတ်ဖြင့်သိ၏။ အတ္ထံ၊အတ္ထပညတ်ကို။စတုတ္ထ စေတသာ၊ စတုတ္ထစိတ်ဖြင့်သိ၏။

ပဉ္စမစိတ်ဟူသည်ကား သောတဒွါရအတိမဟန္တာရုံ ဝီထိစိတ် အစဉ်တည်း။ ဝဒန္တပုဂ္ဂိုလ်သည် နွားဟုဆိုအံ့၊ သုဏန္တပုဂ္ဂိုလ် အား ရှေးဦးစွာ သောတဒွါရ ဝီထိဖြစ်၏။ထိုဝီထိသည် ဆိုဆဲသဒ္ဒ ရုပ် ပရမတ်ကိုအာရုံပြု၏။ ပစ္စုပ္ပန်အသံကိုသာသိသေးသည်။

ဒုတိယစိတ်ကား တဒနုဝတ္တက—မနောဒွါရ ဝီထိတည်း။ ဒုတိယအကြိမ် ဤမနောဒွါရဝီထိဖြစ်၏။ ဆိုပြီးသည့်ပုပ်ပရမတ်ကို အာရုံပြု၏၊ အတိတ်အသံကိုသာသိသေးသည်။ (ဤအသံ ပရမတ် နှစ်ဝီထိဖြစ်၏။)

တတိယစိတ်ကား သဒ္ဒမနောဒွါရ ဝီထိတည်း။ တတိယ အကြိမ်ဤမနောဒွါရ ဝီထိဖြစ်၏။ အက္ခရာအပေါင်းဟူသော နာမပ ညတ်ကိုအာရုံပြု၏။ နွားဟူသောအမည် သဒ္ဒပညတ်ကိုသာ သိသေး သည်။ မြက်စားလှည်းရုန်း ကောင်ဟု မသိသေး။

စတုတ္ထစိတ်ကား သဒ္ဒမနောဒွါရ ဝီထိတည်း။ စတုတ္ထအ ကြိမ်ဤမနောဒွါရ ဝီထိဖြစ်၏။ ခွာခြာဟူသော အတ္ထပညတ်ကို အာရုံပြု၏။ မြက်စားလှည်းရုန်းသော နွား အကောင်ဟု ယခုမှ သိသည်။

ဆိုဆဲအသံနွား၊ ဆိုပြီးအသံနွား (ပရမတ်နှစ်မျိုး) အမည်နွား၊ မြက်စားသောနွား (ပညတ်နှစ်မျိုး) ဤလေးမျိုးကို အစဉ်အတိုင်း အာ ရုံပြု၍သိ၏။

အသံကြားတိုင်း နာမပညတ်အထိ သုံးဝီထိသည် ပုဂ္ဂိုလ်မရွေး မုချဖြစ်၏။ ဇောကသင်္ကေတ သိဘူးသူအားသာ လေးဝီထိဖြစ် ကောင်းသည်။ မသိဘူးသူအား အတ္ထပညတ်ကို သိသောစတုတ္ထ ဝီထိမဖြစ်ကောင်း။

ဤသို့လျှင်ပဉ္စဒွါရဝီထိတခုခုနောင် နောက်လိုက် တဒနုဝတ္တက မနောဒွါရဝီထိ၊ သဒ္ဒမနောဒွါရ ဝီထိတို့သည် တိုက်ဆိုင်ဖြစ် ကုန်၏။

ပါဏာတိပါတစသော အကုသိုလ်၊ ဒါနသီလစသော ကုသိုလ် တို့ကိုပြုရာ၌လည်း ဤစတုတ္ထ ဝီထိဖြစ်သော ဇောသုနှစ်ကုန်တို့ သာပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးတို့ကို ဖြစ်စေကုန်၏။ ရှေ့ဝီထိဇော တို့ကား ပဋိသန္ဓေကျိုးကို မဖြစ်စေနိုင်ကုန်၊ အားသေး ကုန်၏။

## အပ္ပနာဝီထိနောက်လိုက်

အပ္ပနာဝီထိငါးမျိုးတို့တွင် ဈာနဝီထိ၌ အာဒိကမ္မိကနှင့်၊ သမာပဇ္ဇန ၇၂-ဝီထိတို့နောင် ထိုဈာန်တို့၌ရှိသော ဝိတက်စသောဈာန်အင်္ဂါတို့ကို တခုစီအာရုံပြု၍ ဈာနလာဘီပုဂ္ဂိုလ်တို့ ဆင်ခြင်ကုန်၏။ ဆင်ခြင်သောဝီထိကား ဝိဘူတာရုံတည်း။

ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ကာမဇောငါး ကြိမ်။ ထိုနောင်တိဟိတ်ဘဝင် ၁၃-ခုထိုက် သလိုကျသည်။ လျင်မြန်လိုသောကြောင့် ဇောငါးကြိမ်သာ။ မဟဂ္ဂုတ်အာရုံ ဖြစ်သောကြောင့် တဒါရုံမကျ။

**ဝသီဘော်ငါးပါး။** ။ဤဆင်ခြင်သော ဝီထိ၌ မနောဒွါရာဝဇ္ဇန်းသည် အာဝဇ္ဇနဝသီမည်၏။ ဇောငါးကြိမ်သည် ပစ္စဝေက္ခဏာဝသီမည်၏။ ဈာန်သမာပတ်ဝင်စားခြင်းကား သမာပဇ္ဇနဝသီမည်၏။ ဤအချိန်မှ ဤအချိန်အထိ ဝင်စားမည်ဟု ဆောက်တည်ခြင်းသည် အဓိဋ္ဌာန ဝသီမည်၏။ ဤအချိန်ဈာန်မှ ထမည်ဟု ဆောက်တည်တိုင်း ထနိုင်ခြင်းသည် ဝုဋ္ဌာနဝသီမည်၏။ ဤဝသီဘော ငါးပါးတို့ဖြင့် လေ့လာခြင်း ပြုကုန်၏။

**ပစ္စဝေက္ခဏာ ၁၉-ဝီထိ။** ။မဂ္ဂဝီထိဖြင့် မဂ်ဖိုလ်ရပြီးသော အရိယာပုဂ္ဂိုလ်သည် မဂ်ကိုရင်း၊ ဖိုလ်ကိုရင်း၊ နိဗ္ဗာန်ကိုရင်းဆင်ခြင်၏။ သုံးဝီထိစီဖြစ်၍ မဂ်လေးခု၌ ၁၂-ဝီထိ။ ပယ်ကိလေသာ၊ ကြွင်းကိလေသာ နှစ်မျိုးကိုလည်း အချို့ဆင်ခြင်၏။ နှစ်ဝီထိစီဖြစ်၏။ အရဟတ္တမဂ်ဖိုလ် ရသောသူကား ကြွင်းကိလေသာ ဆင်ခြင်ရန်မရှိ။ ၇-ဝီထိ။ပေါင်းပစ္စဝေက္ခဏာ ၁၉-ဝီထိဖြစ်၏။ (ပယ်ကိလေသာကြွင်း ကိလေသာကိုအချို့ သေက္ခသာမဆင်ခြင်။)

ဆင်ခြင်သော ဝီထိကား၊ စ၊ဒ၊မ၊ကာမဇော ခုနစ်ကြိမ်။ ထို နောင်ဘဝင်ကျ၏၊ သောတာပတ္တိမဂ္ဂဝီထိအရာ၌ အရူပဘဝင် မကျ။

## မိုရာဝဏ္ဏ

မရဏာသန္နဝီထိတို့၌ ပဋိသန္ဓေစိတ်သည် ၆မိနှင့်အတူဥပါဒ်သောဟာဒယ ဝတ္ထုကိုမှီသည်။ ရုတိတိုင်အောင်၁၆ ချက်သော စိတ်တို့သည် ၁၇-ချက်မြောက်စိတ်နှင့်အတူ ဥပါဒ်သောဟာဒယ ဝတ္ထုကိုမှီကြသည်။

နိရောဓဝီထိတို့၌ နိရောဓသမာပတ်မှထသော အခါ ဖိုလ်စိတ်သည်ရှေ့စိတ္တက္ခဏာတချက်ခန့်ကာလ၌ဖြစ်သော ဟာဒယဝတ္ထုကို မှီသည်။

ပဉ္စဒွါရဝီထိတို့၌ ပဉ္စဝိညာဏ်စိတ်သည် မဏ္ဍိမာယုက ဖြစ်သောပဉ္စပသာဒ ဝတ္ထုကို၊ ဝါ၊ ပဌမ အတီတဘဝင်နှင့် အတူ ဥပါဒ်သော ပဉ္စပသာဒဝတ္ထုကိုမှီသည်။

တြွင်းလေသမျှဝီထိစိတ်၊ဘဝင်စိတ်တို့သည်ရှေ့ရှေးသောစိတ်နှင့်အတူဥပါဒ်သော ဟာဒယဝတ္ထုကိုမှီကြသည်၊ရှေ့စိတ်ဟာဒယကို နောက်စိတ်မှီသည်ဟူလို။ (အရူပ၌မရှိမှု၍သာဖြစ်သည်။) ဝတ္ထုပုရေဇာတပစ္စည်းပဋ္ဌာန်းနည်းကို ချိန်သည် လွယ်ကူလတ္တံ့။

### မဏ္ဍိမာယုက

ပဉ္စာရုံထိခိုက်သော အခါပဉ္စာရုံနှင့် ဥပါဒ်ပြိုင်သော ပဉ္စပသာဒတရသည်(ဝါ၊ ပဌမအတီတဘဝင် ဥပါဒ်၌ ဖြစ်သော ပသာဒတရသည်) မဏ္ဍိမာယုကမည်၏။ အာရုံနှင့်ဖြစ်ချုပ် မရှေးမနှောင်း အသက်တူ ပသာဒဟူလို။ ။ထိုမှနောက်ပသာဒတို့သည် အမန္ဒာယုကမည်၏၊ အာရုံချုပ်သောအခါ နှောင်းကျန်ရစ်သည်ဟူလို။ ။ ထိုမှရှေးပသာဒတို့သည် မန္ဒာယုကမည်၏။ အာရုံရှိစဉ်ချုပ်နှင့် လေပြီဟူလို။

အတိမဟန္တာရုံ၌ ပဉ္စဒွါရဝတ္တန်း၏ဘဝင်တိုင်အောင် ဥပါဒ်,ဌီ,ဘင်တိုင်းဖြစ်သော နောက်ပသာဒ၁၁-ခုသည်အမန္ဒာယုက ၁၁-ခုဖြစ်၏၊ ရှေးတေရသမဘဝင်၏ဘင်အထိဥပါဒ်,ဌီ,ဘင်တိုင်ဖြစ်သောရှေးပသာဒ ၃၇-ခုသည်မန္ဒာယုက ၃၇-ခုဖြစ်၏။ အတီတ

ဘဝင်တိုးသော ဝိထိတိုင်း အမန္တာယုက ၃-ခုစီတိုး၍ မန္တာယုက ၃-ခုစီ လျော့၍ပသာဒပေါင်း ၄၉-စီသာတည်း။

ပဉ္စဝိညာဏ်မဖြစ်မီရှေး၌ ပသာဒ ၅၁- ခု တည်ဆဲရှိသော်လည်း ပဉ္စဝိညာဏ် ဥပါဒ်ပြီးသောအခါ တခုချုပ်၏။ ဌီပြီးသော အခါတခုချုပ်၏၊ဘဝင်တိုင်အောင် တည်ဆဲ ပသာဒကား ၄၉-ချက်သာတည်း၊ ထို၄၉-ချက်၌သာ သက်တို၊သက်ရှည်ဖယ်၍ အာရုံနှင့် ပြိုင်သော သက်လတ်ပသာဒတချက်ကို ပဉ္စဝိညာဏ်မှီသည်။

## သရက်ပမာ

ယူတယောက်သည် သရက်ပင်အောက်၌ အိပ်ပျော်နေ၏၊ သရက်သီး ကြွေကျသောကြောင့် လန့်နိုး၍၊ မျက်စိဖွင့်ကြည့်၍၊ ယူ၍၊နယ်၍၊ နမ်း၍၊ စား၍၊ မျိုချ၏။ ထိုနောက်ပြန်အိပ်၏။

ဤဥပမာ၌ အိပ်ပျော်နေခြင်းသည်– ရှေးဘဝင် အယဉ်နှင့်တူ၏။ ကြွေကျ–အာရုံပသာဒထိ။ နိုး–အာဝဇ္ဇန်း။ ကြည့်-စက္ခုဝိညာဏ်။ ယူ-သမ္ပဋိစ္ဆိုင်း။ နယ်-သန္တီရဏ။ နမ်း-ဝုဋ္ဌော။ စား-ဇောအကြိမ်ကြိမ်။မျို-တဒါရုံ။ပြန်အိပ်ခြင်းသည်-နောက်ဘဝင်အယဉ်နှင့်တူ၏။

ဤဥပမာဖြင့်-ပသာဒ၌ ထိခြင်းသာ အာရုံ၏ကိစ္စ။ ဆင်ခြင်ခြင်းသာ အာဝဇ္ဇန်းကိစ္စ။ မြင်ခြင်းသာ စက္ခုဝိညာဏ်ကိစ္စ၊ ခံယူ၊ ရှုစမ်း၊ မှတ်ခြင်းသည် သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌောကိစ္စ။ အာရုံ အရသာကို ခံစားနိုင်ခြင်းကား ဇောကိစ္စသာတည်း။ ဇော အာရုံကို အာရုံပြုခြင်း–တဒါရုံကိစ္စ။ ဤသို့လျှင်သဘောတရားတို့သည် မိမိကိစ္စအားဖြင့် မရောယှက်ဟု ကိစ္စ မရောယှက်ခြင်း ဂုဏ်ကို ပြတော်မူသည်။

## နိယာမငါးပါး

သင်သည် အာဝဇ္ဇန်းဖြစ်၍ ဘဝင်နောင်ဖြစ်လော။ သင်ကား ဒဿနဖြစ်၍ အာဝဇ္ဇန်းနောင် ဖြစ်လော–ဤသို့စသည်ဖြင့် စိတ်

ဥ်ကိုစိမံသူမရှိ။နိယာမငါးပါးတွင် စိတ္တနိယာမအာ ဖြင့်သာ စိတ်ဥ်ဖြစ်သည်။ နိယာမငါးပါးကို ဆိုအပ်၏။

၁…သစ်ပင်တို့ တချိန်တည်း ပွင့်သီးခြင်းသည် ဥတုနိယာမည်၏။

၂…သရက်သီးချင်း တူအောင်၊အုန်းသီးတိုင်း ထိပ်ပေါက်ရှိအောင်–ဤသို့စသည်ဖြင့် ဖြစ်ခြင်းသည် ဗီဇနိယာမမည်၏။

၃…တိဟိတ် ကံသည်တိဟိတ်၊ ဒွိဟိတ်၊ အဟိတ်အကျိုးကို၊ ဒွိဟိတ်ကံသည်ဒွိဟိတ်၊ အဟိတ်အကျိုးကိုပေးခြင်းသည် ကမ္မနိယာမမည်၏။ ဖွတ်တွင်းပိတ်ဘူးသူ, လိုက်ခေါင်း ပိတ်ခံရခြင်းစသော ကံတူအကျိုးပေးတို့လည်း ကမ္မနိယာမ မည်၏။

၄…ဘုရားလောင်း သန္ဓေ ယူသော အခါ မြေလှုပ်ခြင်းစသည်သည် ဓမ္မနိယာမမည်၏။

၅…အာရုံပသာဒ ထိခိုက်သောအခါ အာဝဇ္ဇန်း စသည်တို့ အစဉ်ကျအောင် ဖြစ်ခြင်းသည် စိတ္တနိယာမ မည်၏။ (ဥတု၊ ဗီဇ၊ ကမ္မ၊ ဓမ္မ၊ စိတ္တ-နိယာမငါးပါး။)

## ကာမဝီထိအရာမှတ်ဘွယ်

ကျောက်၊ လောင်စာနှင့် နေပူ-ပေါင်းဆုံမိမှ မီးဖြစ်သကဲ့သို့ဝတ္ထုနှင့် အာရုံစသည်တို့-ပေါင်းဆုံမိမှ ဝီထိစိတ်ဖြစ်သည်။ ။ဝီထိစိတ်တို့သည် အာရုံကို ဆင်ခြင်ခြင်း၊ မြင်ခြင်း၊ လက်ခံခြင်းစသည်ကိုပြုရာ၌ ပြုတတ်သော ကတ္တားသတ္တဝါမရှိ။ ဆင်ခြင်သကဲ့သို့ မြင်သကဲ့သို့စသော အခြင်းအရာ ဘာဝသတ္တိဖြစ်ခြင်းမျှသာဖြစ်ကုန်၏။ တဒ္ဓမ္မူပစာ–မရှိရာတင်စား၍ ဆင်ခြင်သည်၊ မြင်သည်၊ လက်ခံသည် စသည်ဖြင့်ဆိုသည်။

**ရူပါရုံမလာခြင်း။** ။ရူပါရုံသည် မိမိနေရာ၌တည်၍ပျောက်စက္ခုအား ထင်သည်။ စက္ခုပသာဒသို့လာ၍ ထင်သည်မဟုတ်၊ ထိုကြောင့်မလာ။ ရူပါရုံတနေရာမှ တနေရာသို့ သွား

ခြင်းကား မှိရာမဟာဘုတ်ရွေ့၍ ဖြစ်လျှင် သွားသည်မည်၏။ မရွေ့ဘဲဖြစ်လျှင် ရပ်သည်မည်၏။ (အနုစိတ်ခြင်းဖြင့်ကား နေရာမရွေ့ဘဲဖြစ်ရာ၌သာ ချုပ်သောကြောင့် သွားတတ်သောရုပ်တခုမျှမရှိ၊ မှိရာမဟာဘုတ် တရွေ့ရွေ့ အသစ်အသစ်ဖြစ်ရာ၌ မခွဲနိုင်သောရုပ်တို့၏ ဖြစ်ခြင်းကြောင့်– မသွားတတ်သော ရုပ်လည်း တခုမျှမရှိ။ ဤသို့မဝေဘန်လျှင် ရူပ၊သဒ္ဒ– မသွားတတ်။ ဂန္ဓ-စသည်သွားတတ်သည်ဟု အယူသည်းထန်ကုန်ရာ၏။)

**ထမ်းစင်ထမ်းနည်း။** ။မြင်ရသောအခါ များသောရူပါရုံ အပေါင်းကိုသာ မြင်သည်၊ရုပ်ကလာပ်တခု နှစ်ခုမျှဖြစ်သောရူပါရုံကိုမမြင်။ ရူပါရုံကိုမြင်သလော- အပေါင်းကို မြင်သလောဟူမူ။ ပရမတ်၌ အပေါင်းမရှိ။ အစိတ်အစိတ်သည်ပင် အပေါင်းဖြစ်၍ ထမ်းစင်ထမ်းနည်းဖြင့် မြင်သည်။ အများပိုင်းထမ်းမှ ထမ်းစင်ကြွသကဲ့သို့ ရူပါရုံအများပေါင်းစုမှမြင်ရသည်။

**အကြောင်းလေးပါး။** ။ရူပါရုံများသလောက် အကုန်မမြင်၊ နှလုံးသွင်းသလောက်မြင်သည်၊ မြင်သောအခါလည်း စက္ခုသည် အရောင်အလင် ကို မှီ၍သာမြင်သည်။ စက္ခု၊ရူပ၊ အာလောက၊ မနသိကာရ-ဤကား မြင်ခြင်း အကြောင်း လေးပါးတည်း။

**မမြင်ရသောရူပါရုံ ၆-မျိုး။** ။သေးလွန်းသော အဏုမြူ၊ ဝေးလွန်းသော မြင်းမိုရ်တောင်၊ နီးလွန်းသော မျက်မွေးမျက်လွှာ၊ မြန်လွန်းသော သံတွေပူပေါ်ကျသော ရေပေါက်။ အနာဂတ်အဆင်း၊ အတိတ်အဆင်း-ဤသို့သော ရူပါရုံတို့ကိုမမြင်နိုင်။(ဖုံးကွယ်ကိုဝေး၌ထည့်။)

သေး၊ဝေး၊နီး၊မြန်၊(၄)၊နာ၊တီတံ(၂)၊မြင်ရန်မစွမ်းနိုင်။

**သဒ္ဒါရုံမလာခြင်း။** ။သဒ္ဒါရုံသည်လည်း မိမိနေရာ၌ တည်လျက် သောတအားထင်သည်။ သောတပသာဒသို့ လာ၍ထိမှ ထင်သည်မဟုတ်။ ပသာဒသို့မရောက်ဘဲထင်မှ အဝေးအရပ်က

အဆင်းအသံ၊ အနောက်က အဆင်း အသံဟု မှတ်သားနိုင်သည်၊ သဒ္ဒါရုံသွားခြင်းကား မိရာမဟာဘုတ်အတိုင်းပင်တည်း။

ကြားရသောအခါ များသော သဒ္ဒါရုံအပေါင်းကိုသာ ကြားသည်၊ ရုပ်ကလာပ်တခု နှစ်ခုမျှသဒ္ဒကို မကြား။ များသလောက်လည်းမကြား။ နှလုံးသွင်းသလောက်သာ ကြားသည်။ အကြားအပေါက် အာကာသကို မှီ၍သာကြားသည်။ သောတ,သဒ္ဒ,အာကာသ, မနသိကာရ-ကြားခြင်းအကြောင်းလေးပါး။

**ဂန္ဓာရုံစသည်လာခြင်း။** ။ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့ကား ဃာန, ဇိဝှါ, ကာယ, ပသာဒသို့လာ၍ ထိကပ်မှထင်ကုန်၏။ မထိကပ်လျှင်မထင်၊ ပသာဒသို့ရောက်မှ ထင်သောကြောင့် ဤအနံ့၊ အရသာ၊ အတွေ့ကား အရှေ့က၊ အနောက်က-ဟု မမှတ်၊ ပသာဒ၌သာ အမှတ်ထားကြရလေသည်။ သွားခြင်းကား မိရာမဟာဘုတ် အတိုင်းပင်တည်း။ ရုပ်ကလာပ်တခု၊ နှစ်ခုမျှသေးငယ်သော်လည်း ပသာဒသို့လာ၍ ထိလျှင်သိနိုင်၏၊ နှလုံးသွင်းသလောက်သိသည်။

လေဓာတ်မှီ၍ အနံ့သိသည်၊ ဃာန၊ ဂန္ဓ၊ ဝါယော၊ မနသိ-အနံ့သိကြောင်းလေးပါး။ ။ရေဓာတ်မှီ၍ အရသာသိသည်၊ဇိဝှါ၊ ရသ၊ အာပေါ၊ မနသိ-အရသာသိကြောင်းလေးပါး။ အမာဓာတ်မှီ၍အတွေ့သိသည်၊ ကာယ၊ ဖောဋ္ဌဗ္ဗ၊ ပထဝီ၊ မနသိ—အတွေ့သိကြောင်းလေးပါး။

**ပသာဒငယ်သော်လည်း။** ။ပဉ္စပသာဒတို့ကား ရုပ်ကလာပ်တခု နှစ်ခုမျှသေးငယ်သော်လည်း စိတ်၏မှီရာဖြစ်၍ အာရုံကိုယူနိုင်ကုန်၏။

**လှုပ်ခြင်းပြတ်ခြင်း။** ။ပသာဒ အာရုံ တွေ့ဆုံသောအခါ စိတ်ဖြစ်ခြင်း၌ ဘဝင်ချက်ခြင်း မပြတ်။ ဘဝင်စလန နှစ်ကြိမ်

ဖြစ်ပြီးမှပြတ်ခြင်းသည် ပြေးသူ ရပ်ခွင့်ကြုံသောအခါ ချက်ခြင်း မရပ် တလှမ်း၊ နှစ်လှမ်းလွန်ပြီးမှ ရပ်သည်နှင့်တူ၏။

အာရုံသည် ပသာဒကိုသာ ထိသည်၊ ဘဝင်ကိုမထိ။ ဘဝင်သည်ဟဒယ၌မှီနေသည်။ ဘဝင် အဘယ်ကြောင့် လှုပ်သနည်း။ ခတ်ရာတခြား၊ ရှရာတခြား မဖြစ်ပြီလော?-သန္တာန် တစပ်တည်း ဖြစ်သောကြောင့်တည်း၊ စပ်ပုံကား-ပသာဒသည် မဟာဘုတ်၌ မှီသည်။ မဟာဘုတ်သည် မဟာဘုတ်ချင်းစပ်သည်။ စပ်သော မဟာဘုတ်၌ ဟဒယဝတ္ထုမှီသည်၊ ဟဒယ၌ ဘဝင်မှီသည်၊ ဤသို့ တစပ်တည်းဖြစ်သောကြောင့် အာရုံနှင့် ပသာဒ ဆုံလျှင် ဘဝင် တုန်လှုပ်ရလေသည်။ စည်မျက်နှာတဘက်၌ တီးလျှင် အခြားတဘက်၌ ကပ်နေသော သကာခဲ၌ နားနေသော ယင်ယယ် တုန်လှုပ်၍ပျံရလေသည်နှင့်တူ၏။

**တဒါရုံနှစ်ကြိမ်ဥပမာ။** ။တဒါရုံသည် အမြဲနှစ်ကြိမ်ဖြစ်သည်။နှစ်ကြိမ် မဖြစ်လောက်သော မဟန္တာရုံ၌ တကြိမ်မျှပင်မဖြစ်။ (အချို့ကားတကြိမ်လည်း ဖြစ်ကောင်းသည်ဟူ၏။)

တဒါရုံသည် မိမိကိုဖြစ်စေသော ကာမကုသိုလ်ဇော၊ အကုသိုလ်ဇော၊ ကာမအလားတူ ကာမကြိယာဇောတို့ နောင်သာ ဖြစ်သည်။ မဟဂ္ဂုတ်၊ လောကုတ္တရာဇော နောင်မဖြစ်၊ ကာမဂဒိုသန္ဒေစိတ်သည် တဒါရုံ၏ဖြစ်ကြောင်း မျိုးစေ့တည်း။ ကာမဇောနောင်လည်း ကာမအာရုံ၌သာ ကာမဘုံ၌သာ ဖြစ်သည်။ မဟဂ္ဂုတ်စသောအာရုံ၊ ရူပဘုံအရူပဘုံ၌မဖြစ်၊ သတ္တိသားငယ်နှင့်တူ၏။

သတ္တိ သားငယ်သည် မွေးသည့်မိခင်၊ ဘခင်၊ အလားတူ ဦးကြီး၊ ဦးလေးတို့၏ နောက်သာ လိုက်သည်။ အမတ်စစ်သူကြီးတို့နောက် မလိုက်၊မိဘဆွေမျိုး နောက်လည်း အိမ်အနီး၌သာလိုက်သည်။ အရပ်ဝေးသို့ မလိုက်သကဲ့သို့တည်း။ ။တနည်း။ ကာမတဏှာသခင်၏ အစွမ်းဖြင့်ဖြစ်သော ကာမကုသိုလ် အကုသိုလ် ကျွန်မကြီးမှ တဒါရုံသားပေါက် မွေးဘွား ရသည်။

ကာမတဏှာ ဟူသော သခင်၏နယ် ကာမအာရုံ ကာမဘုံအိမ် အနီး၌သာ ကာမဝိပါက် တဒါရုံဟူသော သားပေါက်ကျွန်မသား ဖြစ်ရသည်။လိုက်ရသည်။ နယ်မလွန်ရ သကဲ့သို့တည်း။

**ဇောအာရုံ၏အသက်**။ ။အချို့ပရိတ္တာရုံ၌ ဇောငါးကြိမ်၊ ခြောက်ကြိမ်ခန့်အာရုံ အသက်ရှိလျက် အဘယ်ကြောင့် ဇောတကြိမ်မျှ မစောသနည်း?။ပဉ္စုပ္ပန်ထင်ဆဲ အာရုံ၌ ဇော ခုနစ်ကြိမ်ဖြစ်လောက်အောင် အာရုံအသက်ရှိမှ ဇောစောသည်။ ခုနစ်ကြိမ်မဖြစ်လောက်သော အာရုံသည် အားနည်းသောကြောင့် ဇောကို ဖြစ်စေခြင်းငှါ အာရမ္မဏသတ္တိဖြင့် ကျေးဇူးမပြုနိုင်။

## အပ္ပနာဝီထိအရာမှတ်ဘွယ်

အပ္ပနာဇောသည် ကာမဇောသုံးကြိမ်၊ လေးကြိမ်နောင်-လေးကြိမ်မြောက်၊ငါးကြိမ်မြောက်၌သာကျသည်။ ငါးကြိမ်၊ ခြောက်ကြိမ်နောင်မကျ။အဘယ်ကြောင့်နည်း?။ဘဝင်ကျခြင်းနှင့် နီးသောကြောင့်တည်း၊ ကမ်းပါးပြတ်သို့ ပြေးသောသူသည် မရောက်မီ ရပ်ရသည်၊ ရောက်မှရပ်လျှင် ကျခြင်းနှင့် နီးလတ္တံ့။

ကာမဇော နှစ်ကြိမ်နောင်လည်းမကျ၊ အဘယ်ကြောင့်နည်း?။ ကာမဇောနှစ်ကြိမ်တွင် ဂေါတြဘူ မဖြစ်နိုင်သောကြောင့်တည်း။ ပဌမဇောသည် အာသေဝနပစ္စည်းမရ၍ အားမရှိသောကြောင့် ဒုတိယဇော နေရာ၌ ဂေါတြဘူဖြစ်အောင် ကျေးဇူးမပြုနိုင်၊ ဒုတိယဇော ဂေါတြဘူမဖြစ်သောကြောင့်သုံးကြိမ်မြောက် တတိယဇော အပ္ပနာမဖြစ်။ကာမဇောတကြိမ်နောင်ကား အပ္ပနာဝေး၍။

**ကာမဇောငါးမည်**။ ။အပ္ပနာ ဖောရှေ့၌ ကာမဇော လေးကြိမ်တို့တွင် ပဌမဇောသည် အပ္ပနာကို ပြုပြင်တတ်သောကြောင့် ပရိကံမည်၏၊ ဒုတိယဇောသည် အပ္ပနာ၏ အနီး၌ဖြစ်သောကြောင့် ဥပစာရမည်၏။ (မနီးလွန်းသော်လည်း မဝေးသောကြောင့် အနီးဟု ဆိုသည်။) တတိယဇောသည် ရှေ့ကာမ

ဖော၊ နောက်အပ္ပနာတို့အား လျော်သောကြောင့် အနုလုံမည်၏၊ စတုပ္ပဖောသည် ကာမအနွယ်၊ ပုထုဇဉ်အနွယ်ကို ဖျက်၍ မဟဂ္ဂုတ်အနွယ် လောကုတ္တရာ အရိယာအနွယ်ကို ဖြစ်စေတတ်သောကြောင့် ဂေါတြဘူမည်၏၊ အရိယာပုဂ္ဂိုလ်၏မဂ်၌ (ဂေါတြဘူ)ကာဖဖောသည် ကိလေသာ စင်ကြယ်သောကြောင့်ဝေါဒါန်မည်၏။

**အပ္ပနာအမည်။** ။ဝိတက်စသော ဈာန်အင်္ဂါငါးပါးသည် အာရုံကို ကပ်၍ ရှုတတ်သောကြောင့် ဈာန်မည်၏။ နီဝရဏတို့ကို ပယ်တတ်သောကြောင့်လည်း ဈာန်မည်၏။ ပယ်ပုံကား ဝိတက်သည် ထိနမိဒ္ဓကိုပယ်၏၊ ဝိစာရသည် ဝိစိကိစ္ဆာကို ပယ်၏၊ ပီတိသည်ဗျာပါဒကိုပယ်၏၊ သုခသည်ဥဒ္ဓစ္စကုက္ကုစ္စကိုပယ်၏၊ ဧကဂ္ဂတာသည် ကာမစ္ဆန္ဒကိုပယ်၏။

ထိမိဒ်း၊ဝိ၊ဗျာ၊(၃)၊ ဥဒ် ကုက်၊ကာ(၂)၊ငါးဖြာဈာန်ပယ်စဉ်။

ဤဈာန်အင်္ဂါငါးပါးတို့တွင် ဝိတက်သည်သာလျှင် ကသိုဏ်းစသောအာရုံ၌ ချဉ်းကပ်ဝင်ရောက် တတ်သောကြောင့် အပ္ပနာမည်၏။ (မှချ)။ မဟဂ္ဂုတ် လောကုတ္တရာတို့သည် ထို(ဝိတက်) အပ္ပနာစွမ်းဖြင့် ဖြစ်သောကြောင့် အပ္ပနာမည်၏။ (ဥပစာ)

## မဂ်ဖိုလ်ဝေဒနာ

မဂ်သို့ ရောက်ကြောင်း ဖြစ်သော ဝိပဿနာသည် ဝုဋ္ဌာနဂါမိနီမည်၏၊အထွတ်အထိပ်သို့ရောက်သောပရိကံ၊ ဥပစာ၊အနုလုံ၊ သုံးချဖြစ်၏။ ထိုဝိပဿနာစွမ်းဖြင့် မဂ်ဖိုလ်၌ ဝေဒနာကိုမှတ်သားသည်။ ထိုဝိပဿနာသည် သောမနဿဖြစ်လျှင် မဂ်ဖိုလ်လည်း သောမနဿဖြစ်သည်၊ မဂ်ဖိုလ်သောမနဿဖြစ်လျှင် ထိုဝိပဿနာလည်း သောမနဿဖြစ်သည်၊ဥပေက္ခာဖြစ်လျှင်လည်း ထိုနည်းတည်း။

အောက်ဗျာန် လေးပါးရသူ၏ မင်္ဂဖိုလ်သည် ထိုဗျာန်လေ ပါး နှင့်တူစွာ ဗျာန်အင်္ဂါအမျိုးမျိုး ဖြစ်၍ (ဥပေက္ခာမဖြစ်) သောမနဿသာဖြစ်သည်။ သုက္ခဝိပဿကာ၏ မဂ်ဖိုလ်သည် ပဌမဗျာန်နှင့်တူစွာ ဗျာန်အင်္ဂါဖြစ်၍(ဥပေက္ခာမဖြစ်) သောမနဿသာဖြစ်သည်။

ဝိထိပိုင်းအရသာပြီး၏။

---

## ၅...ဘုံပိုင်း

ဤသို့ ဝိထိစိတ်စွမ်းဖြင့် ပဝတ္တိအခါ ဖြစ်သော ပဝတ္တိသင်္ဂဟကိုပြပြီး၍ ယခုအခါ၌ ပဋိသန္ဓေအခါဖြစ်သော ပဝတ္တိသင်္ဂဟကို ဆိုပေအံ့။

(ပဋိသန္ဓေ နောင် ပဌမဘဝင်မှစ၍ စုတိ အဆုံးတိုင်အောင်သည် ပဝတ္တိ အခါမည်၏။ ပဋိသန္ဓေ ခဏတွယ သည်သာလျှင် ပဋိသန္ဓေအခါမည်၏။ ဤသင်္ဂဟကို ပဋိသန္ဓေအခါ ဆိုမည်ဟု ဝန်ခံသော်လည်း နီးကပ်သော စုတိအခါလည်း ဆိုမည်။ ဘဝင်အခါလည်းဆိုမည်။ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ-ဝိထိမုတ် စိတ်စွမ်းဖြင့်ဆိုမည်ဟူလို၊)

ဤဝိထိမုတ္တသင်္ဂဟ၌ ဘုံလေးခု၊ ပဋိသန္ဓေလေးခု၊ ကံလေးခု၊ မရဏုပ္ပတ္တိလေးခု-ဤသို့လေးပါး လေးခုသိအပ်၏။

**ဘူမိစတုက္က။** ။ထိုလေးခုတို့တွင် အပါယ်ဘုံ၊ ကာမသုဂတိဘုံ၊ ရူပါဝစရဘုံ၊ အရူပါဝစရဘုံ-ဤကား ဘုံလေးခုတည်း။

**ဘုံသုံးဆဲ့တစ်။** ။ထိုတွင်အပါယ်ဘုံသည် ငရဲဘုံ၊တိရစ္ဆာန်ဘုံ၊ပြိတ္တာဘုံ၊ အသုရကာယ်ဘုံ-ဟူ၍လေးဘုံရှိ၏။

ကာမသုဂတိဘုံသည်၊ လူ့ဘုံ၊စာတု မဟာရာဇ်ဘုံ၊ တာဝတိံသာဘုံ၊ယာမာဘုံ၊တုသိတာဘုံ၊ နိမ္မာန-ရတိဘုံ၊ ပရနိမ္မိတ-ဝသ-ဝတ္တိဘုံ-ဟူ၍ ခုနစ်ဘုံရှိ၏။ ဤနှစ်ရပ်အပေါင်းသည် ကာမ ၁၁-ဘုံ မည်၏။

ရူပါဝစရ ဘုံသည် ဗြဟ္မပါရိသဇ္ဇာဘုံ၊ ဗြဟ္မပုရောဟိတာဘုံ၊ မဟာဗြဟ္မာဘုံ-ဟူ၍ ပဌမဈာန်သုံးဘုံ။ (ဤအဝထိ ကမ္ဘာမီးဖျက်သည်။)

ပရိတ္တာဘာဘုံ။ အပ္ပမာဏာဘာဘုံ၊ အာဘဿရာဘုံ၊ -ဟူ၍ ဒုတိယဈာန်သုံးဘုံ။(ဤအဝထိကမ္ဘာရေဖျက်သည်။)

ပရိတ္တသုဘာဘုံ၊ အပ္ပမာဏသုဘာဘုံ၊ သုဘကိဏှာဘုံ-ဟူ၍ တတိယဈာန် သုံးဘုံ။ (ဤအဝထိ ကမ္ဘာလေဖျက်သည်။)

ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံ၊ သုဒ္ဓါဝါသငါးဘုံ- ဟူ၍ စတုတ္ထဈာန်ခုနစ်ဘုံ။ ဤသို့ ၁၆-ဘုံရှိ၏။

သုဒ္ဓါဝါသငါးဘုံကား-အဝိဟာ၊အတပ္ပါ၊ သုဒဿာ၊သုဒဿီ။ အကနိဋ္ဌ။

အရူပါဝစရဘုံသည် အာကာသာနဉ္စာ ယတနဘုံ၊ ဝိညာနဉ္စာ ယတနဘုံ၊ အာကိဉ္စညာ ယတနဘုံ၊ နေဝသညာနာသညာ ယတနဘုံ-ဟူ၍လေးဘုံရှိ၏။

သုဒ္ဓါဝါသ၌ ပုထုဇဉ် သောတာပန် သကဒါဂါမ်မရ။ ။အသညသတ်နှင့် အပါယ်၌ အရိယာမရ။ ။ကြွင်း ၂၁-ဘုံ၌ ပုထုဇဉ် အရိယာ လျှော်စွာရ၏။

ဤကား-ဘူမိစတုက္ကတည်း။

## ပဋိသန္ဓိစတုက္က

အပါယ်ပဋိသန္ဓေ၊ ကာမသုဂတိ ပဋိသန္ဓေ၊ ရူပါဝစရ ပဋိသန္ဓေ၊အရူပါဝစရ ပဋိသန္ဓေ—ဤကား ပဋိသန္ဓေလေးခုတည်း။

**ကာမ ပဋိသန္ဓေ ၁၀။** ။ထိုတွင် အကုသလ ဝိပါက် ဉပေက္ခာ သန္တီရဏသည် အပါယ်လေးဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိစွမ်းဖြင့်ဖြစ်၏။ ဝါ-ပဋိသန္ဓေအခါ ပဋိသန္ဓေကိစ္စဖြစ်၏။ ထိုနောင် ပဝတ္တိအခါ ဘဝင်ကိစ္စဖြစ်၏။ အဆုံး၌စုတိကိစ္စဖြစ်၍ဖြတ်၏။(ဤကားအပါယ် ပဋိသန္ဓေ တခုတည်း။)

· ကုသလဝိပါက် ဥပေက္ခာ သန္တီရဏသည် ကာမသုဂတိ၌၊ (ဝါ၊ လူ၊ စာတုမဟာရာဇ် နှစ်ဘုံ၌)ဓွန္တစသော လူတို့အား၎င်း ဘုမ္မနိဿိတ ဝိနိပါတိက အသုရာတို့အား၎င်း, ပဋိသန္ဓေ,ဘဝင်, စုတိစွမ်းဖြင့်ဖြစ်၏။(ဤအသုရာတို့သည် စာတုမဟာရာဇ်၌ ပါဝင်ကုန်၏။)

မဟာဝိပါက်ရှစ်ခုသည် ကာမသုဂတိ ၇-ဘုံလုံး၌ ပဋိသန္ဓေ, ဘဝင်, စုတိစွမ်းဖြင့်ဖြစ်၏ (ဝိပ္ပယုတ်-ဒွိဟိတ်၊ သမ္ပယုတ်-တိဟိတ် ဟုခွဲ၊) ဤကား ကာမသုဂတိ ပဋိသန္ဓေ ကိုးခုတည်း။ ထိုနှစ်ရပ် အပေါင်းသည် ကာမာဝစရ ပဋိသန္ဓေတဆယ်ဖြစ်၏။

(ဒုဂ္ဂတိအဟိတ် ၁၊ သုဂတိအဟိတ် ၁၊ ဒွိဟိတ် ၄၊ တိဟိတ်၄၊ ပေါင်း ၁၀။ ။အဟိတ် ၂၊သဟိတ်-၈။ပေါင်း ၁၀။ ။အပါယ် ၁၊ သုဂတိ ၉၊ပေါင်း ၁၀။ ။ဝိပါကန္တရာယ် ၆၊ အနန္တရာယ် ၄။ ပေါင်း ၁၀။ ။အဟိတ် ဒွိဟိတ်သည် ဝိပါကန္တရာယ် မည်၏။ ဈာန်မဂ်ဖိုလ် မရထိုက်။)

**ကာမဘုံသက်တမ်း။** ။ကာမ ပဋိသန္ဓေ နေသူ တို့တွင် အပါယ်လေးဘုံသား၊ လူ။ ဝိနိပါတိက အသုရာတို့အား အသက် အပိုင်းအခြားမရှိ။

စာတုမဟာရာဇ် နတ်တို့အားကား နတ်သက်ငါးရာ၊ လူတို့ အရေအတွက် အားဖြင့် ကိုးသန်းဖြစ်၏။ စာတုမဟာရာဇ် နတ် သက်လေးဆသည် (ဝါ၊ရက်နှစ်ဆ၊ နှစ်နှစ်ဆ ကြီးခြင်းအားဖြင့် လေးဆသည်) တာဝတိံသာ နတ်သက် ဖြစ်၏။ ။ထိုအတူ တာဝတိံသာ လေးဆ—ယာမာ။ ။ယာမာလေးဆ—တုသိတာ။ ။ တုသိတာလေးဆ—နိမ္မာနရတိ။ ။နိမ္မာနရတိလေးဆ—ပရနိမ္မိတဝ သဝတ္တီ နတ်သက်ဖြစ်၏။

ဝသဝတ္တီနတ်သက်သည် လူတို့အရေအတွက်အားဖြင့် ၉၂၁-ကုဋေ ခြောက်သန်း-ဖြစ်၏။

**ရူပပဋိသန္ဓေ ၆။** ။ရူပပဋိသန္ဓေကား ပဉ္စမဈာန်ဝိပါက်သည် ပဉ္စမဈာန်သုံးဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိ-စွမ်းဖြင့် ဖြစ်၏။ ။ ဒုတိယဈာန်ဝိပါက်၊ တတိယဈာန်ဝိပါက် ၂-ခုသည် ဒုတိယဈာန် သုံးဘုံ၌ပဋိသန္ဓေ-ဘဝင်-စုတိစွမ်းဖြင့်ဖြစ်၏။စတုတ္ထဈာန် ဝိပါက် သည်တတိယဈာန်သုံးဘုံ၌, ပဉ္စမဈာန် ဝိပါက်သည် စတုတ္ထဈာန် ၆-ဘုံတို့၌ပဋိသန္ဓေ, ဘဝင် စုတိစွမ်းဖြင့်ဖြစ်၏။

အသညသတ်တို့အားကား ရုပ်သည်သာလျှင် ပဋိသန္ဓေဖြစ်၏။ ထိုနောင်ပဝတ္တိအခါ၊ စုတိအခါတို့၌လည်း ထိုရုပ်သည်သာလျှင် ဘဝင်,စုတိအသွင်ဖြင့် ဖြစ်၍ ချုပ်၏။ ဤကား ရူပါဝစရ ပဋိသန္ဓေခြောက်ခုတည်း။ (ရုပ်ပဋိသန္ဓေသည် သမ္ပယုတ်ဟိတ်မရှိသောကြောင့် အဟိတ် ပဋိသန္ဓေလည်းမည်၏။ ။နှာမ်-၅၊ရုပ် ၁။ ပေါင်း-၆။ ။အဟိတ်-၁၊သဟိတ်-၅။ ပေါင်း၆။ ။အနုတ္တရာယ် ၁။ အနနုတ္တရာယ် ၅-ပေါင်း ၆။)

**ရူပဘုံသက်တမ်း။** ။ရူပ ပဋိသန္ဓေနေသူတို့တွင် ဗြဟ္မပါရိသဇ္ဇာဗြဟ္မာတို့အား အသင်္ချေယျကပ် သုံးပုံတပုံအသက်ရှိ၏။ဗြဟ္မပုရောဟိတာ-အသင်္ချေယျကပ်ထက်ဝက်၊ မဟာဗြဟ္မာ အသင်္ချေယျကပ်တကပ် အသက်ရှိ၏။ ဤကား-အသင်္ချေယျကပ် ဖြင့် ပိုင်းသော ဘုံသုံးဘုံတည်း။ (အသင်္ချေယျ ကပ်သည် တကမ္ဘာ၏လေးပုံတပုံဖြစ်၏။)

ပရိတ္တာဘာ ၂-ကမ္ဘာ၊ အပ္ပမာဏာဘာ ၄-ကမ္ဘာ။အာဘဿရာ ၈-ကမ္ဘာ။

ပရိတ္တသုဘာ ၁၆-ကမ္ဘာ၊ အပ္ပမာဏသုဘာ ၃၂-ကမ္ဘာ။ သုဘကိဏှာ ၆၄-ကမ္ဘာ။

ဝေဟပ္ဖိုလ်၊ အသညသတ် ကမ္ဘာငါးရာ။ ။အဝိဟာ ၁-ထောင်။ အတပ္ပါ ၂-ထောင်၊ သုဒဿာ၄-ထောင်။သုဒဿီ ၈-ထောင်၊ အကနိဋ္ဌ-တသောင်းခြောက်ထောင်။

**အရူပ ပဋိသန္ဓေ ၄။** ။အရူပဝိပါက် လေးရပ်တို့သည် အစဉ်အတိုင်း အရူပ ၄-ဘုံ၌ ပဋိသန္ဓေ,ဘဝင်,စုတိစွမ်း ဖြင့်ဖြစ်ကုန်၏။ ဤကားအရူပါဝစရ ပဋိသန္ဓေလေးခုတည်း။ တဘုံတခုစီ။

**အရူပ ဘုံသက်တမ်း။** ။အရူပပဋိသန္ဓေနေသူတို့တွင် အာကာသာနဉ္စာယတနပြဟ္မာတို့အား ကမ္ဘာနှစ်သောင်း။ ဝိညာဏဉ္စာယတန လေးသောင်း။ အာကိဉ္စညာယတန ခြောက်သောင်း။ နေဝသညာ-နာသညာယတနရှစ်သောင်းလေးထောင်အသက်ရှိ၏။

**ပဋိသန္ဓေ,ဘဝင်,စုတိတူမတူ။** ။တခုသောဘဝ၌ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်သည် ဘူမိ, ဇာတိ, သမ္ပယုတ္တဓမ္မ သင်္ခါရအားဖြင့်တူသည်သာတည်း။ အာရုံအားဖြင့်ကား တူသည်လည်းရှိ၏။ မတူသည်လည်းရှိ၏၊ (ပစ္စုပ္ပန်အာရုံသည် စုတိတိုင်အောင် မတည်၊ စုတိ၌ပစ္စုပ္ပန်အာရုံ မရှိသောကြောင့်တည်း။) ဤကားပဋိသန္ဓေ စတုက္ကတည်း။

## ကမ္မစတုက္က

**ကိစ္စကံ။** ။ဇနကကံ၊ ဥပတ္ထမ္ဘကကံ၊ဥပပီဠကကံ၊ ဥပဃာတကကံ-ဤကား ကိစ္စကံလေးခုတည်း။ အကျိုးပေးသောကိစ္စခြင်းရာအားဖြင့်ဖြစ်သောကံသည် ကိစ္စကံမည်၏၊ လေးပါးပြား၏၊ပဋိသန္ဓေကျိုး, ပဝတ္တိကျိုးပေးသောကံသည် ဇနကကံမည်၏၊ဇနကကံစွမ်းကိုထောက်ပံ့သောကံသည်ဥပတ္ထမ္ဘကကံမည်၏၊ဇနကကံစွမ်းကိုကပ်၍နှိပ်စက်သောကံသည် ဥပပီဠကကံမည်၏။ဇနကကံစွမ်းကိုကပ်၍သတ်သောကံသည် ဥပဃာတကကံမည်၏။

**ပါကဒါနပရိယာယ။** ။ဂရုကံ၊ အာသန္နကံ၊အာစိဏ္ဏကံ၊ ကဋတ္တာကံ- ဤကား ပါကဒါန ပရိယာယ ကံလေးခုတည်း။ (အကျိုးပေးစဉ်အားဖြင့် ဖြစ်သောကံသည် ပါကဒါနပရိယာယကံမည်၏။ လေးပါးပြား၏။ အာနန္တရိယကံ၊ နိယတမိစ္ဆာဒိဋ္ဌိကံ၊ မဟဂ္ဂုတ်ကံတို့သည် ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ၊ ကဋတ္တာ

ကံမည်၏။ မရဏာသန္နဇော မဖောမီသေခါနီး အောက်မေ့အပ်, ပြုအပ်သောကံသည် အာသန္နကံမည်၏။ မပြုတ်ပြုအပ်, အောက်မေ့အပ်သောကံသည်အာစိဏ္ဏကံမည်၏။ အကျိုးပေးနိုင်ရုံမျှသတ္တိရှိသောအတိတ်ကံဟူသမျှသည် ကဋတ္တာကံမည်၏။ ဤကံလေးခုတို့သည် ရှေးရှေးကံမရှိမှ နောက်နောက်ကံ အကျိုးပေးကြသည်။

**ပါကကာလ။** ။ဒိဋ္ဌဓမ္မဝေဒနီယကံ၊ ဥပပဇ္ဇဝေဒနီယကံ၊ အပရာပရိယဝေဒနီယကံ၊ အဟောသိကံ–ဤကား ပါကကာလကံလေးခုတည်း။ အကျိုးပေးရာ ကာလအားဖြင့်ဖြစ်သောကံသည် ပါကကာလကံမည်၏။ လေးပါးပြား၏။ မျက်မှောက် ဘဝ၌ ပဝတ္တိကျိုးပေးသော ပဌမဇော စေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏။ ဒုတိယဘဝ၌ ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးပေးသော သတ္တမဇော စေတနာသည် ဥပပဇ္ဇဝေဒနီယကံမည်၏။ တတိယဘဝမှစ၍ နိဗ္ဗာန်ရသည်တိုင်အောင် ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးပေးသော အလယ်ဇောငါးချက် စေတနာသည် အပရာပရိယဝေဒနီယ ကံမည်၏။ အကျိုးပေးပြီးလည်းမဟုတ်၊ ပေးလတ္တံ့လည်းမဟုတ်၊ ဖြစ်ပြီး၍သာကံအမည်ရသောဇောခုနစ်တန်စေတနာသည် အဟောသိကံမည်၏။

**ပါကဌာန။** ။အကုသိုလ်ကံ၊ကာမာဝစရကုသိုလ်ကံ၊ရူပါဝစရကုသိုလ်ကံ၊အရူပါဝစရ ကုသိုလ်ကံ–ဤကား ပါကဌာနကံလေးခုတည်း၊ အကျိုးပေးရာဘုံအားဖြင့် ဖြစ်သော ကံသည် ပါကဌာနကံမည်၏။ လေးပါးပြား၏။ အပါယ်ဘုံ၌ အကျိုးပေးသော အကုသိုလ်စေတနာ ၁၂-ခုသည်အကုသိုလ်ကံမည်၏။ကာမသုဂတိဘုံ၌ အကျိုးပေးသောမဟာကုသိုလ်စေတနာ ၈–ခုသည် ကာမာဝစရ ကုသိုလ်ကံမည်၏။ ရူပဘုံ၌ အကျိုးပေးသော ရူပါဝစရ ကုသိုလ်စေတနာ ၅–ခုသည် ရူပါဝစရ ကုသိုလ်ကံမည်၏။အရူပဘုံ၌အကျိုးပေးသော အရူပါဝစရ ကုသိုလ်စေတနာ ၄-ခုသည် အရူပါဝစရ ကုသိုလ်ကံမည်၏၊

**အကုသိုလ်ကံခွဲ။** ။ပါဏာတိပါတ် လေးပါးတို့တွင် အကုသိုလ်ကံသည် ကာယကံ,ဝစီကံ,မနောကံဟူ၍ ကမ္မဒွါရအစွမ်းဖြင့် သုံးပါးဖြစ်၏။

ဖြစ်ပုံကား၊ပါဏာတိပါတ-သူ့အသက်သတ်ခြင်း။အဒိန္နာဒါန-သူ့ဥစ္စာခိုးခြင်း။ကာမေသုမိစ္ဆာစာရ-ကာမဂုဏ်၌ မှားယွင်းခြင်း။ ဤသုံးပါးသည် ကာယဝိညတ်-ဟုဆိုအပ်သော ကာယဒွါရ၌များသောအားဖြင့် ဖြစ်သောကြောင့် ကာယကံမည်၏။(ဤကာယဒွါရသည် ကာယပသာဒရုပ်မဟုတ်။ ကာယဝိညတ်ရုပ်ဖြစ်၏။စောပန ကာယလည်းမည်၏။)

မုသာဝါဒ- မဟုတ်မမှန်ပြောဆိုခြင်း။ ပိသုဏာဝါစာ-ကုန်းတိုက်ခြင်း။ ဖရုသဝါစာ-နာကျည်းစွာဆိုခြင်း။ သမ္ဖပ္ပလာပ -အနှစ်မရှိသောစကားဆိုခြင်း- ဤလေးပါးသည် ဝစီဝိညတ်ဟုဆိုအပ်သော ဝစီဒွါရ၌များသောအားဖြင့် ဖြစ်သောကြောင့် ဝစီကံမည်၏။ (ဤဝစီဒွါရသည် ဝစီဝိညတ်ရုပ်ဖြစ်၏။ စောပနဝစီလည်းမည်၏။ သမ္ဖပ္ပလာပသည်အနက်ဒြပ်ဝတ္ထုမရှိသည်ကိုလုပ်ကြံ၍ပြောခြင်း ဖြစ်၏။)

အဘိဇ္ဈာ-သူ့စည်းစိမ်ကိုရှေးရှုကြံခြင်း။ဗျာပါဒ-သူတပါးသေကြောင်း ကြံခြင်း။ မိစ္ဆာဒိဋ္ဌိ—အမြင်မှားခြင်း၊ ဤသုံးပါးသည် ဝိညတ်နှစ်ပါးကြည်၍ မနောဒွါရ၌သာများသောအားဖြင့် ဖြစ်သောကြောင့်မနောကံမည်၏၊(ဤမနောဒွါရသည်ဘဝင်္ဂပစ္ဆေဒ ၁၉-ရှု မနောဒွါရမဟုတ်၊ စိတ်တခုယုတ်ကိုးဆယ် မနောဒွါရမဟုတ်။ လောဘမူ၊ ဒေါသမူစိတ်တဆယ် မနောဒွါရဖြစ်၏။)

ဤအကုသလကမ္မပထ ဆယ်ပါးတို့တွင် ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒ-သုံးပါးသည် ဒေါသကြောင့်ဖြစ်၏။ ကာမေသု မိစ္ဆာစာရ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ-သုံးပါးသည် လောဘကြောင့် ဖြစ်၏။ကြွင်းအဒိန္နာဒါန၊မုသာဝါဒ၊ပိသုဏာဝါစာ၊သမ္ဖပ္ပလာပလေး

ပါးသည့်လောဘ,ဒေါသ နှစ်ပါးကြောင့်ဖြစ်၏၊အကုသိုလ်ကံသည် ဓိတ္တုပ္ပါဒ်အားဖြင့် ၁၂-ပါး။ ကမ္မပထအားဖြင့် ဆယ်ပါးဖြစ်၏။

**ကာမကုသိုလ်ကံခွဲ။** ။ကာမာဝစရ ကုသိုလ်ကံသည်လည်း ကာယကံ၊ ဝစီကံ၊ မနောကံ-ဟူ၍ ကမ္မဒွါရစွမ်းဖြင့် သုံးပါးဖြစ်၏။ ဒါန၊ သီလ၊ ဘာဝနာ စွမ်းဖြင့်သုံးပါးဖြစ်၏၊ဓိတ္တုပ္ပါဒ်အားဖြင့် ၈စ် ပါးဖြစ်၏။ ပုညကြိယာ ဝတ္ထုအားဖြင့် ဆယ်ပါးဖြစ်၏။

ဒါန-အလှူပေးခြင်း။ သီလ-ကိုယ်နှုတ်ကို ကောင်းစွာထား ခြင်း။ ဘာဝနာ-ကုသိုလ်တို့ကို ပွါးစေခြင်း။ အပစာယန ကြီးသူ အားအရိုအသေပြုခြင်း။ဝေယျာဝစ္စ-အမှုကြီးငယ်ပြုခြင်း။ပတ္တိဒါန-ကုသိုလ် အတို့ အမျှပေးဝေခြင်း၊ ပတ္တာနုမောဒန-ကုသိုလ်အတို့ ဝမ်းမြောက်ခြင်း၊ ဓမ္မဿဝန-တရားနာခြင်း။ ဓမ္မဒေသနာ-တရား ဟောခြင်း။ ဒိဋ္ဌိဇုကမ္မ အယူ ဖြောင့်စွာယူခြင်း။ ဤဆယ်ပါးသည် ပုညကြိယာ ဝတ္ထုမည်၏။

ဤဆိုပြီးသော ကုသိုလ်ကံ,အကုသိုလ်ကံသည် ကာမာဝစရကံ ၂၀-မည်၏။

**ရူပကုသိုလ်ကံခွဲ။** ။ရူပါဝစရကုသိုလ်ကံသည်လည်းမနော ကံတပါးတည်းသာဖြစ်၏။ ကာယကံ,ဝစီကံမရှိ။ ။ဘာဝနာအတိ ပြီး၏၊ ဒါနသီလမရှိ။ ။အပ္ပနာသို့ရောက်၏။(ဝါ၊ အာရုံ၌ ကြာမြင့် စွာသက်ဝင်နိုင်၏။) ဈာန်အင်္ဂါအပြားအားဖြင့် ငါးပါးပြား၏။

**အရူပကုသိုလ်ကံခွဲ။** ။အရူပါဝစရ ကုသိုလ်ကံသည်လည်း မနောကံဖြစ်၏။ဘာဝနာအတိပြီး၏။အပ္ပနာသို့ရောက်၏။ကသိုဏ်း ကိုခွါ၍ရအပ်သော ကောင်းကင် အာရုံ-စသော အပြားအားဖြင့် လေးပါးပြား၏။

**အကုသိုလ်ကံကျိုး။** ။ထိုကံတို့တွင် ဥဒ္ဓစ္စကြည်သောအကု သိုလ်ကံ (စေတနာ) ၁၁-ခုသည် အပါယ်ဘုံ၌ ပဋိသန္ဓေ တခုကို ဖြစ်စေ၏။ ။ပဝတ္တိအခါ အကုသိုလ်ကံ ၁၂-ခုလုံးသည် ကာမဘုံ၊

ရူပဘုံ၌ အကုသလဝိပါက် ၇-ခုကို ထိုက်သည်အလျောက်ဖြစ်စေ၏။ (ထိုက်ပုံကား အပါယ်၌ ၇။ကာမသုဂတိ၌ ၇။ရူပတဆဲ့ငါးဘုံ၌ ၄။)

**ကာမကုသိုလ်ကံကျိုး။** ။ကာမာဝစရ ကုသိုလ်ကံ ၈ခု သည် ကာမသုဂတိဘုံ၌သာ ပဋိသန္ဓေကိုးခုကိုဖြစ်စေ၏။ (လူ၊စာတုမဟာရာဇ်ဘုံ၌ ပဋိသန္ဓေ ၉။အထက်နတ်ငါးဘုံ၌၈ခု။)ပဝတ္တိအခါမဟာဝိပါက် ၈ခုကိုလည်းဖြစ်စေ၏။ အဟိတ်ကုသလ ဝိပါက် ၈ခုကိုလည်း ကာမဘုံ, ရူပဘုံ၌ ထိုက်သည်အားလျော်စွာ ဖြစ်စေ၏။ (အပါယ်၌ ၈။ကာမသုဂတိ၌ ၈။ရူပ၌ ၅။)

**ဥက္ကဋ္ဌဩမက။** ။ကာမာဝစရ ကုသိုလ်ကံ ၈ခုတို့တွင်လည်း တိဟိတ် ဥက္ကဋ္ဌကုသိုလ်ကံ လေးခုသည် တိဟိတ် ပဋိသန္ဓေလေးခုကိုဖြစ်စေ၍ ပဝတ္တိအခါ ၁၆-ပါးသော ဝိပါက်ကိုဖြစ်စေ၏။

တိဟိတ်ဩမကကံလေးခု၊ဒွိဟိတ်ဥက္ကဋ္ဌကံ လေးခုသည်ဒွိဟိတ် ပဋိသန္ဓေလေးခုကို ဖြစ်စေ၍ ပဝတ္တိအခါ ၁၂-ပါးသောဝိပါက်ကိုဖြစ်စေ၏။

ဒွိဟိတ် ဩမကကံ လေးခုသည် အဟိတ်ပဋိသန္ဓေတခုကို ဖြစ်စေ၍ ပဝတ္တိအခါ ၈ပါးသော အဟိတ်ဝိပါက်ကို ဖြစ်စေ၏။ ဤကား-တိပိဋက စူဠနာဂမထေရ်၏ ဝါဒတည်း။

မောရဝါပီဝါသီ မဟာဓမ္မရက္ခိတ မထေရ်တို့ကား-အသင်္ခါရိက ကုသိုလ်သည် သသင်္ခါရိက အကျိုးမပေး။ သသင်္ခါရိက ကုသိုလ်သည် အသင်္ခါရိက အကျိုးမပေးဟု ဆိုကုန်၏။ထိုဆရာတို့၏အလိုအားဖြင့်(၁၆-ပါး၊၁၂-ပါး၊ ၈-ပါး မဟုတ်၊)၁၂-ပါး၊ ၁၀-ပါး၊ ၈-ပါးသော ဝိပါက်ကို ဖြစ်စေ၏ဟု ဆိုရာ၏။

**ရူပကုသိုလ်ကံကျိုး။** ။ရူပကုသိုလ် ပဉ္စမဈာန်ကို ဈာန်ရမှုပွါးလျှင် (ဝါ၊ ဝသီဘော် အနည်းငယ်မျှ ပွါးလျှင်)ဖြပ္ပါဂါရိသဏ္ဍာဘုံ၌ဖြစ်၏။ ဝသီဘော် အလယ် အလတ် ပွါးလျှင် ပြပ္ပါပုရောဟိတာ

ဘုံ၌ဖြစ်၏။ ဝသိဘော် ပြည့်စုံအောင်ပွါးလျှင် မဟာ ဖြဟ္မာဘုံ၌ ဖြစ်၏။

ဒုတိယဈာန် တတိယဈာန်ကို အနည်းငယ်ပွါးလျှင် ပရိတ္တာဘာဘုံ၊အလယ်အလတ်ပွါးလျှင် အပ္ပမာဏာဘာဘုံ၊အပြည့် အစုံပွါးလျှင် အာဘဿရာ ဘုံတို့၌ဖြစ်၏။

စတုတ္ထဈာန်ကို အနည်းငယ်ပွါးလျှင် ပရိတ္တသုဘာဘုံ၊ အလယ်အလတ်ပွါးလျှင် အပ္ပမာဏသုဘာဘုံ၊ အပြည့်အစုံပွါးလျှင် သုဘကိဏှာဘုံတို့၌ဖြစ်၏။

ပဉ္စမဈာန်ကို သုံးမျိုးတို့တွင် တမျိုးမျိုးပွါးလျှင် ဝေဟပ္ဖိုလ်ဘုံ၌ဖြစ်၏၊ သညာကင်းအောင်ပွါးလျှင် အသညသတ်ဘုံ၌ဖြစ်၏။

သုဒ္ဓါဝါသဘုံတို့၌ကား အနာဂါမ်တို့သာ ဖြစ်ကုန်၏။

ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်တို့ မဖြစ်ကုန်။

**အရူပကုသိုလ်ကံကျိုး။** ။အရူပ ကုသိုလ်ကံ လေးပါးကို ပွါးလျှင် အစဉ်အတိုင်း အရူပလေးဘုံတို့၌ ဖြစ်ကုန်၏။

မဟဂ္ဂုတ် ကုသိုလ်ကံကိုးခုသည် မှတ်အပ်သော ဘုံအားလျော်စွာ ပဋိသန္ဓေအခါ၌ရင်း, ပဝတ္တိအခါ၌ရင်း, (ဆင်ကောင်နှင့်ဆင်ရိပ်ပမာ) မိမိနှင့်တူစွာသော အကျိုး ဝိပါက်ကိုသာ တခုစီဖြစ်စေ၏။(ဤကား ကမ္မစတုက္ကတည်း။)

## မရဏုပ္ပတ္တိစတုက္က

အာယုက္ခယမရဏ၊ ကမ္မက္ခယမရဏ၊ ဥဘယက္ခယမရဏ။ ဥပစ္ဆေဒက ကမ္မမရဏ-ဤကား မရဏုပ္ပတ္တိလေးခုတည်း။ကံရှိလျက်သက်တမ်းကုန်၍ သေခြင်းသည် အာယုက္ခယ မရဏမည်၏။ သက်တမ်းရှိလျက် ကံကုန်၍ သေခြင်းသည် ကမ္မက္ခယမရဏမည်၏။နှစ်ပါးစုံကုန်၍ သေခြင်းသည် ဥဘယက္ခယမရဏမည်၏။ နှစ်ပါးစုံရှိလျက် တပါးသောကံဖြတ်၍ သေခြင်းသည် ဥပစ္ဆေဒက ကမ္မ မရဏမည်၏။

**နိမိတ်ထင်ပုံ-ကံ။** ။ထိုသေခြင်းလေးရတ်ရွတွင် တရချဖြင့် သေသောသူအား သေချိန်နီးသောအခါ ထိုထိုဘုံ၌ ဖြစ်ထိုက် သောသူအားလျော်စွာ ဘဝသစ်၌ ပဋိသန္ဓေကျိုး ပေးလတ္တံ့သော ကုသိုလ်ကံ, အကုသိုလ်ကံ သော်လည်း ရှေးရှုဖြစ်၍ ထင်လာ၏။ (ဘုံ ၃၁-၌မဖြစ်ထိုက်သော ရဟန္တာအားကံ၊ ကမ္မနိမိတ်၊ ဂတိ နိမိတ်မထင်။ ထိုကံသည် အတိတ်ဖြစ်၏။ဓမ္မာရုံဖြစ်၏။ မနောဒွါရ၌ ထင်၏။ အကုသိုလ် ၁၁။ မဟာကုသိုလ် ၈-အားဖြင့် စေတနာ ၁၉-ခု ဖြစ်၏။)

**ကမ္မနိမိတ်။** ။ထိုကံကိုပြုစဉ်အခါ ဘုရားဖူးခြင်း၊ တရားနာ ခြင်းစသည်ဖြင့် ရဘူးသော အာရုံခြောက်ပါး၊ ပန်း ဆီ မီး လှူဒါန်း ခြင်း စသည်ဖြင့် အဆောက်အဦဖြစ်အောင် ပြုဘူးသော အာရုံ ခြောက်ပါးတို့တွင် တပါးပါး သော်လည်း ထင်လာ၏။ (ထိုအာရုံ သည်ကမ္မနိမိတ်မည်၏၊ အတိတ်၊ ပစ္စုပ္ပန်-တရချဖြစ်၏။ အာရုံ ခြောက်ပါးဖြစ်၏။ဆဋ္ဌါရ၌ထင်၏။ကာမအာရုံခြောက်ပါးဖြစ်၏။)

**ဂတိနိမိတ်။** ။အခြားမဲ့ ဘဝသစ်၌ရအပ်, ခံစားအပ်သော အသုံးအဆောင် ဖြစ်သော နတ်ဘုံ,နတ်ဗိမာန်,အမိဝမ်းရေ, ငရဲ အိုး-စသောအာရုံသော်လည်း ထင်လာ၏။ (ထိုအာရုံသည် ဂတိ နိမိတ်မည်၏၊ ပစ္စုပ္ပန်ဖြစ်၏။ ရူပါရုံဖြစ်၏။ မနောဒွါရ၌ ထင်၏။ လားရာ ဂတိ၌ရှိသော ထိုရူပါရုံသည် အိပ်မက်ကဲ့သို့ စက္ခုဒွါရ၌မ ထင်။ မနောဒွါရ၌ထင်၏။)

ဤသို့လျှင် ဤနိမိတ်သုံးပါးသည် ပဋိသန္ဓေ အကျိုးပေးလတ္တံ့ သော ကံစွမ်းဖြင့် ဒွါရခြောက်ပါး-တပါးပါး၌ ရှေးရှုထင်၏။

ထိုနောင် ထိုထင်သော အာရုံကို အာရုံပြုလျက် ပဋိသန္ဓေကျိုး ပေးလတ္တံ့သော ကံအားလျော်စွာ စင်ကြယ်သော ကုသိုလ်ဇောသည်ရင်း, ညစ်နွမ်းသော အကုသိုလ်ဇောသည်ရင်း ဖြစ်လာ၏။ ရအပ်သော ဘဝအားလျော်စွာ ထိုဘဝသစ်၌ ညွတ်သကဲ့သို့၊

ဝါ၊ညွတ်၍သာလျှင် ဖြစ်လာ၏။ ထိုဇောအစဉ်(ဝိထိ)သည် အ များအားဖြင့် မပြတ်ခဏခဏဖြစ်လာ၏။ ။အသေမြန်လွန်းသူအား ခဏခဏမဖြစ်။

ပဋိသန္ဓေ ကျိုးပေးလတ္တံ့သော ထိုအတိတ် ဇနကကံသည် ပင်လျှင် (မိမိအားစွမ်းဖြင့်) ယခုပြုစ ကံအလား မိမိ ကိုယ်ကို အသစ်ပြုသောအားဖြင့် မနောဒွါရသို့ရောက်လာ၏။ (ကမ္မနိမိတ်၊ ဂတိနိမိတ်သာ ကံစွမ်းဖြင့်ထင်သည့်မဟုတ်၊ ကံသည်လည်း ကံ စွမ်းဖြင့်ထင်သည်၊ အသစ်တခါလာပြန်ပြီဟု ဆိုရအောင် ထူးစွာ ထင်သည်။ တသန္တာနတည်း ဖြစ်သောကြောင့်တည်း။)

ေသပုံ။ ။အလွန်သေခြင်း နီးသောသူအား (ဝါ၊ တဝိထိ အနေမျှ အသက်ကြွင်းသေး သော သူအား) ဝိထိ အဆုံး၌ရင်း, ဘဝင်အဆုံး၌ရင်း,ယခုဘဝ အဆုံးသတ်ဖြစ်သော စုတိစိတ်သည် ရွေ့လျောခြင်း ကိစ္စဖြင့် တကြိမ်ဖြစ်၍ချုပ်၏။ ဝါ၊တဒါရုံနောင်စုတိ၊ တဒါရုံဘဝင်နောင်စုတိ၊ (မရဏာသန္န) ဇောနောင်စုတိ၊ ဇော ဘဝင်နောင်စုတိ-ဟူ၍ တနည်းနည်းဖြင့်သေ၏။

**ပဋိသန္ဓေတည်ပုံ။** ။ထိုစုတိစိတ်ချုပ်သည့် အခြားမဲ့၌သာ လျှင် ပဋိသန္ဓေစိတ်ဖြစ်လေ၏။ ဤပဋိသန္ဓေစိတ်သည် ထိုမရဏာ သန္နဇော၏ အာရုံကိုအာရုံပြု၍ဖြစ်၏။ကာမဘုံရူပဘုံ၌ မှီရာဝတ္ထု နှင့် တကွဖြစ်၏။အရူပဘုံ၌ ဝတ္ထုရုပ်ကင်း၍ဖြစ်၏။ အဝိဇ္ဇာနုသယ ဖြင့်ဖုံးလွှမ်းသော တဏှာနုသယအကြောင်းရင်း ရှိသော ကံသင်္ခါရ သည်ဖြစ်စေအပ်၏။ (ဝါ၊ အဝိဇ္ဇာတဏှာ ထောက်ပံ့ကူညီသော စေတနာကြောင့် ဖြစ်ပေါ်လာသော ပဋိသန္ဓေဖြစ်၏၊) ဖဿ ဝေဒနာစသော သမ္ပယုတ်တရားတို့ခြံရံလျက်ဖြစ်၏။ ထိုသမ္ပယုတ် တရားတို့၏ တည်ရာအဖြစ်ဖြင့် ပြဋ္ဌာန်းသော စိတ်ဖြစ်၏။ ဘဝ နှစ်ခုကိုစပ်ခြင်း ကိစ္စဖြင့်ဖြစ်သောကြောင့် ပဋိသန္ဓေစိတ်မည်၏။ ဘဝသစ်၌ ဖြစ်ဆဲဖြစ်၍သာ တည်သောစိတ် ဖြစ်လေ၏။

**ကာမအာရုံနိမိတ်။** ။မရဏာသန္နဝိထိ၌ နုံ့နုံ့ညံ့ညံ့ဖြစ်သော ကြောင့် ဇောငါးကြိမ်သာဇော၏။ ထိုကြောင့် သတ္တရသာ ယုက ပစ္စုပ္ပန် အာရုံထင်စဉ် သေငြားအံ့၊ ပဋိသန္ဓေစိတ်နှင့် အချို့ဘဝင် စိတ်တို့သည် ထိုပစ္စုပ္ပန်အာရုံကိုသာ အာရုံပြုကုန်၏။

ဤသို့လျှင် ကာမပဋိသန္ဓေ၏ အာရုံသည် ကမ္မနိမိတ် ဖြစ်အံ့၊ ပစ္စုပ္ပန်အတိတ် ဆဋ္ဌါရဂ္ဂဟိတဖြစ်၏။ ဂတိနိမိတ်ဖြစ်အံ့၊ ပစ္စုပ္ပန် မနောဒွါရဂ္ဂဟိတဖြစ်၏။ကံဖြစ်အံ့၊အတိတ်၊မနောဒွါရဂ္ဂဟိတဖြစ်၏။ ကာမ အာရုံချည်းသာတည်း။

**ရူပအရူပအာရုံနိမိတ်။** ။ရူပ ပဋိသန္ဓေ၏ အာရုံသည် ပညတ် ကမ္မနိမိတ်သာဖြစ်၏။ (ကသိုဏ်းစသော ပညတ် ၂၅-ပါး၊ ၁၄-ပါး၊ ၁၂-ပါး၊-ကမ္မနိမိတ်ဖြစ်၍ ကာလဝိမုတ်၊ မနောဒွါရဂ္ဂ ဟိတသာတည်း။)

အရူပပဋိသန္ဓေ၏ အာရုံသည် မဟဂ္ဂုတ်ကမ္မနိမိတ်၊ပညတ်ကမ္မ နိမိတ်သာ ထိုက်သည့် အားလျော်စွာဖြစ်၏။ (အာကာသာ နဉ္စာ ယတန အာကိဉ္စညာယတန မဟဂ္ဂုတ်ကမ္မနိမိတ် ဖြစ်လျှင် အ တိတ်၊မနောဒွါရဂ္ဂဟိတဖြစ်၏၊ကောင်းကင်ပညတ် နတ္ထိဘောပညတ် ကမ္မနိမိတ်ဖြစ်လျှင် ကာလဝိမုတ်၊ မနောဒွါရဂ္ဂဟိတဖြစ်၏။)

အသညသတ် ပုဂ္ဂိုလ် တို့သည် ဇီဝိတ နဝက ရုပ်သာလျှင် ပဋိသန္ဓေ အဖြစ်ဖြင့် တည်သောကြောင့် ရုပ်ပဋိသန္ဓေ ရှိသူတို့ မည်ကုန်၏။ ။အရူပ ပုဂ္ဂိုလ် တို့သည် နာမ်ပဋိသန္ဓေ ရှိသူတို့ မည်ကုန်၏။ ကြွင်းသော ပုဂ္ဂိုလ်တို့သည် ရုပ်နာမ် ပဋိသန္ဓေရှိသူ တို့မည်ကုန်၏။

**ဇုတိပဋိသန္ဓေအစဉ်။** ။အရူပ ဇုတိလေးခု နှောင် အောက် အောက်ကြဉ်သော အရူပ ပဋိသန္ဓေ၊ ကာမတိဟိတ် ပဋိသန္ဓေ အားဖြင့် ၈-ခု၊ ၇-ခု၊ ၆-ခု၊ ၅-ခုဖြစ်၏။

ရူပရတိငါးခုနှောင် အဟိတ်ကြဉ်သော ဒွိဟိတ်၊ တိဟိတ်ပဋိသန္ဓေ ၁၇-ခုဖြစ်၏။

ကာမတိဟိတ် ရတိလေးခုနှောင် ပဋိသန္ဓေ ၁၉-ခုလုံးဖြစ်၏။ (အသညသတ်ရုပ်ပဋိသန္ဓေလည်းဖြစ်၏။)

ဒွိဟိတ်ရတိလေး၊ အဟိတ် ရတိနွေနှောင် ကာမပဋိသန္ဓေ ဆယ်ခုဖြစ်၏။ ။ဤကား ရတိပဋိသန္ဓေ အစဉ်တည်း။

တနည်းကား၊ အပါယ်လေးဘုံမှ ဒုဂ္ဂတိ အဟိတ်သေလျှင် ကာမ ၁၁-ဘုံ၌ ပဋိသန္ဓေတဆယ်။ လူ၊ စာတုမဟာရာဇ်မှ သုဂတိ အဟိတ်သေလျှင် ကာမ ၁၁-ဘုံ၌ ပဋိသန္ဓေတဆယ်။ကာမသုဂတိ ခုနစ်ဘုံမှ ဒွိဟိတ်သေလျှင် ကာမ ၁၁-ဘုံ၌ ပဋိသန္ဓေတဆယ်။ ကာမသုဂတိခုနစ်ဘုံမှ တိဟိတ်သေလျှင်(မဖြစ်မရှိ)ဘုံ ၃၁-၌စိတ် ပဋိသန္ဓေ ၁၉။ ရုပ်ပဋိသန္ဓေ ၁။

ဝေဟပ္ဖိုလ် တိုင်အောင်သော ဗြဟ္မာဆယ်ဘုံမှ သေလျှင် (အပါယ်နှင့်အသညသတ်-ငါးဘုံ၌-မဖြစ်၊ လူ,စာတုမဟာရာဇ်၌လည်း သုဂတိအဟိတ်မဖြစ်၊) ၂၆-ဘုံ၌ စိတ်ပဋိသန္ဓေ ၁၇။ (အရိယာ-အောက်ဘုံမရှိ၊ ထွတ်ဖျားသုံးဘုံ မှလည်းမရွှေ့။)

အသညသတ်မှသေလျှင်ကာမသုဂတိခုနစ်ဘုံ၌ ဒွိဟိတ်တိဟိတ် ပဋိသန္ဓေ ၈။

အဝိဟာမှသေလျှင် အထက်သုဒ္ဓါဝါသလေးဘုံ၌ ပဋိသန္ဓေ ၁။

အတပ္ပါမှသေလျှင် အထက်သုံးဘုံ၌, သုဒဿာမှသေလျှင် အထက်နှစ်ဘုံ၌, သုဒဿီမှသေလျှင် အထက်တဘုံ၌ ပဋိသန္ဓေ ၁။ အကနိဋ္ဌမှသေလျှင် ပဋိသန္ဓေမရှိ၊ ၃၁-ဘုံ၌ မဖြစ်။

အာကာသာနဉ္စာယတန ဘုံမှသေလျှင် အရူပလေးဘုံ၊ ကာမသုဂတိခုနစ်ဘုံအားဖြင့် ၁၁-ဘုံ၌ ပဋိသန္ဓေ ၈။ ။ဝိညာဏဉ္စာယတနဘုံမှသေလျှင် အောက်အရူပဘုံကြဉ်၍ ဆယ်ဘုံ၌ ၇။ ။ အာကိဉ္စညာယတနဘုံမှ သေလျှင် ကိုးဘုံ၌ ၆။ ။နေဝသညာနာသညာယတနဘုံမှ သေလျှင် ရှစ်ဘုံ၌ ၅။

**ဘဝလည်ပုံ။** ။ဤသို့လျှင် ပဋိသန္ဓေနေပြီးသော သူတို့အား ပဋိသန္ဓေစိတ်ချုပ်သည်မှစ၍ စုတိစိတ်ဖြစ်သည့်တိုင်အောင် ဝီထိစိတ်မဖြစ်သောအခါ ထိုပဋိသန္ဓေစိတ်ဟု ဆိုအပ်သော စိတ်သည်ပင်လျှင် ဘဝင်စိတ်အစဉ်ဖြင့် ဖြစ်၍ ဖြစ်ရေ အယဉ်ကဲ့သို့ မပြတ်ဖြစ်၏။ ထိုပဋိသန္ဓေ၏ အာရုံကိုပင် အာရုံပြု၍ဖြစ်၏။

အဆုံး၌လည်း ထိုစိတ်သည်ပင်လျှင် စုတိစိတ်ဖြစ်၍ ချုပ်၏။ (ထိုပဋိသန္ဓေ၏ အာရုံကိုပင် အာရုံပြု၍ချုပ်၏။)

ထိုစုတိမှနောက်၌လည်း ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ ဝီထိစိတ်၊ စုတိစိတ်တို့သည် ဤဘဝ၌ ဖြစ်သကဲ့သို့ အစဉ်အတိုင်း လည်၍ဖြစ်ကုန်၏။ ရထားလှည်းဘီးပမာ ချာချာလည်၍ ဖြစ်ကုန်၏။

**ဘဝပြတ်ပုံ။** ။အကြင်ပညာရှိတို့သည် ဤဆိုအပ်ပြီးသော ဝဋ်တရားကို ခိုင်ခြင်း၊မြဲခြင်းမရှိ အနိစ္စ-ဟုဆင်ခြင်ကုန်၏။ ဆင်ခြင်၍ ကောင်းသောအကျင့်ကို ကြာမြင့်စွာကျင့်ကုန်၏။ ကောင်းစွာကျင့်၍ သေခြင်းကင်းသော နိဗ္ဗာန်ကို မျက်မှောက်ပြုကုန်၏။ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်း ကြောင့် တဏှာနှောင်ကြိုးအကြွင်းမဲ့ပြတ်ကုန်၏။ ထိုပညာရှိတို့သည် ခန္ဓာဒုက္ခငြိမ်းရာ နိဗ္ဗာန ခတ်သို့ရောက်ကုန်လတ္တံ့။

---

## ပဋ္ဌိသန္ဓိစတုက္ကမှတ်ဘွယ်

မျက်စိဖြစ်ချိန် မျက်စိဖြစ်ခွင့် မပေးသောကံဖြင့် ပဋိသန္ဓေနေသူသည် ဇစ္စန္ဓမည်၏။ ပဋိသန္ဓေအားဖြင့် မျက်စိကန်းသောဇစ္စန္ဓ၊နားပင်းသော ဇစ္စဗဓိရ၊ စကားမပြောတတ်သော ဇစ္စမူဂ၊ထိုင်းလွန်းအလွန်းသော ဇစ္စဇဠ၊အရိ အခွဲယိုသောဇစ္စဥမ္မတ္တ။ ရူးသောဇမ္မုမ္မတ္တက၊ ပဏ္ဍုက်၊ဥဘတောဗျည်းနပုံး၊ မန်းစွဲသောသူစသည့်တို့သည် သုဂတိအဟိတ်- ပုဂ္ဂိုလ်တို့ဖြစ်ကုန်၏။ အသညသတ်လည်း သုဂတိအဟိတ်မည်၏။ ဤသူတို့သည် ဝိပါကန္တရာယ်သင့်၍ ရပ်ဖြစ်

ရှစ်ပါးခေါ်သော အခဏာရှစ်ပါး၌ ပါဝင်ကုန်၏။ မင်္ဂလာ မရ ထိုက်ကုန်။

**ရပ်ပြစ်ရှစ်ပါး။** ။ငရဲ၌ ဖြစ်သူ၊ တိရစ္ဆာန်၌ဖြစ်သူ၊ ပြိတ္တာ၌ဖြစ်သူ (၃)။အသက်ရှည်သော နတ်ပြဟ္မာ၌ဖြစ်သူ၊ (အသညသတ်ဟုဖွင့်သည်၊ အရူပပုထုဇဉ်ကိုလည်း ယူကြသည်။) ပစ္စန္တရာဇ်၌ လူရိုင်းဖြစ်သူ၊ မိစ္ဆာဒိဋ္ဌိဖြစ်သူ (၃)ပဋိသန္ဓေအားဖြင့် အင်္ဂါချို့သူ၊ ဘုရားသာသနာဆိတ်မှ ပညာရှိဖြစ်သူ (၂) ဤရှစ်ယောက်သည် မင်္ဂလာမရထိုက်သောကြောင့် ရပ်ပြစ်ရှစ်ပါးမည်၏။

ငရဲ၊တိ၊ပြိတ်၊(၃)၊ရှည်၊ပစ်၊မိစ်၊(၃)၊ချို့၊ဆိတ်၊(၂)၊ရပ်ပြစ်ရှစ်။

ဘုရားသာသနာ အတွင်း တရားသိကြရသောအခါသည်ကား အခဏာရှစ်ပါးမှလွတ်၏။ ဗုဒ္ဓုပ္ပါဒခဏ၊ နဝမခဏမည်၏၊ စက်လေးပါးလည်း၍ ကုသိုလ်ဖြစ်ခွင့်ခဏမည်၏။ စက်လေးပါးကား- ပဋိရူပဒေသဝါသ-သင့်တင့်ရာအရပ်၌နေခြင်း၊ သပ္ပုရိသူပနိဿယ—သူတော်ကောင်းကို အမှီပြုခြင်း၊အတ္တသမ္မာပဏိဓိ-မိမိကိုယ်ကို ကောင်းစွာဆောက်တည်ခြင်း၊ ဝါ၊ သီလရှိခြင်း၊ ပုဗ္ဗေကတပုညတာ၊ရှေးကုသိုလ်ရှိခြင်း၊ဤလေးပါးတွင် အလယ်နှစ်ပါးတည်လျှင် လေးပါးလုံးတည်၍လည်း၏။ဤစကားဖြင့် ကုသိုလ်သည် ဖြစ်လွယ်သည် မဟုတ်ဟုသိသာ၏။ မင်္ဂလာနှင့် ဆက်သွယ်သည်ဟု မြတ်စွာဘုရား ချီးမွမ်း၏။ ကုသိုလ်၌မေ့လျော့သူကို အချိန်ကောင်းကို ဖြုန်းတီးသူဟု ကဲ့ရဲ့ပြစ်တင်တော်မူ၏။

**အသက်တမ်း။** ။လူနှစ် ငါးဆယ်သည်-စာတုမဟာရာဇ်တရက်၊ လူနှစ်တရာ-တာဝတိံသာတရက်။ လူနှစ် နှစ်ရာ-ယာမာတရက်၊လူနှစ်လေးရာ—တုသိတာတရက်၊လူနှစ်ရှစ်ရာ-နိမ္မာနရတိ-တရက်။ လူနှစ်တထောင့်ခြောက်ရာ- ဝသဝတ္တီတရက်၊ ထိုရက် ၃၀-တလ၊ ၁၂-လ-တနှစ်၊ထိုနှစ်အားဖြင့်-ငါးရာ၊ တထောင်၊နှစ်ထောင်၊ လေးထောင်၊ရှစ်ထောင်၊ တသောင်းခြောက်ထောင်သည် ခြောက်ထပ်နတ်သက်စဉ်တိုင်းတည်း။

လူတို့အရေအတွက်အားဖြင့် ၉-သန်း၊ ၃၆-သန်း၊ ၁၄၄-သန်း၊ ၅၇၆-သန်း၊ ၂၃၀၄-သန်း၊ ၉၂၁၆-သန်းဖြစ်၏။ ။(လေးဆတိုး။)

ပဥ္စမချာန်သုံးဘုံ၌မဟာကပ်၏လေးတို့တဘို့ဖြစ်သော အသင်္ချေယျကပ်တချဖြင့်မိုင်းသည်၊ မဟာကပ်ဖြင့်မမိုင်း၊ကမ္ဘာပျက်တိုင်း ဤသုံးဘုံပျက်သောကြောင့်တည်း၊ ကမ္ဘာသည် မီးခုနစ်ကြိမ်၊ရေတကြိမ်၊ မီးခုနစ်ကြိမ်၊ ရေတကြိမ်-အားဖြင့် ၆၄-ကြိမ်မြောက်၌ လေတကြိမ်ဖြင့်ပျက်၏။ (၆၄-ကမ္ဘာ၌ လေ-၁၊ရေ-၇၊မီး-၅၆၊)

မီးပျက်သောအခါ ပဥ္စမချာန်သုံးဘုံထိကျွမ်း၏။ရေပျက်သောအခါ ဒုတိယချာန်သုံးဘုံထိကြေ၏။ လေပျက်သောအခါ တတိယချာန်သုံးဘုံထိလွင့်၏။ စကြဝဠာကုဋေတသိန်းသည် အတူပျက်၍ အတူဖြစ်၏။ဒုတိယချာန်စသော အထက်ဘုံတို့၌ အသင်္ချေယျလေးကပ်ဖြစ်သော မဟာကပ်(ကမ္ဘာ)ဖြင့်မိုင်းသည်။

အပါယ်ဘုံ၌သက်တမ်းမရှိ၊ ကံသာလျှင် ပမာဏဖြစ်၏။ ကံမကုန်မချင်းမသေ၊ ကာလနဂါးအသက်ရှည်၏။ ဘုမ္မိဗိုဗ်နတ်လည်း အချို့ခုနစ်ရက်၊ အချို့တကမ္ဘာ၊ဝါ၊ အသင်္ချေယျတကပ်၊ လူတို့လည်း ရံခါ ဆယ်နှစ်၊ ရံခါ အသင်္ချေ၊ မန္ဓာတုစကြာမင်းသည့် သိကြားမင်း ၃၆-ယောက်ခန့်အသက်ရှည်၏။ ယခုကာလကဲ့သို့ တရာတမ်း၌ တရာကျော်သော်လည်းနှစ်ရာမပြည့်မိသေ၏။

ဗိနည်းလက်ာရဋိကာတို့၌ ငရဲသက်ကို ဤသို့ ပြသေး၏။ စာတုမဟာရာဇ်နှစ်အားဖြင့် ငါးရာသည် သဉ္စိုဝ်း၌တနေ့နှင့်တည၌၊ဝါ၊ တရက်ဖြစ်၏။ထိုရက် ၃၀-သည်တလ၊၁၂-လသည်တနှစ်။ထိုနှစ်ငါးရာသည် သဉ္စိုဝ်းငရဲသက်ဖြစ်၏။ဤနည်းဖြင့် တာဝတိံသာနှစ်၊ တထောင်သည် ကာလသုတ်တရက်၊ ထိုငရဲသက်- နှစ်ပေါင်း တထောင်၊ ယာမာနှစ်ထောင်သည် သင်္ဃာတတရက်၊ ထိုငရဲသက် နှစ်ပေါင်း-နှစ်ထောင်။ တုသိတာ,လေးထောင့်သည်ရောရုဝ

တရက်၊ထိုငရဲသက်-နှစ်ပေါင်းလေးထောင်၊နိမ္မာနရတိရှစ်ထောင်သည် မဟာရောရုဝတရက်။ ထိုငရဲသက်- နှစ်ပေါင်းရှစ်ထောင်၊ ဝသဝတ္တီတသောင်းခြောက်ထောင်သည် တာပနတရက်၊ထိုငရဲသက်နှစ်ပေါင်းတသောင်း ခြောက်ထောင်ဖြစ်၏။ မဟာတာပန, အန္တရကပ်ထက်ဝက်ဖြစ်၏၊ အဝီစိ,အန္တရကပ်တကပ်ဖြစ်၏။

## ဘုံပုဂ္ဂိုလ်ဝီထိမုတ်စိတ်ရ

အပါယ်လေးဘုံ၌ ဝီထိမုတ်စိတ်တခု၊ လူ၊စာတုမဟာရာဇ်-နှစ်ဘုံ၌ကိုးခု။ အထက်နတ်ငါးဘုံ၌ရှစ်ခု။ ဤသို့ကာမ သုဂတိဘုံ၌ကိုးခု၊ကာမ ၁၁-ဘုံ၌ဆယ်ခုရ၏။ ။ဤကာမဘုံ၌ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်-တခု၊ သုဂတိအဟိတ်-တခု။ဒွိဟိတ်-လေးခုတို့တွင်တခုခု။ တိဟိတ်-လေးခုတခုခု။ ဖိုလ်ပုဂ္ဂိုလ်-လေးခုတခုခု။ မဂ်ပုဂ္ဂိုလ်-ဝီထိမုတ်စိတ်မရ။ ။ဤဝီထိမုတ်စိတ်တို့သည် ဝီထိစိတ်၌ ပါဝင်ပြီးဖြစ်၍ ဝီထိစိတ်နှင့်ပေါင်းသော်လည်း အထူးမရှိ။ (၃၇၊ ၄၁၊ ၄၁၊ ၄၅၊ ၅၄။ ။၄၁-၅၀၊ ၄၁-၅၀၊၃၉-၄၀၊ ၃၅-၄၄) ပင်ဖြစ်၏။

ပဌမဈာန်သုံးဘုံ၌ ဝီထိမုတ်စိတ်တခု၊ ဒုတိယဈာန်သုံးဘုံ၌နှစ်ခု။ (ဝါ-နှစ်ခုတို့တွင် တခုခု။) တတိယဈာန် သုံးဘုံ၌တခု။ ဝေဟပ္ဖိုလ်၊ သုဒ္ဓါဝါသ၌တခု။ အသညသတ်၌မရှိ၊ ဤသို့ရူပ ၁၅-ဘုံ၌ ငါးခုရ၏။ ။ဤရူပဘုံ၌ ပုထုဇဉ်ပုဂ္ဂိုလ်၊ ဖိုလ်ပုဂ္ဂိုလ်-ငါးခုတခုခု။ မဂ်ပုဂ္ဂိုလ်မရ။ ။ဤစိတ်တို့သည် ဝီထိစိတ်၌မပါသောကြောင့် ပေါင်းလျှင်ထူး၏။(၃၀၊ ၃၄၊ ၃၄၊ ၃၄၊၃၀၊သည် ၃၉၊ ၃၅၊၃၅၊၃၅၊ ၃၁-ဖြစ်၏။)

အရူပလေးဘုံ၌ ဝီထိမုတ်စိတ် တခုစီရ၏။ လေးဘုံ၌လေးခုရ၏။ ။ဤအရူပဘုံ၌ ပုထုဇဉ်ပုဂ္ဂိုလ်၊ ဖိုလ်ပုဂ္ဂိုလ်-လေးခုတခုခု၊ မဂ်ပုဂ္ဂိုလ်မရ။ ။ဤစိတ်တို့သည် ဝီထိစိတ်၌ မပါသောကြောင့် ပေါင်းလျှင်ထူး၏။ ။(ဝီထိပိုင်းဆိုပြီးနှင့်ပေါင်းနိုင်ရမည်။)

## သတ္တာဝါသဘုံကိုးဝ

သုံးဆဲ့တဘုံသည် ဘုံ၌နေသူအားဖြင့် ကိုးဘုံဖြစ်၏။ ငရဲဘုံ၌ ငရဲသားတို့အား ဆူကြွံနိမ့်မြင့်ကိုယ်ချင်းမတူ၊ ပဋိသန္ဓေစိတ်ကား တူ၏၊ ထို့ကြောင့် နာနတ္တကာယ ဧကတ္တသညီ ဘုံသားတို့မည်ကုန်၏။ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်- ထိုအတူကိုယ်မတူ၊ စိတ်တူ။

လူ့ဘုံ၌ လူတို့အား ကိုယ်မတူ၊ ပဋိသန္ဓေ စိတ်ကိုးခု ဖြစ်၍ စိတ်မတူ။ စာတုမဟာရာဇ်အဝင်အပါ ဝိနိပါတိက အသုရာ-ထို အတူကိုယ်မတူ၊စိတ်မတူ။ နတ်ပြည်ခြောက်ထပ် ကိုယ်မတူ၊ပဋိ သန္ဓေစိတ်ရှစ်ခုဖြစ်၍ စိတ်မတူ။

ပဌမဈာန် သုံးဘုံ-ကိုယ်မတူ၊ စိတ်တူ(ဗြဟ္မာတို့၌ ကိုယ်ရောင် ကိုယ်ဝါ မတူခြင်းသည် ပမာဏမဟုတ်။) ဒုတိယဈာန် သုံးဘုံ- ကိုယ်တူ။ (ပဋိသန္ဓေ)စိတ်မတူ။ တတိယဈာန်သုံးဘုံ- ကိုယ်တူ၊ စိတ်တူ၊ဝေဟပ္ဖိုလ်- ကိုယ်တူ၊ စိတ်တူ။ သုဒ္ဓါဝါသ ငါးဘုံ ကိုယ်တူ၊စိတ်တူ။

၁—နာနတ္တကာယဧကတ္တသညီ ၇-ဘုံ။ ။အပါယ်ဘုံ၊ ပဌမ ဈာန်သုံးဘုံ။[ပါယ်၊ပ၊ခုနစ်၊နာဧ-ဖြစ်၏။]

၂—နာနတ္တကာယနာနတ္တသညီ၇-ဘုံ။ ။လူ့ဘုံ၊ဝိနိပါတိကနှင့် တကွနတ်ပြည်ခြောက်ထပ်။[ခုနစ်၊ကာ၊သု၊နာ၊နာ၊ဂျူလော့]

၃—ဧကတ္တကာယ နာနတ္တသညီ ၃-ဘုံ။ ။ဒုတိယ ဈာန် သုံးဘုံ။[ဈာန်ဒု၊သုံးဖြာ၊ဧ၊နာ-မှတ်လေ။]

၄—ဧကတ္တကာယ ဧကတ္တသညီ ၉-ဘုံ။ ။တတိယ ဈာန်၊ ဝေဟပ္ဖိုလ်၊သုဒ္ဓါဝါသ၊[တ၊ဝေ၊သုဒ္ဓါ၊ကိုးဖြာ၊ဧ၊ဧ၊တည့်]

၅—အသညသတ္တ ၁-ဘုံ။

၆—အာကာသာနဉ္စာယတနူပဂ ၁-ဘုံ။

၇—ဝိညာနဉ္စာယတနူပဂ ၁-ဘုံ။

၈—အာကိဉ္စညာယတနူပဂ ၁-ဘုံ။

၉—နေဝသညာ နာသညာယတနူပဂ ၁-ဘုံ။

ဤသို့လျှင်သတ္တဝါတို့၏ နေရာဘုံကိုးမျိုးဖြစ်၏။ ဘုံဟုဆိုသော်လည်း သတ္တဝါကိုဆိုသည်ဟုသိအပ်၏။

**ဝိညာဏဋ္ဌိတိခုနစ်ဘုံ။** ။ထိုတွင်အသညသတ္တတာဘုံသည် ဝိညာဏ်မရှိ။ နေဝသညာနာသညာယတနပဂတဘုံသည်ဝိညာဏ်ကားရှိ၏။ သိမ်မွေ့လွန်း၏၊ ဝိပဿနာကိစ္စဖြင့် ရှုလောက်သော ဝိညာဏ်မရှိ၊ ထိုနှစ်ဘုံကိုဖယ်၍ ဝိညာဏဋ္ဌိတိ ဘုံခုနစ်မျိုးဖြစ်၏။ စိတ်ဖြစ်ရာ ဘုံခုနစ်ရပ်ဟူလို။

ဆရာအချို့ကား-သုဒ္ဓါဝါသငါး-ဘုံ ကိုယ်တူ၊စိတ်တူဖြစ်သော်လည်းမယူအပ်၊ ပြန်မလည်သောကြောင့် ဝိဝဋ္ဋပက္ခ၌ တည်၏။ ကမ္ဘာ တသောင်း ခြောက်ထောင်အတွင်း ဘုရားပွင့်မှ ထိုဘုံ၌ ဖြစ်ဟူတို့ဖြစ်ကုန်၏။ ကမ္ဘာတသိန်းဘုရားဆိတ်လျှင် ထိုဘုံ၌လည်း ဖြစ်ဟူဆိတ်၏-ဟုဆိုကုန်၏။ မဟာသိဝမထေရ်ကား-သုဒ္ဓါဝါသသည် စတုတ္ထဝိညာဏဋ္ဌိတိ၊ သတ္တာဝါသသို့ ဝင်သည်ဟုဆို၏။ ထိုစကားကို ခွင့်ပြုအပ်သည်ဟု သာရတ္ထဒီပနီဋီကာ၌အဆိုရှိ၏။

## အကုသိုလ်ကမ္မပထ

အကုသိုလ်ကံဖြစ်ရာ ဒွါရသုံးပါးတို့တွင် ကာယ ဝိညတ်ရုပ်သည် ကာယဒွါရမည်၏။ ဝစီဝိညတ်ရုပ်သည် ဝစီဒွါရမည်၏။ စိတ်အားလုံးသည် နောက်စိတ်ဖြစ်ကြောင်း မနောဒွါရမည်သည်သာတည်း၊ ဤအကုသိုလ်ကံအရာ၌ကား လောဘမူ၊ ဒေါသမူ စိတ်စေတယ်သည် မနောဒွါရမည်၏။

အကုသိုလ်ကာယကံသည် ကာယဒွါရ၊ ဝစီဒွါရ နှစ်ပါး၌သာ ကမ္မပထမြောက်သည်။ မနောသက်သက်၌ကားဖြစ်ပင်မဖြစ်။ ဒွါရသို့မလိုက်ဘဲ ကာယကံသာမည်သည်။ ဝစီကံလည်းထိုအတူဒွါရနှစ်ပါး၌သာ ကမ္မပထမြောက်သည်။ ဝစီကံသာမည်သည်။ မနောကံကား ဒွါရသုံးပါးလုံး၌ ကမ္မပထမြောက်သည်။ မနောကံသာမည်သည်။

ဒုစရိုက် ဆယ်ပါးလုံးသည် ကမ္မပထ မမြောက်သော အခါ ကာယဒွါရ၌ ဖြစ်လျှင် ကာယဒုစရိုက်။ ဝစီဒွါရ၌ဖြစ်လျှင် ဝစီဒုစရိုက်။ မနောဒွါရ၌ဖြစ်လျှင် မနောဒုစရိုက်မည်၏။ ဤ၌အပါယ်လားကြောင်း ကံသည် ကမ္မပထမည်၏။ ကမ္မပထ ဖြစ်လျှင် အပါယ်လားစေနိုင်၏။

ရသာသည် သူတပါးအကျိုးပျက်မှ ကမ္မပထ၊ မပျက်လျှင် ကံသာမည်၏။ ။ပိသုဏာသည် သူနှစ်ဦးကွဲမှ ကမ္မပထ၊ မကွဲလျှင် ကံသာ။ ။သမ္ဖပလာပသည် သူတပါး ယုံကြည်မှကမ္မပထ၊ မယုံကြည်လျှင် ကံသာ။ ။မိစ္ဆာဒိဋ္ဌိသည် အနတ္ထိက၊ အဟေတုက၊ အကြိယအားဖြင့် သုံးပါး-တပါးပါးယူမှ ကမ္မပထ၊သုံးပါးမှလွတ်လျှင် ကံသာ။ ။ကြွင်းခြောက်ပါးကား ကမ္မပထချည်းသာတည်း။ (ပါဏာတိပါတ၊အဒိန္နာ၊ကာမေ-ကာယကံ ၃။ဖရု-ဝစီ ၁။ အဘိဇ္ဈာ၊ ဗျာပါဒ-မနော ၂၊ ပေါင်း ၆။)

သုရာမေရယသည် ရသာရုံကာမ၌ မှားသော အကျင့်ဖြစ်သောကြောင့် ကာမေသုမိစ္ဆာစာရ၌ ပါဝင်၏-ဟုဆိုကြ၏။ယင်းသို့ဖြစ်လျှင် ကမ္မပထသာတည်း။

**ဒိဋ္ဌိသုံးပါး။** ။ကံပယ်လျှင် အကြိယမည်၏။ ယခုပြုစရာ အကြောင်းကံ မရှိကောင်းဟုပယ်သည်။ ဝိပါက်ပယ်လျှင် အနတ္ထိကမည်၏၊ နောင်ခံစားစရာ အကျိုးဝိပါက် မရှိကောင်းဟု ပယ်သည်။ ကံဝိပါက်နှစ်ပါးလုံးပယ်လျှင် အဟေတုကမည်၏။ အကျိုးကို ဖြစ်စေသော ရှေးအကြောင်း ကံ မရှိကောင်း ဟူ၍ရင်း။ အကြောင်းကြောင့် ဖြစ်သောအကျိုး ဝိပါက် မရှိကောင်းဟူ၍ရင်း ပယ်သည်။

အကြိ-ကံပယ်၊ နတ်-ကျိုးပယ်။ နှစ်သွယ်-အဟေတု။

## ကာမကုသိုလ်ကမ္မပထ

ကုသိုလ်ကံဆယ်ပါးသည် ဒွါရသုံးပါးလုံး၌ ကမ္မပထမြောက်၏။သုဂတိရောက်ကြောင်းသာဖြစ်၏။ ။ပဉ္စဒွါရိက ဝိထိကုသိုလ်

ဇော၊ မရဏာသန္နကုသိုလ်ဇော၊ အိပ်မက်ကုသိုလ် ဇောတို့ကား ကမ္မပထမမြောက်ဟု ဆိုထိုက်ကုန်၏။ ပဋိသန္ဓေကျိုး မပေးနိုင် ကြကုန်။

ကုသိုလ်ဆယ်ပါးတို့တွင် အပစာယန၊ ဝေယျာဝစ္စနှစ်ပါးကို သီလ၌ရေတွက်အပ်၏။ စာရိတ္တသီလ ဖြစ်သော ကြောင့်တည်း။ (သီလသုံးပါး)။

ပတ္တိဒါန၊ ပတ္တာနုမောဒနာ-နှစ်ပါးကို ဒါန၌ ရေတွက်အပ်၏။ ဒါနသဘောရှိသည့်ဣဿာမစ္ဆရိယကိုလည်း ပယ်နိုင်သည်။ ထို ကြောင့်တည်း။ (ဒါနသုံးပါး)။

ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ-သုံးပါးကို ဘာဝနာ၌ ရေတွက်အပ်၏။ ကုသိုလ်တိုးပွါးကြောင်း ဖြစ်သည်။ ထိုကြောင့် တည်း။(ဘာဝနာလေးပါး)

တနည်း၊ ဓမ္မဿဝန ဓမ္မဒေသနာ-နှစ်ပါးကို ဘာဝနာ၌ ရေ တွက်အပ်၏။ အနိစ္စစသော လက္ခဏာကို ထိုးထွင်း၍ သိ၍ သိ၍ နာသည်၊သိ၍ သိ၍ဟောသည့်၊ပဋိဝေဓကိုလည်းဆောင်သည်။ ။ တနည်း၊ဓမ္မဒေသနာကို ဒါန၌ ရေတွက်အပ်၏။ ဓမ္မဒါနဖြစ်သည်၊ ဒိဋ္ဌိဇုကမ္မကိုဒါန၊ သီလ၊ ဘာဝနာ သုံးပါးလုံး၌ ရေတွက်အပ်၏။ ကုသိုလ်တို့၏နိုင်မြဲခြင်းလက္ခဏာ ရှိသည်၊ သမ္မာဒိဋ္ဌိဖြင့် သုတ် သင်သော ကုသိုလ်တိုင်းလည်း အာနိသင်များသည်။ (ဤစကား တို့ကိုတိုက်ရိုက်ဖွင့်မဆိုသော်လည်း အကြောင်းပြဟု သိအပ်၏။)

**ဥက္ကဋ္ဌ**။ ။ရှေ့နောက် ကုသိုလ်ခြံရံသော၊ ဝါ၊နောက်၌ဝမ်း မြောက်ခြင်းဖြင့် ဖန်ဖန်ထုံအပ်သော သမ္ပယုတ်ကုသိုလ်သည် တိ ဟိတ်ဥက္ကဋ္ဌ။ ။ဝိပ္ပယုတ် ကုသိုလ်သည် ဒွိဟိတ်ဥက္ကဋ္ဌမည်၏။

ရှေ့နောက် အကုသိုလ်ခြံရံသော။ ဝါ၊ နောက်၌ နှလုံးမသာ ယာခြင်းဖြင့်ဖန်ဖန်ထုံအပ်သော သမ္ပယုတ်ကုသိုလ်သည် တိဟိတ် ဩမက။ ။ဝိပ္ပယုတ်ကုသိုလ်သည် ဒွိဟိတ် ဩမကမည်၏။

စေတနာကံတခုသည် ဘဝယာချ၌ ပဋိသန္ဓေတခုကိုသာ ဖြစ်စေသည်။ ပဝတ္တိကျိုးကား ဘဝရာထောင်၌ များစွာ ဖြစ်စေသည်။

**ဟိတ်ရှစ်ပါးစုံမှုတိဟိတ်။** ။တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်သည် ဓောခဏ၌ အလောဘစသော ဇနကဟိတ် သုံးပါးရှိသည်။ဘဝသို့ ညွှတ်စေသော နိကန္တိကခဏ၌ လောဘ၊ မောဟ—ဟူသော ပရိဏာမဟိတ် နှစ်ပါးရှိသည်။ ပဋိသန္ဓေခဏ၌ အလောဘ စသော သမ္ပယုတ်ဟိတ် သုံးပါးရှိသည်။ ဤသို့ ဟိတ်ရှစ်ပါးရှိသည်၊ (တကျွာသုံးသပ် ခံရမှ ကံသည် အကျိုးပေးသည်၊ ဝါ၊ အဝိဇ္ဇာမြေတောင်မြှောက်၊ တဏှာရေ လောင်းပေးမှ ကံမျိုးစေ့အညှောက်ထွက်သည်။)

တိဟိတ်ဩမကသည် ထိုအတူသုံးပါး၊ နှစ်ပါး၊ နှစ်ပါး—အားဖြင့် ၇-ပါးရှိသည်။ ဒွိဟိတ်ဥက္ကဋ္ဌသည် နှစ်ပါး၊ နှစ်ပါး၊ နှစ်ပါး-အားဖြင့် ခြောက်ပါးရှိသည်။ ဒွိဟိတ်ဩမကသည် နှစ်ပါး၊ နှစ်ပါး၊ အဟိတ်အားဖြင့် လေးပါးရှိသည်။

## ရူပကုသိုလ်ကံ

ရူပကုသိုလ်ကံသည် ဂရုကံဖြစ်၏။ လွန်စွာ တန်းခိုး ကြီး၏။ တားနိုင်သောကံမရှိ၊ အထူးကား ဈာန်မလျှောပါမူ၊ ပဋိဃာတိက ပုဂ္ဂိုလ်မဟုတ်ပါမူ၊ ကာမဘုံ၌ဖြစ်လိုသည်ဟု တောင့်တခြင်းမရှိပါမူ ဂရုကံဖြစ်၍ ရူပဘုံ၌ ပဋိသန္ဓေကို ဖြစ်စေနိုင်သည်။ အရူပကုသိုလ်ကံလည်း ထိုနည်းတူတည်း။ (သုတ်မဟာဝါ အဋ္ဌကထာ၌ ဂေါဓိကာ မင်းဘွဲ့ကိုးကွယ်သော ရဟန်းသုံးပါးသည် ဈာန်ရလျက် ဂန္ဓဗ္ဗနတ်မျိုး၌ဖြစ်သည်။)

အဘိညာ စေတနာကား တကြိမ်သာ ဖြစ်၍ အာသေဝနပစ္စည်း မရသောကြောင့် ပဋိသန္ဓေကျိုး မပေးနိုင်ဟု နာမရူပပရိစ္ဆေဒ ကျမ်း၌ဆို၏။ အနုဋီကာ၌ကား—အဘိညာ စေတနာသည်ကာမ၊ မဟဂ္ဂုတ်၊ နိဗ္ဗာန်၊ ပညတ်-အာရုံမျိုးစုံ အာရုံပြုသည်။

ပဋ္ဌမဈာန်သမာဓိ၏ အာနိသင် ဖြစ်သည်။ ထို့ကြောင့် ပညာကို သာအမြဲအာရုံပြုသော ရူပဝိပါက်အကျိုးကို မဖြစ်စေနိုင်ဟု နာမ ရူပပရိစ္ဆေဒကို ပယ်၍ဆို၏။

အသညသတ်၌ ဖြစ်သူတို့ကား-ကံ ရှိ၏။ ကံအကျိုးရှိ၏ဟု ယူသော ကမ္မဝါဒီ ပုထုဇဉ်တို့သာလျှင်–သညာရောဂေါ၊ သညာ ဂဏ္ဍော၊ဓိဓိတ္တံ၊ဓိနာမံ-ဟုနာဝ်၌ အပြစ်ရှု၍ ဝါယောကသိုဏ်း၌ ပဋ္ဌမဈာန်ပွါး၍ အသညသတ်ဘုံ၌ ဖြစ်ကုန်၏။ ကေသဝ္ဂ်အလို အားဖြင့် ပရိစ္ဆိန္နာကာသ ကသိုဏ်း၌ ပဋ္ဌမဈာန် ပွါးသည်ဟု ဆိုကုန်၏။ထိုပုဂ္ဂိုလ်တို့သည် လူ့ပြည်၌သေသော ဇာရိယာပုထ်ဖြင့် သာ အသညသတ်ဘုံ၌ဖြစ်ကုန်၏။ကမ္ဘာငါးရာ အသက်ရှိကုန်၏။

သုဒ္ဓါဝါသ၌ ဖြစ်သူတို့ကား အနာဂါမ်တို့သာလျှင် ရှေးအတ္တို၌ ၎င်း,နောက်အတ္တို၌၎င်း,ပဥ္စမဈာန်ရ၍ဝသီပြည့်စုံအောင်ပွါး၍သဒ္ဓါ စသော ဣန္ဒြေငါးပါးလုံး၏ အနည်းအများအစဉ်အားဖြင့် သုဒ္ဓါ ဝါသာငါးဘုံ၌ အစဉ်အတိုင်း ဖြစ်ကုန်၏။ ပဥ္စမဈာန် မရဘဲသေ သော အနာဂါမ်မရှိ။သမာဓိဝန်းကျင် ပြည့်စုံပြီး ဖြစ်သောကြောင့် တည်း။

မိန်းမတို့ကား အရိယာဖြစ်စေ၊ပုထုဇဉ်ဖြစ်စေ သမာပတ် အား လုံးရသော်လည်း ထိုထို ဗြဟ္မာဘုံ၌ ဗြဟ္မပါရိသဇ္ဇာမည်သော အလုပ်အကျွေး ဗြဟ္မာငယ်မျိုးသာဖြစ်ကုန်၏။ ဗြဟ္မပုရောဟိတာ မျိုး၊မဟာဗြဟ္မာမျိုး မဖြစ်ကုန်။ ။သာမာဝတီအမှူးရှိသော မိဖုရား ငါးရာတို့တွင် အနာဂါမ်တို့သည် သုဒ္ဓါဝါသ၌ ဖြစ်ကုန်၏။ အချို့ ကား ဗြဟ္မပါရိသဇ္ဇာဘုံ၌သာ ဖြစ်သည်၊ ဗြဟ္မပုရောဟိတာဘုံ စသည်၌မဖြစ်ကုန်ဟုထည့်၍ အဆိုချွတ်ကုန်၏။

**ထွတ်ဖျားသုံးဘုံ။** ။ဝေဟပ္ဖိုလ်၊အကနိဋ္ဌ၊ နေဝသညာနာ သညာယတန- ဤသုံးဘုံသည် အထွတ်အဖျားဖြစ်၏။ ထိုသုံးဘုံ သား အရိယာတို့သည် တပါးသော ဘုံသို့မပြောင်းဘဲ ထိုဘုံ၌သာ ရဟန္တာဖြစ်၍ နိဗ္ဗာန်စံကုန်၏။ ကြွင်းသောဘုံသား အရိယာတို့ သည် အောက်အောက်ဘုံတို့၌မဖြစ်ကုန်။

သုဒ္ဓါဝါသဘုံတို့၌ နှစ်ကြိမ် မဖြစ်ကောင်း၊ ဖြစ်ဘူးသူမရှိ။ အကနိဋ္ဌ၌ ပဋိသန္ဓိမဘာဝိက အစစ်သာဖြစ်သည်၊ အတုမဖြစ်။ အပါယ်၌ပဋိသန္ဓိမဘာဝိကအစစ်မဖြစ်။ နောင်မဖြစ်ပြန်ကောင်းသော ပဋိသန္ဓိမဘာဝိက အတုကားဖြစ်၏။

သုဒ္ဓါဝါသဘူးမရ။ အကနိဋ္ဌ-တုမရ။ အာပါယိက-စစ်မရ။

## ပဋိသန္ဓေဖြစ်စေပုံ

အပါယ်လားသူတို့အား မရဏာ သန္နဇောနှင့်တကွ ဖြစ်သော အဝိဇ္ဇာသည် (အပါယ်) အာရုံအပြစ်ကို ဖုံး၏။ တဏှာသည် ထိုဖုံးအပ်သော အာရုံ၌ ညွတ်စေ၏။ အကုသိုလ်စေတနာ သင်္ခါရသည်ပစ်ချ၏။

သုဂတိ လားသူတို့အား မပယ်အပ်သေးသော တပါးသော အဝိဇ္ဇာသည် အာရုံအပြစ်ကိုဖုံး၏၊ တဏှာသည် ထိုဖုံးအပ်သောအာရုံ၌ညွတ်စေ၏။ ကုသိုလ်စေတနာသင်္ခါရသည်ပစ်ချ၏။ (အဝိဇ္ဇာ-မြေ၌ တဏှာ-ရေလောင်း၍၊စေတနာ-မျိုးစေ့အပင်ပေါက်၏။)

သင်္ခါရဟူသည် ကုသိုလ်ကံ၊ အကုသိုလ်ကံဖြစ်၏။ စေတနာ စေတသိက်ဖြစ်၏။ ဖုံးအပ်သောအာရုံ၌ ဝိညာဏ်ကို ပဋိသန္ဓေစိတ်ဖြစ်အောင် ပစ်ချသကဲ့သို့ဖြစ်၏။ ဤပဋိသန္ဓေစိတ်သည် ရှေ့ဘဝမှ ပြောင်းရွှေ့လာသည်မဟုတ်။ ရှေးဘဝ အကြောင်းကင်း၍ ဖြစ်သည်လည်းမဟုတ်။ ပဲ့တင်သံပမာ၊ ဆီမီးလျှံပမာ တံဆိပ်ရေးပမာဖြစ်၏။ပြောင်းလည်းမပြောင်း၊ အကြောင်းလည်းမကင်း။(ပဋိသန္ဓေ အိမ်ကိုဆောက်သောလက်သမားသုံးယောက်ကို ရှာတွေ့နိုင်ရမည်)

## မရဏာသန္နဝီထိအာရုံဒွါရ

ကံ၌အတိတ်ကံ ဓမ္မာရုံ၌သာ မနောဒွါရဝိထိဖြစ်သည်။

ကမ္မနိမိတ်၌ကား-အတိတ် ကမ္မနိမိတ် အာရုံခြောက်ပါး၌ မနောဒွါရဝိထိ။ ပစ္စုပ္ပန်ရူပါရုံ ကမ္မနိမိတ်၌ စက္ခုဒွါရဝိထိ၊ မနော

ဒွါရဝိထိ။ ပစ္စုပ္ပန် သဒ္ဒါရုံ ကမ္မနိမိတ်၌ သောတဒွါရဝိထိ မ
နောဒွါရဝိထိ၊ ပစ္စုပ္ပန် ဂန္ဓာရုံ ကမ္မနိမိတ်၌ ဃာနဒွါရ ဝိထိ၊
မနောဒွါရဝိထိ၊ ပစ္စုပ္ပန်ရသာရုံ ကမ္မနိမိတ်၌ ဇိဝှါဒွါရဝိထိ၊ မနော
ဒွါရဝိထိ၊ ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ ကမ္မနိမိတ်၌ ကာယဒွါရ ဝိထိ၊
မနောဒွါရဝိထိ။ ပစ္စုပ္ပန်ဓမ္မာရုံ ကမ္မနိမိတ်၌ မနောဒွါရ ဝိထိ။ ၊
ကသိုဏ်းစသော ပညတ်၊ နတ္ထိဘာဝပညတ် ကမ္မနိမိတ်၌ မနောဒွါ
ရဝိထိ။ ။အတီတ် အာကာသာနဉ္စာယတန အာကိဉ္စညာယတ
န-မဟဂ္ဂုတ် ကမ္မနိမိတ်၌ မနောဒွါရဝိထိ ဖြစ်သည်။

ဂတိနိမိတ်၌ ပစ္စုပ္ပန်ရူပါရုံ ဂတိနိမိတ်၌သာ မနောဒွါရဝိထိ
ဖြစ်သည်။ (ဤရူပါရုံသည် လားရာဂတိ၌ရှိ၍ ကံစွမ်းဖြင့်ထင်သော
အာရုံ ဖြစ်သောကြောင့် အိပ်မက်၌ မြင်သလို၊ ဒိဗ္ဗစက္ခုဉာဏ်
အားထင်သလို ဖြစ်၏။ စက္ခုပသာဒ၌ ထင်လျှင် တပါးသော သူ
အားလည်း ထင်ရာ၏။)

**ပစ္စုပ္ပန်ကမ္မနိမိတ်သဒိသူ။** ။မရဏာသန္နဇော၏ ပစ္စုပ္ပန်
ကမ္မနိမိတ်သည် မုချမဟုတ်၊ သဒိသူပစာရ ဖြစ်၏။ (ပဋိသန္ဓေအခါ၌
သာ ပစ္စုပ္ပန်ဖြစ်သည်။ စုတိ၌ပစ္စုပ္ပန်မရှိ။)

ချဲ့ဦးအံ့၊ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံကိုပြုစဉ်၊ ထိုကံ၏
ပစ္စုပ္ပန်အာရုံသည်သာလျှင် မုချပစ္စုပ္ပန် ကမ္မနိမိတ်မည်၏။ ပဋိ
သန္ဓေကိုဖြစ်စေတတ်သော ဇောကံသည် မရဏာသန္နအခါ ပစ္စုပ္ပန်
အာရုံကို မထင်စေနိုင်။ မရဏာသန္နအခါ ပစ္စုပ္ပန်အာရုံကို ထင်စေ
နိုင်သော မရဏာသန္နဇောသည်လည်း ပဋိသန္ဓေကျိုးမပေးနိုင်။

အဖန်ဖန်အာသေဝနရသော ဇောကံသည်ပင်လျှင် တဏှာဖြင့်
သုံးသပ်ခံရမှ ပဋိသန္ဓေကျိုး ပေးသည်။ ဝါ၊ အာသေဝနရခြင်း၊
တဏှာသုံးသပ်ခံရခြင်း- အကြောင်းနှစ်ပါးရှိမှ ပဋိသန္ဓေကျိုးပေး
နိုင်သည်။

မရဏာသန္နဇော ဟူသမျှသည် ထိုအကြောင်းနှစ်ပါးလုံးမရှိ
သောကြောင့် ပဋိသန္ဓေကျိုး မပေးနိုင်။ တနည်း၊ ပစ္စုပ္ပန်ကမ္မနိမိတ်
ကို အာရုံပြုသော ပဉ္စဒွါရိကဇော ဟူသမျှလည်း အာသေဝနရ

ခြင်း၊ တဏှာ သုံးသပ်ခံရခြင်း ရှိစေကာမူ ပဋိသန္ဓေကျိုး မပေးနိုင်။ ပဉ္စဒွါရိကစေခ ဟူသမျှသည် ထက်ဝန်းကျင် အားနည်း၏။ ထိုကြောင့် အဋ္ဌကထာ၌ဆိုသည်။

ဤ၌ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံသာ ကမ္မအမည်ရ၍ ထိုကမ္မ၏ အာရုံသာ ကမ္မနိမိတ် အမည်ရသည်၊ ထိုမှနောက်၌ မရဏာသန္နအခါ ခြောက်ဒွါရ၌ ထင်သော ပစ္စုပ္ပန် အာရုံသည် ပဋိသန္ဓေကျိုး ပေးသောကံ၏ နိမိတ်မဟုတ်။ ဝါ၊ ပစ္စုပ္ပန် ကမ္မနိမိတ်မမည်—ဟုဆိုဘွယ်ရှိ၏။

ထိုစကားအားလုံးသင့်လျော်၏။ ဆွေမျိုးတို့သည် ထင်စေအပ်သော ပန်းဆီမီးစသည်တို့ရှိစဉ် ထိုအာရုံကို အာရုံပြု၍သေ ငြားအံ့၊ ထိုပန်းဆီမီးစသည်၌ရှိသော ပစ္စုပ္ပန်အာရုံသည် ပဋိသန္ဓေကျိုး ပေးနိုင်သော ရှေးရှေးအာသန္န မနောဒွါရိက စောတို့၏ ပစ္စုပ္ပန်ကမ္မနိမိတ်အာရုံနှင့် တဆက်တည်း ဖြစ်၍တူ၏။ ထိုကြောင့် မရဏာသန္နစော၏ ပစ္စုပ္ပန်အာရုံကို ပစ္စုပ္ပန် ကမ္မနိမိတ်အာရုံ—ဟုသဒိသူပစာရဖြင့် ဆိုအပ်၏။

## ဘုမ္မိစတုက္ကမှတ်ဘွယ်

**အပါယ်လေးဘုံ။** ။နိရယ-ချမ်းသာ ကင်းသော ငရဲဘုံ။ တိရစ္ဆာန—အောက်အတိုသွား၊ ဝါ၊ ဘီလာသွားသော တိရစ္ဆာန်ဘုံ။ ပေတ-ချမ်းသာဝေးသော ပြိတ္တာဘုံ။ ဝါ၊ ပ+ဣတ-လူပြန်ဖြစ်လွယ်သော ပြိတ္တာဘုံ။ အသုရကာယ-မရွှင်မြူးသူတို့ နေရာ အသုရကာယ်ဘုံ-ဤလေးဘုံသည် အယ-ကုသိုလ်မှ၊ အပ-ကင်းသောကြောင့် အပါယ—မည်၏။

သဉ္ဇိုဝ်း၊ ကာလသုတ်၊ သင်္ဃာတ၊ ရောရုဝ၊ မဟာရောရုဝ။ တာပန၊ မဟာတာပန၊ အဝီစိ—ဤကား ငရဲကြီး ရှစ်ထပ်တည်း ငရဲကြီးတထပ်တထပ်၌ တံခါးကြီးလေးခုစီရှိ၏။ တံခါးကြီးတခုတခု၌ ဥဿဒ ငရဲလေးခုစီရှိ၏။ ယမဖင်းတယောက်စီရှိ၏။

ဥသာဒ ငရဲတို့ကား ဂူထ-ဘင်ပုပ်ငရဲ၊ ကုက္ကုဠ-ပြာပူငရဲ၊ သိပ္ပလိဝန-လက်ပံတောငရဲ၊အသိပတ္တဝန၊ သံလျက်ရွက်တောငရဲ၊ ဤသို့လေးခုစီဖြစ်၍ ငရဲငယ်ပေါင်း ၁၂၀–ဖြစ်၏။ လောကပ ညတ္တိ၌ကား မီးရည်၊သံရည်၊ ပြာပူ၊ ရေပူ၊ ကြေးနီရည်၊ ဘင်ပုပ်၊ လက်ပံပင်၊ ကြိမ်မိုက်ချောင်း–ဤသို့ရှစ်ခုစီဖြစ်၍ ၂၅၆-ဟုဆို၏။

သဉ္ဇီဝ–အဖန်ဖန် ပြန်ရှင်သောငရဲ၊ ကာလသုတ္တ- တမျဉ်းကြိုး (မဲကြိုး) ချ၍လေးမြွောင်းရှစ်မြွောင့်ခွေသောငရဲ၊ သင်္ဃာတ–သံတောင်လိမ့်၍ကြိတ်သော ငရဲ၊ ရောရုဝ–သွေးလျှံ ပြည့်သောငရဲ၊ မဟာရောရုဝ–ၚင်းငရဲအကြီး၊ တာပန-မလှုပ်မရှား အပူလောင် ခံရသောငရဲ၊ မဟာတာပန- ၚင်းငရဲအကြီး။ အဝိစိ–အကြားမရှိ သောငရဲ။ (မီးလျှံအကြား၊ ငရဲသားအကြား၊ ဒုက္ခအကြားမရှိ၊ပြည့် ကြပ်၏(အကြားမရှိသော်လည်း ကံ-တင်းပုတ် ရိုက်သွင်းခြင်းဖြင့် ဝင်ရောက်နိုင်၏ဟူလို။)

**ကာမသုဂတိ ၇-ဘုံ။** ။မာနုဿ– များမြတ်သောကုသိုလ် စိတ်ရှိသူတို့၏ဘုံ။သတိရှိခြင်း, ရဲရင့်ခြင်း,မြတ်သောအကျင့်ရှိခြင်း၊ ဤဂုဏ်သုံးပါးဖြင့် ဇမ္ဗူဒိပ် တောင်ကျွန်းသည် မြောက်ကျွန်း၊ တာဝတိံသာတို့ထက် သာလွန်၏။ ကြွင်းသုံးကျွန်း ဥပစာ-လူ့ဘုံ ဟူလို။

စာတုမဟာရာဇ်- နတ်မင်းကြီး လေးယောက် ရှိသောဘုံ၊ (ဓတရဋ္ဌ၊ ဝိရုဠှက၊ ဝိရူပက္ခ၊ ကုဝေရ-လေးယောက်။) တာဝတိံသာ-မာဃအမှူးရှိသော သုံးကျိပ်သုံးယောက် (တေတ္တိံသ) တို့၏စံရာဘုံ (ဟောကို-တာဝပြု။) ယာမာ–ဆင်းရဲကင်းသောဘုံ။ တုသိတာ-နှစ်သက်ဘွယ် ပြည့်စုံသောဘုံ။ နိမ္မာန+ရတိ-တန်းခိုး ဖန်ဆင်းခြင်း၌+မွေ့လျော်သောဘုံ၊ ပရနိမ္မိတ+ဝသ+ဝတ္တိ-သူ တပါးဖန်ဆင်းသော အာရုံ၌+ မိမိအလိုကို+ဖြစ်စေသောဘုံ။ ၎င်း၊ စိတ်တိုင်းကျ ဖန်ဆင်းသော နတ်သို့းတို့ ရှိသောဘုံ။ ဤခုနစ်ဘုံ သည် ကောင်းသောအလားရှိ၏။ ထိုကြောင့်သုဂတိဘုံမည်၏။

ဗြဟ္မာ ၂၀-။ ။ဗြဟ္မပါရိသဇ္ဇာ-မဟာ ဗြဟ္မာတို့၏ပရိ သတ်ဘုံ။ ဗြဟ္မပုရောဟိတာ- မဟာဗြဟ္မာတို့၏ မင်းတိုင်ပင် အမတ်ဘုံ။မဟာဗြဟ္မာ-ဗြဟ္မာကြီးတို့နေရာဘုံ။

ပရိတ္တာဘာ-အရောင်နည်းသောဘုံ။အပ္ပမာဏာဘာ-အရောင် များသောဘုံ။ အာဘဿရာ- လျှပ်ပြက်သကဲ့သို့ တလက်လက် အရောင်ထွက်သောဘုံ။

ပရိတ္တသုဘာ-ဘခဲနက် ကိုယ်ရောင်နည်းသောဘုံ။ အပ္ပမာဏ သုဘာ-တခဲနက် ကိုယ်ရောင်များသောဘုံ။ သုဘကိဏှာ-တခဲ နက်ကိုယ်ရောင်ပြွမ်းသောဘုံ။

ဝေဟပ္ဖလာ- ပြန့်ပြောသော အကျိုးရှိသောဘုံ။ အသည သတ္တာ-သညာမရှိသူတို့ဘုံ။

အဝိဟာ- ကာလအနည်းငယ်ဖြင့် မိမိနေရာ မစွန့်သူတို့ဘုံ။ အတပ္ပါ-ပူပန်စရာမရှိသောဘုံ။ သုဒဿာ-ချမ်းသာစွာ ရှုမြင်အပ် သောဘုံ။ သုဒဿီ-ချမ်းသာစွာ ရှုမြင်တတ်သောဘုံ။ အကနိဋ္ဌာ- အငယ်အဖျင်းမရှိသောဘုံ။ ဤငါးဘုံသည် စင်ကြယ်သော အနာ ဂါမ် ရဟန္တာတို့၏ နေရာဖြစ်သောကြောင့် သုဒ္ဓါဝါသဘုံမည်၏။

အာကာသာနဉ္စာယတန-ကောင်းကင် အဆုံးမရှိကို အာရုံပြု သောဘုံ။ ဝိညာနဉ္စာယတန- အာကာသာနဉ္စာယတန စိတ်အဆုံး မရှိကို အာရုံပြုသောဘုံ။ အာကိဉ္စညာယတန-ပဌမာရုပ္ပစိုးစဉ်းမျှ မရှိသော နတ္ထိဘောပညတ်ကို အာရုံပြုသောဘုံ။ (သည်အထိအာ ယတနသည် အာရုံဟော။) နေဝသညာနာသညာယတန ရှန့်ရင်း သော သညာမရှိ၊ သိမ်မွေ့သော သညာရှိသောဘုံ။ မနာယတန ဓမ္မာယတန၌ ပါဝင်သောဘုံ။

ဘုံတည်ပုံ။ ။အောက်အဆုံးမရှိ ကောင်းကင်၌ လေပြင် အထု ယူဇနာ ကိုးသိန်းခြောက်သောင်း (၉၆၀,၀၀၀) တည်၏။ လေအထက်၌ ရေပြင်အထု လေးသိန်း ရှစ်သောင်း(၄၈၀,၀၀၀)

တည်၏။ ရေအထက်၌ မြေပြင် အထု နှစ်သိန်း လေးသောင်း (၂၄၀,၀၀၀)တည်၏။

**မြေတည်ပုံကား**—ရေအပြင်၌ လင်ပန်းသုံးချပ် ဆိုင်သကဲ့သို့ ကျောက်မြေ—သိလာပထဝီ ကျောက်ခွက် သုံးခုဆိုင်၍တည်၏။ ၎င်း၌ မြေညှက်—ပံသု ပထဝီတည်၏။ တသိန်း နှစ်သောင်း (၁၂၀,၀၀၀)စီအထုရှိ၏။ သိလာ၊ ပံသု—မြေနှစ်ခု— အထုထက်ဝက်စီဖြစ်၍ နှစ်သိန်းလေးသောင်း (၂၄၀,၀၀၀)ရှိ၏။ ကျောက်ခွက် အနားရေးသည် စကြာဝဠာတောင်၊ ဝါ၊ တံတိုင်းဖြစ်၏။ ရှစ်သောင်း နှစ်ထောင် (၈၂,၀၀၀)မြင့်၏။ (၈၂,၀၀၀)မြုပ်၏။ သုံးခုဆိုင်အကြားသည် စကြာဝဠာ သုံးခုအကြား ဖြစ်၏။ လောကန္တရိက် ငရဲလည်းမည်၏။ စကြာဝဠာ အလျားအနံ တသန်း… (၁,၂၀၃,၄၅၀)ရှိ၏။ အဝန်းသုံးဆ-သုံးသန်း (၃,၆၁၀,၃၅၀) ရှိ၏။

သိလာအထက် ပံသု၌၊ ဝါ၊နှစ်ခုအကြား၌ ယူဇနာ တသောင်းကျယ်သော လိုဏ်ခေါင်းရှိ၏။ ထိုလှိုဏ်ခေါင်း၌ အဝီစိငရဲ တသောင်းကျယ်တည်၏။ ထိုမှအထက်၌ ငရဲခုနစ်ထပ်တည်၏။ ထိုအထက်၌ အသုရာပြည်တည်၏။ ယူဇနာ တသောင်းငါးထောင်စီဝေးကွာ၏။ (သိလာမြေအတွင်း ရှစ်သောင်း လေးထောင် ကျွံဆင်း၍ အဝီစိတည်ဟန်တည်း၊ သိလာအထက်၌သာ အဝီစိတည်လျှင် ငရဲနှင့် အသုရာ ဟည့်တည့်မဆင့်နိုင်။)

မြင်းမိုရ်တောင်သည် (၈၄,၀၀၀) မြုပ်၍ (၈၄,၀၀၀)အထက်သို့တက်၏။ အောက်၌ ယူဇနာ တသောင်းကျယ်၏။ ထို၌ အသုရာပြည်တည်၏။ အသုရာပြည်နှင့် လူ့ပြည်(၈၄,၀၀၀)ဝေး၏။ လူ့ပြည်မှ နတ်ပြည်ခြောက်ထပ် (၄၂,၀၀၀) စီဝေး၏။ တာဝတိံသာသည် မြင်းမိုရ်တောင်ထိပ် ယူဇနာတသောင်းကျယ်၌တည်၏။ လူ့ပြည် တောင်ကျွန်းလည်း တသောင်း ကျယ်၏။ (အဝီစိ၊ အသုရာ၊လူ၊တာဝတိံသာ—သောင်းလေးရပ်)

ဝသဝတ္တိမှအထက် ဗြဟ္မာ နှစ်ဆယ်သည် ၁၃-ထပ်ရှိ၏။ငါး သန်း ငါးသိန်း ရှစ်ထောင် (၅,၅၀၈,၀၀၀) စီဝေး၏။ ပဌမဈာန်သုံးဘုံ တပြင်တည်း၊ ဒုတိယဈာန် သုံးဘုံတပြင်၊ တတိယဈာန် သုံးဘုံတပြင်၊ ဝေဟပ္ဖိုလ် အသညသတ် နှစ်ဘုံတပြင်၊ သုဒ္ဓါဝါသ ငါးဘုံငါးပြင်။ ငါးဆင့်။ အရူပလေးဘုံ-လေးပြင်-လေးဆင့်တည်း၏။ လူ့ပြည်မှ နေဝသညာ နာသညာယတနထိ အဆင့် ၂၀။ အသုရာ၊ ငရဲနှင့် ၂၆–ဆင့်။

အသုရကာယ်၊ ပြိတ္တာ၊ တိရစ္ဆာန်-ဘုံသီးခြားမရှိ၊ ထိုထိုတော အုပ်တောင်မြေ စသည်တို့၌ နေကုန်၏။ မြင်းမိုရ်တောင်အောက် အသုရာတို့သည် တာဝတိံသာ၌ ပါဝင်ကုန်၏။ မြေ,ရေ,လေတို့၏အောက်၌ရင်း,နေဝသညာ နာသညာ ယတန၏ အထက်၌ရင်း ကောင်းကင်သည် အဆုံးမရှိ။

**ဘုံအကွာအဝေး။** ။အဝိစိမှ အသုရာသို့ တသိန်း နှစ်သောင်း(၁၂၀,၀၀၀၊) လူ့ပြည်သို့(၈၄,၀၀၀–ထောင်ထည့်၍) နှစ်သိန်း လေးထောင် (၂၀၄,၀၀၀)။ ဝသဝတ္တိသို့ လေးသိန်း ငါးသောင်း ခြောက်ထောင် (၄၅၆,၀၀၀)။ နေဝသညာနာ သညာယတနသို့ ခုနစ်ကုဋေ နှစ်သန်း ခြောက်သောင်း (၇၂,၀၆၀,၀၀၀)။

လူ့ပြည်မှဝသဝတ္တိသို့ နှစ်သိန်းငါးသောင်း နှစ်ထောင်( ၂၅၂,၀၀၀)၊ နေဝသညာ နာသညာယတနသို့ ခုနစ်ကုဋေ တသန်း ရှစ်သိန်း ငါးသောင်း ခြောက်ထောင် (၇၁,၈၅၆,၀၀၀)

ဝသဝတ္တိမှ နေဝ သညာ နာသညာ ယတနသို့ ခုနစ်ကုဋေ တသန်း ခြောက်သိန်း လေးထောင်(၇၁,၆၀၄,၀၀၀)ဝေးကွာ၏။

တနည်းကား သိလာ အထက်၌ ငရဲရှစ်ထပ်နှင့် လူ့ပြည် (၁၅၀၀၀)စီကွာခြား၍ အဆင့်ဆင့်တည်၏။ အသုရာ ပြည်ကား မြင်းမိုရ်တောင်အောက် (၈၄၀၀၀)၌တည်၏။ (၈၄၀၀၀)ကား

တာပန ငရဲ၏ အထက်လောက်ကျ၏။ အဝီစိဘက်နိမ့်၏၊ လူ့ပြည်ဘက်ဝေး၏။

## တက်ကပ်ဆုတ်ကပ်

အသင်္ချေယျ အသက်တမ်းမှ ဆယ်နှစ်တမ်းအထိ ဆုတ်ကပ်၊ ဆယ်နှစ်တမ်းမှအသင်္ချေယျတမ်းအထိတက်ကပ်။ ဤနှစ်ကပ်သည် အန္တရ ကပ်တကပ်ဖြစ်၏။ (တက်ကပ်၌ တရားကျင့်ကြသောကြောင့် ထက်ဝက်ထက်ဝက် တက်သည်။ ဆုတ်ကပ်၌ တရားအပျက်များလျှင် များများ ဆုတ်သည်။ အပျက်နည်းလျှင် နည်းနည်းဆုတ်သည်)ရောက်ဆဲ,တည်ဆဲသက်တမ်းသည် အာယုကပ်မည်၏။ အန္တရကပ် ၆၄-ကပ်သည် အသင်္ချေယျကပ် တကပ်။ အသင်္ချေယျလေးကပ်သည် မဟာကပ်တကပ်။ ဝါ၊ တကမ္ဘာဖြစ်၏။ အထက်ပြဗွာတ်၌ ဤမဟာကပ်ဖြင့် အသက်ပိုင်းသည်။

ကမ္ဘာပျက်မိုး ရွာသည်မှစ၍ မီးငြိမ်း, ရေငြိမ်း, လေငြိမ်းယဖြင့်သင်္ခါရမကြွင်း ဟင်းလင်း ဖြစ်သည်တိုင်အောင် ပျက်ဆဲသည် သံဝဋ္ဋအသင်္ချေယျ ကပ်မည်၏။ မီး,ရေ,လေငြိမ်းသည်မှစ၍ ကမ္ဘာပြုမိုး ရွာသည်တိုင်အောင် အပျက်တည်ဆဲသည် သံဝဋ္ဋဋ္ဌာယီ အသင်္ချေယျ ကပ်မည်၏။ ကမ္ဘာပြုမိုး ရွာသည်မှစ၍ တပေါင်းလပြည့် နေ့,လနက္ခတ် ပေါ်သည်တိုင်အောင် ပြုပြင်ဆဲသည် ဝိဝဋ္ဋအသင်္ချေယျ ကပ်မည်၏။ နေ့,လနက္ခတ် ပေါ်သည်မှစ၍တဖန် ကမ္ဘာပျက်မိုး ရွာသည်တိုင်အောင် တည်တံ့ဆဲသည် ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျ ကပ်မည်၏။ ဤဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်၌ သာ ပဋ္ဌမဈာန် သုံးဘုံတည်သည်။

## ဘဝတခု၌ ပဋိသန္ဓေ,ဘဝင်,စုတိ-တူမတူ

ပဋိသန္ဓေ၊ ဘဝင်၊ စုတိတို့သည် ဘုံအားဖြင့် ကာမတဆယ်၊ ရူပငါး၊ အရူပလေးဖြစ်၏၊ ဓာတ်အားဖြင့် အဗျာကတသာ၊ ဝါ၊ အဟိတ်နှစ်၊ သဟိတ် ၁၇။ ။သမ္ပယုတ္တ ဓမ္မအားဖြင့် ဖဿစသည်လည်းဟူ၍သည်။ ဝါ၊ ညဏသမ္ပယုတ်-တိဟိတ် ၁၃။ ညဏ

ဝိပ္ပယုတ်—ဒွိဟိတ် ၄။ ဝိမုတ်-အဟိတ် ၂။ ။သန္တီရဏအားဖြင့် အသန္တီရိက ၄။သသန္တီရိက ၁၃။ ဝိမုတ် ၂-ဖြစ်၏။

အာရုံအားဖြင့် အတိတ်ကံကိုရင်း၊ အတိတ်ကမ္မနိမိတ် ကိုရင်း၊ ပစ္စုပ္ပန်ကမ္မနိမိတ်ကိုရင်း၊ ပညတ်ကမ္မနိမိတ်ကိုရင်း၊ ပစ္စုပ္ပန်ဂတိနိမိတ်ကိုရင်း အာရုံပြုကုန်၏။

ပဋိသန္ဓေသည် ကာမဖြစ်အံ့၊ ဘဝင်လည်းကာမဖြစ်၏၊ စုတိလည်းကာမဖြစ်၏။ ဤနည်းဖြင့် တခုသောဘဝ၌ ဘူမိ, ဇာတိ, သမ္ပယုတ္တဓမ္မ, သန္တီရဏအားဖြင့်တူ၏။

မတူပုံကား—ပဋိသန္ဓေသည် ကမ္မနိမိတ် ပစ္စုပ္ပန်၊ ဂတိနိမိတ် ပစ္စုပ္ပန်ကို အာရုံပြုအံ့၊ အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္န ဇောငါးကြိမ်၊ စုတိ၊ ပဋိသန္ဓေ၊ ဘဝင်ခြောက်ချက်တိုင်အောင် ထိုပစ္စုပ္ပန်အာရုံသည် တည်ဆဲတည်၏။ ပဋိသန္ဓေနှင့် ဘဝင်ခြောက်ချက်သည် ထို ပစ္စုပ္ပန်ကမ္မနိမိတ်၊ ဂတိနိမိတ်ကို အာရုံပြုသည်။ ထိုနောင်ဘဝင်နှင့် စုတိတို့သည် ထိုကမ္မနိမိတ်၊ ဂတိနိမိတ်ကိုပင် အာရုံပြုကြသော်လည်း ပစ္စုပ္ပန်မဟုတ်လေပြီ၊အတိတ်အဖြစ်သို့ ရောက်ကုန်ပြီ။

ဤသို့ပဋိသန္ဓေ ပစ္စုပ္ပန်အာရုံ၌သာ ဘဝင်အာရုံတူမတူ၊ စုတိ၊ အာရုံကား မတူ-ဟုပြားသည်၊ ကြွင်းသောအာရုံတို့၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ- အာရုံတူသည် သာတည်း။ စုတိ၌ပစ္စုပ္ပန် အာရုံ အလျဉ်းမရှိ။

## ကမ္မစတုက္ကမှတ်ဘွယ်

**ကိစ္စကံ။** ။အကုသိုလ်ဇနက ကံသည် အပါယ်ဘုံ၌ ပဋိသန္ဓေပဝတ္တိ—ဝိပါက်နာမ်ရုပ်ကို ဖြစ်စေ၏။ ထိုကံစွမ်းအကျိုးကို ကြာရှည်စွာ(အစွမ်းကုန်) တည်အောင် အကုသိုလ် ဥပထမ္ဘက ထောက်ပံ့၏။ ကြာရှည်စွာ မတည်အောင် ကုသိုလ် ဥပပီဠက—ကပ်၍နှိပ်စက်၏။ ချက်ခြင်းပျက်စီးအောင် ကုသိုလ် ဥပဃာတက-ကပ်၍ဖျက်ဆီး၏၊ (အကုသိုလ်အကျိုးကို ကုသိုလ်ဖျက်။)

ကုသိုလ်ဇနကကံသည် သုဂတိဘုံ၌ ပဋိသန္ဓေ ပဝတ္တိ-ဝိပါက် နာမ်ရုပ်ကိုဖြစ်စေ၏။ ရှေးအတူကုသိုလ် ဥပထမ္ဘက-ထောက်ပံ့၏။ အကုသိုလ်ဥပပီဠက-ကပ်၍ နှိပ်စက်၏။ အကုသိုလ် ဥပဃာတက-ကပ်၍ဖျက်ဆီး၏။ (ကုသိုလ်ကျိုးကိုအကုသိုလ်ဖျက်။)

ဥပဃာတကကသည် မှင်မောဂ္ဂလာန် ကဲ့သို့သောသူအား ဇနက ခွမ်းကိုကပ်၍ ဖျက်ဆီးရုံသာဖြစ်၏။ ဗိမ္ဗိသာရမင်း ကဲ့ သို့သော သူအားကပ်၍ ဖျက်ဆီးပြီး လျှင် ကံတပါးကို အကျိုးပေးခွင့်ပြု၏။ ဒေဝဒတ် ကဲ့သို့သောသူအားကပ်၍ ဖျက်ဆီးပြီးလျှင် မိမိကပင် ပဋိသန္ဓေ ပဝတ္တိ-နာမ်ရုပ်ကိုဖြစ်အောင် အကျိုး ပေး၏။ ဤဥပဃာ တကကံ-သုံးမျိုးလုံးသည် ဇနကခွမ်းကို ဖျက်သည်သာတည်း။ ဇနကကံသည်တပါး ကံတပါး၏ အခွမ်းကိုမဖျက်မူ၍ အကျိုးပေး၏။

**ပရိယာယကံ။** ။ပဉ္စာနန္တရိယကံ၊ နိယတမိစ္ဆာဒိဋ္ဌိကံသည် အကုသိုလ်ဂရုကံ မည်၏၊ လွန်စွာအပြစ်ကြီး၏။ တားနိုင်သောကံ တပါးမရှိ။

မဟဂ္ဂုတ်ကုသိုလ်သည် ကုသိုလ်ဂရုကံမည်၏၊ လွန်စွာတန်းခိုး ကြီး၏၊ တားနိုင်သောကံမရှိ။ အထူးကား-ဤမဟဂ္ဂုတ်ကုသိုလ်ကံ သည် ရျာန်မလျှောပါမှ၊ ပဋ္ဌိမဘာဝိကမဟုတ်ပါမှ၊ "ကာမဘုံ၌ဖြစ် ပို၏" ဟုတောင့်တခြင်းမရှိပါမှ ဂရုကံဖြစ်သည်။

ဤစတုက္က၌ ကံလေးပါးလုံး ရှိသူအား ဂရုကံသာ အကျိုးပေး သည်၊ ဂရုကံမရှိလျှင် အာသန္နကံ။ ထိုကံနှစ်ပါးမရှိလျှင် အာစိဏ္ဏ ကံ။ ယိုကံသုံး ပါးမရှိလျှင် ကဋတ္တာကံ အကျိုးပေးသည်။

အာစိဏ္ဏကံသည် မပြတ်ပြုသောကြောင့်အားကြီး၏။ အာသန္န ကံသည်သေခါနီး အနည်းငယ်ပြုသောကြောင့် အားသေး၏။ အ ဘယ်ကြောင့်အား သေး သော ကံကရှေးဦးစွာအကျိုးပေးသနည်း?။ သေချိန်နီးတွင်ပြုသော ကံဖြစ်သောကြောင့်တည်း။ နွားပြည့်သော နွားခြံတင့်သောအခါ နောက်၌ အဝေး၌အားကြီးသော နွားသန်တို့ ရှိသော်လည်း ခြံဝ၌တည်သော အားနည်းသော နွားအိုသာလျှင် ရှေ့ဦးစွာ ထွက်နိုင်သည့်နှင့်တူ၏။

**ကာလကံ။** ။ဒိဋ္ဌဓမ္မဝေဒနီယကံသည် ဆန့်ကျင်ဘက်အနှိပ်စက်မှကင်းလွတ်၍ ခေတ္တ-အဇ္ဈာသယ- စသောအကြောင်းထူးပြည့်စုံလျှင် မျက်မှောက်အကျိုးပေးသည်။ အာသေဝနပစ္စည်းမရသော-အစဆုံးပဌမဇော ဖြစ်သောကြောင့် အကျိုးပေးချိန်နည်းသည်။ ဤဘဝပဝတ္တိ ကျိုးသာပေးသည်။ အသီးမပါသောလေပွင့်ကဲ့သို့ အဟိတ်ဝိပါက် အကျိုးကိုသာ ပေးနိုင်သည်။

ရတနာသုံးပါး ရှိခိုးရာ၌ ဘုရားအစရှိသော ရတနာ သုံးပါးသည် ခေတ္တ။ ရှိခိုးသောစေတနာသည် အဇ္ဈာသယ၊ ထိုကြောင့် ဂုဏ်တော်၌သက်ဝင်ယုံကြည်၍ရှိခိုးလျှင် ဤနှစ်ပါးဖြင့် အန္တရာယ်ကင်းခြင်းစသော ဒိဋ္ဌဓမ္မကျိုးကိုပေးသည်။ ဒါနပြုရာ၌ လှူဘွယ်ပစ္စည်း ဓမ္မိယလဒ္ဓဖြစ်ခြင်း ။ စေတနာထက်သန်ခြင်း၊ အလှူခံသည့်အနာဂါမ်၊ ရဟန္တာဖြစ်ခြင်း။ နိရောဓသမာပတ်မှထခြင်း- ဤအင်္ဂါလေးပါး ပြည့်စုံလျှင် ပစ္စည်းလာဘ် စသော ဒိဋ္ဌဓမ္မကျိုးကို ပေးသည်။

ဥပပဇ္ဇသည် ဒုတိယဘဝ၌ ပဋိသန္ဓေကျိုးပေးရလျှင် ပဝတ္တိကျိုးလည်း ဘဝရောထောင်ပင်ပေး၏။ သတ္တမဇောဖြစ်၍ အာသေဝန ပစ္စည်း အားအရှိဆုံးဖြစ်သည်။

အပရာပရိယသည် တတိယဘဝမှ နိဗ္ဗာန်တိုင်အောင် အကျိုးပေးသည်။ (ဒုတိယဘဝ ပဝတ္တိကျိုးလည်း ပေးသည်ဟု အချို့ယူဆကုန်၏။)

အကျိုး မပေးလတ္တံ့ စင်စစ်ဖြစ်သော ဇောခုနစ်တန်-စေတနာသည် မူလကတည်းကပင် အဟောသိကံ မည်၏။

## မရဏာသန္နဝီထိစတုက္ကမှတ်ဘွယ်

**ဥပဇ္ဈေဒကကံ။** ။ဥပစ္ဆေဒကကံသည် ငါးသား၊ မြောက်ကျွန်းသူ၊ အချို့နတ်တို့အားမရှိ။ ဝါ-ဘုမ္မဇိုဝ်းနတ်မှတပါး အထက်နတ်တို့အားမရှိ။

ယာမဝင် စစ်ဆေးစဉ် ကောင်းမှု သတိရ၍ငင်း၊ ငရဲမီးလျှံမြင်စဉ် သက်န်း လှူဘူးသည်ကို သတိရ၍ငင်း ထိုခဏတွင် ရတော၍ သုဂတိဋ္ဌဖြစ်သူ၊ ခုနစ်ရက်ငရဲခံ၍ နတ်ပြည်သို့ရောက်သော မာလိကာတို့အား ငရဲသာ ၏ကုသိုလ် ဥပစ္ဆေဒကကံ မဟုတ်လော?။

မြေမျိုသော ဝသဝတ္တိဘုံစံ ဒုသီမာရ်နတ်၊ တာဝတိံသာ အခမ္ဘနတ်၊ အချင်းချင်း မိတ်ဆိုး၍ သေသော မနောပဒေါသိကနတ်၊ စားချိန်လွန်အောင် အပျော်ကျူး၍ သေသော ခိဍ္ဍာပဒေါသိကနတ်တို့အား အထက်နတ်တို့၏ အကုသိုလ် ဥပစ္ဆေဒကကံ မဟုတ်လော?။

အဖြေကား၊ ဥပစ္ဆေဒကကံဟုတ်ပေ၏။ တရာမှာတယောက်မရှိ၊ တထောင်မှာ တယောက်မရှိ။ နည်းပါးလှသောကြောင့် မရှိဟုဆိုသည်။

ဖြဟ္မာပြည်၌ဘုရားလောင်းများ–သက်တမ်းမစေ့မီ အဓိမုတ္တိကာလံကိရိယာ ဖြင့်သေခြင်း၊ ဘုရားရှင်တိုင်း သက်တမ်း ငါးပုံလေးပုံ၌ နိဗ္ဗာန်စံခြင်းတို့ သည်လည်း ဥပစ္ဆေဒကကံ မဟုတ်လော?၊

အဖြေကား-ဥပစ္ဆေဒကကံမဟုတ်။ဘုရားလောင်းတို့ အားသာ ပါရမီအာနုဘော် ကြောင့်ငင်း၊ ဘုရားရှင်တို့ အားသာ ဓမ္မတာ ကြောင့်ငင်း–သီးခြားသော အာဝေနိက သက်တမ်းဖြင့်သေခြင်း၊ နိဗ္ဗာန်စံခြင်း ဖြစ်သည်။ အကုသိုလ်ကံကြောင့်မဟုတ်။ ထိုကြောင့် အသေ သုဂတ္တယ မရောဟုဆိုအပ်၏။ အကုသိုလ် ဥပစ္ဆေဒကကံဟု မဆိုအပ်။ ကုသိုလ်ကျိုးကို ဖျက်သော ကုသိုလ် ဥပစ္ဆေဒကကံ ဟူ၍လည်းမရှိကောင်း။

ရဟန္တာဝုတ်။ ။နောက်ဘဝ ပဋိသန္ဓေမရှိသော ရဟန္တာအား ကံ,ကမ္မနိမိတ်,ဂတိနိမိတ်မထင်။ထင်မြဲတိုင်းသော နာမ်၊ရုပ်၊ လက္ခဏာ၊ ပညတ်တို့သာ ထင်ကုန်၏။ ထင်မြဲတိုင်း နာမ်ရုပ်စသည်

ကို အာရုံပြု၍ မရဏာသန္နဇောစောင်၏။ ရဟန္တာ၏ စုတိကား မူလပဋိသန္ဓေ၏ အာရုံကိုသာ အာရုံပြုသည်။

ဘုံပိုင်းအရသာပြီး၏။

## ၆–ရုပ်ပိုင်း

ဤမျှသော စကားစဉ်ဖြင့် စိတ် စေတသိက်တို့ကို ပဘေဒ၊ ပဝတ္တိနှင့်တကွ ဝေဘန်ပြီးပြီဖြစ်၍ ယခုအခါရုပ်ကို ဆိုပေအံ့။

[အစသုံးပိုင်းသည် ဥဒ္ဒေသ၊နိဒ္ဒေသ၊ပဋိနိဒ္ဒေသ စွမ်းဖြင့်ဖြစ်၏။ စိတ်စေတသိက်တို့၏ အပြား(ပဘေဒ)ကိုပြသည်။ နောက်နှစ်ပိုင်းသည် ပဝတ္တိသင်္ဂဟ၊ ပဋိသန္ဓေ သင်္ဂဟဖြစ်၏။ စိတ်စေတသိက်တို့၏ဖြစ်ခြင်း (ပဝတ္တိ)ကိုပြသည်။]

သမုဒ္ဒေသ- ရုပ်တို့ကို အကျဉ်းပြခြင်း၊ ဝိဘာဂ-ရုပ်တို့ကို ဝေဘန်ခြင်း၊ သမုဋ္ဌာန-ရုပ်တို့၏ဖြစ်ကြောင်း၊ ကလာပ-ရုပ်တို့၏ အပေါင်းအစည်း၊ ပဝတ္တိက္ကမ-ရုပ်တို့၏ဖြစ်စဉ်၊ ဤသို့သင်္ဂဟငါးရ သိအပ်၏။

### ရုပ်အကျဉ်း

မဟာဘုတ်လေးပါး၊ မဟာဘုတ်ကို မှီ၍ဖြစ်သော ဥပါဒါရုပ် ၂၄-ပါး၊ဤသို့ နှစ်မျိုးနှစ်စား ရှိသောရုပ်သည် ၁၁-ပါးအပြားအား ဖြင့် ရေတွက်ခြင်းသို့ ရောက်၏။

ရောက်ပုံကား–ပထဝီဓာတ်၊အာပေါဓာတ်၊ တေဇော ဓာတ်၊ ဝါယောဓာတ်သည် ဘူတရုပ် (လေးပါး) မည်၏။

စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒသည် ပသာဒရုပ် (ငါးပါး)မည်၏။

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ရသာရုံ၊အာပေါဓာတ် ကြဉ်သောဘုတ် သုံးခုအပေါင်းဟု ဆိုအပ်သောဖောဋ္ဌဗ္ဗာရုံသည် ဂေါစရရုပ် (ခုနစ် ပါး)မည်၏။ (သုံးပါးထပ်သည်။)

ဣတ္ထိဘာဝရုပ်၊ ပုရိသဘာဝရုပ်သည် ဘာဝရုပ် (နှစ်ပါး)မည်၏။

ဟဒယဝတ္ထုသည် ဟဒယရုပ် (တပါး)မည်၏။
ဇီဝိတိန္ဒြေသည် ဇီဝိတရုပ် (တပါး)မည်၏။
ကဗဠီကာရ အာဟာရသည် အာဟာရရုပ်(တပါး)မည်၏။

ဤရုပ် ၁၀-ခုအပေါင်းသည် ကက္ခဠတ္တသဘော၊ ပဂ္ဃရဏ သဘော စသော မိမိတို့၏ သဘောအားဖြင့် ရအပ်သောကြောင့် သဘာဝရုပ်မည်၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ၊ ဥပါဒ်၊ ဌီ၊ ဘင် လက္ခဏာရှိသောကြောင့် သလက္ခဏရုပ်မည်၏၊ ကံ-စိတ်-ဥတု-အာဟာရ-ဟူသောအကြောင်းတို့သည် ပြီးစေအပ်သောကြောင့် နိပ္ဖန္နရုပ်မည်၏။ အချမ်းအပူစသည်တို့ဖြင့် ဖောက်ပြန်သောကြောင့် ရူပရုပ်မည်၏။ (ရုပ်အစစ်ဟူလို) အနိစ္စစသော လက္ခဏာရေး သုံးပါးဖြင့် သုံးသပ် ထိုက်သောကြောင့် သမ္မသနရုပ်မည်၏။

အာကာသ ဓာတ်သည် ပရိစ္ဆေဒရုပ်(တပါး)မည်၏။
ကာယဝိညတ်၊ ဝစီဝိညတ်သည် ဝိညတ်ရုပ် (နှစ်ပါး)မည်၏။

ရူပဿ-လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဝိညတ်ရုပ်နှစ်ခုသည် ဝိကာရရုပ် (ငါးပါး) မည်၏။ (ရုပ်နှစ်ပါးထပ်သည်။)

ရူပဿ-ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာသည် လက္ခဏာရုပ်(လေးပါး)မည်၏။ ဤလက္ခဏာရုပ်၌ ဥပစယ၊သန္တတိ-ဟူသော အမည်နှစ်ပါးဖြင့် ဇာတိရုပ်ကိုသာ၊ ဝါ-ရုပ်၏ ဥပါဒ်ကိုသာ ဆိုသည်။

ဤသို့လျှင် ရုပ်တို့သည် ဘူတရုပ်၊ ဥပါဒါရုပ် အားဖြင့်နှစ်ပါး၊ နိပ္ဖန္နရုပ်၊ အနိပ္ဖန္နရုပ်အားဖြင့် နှစ်ပါးဖြစ်၏။ ဓာတ်အားဖြင့် ဘူတရုပ်၊ ပသာဒရုပ်၊ ဝိသယရုပ်၊ ဘာဝရုပ်၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ဝိညတ်ရုပ်၊ ဝိကာရရုပ်၊ လက္ခဏာရုပ် ဟူ၍ ၁၁-ပါး ဖြစ်၏။(ဂေါစရရုပ်သည် ဝိသယရုပ်လည်းမည်၏။)

သရုပ်အားဖြင့်ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဟဒယ၊ ဇီဝိတ၊ အာဟာရ၊ ပရိစ္ဆေဒ၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊အနိစ္စတာ—ဟူ၍ ၂၈-ပါးဖြစ်၏။(ဤ၌ပိယရုပ်၊သာတရုပ် ကိုမဆို။ချစ်အပ်သာယာအပ်သော လောကီခန္ဓာငါးပါး အပေါင်း သည် ပိယရုပ်၊ သာတရုပ်မည်၏။ တဏှာ၏ အာရုံဖြစ်သော လောကီ စိတ် စေတသိက်၊ရုပ်အပေါင်းရ၏။)

ရုပ်အကျဉ်းပြီး၏။

---

## ရုပ်ဝေဘန်ခြင်း

ဤရုပ် ၂၈-ခုသည် အလောဘစသော သမ္ပယုတ်ဟိတ်မရှိ သောကြောင့် အဟေတုက—သာမည်၏၊ အကြောင်းတရားတို့နှင့် တကွဖြစ်သောကြောင့် သပစ္စယ—သာမည်၏၊ အာသဝတို့၏ အာရုံဖြစ်သောကြောင့် သာသဝ—သာမည်၏၊ အကြောင်းတရား တို့သည် ပေါင်း၍ပြုပြင်အပ်သောကြောင့် သင်္ခတ-သာမည်၏၊ ဥပါ ဒါနက္ခန္ဓလောက၌ အကျုံးဝင်သောကြောင့် လောကိယ- သာ မည်၏။ ။ကာမတဏှာ၏ကျက်စားရာ ဖြစ်သောကြောင့် ကာမာ ဝစရသာမည်၏၊ အာရုံကို အာရုံ မပြုတတ်သောကြောင့် အနာ ရမ္မဏသာမည်၏။ တဒင်္ဂစသော ပဟာန်သုံးပါးဖြင့် မပယ် အပ် သောကြောင့်အပ္ပဟာတဗ္ဗ-သာမည်၏။ (ကေကရှစ်။)

ဤသို့တဘို့တည်း ဧကဝိဓဖြစ်သော်လည်း အဇ္ဈတ္တိကရုပ်၊ ဗာဟိရရုပ်-စသည်အစွမ်းဖြင့် များစွာပြားသေး၏။

ပြားပုံကား—ပသာဒရုပ်သည် အဇ္ဈတ္တိကရုပ် (ငါးခု) မည်၏။ အကြွင်းသည် ဗာဟိရရုပ် ၂၃-ခုမည်၏။

ပသာဒ၊ ဟဒယသည့်ဝတ္ထုရုပ်(၆-ခု)၊အကြွင်းသည် အဝတ္ထု ရုပ်(၂၂)။

ပသာဒါဝိညာဉ်သည် ဒွါရရုပ်(၇-ခု)၊အကြွင်းသည် အဒွါရရုပ် (၂၁)။

ပသာဒ၊ ဘာဝ၊ဇီဝိတသည် ဣန္ဒြိယရုပ်(၈-ခု)၊အကြွင်းသည် အနိန္ဒြိယရုပ်(၂၀)။

ပသာဒ၊ ဝိသယသည် ဩဠာရိကရုပ် (၁၂-ခု) သန္တိကေရုပ် (၁၂-ခု)၊သပ္ပဋိဃရုပ်(၁၂–ခု)၊အကြွင်းသည် သုခုမရုပ်(၁၆–ခု)၊ ဒူရေရုပ် (၁၆-ခု) အပ္ပဋိဃရုပ် (၁၆-ခု)။

ကမ္မဇရုပ်သည် ဥပါဒိန္နရုပ်(၁၈-ခု) မည်၏။ (ကောန် ၉၊ အနေကန် ၉)၊ အကြွင်းတိဇရုပ်သည် အနုပါဒိန္န(ရုပ် ၁၉-ခု)၊မည်၏။ (ကောန် ၁၀၊အနေကန် ၉)နောင်သိလတ္တံ့။)

ရူပါရုံသည် သနိဒဿနရုပ် (တခု)မည်၏။ အကြွင်းသည် အနိဒဿနရုပ် (၂၇-ခုမည်၏။)

ပသာဒရုပ်သည် ဂေါစရဂ္ဂါဟိကရုပ်(၅–ခု)မည်၏။ အကြွင်းသည် အဂေါစရဂ္ဂါဟိကရုပ်(၂၃-ခု)မည်၏။ ဤ၌စက္ခု၊ သောတ နှစ်ပါးသည် ပသာဒသို့မရောက်မထိသော အာရုံကိုယူ၏။ ဃာန၊ ဇိဝှါ၊ ကာယသည် ပသာဒသို့ရောက်သောထိသော အာရုံကိုယူ၏။ (သွားတတ်သော အာရုံ၊ မသွားတတ်သော အာရုံဟုခွဲမကြံလေနှင့်)။

ဝဏ္ဏ၊ဂန္ဓ၊ရသ၊ ဩဇာ၊ ပထဝီ၊ အာပေါ၊တေဇော၊ဝါယောသည်(ခွဲ၍မရသောကြောင့်) အဝိနိဗ္ဘောဂ ၈ ရုပ် (၈ခု) မည်၏။ အကြွင်းသည် ဝိနိဗ္ဘောဂ ရုပ် (၂၀)မည်၏၊ (အာဟာရရုပ်ကို ဩဇာဟူ၍လည်းခေါ်သည်။)

ဤသို့လျှင် ရုပ်အဋ္ဌဝိသကို အဇ္ဈတ္တိကရုပ်၊ ဗာဟိရရုပ်စသော အပြားဖြင့်ထိုက်သည်အားလျော်စွာ ဝေဘန်ကုန်၏။

ရုပ်ဝေဘန်ခြင်းပြီး၏။

(ရူပဝိဘာဂ၌ အမည်တို့ကား- အဟေတုက၊ သပ္ပစ္စယ၊ သာသဝ၊သင်္ခတ၊ လောကိယ၊ ကာမာဝစရ။ အနာရမ္မဏ၊ အပ္ပဟာတဗ္ဗ-ကေကရှစ်။

အဇ္ဈတ္တိကဗာဟိရ၊ ဝဏ္ဏ၊ အဝဏ္ဏ။ ဒွါရ၊ အဒွါရ။ ဣန္ဒြိယ၊ အနိန္ဒြိယ၊ ဩဠာရိက၊ သုခုမ။ သန္တိက၊ ဒူရ၊ သပ္ပဋိဃ၊ အပ္ပဋိဃ၊ ဥပါဒိန္န၊ အနုပါဒိန္န၊ သနိဒဿန၊ အနိဒဿန။ ဂေါစရဂ္ဂါဟိက၊ အဂေါစရဂ္ဂါဟိက၊ ဝိနိဗ္ဘောဂ၊ အဝိနိဗ္ဘောဂ၊ ဒုကတဆဲ့တစ်။)

---

## ရုပ်ဖြစ်ကြောင်း

ကံ၊ စိတ်၊ ဥတု၊ အာဟာရ-ဤလေးပါးတို့သည် ရုပ်ကိုဖြစ်စေတတ်သောအကြောင်း ရုပ်တို့ မည်ကုန်၏။

ထိုလေးပါးတို့တွင် ကာမကုသိုလ်၊ အကုသိုလ်၊ ရူပကုသိုလ် အားဖြင့် ၂၅-ပါးသော စေတနာသည် ကံမည်၏။ ဤကံ ၂၅-ပါးသည် အဇ္ဈတ္တိကသန္တာန်၌ ကမ္မဇရုပ်ကိုဖြစ်စေ၏။ ပဋိသန္ဓေဥပါဒ်မှ စ၍စိတ်တို့၏ ဥပါဒ်တိုင်း ဌီတိုင်း ဘင်တိုင်းဖြစ်စေ၏။

အရူပဝိပါက်လေး၊ ဒွေပဉ္စ ဝိညာဏ်တဆယ် ကြဉ်သော ၇၅-ပါးသော စိတ်သည် စိတ်မည်၏။ ဤစိတ်၇၅-ပါးသည် အဇ္ဈတ္တိကသန္တာန်၌ စိတ္တဇရုပ်ကို ဖြစ်စေ၏။ ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်မှစ၍ ဥပါဒ်တိုင်းသာဖြစ်စေ၏၊ (စိတ်သည် ဥပါဒ်ခဏ၌သာ အနန္တရပစ္စည်းစသော ဇနကသတ္တိဖြင့် အားရှိ၏။ ဌီခဏ၊ ဘင်ခဏ၌အားမရှိ။ ရုပ်ကိုမဖြစ်စေနိုင်။)

ထိုစိတ်တို့တွင် အပ္ပနာဇော ဆဲ့ဂိုသသည်ဖြစ်မြဲတိုင်းသော ဣရိယာပုထ် လေးပါးကိုလည်း ခိုင်စေ၏။ စိတ္တဇ ရုပ်ကိုလည်းဖြစ်စေ၏။

ဝုဋ္ဌော၊ ကာမဇော၊ အဘိညာ အားဖြင့် ၃၂-ပါးသော စိတ်သည် ကာယဝိညတ်၊ ဝစီဝိညတ်ကိုလည်းဖြစ်စေ၏။ ဣရိယာပုထ်ကိုလည်းဖြစ်စေ၏၊ စိတ္တဇရုပ်ကိုလည်းဖြစ်စေ၏။ (မနောဓာတ်၊ တဒါရုံ၊ ရူပဝိပါက်အားဖြင့် ၁၉-ပါးသော စိတ်သည် ရုပ်ကိုသာ ဖြစ်စေ၏။)

ရုပ်၊ ဈာနိယာ၊ ဝိညာဉ်ဖြစ်စေ ၃၂။ ရုပ်၊ ဈာနိယာခိုင်စေ ၂၆။ ရုပ်ဖြစ်စေ ၁၉။ ရုပ်မဖြစ်စေ ၁၄။ပေါင်း ၉၁။

ထိုတွင် သောမနဿ ကာမဇော ၁၃-ခုသည် ရယ်ရွှင်ခြင်းကိုလည်းဖြစ်စေ၏။(ပုထုဇဉ်-ဂ။ သေက္ခ ၆။ဘုရားရဟန္တာ ၅။)

သီတ၊ ဥဏှ—ဟုဆိုအပ်သော တေဇောဓာတ်သည် ဥတုမည်၏။ ထိုဥတုသည်ရုပ်၏ ဌီသို့ရောက်မှသာ ဥတုဇရုပ်ကို အဇ္ဈတ္တ၌ ၎င်း၊ ဗဟိဒ္ဓ၌၎င်း ထိုက်သည်အားလျော်စွာဖြစ်စေ၏။ (ရုပ်သည် ဥပါဒ်၌အားမရှိ၊ ဌီသို့ရောက်မှ ပစ္ဆာဇာတပစ္စည်း ဥပထမ္ဘကသတ္တိဖြင့် အားရှိသည်၊ ရုပ်ကိုဖြစ်စေသည်၊ စိတ်၏ဥပါဒ်၊ ဌီ၊ ဘင်တိုင်း ရုပ်၏ဌီသို့ ရောက်၍ ရုပ်ကိုဖြစ်စေသည်။)

အစာ၌တည်သော အစေးသြဇာဆောင်ခြင်းသည် အာဟာရမည်၏၊ထိုအာဟာရသည်မျိုပြီး၍ ရုပ်၏ဌီသို့ရောက်မှသာ အားရှိ၍ အာဟာရဇရုပ်ကို အဇ္ဈတ္တ သန္တာန်၌ ဖြစ်စေ၏၊ (စိတ်၏ဥပါဒ်၊ ဌီဘင်တိုင်း ရုပ်၏ဌီသို့ ရောက်၍ ရုပ်ကိုဖြစ်စေသည်။)

ထိုရုပ်တို့တွင်ဟာဒယ၊ ဣန္ဒြိယတို့သည် ကံကြောင့်သာဖြစ်ကုန်၏၊ (ကမ္မဇဌကန် ၉)။ ဝိညတ်နှစ်ပါးသည် စိတ်ကြောင့်သာ ဖြစ်၏။ (စိတ္တဇဌကန် ၂)။

သဒ္ဒါရုံသည် စိတ်,ဥတုကြောင့်ဖြစ်၏။ (စိတ္တဇ၊ ဥတုဇ၊ အနေကန် ၁။)။ ။လဟုတာ ဒိတ္တယသည်စိတ်၊ ဥတု၊ အာဟာရကြောင့် ဖြစ်၏။ (စိတ္တဇ၊ ဥတုဇ၊ အာဟာရဇ-အနေကန် ၃။)

အဝိနိဗ္ဘောဂ၊ အာကာသတို့သည် လေးပါးသော အကြောင်းတို့ကြောင့်ဖြစ်ကုန်၏။ (စတုဇ-အနေကန် ၉။)။ ။လက္ခဏာရုပ်လေးခုသည် တစုံတခုသော အကြောင်းကြောင့်မဖြစ်၊ (နကုတောစ ၄။)

ဧကဇ ၁၁။ ဒွိဇ ၁၊ တိဇ ၃၊ စတုဇ ၉၊ နကုတောစ ၄၊ ပေါင်း ၂၈။

ကမ္မဇရုပ် ၁၈ (ကြွင်း ၉၊ အနေကန် ၉)၊ စိတ္တဇရုပ် ၁၅ (ကြွင်း ၂၊ အနေကန် ၁၃)။ ဥတုဇရုပ် ၁၃။ အာဟာရဇရုပ် ၁၂။

လက္ခဏာရုပ်လေးခုတို့သည် ဖြစ်ဆဲ, ရင့်ဆဲ, ပျက်ဆဲဖြစ်သော နိပ္ဖန္နရုပ် (ရုပ်စစ်) တို့၏ ဥပါဒ်, ဌီ, ဘင်ဖြစ်ကုန်၏။ ထိုကြောင့် လက္ခဏာရုပ်လေးခုတို့၏ ဖြစ်ကြောင်းကို သီးခြားမပြကုန်။

ရုပ်ဖြစ်ကြောင်းပြီး၏။

---

## ရုပ်ကလာပ်

ဥပါဒ်အတူဖြစ်၊ ဘင်အတူချုပ်၊ မှီရာမဟာဘုတ်ကို အတူမှီ လျက်၊ အစအဆုံး တပေါင်းတည်းဖြစ်သော ရုပ်အပေါင်းအစည်း သည် ရုပ်ကလာပ်မည်၏။ ၂၁-စည်းရှိ၏။

ဇီဝိတ၊ အဝိနိဗ္ဘောဂတို့သည် စက္ခုပသာဒနှင့်တကွ စက္ခုဒ သက ကလာပ်တစည်းမည်၏။ ထိုအတူ သောတစသည်တို့နှင့် တကွ သောတဒသကတစည်း။ ဃာနဒသကတစည်း၊ ဇိဝှါဒသက တစည်း၊ ကာယဒသကတစည်း။ ဣတ္ထိဘာဝဒသကတစည်း၊ ပုမ္ဘာ ဝဒသကတစည်း၊ ဝတ္ထုဒသကတစည်း။ ။အဝိနိဗ္ဘောဂ ရုပ် သည်သာလျှင် ဇီဝိတနှင့်တကွ ဇီဝိတနဝက ကလာပ်တစည်း-ဤ ကားကမ္မဇ ကလာပ်ကိုးစည်းတည်း။

စိတ္တဇကလာပ်ကား- အဝိနိဗ္ဘောဂ ရုပ်သည်သုဒ္ဓဋ္ဌက ကလာပ် တစည်းမည်၏။ ၎င်းသည်ပင် ကာယဝိညတ်နှင့် ကာယဝိညတ္တိနဝ ကတစည်း။ ဝစီဝိညတ်သဒ္ဒနှင့် ဝစီဝိညတ္တိဒသက တစည်း။ လဟု တာဒိတ္တယနှင့် လဟုတာဒေကာဒသက တစည်း။ ကာယဝိညတ္တိ လဟုတာဒိဒွါဒသက တစည်း၊ ဝစီဝိညတ္တိသဒ္ဒ လဟုတာဒိ-တေရ သကတစည်း။ ဤကား စိတ္တဇကလာပ် ခြောက်စည်းတည်း။

သုဒ္ဓဋ္ဌကတစည်း၊ သဒ္ဒနဝကတစည်း၊ လဟုတာဒေကာ ဒသ ကတစည်း။ သဒ္ဒလဟုတာဒိ ဒွါဒသကတစည်း။ ဤကာ ဥတုဇက လာပ်လေးစည်းတည်း။

သုဒ္ဓဋ္ဌကတစည်း၊ လဟုတာဒေကာ ဒသကတစည်း၊ ဤကား အာဟာရဇကလာပ်နှစ်စည်းတည်း။

ထိုရုပ်ကလာပ်တို့တွင် သုဒ္ဓဋ္ဌက၊ သဒ္ဒနဝက-အားဖြင့် ဥတုဇနှစ်စည်းတို့သည် ဗဟိဒ္ဓ၌လည်း ဖြစ်ကုန်၏။ အဇ္ဈတ္တ၌လည်း ဖြစ်ကုန်၏။ (သက်မဲ့၊သက်ရှိ-၂-စည်း)၊အကြွင်းတို့သည် အဇ္ဈတ္တ၌သာဖြစ်ကုန်၏။ ဗဟိဒ္ဓ၌မဖြစ်ကုန်၊ (သက်ရှိ၊ သက်သက် ၁၉-စည်း။)

ကမ္မဇ-၉ စည်း။စိတ္တဇ၆-စည်း၊ဥတုဇ၄-စည်း၊အာဟာရဇ ၂-စည်း၊ ပေါင်း ၂၁။

အာကာသဓာတ်၊ လက္ခဏာရုပ်တို့သည် ကလာပ်တို့၏ ပိုင်းခြားကြောင်း မှတ်သားကြောင်းဖြစ်ကုန်၏၊ ထို့ကြောင့် ဤရုပ်ငါးခု ကလာပ်အင်္ဂါမဖြစ်။ အာကာသသည် ရုပ်ကလာပ်တို့၏ ကလာပ်ချင်း မရောအောင် ပိုင်းခြား၏။ လက္ခဏာရုပ် လေးခုသည် ရုပ်ကလာပ်တို့၏ ဥပါဒ်, ဋ္ဌီ,ဘင် လက္ခဏာ ဖြစ်၏။

ရုပ်ကလာပ်ဖွဲ့စည်းခြင်းပြီး၏။

## ရုပ်ဖြစ်စဉ်

ကာမဘုံ၌ပဝတ္တိအခါ ရုပ် ၂၈-ခုလုံးထိုက်သည် အလျောက် အပြည့်အစုံရကုန်၏။ (ရုပ် ၂၈-ကလာပ် ၂၁။)

ပဋိသန္ဓေအခါ သံသေဒဇ၊ ဥပပါတ်တို့အား စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ကာယ၊ဘာဝ၊ဝတ္ထုအားဖြင့် ဒသက ၇-စည်းတို့သည် အလွန်ဆုံးအားဖြင့် ဖြစ်ကုန်၏။ အယုတ် အားဖြင့်ကား စက္ခု၊ သောတ၊ ဃာန၊ ဘာဝ၊ဤဒသက လေးစည်းသည် ရံခါမရ၊ ထို့ကြောင့် တစည်း၊နှစ်စည်း၊ သုံးစည်း၊ လေးစည်းချို့လျော့၍ ၆-စည်း၊ ၅-စည်း၊ ၄-စည်း၊ ၃-စည်း၊ ဖြစ်ကုန်၏။ (ရုပ် ၁၆၊ကလာပ် ၇။ ဝါ-ဘာဝနှစ်ခုဖြစ်၍ ရုပ် ၁၇၊ကလာပ်၈-ဖြစ်၏။ဇီဝိတနဝကကား အာဟာရ နှံ့သောအခါမှ ပါစက တေဇောနှင့်အတူဖြစ်သည်။)

ဂန္ဓသေယျကတို့အားကာယ,ဘာဝ, ဝတ္ထုအားဖြင့် ဒသက သုံးစည်း ထင်ရှားဖြစ်ကုန်၏။ ထိုတွင် ဘာဝ ဒသက ရခါမရ၊ ထို နောင် ပဝတ္တိအခါစက္ခု, သောတ, ဃာန, ဇိဝှါ, ဤဒသက လေး စည်းတို့လည်း အစဉ်အားဖြင့် ဖြစ်ကုန်၏။ ဝါ၊ ကံအားဖြင့် ဖြစ် ကုန်၏။

ဤသို့လျှင် ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ကိုအစပြု၍ ဥပါဒ်,ဌီ,ဘင်တိုင်းဖြစ်ကုန်၏။ ။စိတ္တဇရုပ်တို့သည် ပဋိသန္ဓေ နောင် ပဌမဘဝင်၏ ဥပါဒ်ကိုအစပြု၍ ဥပါဒ်တိုင်းဖြစ်ကုန်၏။ ။ ဥတုဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဌီကာလကို အစပြု၍ (စိတ်၏ ဥပါဒ်,ဌီ,ဘင်တိုင်းဖြစ်ကုန်၏။ ။အာဟာရ ဇရုပ်တို့သည် မျိုပြီး၍ ဩဇာနှံ့သော ကာလကို။ ဝါ၊ ဩဇာရုပ်၏ ဌီကာလကို အစပြု၍ စိတ်၏ ဥပါဒ်,ဌီ,ဘင်တိုင်း ဖြစ်ကုန်၏။)

ဤစတုသန္တတိ ရုပ်ကလာပ်အစဉ်သည် ကာမဘုံ၌ ဆီမီးလျှံ ကဲ့သို့ရင်း,မြစ်ရေအယဉ်ကဲ့သို့ရင်း, အသက်ရှည်သမျှမပြတ်ဖြစ်၏။

သေခါနီးအခါ၌ကား စုတိစိတ်မှ အထက် ၁၇-ချက်မြောက် သောစိတ်၏ ဌီကာလကို အစပြု၍ ကမ္မဇရုပ်အသစ် -နောက်ထပ် မဖြစ်။ ဌီရှေ့ ဥပါဒ် တိုင်အောင် ဖြစ်ခဲ့သော ကမ္မဇ ရုပ်တို့သည် လည်း စုတိစိတ်နှင့် အညီအမျှသာ တည်၍ ချုပ်ကုန်၏၊ (အစဉ် အတိုင်း အသီးသီးချုပ်၏။ စုတိ, ဘင်နှင့် ပြိုင်၍ ချုပ်ကုန်သည် ဟူလို။ ကမ္မဇရုပ်ရှိစဉ် မသေကောင်းသောကြောင့်တည်း။)

ထိုနောင်စိတ္တဇ ရုပ်လည်းပြတ်၏။ အာဟာရဇ ရုပ်လည်းပြတ် ၏။ ဥတုဇရုပ်ကလာပ် အဆက်ဆက်တို့သာ အသေကောင်၊ အ ပုပ်ကောင်၊ အရိုးစု စသည်တိုင်အောင် ဖြစ်ကုန်၏။ •

ဤသို့လျှင် သေပြီးသောသူတို့အား တဖန်ဘဝသစ်၌ ပဋိသန္ဓေ ဥပါဒ်ကိုအစပြု၍ စတုသန္တတိရုပ် အစဉ်သည် ထိုအတူဖြစ်ပြန်၏။

ရူပ ၁၅-ဘုံ၌ ဃာန၊ ဇိဝှါ၊ ကာယ၊ ဘာဝ-ဤဒသက ၅-စည်းမရ။ အာဟာရဇ ကလာပ်လည်းမရ။ (ဘာဝသည် ပုဂ္ဂိုလ်၌တစည်း။ ဘုံ၌နှစ်စည်း။) ထိုကြောင့် ရူပဗြဟ္မာ တို့အား ပဋိသန္ဓေ အခါ စက္ခုဒသက၊ သောတဒသက၊ ဝတ္ထုဒသက၊ ဇီဝိတနဝကအားဖြင့် ကမ္မဇကလာပ် ၄-စည်းရ၏။ ပဝတ္တိအခါ စိတ္တဇကလာပ်၊ ဥတုဇ ကလာပ်လည်းရ၏။ (ရုပ် ၂၃၊ ကလာပ် ၁၄။)

အသညသတ် ပုဂ္ဂိုလ်တို့အား စက္ခု၊ သောတ၊ ဝတ္ထု၊ သဒ္ဒ-လည်းမရ။ စိတ္တဇလည်းမရ၊ ထိုကြောင့် ပဋိသန္ဓေအခါ ဇီဝိတနဝက ကလာပ်ကိုသာရသည်။ ပဝတ္တိအခါလည်း သဒ္ဒကြဉ်သော ဥတုဇရုပ်မျှသာဖြစ်သည်။ (ရုပ် ၁၇၊ ကလာပ် ၃၊)

ဤသို့လျှင် ကာမ၊ ရူပ၊ အသညသတ် သုံးဌာန၌ ပဋိသန္ဓေ၊ ပဝတ္တိအားဖြင့် ရုပ်ဖြစ်ပုံ နှစ်မျိုးကို သိအပ်၏။

ရုပ်တို့သည်ကာမ၌ ၂၈၊ရူပ၌ ၂၃၊ အသညသတ်၌ ၁၇။အရူပ၌ မရှိ။

သဒ္ဒ၊ ငါးခုသော ဝိကာရ၊ ဇရတာ၊ အနိစ္စတာ-ဤရုပ်ရှစ်ခု-ပဋိသန္ဓေအခါမရ။ ပဝတ္တိအခါ၌ကား မရသောရုပ်မရှိ။

ရုပ်ဖြစ်စဉ်ပြီး၏။

## နိဗ္ဗာန်

နိဗ္ဗာန်သည်လောကမှ လွတ်မြောက် သောကြောင့် လောကုတ္တရာမည်၏။ မဂ်ဉာဏ်လေးပါးဖြင့် မျက်မှောက်ပြုအပ်၏။ မဂ်ဖိုလ်တို့၏ အာရုံဖြစ်၏။ ဝါနမှ ထွက်လာသောကြောင့် နိဗ္ဗာန်မည်၏။ ဝါနဟူသည် တဏှာဝန် အမည်တည်း။

ထိုနိဗ္ဗာန်သည် သဘာဝအားဖြင့် တပါးတည်းဖြစ်သော်လည်း သဉပါဒိသေသ နိဗ္ဗာနဓာတ်၊ အနုပါဒိသေသ နိဗ္ဗာနဓာတ်ဟု သိစေကြောင်း အမြွက်အားဖြင့် နှစ်ပါးပြား၏။(မိမိ၏ သန္တိလက္ခဏာ

သည်သဘာဝမည်၏။ (လေဆိတ်ရာ၌ မီးပမာပြိမ်သက်၏၊ ခန္ဓာရှိ သူတို့၏ အာရုံပြုခံရသောကြောင့် သဉပါဒိ မည်သော်လည်း-ခန္ဓာ မရှိခြင်းကြောင့် အနုပါဒိလည်း မည်၏ဟူလို။)

တနည်း၊ သုညတ၊ အနိမိတ္တ အပ္ပဏိဟိတ—ဟုအခြင်းအရာ အ ပြားအားဖြင့် သုံးပါးပြား၏။ (ဆိတ်ခြင်း၊ အကြောင်း မရှိခြင်း၊ တ ဏှာတောင့်တ မရှိခြင်းသည် အခြင်းအရာအပြား ဟူလို။)

အကြွင်းသဘောတရားသည် ရွေ့လျောခြင်းမရှိ။ စုတိဟူသော ဆုံးခြင်းကိုလွန်၏။ အကြောင်းတရားတို့ မပြုပြင်နိုင်၊ မိမိထက်လွန် မြတ်သော တရားမရှိ။

ထိုသို့သော သဘောတရားသည် နိဗ္ဗာန်မည်၏။ ဤသို့လျှင် ဝါနမှ လွတ်လာကုန်သော ဘုရားရှင်တို့သည် ဟောကြားတော် မူကုန်၏။

ဤသို့ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူ၍ ပရမတ္ထ တရားကို လေးပါးပြား၍ ဟောကုန်၏။

---

## ရုပ်သက်မှတ်ဘွယ်

နိပ္ဖန္နရုပ် ၁၈-ခုသည် ရုပ်စစ်ဖြစ်၏။ စိတ္တက္ခဏ ၁၇-ချက်၊ ခဏငယ် ၅၁-ချက်-၊ အသက်ရှိ၏။ (ဥပါဒ် ၁၊ ဌီ ၄၉၊ ဘင် ၁။)

အာကာသသည် ရုပ်စစ်ကလာပ်တို့၏ အကြားဖြစ်၏။ ရုပ်စစ် သို့ လိုက်၍ ၁၇-ချက်-၊ ၅၁-ချက်အသက်ရှိ၏။

ဝိညတ်နှစ်သည် စိတ်သို့လိုက်၍ဖြစ်၏၊ ခဏငယ်-၃-ချက် အ သက်ရှိ၏(ဥပါဒ် ၁၊ ဌီ ၁၊ ဘင် ၁။)

လဟုတာ ဒိတ္တယသည် ရုပ်စစ်တို့၏ အမူအရာဖြစ်၏၊ ရုပ်စစ် သို့လိုက်၍ ၁၇-ချက်၊ ၅၁-ချက်အသက်ရှိ၏။

ဥပစယသည်၊ သန္တတိသည်၊ ဝါ-ဇာတိသည် ရုပ်စစ် တို့၏ ဥပါဒ်ဖြစ်၏။ ခဏငယ်တချက် အသက်ရှိ၏။

ဇရတာသည် ရုပ်စစ်တို့၏ ဌီဖြစ်၏၊ ခဏငယ် ၄၉-ချက် အ သက်ရှိ၏။

အနိဋ္ဌတာသည် ရုပ်စစ်တို့၏ ဘင်ဖြစ်၏။ ခဏာငယ် တချက်အသက်ရှိ၏။

ပထဝီ၊ တေဇော၊ ဝါယောသည် ဘူတ ရုပ်လည်း မည်၏၊ ဖေါဋ္ဌဗ္ဗာရုံ ဂေါစရ ရုပ်လည်းမည်၏။ ။ဝိညတ်ဒွေသည် ဝိညတ် ရုပ်လည်းမည်၏၊ ဝိကာရ ရုပ်လည်းမည်၏။

ကာယပသာဒ၊ ဇီဝိတ၊ ဘာဝဒွယ၊ အဝိနိဗ္ဘောဂ—ဤရုပ် ၁၂-ခုသည် ကိုယ်လုံးနှံ့တည်၏။ သည်းခြေ၊ သုက်၊ သွေး—ဤကောဋ္ဌာသ ၃-ခုသည် ကိုယ်လုံးနှံ့တည်၏။

## မထိ ့ထိ၊ ထိ ့ထိ

ရုပ် ၁၂-ခုသည် အာရုံ၊အာရမ္မဏကိုက အဖြစ်ဖြင့် ရုန့်ရင်းခြင်း, ထင်ရှားခြင်းကြောင့် ဩဠာရိက ရုပ်မည်၏၊ သိလွယ်ခြင်း၊ အနီးနှင့်တူခြင်းကြောင့် သန္တိကေရုပ်မည်၏။အချင်းချင်းရှေးရှုကျခြင်း၊ ပေါင်းဆုံကျခြင်း၊ ထိခိုက်သောသဘောရှိခြင်းကြောင့် သပ္ပဋိဃ ရုပ်မည်၏။ အားကြီးသူနှစ်ယောက်ထိခိုက်လျှင် အဝေးၶရှိသော အားနည်းသောသူ ကျန်လှုပ်သကဲ့သို့ အာရုံ၊ ပသာဒထိခိုက်လျှင် ဟဒယသန္ဓိရှိသော အားနည်းသော ဘဝင်စိတ် တုန်လှုပ်၏။

ထိခိုက်ပုံကား—ဖေါဋ္ဌဗ္ဗ ၃-ခုသည် ကိုယ်တိုင် ရောက်၍ထိသည်။ ဃာန၊ ဇိဝှါ၊ ကာယ၊ ဂန္ဓ၊ ရသ-၅-ခုသည် မှီရာ မဟာဘုတ်မှတ်ဖြင့် ရောက်၍ထိသည်၊ စက္ခု၊ သောတ၊ ရူပ၊ သဒ္ဒ ၄-ခုသည်မရောက်မူ၍ ထိသည်။ ။ကိုယ်တိုင်သွား ၃။ မှီသွား ၅။ မသွား ၄၊ ပေါင်း ၁၂။ ။မထိဘဲထိ ၄။ ထိမှထိ ၈။ ပေါင်း ၁၂။

## ဇီဝိတ သင်္ဂဟ

ရုပ်ချက်ခုသည် အချင်းချင်း မခွဲ၊ တခြားစီမဖြစ်၊ ထိုကြောင့် အဝိနိဗ္ဘောဂ ရုပ်မည်၏။ဤစကားဖြင့်“ရူပဘုံ၌ ဂန္ဓ၊ ရသ၊ ဩဇာမရှိ”ဟူသော ဝါဒကိုပယ်သည်။

ထိုဝါဒအလိုကား ရှိသော်လည်း ထိုဂန္ဓ, ရသသည် ဃာန, ဇိဝှါတို့၏ အာရုံမဖြစ်။ အာယတန ကိစ္စမပြု။ ဓမ္မာယတနမျှ ဖြစ်သည်။ ဩဇာလည်း ဩဇာဋ္ဌမကရုပ်ကို ဖြစ်အောင် ဆောင်ခြင်း ကိစ္စမပြု။(ဝါ၊ အာဟာရဇ ရုပ်ကို မဖြစ်စေနိုင်။) ထိုသို့ အလုပ်မလုပ်ခြင်းကြောင့် မရှိဟုဆိုလိုသည်။ အသညသတ်၌လည်း ဇီဝိတဆဋ္ဌ-သာဟုဆိုလိုသည်ဟူ၏။

## ရုပ်ဖြစ်စဉ်၌ မှတ်သားဘွယ်

ကြာတိုက်၊ ကိုယ်ဝန်ညစ်ကြေး စသည်တို့၌ ဖြစ်သော သူသည် သံသေဒဇ ပုဂ္ဂိုလ် မည်၏။ ကိုယ် ထင်ရှား ဖြစ်သော သူသည် ဥပပါတ်ပုဂ္ဂိုလ်မည်၏။အမိဝမ်း၌ ကိန်းသောသူသည် ဂဗ္ဘသေယျက ပုဂ္ဂိုလ်မည်၏။ ၎င်းသည်လည်း အဥ၌ကိန်းလျှင် အဏ္ဍဇ၊အချင်းသူငယ်အိမ်၌ ကိန်းလျှင် ဇလာဗုဇ—ဟု နှစ်မျိုးပြား၏။

သုဂတိ ဒုဂ္ဂတိ-သံသေဒဇအား စက္ခု, သောတ, ဃာန, ဘာဝဒသက-ဤရုပ်ငါးခု ချို့ကောင်းသည်။ ။ဒုဂ္ဂတိ-ဥပပါတ်အား-စက္ခု၊ သောတ၊ ဘာဝ-၄-ခု ချို့ကောင်းသည်။ ဃာနမချို့ကောင်း။ ။ သုဂတိ-ဥပပါတ်အား-အာနုဘော်ကြီးသောကံကြောင့် ဖြစ်သည်။ ထိုကြောင့် ဣန္ဒြိယရုပ်ရှစ်ခုမချို့။ကမ္ဘာဦးသားတို့အားကား ဘာဝ နှစ်ခုချို့သည်သာတည်း။

ဂဗ္ဘသေယျကတို့အား စက္ခု၊သောတ၊ဃာန—ဤသုံးခုဖြစ်ချိန် မဖြစ်လျှင်ပဋိသန္ဓေကပင် ချို့သည်မည်၏။ ။နပုံ့အား ပဋိသန္ဓေကပင် ဘာဝနှစ်ခုချို့၏။ ကာမဘုံ၌ ဇိဝှါ, ကာယ, ဝတ္ထု, ဇီဝိတ-ဤလေးခု ချို့သူမရှိ။

ဒေဝ၊ မနုဿ၊ တိရစ္ဆာန်၊ပေတ၊နိရယ-ဟု ဂတိငါးခုရှိ၏၊ ထိုတွင် ဘုမ္မစိုး၊ချွင်းချန်၍ကြွင်းကျန်သော နတ်၊ ပြိတ္တာ၊နိဇ္ဈာမတဏှိက ပြိတ္တာ၊ ငရဲသားတို့အား ဥပပါတ်ယောနိ တခုသာရသည်။ (သုဂတိ-တယောနိ၊) ကြွင်းသော ပြိတ္တာ၊တိရစ္ဆာန်၊ လူ၊ ဘုမ္မစိုး

တို့အား အဏ္ဍဇ၊ ဇလာဗုဇ၊ သံသေဒဇ၊ ဥပပါတ်-ယောနိ လေးခု လုံး ရသည်။ (လေးဂတိ-လေးယောနိ၊)

တနည်း၊ ဒေဝဂတိ၌ ဘုမ္မဇိုဝ်း ၄-ယောနိ၊ ကြွင်းဒေဝ ၁-ယောနိ။ မနုဿ ၄။ တိရစ္ဆာန ၄၊ ပေတ္တိနိဇ္ဈာမ ၁။ ကြွင်းပေတ ၄။ နိရယ ၁။

ဂဗ္ဘသေယျကတို့အား ပဋိသန္ဓေအခါ—ကာယ၊ ဘာဝ၊ ဟဒယ-အားဖြင့် ဒသကကလာပ်သုံးစည်း—ရုပ်သုံးဆယ်သည် ကလလရေကြည်မည်၏။နပုံးတို့အား ကလာပ် နှစ်စည်း—ရုပ် နှစ်ဆယ်သည် ကလလရေကြည်မည်၏။လွန်စွာနူးညံ့သော သိုးမွေးမျှင်တခု၌ကပ်ငြိသော ဆီပေါက်ပမာဏရှိ၏။ထောပတ်ဆီ အဆင်းကြည်လင်၏။

ကလလံ-ရေကြည်၊အဗ္ဗုဒံ-အမြှုပ်၊ပေသိ-သွေးတုံးသားတစ်၊ဃနော-တခဲနက်။ပသာခါ-ခက်မငါးဖြာတို့…၊ဤငါးခုသည် ခုနစ်ရက်စီဖြစ်၏-ခုနစ်ရက်ငါးလီရှိပြီ၊ (ဦးခေါင်း၊ ခြေ၊ လက်-အဖုအထက်ငါးခုပါသော)ခက်မငါးဖြာ၏ ရင့်ခြင်းကား ခုနစ်ရက်နှစ်လီ၊ ဤသို့ခုနစ်ရက် ခုနစ်လီရှိသောအခါ စက္ခုဖြစ်၏။ ရှစ်လီရှိသောအခါသောတ၊ ကိုးလီ-ဃာန။ ဆယ်လီ-ဇိဝှါဖြစ်၏။ ခုနစ်ရက် ၁၁-လီတွင် အာယတန ၆-ပါးစုံလင်၏၊ ဤကားဋီကာကျော် အလိုတည်း။ မူလဋီကာအလိုကား ၁၁-လီတွင် စက္ခု, သောတ,ဃာန, ဇိဝှါ-လေးခုလုံးတံစွမ်းဖြင့် ဖြစ်ပေါ်လာကုန်၏ဟုဆို၏။ (ကာယနှင့် မန-ပဋိသန္ဓေကပင်ဖြစ်ခဲ့ပြီ။)

ထိုနောက် ၄၂-ခုမြောက်သတ္တာဟ၌ ဆံပင်၊ မွေးညှင်း၊ ခြေသည်း-လက်သည်း—စသည်တို့သည် ပြည့်စုံစွာ ဖြစ်လာကုန်၏။ ၂၈၄-ရက်၊ ပါ-ကိုးလကျော် ဆယ်လတွင် သူငယ်ကိုဖွားမြင်၏၊ ဝမ်း၌နေစဉ် အမိစားသောအစာဖြင့် သူငယ်မှီတ၏။ အမိအစေးလျှင် သူငယ်နိုက်နိုက်တုန်ချမ်း၏၊ ပူစပ်စားလျှင် ငရဲခံရသကဲ့သို့ ပူစပ်၏။ ချွတ်ချော်တိမ်းပါးဖြစ်လျှင် ယစ်ထုပ်လက်ဝယ် ဆိုတ်

သူငယ်၊ အလမ္ပါယ်မြွေငယ်ကဲ့သို့ မချိမဆံ့ပင်ပန်း၏။ (နိသဒရကာထွနည်းဖြင့် စာသင်သူတို့ သင်္ဂြိုဟ်ဆုန္ဒွှကြောက်ခြင်း၊ ငြီးငွေ့ခြင်းဖြစ်ရာ၏။)

---

## ရုပ်ကလာပ်ဖြစ်စဉ်

ကမ္မဇကလာပ်သည် ပဋိသန္ဓေဥပါဒ်မှစ၍ စိတ်၏ဥပါဒ်, ဌီ, ဘင်ကာလတိုင်းဖြစ်၏။ နိရောဓအခါ စိတ်မရှိသော်လည်း စိတ်၏ဥပါဒ်, ဌီ, ဘင်ကဲ့သို့သော ကာလတိုင်းဖြစ်၏။ ။ပဋိသန္ဓေနှင့်အတူဥပါဒ်သောကမ္မဇကလာပ်၌ ပါဝင်သော တေဇောသည် ပဋိသန္ဓေဌီအခါမိမိလည်း ဌီသို့ရောက်သည်ဖြစ်၍ အဋ္ဌကလာပ်ရုပ်ကိုဖြစ်စေ၏။ ဤရုပ်သည်ပဌမဥတုဇတည်း။ ထိုမှတေဇောသည်လည်း ပဋိသန္ဓေဘင်၌ မိမိဌီရောက်၍ ကလာပ်တခုကိုဖြစ်စေပြန်၏။ ဤကားဒုတိယဥတုဇတည်း။ ထိုမှတေဇောသည်လည်း ပဌမဘဝင်ဥပါဒ်၌ မိမိ ဌီရောက်၍ ကလာပ်တခုကို ဖြစ်စေပြန်၏။ ဤကားတတိယဥတုဇတည်း။ ဤနည်းဖြင့်ကမ္မဇအရင်းခံ ဥတုဇကလာပ်လေးငါးဆက်ဖြစ်စေ၏။

စိတ္တဇကလာပ်သည် ပဋိသန္ဓေနောင် ပဌမဘဝင်မှစ၍ စိတ်ဥပါဒ်တိုင်းဖြစ်၏။ ဒွေပဉ္စဝိညာဏ် ဥပါဒ်၌ကားမဖြစ်။ ။ဤပဌမဘဝင်ဥပါဒ်စိတ္တဇ ကလာပ်၌ ပါဝင်သော တေဇောသည် ပဌမဘဝင်ဌီ၌ မိမိဌီရောက်၍ ဥတုဇကလာပ်တခုကို ဖြစ်စေ၏။ ထိုမှတေဇောသည်လည်း ပဌမဘဝင်ဘင်၌ မိမိဌီရောက်၍ ကလာပ်တခုကိုဖြစ်စေ၏၊ ထိုမှတေဇောသည်လည်း ဒုတိယဘဝင်ဥပါဒ်၌ မိမိဌီရောက်၍ ကလာပ်တခုကို ဖြစ်စေ၏။ ဤနည်းဖြင့် စိတ္တဇအရင်းခံ ဥတုဇကလာပ် နှစ်ဆက် သုံးဆက် ဖြစ်စေ၏။

ဥတုဇကလာပ်သည် ဗဟိဒ္ဓအဇ္ဈတ္တနှင့် တွေ့သောအခါ ဖြစ်၏။ ထိုဥတုဇကလာပ် တေဇောသည် မိမိဌီ ရောက်သောအခါ ဥတုဇကလာပ် တခုကိုဖြစ်စေ၏။ ထိုမှတေဇောသည် နောက်ကလာပ်တခုကို ဖြစ်စေ၏၊ ဤနည်းဖြင့် ဥတုဇအရင်းခံ ဥတုဇက

လာပ် အဏ္ဏတ္တိကန္တသုံးဆက်၊ ဗဟိဒ္ဓန္တမရေတွက်နိုင်အောင် အဆက်ဆက် ဖြစ်စေ၏။

အာဟာရဇကလာပ်သည် ဂဗ္ဘသေယျက တို့အားသတ္တာဟတခုနှစ်ရက်လွန်၍ သြဇာပြန့်သည်မှ စ၍ဖြစ်၏၊ သံသေဒဇ၊ ဥပပါတ်တို့အား အယုတ်ဆုံး မိမိတံတွေးကိုမျိုသည် မှစ၍ဖြစ်၏။ထိုအခါမှစ၍ ပါစကတေဇောနှင့် ဩဇတနဝက ကလာပ်ဖြစ်လာသည်။ ။ ထိုအာဟာရဇကလာပ် တေဇောသည် မိမိဌီသို့ ရောက်သောအခါ ဥတုဇကလာပ်တခုကိုဖြစ်စေ၏။ထိုကလာပ် တေဇောသည်လည်း ဌီသို့ ရောက်သောအခါ ကလာပ်တခုကိုဖြစ်စေ၏။ ဤနည်းဖြင့် အာဟာရဇ အရင်းခံ ဥတုဇကလာပ်အဆက်ဆက်၊ ဆဲ့နှစ်ဆက်ကို ဖြစ်စေ၏။

ဤသို့လျှင် ပဋိသန္ဓေဥပါဒ်မှစသော ရုပ်ကလာပ်တို့သည် သစ်ပင် အခွ, အလက်,ကိုင်းခက်သဘော ပြန့်ပြောကုန်၏။ စုတိတိုင်အောင်မီးလျှံ၊ ရေအယဉ့်တို့ကဲ့သို့ မပြတ်ဖြစ်ကုန်၏။

တေဇောရုပ်၊ သြဇာရုပ်တို့သည် ဌီရောက်မှ ရုပ်ကိုဖြစ်စေ ရာ၌ရုပ်ဌီသည် ၄၉-ချက်ကြာသော်လည်း ၄၉-ကြိမ်ရုပ်ကို ဖြစ်စေသည်မဟုတ်၊ ဌီသို့ရောက်စ၌ ကလာပ်တစည်းကို တကြိမ်သာလျှင် ဖြစ်စေ၏။

## ရုပ်ကလာပ်ချုပ်စဉ်

မရဏ အခါ-အာယု-ဇီဝိတိန္ဒြေ၊ ဥသ္မာ-ကမ္မဇတေဇော၊ဝိညာ [illegible]က်၊ ဤသုံး ချုပ်၍ သေ၏။ ထိုကြောင့်ကမ္မဇ ရုပ်ကလာပ်သည် [illegible]၍ အကြွင်းမဲ့ချုပ်၏။ ဤသို့ချုပ်နိုင်အောင် [illegible]ဖြော[illegible]တ်၏ ဥပါဒ်မှစ၍ နောက်ဆုံးကမ္မဇရုပ် ဖြစ်ပြီးလျှင် [illegible]မှစ၍ အလာတ်မဖြစ်။

[illegible]ဇရုပ်ကား စုတိဥပါဒ်သည်ပင် ရုပ်ကိုဖြစ်စေသောကြောင့် စုတိနောင် ၁၆-ချက်ခန့်တိုင်အောင် တည်သေး၏။ ထိုနောင်အကြွင်းမဲ့ချုပ်၏။

အာဟာရဇရုပ်လည်း ဝိညာဏ် အထောက်အပံ့ရ၍ ရတိဘင်ပိုင်အောင် ရုပ်ကိုဖြစ်စေသောကြောင့် ရတိနောင် ၁၇-ချက်ခန့် တိုင်အောင် တည်သေး၏၊ ထိုနောင်အကြွင်းမဲ့ချုပ်၏၊

ဥတုဇရုပ်ကား ကမ္ဘာပျက်သည် တိုင်အောင် အဆက်ဆက်ဖြစ်၍တည်၏။

ရတိနောင် ပဋိသန္ဓေဖြစ်ပြန်သည်မှ စ၍လည်း စတုဇရုပ်ကလာပ်တို့သည် ထပ်တလဲလဲပြန်၍ နိဗ္ဗာန်မရမချင်း ဖြစ်ကုန်-ပျက်ကုန်၏။

ရူပဘုံ၌ ဃာန၊ ဇိဝှါ၊ ကာယတို့ကို ကုသိုလ်ဖြစ်ကြောင်းမဟုတ်ဟု ဘာဝနာစွမ်းဖြင့်ပယ်သည်။ ဘာဝရုပ်ကို ကာမတဏှာအား ပေးသည်ဟု ဘာဝနာစွမ်းဖြင့် ပယ်သည်။ အာဟာရဇရုပ်ကို အစာမစားခြင်းဖြင့် ပယ်သည်။ အဇ္ဈတ္တိက အာဟာရရုပ်ကားရှိ၏၊ ထိုရုပ်သည် ဗဟိဒ္ဓအာဟာရ အထောက်အပံ့ မရသောကြောင့် အာဟာရဇ ရုပ်ကလာပ်ကို မဖြစ်စေနိုင်။

ဗြဟ္မာတို့အား ပဋိသန္ဓေကပင် ကာယဒသက အစားဇီဝိတနဝကရသောကြောင့် ကမ္မဇကလာပ် လေးစည်းရသည်၊ ပဝတ္တိအခါစိတ္တဇ ၆-စည်း၊ ဥတုဇ ၄-စည်းရသည်။ ထိုရုပ်တို့သည် တိဇရုပ် ၂၃-ချဖြစ်၏။ ကလာပ် ၁၄-စည်းဖြစ်၏၊ (ကာမပုဂ္ဂိုလ်တို့အား အစာမျိုပြီးမှ ဇီဝိတနဝကရသည်။)

အသညသတ်တို့အား ပဋိသန္ဓေ အခါ ဇီဝိတနဝကတစည်း၊ ပဝတ္တိအခါ ဥတုဇနှစ်စည်းရ၏၊ ကလာပ် ၃-စည်း၊ ဒွိဇရုပ် ၁၇-ဖြစ်၏။

ဗြဟ္မာသေသောအခါ ကိုယ်ကောင်ကျန်သောကြောင့် တိဇရုပ်၊ ဒွိဇရုပ်တို့သည် တပြိုင်နက်ကဲ့သို့ချုပ်ကုန်၏။

## ရုပ်ဝိထိ

ကမ္မဇရုပ်ဝိထိဖြစ်ဟန်ကား ပဋိသန္ဓေမှ စ၍ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား ကမ္မဇ ၃-စည်းစီဖြစ်၏။ (၁၇-ချက်အထဲအချုပ်

မရှိသေး။) ထိုကြောင့် ပဋိသန္ဓေ၏ဥပါဒ်၌ ၃။ ဌီ ၆၊ ဘင် ၉။ ပဌမ ဘဝင်၏ဥပါဒ်၌ ၁၂။ ဌီ ၁၅၊ ဘင် ၁၈၊ ဒုတိယဘဝင်၏ ဥပါဒ်၌ ၂၁၊ ဌီ ၂၄၊ ဘင် ၂၇၊ တတိယဘဝင်၏ ဥပါဒ်၌ ၃၀။ ဌီ ၃၃၊ ဘင် ၃၆၊ စတုတ္ထဘဝင်၏ ဥပါဒ်၌ ၃၉၊ ဌီ ၄၂၊ ဘင် ၄၅၊ ပဉ္စမဘဝင်၏ ဥပါဒ်၌ ၄၈၊ ဌီ ၅၁၊ ဘင် ၅၄၊ ဆဋ္ဌ ဘဝင်၏ ဥပါဒ်၌ ၅၇၊ ဌီ ၆၀၊ ဘင် ၆၃၊ သတ္တမဘဝင်၏ဥပါဒ်၌ ၆၆၊ ဌီ ၆၉၊ ဘင် ၇၂၊ အဋ္ဌမ ဘဝင်၏ဥပါဒ်၌ ၇၅၊ ဌီ ၇၈၊ ဘင် ၈၁၊ နဝမဘဝင်၏ဥပါဒ်၌ ၈၄၊ ဌီ ၈၇၊ ဘင် ၉၀၊ ဒသမဘဝင်၏ဥပါဒ်၌ ၉၃၊ ဌီ၉၆။ ဘင် ၉၉၊ ဧကာဒသမ ဘဝင်၏ဥပါဒ်၌ ၁၀၂၊ ဌီ ၁၀၅၊ဘင် ၁၀၈၊ ဒွါဒသမ ဘဝင်၏ဥပါဒ်၌-၁၁၁၊ ဌီ၁၁၄၊ ဘင် ၁၁၇၊ တေရသမ ဘဝင်၏ ဥပါဒ်၌ ၁၂၀၊ ဌီ ၁၂၃၊ ဘင် ၁၂၆၊ စုဒ္ဒသမဘဝင်၏ ဥပါဒ်၌ ၁၂၉၊ ဌီ ၁၃၂၊ ဘင် ၁၃၅၊ ပန္နရသမ ဘဝင်၏ဥပါဒ်၌ ၁၃၈၊ ဌီ၁၄၁၊ ဘင် ၁၄၄၊ ၁၇-ချက် စိတ်ဥပါဒ်-၁၄၇၊ဌီ- ၁၅၀၊ ဘင် ၁၅၃။ နောက်စိတ်တို့၌ ၃-စည်းဖြစ်၊ ၃-စည်းချုပ်။ ၁၅၃၊ ၁၅၃။ ။စက္ခုပေါ်သော အခါ စက္ခုနှင့်တကွ ၄-စည်းဖြစ်။ ရှေး ၃-စည်းချုပ်။ ၁၇-ချက်ရောက်သောအခါ ၄-စည်းဖြစ်၊ ၄-စည်း ချုပ်။ ၂၀၄၊ ၂၀၄။ ။သောတပေါ်သော အခါ ၅-ဖြစ်၊ ၄-ချုပ်။ ။၅-ဖြစ်၊၅-ချုပ်။ ၂၅၅။ ၂၅၅။ ။ဃာနပေါ်သောအခါ ၆-ဖြစ်၊ ၅-ချုပ်။ ၆-ဖြစ်၊ ၆ချုပ်-၃၀၆။ ၃၀၆။ ။ဇိဝှါပေါ်သောအခါ ၇-ဖြစ်၊ ၆ချုပ်။ ၇-ဖြစ်၊ ၇-ချုပ်။ ၃၅၇၊ ၃၅၇။ ။ တသက်လုံး ၃၅၇၊ ၃၅၇။

ပရဏာအခါ ၁၇-ချက်မြောက်စိတ် ဌီမှစ၍ အသစ်မဖြစ်၊ ထိုကြောင့် ၁၇-ချက်မြောက် စိတ်ဥပါဒ်၌ ပဋိလုံအားဖြင့်ကလာပ် ၃၅၇။ ဌီ ၃၅၀၊ ဘင် ၃၄၃၊ ဥပါဒ် ၃၃၆၊ ဌီ၃၂၉၊ ဘင် ၃၂၂၊ ဥပါဒ် ၃၁၅၊ ဌီ ၃၀၈၊ ဘင် ၃၀၁၊ ဥပါဒ် ၂၉၄၊ ဌီ ၂၈၇၊ ဘင် ၂၈၀၊ ဥပါဒ် ၂၇၃၊ ဌီ ၂၆၆၊ ဘင် ၂၅၉၊ ဥပါဒ် ၂၅၂၊ဌီ ၂၄၅၊ ဘင် ၂၃၈၊ ဥပါဒ် ၂၃၁၊ ဌီ ၂၂၄၊ ဘင် ၂၁၇၊ ဥပါဒ် ၂၁၀၊ ဌီ ၂၀၃၊ ဘင် ၁၉၆၊ ဥပါဒ် ၁၈၉၊ ဌီ ၁၈၂၊ ဘင် ၁၇၅၊

ဥပါဒ် ၁၆၀၊ ဌီ ၁၆၁၊ ဘင် ၁၅၄၊ ဥပါဒ် ၁၄၇၊ ဌီ ၁၄၀၊ ဘင် ၁၃၃၊ ဥပါဒ် ၁၂၆၊ ဌီ ၁၁၉၊ ဘင် ၁၁၂၊ ဥပါဒ် ၁၀၅၊ ဌီ ၉၈၊ ဘင် ၉၁၊ ဥပါဒ် ၈၄၊ ဌီ ၇၇၊ ဘင် ၇၀၊ ဥပါဒ် ၆၃၊ ဌီ ၅၆၊ ဘင် ၄၉၊ ဥပါဒ် ၄၂၊ ဌီ ၃၅၊ ဘင် ၂၈၊ စုတိဥပါဒ် ၂၁၊ ဌီ ၁၄၊ ဘင် ၇၊ စုတိဘင်နှင့်ပြိုင်၍ ကမ္မဇရုပ်အကုန်ချုပ်၏။

သံသေဒဇ၊ ဥပပါတ်တို့အား ၇-စည်းစီဖြစ်၏၊ ထိုကြောင့် ပဋိသန္ဓေဥပါဒ် မှစ၍ အနုလုံအားဖြင့်ကလာပ် ၇၊ ၁၄၊ ၂၁၊ ၂၈၊ ၃၅၊၄၂၊ ၄၉၊၅၆၊၆၃၊၇၀၊ ၇၇၊ ၈၄၊၉၁၊၉၈၊ ၁၀၅၊ ၁၁၂၊ ၁၁၉၊၁၂၆၊ ၁၃၃၊ ၁၄၀၊ ၁၄၇၊ ၁၅၄၊ ၁၆၁၊ ၁၆၈၊ ၁၇၅၊ ၁၈၂။ ၁၈၉၊ ၁၉၆၊ ၂၀၃၊၂၁၀၊၂၁၇၊ ၂၂၄၊ ၂၃၁၊ ၂၃၈၊ ၂၄၅၊၂၅၂၊၂၅၉၊ ၂၆၆၊ ၂၇၃၊ ၂၈၀၊၂၈၇၊ ၂၉၄၊၃၀၁၊ ၃၀၈၊၃၁၅၊ ၃၂၂၊၃၂၉၊၃၃၆၊၃၄၃၊ ၃၅၀၊၃၅၇၊၃၅၇။ ။ မရဏာအခါ ပဋိလုံအားဖြင့်ကလာပ် ၃၅၇၊၃၅၀၊ ၃၄၃၊၃၃၆၊ ၃၂၉၊ ၃၂၂၊ ၃၁၅၊ ၃၀၈၊ ၃၀၁၊ ၂၉၄၊ ၂၈၇၊ ၂၈၀၊၂၇၃၊ ၂၆၆၊ ၂၅၉၊ ၂၅၂၊ ၂၄၅၊ ၂၃၈၊ ၂၃၁၊ ၂၂၄၊၂၁၇၊ ၂၁၀၊ ၂၀၃၊၁၉၆၊ ၁၈၉၊၁၈၂၊ ၁၇၅၊ ၁၆၈၊ ၁၆၁၊ ၁၅၄၊ ၁၄၇၊ ၁၄၀၊၁၃၃၊ ၁၂၆၊၁၁၉၊ ၁၁၂၊ ၁၀၅၊၉၈၊၉၁၊ ၈၄၊၇၇၊၇၀၊ ၆၃၊၅၆၊ ၄၉၊၄၂၊၃၅၊၂၈၊၂၁၊၁၄၊၇၊ (ဤကာမဝိထိတို့၌ ဇီဝိတနဝကကို မထည့်မသွင်းမူ၍ ပြကုန်၏။)

စိတ္တဇရုပ်ဝိထိဖြစ်ပုံကား ပဋိသန္ဓေ၌မရှိ။ ပဌမဘဝင်ဥပါဒ် ၌ ၁၊ ဌီ ၁၊ဘင် ၁၊ ဒုတိယ ဘဝင်၏ဥပါဒ် ၂၊ ဌီ ၂၊ဘင် ၂၊ တတိယ ဘဝင်၏ ဥပါဒ် ၃၊ ဌီ ၃၊ဘင် ၃၊ စတုတ္ထဘဝင်၏ဥပါဒ် ၄၊ ဌီ ၄၊ ဘင် ၄၊ပဉ္စမဘဝင်၏ဥပါဒ် ၅၊ ဌီ ၅၊ဘင် ၅၊ ဆဋ္ဌဘဝင်၏ ဥပါဒ် ၆၊ ဌီ ၆၊ဘင် ၆၊ သတ္တမဘဝင်၏ ဥပါဒ် ၇၊ ဌီ၇၊ ဘင်၇၊ အဋ္ဌမ ဘဝင်၏ ဥပါဒ် ၈၊ ဌီ ၈၊ဘင် ၈၊ နဝမဘဝင်၏ ဥပါဒ် ၉၊ ဌီ ၉၊ ဘင်၊၉၊ ဒသမဘဝင်၏ဥပါဒ် ၁၀၊ ဌီ ၁၀၊ ဘင် ၁၀၊ ဧကာဒသမ ဘဝင်၏ဥပါဒ် ၁၁၊ ဌီ ၁၁၊ ဘင် ၁၁၊ ဒွါဒသမဘဝင်၏ ဥပါဒ် ၁၂၊

ဌီ ၁၂၊ ဘင် ၁၂၊ တေရသမဘာဝင်၏ဥပါဒ် ၁၃၊ ဌီ ၁၃၊ ဘင် ၁၃၊ စုဒ္ဒသမဘာဝင်၏ဥပါဒ် ၁၄၊ ဌီ ၁၄၊ ဘင် ၁၄၊ ပန္နရသမ ဘာဝင်၏ ဥပါဒ် ၁၅၊ ဌီ ၁၅၊ ဘင် ၁၅၊ သောဠသမဘာဝင်၏ ဥပါဒ် ၁၆၊ ဌီ ၁၆၊ ဘင် ၁၆၊ ၁၇-ချက်မြောက်စိတ် ဥပါဒ် ၁၇၊ ဌီ ၁၇၊ ဘင် ၁၇၊ နောက်နောက်စိတ်တို့၌ ဥပါဒ်တိုင်း တခုဖြစ်၊ တခုချုပ် ၁၇၊ ၁၇။ ။ ပဉ္စဝိညာဏ်ဖြစ်သောအခါ စိတ္တဇရုပ်မဖြစ် ၁၆၊ ၁၆။ ထိုနောက် ၁၇-ချက်မြောက်၌ချုပ်စရာတခုမရှိ၊ ၁၇၊ ၁၇၊ မရဏာအခါစုတိအထိ ပဋိလုံအားဖြင့်စိတ္တက္ခဏာ ၁၇။ ထိုနောက် ၁၆၊ ၁၅၊ ၁၄၊ ၁၃၊ ၁၂၊ ၁၁၊ ၁၀၊ ၉၊ ၈၊ ၇၊ ၆၊ ၅၊ ၄၊ ၃၊ ၂၊ ၁။ ။ စုတိနောင် ၁၆-ချက်ခန့်၌ စိတ္တဇရုပ်အကုန်ချုပ်၏။ (သဒ္ဒါ၊ ဝိညတ်၊ လဟုတာဒိတ္တယတို့နှင့်လည်း ယှဉ်သည်ဖြစ်ကုန်သေး၏။)

ဥတုဇရုပ်ဝင်ဖြစ်ဟန်ကား ပဋိသန္ဓေဌီမှစ၍ ခဏငယ်တိုင်း ဖြစ်၏၊ ထိုကြောင့် ပဋိသန္ဓေဌီမှစ၍ အနုလုံအားဖြင့် ခဏငယ်-၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁။ တသက်လုံးစုတိ ဘင်တိုင်အောင် ၅၁၊ ၅၁။ သေပြီ အရိုးစုသည် တိုင်အောင်လည်း ၅၁၊ ၅၁။

အာဟာရဇရုပ်ဝင်ဖြစ်ဟန်ကား သတ္တာဟ တခု နှစ်ခုလွန်၍ သြဇာ ပြန့်သောအခါမှ စ၍ဖြစ်၏၊ ထိုကြောင့် ထိုမှစ၍ အနုလုံအားဖြင့်ခဏငယ်-၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇။ ၄၈၊ ၄၉၊ ၅၀၊ ၅၁။ တသက်လုံးစုတိဘင်တိုင်အောင် ပဋိလုံအားဖြင့် ခဏငယ် ၅၁၊ ၅၁။ သေပြီးနောက် ၅၀၊ ၄၉၊ ၄၈၊ ၄၇၊ ၄၆၊ ၄၅၊ ၄၄၊ ၄၃၊ ၄၂၊ ၄၁၊ ၄၀၊ ၃၉၊ ၃၈၊ ၃၇၊

၃၆၊ ၃၅၊ ၃၄၊ ၃၃၊ ၃၂၊ ၃၁၊ ၃၀၊ ၂၉၊ ၂၈၊ ၂၇၊ ၂၆၊ ၂၅၊ ၂၄၊ ၂၃၊ ၂၂၊ ၂၁၊ ၂၀၊ ၁၉၊ ၁၈၊ ၁၇၊ ၁၆၊ ၁၅၊ ၁၄၊ ၁၃၊ ၁၂၊ ၁၁၊ ၁၀၊ ၉၊ ၈၊ ၇၊ ၆၊ ၅၊ ၄၊ ၃၊ ၂၊ ၁။ ရတိနေ့ခင် ၁၇-ချက်ခန့်၌ အာပာဒရဇရုပ် အကုန်ချုပ်၏။

ဥတုဇအရင်းခံ ဥတုဇရုပ် အဆက်ဆက် ဖြစ်ဟန်၊ ပြဟန်၊ အသည်သတ်တို့၌ ဖြစ်ဟန်ကိုလည်း ဉာဏ်ဆင်တွေး၍ သိအပ်၏။

---

## ရုပ် ၁၂–မျိုး

ရုပ်တို့သည် ကမ္မဇ၊ စိတ္တဇ-စသည်ဖြင့် လေးမျိုးပြားကုန်၏။ တဖန်ကမ္မဇရုပ်။ ကမ္မပစ္စယရုပ်၊ ကမ္မပစ္စယ ဥတုသမုဋ္ဌာနရုပ်–စသည်ဖြင့် သုံးမျိုးစီပြားသဖြင့် ရုပ် ၁၂-မျိုး ပြားကုန်၏။

၁–ဟဒယ၊ ဇီဝိတ်အားဖြင့် ကလာပ်ကိုးစည်းသည် ကမ္မဇရုပ်မည်၏။

၂–ဆံပင်၊ မွေးညှင်း၊ မြင်းမြီး၊ ဆင်စွယ်စသည် သည်ကမ္မပစ္စယရုပ်မည်၏။

၃–စကြာရတနာ၊နတ်ဗိမာန်စသည်သည် ကမ္မပစ္စယဥတုသမုဋ္ဌာနရုပ်မည်၏။

၄–စိတ္တဇအဋ္ဌကလာပ်သည် စိတ္တသမုဋ္ဌာနရုပ်။ (ဝါ၊ စိတ္တဇရုပ်။)မည်၏။

၅–ပဋ္ဌာဓာတထောက်ပံ့သော ကေဇ, ဒွိဇ, တိဇ, စတုဇကာယသည် စိတ္တပစ္စယရုပ်မည်၏။

၆–ဖန်ဆင်း အပ်သော ဆင်ရုပ်၊ မြင်းရုပ် စသည်သည် စိတ္တပစ္စယဥတုသမုဋ္ဌာနရုပ်မည်၏။

၇–အဇ္ဈတ္တိက ဥတုဇ အဋ္ဌကလာပ်သည် ဥတုသမုဋ္ဌာနရုပ် (ဝါ-ဥတုဇရုပ်မည်၏။)

၈–ပဌမ အဋ္ဌက ဥတုကြောင့်ဖြစ်သော ဒုတိယ အဋ္ဌကလာပ်သည် ဥတုပစ္စယရုပ် မည်၏။

၉–ဒုတိယအဋ္ဌက ဥတုကြောင့်ဖြစ်သော တတိယအဋ္ဌကလာပ်သည် ဥတုပစ္စယ ဥတုသမုဋ္ဌာနရုပ်မည်၏၊ (အဋ္ဌတ္တိကသက်ရှိ၌ ဥတုသုံးဆက်၊ ဗဟိဒ္ဓသက်မဲ့၌ အဆက်များစွာ။)

တနည်း။ ၇–ဗဟိဒ္ဓဥတုကြောင့် ဖြစ်သော တိမ်တိုက် စသည်သည်ဥတုသမုဋ္ဌာနရုပ်မည်၏။

၈–မိုးရေစသည်သည် ဥတုပစ္စယရုပ်မည်၏။

၉–မျိုး ပေါက်ခြင်း, မြေနှံ့ထွက်ခြင်း, တောင်ခိုးထွက်ခြင်း, သမုဒြာ ရေတိုးခြင်း စသည်သည်၊ ဥတုပစ္စယ ဥတုသမုဋ္ဌာနရုပ်မည်၏။

၁၀–အဇ္ဈတ္တာဟာရဇ အဋ္ဌကလာပ်သည် အာဟာရသမုဋ္ဌာန ရုပ်မည်၏။ (ဝါ- အာဟာရဇရုပ်မည်၏။)

၁၁–အာဟာရ စောင့်ရှောက်အပ်သော ကမ္မဇရုပ်သည်အာဟာရ ပစ္စယရုပ် မည်၏၊

၁၂–မသင့်သော အစာကြောင့် ဖြစ်သော-ညှင်း-မှည့်မည်း စသည်သည်-အာဟာရ ပစ္စယဥတု သမုဋ္ဌာနရုပ်မည်၏။ ။ဤသို့ ၁၂ ပါးဖြစ်ကုန်၏။

## ရုပ်ကလာပ် မှတ်ဘွယ်

ရုပ်တို့သည် ကံစသည်တို့ကြောင့် ဖြစ်သော်သည်းတခုစီမဖြစ်၊ ကလာပ်အားဖြင့်၊ ဝါ၊ အပေါင်းအစုအားဖြင့် ဖြစ်ကုန်၏။

ဥပါဒ်အတူဖြစ်ခြင်းသည် ဧကုပ္ပါဒမည်၏၊ ဘင်အတူချုပ်ခြင်းသည်ဧကနိရောဓမည်၏။ မှီရာဘုတ်လေးပါးကို အတူမှီခြင်းသည် ဧကနိဿယမည်၏။ ဖြစ်၊ချုပ်၊မှီရာအားဖြင့် အစအဆုံးတပေါင်းတည်း ဖြစ်ခြင်းသည် သဟဝုတ္တိမည်၏။ တပါးသော ကလာပ်ရုပ်နှင့် မရောမှု၍ မိမိကလာပ်ရုပ်ချင်းသာ အစအဆုံးတပေါင်းတည်းအတူဖြစ်သည်ပမာလို၊ဤကားကလာပ် လက္ခဏာလေးပါးတည်း။

ဝိညာဉ်ခွေသည် ခဏငယ် သုံးချက်သာရှိ၏။ ကျေပ္ပါဒဖြစ်သော်လည်း ကေနိရောဓ မဖြစ်ခဲ့တကား။ မဟာဘုတ် လေးပါးသည် ဥပါဒါရုပ်ကဲ့သို့ ဘုတ်လေးပါးကိုမှီ၊ သုံးပါးကိုသာ မှီသည်။ကေနိဿယ မဖြစ်ခဲ့တကား။ ယင်းသို့ မဖြစ်သော်လည်း ယေဘုယျသို့ လိုက်၍ ဆိုသည်ဟုမှတ်သားရာ၏။

ဝစီဝိညာဉ်ကို ယူလျှင် သဒ္ဒကိုလည်း ယူပြီးဖြစ်၏။ အသံနှင့်ကင်းသော ဝစီဝိညာဉ် မရှိသောကြောင့်တည်း။ အသံကင်းလျှင် ဝစီဝိညာဉ်မဟုတ်ဟူလို။

## ရုပ်အကျဉ်းနှင့်မှတ်ဘွယ်

**မဟာဘုတ်မည်ခြင်း။** ။ပထဝီ စသော သဘော တရားလေးပါးသည် မိမိလက္ခဏာကို ဆောင်တတ် သောကြောင့်ရင်း, သတ္တဝါလည်း မဟုတ်၊ အသက်လည်း မဟုတ်သော ကြောင့်ရင်း ဓာတ်မည်၏။ မဟန္တ ပါတုဘာဝ-စသော အနက်ငါးပါးဖြင့် မဟာဘုတ်လည်းမည်၏။

**မဟန္တပါတုဘာဝ။** ။ဤဓာတ်လေးပါးသည် မဟန္တ-အကြီးကြီး+ပါတုဘာဝ-ဖြစ်သောကြောင့်၊မဟာ+ဘုတ်မည်၏။ ။ငါးကြီး လိပ်ကြီး တောတောင်ကြီး စသည်ဖြင့် သက်ရှိသက်မဲ့ အကြီးကြီးဖြစ်ပုံကို အစိုင်အခဲဖြစ်သော သသမ္ဘာရ ဓာတ်စွမ်းဖြင့် သိအပ်၏။ (မဟန္တာနိ+ဘူတာနိ=မဟာဘူတာနိ။)

**မဟာဘူတသာမည။** ။မဟာဘူတ-မျက်လှည့် ဆရာနှင့်၊ ဝါ၊ ဘီလူးနှင့်+သာမည-တူသောကြောင့်လည်း မဟာဘုတ်မည်၏။ ။မျက်လှည့်ဆရာသည် မဟာ-များသော+အဗ္ဘုတ-အံ့ဘွယ်ကို။ဝါ၊ အဘူတ-အမှားကို, ပြတတ်သောကြောင့် မဟာဘူတမည်၏၊ကျောက်ခဲကို ရွှေဟူ၍ရင်း၊ မိမိကိုယ်ကို ငှက်အသွင် စသည် ဖန်ဆင်း၍ရင်း-အံ့ဘွယ်များများ အမှားများများ ပြသကဲ့သို့ မဟာ

ဘုတ်သည် မြေ,ရေ,မီး, လေ-ခါတ်လေးထွေကို အဆင်း၊ အနံ့၊ အရသာ-ဟူ၍၊ ဝါ၊ဖန်ဆင်း၍-အံ့ဘွယ်ကို အမှားကို များစွာပြ သည်။

ဘီလူးသည် ဇာတိအားဖြင့်- မဟာဘူတ- ဘုတ်ကြီးမည်၏။ ဘီလူးနှင့် ဓါတ်လေးပါးသည် လှည့်ပတ်ခြင်းဖြင့်ရင်း မညွှန်းအပ် သော နေရာရှိခြင်းဖြင့်ရင်းဟူ၏။ လူကို-ဘီလူးပူးသောအခါ ကိုယ် တွင်း၌လည်း မတည်၊ ကိုယ်ပ၌လည်း မတည်၊ မမှီဘဲ နေသည် လည်းမဟုတ်၊ နေရ ညွှန်း၍ မရ၊ အံ့ဘွယ်ရှိ၏။ ဓါတ်လေးပါး လည်း တရုအတွင်း တရုမဝင်၊ အပြင်၌ လည်း မတည်၊ မမှီ သည်လည်း မဟုတ်၊နေရာညွှန်း၍ မရ။ မကြံအပ်သော အံ့ဘွယ် တည်း။ ၊လှည့်ပတ်ခြင်း ဧချုံကား ဘီလူးမသည် မိမိ၏- အဆင်းကြောင်ကိုဖုံး၍ နှစ်သက်ဘွယ် ထင်ရအောင် ပလီ၍ လူပြိန်းကိုလှည့်ပတ်၏၊ ဓါတ်လေးပါးလည်း မိမိ၏ ကက္ခဠစ သော လက္ခဏာကြောင်းကို ဖုံး၍ နှစ်သက်ဘွယ် အဆင်းဖြင့်ရင်း၊ အင်္ဂါကြံ့ခိုင် သဏ္ဍာန်ဖြင့်ရင်း၊ လက်ခြေမျက်ရုံ အမှုအရာဖြင့် ရင်း၊ အမြဲအနိုဟု ထင်အောင်၊ ယောက်ျားမိန်းမဟု ထင်အောင်၊ ပလီ၍ ပုထုဇနကို လှည့်ပတ်၏။ ဤမျက်လှည့်ဆရာနှင့် ဘီလူးနှင့် ပုံပြကြောင်း၊ ပိုကိုး ပြု၊ တွန့် ငင်သော လက္ခဏာဓါတ်စွမ်း ဖြင့်အပ်၏။ (မဟာဘူတေနု | သဒ္ဒသာနီ။)

မဟာပရိဟာရ။ ။မဟာ-များစွာသောပစ္စည်းတို့ဖြင့်+ပ ရိဟာရ ဆောင်ရွက် အပ်သောကြောင့်လည်း မဟာဘုတ်မည်၏။ နေ့စဉ် ပယ်အပ်သော များ စွာတို့ဖြင့် ဆောင်ရွက်မှ+ဖြစ်သောမ ဟာဘုတ်ဟူလို၊(မဟာန္တေဟိ | ဘူတာနိ။)။ ။တနည်း၊မဟာ ပရိ ဟာရ-ဆောင်ရွယ်ဘွယ်များလှသော ဘုတ်လေးပါး ဟူ၍လည်း ဆိုအပ်၏။ (မဟာပရိဟာရာနိ+ဘူတာနိ။)။ ။ဤမဟာပရိဟာရ အနက်ကိုသလမ္ဘာရ၊ လက္ခဏာနှစ်ပါးစွမ်းဖြင့် သိအပ်၏။

**မဟာဝိကာရ။** ။မဟာ ကြီး ကျယ်စွာ ၊ ဝိကာရ ဖောက် ပြန်ပျက်စီးခြင်း ရှိသောကြောင့်လည်း မဟာဘုတ်မည်၏။ ။သ သမ္ဘာရစွမ်းဖြင့် သိအပ်၏။ (မဟာဝိကာရ ဝဗ္ဘာဒိ+ဘူတာဒိ၊) ကမ္ဘာပျက်သောအခါမီး၊ ရေ၊ လေဖြင့်သက်မဲ့ အပျက်ကြီးပျက် ၏၊ ခါတ်ချောက်ချားသောအခါ မြေ, ရေ, မီး, လေဖြင့် သက်ရှိအ ပျက်ကြီးပျက်၏။

ပထဝီပျက်လျှင် ကဋ္ဌမုခ မြွေကိုက်သကဲ့သို့ တောင့်တင်း၏။ ပထဝီနှံ့သော ဤကိုယ်သည် ကဋ္ဌမုခ မြွေ၏ခံတွင်း၌ နေရသည် နှင့်တူ၏။

အာပေါပျက်လျှင် ပူတိမုခ မြွေကိုက်သကဲ့သို့ ပုပ်ပွ၏၊ အာပေါနှံ့သောဤကိုယ်သည် ပူတိမုခမြွေ၏ ခံတွင်း၌ နေရသည် နှင့်တူ၏။

တေဇောပျက်လျှင် အဂ္ဂိမုခ မြွေကိုက်သကဲ့သို့ ပူလောင်၏၊ တေဇောနှံ့သော ဤကိုယ်သည် အဂ္ဂိမုခ မြွေ၏ခံတွင်း၌ နေရသည် နှင့်တူ၏။

ဝါယောပျက်လျှင် သတ္ထမုခ မြွေကိုက်သကဲ့သို့ ပေါက်ကွဲ၏၊ ကြေလွင့်၏။ ဝါယောနှံ့သော ဤကိုယ်သည် သတ္ထမုခ မြွေ၏ခံ တွင်း၌ နေရသည်နှင့်တူ၏။

**မဟဗ္ဘူတ။** ။မဟဗ္ဘ-ကြီး၍+ဘူတ-ထင်ရှား ရှိသော ကြောင့်လည်း မဟာဘုတ်မည်၏။ ။လုံ့လကြီးစွာ ဉာဏ်ကြီးစွာ ဖြင့် သိမ်းဆည်းမှ သိရသောကြောင့် မဟဗ္ဘမည်၏။ ထင်ရှားရှိ သောကြောင့် ဘူတမည်၏။ပထဝီစသည်ဖြင့် ထင်ရှားသော်လည်း ဝိပဿနာသလွတ်၍ သဘောမှန်ကို သိမ်းဆည်းသောအခါ လုံ့လ လျော့လျှင် ဉာဏ်လျော့လျှင်မသိနိုင်၊ ထိုကြောင့်အလွန်ကြီးကျယ် သည်ဟု လက္ခဏာဖြင့်ရင်း သသမ္ဘာရဖြင့်ရင်း သိရ၏။ (မဟဗ္ဘာဒိ+ဘူတာဒိ။)

မဟာဘုတ်လေးပါးသည် အချင်းချင်းမှီလည်း မှီတတ်သည်၊ မှီလည်းမှီအပ်သည်။ ဥပါဒါရုပ်တို့၏ မှီရာလည်းဖြစ်သည်။ ဥပါဒါရုပ်ကားမဟာဘုတ်ကို မှီသာမှီတတ်သည်။ မှီအပ်၊ မှီရာမဖြစ်။

## ဘူတရုပ်လေးပါးသဘော

ပထဝီသည် ကြမ်းသောရုပ်၏အဖြစ်-သာလျှင် (ဝါ၊ကြမ်းခြင်းသာလျှင်) လက္ခဏာရှိ၏၊ တည်ရာဖြစ်၏။ လက်ခံ၏၊ အကြမ်းအနု၊ အလေးအပေါ့ဖြင့်ရင်း၊ အတွေ့ကောင်း မကောင်းဖြင့်ရင်း ဝေဘန်အပ်၏။ တေဇောဝါယော၏ ထိ၍တည်ရာ၊ အာပေါ၏ မထိမူ၍ တည့်ရာဖြစ်၏။

အာပေါသည် ယိုစီးသော ရုပ်၏အဖြစ်(ယိုခြင်း)သာလျှင်လက္ခဏာရှိ၏၊တိုးပွါးစေ၏။ ပေါင်းရုံးပေး၏၊ ဖွဲ့၏၊ အတွေ့ဖြင့် မဝေဘန်အပ်၊ ခတ်သုံးပါးကို မထိမူ၍ဖွဲ့၏။ ကျောက်ခဲစသည်၌ အာပေါနည်း၍ လွန်စွာဖွဲ့၏။

တေဇောသည် ပူသောရုပ်၏အဖြစ် (ပူခြင်း) သာလျှင် လက္ခဏာရှိ၏၊ ရင့်ကျက်စေ၏၊ ထက်သန်စေ၏၊ သဟဇာတ်ရုပ်တို့ကို နူးညံ့စေ၏။ ပြင်ပမီး ထောက်ပံ့သောကြောင့် ချိပ်၌ရှိသော တေဇောသည် မိမိနှင့်အဟူ ဖြစ်သောရုပ်တို့ကို နူးညံ့စေသကဲ့သို့ သဟဇာတ်ရုပ်တို့ကို နူးညံ့စေ၏။ အတွေ့ကောင်း မကောင်းဖြင့်ဝေဘန်အပ်၏၊ ပထဝီဝါယောကိုထိ၍၊ အာပေါကို မထိမူ၍ရင့်စေ၏။

ဝါယောသည် ထောက်ပံ့သောရုပ်၏အဖြစ် (ထောက်ပံ့ခြင်း) သာလျှင် လက္ခဏာရှိ၏။ ငြိမ်ရာ၏၊ ဘုတ်အပေါင်းကို ရွေ့ရှုဆောင်၏၊ ပွန်း၏၊ ဆွဲငင်၏၊ အတွေ့ကောင်း မကောင်းဖြင့်ဝေဘန်အပ်၏။ ပထဝီတေဇောကိုထိ၍ အာပေါကိုမထိမူ၍ထောက်ခံ၏။

တင်လဲခဲရေနွေး၌ ယိုသော်ကြွေသော်လည်း ပထဝီမယို၊ မကြွေ။ (အာပေါယိုသည်-ဝါယောကြွေသည်။) ရေနွေးဆူပွက်၍ပူသော်လည်း အာပေါမပူ။ ရေခဲမိုးသီး ခဲသော်လည်း အာပေါမခဲ၊

သံရည်ကြိုလောင်း၍ ယိုသော်လည်း တေဇောမယို။ လေညှင်းခံ၍သော်လည်း ဝါယောမဝေ၊ နည်းသောခတ်သည် များသော ခတ်သို့ လိုက်ခြင်းသာဖြစ်၏။ ခတ်လေးပါးသည် အရေအခဲစ သည်ဖြင့် ဖေါက်ပြန်သော်လည်း အသီးသီး မိမိသဘောကိုမစွန့်။

## ပသာဒရုပ်ငါးပါးသဘော

မဟာဘုတ်လေးပါးကို ကြည်လင်စေသော ရုပ်သည်ပသာဒရုပ်မည်၏။ မဟာဘုတ်ကင်း၍ အကြည်ဘပါးမရှိ။

စက္ခုပသာဒသည် ရူပါရုံထိခိုက်အပ်သော မဟာဘုတ်ကို ကြည်လင်စေခြင်း လက္ခဏာရှိ၏။ မျက်နက် ဝန်းအလယ်-ကိုယ် သဏ္ဌာန် အရိပ်ထင်ရာ၌တည်ရှိသောမျက်လွှာ ခုနစ်ထပ်ကို အကြည်နှံ့စေလျက်တည်၏။ သန်းဦးခေါင်း ပမာဏရှိ၏။ စက္ခုဝိညာဏ်စသော စိတ်တို့၏၊ ဝတ္ထု၊ ဒွါရ-အဖြစ်ဖြင့်တည်၏။

သောတသည် သဒ္ဒါရုံ ထိခိုက်အပ်သော မဟာဘုတ်ကို ကြည်လင်စေခြင်းလက္ခဏာရှိ၏။နားအုံအတွင်း နူသောမွေးနီ စိစိ ညာညာ ပေါက်ရာ၌တည်၏၊ လက်စွပ်သဏ္ဌာန်ရှိ၏၊ သောတ ဝိညာဏ် စသည်တို့၏ဝတ္ထု၊ ဒွါရဖြစ်၍တည်၏။

ဃာနသည်ဂန္ဓာရုံ ထိခိုက်အပ်သော မဟာဘုတ်ကို ကြည်လင် စေခြင်းလက္ခဏာရှိ၏။ နှာခေါင်းအုံ အတွင်း ဆိတ်ခွါ သဏ္ဌာန် အရပ်၌တည်၏၊ ဃာနဝိညာဏ်စသည်တို့၏ ဝတ္ထု၊ ဒွါရဖြစ်၍ တည်၏။

ဇိဝှါသည်ရသာရုံထိခိုက်အပ်သောမဟာဘုတ်ကို ကြည်လင် စေခြင်းလက္ခဏာရှိ၏။ လျှာလယ်အထက်-ကြာပွင့်ဖတ် အဖျား ပိုင်းသဏ္ဌာန်အရပ်၌တည်၏၊ ဇိဝှါဝိညာဏ် စသည်တို့၏ ဝတ္ထု၊ ဒွါရဖြစ်၍ တည်၏။

ကာယသည်ဖောဋ္ဌဗ္ဗာရုံ ထိခိုက်အပ်သောမဟာဘုတ်ကိုကြည် လင်စေခြင်းလက္ခဏာရှိ၏၊တကိုယ်လုံးနှံ့တည်၏။ပါစကတေဇော တည်ရာအစာသစ်အိမ် ဆံပင်များ မွေးညှင်းများ၊လက်သည်း, ခြေ

သည်းဖျား၊ ခြောက်သော အရေဖျားတို့၌ကား မတည်။ ကာယ ဝိညာဏ်စသည်တို့၏ ဝတ္ထု၊ ဒွါရဖြစ်၍တည်၏။

ကာယပသာဒ တကိုယ်လုံးနှံ့လျှင် ပသာဒငါးပါး ရောယှက် လေသလော?။ ။မရောယှက်ပေ။ကလာပ်တခု၌ တည်သောရုပ် သည် တပါးသော ကလာပ်၌မရှိ၊ထိုကြောင့်မှိရောမဟာဘုတ်အား ဖြင့်လည်းမရော၊ လက္ခဏာအားဖြင့်လည်း မရော။ ခွဲမရ၍သာနှံ့ တည်သည်ဟုဆိုသည်။ ဝါ-ဂွမ်းဆီနှံ့ ပမာတည်း။

စက္ခုသည်မြွေနှင့်တူ၏၊ အရှုပ်အထွေးကြိုက်၏၊ ပျောင်ချော မကြိုက်၊ အရုပ်ကြူးပန်းစသည်ဖြင့် ရှုပ်ထွေးရာကိုမြင်လျှင် မျက်စိ ဖြင့်မဝ၊ ခံတွင်းပါပါ၍ ကြည့်စေ၏။

သောတသည် မိကျောင်းနှင့်တူ၏၊ရေနက်ရာငုပ်၍တွင်းခေါင်း အောင်းသကဲ့သို့ နားပေါက် အတွင်း အပေါက် အခေါင်း၌သာ အောင်းသည်၊ အပေါက်အခေါင်းရှိမှ အသံကြားရ သောကြောင့် တည်း။

ဃာနသည်ငှက်နှင့်တူ၏၊ ကောင်းကင်၌ ပျော်လျော်၏၊ ကောင်း ကင်လေဖြင့် အနံ့ ယူသောကြောင့်တည်း။ ရိုးဦး ကျစ-နွားတို့ သည်မြေနမ်း၍ ကောင်းကင်မော့၍ လေရှူကုန်၏။

ဇိဝှါသည် အိမ်ခွေးနှင့်တူ၏၊ ပုံလောက်အကြား ပြာယက်၍ အိပ်ရန်မီးဖိုချောင်သို့ ပြေးလိုသကဲ့သို့ လျှာရှိသူတိုင်း မီးဖိုချောင် သို့ကပ်လို၏၊ ခံတွင်းလျှာပေါ်အထက် တံတွေးများရာကိုလည်း အလိုရှိသည်။ အရသာကို သိရသောကြောင့်တည်း။

ကာယသည် မြေခွေး(တောခွေး)နှင့်တူ၏။ သုသာန်၌ လူသား စား၍ ပူသေးမှ၍ အိပ်လိုသကဲ့သို့ရုပ်တခုကို မှီရန်အလိုရှိ၏၊ပထဝီ ပေါက်မှ ဖောဋ္ဌဗ္ဗကို သိရသောကြောင့်တည်း။ ရုပ်တခုမရ လျှင် မိမိလက်ကိုပင် ဦးခေါင်းတင်၍ အိပ်ကုန်၏။

ဤကိုယ်သည် ကြို ကြိုးတချောင်း မဖြတ်ဘဲ အစငါးခုထုတ်၍ တိရစ္ဆာန် ငါးမျိုးချည်၍ ထောင်ထားသော တိရစ္ဆာန်ရုံတခု ဖြစ်ပေ၏။ (ဗိတ်-မျောက်နှင့်ခြောက်မျိုး။)

အဆင်း ငါးမျိုးရှိသော အလံငါးခု၏ အရိပ် အပေါင်းသည် အချင်းချင်းမရော။ မီးစာငါးခု၏ တပေါင်းတည်း မီးလျှံအပေါင်းသည် အချင်းချင်းမရော၊ ပသာဒငါးခုလည်း တပေါင်းတည်း ဖြစ်သော်လည်း အချင်းချင်းလက္ခဏာ မရော။

## ဂေါစရရုပ် ခုနစ်ပါးသဘော

ပဥ္စ ဝိညာဏ်၏ အာရုံဖြစ်သော ရုပ်သည် နွားစကျက်နှင့်တူသောကြောင့် ဂေါစရရုပ်မည်၏။ ဝိသယရုပ်လည်း မည်၏။

မဟာဘုတ် လေးပါးကိုစွဲ၍ ဖြစ်သော အဆင်းသည် ရူပါရုံမည်၏ မဟာဘုတ်ကင်း၍ အဆင်းတပါးမရှိ။ အဖြူအနီစသည်ဖြင့်ပြား၏။ အတိုအရှည်စသော ဝေါဟာရဖြင့်ပြား၏။ အရိပ်နေပူစသည်ဖြင့်မိုင်းခြားအပ်၏။စက္ခုပသာဒကိုထိခိုက်ခြင်း လက္ခဏာရှိ၏။ စက္ခုဝိညာဏ်၏ အာရုံဖြစ်၏။(မထိဘဲနှင့်ထိသောရုပ်။)

မဟာဘုတ်ကိုစွဲ၍ဖြစ်သော အသံသည် သဒ္ဒါရုံမည်၏။သောတကို ထိခိုက်၏။ သောတဝိညာဏ်၏ အာရုံဖြစ်၏။ (မထိဘဲနှင့် ထိသောရုပ်။)

ထိုအတူ အနံ့သည် ဂန္ဓာရုံ၊ ဃာနကိုထိ၊ ဃာနဝိညာဏ်၏အာရုံဖြစ်၏။ (ထိလျက်ထိသောရုပ်။)

အရသာသည် ရသာရုံ။ ဇိဝှါကိုထိ။ ဇိဝှါဝိညာဏ်၏ အာရုံဖြစ်၏။(အရသာတို့တွင် ပျားရည်သည်ကြာလျှင်ဖန်၏။ တင်လဲ—ကြာလျှင်ချဉ်၏၊ ထောပတ်ကားကြာလျှင် အဆင်းအနံ့သာပျက်သည်၊ အရသာမပျက်။ ဝင်စစ်မရရ မည်၏။ ထိလျက်ထိ။)

ပထဝီအတွေ့၊ တေဇောအတွေ့၊ ဝါယော အတွေ့—ဤသုံးပါးသည်ဖောဋ္ဌဗ္ဗာရုံ ကာယကိုထိ (ထိလျက်ထိ) ကာယဝိညာဏ်၏ အာရုံဖြစ်၏။ (အာပေါကားသိမ်မွေ့၏၊ ထိ၍မရ။)

ဖောဋ္ဌဗ္ဗသုံးခုသည် တပြိုင်နက်ထင်၍ ကာယ၌ တပြိုင်နက်ထိသော်လည်းကာယဝိညာဏ်စိတ်ကားသုံးခုလုံးကိုတပြိုင်နက်အာရုံမပြု။ ထမင်းပြော့၊ မာ-စမ်းသော အခါ ပထဝီ မာခြင်းကိုသာ။

ရေ-နွေး၊ မနွေး-စမ်းသောအခါ တေဇောပူခြင်းကိုသာ၊ လေညှင်းခံသောအခါ ဝါယော တွန်းခြင်းကိုသာ ရှေးဦးစွာ အာရုံပြု၍ သိသည်။ ။လုံးသွင်းအားဖြင့် တခုစီ ကာယဝိညာဏ်စိတ် အာရုံပြုသည်။ ။ကျောက်ခဲ ဝါးမိသောအခါ၊ မီးခဲနင်းမိ သောအခါ၊ လေပြင်းတိုက်သော အခါတို့၌ လွန်ကဲသော ဓာတ်အားဖြင့် တခုစီအာရုံပြုသည်။ ။ကြက်တောင်ဖြင့် အနာဆေးသောအခါ၊အဝတ်များစွာရပေါင်း၍ ထိုးသောအခါ ကာယပသာဒများရာ အားဖြင့်၎င်း။ လွန်ကဲစွာ ထိခိုက်ရာ အားဖြင့်၎င်း၊ ကာယဝိညာဏ် ဖြစ်သည်။ ။လုံးသွင်း၊ ဓာတ်လွန်၊ ပသာဒများ၊ ထိခိုက်များ(လေးပါး)အားလျော်စွာ ရှေးဦးစွာ ကာယဝိညာဏ်ဖြစ်သည်။

အာရုံဘာခုကို ကြည့်လို၊ နားထောင်လို၊ စားလိုသော အခါအလို လုံးသွင်းအားဖြင့် ဝိညာဏ်ပြောင်းသည်။ ။ရူပါရုံအာရုံပြုနေစဉ် အလွန်မြည်သော-စည်ကြီးသံ ကြားသောအခါ အာရုံလွန်ကဲခြင်း အားဖြင့်လည်း ဝိညာဏ်ပြောင်းသည်။ ။လုံးသွင်း၊ အာရုံလွန် နှစ်မျိုး။

ရူပါရုံ၊ ရသာရုံတို့ အချင်းချင်း နှံ့တည်၍ ရှုပ်ရောသော်လည်း ဂရုမဟ်အားဖြင့် ရူပါရုံ၌ရသာရုံမရှိ။ ရသာရုံ၌ရူပါရုံမရှိ။ သဲနှင့်မြူ ခွဲနိုင်သောကြောင့် အချင်းချင်း နှံ့တည်သည်။ ရောသည်ဟုဆိုသကဲ့သို့တည့်။ ရှုပ်ရောသော်လည်း လက္ခဏာမရော။

## ဘာဝရုပ်နှစ်ပါးသဘော

ဆူတ်၏ဖြစ်ကြောင်းသည်၊ (ဝ။ ဆူတ်ဟုသိကြောင်းသည်၊) ဆူတ်ဘာဝရုပ်မည်၏။ ပဋိသန္ဓေနှင့်အတူဖြစ်၏၊ မျက်စိဖြင့် မမြင်အပ်၊ မသိအပ်၊ စိတ်ဖြင့်သာသိအပ်သည်။ ပဝတ္တိအခါလိင်္ဂ၊ နိမိတ္တ၊ ကုတ္တ၊ အာကပ္ပတို့ကို ဖြစ်စေနိုင်အောင် အစိုးရသောကြောင့် ဆူဋြေမည်၏။ လိင်္ဂစသည်ကိုကား မျက်စိဖြင့်လည်းသိအပ်၏။ဝါ၊ မြင်နိုင်၏။

မိန်းမ၏အင်္ဂါဓာတ်သည် ဣတ္ထိလိင်္ဂမည်၏၊ မိန်းမအသံ၊မိန်းမအလိုဆန္ဒသည် ဣတ္ထိနိမိတ္တမည်၏၊ မသန့်ရှင်းသော သွားခြင်း၊ ရပ်ခြင်း စသည်သည် ဣတ္ထိကုတ္တမည်၏၊ မိန်းမ၏ပုံဟန် သဏ္ဌာန်သည် ဣတ္ထိအာကပ္ပမည်၏။

ပုရိသ၏ဖြစ်ကြောင်းသည် ပုရိသဘာဝရုပ်မည်၏။ ပဋိသန္ဓေနှင့်အတူဖြစ်၏၊ မမြင်အပ်၊ စိတ်သိ၊ ပဝတ္တိအခါ လိင်စသည်တို့ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်အောင် အစိုးရသောကြောင့် ဣန္ဒြေမည်၏၊ လိင်စသည်ကို မျက်စိဖြင့်လည်း သိအပ်၏၊ ဣတ္ထိလိင်စသည်ကို နည်းယူ၍ ပုရိသလိင်စသည်ကို သိနိုင်ပြီ။

အဋ္ဌကထာ၌ကား လက်ခြေကြီးငယ်စသော သဏ္ဌာန်သည် အသွင်လိင်၊ ပြုံးရယ်ခြင်းစသည်သည် သိကြောင်းနိမိတ္တ၊ ဆန်ကောငယ် ထွန်ငယ်ဖြင့် ကစားခြင်းစသည်သည် အပြုအမူကုတ္တ၊ သွားခြင်းစသည်၏ သန့်ရှင်းခြင်း၊ မသန့်ရှင်းခြင်းသည် အသွင်အပြင်အာကပ္ပ-ဟုဆို၏။

ဤဘာဝရုပ်နှစ်ခုသည် ကမ္ဘာဦး၌ပဝတ္တိအခါဖြစ်သည်၊နောက်၌ကား ပဋိသန္ဓေအခါဖြစ်သည်။ကိုယ်လုံးနှံ့ကြည်သည်၊မျက်စိဖြင့် အဆင်းကို မြင်ပြီးသောအခါ အတွေးစိတ်ဖြင့် ဘာဝရုပ်ကိုသိသည်၊ ပဋိသန္ဓေကဖြစ်သော်လည်း ပဝတ္တိအခါပေါက်ပြန်သည်။ ဗလဝအကုသိုလ်ကြောင့် ပုရိသလိင်ကွယ်၊ ဒုဗ္ဗလကုသိုလ်ကြောင့် ဣတ္ထိလိင်ရ၊ ဒုဗ္ဗလအကုသိုလ်ကြောင့် ဣတ္ထိလိင်ကွယ်၊ ဗလဝကုသိုလ်ကြောင့် ပုရိသလိင်ရ။ နှစ်မျိုးလုံး အကုသိုလ်ကြောင့်ကွယ်၊ ကုသိုလ်ကြောင့်ရ။

## ဟဒယရုပ်သဘော

ဟဒယဝတ္ထုသည် နှလုံးအိမ်အတွင်း ပုန်းညက် စေ့ခန့်တွင်းငယ်၌ တလက်ဖက်ထက်ဝက်မျှ သွေးကိုမှီ၍ တည်သောရုပ်ဖြစ်၏။ မနောဓာတ်၊ မနောဝိညာဏဓာတ်တို့၏ မှီရာဝတ္ထုဖြစ်၏၊ ပါဠိတော်၌ကား ဒေသနာဘေဒ(တရားဟောပျက်ခြင်း)ဖြစ်သော

ကြောင့် မဟော။ ဒေသနာဘေဒဖြစ်ပုံကား၊ စက္ခုဝိညာဏ်၏ ဝတ္ထုရုပ်၊ အဝတ္ထုရုပ်တဒုက်။ စက္ခုဝိညာဏ်၏ အာရမ္မဏရုပ်၊ အနာရမ္မဏရုပ်တဒုက်၊ ပေါင်းနှစ်ဒုက်ရသကဲ့သို့ ပဉ္စဝိညာဏ်၌ ဝတ္ထုဒုက်၊ အာရမ္မဏဒုက် နှစ်ဒုက်စီရ၏၊ မနောဝိညာဏ်၌ကား ဇနောဝိညာဏ်၏ ဝတ္ထုရုပ်၊ အဝတ္ထုရုပ်-ဟုဝတ္ထု ဒုက်သာရသည်။ မနော၏အာရမ္မဏရုပ်၊ အနာရမ္မဏရုပ်-ဟုအာရမ္မဏဒုက် မရ၊ မနော၏ အာရုံမဟုတ်သော ရုပ်မရှိသောကြောင့်တည်း၊ ဤသို့ အာရမ္မဏ ဒုက်ပျက်၍ဒေသနာဘေဒဖြစ်သည်၊ ထိုကြောင့်မဟော။

နှလုံးသွေးအရောင်။ ။သွေး၌ဟဒယဝတ္ထုရုပ်တည်သည်။ ဟဒယဝတ္ထု၌ စိတ်စေတသိက်တည်သည်။ ထိုကြောင့်ရာဂစိတ် ဖြစ်လျှင် ဟဒယတည်ရာ သွေးသည်နီ၏၊ ဒေါသဖြစ်လျှင်နက်၏။ မောဟဖြစ်လျှင် အသားဆေးရည် အဆင်းရှိ၏၊ ဝိတက်ဖြစ်လျှင် ပဲပြုတ်ရည်အဆင်းရှိ၏၊ သဒ္ဓါဖြစ်လျှင်မဟာ လှေကားပန်းအဆင်း ရှိ၏၊ ပညာဖြစ်လျှင် ကြည်လင်၍အရောင်ထွက်၏။ ထိုသွေးသည် ပုန်းညက်တွင် လျှံ၍ ကိုယ်လုံးပြန့်သွား၏။ ထိုကြောင့် ရာဂဖြစ် လျှင် အသားနီပ၏၊ ဒေါသဖြစ်လျှင်ညိုမဲ၊ အချို့နှလုံးကွဲ၏။ (ရုပ် ကျွင်းသာရမရှိ။) သဒ္ဓါပညာဖြစ်လျှင် ကြည်လင်၏၊ (ဗုဒ္ဓနွေရရ- ဟင့်ပေါ်မှာ ပွမြာဝအောင်လှပ၏။ မြင်သူ၏မျက်စိကို ရောဂါကင်း စေ၏။) သဒ္ဓါပညာပွန်းမှာဖြစ်သော အနာထပိဏ် သူဌေးအား ... ဆရာ ရောင်အခါ ထွန်းလင်းစွာပြင်ပသို့ထွက်လာ၏။ ပဋ္ဌာန်းသုံး ... မြတ်စွာဘုရားအား ရောင်ခြည်တော် ခြောက်သွယ် ထွက်၏၊ (ဗိဟာရကောင်းရှိသူ၏ နှာသက်သွယ်တည်း။)

## ၉၉ ဝိတရုပ်သဘော

အဆောက်အုံသည့်ကြောင်းရုပ်သည့် ဝိဝိတရုပ်မည်၏၊ ကမ္မဇရုပ် ကိုမေင့်ခြင်း၌ အစိုးရသောကြောင့် ဗုဒ္ဓနွေမည်၏၊ ကမ္မဇရုပ်သည် ယင်းကြောင့်ဖြစ်သော်လည်း ထိုကိုသည့်အတိတ်ဖြစ်၍ ထိုခဏ၌မရှိ၊

ရုပ်သက် ၅၁-ချက်လုံးတည်အောင် ဇီဝိတစောင့်၏၊ ပါစကတေ
ဇောနှင့်တကွ တကိုယ်လုံးအကြွင်းမဲ့ နှံ့၍တည်၏။

မဟာဘုတ်ဟူသော ဓါတ်လေးပါးကို မှီသောကြောင့် ဓါတ်
လေးပါးညီ၍ ဘုတ်ခိုင်သောအခါ ဇီဝိတခိုင်သည်။ ဓါတ်ယိုင်၍
ဘုတ်မခိုင်သောအခါ ဇီဝိတမခိုင်၊ ဒဏ်ရာရ၍ ဘုတ်နာသော အ
ခါ ဇီဝိတနာသည်။ ဘုတ်အသစ်မဖြစ် သောအခါ ဇီဝိတအသစ်
မဖြစ်၊ထိုအခါ ဇီဝိတိန္ဒြေချုပ်သည်မည်၏။ (အဘိဓမ္မာ၏အရသာ
သည် ခြင်ဆီထိအောင်ထုံးကဲလေ၏။)

## အာဟာရရုပ်သဘော

အလုပ်အလွေးပြု၍ မျိုအပ်သော အစာသည် အာဟာရမည်
၏၊ဝမ်းကိုထောက်ပံ့၏။ အဆာပြေစေ၏။ ဤကားအစိုင်အခဲနှင့်ဟာ
ကွပြခြင်းတည်း။ ။မျိုအပ်သောအစာ၏ အစေးဖြစ်သော ဩဇာ
ဆောင်ခြင်းသည်သာလျှင် မုချအာဟာရ ရုပ်မည်၏။ မြင်ခြင်းထိ
ခြင်းတို့ဖြင့်မသိ။ စိတ်သိဖြစ်၏။ အင်္ဂါကြီးငယ်သို့ ပျှောက်၍ နှံ့
သောအရည် အရသာကိုဆောင်၏၊ သတ္တဝါကိုမှတစေ၏၊ သက်
ရှိကိုယ်ကို ထောက်ပံ့ကြောင်းလက္ခဏာရှိ၏၊မိမိဥပါဒ်အခြားမဲ့-ဌိ
ကာလန္တိ ဩဇာလျှင် ရှစ်ချမြောက်သော ရုပ်ကလာပ်ကိုဖြစ်စေခြင်း
ဟူသော ဆောင်ခြင်းကြောင့် ဩဇာမည်၏။ (ဥဒယာနန္တရံ ရုပ်ဇ
နေတိတိဩဇာ၊)။ ။ထမင်း၌တည်သော ဗဟိဒ္ဓဥတုဇ ဩဇာ
သည် မျိုပြီးသောအခါ အဇ္ဈတ္တိကစတုဇဩဇာနှင့် ပေါင်းဆုံ၍ အာ
ဟာရဇရုပ်ကိုဖြစ်စေသည်၊အဇ္ဈတ္တသက်သက်၊ဗဟိဒ္ဓသက်သက်
ဩဇာသည် ရုပ်ကိုမဖြစ်စေနိုင်။

အစိုင်အခဲသည် အဆာပြေ၏။ မစောင့်ရှောက်၊ ဩဇာသည်
စောင့်ရှောက်၏၊ အဆာမပြေ။ နှစ်ပါးကွဲမှ အဆာ ပြေသည်၊
စောင့်ရှောက်သည်။ ။အစိုင် အခဲကို ချက်သောဝမ်းမီးပါစက
တေဇောသည် အရိပ်တွင်းဝင်သူကို ဖမ်းခွင့်ရသော ဘီလူးနှင့်
တူ၏။ ဘီလူးသည် ဖမ်းထားသော လူတယောက်၏ ဦးခေါင်း

ကို ဆာသောအခါ နာခံရုံကိုက်၏၊ ထိုလျှာ-နာ၍ အေ၁်သောအခါ၊ ကြားသူတို့ပြေးလာ၍ အရိပ်တွင်းဝင်ကုန်၏။ ဝင်သူတို့ကို ဘီလူး ဖမ်းစား၏။ ဝမ်းမီးသည်လည်း အစာအိမ်၌ထမင်းမရှိသောအခါ၊ အစာအိမ်ဝမ်းပြင်ကို ပူလောင်အောင်နှိပ်စက်၏၊ ဝမ်းပူလောင်၍ ထမင်းတို့ ဝင်လာသောအခါ ဝမ်းပြင်ကိုလွှတ်၍ ထမင်းဝင်လာ တိုင်းကိုချက်၏။

## အာကာသဓာတ်သဘော

ရေးခြစ်ခြင်း ထိခိုက်ခြင်း၌ ဖရ စကောင်းသော အကြားအပေါက်သည် အာကာသမည်၏။ သတ္တဇီဝ မဟုတ်သောကြောင့် ဓာတ်မည်၏။ ရုပ်ကလာပ်ချင်း မရောအောင် ပိုင်းခြားတတ်၏။ ကလာပ်တို့ဖြင့် ပိုင်းခြားခြင်းကိုလည်း ခံရ၏။ ပိုင်းခြားတတ်သော ကွက်လပ်၊ ပိုင်းခြားအပ်သော ကွက်လပ်ဟူလို။ ကလာပ်တခု မဟာဘုတ်နှင့် ကလာပ်တခု မဟာဘုတ် ထိကပ်စပ် နေသော်လည်း ထိုထိုရုပ်တို့၏ ကင်းဆိတ်သော အစွန်းသည် အာကာသ မည်၏။ ထိုအာကာသကို ဘုတ်လေးပါး ဖြင့် မထိအပ်၊ ရုပ်တွေး ငြိတွယ်ခြင်း မရှိ။

## ဝိညပ်ဒွေသဘော

ကာယဝိညပ်။ ။လှုပ်သောကိုယ်ဖြင့် မိမိအလိုကို သူတပါးကို သိစေသော အမူအရာသည်၊ ဝါ၊ မိမိကိုယ်တိုင် ရှေးဦး သွားပြီးအပ်သော အမူအရာသည် ကာယဝိညပ်မည်၏။ စောပန ကာယလည်း မည်၏။(ကိုယ်ဖြင့်+သိစေတတ်၊ သိအပ်-နှစ်မျိုး)

လက်ယပ်ခေါ်လို၊ ရှေ့သို့သွားလိုသော အခါတို့၌စိတ်ဖြစ်၏၊ မနောဒွါရဝီထိဇော ခုနစ်ကြိမ်ဖြစ်၏၊ ထိုစိတ်သည် စိတ္တဇအဋ္ဌ ကလာပ် ရုပ်ကိုဖြစ်စေ၏။ ထို၌ဝါယောရှိ၏။ ထိုစိတ္တဇ ဝါယော သည် အတူဖြစ်သော ရုပ်ကလာပ်ကို ခိုင်စေ၏၊ ဆောင်စေ၏။ လှုပ်စေ၏၊ ပါ၊ပဌမဇောမှ ဆဋ္ဌဇော အထိဝါယော ၆-ခုသည်

ခိုင်စေ၏၊ ဆောင်စေ၏၊ မလှုပ်စေနိုင်သေး။ ဂါယော ၆-ချအာ ထောက်အပံ့ရသော သတ္တမ ဝါယော သည်သာလျှင် ခိုင်စေ၏၊ ဆောင်စေ၏၊ လှုပ်စေ၏၊ ထိုအခါလက်ယပ်ခြင်း၊ သွားခြင်းတို့ ဖြစ်ကုန်၏၊ ထိုရုပ်ကလာပ်ကို ခိုင်စေခြင်း လှုပ်စေခြင်း၌ ကျေးဇူး ပြုသော အလိုဆန္ဒနှင့် တကွသော ဝါယောသတ္တိ ခြင်းရာထူးတရ သာလျှင် သိစေတတ်သောကြောင့် ကာယဝိညာဉ်မည်၏။

ရေကြီးစဉ်က ထင်နေသော အရေးကို နောက်မှမြင်ရသော အခါ"ဤနေရာအထိ ရေကြီး၏၊ ဤအထိကြီးခြင်းဖြင့် ဤလယ် ပြုပ်၏" ဟု မမြင်ရသော ရေကိုစိတ်တွေးဖြင့် သိရ၏၊ ဤ၌ထင် သော အရေးသည်သိစေတတ်၏၊ သိကြောင်းဖြစ်၏။ လှုပ်သော လက်ယပ်ကို မြင်ရသောအခါ"ဤလက်ယပ်ခြင်း၌ ဝါယောသတ္တိ ခြင်းရာထူးရှိ၏။ဤခြင်းရာထူးဖြင့် လာစေလို၏၊ သွားစေလို၏" ဟုမမြင်ရသောဝိညာဉ်ကို စိတ်တွေးမနော ဝိထိဖြင့်သာ သိရ၏။ ဤ၌ဝါယောသတ္တိသည် သိစေတတ်၏၊ သိကြောင်းဖြစ်၏၊ ဤကား သိစေသောဝိညာဉ်၊ဝါ-ကာရိုက်ဝိညာဉ်တည်း။

သိအပ်သောကြောင့် ဝိညာဉ်မည်ပုံကား၊ ဟိရဏ္ဍာန်များပင် ကျောက်ခဲကောက်သည်ကိုမြင်ရလျှင် ပစ်ခတ်လိမ့်မည်ဟု အလို ဆန္ဒနှင့် တကွသော ခြင်းရာထူးကို သိကုန်၏၊ ရှောင်ပြေးကုန် ၏၊ ဤ၌ ဝါယောသတ္တိ ခြင်းရာထူးသည် မိမိကိုယ်ဟိုင်ရှေးဦးစွာ သိအပ်သောကြောင့် ကာယဝိညာဉ်မည်၏၊ ဤကားသိအပ်သော ဝိညာဉ်၊ဝါ-ကံ၊ဝိညာဉ်တည်း။ (မျက်မြင်မှ ကာယဝိညာဉ်ကိုသိ။)

မမြင်ရခင် မထင်ရှားသော ဝိညာဉ်သည်လည်း မြင်ရသော အခါ ထင်ရှားစွာသိကြောင်း၊ သိအပ်-နှစ်ရသော သကတ်ကြောင့် ဝိညာဉ်ပင်မည်၏။

စိတ္တဇ ဝါယော၏ သတ္တိထူးဖြစ်ခဲ့လျှင် ဤဝိညာဉ်သည်စိတ္တဇ ဝါယောဇဖြစ်၏။ စိတ္တဇရုပ်မည်သင့်ပါမည်လော။ ။မည်သင့် ၏။ ဝါယောသတ္တိဖြစ်၍ စိတ်ကြောင့်တိုက်ရိုက် ဖြစ်သော စိတ္တဇ

ရုပ်မဟုတ်သော်လည်း စိတ္တဇရုပ်၏ ဝိညပ်ဖြစ်သည်။ စိတ္တဇမိုင် ဖြစ်သည်၊ ထိုကြောင့် ပိတ္တဇဟူ၍သာ အမည်ရလေသည်၊ ဤာန အမည်ဌာနီ၌ တင်စားသည်။

ပရမတ်အားဖြင့် လှုပ်သောရုပ်၊ ပြောင်းရွှေ့သော ရုပ်ရှိသလော၊ အဘယ်သို့လှုပ်သနည်း?။ ။ဥပါဒ်,ဌီ,ဘင်အားဖြင့် ဖြစ်ရာ၌ပင်၊ လျင်စွာချုပ်သောကြောင့် နေရာပြောင်းရွှေ့သော ရုပ်မရှိ၊ လှုပ်သောရုပ်လည်း မရှိ။ နီးကပ်စွာ ရုပ်တို့၏ ဖြစ်ခြင်းသည် ရုပ်ချင်းထိခိုက်သည်မည်၏၊ အရပ်တပါး၌ အဆင့်ဆင့် ရုပ်အသစ်အသစ်ဖြစ်ခြင်းသည် ရုပ်လှုပ်သည်မည်၏၊ ခပ်ဝေးဝေးဆင့်ဆင့် ဖြစ်ခြင်းသည် ရုပ်နေရာပြောင်းသည်၊ ရုပ်သွားသည်မည်၏။ ဤနည်းဖြင့် ရုပ်သွား၏၊ ရုပ်လှုပ်၏၊ မသွားသောရုပ်ပင်မရှိ။ တဒ္ဒမ္မ၊ ပစာ မရှိသည်၌ တင်စားသည်။

ကာယဝိညတ်လှုပ်ခြင်းကြောင့် ယခင်ပိတ္တဇရုပ် လှုပ်လျှင် လှုပ်ပါစေ။ ကြွင်းတိဇရုပ် အဘယ်ကြောင့် လှုပ်သနည်း?။ ။စတုသန္တတိရုပ်အစဉ်ကို ခွဲ၍မရသောကြောင့်တည်း။

**ဝစီဝိညတ်**။ ။ပြုက်ဆိုသော စကားသံဖြင့် မိမိအလိုကိုသိစေသောအမူအရာယည်။ ဝါ၊ သိအပ်သော အမူအရာသည် ဝစီဝိညတ်မည်၏။ စောဝနဝစီလည်းမည်၏။ (သိစေတတ်+သိအပ်-နှစ်မျိုး)

စကားကိုဆိုလိုသော အခါ စိတ်ဇော ခုနစ်ကြိမ်ဖြစ်၏၊ ထိုစိတ်သည် စိတ္တဇ အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏၊ ထို၌ ပထဝီဓာတ်ရှိ၏။ ထိုစိတ္တဇပထဝီသည် လည်ချောင်း အာစောက်စသည်တို့၌တည်သော ကမ္မဇပထဝီကို* ထိခိုက်၏။ ပထဝီမာမာနှစ်ခုထိခိုက်လျှင် ချက်ခြင်း အသံဖြစ်၏။ ထိုအသံသည် စိတ္တဇ

*လည်ချောင်း၌ထိခိုက်လျှင် က၊ခ၊ဂ၊ဃ၊င၊ အသံဖြစ်၏။ အာစောက်၌ ထိခိုက်လျှင် စ၊ဆ၊ဇ၊ဈ၊ည၊အသံဖြစ်၏။ အကြွင်းသိလေ။

သဒ္ဒမည်၏။ ဤဋ္ဌပဋ္ဌမဓောကပင် ထိခိုက်၍ အသံဖြစ်သော်လည်း ဓောခုနပ်ကြိမ် ပထဝီခုနစ်ချက်ကြောင့် အက္ခရာ တလုံးသာဖြစ်သည်။ ပထဝီနှစ်ခုထိခိုက်ကြောင်း ဖြစ်သော အလိုဆဋ္ဌနှင့်တကွသော ပထဝီသင်္ဃာတ်ခြင်းရာထုံး တခုသာလျှင် သိစေသော ဝစီဝိညတ်မည်၏။

သိအပ်သော ဝစီဝိညတ်ကား၊ တိဿ၊ ဒတ္တ– ဟုခေါ်သံကြားလျှင်(သောတဒွါရ ဝိထိဖြင့်ကြားလျှင်) ဝိညတ်ကို မနောဒွါရ ဝိထိစိတ်ဖြင့် သိအပ်၏၊ ထိုဝိညတ်ဖြင့် ဤသို့ဤသို့ ပြုစေလိုသည်ဟု အလိုကိုသိ၏၊ တိရစ္ဆာန်တို့အားလည်း သိခြင်း ထင်ရှား၏။ (နွားကြား မှုဝစီဝိညတ်ကိုသိ၏။)

ဤဝစီဝိညတ်လည်း စိတ္တဇမဟုတ်၊ စိတ္တဇရုပ်၏ ဝိညတ်ဖြစ်၍ သာစိတ္တဇမည်သည်။ ဝစီဝိညတ်ကြောင့် တိဇရုပ် နေရာပြောင်းရွေ့ခြင်း လှုပ်ခြင်းမရှိ၊ စိတ္တဇပင်မပြောင်းရွေ့။

## လဟုတာဒိဋ္ဌယသဘော

ကမ္မဇမှတပါးသော တိဇ နိပ္ဖန္နရုပ်တို့၏ ပေါ့ပါးသောအခြင်းအရာသည် ရူပဿလဟုတာမည်၏။ အနာကင်းသူနှင့်တူ၏။ ရုပ်တို့၏လေးလံခြင်းမရှိ။

တိဇ နိပ္ဖန္နရုပ်တို့၏ နူးညံ့သော အခြင်းအရာသည် ရူပဿမုဒုတာမည်၏။ ကောင်းစွာနယ်အပ်သော သားရေနှင့်တူ၏။ ရုပ်တို့၏ခက်ထန်ခြင်းမရှိ။

တိဇနိပ္ဖန္နရုပ်တို့၏ အမှုဋ္ဌခံသော အခြင်းအရာသည် ရူပဿကမ္မညတာမည်၏။ ဖျော်ဖြိုးဦးဖြိုးသော ရွှေနှင့်တူ၏၊ ကိုယ်အမူအရာအားလျော်၏။

ဤရုပ်သုံးခုကို ကံမပြုဖြင်၊ ဥတုစိတ် အာဟာရတို့သာ ပြုဖြင်ကုန်၏။ ကမ္မဇမဟုတ်၊ အချင်းချင်း မစွန့်ကြသော်လည်း လွန်ကဲသောအခြင်းအရာဖြင့် ထိုရုပ်သုံးခုတို့၏ ထူးခြားပုံကို သိအပ်၏။

## လက္ခဏာရုပ်လေးခုသဘော

ပဋိသန္ဓေမှ စကျ၍သက စသည်တို့ ဖြစ်သည် တိုင်အောင် ရုပ်တို့၏အစဖွား ဖြစ်ခြင်းသည် ဥပစယမည်၏။ နောက်၌အစဉ်မပြတ်ဖြစ်ခြင်းသည် သန္တတိမည်၏။ ဝါ၊တဘာဝတွင် မဖြစ်ဘူးသေးသောရုပ်တို့၏ ရှေးဦးစွာဖြစ်စသည် ဥပစယမည်၏၊ ဖြစ်ဘူးသောရုပ်တို့၏နောက်ဆက်၍ ဖြစ်စဉ်သည် သန္တတိမည်၏။ လက်ယက်တွင်းငယ်၌ ရေထွက်၍ ပြည့်သည်တိုင်အောင် ဥပစယသဘွယ်။ ရေလျှံ၍ စီးသွားသောကာလကို သန္တတိသဘွယ် ရှုအပ်၏။

နိပ္ဖန္နရုပ်တို့၏ ဥပါဒ်-ဓာတ်တရက်ပင် ရှေးဦးစွာဖြစ်စ၊နောက်ဆက်ဖြစ်စ-ဟူသော ခြင်းရာဖြင့်ရင်း၊ ဝေနေယျတို့၏ အလိုစွမ်းဖြင့်ရင်း နှစ်ပါးခွဲဟောသည်။ယရုပ်သဘောကား မထူးမပြား။

ဥပစယသည် ရှေးဦးစွာဖြစ်ခြင်း လက္ခဏာရှိ၏၊ အနာဂတ်ရုပ်တို့ကို ရှေ့အစွန်းမှပေါ်လာစေ၏၊ "ဤကားရုပ်ဖြစ်သည်၊ လက်ခံကြ"ဟုအပ်နှင်း၏။ ရုပ်၏ပြည့်စုံခြင်း ထင်ရှား၏။ ရှေးဦးစွာ ဖြစ်သော ရုပ်ကြောင့်ဖြစ်၏။

သန္တတိသည် ဆက်၍ဆက်၍ ဖြစ်ခြင်း လက္ခဏာရှိ၏၊ အစဉ်မပြတ်အောင်စပ်၏၊ဖွဲ့ချက်၏၊ ထင်ရှား၏၊ အစဉ်ဖွဲ့၍ ဆက်၍ဖြစ်သောရုပ်ကြောင့်ဖြစ်၏။

နိပ္ဖန္နရုပ်တို့၏ အချက်သို့ ရှေးရှုခြင်းဖြင့် အိုခြင်းသည် ဇရတာမည်၏။ ရင့်ခြင်းလက္ခဏာရှိ၏၊ ၎င်းအခိုက်ဖြစ်ခြင်းလျှင် လက္ခဏာရှိ၏၊ ကောင်းသို့ကပ်၍ဆောင်၏၊ ရုပ်သစ်ရုပ်ဦးမဟုတ်ခြင်း ထင်ရှား၏၊ စပါးဟောင်း နှင့်ပမာ၏၊ ရင့်ဆဲရုပ်ကြောင့်ဖြစ်၏။

ဤ၌ ဇရာဟူသည် သံပြုခြင်း သွားကျိုးခြင်းကို ဖြစ်စေ၏။သံပြုခြင်းသွားကျိုးခြင်းသည် ဇရာမဟုတ်။ ဇရာသွားရာ လမ်းကြောင်းဖြစ်၏။ မီးလောင်သွားရာ၌ မီးမထင်ရှား၊ လမ်းကြောင်းသာ ထင်ရှားသည်နှင့်ပမာ၏။ ဇရာကို မျက်စိဖြင့်မမြင်အပ်။

နိပ္ဖန္နရုပ်တို့၏ ကွယ်ပျောက်ခြင်းသည် အနိစ္စတာ မည်၏၊ ပျက်ဆဲဘင်အခိုက် လက္ခဏာရှိ၏။ ပျက်ဆဲရုပ်ကြောင့်ဖြစ်၏။

**ရန်သူသုံးဦး။** ။ဤလက္ခဏာရုပ်တို့ဖြင့် ဇာတိ၊ဇရာ၊မရဏာ ကိုယူအပ်၏။ ဇာတိသည် တောအုပ်သို့ ဆောင်သော ပဌမရန်သူ နှင့်တူ၏။ ဇရာသည် တောအုပ်၌ မထနိုင်အောင် ရိုက်သော ဒုတိယရန်သူနှင့်တူ၏။ မရဏာသည် ဦးခေါင်းဖြတ်သော တတိယ ရန်သူနှင့်တူ၏။ ။ဤရုပ်တို့သည် ဖြစ်ရုပ်မဟုတ်။ဖြစ်ရုပ်ကို-ဖြစ် ပြီ၊ တည်ပြီ၊ ပျက်ပြီ-ဟု မှတ်သားကြောင်း အမှတ်အသားတို့ သာဖြစ်သောကြောင့် လက္ခဏာရုပ်တို့မည်ကုန်၏။

## ရုပ်ဝေဘန်ခြင်းမှတ်ဘွယ်

ပသာဒ ရုပ်ငါးခုသည် အတ္တဘောဟူသော အတ္တကိုစွဲ၍ဖြစ် သောကြောင့် အဇ္ဈတ္တိကရုပ်မည်၏၊“ငါတို့ငါးခု မရှိလျှင် သင်· ထင်းတုံးဖြစ်လတ္တံ့”ဟုဆိုသကဲ့သို့ အတ္တဘောကို လွန်စွာကျေး ဇူးပြုသောကြောင့်လည်း အဇ္ဈတ္တိက ရုပ်မည်၏၊ အတ္တမည်သော စိတ်ကိုစွဲ၍ စိတ်တို့၏ ထွက်ဝင်ရာ ဒွါရအဖြစ်ဖြင့် ဖြစ်သော ကြောင့်လည်း အဇ္ဈတ္တိက ရုပ်မည်၏။ ။ကြွင်းရုပ် ၂၃-ခုသည် ထိုမှအပ ဖြစ်သောကြောင့် ဗာဟိရရုပ်မည်၏။

ရုပ်ခြောက်ခုသည် ပဉ္စဝိညာဏ ဓာတ်၊ မနောဓာတ်၊ မနော ဝိညာဏဓာတ်တို့၏ မှီရာဖြစ်သောကြောင့် ဝတ္ထုရုပ်မည်၏။
ရုပ်ခုနစ်ခုသည် စိတ်စေတသိက်တို့၏ ထွက်ရာ ဝင်ရာ တံခါး နှင့် တူသောကြောင့် ဒွါရရုပ်မည်၏။

ရုပ်ရှစ်ခုသည် အကြီးအကဲ ဖြစ်သောကြောင့် ဣန္ဒြိယ ရုပ် မည်၏။ ဤ၌ပသာဒငါးခုသည် ပဉ္စဝိညာဏ်၌ ကြီးကဲ၏၊ ပသာဒ ထက်မှ ဝိညာဏ်ထင်သည်။ဘာဝရုပ်သည် လိင်္ဂ နိမိတ္တစသည် တို့၌ကြီးကဲ၏။ ဣတ္ထိ၊ပုရိသ—ဘာဝ အားလျော်စွာ လိင်္ဂ၊ နိမိတ္တစ သောလေးပါးဖြစ်ရသည်။ ။ဇီဝိတသည် ကမ္မဇရုပ်ကို စောင့် ခြင်း၌ကြီးကဲ၏၊ ခဏာယုံ ၅၁-ချက်တည်အောင် ဇီဝိတ-စောင့် သည်။ ဇီဝိတလည်း မိမိစောင့်အပ်သော ရုပ်နှင့်စပ်၍ ၅၁-ချက်

တည်သည်-လှေကိုစောင့်သော လှေသူကြီးနှင့်တူ၏။ လှေသူကြီးလည်း လှေကြောင့်လိုရာရောက်သည်။

ဩဠာရိကရုပ် ၁၂-ခုစသည်ကို မထိ-ထိ၊ ထိ-ထိ-အဖြစ်ဖြင့် ထိခိုက်ပုံကို ဆိုပြီးပြီ။

ကမ္မဇရုပ် ၁၈-ခုသည် ဥပါဒိန္နရုပ်မည်၏။ တဏှာဒိဋ္ဌိအာရုံပြုအပ်သော လောကီကုသိုလ်၊ အကုသိုလ်ကံသည် ဥပမည်၏။ ထိုကံ၏အကျိုးအဖြစ်ဖြင့် ယူအပ်သော ရုပ်သည် အာဒိန္နမည်၏။ ထိုကြောင့် ဥပါဒိန္နရုပ်မည်၏၊ ကြွင်းတိဇရုပ်သည် အနုပါဒိန္နရုပ်မည်၏။ (တပါးသောနေရာ၌ကား သက်ရှိတကိုယ်လုံး စတုဇရုပ်သည်ဥပါဒိန္န၊ သက်မဲ့ဗဟိဒ္ဓဥတုဇရုပ်သည် အနုပါဒိန္န။)

ရုပ်ငါးခုသည် ပဉ္စဝိညာဏ်၏တည်ရာဖြစ်၍အာရုံယူတတ်သော ကြောင့် ဂေါစရဂ္ဂါဟကရုပ်မည်၏။ ထိုတွင်စက္ခုသည် ရူပကို ယူရာ၌ တခုထံတခုမရောက်ဘဲ အလင်းကို မှီ၍ယူသည်။ သောတသည် သဒ္ဒကိုယူရာ၌ တခုထံတခုမရောက်ဘဲ အာကာသကို မှီ၍ယူသည်၊ ထိုကြောင့် ၎င်းအာရုံနှစ်ပါး၏ မူလတည်ရာ ဒြပ်ကို "ဤအရပ်၌" ဟုသိရသည်။ ကြွင်းအာရုံသုံးပါးကို ယူရာ၌တခုထံတခုရောက်ပါမှ ဝါယော၊ အာပေါ၊ ပထဝီကို မှီ၍ယူသည်။ ထိုကြောင့် ထိုအာရုံသုံးပါး၏မူလတည်ရာ ဒြပ်ကို "ဤအရပ်၌" ဟုမသိရ၊ ရှေ့လျှင် ဖနေ့ရ မသိ၊ *မရှေ့လျှင်သိနိုင်၏။ရုပ်ရှစ်ခုမခွဲခြင်းကို ဇိဝိတဘာဏ္ဍပြရာ၌ဆိုပြီးပြီ။

## ရုပ်ဖြစ်ကြောင်းမှတ်ဘွယ်

အရူပဝိပါကင်သည် ရုပ်၌တပ်ခြင်းကင်းသော ကာမာဝစရဘာဝနာမှုဖြင့် ဖြစ်သည်။ ၎င်း၏အကြောင်းကံ-အရူပကုသိုလ်လည်း ရုပ်နှင့်ဆန့်ကျင်ဘက် ဖြစ်သည်၊ ၎င်း၏ဖြစ်ရာဘုံလည်းရုပ်

*မရှေ့သော အဆင်းကို အသံကိုအရှေ့၌၊ အနောက်၌ဟု သိနိုင်သည်။ရှေ့သောအနံ့၊ အရသာ၊အတွေ့ကို ဤသို့မသိ။ နှာခေါင်း၌၊ လျှာ၌၊ ကိုယ်၌သာ သိနိုင်သည်၊သင့်အောင်ယူလေ။

ဖြစ်ရာမဟုတ်။ ဤအကြောင်းသုံးပါးကြောင့် အရူပဝိပါက်လေးခုသည် ရုပ်ကိုမဖြစ်စေ၊ အရူပဘုံ၌ဖြစ်ခိုက်စိတ် ၄၂-ပါးလည်း ရုပ်ကိုမဖြစ်စေ။

ဒွေပဉ္စဝိညာဏ်သည် ဈာနင်မရှိသောကြောင့် ရုပ်ကိုမဖြစ်စေနိုင်(ဝိတက်၊ ဝိစာရစသော) ဈာနင်သည် ရုပ်ဖြစ်စေခြင်း၌ ထူးသောအကြောင်းဖြစ်၏။

ပဋိသန္ဓေစိတ်သည် အားနည်းသော ဝတ္ထုရုပ်ကို မှီရသောကြောင့်၎င်း၊ ရောက်လာစဧည့်သည် သဘွယ်ဖြစ်သောကြောင့်၎င်း–ရုပ်ကိုမဖြစ်စေနိုင်၊ မှီရာဝတ္ထုရုပ်သည် ပဋိသန္ဓေနှင့်ပြိုင်၍ ဖြစ်ခါစ ဟဒယဝတ္ထုရုပ်ဖြစ်၏၊ အားမရှိသေး။ ထိုနေရာ၌ ကမ္မဇရုပ်ကား အတိတ်ကံကြောင့်ဖြစ်၏။

ရဟန္တာစုတိလည်း ရုပ်ကိုမဖြစ်စေနိုင်။ မူလဋီကာ၌ကား စုတိအားလုံးပင်ရုပ်ကိုမဖြစ်စေနိုင်ဟုဆို၏။ ပဋိသန္ဓေနှင့် ရဟန္တာစုတိ– ရုပ်မဖြစ်စေသော်လည်း ဘဝင်စိတ်- ရုပ်ဖြစ်စေသောကြောင့်အထူးမကြံ့။

စိတ်သည် ဥပါဒ်ခဏ၌ ဇနကသတ္တိအားကောင်း၏၊ ထို့ကြောင့် ဥပါဒ်ခဏ၌သာ ရုပ်ကိုဖြစ်စေသည်၊ ဌီ,ဘင်ခဏ၌မဖြစ်စေ၊ အနန္တရစသော ဒွေးပစ္စည်းအထောက်အပံ့ကို ဥပါဒ်၌သာ ရသောကြောင့် ဥပါဒ်အားကောင်းသည်။

ပဉ္စဒွါရ၌ ဖြစ်သောစိတ်တို့သည် အားနည်းသောကြောင့်ဝိညပ်ကို၎င်း, ရယ်ရွှင်ခြင်းကို၎င်း, မဖြစ်စေ၊ စိတ္တဇရုပ်မျှကိုသာဖြစ်စေကုန်၏။ မနောဒွါရ၌ ဖြစ်သော ဇဝနာ၊ ဇောတို့သာလျှင် အားကောင်းသောကြောင့် ဝိညပ်၊ရယ်ရွှင်ခြင်း တို့ကိုလည်းဖြစ်စေကုန်၏၊ ပုထုဇဉ်တို့သည် ကုသိုလ် အကုသိုလ် သောမနဿရှစ်ချဖြင့်ရယ်ကုန်၏၊ သေက္ခ-ဒိဋ္ဌိဂတသမ္ပယုတ်ကြဉ်၍ ခြောက်ချဖြင့် ရယ်သည်။ ရဟန္တာ-ဟသိတုပ္ပါဒ်၊ မဟာကြိယာ သောမနဿ-ငါး ချဖြင့်ရယ်သည်။ မြတ်စွာဘုရား၏ ဟသိတုပ္ပါဒ်သည် ပုဗ္ဗေနိဝါသစသော ဉာဏ်တို့၏ အဆုံး၌ဖြစ်သည်။

ရုပ်တို့သည် ပဉ္စဒွါရဇောတစသော နောက်ပစ္စည်း အထောက် အပံ့ရ၍ ဋ္ဌိခဏ္ဍသာ အားကောင်းကုန်၏၊ ထိုကြောင့်တစေနော၊ သြဇာတို့သည် ဋ္ဌိခဏ္ဍသာ ဥတုဇရုပ် အာဟာရ ဇရုပ်ကိုဖြစ် စေကုန်၏။ ဋ္ဌိရောက်စတကြိမ်သာ ဖြစ်စေကုန်၏ဟူလို။

လဟုတာဒိတ္တယသည် ပစ္စုပ္ပန် အကြောင်း ဖြစ်သောစိတ်၊ ဥတု၊ အာဟာရကိုသာငဲ့သည်၊ အတိတ်ကံကိုမငဲ့။ ထိုကြောင့် ကမ္မဇမဖြစ်။

လက္ခဏာရုပ်တို့သည် ဖြစ်ရုပ်မဟုတ်၊ ဖြစ်ရုပ်တို့၏ အမှတ် လက္ခဏာတို့သာ ဖြစ်ကုန်၏၊ ထိုကြောင့် နကုတောဇတို့သာ တည်း။

## နိဗ္ဗာန်၌မှတ်ဘွယ်

**မျက်မှောက်နိဗ္ဗာန်။** ။နိဗ္ဗာန်ကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်၏ဟု ဆိုခြင်းဖြင့် အရိယာတို့သာ မျက်မှောက် ပြုနိုင်သည့်အဖြစ်ကို ပြသည်။

**တွေးဆနိဗ္ဗာန်။** ။မဂ်ဖိုလ်တို့၏ အာရုံဖြစ်သည် ဟူသော စကားဖြင့် ကလျာဏ ပုထုဇဉ်တို့ တွေးဆ၍ သိသည့်အဖြစ်ကို ပြသည်။ တွေးဆပုံကား၊ သမ္မတကို ပညတ်ကို အာရုံပြုသော ဉာဏ်သည် ကိလေသာကို မငြိမ်းစေနိုင်။ ထိုကြောင့် သမ္မတ ပညတ်သည်ကိလေသာငြိမ်းကြောင်း နိဗ္ဗာနမဟုတ်သေး၊ ကိလေ သာကို ငြိမ်းစေခြင်းသည်လည်း ထင်ရှားရှိ၏။ ထိုငြိမ်းကြောင်း နိဗ္ဗာနသည် သမ္မတ ပညတ်တို့မှတပါး ထင်ရှားရှိသော ဓမ္မတခု ပင်ဖြစ်မည်၊ အဘာဝမဟုတ်။ ငြိမ်သက်သော သန္တိလက္ခဏာ ဖြင့်လေဆိတ်ရာ ဆိမ်းပမာ ထင်စွာရှိရမည်-ဟုတွေးဆ၍ သိနိုင် ကုန်၏။

**နိဗ္ဗာန်တခု။** ။တဏှာငတ်သည် တေဘူမကတရားတို့ကို ဖွဲ့ချုပ်သောကြောင့် ဝါနမည်၏၊ တဏှာ-ဝါနအာရုံမပြုနိုင်အောင်

လွန်ချာအရပ်သည် နိဗ္ဗာန်မည်၏၊ (နေပူမဟုတ်လျှင်အရိပ်၊ အမှောင်မသမ်းလျှင်အလင်း၊တဘက်ဘာမဖွဲ့လျှင်နိဗ္ဗာန်။)

**နိဗ္ဗာန်နှစ်ခု။** ။ခန္ဓာငါးပါးသည် ဥပါဒိန်လေးပါး စွဲယူအပ်သောကြောင့် ဥပါဒိမည်၏။ ကိလေသာတို့မှ ကြွင်းသောကြောင့် သေသလည်းမည်၏၊ ကိလေသာမှကြွင်းသော ထိုခန္ဓာငါးပါးနှင့်တကွ ဖြစ်သော နိဗ္ဗာန်သည် သဉပါဒိသေသ မည်၏။ ခန္ဓာကြွင်းရှိသူ၏ အာရုံပြုခံရသော နိဗ္ဗာန်ဟူလို။ ။ထိုနိဗ္ဗာန်သည်ပင်လျှင်ခန္ဓာဟူသော ဥပါဒိလည်းမရှိ၊ သေသလည်းမရှိ၊ ထိုကြောင့် အနုပါဒိသေသမည်၏၊ တခုတည်းသော နိဗ္ဗာန်ဖြစ်လျက်ခေါ်ဝေါ်ခြင်း၌ အကြောင်းအမြွက်ဖြင့် နှစ်မျိုးခွဲခေါ်ထားသည်။

**နိဗ္ဗာန်သုံးခု။** ။အခြင်းအရာ ပြားခြင်းဖြင့် သုံးမျိုးခွဲခေါ်ပုံကား-ရာဂဒေါသ မောဟတို့မှ ဆိတ်သောကြောင့် သုညတ(ယှဉ်လည်းမယှဉ်၊ အာရုံမှုလည်း မပြုဟူလို။) ရာဂစသောအကြောင်းကင်းသောကြောင့် အနိမိတ္တ။ရာဂစသော တောင့်တခြင်း မရှိသောကြောင့် အပ္ပဏိဟိတ၊ ဤသို့သုံးမျိုးပြား၏။

တနည်း။သင်္ခါရအားလုံးမှဆိတ်သောကြောင့် သုညတ။သင်္ခါရဟူသော အကြောင်း နိမိတ်မရှိသောကြောင့် အနိမိတ္တ။တဏှာတောင့်တခြင်း မရှိသောကြောင့် အပ္ပဏိဟိတ။ ဤသို့သုံးမျိုးပြား၏။

ရုပ်ပိုင်းအရသာပြီး၏။

---

## ၇....သမုစ္စည်းပိုင်း

လက္ခဏာနှင့်တကွ ဖြစ်ကုန်သော ၇၂-ပါးသောစိတ်၊ စေတသိက်၊ နိပ္ဖန္နရုပ်၊ နိဗ္ဗာန်တို့ကို ဆိုပြီး၍ယခုအခါ ထိုသဘောတရားတို့၏ အပေါင်းအစုသမုစ္စည်းကို ဆိုပေအံ့။

(စိတ်သည် အာရုံသိခြင်းလက္ခဏာရှိ၏။ စေတသိက် ၅၂-ခုသည် တွေ့ထိခြင်းစသော လက္ခဏာအသီးသီးရှိ၏။ နိပ္ဖန္နရုပ် ၁၈-ခုသည် ကြမ်းတမ်းခြင်းစသော လက္ခဏာအသီးသီးရှိ၏။ နိဗ္ဗာန်သည် ငြိမ်းသက်ခြင်းလက္ခဏာရှိ၏။ ဤ ၇၂-ပါးတို့၏ ပေါင်းရခြင်းသည် သမုစ္စည်းမည်၏။ အနိပ္ဖန္နရုပ်တဆယ်ကား နိပ္ဖန္နရုပ်တို့၏ အကြားတခု၊ အမူအရာငါးခု၊ အမှတ်လက္ခဏာလေးခု အဖြစ်ဖြင့်ပါဝင်၏။)

အကုသလသင်္ဂဟ၊ မိဿကသင်္ဂဟ၊ ဗောဓိပက္ခိယသင်္ဂဟ၊ သဗ္ဗသင်္ဂဟ-ဤသို့သမုစ္စယသင်္ဂဟ လေးခုသိအပ်၏။

## အကုသလသင်္ဂဟ

အကုသလသင်္ဂဟ၌ အာသဝတို့သည် ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ-အားဖြင့်လေးပါးဖြစ်ကုန်၏။ (တရားကိုယ်အားဖြင့်-လောဘ၊ ဒိဋ္ဌိ၊ မောဟ-သုံးပါး။ ။မဂ်ပယ်စဉ်အားဖြင့် သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌာသဝကိုပယ်သည်။ အနာဂါမိမဂ်ဖြင့် ကာမာသဝကိုပယ်သည်။ အရဟတ္တမဂ်ဖြင့် ဘဝါသဝ၊ အဝိဇ္ဇာသဝ-နှစ်ပါးကိုပယ်သည်။)

ဩဃတို့သည် ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ-အားဖြင့် လေးပါးဖြစ်ကုန်၏။ (တရားကိုယ်၊ မဂ်ပယ်စဉ်တူပြီ။)

ယောဂတို့သည် ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂ-အားဖြင့် လေးပါးဖြစ်ကုန်၏။ (တူပြီ။)

ဂန္ထတို့သည် အဘိဇ္ဈာကာယဂန္ထ၊ ဗျာပါဒကာယဂန္ထ၊ သီလဗ္ဗတပရာမာသကာယဂန္ထ၊ ဣဒံသစ္စာဘိနိဝေသကာယဂန္ထ-အားဖြင့်လေးပါးဖြစ်ကုန်၏။ (တရားကိုယ်-လောဘ၊ ဒေါသ၊ ဒိဋ္ဌိ-သုံးပါး။ ။မဂ်ပယ်စဉ်-သောတာပတ္တိမဂ်ဖြင့် သီလဗ္ဗတပရာမာသကာယဂန္ထ-ဣဒံသစ္စာဘိနိဝေသကာယဂန္ထ-ကို ပယ်သည်၊ အနာဂါမိမဂ်ဖြင့် ဗျာပါဒကာယဂန္ထကို ပယ်သည်။ အရဟတ္တမဂ်ဖြင့် အဘိဇ္ဈာကာယဂန္ထကို ပယ်သည်။)

ဥပါဒါန်တို့သည် ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်-အားဖြင့် လေးပါးဖြစ်ကုန်၏။ (လောဘ၊ ဒိဋ္ဌိ-နှစ်ပါး။ ။သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌုပါဒါန်။ သီလဗ္ဗတုပါဒါန်။ အတ္တဝါဒုပါဒါန်သုံးပါးကိုပယ်သည်၊အရဟတ္တမဂ်ဖြင့် ကာမုပါဒါန်ကို ပယ်သည်။ အနာဂါမိမဂ်ဖြင့်ဟု အသိညာဏ် ချွတ်တတ်သည်။)

နီဝရဏတို့သည် *ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏ၊ ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏ၊ ဝိစိကိစ္ဆာနီဝရဏ၊ အဝိဇ္ဇာနီဝရဏ-အားဖြင့် ခြောက်ပါးဖြစ်ကုန်၏။ (လောဘ၊ ဒေါသ၊ ထိန၊ မိဒ္ဓ၊ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊မောဟ-ရှစ်ပါး။ ။သောတာပတ္တိမဂ်ဖြင့် ကုက္ကုစ္စ၊ဝိစိကိစ္ဆာ-နှစ်ပါးကိုပယ်သည်။ အနာဂါမိမဂ်ဖြင့် ကာမစ္ဆန္ဒ၊ ဗျာပါဒ- နှစ်ပါးကိုပယ်သည်။ အရဟတ္တမဂ်ဖြင့်ထိန၊ မိဒ္ဓ၊ဥဒ္ဓစ္စ၊အဝိဇ္ဇာ-လေးပါးကိုပယ်သည်။)

အနုသယတို့သည် ကာမရာဂါနုသယ၊ ဘဝရာဂါနုသယ၊ ပဋိဃာနုသယ၊ မာနာနုသယ၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ၊ အဝိဇ္ဇာနုသယ-အားဖြင့် ခုနစ်ပါးဖြစ်ကုန်၏၊ (လောဘ၊ ဒေါသ၊ မာန၊ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊မောဟ-ခြောက်ပါး။ ။သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌာနုသယ၊ဝိစိကိစ္ဆာနုသယနှစ်ပါးကိုပယ်သည်။ အနာဂါမိမဂ်ဖြင့် ကာမရာဂါနုသယ၊ပဋိဃာနုသယနှစ်ပါးကိုပယ်သည်။ အရဟတ္တမဂ်ဖြင့် ဘဝရာဂ၊ မာန၊ အဝိဇ္ဇာ-သုံးပါးကိုပယ်သည်။)

သံယောဇဉ်တို့သည် သုတ္တန်နည်းအားဖြင့် ကာမရာဂ သံယောဇဉ်၊ ရူပရာဂသံယောဇဉ်၊ အရူပရာဂသံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ မာနသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်၊ အ

---

* ချွန်ပယ်ပုံကား-ဝိတက်ဖြင့် ထိနမိဒ္ဓကိုပယ်ခြင်းသည်၊ဝိစာရဖြင့်ဝိစိကိစ္ဆာကိုပယ်ခြင်းသည်၊ပီတိဖြင့်ဗျာပါဒကိုပယ်ခြင်းသည်၊သုခဖြင့် ဥဒ္ဓစ္စ ကုက္ကုစ္စကိုပယ်ခြင်းသည်၊ ဧကဂ္ဂတာဖြင့် ကာမစ္ဆန္ဒကိုပယ်ခြင်းသည်။ ။ထိမိဒ်၊ဝိ၊ဗျာ၊ဥဒ်ကုက်၊ကာ-ငါးဖြာ ချွန်ပယ်။ ။အဝိဇ္ဇာကိုချွန်မပယ်။ ။ဧကဂ္ဂတာ၊ ပီတိ၊ဝိတက်၊သုခ၊ဝိစာရ၊ အရဟတ္တမဂ်....၌ကား အဘယ်နှင့် ညီအောင်စဉ်သည်ဟု ဖော်နိုင်စေလော။

ဝိစ္ဆာသံယောဇဉ်-အားဖြင့် ဆယ်ပါးဖြစ်ကုန်၏။ (လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ မောဟ-ခုနစ်ပါး။)

အဘိဓမ္မာနည်းအားဖြင့် ကာမရာဂ သံယောဇဉ်၊ ဘဝရာဂ သံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ မာနသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသသံယောဇဉ်၊ ဝိစိကိစ္ဆာ သံယောဇဉ်၊ ဣဿာ သံယောဇဉ်၊ မစ္ဆရိယ သံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်-အားဖြင့် ဆယ်ပါးဖြစ်ကုန်၏။ (လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဣဿာ၊ မစ္ဆရိယ၊ မောဟ-ရှစ်ပါး။ ။သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိ၊ သီလဗ္ဗတ၊ ဝိစိကိစ္ဆာ၊ ဣဿာ၊ မစ္ဆရိယ-ငါးပါးကိုပယ်သည်။ အနာဂါမိမဂ်ဖြင့် ကာမရာဂါနုသယ၊ ပဋိဃာနုသယ-နှစ်ပါးကိုပယ်သည်၊ အရဟတ္တမဂ်ဖြင့် ဘဝရာဂ၊ မာန၊ အဝိဇ္ဇာ-သုံးပါးကိုပယ်သည်။)

မှတ်ချက်အတူး။ ။[သုတ္တန်၌ဥဒ္ဓစ္စတခု၊ အဘိဓမ္မာ၌ဣဿာ၊ မစ္ဆရိယနှစ်ခု။ နှစ်ပါးစုံ၌ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ မောဟ-ခြောက်ခု။ နှစ်ရပ်ပေါင်း-လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဣဿာ၊ မစ္ဆရိယ၊ မောဟ၊ ဥဒ္ဓစ္စ-ကိုးပါး။ ။အလွတ်ကား-အဟိရိက၊ အနောတ္တပ္ပ၊ ကုက္ကုစ္စ၊ ထိန၊ မိဒ္ဓ-ငါးပါး။ ။သောတာပတ္တိမဂ်ဖြင့် ကုက္ကုစ္စကိုပယ်သည်၊ အရဟတ္တမဂ်ဖြင့် ကြွင်းလေးပါးကိုပယ်သည်။]

ကိလေသာတို့သည် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ-အားဖြင့် ဆယ်ပါးဖြစ်ကုန်၏၊ (တရားကိုယ်သည်းထိုဆယ်ပါးတည်း။ ။သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ-နှစ်ပါးကိုပယ်သည်။ အနာဂါမိမဂ်ဖြင့် ဒေါသကိုပယ်သည်၊ အရဟတ္တမဂ်ဖြင့် ကြွင်းသော လောဘ၊ မောဟ၊ မာန၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ-ခုနစ်ပါးကိုပယ်သည်။ ။ကိလေသာမည်သော ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စကို သောတာပတ္တိမဂ်ဖြင့် ပယ်သည်၊ မိဒ္ဓကိုအရဟတ္တမဂ်ဖြင့် ပယ်သည်။)

အာသဝစသည်တို့၌-ကာမ၊ ဘဝ-ဟူသော အမည်နှစ်ပါးဖြင့် ကာမကိုရင်း၊ ဘဝကိုရင်း၊ အာရုံပြုသော တဏှာကို ယူအပ်၏။ (ကာမနှင့်ဘဝသည်အာရုံအမည်ဖြစ်သည်။)

သီလဗ္ဗတ-စသောသုံးပါးဖြင့် ထိုထိုခြင်းရာဖြင့်ဖြစ်သော ဒိဋ္ဌိ စေတသိက်ကို ယူအပ်၏။ (သီလ–အလေ့+ဝတ–အကျင့်၊ ပရာမာသ–သုံးသပ်ခြင်း။) နွားတို့၏၊ အလေ့အကျင့်ဖြင့် နိဗ္ဗာန်ရ၏-ဟု သုံးသပ်လျှင် သီလဗ္ဗတပရာမာသမည်၏။ (ဣဒံ-ဤသည်+သစ္စံ-မှန်၏+အဘိနိဝေသ+နှလုံးသွင်းခြင်း။) ဤငါ၏အယူသာမှန်သည် ဟု နှလုံးသွင်းလျှင် ဣဒံသစ္စာဘိနိဝေသမည်၏။ (အတ္တဝါဒ-အတ္တ-ရှိ၏ဟု ဆိုခြင်း+ဥပါဒါန-မြဲစွာယူခြင်း။)အတ္တရှိ၏ဟု မြဲစွာယူလျှင် အတ္တဝါဒု ပါဒါနမည်၏။

တရားကိုယ်အားဖြင့် အာသဝ၊ ဩဃ၊ ယောဂ၊ ဂန္ထ-သုံးပါးစီ။ ဥပါဒါန်-နှစ်ပါး။ နီဝရဏ-ရှစ်ပါး။ အနုသယ-ခြောက်ပါး။ သံယောဇဉ်-ကိုးပါး။ ကိလေသာ-ဆယ်ပါး။ ဤသို့အကုသလ သင်္ဂဟကို ကိုးဌာနဟောသည်။

(ဤသင်္ဂဟ၌ စေတသိက် စဉ်တိုင်း-မောဟ-၇-ဌာန၊ အဟိရိက-၁။ အနောတ္တပ္ပ-၁။ ဥဒ္ဓစ္စ-၃။ လောဘ-၉-ဌာန+၁၄-ကြိမ်။ ဒိဋ္ဌိ-၈-ဌာန+၁၂-ကြိမ်။ မာန-၃။ ဒေါသ-၅။ ဣဿာ-၁။ မစ္ဆရိယ-၁။ ကုက္ကုစ္စ-၁။ ထိန-၂။ မိဒ္ဓ-၁။ ဝိစိကိစ္ဆာ-၄-ဌာနဖြစ်၏။ အကုသိုလ်စေတသိက် ၁၄-ခုသာဟောသည်။ ။တဌာန-၆။နှစ်ဌာန-၁။ သုံးဌာန-၂။ လေးဌာန-၁။ ငါးဌာန-၁။ ခြောက်မရှိ။ ခုနစ်ဌာန-၁၊ ရှစ်ဌာန-၁။ ကိုးဌာန-၁။ ပေါင်း ၁၄။)

## မိဿကသင်္ဂဟ

မိဿကသင်္ဂဟ၌ ဟိတ်တို့သည် လောဘ၊ ဒေါသ၊မောဟ၊အလောဘ၊ အဒေါသ၊ အမောဟ-အားဖြင့် ခြောက်ပါး ဖြစ်ကုန်၏။ (တရားကိုယ်လည်း ထိုခြောက်ပါးတည်း။)

ဈာနင်တို့သည် ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ-အားဖြင့် ခုနစ်ပါးဖြစ်ကုန်၏။ (ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ၊ ဝေဒနာဟု—ငါးပါး။)

မဂ္ဂင်တို့သည် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ။ မိစ္ဆာဝါယာမ၊ မိစ္ဆာသမာဓိ-အားဖြင့် ၁၂-ပါးဖြစ်ကုန်၏။ (ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ-ကိုးပါး။)

ဣန္ဒြေတို့သည် စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဇီဝိတိန္ဒြေ၊ မနိန္ဒြေ၊ သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ၊ အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ-အားဖြင့် ၂၂-ပါးဖြစ်ကုန်၏။ ။(စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဣတ္ထိဘာဝရုပ်၊ ပုရိသဘာဝရုပ်၊ ဇီဝိတရုပ်၊ ရုပ်ဣန္ဒြေရှစ်ပါး၊ ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ-နာမ် ဣန္ဒြေရှစ်ပါး—ပေါင်း ၁၆—ပါး။)

ဗိုလ်တို့သည် သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်၊ ဟိရီဗိုလ်၊ ဩတ္တပ္ပဗိုလ်၊ အဟိရိကဗိုလ်၊ အနောတ္တပ္ပဗိုလ်—အားဖြင့် ကိုးပါးဖြစ်ကုန်၏။ (တရားကိုယ်လည်း တို့ကိုးပါးတည်း။)

အဓိပတိတို့သည် ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိ-အားဖြင့် လေးပါးဖြစ်ကုန်၏။ (ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာ—လေးပါး။)

အာဟာရတို့သည် ကဗဠီကာရအာဟာရ၊ ဖဿအာဟာရ၊ မနောသဉ္စေတနာ အာဟာရ၊ ဝိညာဏ အာဟာရ—အားဖြင့် လေးပါးဖြစ်ကုန်၏။ (အာဟာရရုပ်၊ ဖဿ၊ စေတနာ၊ စိတ်—လေးပါး။)

ဤသင်္ဂဟာ၌ ဇုန္မြေတို့တွင် သောတာပတ္တိ မဂ်ဉာဏ်သည် အနညာတ + ညသ္သာမိတိ+န္ဒြေ (အနင်ဉာတင်+ ဥဿာမိတိန်+ န္ဒြေ)မည်၏။ အရဟတ္တဖိုလ်ဉာဏ်သည် အညာတာဝိန္ဒြေ မည်၏။ အလယ်ဉာဏ် ခြောက်ရသည် အညိန္ဒြေမည်၏။ ကြွင်းလောကီ ဉာဏ် ၃၉-ခုသည်၊ ဝါ၊ဉာဏ်အားလုံး၄၇-သည် ပညိန္ဒြေမည်၏။ ။ ဇီဝိတိန္ဒြေသည် ရုပ်ဇီဝိတိန္ဒြေ၊ နာမ်ဇီဝိတိန္ဒြေ-ဟု ရုပ်နာမ်အားဖြင့် နှစ်ပါးပြား၏။

ဒွေပဉ္စ ဝိညာဏ် တဆယ်၌ ဈာနင်မရ။ (ဧကဂ္ဂတာ-၁၀၊ ဥပေက္ခာ ၈-ကားရှိသည်။)ဝိရိယ မယှဉ်သောစိတ် ၁၆-ခု၌ဖိုလ်မ ရ။ (ဧကဂ္ဂတာ ၁၆-ကားရှိသည်။) အဟိတ်စိတ် ၁၈-ခု၌မဂ္ဂင်မရ။ (ဝိတက်-၈၊ ဝိရိယ ၂၊ ဧကဂ္ဂတာ ၁၈-ကားရှိသည်။)

ဝိစိကိစ္ဆာစိတ်၌ ဧကဂ္ဂတာသည် မဂ္ဂင်၊ ဣန္ဒြေ၊ ဖိုလ်မထိုက်။ (မိစ္ဆာသမာဓိမဂ္ဂင်၊ သမာဓိန္ဒြေ၊ သမာဓိဗိုလ်မမည်ဟုလို။)

★ဓမ္မသင်္ဂဏီ ပါဠိတော်၌ အဝိရိယစိတ် ၁၆-၌ရှိသော ဧကဂ္ဂ တာကို သမာဓိန္ဒြေဟုမဟော၊ ဤစကား သင်္ဂြိုဟ်၌တိုက်ရိုက်မပြ။

ဒွိဟိတ်ဇော ၁၈၊တိဟိတ်ဇော ၃၄-အားဖြင့် သာဓိပတိဇော ၅၂-ခုတို့၌ သာလျှင် ဖြစ်သင့်သည်အားလျော်စွာ အဓိပတိကို တခုစီရသည်။ နှစ်ခု,သုံးခု,လေးခုပြိုင်တူမရ။

တရားကိုယ်အားဖြင့် ဟိတ် ၆-ပါး၊ ဈာနင် ၅-ပါး၊ မဂ္ဂင် ၉-ပါး၊ ဣန္ဒြေ ၁၆-ပါး၊ ဖိုလ် ၉-ပါး၊ အဓိပတိ ၄-ပါး၊ အာဟာရ ၄-ပါး။ ဤသို့မိဿကသင်္ဂဟကို ၇—ဌာနဟောသည်။

(ဤသင်္ဂဟာ၌ စိတ်၊ စေတသိက်၊ ရုပ်-စဉ်အတိုင်း- စိတ် ၃- ဌာန၊ ဖဿ-၁၊ ဝေဒနာ ၂-ဌာန+၈ကြိမ်။ စေတနာ ၁။ ဧကဂ္ဂ တာ ၄-ဌာန + ၅ကြိမ်။ဇီဝိတိန္ဒြေ ၁။ ဝိတက် ၂—ဌာန + ၃ -ကြိမ်။ ဝိစာရ ၁၊ ဝိရိယ ၄-ဌာန+၅-ကြိမ်။ ပီတိ ၁။ ဆန္ဒ ၁၊ ၊

* ဓမ္မသင်္ဂဏီပါဠိတော်၌ ဝိစိကိစ္ဆာ၊ အဝိရိယစိတ်တို့၌ဟောပုံ၊တပါးသော စိတ်တို့၌ဟောပုံကို ကြည့်ရှု မှတ်သားခြင်းဖြင့် အလေးပြုထိုက်၏။

မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊လောဘ၊ ဒိဋ္ဌိ၊ဒေါသ ၁-စီ။ သဒ္ဓါ ၂၊ သတိ ၃။ ဟိရိ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ၁-စီ။ ပညာ ၅-ဌာန+၈-ကြိမ်။ ။စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဣတ္ထိဘာဝ၊ ပုရိသဘာဝ၊ဇီဝိတ၊အာဟာရ ၁-စီဖြစ်၏။ ။စိတ် ၁၊စေတသိက် ၂၆။ရုပ် ၉-အားဖြင့် ၃၆-ပါးဟောသည်။ ။တဌာန-၂၀။နှစ်ဌာန ၃။ သုံးဌာန-၂။လေးဌာန ၂။ ငါးဌာန ၁။ ပေါင်း ၃၆။)

## ဗောဓိပက္ခိယသင်္ဂဟ

ဗောဓိပက္ခိယ သင်္ဂဟ၌ သတိပဋ္ဌာန်တို့သည် ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်။ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်-အားဖြင့် လေးပါးဖြစ်ကုန်၏။ (သတိတပါးတည်း။)

သမ္မပ္ပဓာန်တို့သည် ဥပ္ပန္နအကုသိုလ်တို့ကို ပယ်ခြင်းငှါလုံ့လပြုခြင်း၊ အနုပ္ပန္န အကုသိုလ်တို့ကို မဖြစ်စေခြင်းငှါ၊ လုံ့လပြုခြင်း၊ အနုပ္ပန္နကုသိုလ်တို့ကို ဖြစ်စေခြင်းငှါ လုံ့လပြုခြင်း၊ ဥပ္ပန္နကုသိုလ်တို့ကို လွန်စွာဖြစ်စေခြင်းငှါ လုံ့လပြုခြင်းအားဖြင့် လေးပါးဖြစ်ကုန်၏။ (ဝိရိယတပါးတည်း။)

ဣဒ္ဓိပါဒ်တို့သည် ဆန္ဒိဒ္ဓိပါဒ်၊ ဝိရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝိမံသိဒ္ဓိပါဒ်-အားဖြင့်လေးပါးဖြစ်ကုန်၏။(အဓိပတိအလားလေးပါး)

ဣန္ဒြေတို့သည် သဒ္ဓိန္ဒြေ၊ ဝိရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ-အားဖြင့်ငါးပါးဖြစ်ကုန်၏။ (ငါးပါး။)

ဗိုလ်တို့သည် သဒ္ဓါဗိုလ်၊ ဝိရိယဗိုလ်၊ သတိဗိုလ်၊သမာဓိဗိုလ်-ပညာဗိုလ်အားဖြင့် ငါးပါးဖြစ်ကုန်၏၊ (ငါးပါး။)

ဗောဇ္ဈင်တို့သည် *သတိသမ္ဗောဇ္ဈင်၊ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ဝိရိယသမ္ဗောဇ္ဈင်၊ပီတိသမ္ဗောဇ္ဈင်၊ပဿဒ္ဓိသမ္ဗောဇ္ဈင်၊သမာဓိသမ္ဗော

*သမ္ဗုဒ္ဓက-အချိန်နေရေမရွေး အလိုရှိအပ်တပါး၊ တွန့်ခြင်း၏ ဆန့်ကျင်ဘက် သုံးပါး။ပြန့်ခြင်း၏ ဆန့်ကျင်ဘက်သုံးပါး-ဟု အစဉ်ထားသည့် ဗောဇ္ဈင်ခုနစ်ပါး။

ရွှင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်-အားဖြင့် ခုနစ်ပါးဖြစ်ကုန်၏။ (သတိ ပညာ၊ဝီရိယ၊ပီတိ၊ပဿဒ္ဓိ၊ဧကဂ္ဂတာ၊တတြမဇ္ဈတ္တတာ-ခုနစ်ပါး။)

မဂ္ဂင်တို့သည် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ။ သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာအာဇီဝ။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ အားဖြင့် ရှစ်ပါးဖြစ်ကုန်၏။ (ရှစ်ပါး။)

ဤသင်္ဂဟ၌ သမ္မာသတိတခုကိုပင် သတိပဋ္ဌာန် လေးပါးပြား၍ ဟောသည်။သမ္မာဝါယာမတခုကိုပင် သမ္မပ္ပဓာန်လေးပါးပြား၍ဟောသည်။

တရားကိုယ်အားဖြင့် စိတ်စေတသိက် စဉ်အတိုင်း-စိတ်။ဧကဂ္ဂတာ။ ဝိတက်။ ဝီရိယ။ပီတိ၊ ဆန္ဒ၊ ။သဒ္ဓါ၊ သတိ၊ တတြမဇ္ဈတ္တတာ၊ ပဿဒ္ဓိ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ပညာ-ဟု ၁၄-ပါး၊ အပြား ၃၇-ပါး။ ဌာနကား "သ၊ သမ၊ ကုဒ၊ ဋ္ဌာန်၊ ဗိုလ်၊ ဗော၊ မင်"-၇-ပါး။

စိတ်၊ ဝိတက်၊ ပီတိ၊ ဆန္ဒ၊ တတြမဇ္ဈတ္တတာ၊ ပဿဒ္ဓိ၊ ဝါစာ၊ ကမ္မန္တ၊ အာဇီဝ။ ဤကိုးပါးကို တဌာနတကြိမ်စီ ဝေဘန်သည်။ သဒ္ဓါ-နှစ်ဌာန။ ဧကဂ္ဂတာ-လေးဌာန။ ပညာ-ငါးဌာန။ သတိ-ငါး ဌာန်+ရှစ်ကြိမ်။ ဝီရိယ-ခြောက် ဌာန+ကိုးကြိမ် ဝေဘန်သည်။ ။တဌာန-၉။ နှစ်ဌာန-၁။ လေးဌာန-၁။ ငါးဌာန-၂။ ခြောက်ဌာန-၁။ ပေါင်း ၁၄။

ဗောဓိပက္ခိယ တရား ၃၇-ပါးတို့သည် လောကုတ္တရာ စိတ် ရှစ်ခု၌တပြိုင်တည်း အတူဖြစ်ကုန်၏။ အချို့လောကုတ္တရာ(ဒုတိယ ဈာန်စသည်)၌ သင်္ကပ္ပနှင့် ပီတိကားမဖြစ်။

လောကီကုသိုလ်၌လည်း သီလဝိသုဒ္ဓိစသော ဝိသုဒ္ဓိခြောက် ပါးဖြစ်သောအခါ သတိပဋ္ဌာန် စသည်တို့ ဖြစ်ကုန်၏။ ဖြစ်သော် လည်း ထိုထိုကိစ္စအားလျော်စွာ အချို့အသီးသီး ဖြစ်ကုန်၏။

## သဗ္ဗသင်္ဂဟ

သဗ္ဗသင်္ဂဟာ၌ ခန္ဓာတို့သည် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ-အားဖြင့် ငါးပါး ဖြစ်ကုန်၏။ ထိုငါးပါးတို့တွင် ရုပ်အဋ္ဌဝီသသည် ရူပက္ခန္ဓာမည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။ ကြွင်းသော စေတသိက် ၅၀-သည် သင်္ခါရက္ခန္ဓာမည်၏။ စိတ်တခု ယုတ် ကိုးဆယ်သည် ဝိညာဏက္ခန္ဓာမည်၏။ နိဗ္ဗာန်သည်အပြား (၁၁-ပါး)မရှိသော ကြောင့်ခန္ဓာဟူသောအရေအတွက်မှလွတ်၏။

ဥပါဒါနက္ခန္ဓာတို့သည် ရူပုပါဒါနက္ခန္ဓာ၊ ဝေဒနုပါဒါနက္ခန္ဓာ၊ သညုပါဒါနက္ခန္ဓာ၊ သင်္ခါရုပါဒါနက္ခန္ဓာ၊ ဝိညာဏုပါဒါနက္ခန္ဓာ၊ အားဖြင့် ငါးပါးဖြစ်ကုန်၏။ ထိုငါးပါးတွင် ရုပ်အဋ္ဌဝီသသည် ရူပုပါဒါနက္ခန္ဓာမည်၏။ လောကီဝေဒနာ စေတသိက်သည် ဝေဒနုပါဒါနက္ခန္ဓာမည်၏။ လောကီသညာ စေတသိက်သည် သညုပါဒါနက္ခန္ဓာမည်၏။ ကြွင်းသော လောကီစေတသိက် ၅၀-သည် သင်္ခါရုပါဒါနက္ခန္ဓာမည်၏။ လောကီစိတ်ဧကာသီတိသည် ဝိညာဏုပါဒါနက္ခန္ဓာ မည်၏။ လောကုတ္တရာစိတ်ရှစ်ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်သည် ဥပါဒါနက္ခန္ဓာမှလွတ်၏။

အာယတနတို့သည် စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန၊ ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန အားဖြင့် ၁၂-ပါး ဖြစ်ကုန်၏။ ဝါ၊ဒွါရခြောက်ပါး၊အာရုံခြောက်ပါးသည် အာယတန ၁၂-ပါးဖြစ်၏။ ထိုတွင်စက္ခုပသာဒသည် စက္ခာယတနမည်၏။ သောတပသာဒသည်၊ သောတာယတနမည်၏၊ ဃာနပသာဒသည် ဃာနာယတနမည်၏၊ ဇိဝှါပသာဒသည် ဇိဝှါယတနမည်၏၊ ကာယပသာဒသည် ကာယာယတနမည်၏၊ စိတ်တခု ယုတ်ကိုးဆယ်သည် မနာယတနမည်၏၊ရူပါရုံသည် ရူပါယ

တနမည်၏၊ သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏၊ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏၊ ရသာရုံသည် ရသာယတနမည်၏၊ ပထဝီအတွေ့ တေဇောအတွေ့၊ ဝါယောအတွေ့ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ သုံးခုသည် ဖောဋ္ဌဗ္ဗာယတနမည်၏၊ စေတသိက် ဒွေပညာသ၊ သုခုမရုပ်သောဠသ၊ နိဗ္ဗာန်သည် ဓမ္မာယတနမည်၏။

သုခုမရုပ်သောဠသကား-အာပေါ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ ရူပဿ-လဟုတာ၊ ရူပဿမုဒုတာ၊ ရူပဿကမ္မညတာ၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ။

စေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်—ဤတခုယုတ်ခုနစ်ဆယ်သည် ဓမ္မာယတနမည်၏။ ဓမ္မဓာတ်လည်းမည်၏။

ဓာတ်တို့သည် စက္ခုဓာတ်။ သောတဓာတ်၊ ဃာနဓာတ်၊ ဇိဝှါဓာတ်၊ ကာယဓာတ်။ ။ရူပဓာတ်၊ သဒ္ဒဓာတ်၊ ဂန္ဓဓာတ် ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်။ ။စက္ခုဝိညာဏဓာတ်။ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏဓာတ်၊ မနောဓာတ်၊ ဓမ္မဓာတ်၊ မနောဝိညာဏဓာတ်— အားဖြင့် ၁၈—ပါးဖြစ်ကုန်၏။ ဝါ—ဒွါရခြောက်ပါး၊ အာရုံ ခြောက်ပါး၊ ထိုဒွါရအာရုံ၌ဖြစ်သော စိတ်တို့၏အစဉ်အားဖြင့် ဓာတ် ၁၈ ပါးဖြစ်၏။ ထိုတွင် စက္ခုပသာဒသည် စက္ခုဓာတ်မည်၏။ သောတပသာဒသည်- သောတဓာတ်မည်၏၊ ဃာနပသာဒသည် ဃာနဓာတ်မည်၏။ ဇိဝှါပသာဒသည် ဇိဝှါဓာတ်မည်၏၊ ကာယပသာဒသည် ကာယဓာတ်မည်၏၊ ရူပါရုံသည် ရူပဓာတ်မည်၏။ သဒ္ဒါရုံသည် သဒ္ဒဓာတ်မည်၏၊ ဂန္ဓာရုံသည်- ဂန္ဓဓာတ်မည်၏၊ ရသာရုံသည် ရသဓာတ်မည်၏၊ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏။ စက္ခုဝိညာဏ် ဒွေသည် စက္ခုဝိညာဏ ဓာတ်မည်၏၊ သောတဝိညာဏ်ဒွေသည် သောတဝိညာဏဓာတ်မည်၏၊ ဃာနဝိညာဏ် ဒွေသည် ဃာနဝိညာဏဓာတ်မည်၏။ ဇိဝှါဝိညာဏ်ဒွေသည် ဇိဝှါ

ဝိညာဏဓာတ်မည်၏၊ ကာယဝိညာဏ်ဒွေသည် ကာယဝိညာဏဓာတ်မည်၏၊ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်း ဒွေသည် မနောဓာတ်မည်၏၊ စေတသိက်ဒွေပညာသ၊ သုခုမရုပ်သောဠသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏၊ ကြွင်းသောစိတ် ၇၆-ခုသည် မနောဝိညာဏဓာတ်မည်၏။

မနာယတနတပါးသည် ဝိညာဏဓာတ် ခုနစ်ပါးပြား၏။

သစ္စာတို့သည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ-မဂ္ဂသစ္စာအားဖြင့် လေးပါးဖြစ်ကုန်၏။ ထိုတွင်လောကီ စိတ်ဧကာသီတိ၊ လောဘကြဉ်သော စေတသိက် ဧကပညာသ ရုပ်အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်၏။ လောဘသည် သမုဒယသစ္စာမည်၏။ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။ မဂ်စိတ်လေးခု၌ ရှိသောသမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိအားဖြင့် မဂ္ဂင်တရား ကိုယ်ရှစ်ပါး၊ ခုနစ်ပါးသည် မဂ္ဂသစ္စာမည်၏။ ကြွင်းသောမဂ်စိတ်ဥပ္ပါဒ် ၂၈-ခု၊ ဖိုလ်စိတ်ဥပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှလွတ်၏။ (ဒုတိယဈာန်စသည်တို့၌ ဝိတက်မရှိသော ကြောင့် မဂ္ဂင် ၇-ပါးဖြစ်သည်။)

ခန္ဓာငါးပါး၊ ဥပါဒါနက္ခန္ဓာငါးပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ သစ္စာလေးပါး၊ ဤသို့သဗ္ဗသင်္ဂဟကို ငါးဖြာနဟော သည်။

---

## မိဿကသင်္ဂဟခွဲလေ့လာဘွယ်

ဟိတ်ခွဲ။ ။ဟိတ်တို့ကိုဟိတ်ဖြင့်ခွဲလျှင် လောဘမူသည် ဒွိဟိတ် ဖြစ်၏။ ဒေါသမူ-ဒွိဟိတ်၊ မောဟမူ-ဧကဟိတ်။ အဟိတ်-ဟိတ်မရှိ။ ဉာဏဝိပ္ပယုတ်-ဒွိဟိတ်။ ဉာဏသမ္ပယုတ်-တိဟိတ်။

တိဟိတ် ၄၇၊ ဒွိဟိတ် ၂၂၊ ဧကဟိတ်-၂၊ အဟိတ် ၁၈။ ပေါင်း ၈၉။

**ဈာနင်ခွဲ။** ။ဈာနင်ဖြင့် ခွဲလျှင် (ဒွေပဉ္စဝိညာဏ်-သတိပြု။) လောဘမူ သောမနဿသည် ဈာနင်ငါးပါးရှိ၏။ ဥပေက္ခာ-လေးပါး။ ဒေါသမူ-လေး။ မောဟမူ-လေး။ ဒွေပဉ္စဝိညာဏ်တဆယ်-ဈာနင်မရှိ၊ သမ္ပဋိစ္ဆိုင်း-လေး။ ဥပေက္ခာသန္တီရဏ-လေး။ သောမနဿ သန္တီရဏ-ငါး။ အာဝဇ္ဇန်း-လေး။ ဟသိတုပ္ပါဒ်-ငါး။ ကာမသောဘဏ၌ သောမနဿ-ငါး။ ဥပေက္ခာ-လေး။ ပဌမဈာန်-ငါး။ ဒုတိယဈာန်-လေး။ တတိယဈာန်-သုံး။ စတုတ္ထဈာန်-နှစ်။ ပဉ္စမဈာန်-နှစ်။

ဈာန်အင်္ဂါငါးပါးရှိသောစိတ် ၂၉။ လေးပါးရှိ-၃၇။ သုံးပါးရှိ-၁၁။ နှစ်ပါးရှိ-၃၄။ ဈာနင်မရှိ-၁၀။ ပေါင်း ၁၂၁။

**မဂ္ဂင်ခွဲ။** ။မဂ္ဂင်ဖြင့်ခွဲလျှင် (ဝိစိကိစ္ဆာ၌ ဧကဂ္ဂတာ-မဂ္ဂင်မထိုက်၊ အဟိတ်စိတ်-သတိပြု။) လောဘမူ သမ္ပယုတ်သည် မဂ္ဂင် လေးပါးရှိ၏။ ဝိပ္ပယုတ်-သုံး။ ဒေါသမူ-သုံး။ ဝိစိကိစ္ဆာ-နှစ်။ ဥဒ္ဓစ္စ-သုံး။ အဟိတ်-မဂ္ဂင်မရှိ။ မဟာကုသိုလ်သမ္ပယုတ် ငါး၊ ရံခါခြောက်၊ ခြောက်၊ ခြောက်၊ (ပေါင်းရှစ်။) ဝိပ္ပယုတ်-လေး၊ ရံခါငါး၊ ငါး၊ ငါး၊ (ပေါင်းခုနစ်။) မဟာဝိပါက်သမ္ပယုတ်-ငါး။ ဝိပ္ပယုတ် လေး။ မဟာကြိယာသမ္ပယုတ်-ငါး။ ဝိပ္ပယုတ်-လေး။ မဟဂ္ဂုတ်ပဉ္စမဈာန်-ငါး၊ ကြွင်းမဟဂ္ဂုတ် လေး။ လောကုတ္တရာ-ရှစ်။

မဂ္ဂင်ရှစ်ပါး ရှိသောစိတ်-၈။ ခြောက်ပါး၊ ငါးပါး-၄။ ငါးပါး၊ လေးပါး-၄။ ငါးပါးသက်သက် ၁၁။ လေးပါးသက်သက်-၃၆။ သုံးပါး-၇။ နှစ်ပါး-၁။ မဂ္ဂင်မရှိ-၁၈-ပေါင်း ၈၉။

**ဣန္ဒြေခွဲ။** ။စေတသိက်ဣန္ဒြေ(ဇီ၊ ဝေ၊ ဒ္ဓါ၊ ဝီ၊ တိ၊ ဧ၊ ညာ-ခုနစ်ပါး) ဖြင့်ခွဲလျှင် (ဝိစိကိစ္ဆာနှင့် အဝီရိယစိတ်တို့၌ ဧကဂ္ဂတာ ဣန္ဒြေမထိုက်။) လောဘမူစိတ်သည်(ဇီ၊ ဝေ၊ ဝီ၊ ဧ) ဣန္ဒြေလေးပါး ရှိ၏။ ဒေါသမူ-လေး။ ဝိစိကိစ္ဆာသုံး၊ ဥဒ္ဓစ္စ-လေး။ မနောဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်လေး။ ကြွင်းအဟိတ် (ဇီ၊ ဝေ)နှစ်။ ညာဏဝိပ္ပယုတ်-ခြောက်။ သမ္ပယုတ်-ခုနစ်။

ဈာန်ရနှင့်ပါးရှိသောစိတ် ၄၇၊ ခြောက်ပါး ၁၂။ လေးပါး ၁၃။ သုံးပါး ၁။ နှစ်ပါး ၁၆။ ပေါင်း ၇၉။

**ဗိုလ်ခွဲ။** ။ဗိုလ်(ဒွိ၊ ဝိ၊ တိ၊ ပြော၊ ဟိ၊ ဩ၊ အ၊ အ-ကိုးပါး) ဖြင့် ခွဲလျှင်(ဝိစိကိစ္ဆာ၌ ဧကဂ္ဂတာ ဗိုလ်မသိုက်။ အဝိရိယ၌ ဗိုလ်မရှိ။) လောဘမူစိတ်သည့်ဗိုလ်လေးပါးရှိ၏။ ဒေါသမူ-လေး။ ဝိစိကိစ္ဆာ သုံး။ ဥဒ္ဓစ္စ လေး။ ၁၆-၌ဗိုလ်မရှိ။ မနောဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ် နှစ်။ ညာဏဝိပ္ပယုတ် ၆၊ သမ္ပယုတ် ခုနစ်။

ဗိုလ်ခုနစ်ပါးရှိသောစိတ်-၄၇။ ခြောက်ပါး ၁၂။ လေးပါး ၁၁။ သုံးပါး ၁။ နှစ်ပါး ၂။ ဗိုလ်မရှိ ၁၆။ ပေါင်း ၇၉။

**အဓိပတိခွဲ။** ။အဓိပတိဖြင့်ခွဲလျှင် အပ္ပနာဇောဆဗ္ဗိသ၌အဓိပတိ-လေ ခု-တခုခု အမြဲရသည်။ လောဘမူ၊ ဒေါသမူ၊ မဟာကုသိုလ်၊ ဟောကြိယာ ၂၆-ခုတို့၌-အဓိပတိသုံးခု၊ လေးခုတို့တွင် တခုခု—ရံခါရသည်။ အမြဲမရ။ ကြွင်း ၃၇-၌ အလျဉ်းမရ။

အဓိပတိအမြဲ ၂၆။ ရံခါ ၂၆။ မရ ၃၇။ ပေါင်း ၇၉။

တနည်းကား-သုံးပါး,တပါး ရံခါ ၁၀၊ လေးပါး,တပါး ရံခါ ၁၀။ လေးပါး,တပါး အမြဲ ၂၆။ မရ ၃၇။ ပေါင်း ၇၉။

**ဇောဝိပက္ခိယစိတ်။** ။ဗောဓိပက္ခိယတရား ၃၇-ပါးတို့ကို ဝိဝနိုသိဘဖြစ်သော ဟောကုသိုလ်၊ မဟာကြိယာ၊ အပ္ပနာဇော-၅၂ ၄၂-ပါးသောစိတ်တို့၌သာ ကောက်ယူရသည်။

လောကုတ္တရာ ရှစ်ခု၌ ၃၇-ပါးလုံး တပေါင်းတည်းဖြစ်သည်၊ လောကီစိတ်တို့၌ သတိပဋ္ဌာန်လေးပါး တပေါင်းတည်း မဖြစ်။ သမ္မပ္ပဓာန် လေးပါး တပေါင်းတည်းမဖြစ်။ ဈာဒ္ဓိပါဒ်လေးပါး တပေါင်းတည်းမဖြစ်။ မိမိကိစ္စ အားလျော်စွာ တခုစီဖြစ်သည်။

**သဗ္ဗ၌ဘောဒတဆဲ့တစ်။** ။ခန္ဓာပေည်သော တရားတို့သည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဟု သုံးပါး။ အဇ္ဈတ္တ၊ ဗဟိဒ္ဓ-ဟုနှစ်ပါး၊ ဩဠာရိက သုခုမ-ဟုနှစ်ပါး။ ဟီန၊ ပဏီတ-ဟုနှစ်ပါး။ဒူရ၊

သန္တိက–ဟူနှစ်ပါး–ဤသို့ ၁၁–ပါးပြားကုန်၏။ ထိုအပြားတို့ကို ပေါင်းရခြင်းကြောင့် ခန္ဓာမည်၏။

နိဗ္ဗာန်ကား-ဤသို့မပြား။ ကာလဝိမုတ် တပါးတည်းသာ ဖြစ်၏။ ဝါ၊ ဗဟိဒ္ဓသာ၊ သုခုမသာ၊ ပဏီတသာ၊ ဒူရသာဖြစ်၏။ ပေါင်းရ၍မရ။

## အကုသလသင်္ဂဟမှတ်ဘွယ်

အကုသိုလ်တို့ကိုသာလျှင် သဘောတူရာ ပေါင်းရခြင်းသည်၊ ဝါ၊ ပေါင်းရာသည်အကုသလသင်္ဂဟမည်၏။

**အာသဝ။** ။ကြာမြင့်စွာ ထုံအပ်သော အရက်သည် အာသဝမည်၏။ ဤလောဘစသည်တို့ကား- ရှေးအစွန်း မထင်သော တသံသရာလုံး ထုံအပ်ခဲ့သောကြောင့် အာသဝစင်စစ် မည်ကုန်၏။ ဝါ၊ အဓော၀မှ မန်းရည်ပြည်စေးယိုကျသကဲ့သို့ စက္ခုစသည်မှ ရူပါရုံစသည်တို့၌ ယိုကျသောကြောင့် အာသဝ မည်ကုန်၏။ ဝါ၊ ဘုံအားဖြင့် ဘဝဂ်တိုင်အောင် ဓမ္မအားဖြင့် ဂေါတြဘူတိုင် အောင်ဖြစ်သောကြောင့် အာသဝမည်ကုန်၏။

မာနစသော တပါးသော တရားတို့သည် ထိုအတူဖြစ်သော်လည်း အာသဝမမည်။ ဤသုံးပါး၌သာ အာသဝ အမည်ထင်သည်။ အထင်ရူဠ္ဍီတည်း။

ကာမဘဝ၌ဖြစ်သော ကာမဂုဏ်ငါးပါး ရာဂသည် ကာမာသဝမည်၏။ ရူပဘဝ-အရူပဘဝဟူသော ဥပပတ္တိဘဝ၌ဖြစ်သော ဆန္ဒရာဂသည် ဘဝါသဝမည်၏။ ဝါ၊ ဈာန်၌ နှစ်သက်သော ဈာနနိကန္တိရာဂသည် ဘဝါသဝမည်၏။ ဝါ၊ သဿတ ဒိဋ္ဌိနှင့် တကွဖြစ်သော ရာဂသည် ဘဝါသဝမည်၏။ ဝါ၊ ဘဝစွဲမ်းဖြင့် တောင့်တခြင်းသည် ဘဝါသဝ မည်၏။ ၆၂-ပါးသော ဒိဋ္ဌိသည် ဒိဋ္ဌာသဝမည်၏။ သဗ္ဗာလေးပါး၊ သံသရာ ရှေးအစွန်း၊ နောက်

အစွန်း၊ ရှေ့နောက်အစွန်း၊ ပဋိဃသမုပ္ပါဒ်–ဤရှစ်ဌာနတို့၌ မသိ
သော မောဟသည်အဝိဇ္ဇာသဝမည်၏။

**အာသဝမမည်။** ။ပြဟ္မာတို့အားဗိမာန်တန်းဆာတို့၌ ဖြစ်
သော လောဘသည်ကာမရာဂ ပယ်ပြီးဖြစ်သောကြောင့် ကာမာ
သဝမမည်။ လောဘဟိတ်၊ အဘိဇ္ဈာကာယဂန္ထ၊ လောဘကိ
လေသာသာ မည်၏။ ။ဒိဋ္ဌိနှင့်တကွဖြစ်သော ရာဂလည်း ကာမာ
သဝမမည်။ ဒိဋ္ဌိရာဂသာမည်၏။ ဤကာ၌ ကာမာသဝကိုစွဲ၍ ဒိဋ္ဌာ
သဝ၊ အဝိဇ္ဇာသဝ-ဖြစ်သည်ဟု ဟောသောကြောင့် ကာမာသဝ
မမည်ဟူ၍ မဆိုနိုင်ဟုဆို၏။ ။မာနစသည်တို့လည်း အာသဝပင်
မမည်ကုန်။

**ဒိဋ္ဌိ ၆၂-ပါး။** ။ဒိဋ္ဌာသဝ၌ ဒိဋ္ဌိ ၆၂-ပါးကား-သဿတ
ဒိဋ္ဌိ ၄-ဧကစ္စသဿတ ၄။ အန္တာနန္တ ၄။ အမရာဝိက္ခေပ ၄-
အဓိစ္စသမုပ္ပန္န ၂။ သညီ ၁၆။အသညီ ၈။နေဝသညီ နာသညီ ၈။
ဉစ္ဆေဒ ၇။ ဒိဋ္ဌဓမ္မနိဗ္ဗာန ဒိဋ္ဌိ ၅။ပေါင်း ၆၂-ဖြစ်၏။ ။ထိုတွင်ရှေ့
၁၈-ပါးသည် ပုဗ္ဗန္တကပ္ပိက၊ နောက် ၄၄-ပါးသည် အပရန္တ
ကပ္ပိက-ပေါင်း ၆၂။ ။ဉစ္ဆေဒ ၇။ အကြွင်းသဿတ ၅၅-
ပေါင်း ၆၂။

**ဩဃ။** ။ဩဃသည် သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ နစ်မြုပ်
စေတတ်၏။ ဝါ၊ ရေအယဉ် (ဩဃ) နှင့်တူ၏။ ထိုကြောင့်ဩဃ
လည်းမည်၏။

**ယောဂ။** ။ယောဂသည် သတ္တဝါတို့ကို ဝဋ်သုံးပါး၌။ဝါ၊
ဘဝသုံးပါး-စက်ယန္တရား၌ ယှဉ်တွဲစေ၏။ ကံကိုအကျိုးနှင့်ယှဉ်
တွဲစေ၏။ သတ္တဝါတို့ကို ဘဝတပါးစသည်တို့နှင့်ငင်း၊ ဒုက္ခနှင့်
ငင်း ယှဉ်တွဲစေ၏။ ထိုကြောင့်ယောဂလည်းမည်၏။

**ကာယဂန္ထ။** ။နာမ်ရုပ် အပေါင်းသည် ကာယမည်၏။ ဖွဲ့
ချည်ရစ်ပတ်တတ်သော တရားသည် ဂန္ထမည်၏၊နာမ်နှင့်ရုပ်ကို

ဝါ၊ ပစ္စုပ္ပန်နာမ်ရုပ်အပေါင်းနှင့် အနာဂတ် နာမ်ရုပ် အပေါင်းကို ဖြေနိုင်ခဲအောင် ဖွဲ့ချည်ရစ်ပတ်တတ်သော တရားသည် ကာယဂန္ထမည်၏။

ကာမာသဝ၊ ဘဝါသဝ–ဟူသော လောဘသည် အဘိဇ္ဈာကာယဂန္ထမည်၏။ အာဃာတဝတ္ထုကိုးပါးကြောင့်၊ ဝါ၊ အဋ္ဌာနကောပနှင့် ဆယ်ပါးကြောင့် ဖြစ်သော ဒေါသသည် ဗျာပါဒကာယဂန္ထမည်၏။ နွားစသည်တို့၏ အလေ့အကျင့်ဖြင့် နိဗ္ဗာန်ရ၏ဟုအမှားသုံးသပ်သော ဒိဋ္ဌိသည် သီလဗ္ဗတပရာမာသ ကာယဂန္ထမည်၏။ “ဤဒိဋ္ဌိသည်သွားလျက်စားခြင်း၊ ရပ်လျက် ကျင်ငယ်စွန့်ခြင်း၊စားမြဲ ပြန်ခြင်းစသည်ဖြင့် နိဗ္ဗာန်ရ၏ဟုစွဲမှုယူသည်။ဣဒမေဝ သစ္စံဟု မယူဟုလို”။ ။ဤငါ၏အယူသာမှန်သည်၊ သူတပါးအယူအချည်းနှီး-ဟုလွန်စွာ နှလုံးသွင်းသောဒိဋ္ဌိသည်ဣဒံသစ္စာဘိနိဝေသကာယဂန္ထ မည်၏။ သီလဗ္ဗတ ပရာမာသ ကာယ ဂန္ထမှ ကြွင်းသော ဒိဋ္ဌိဟူသမျှဟုလို။ဤစကားရပ်ဖြင့် မိစ္ဆာဒိဋ္ဌိသည် ဤနှစ်မျိုးဖြင့်သာ ဖြစ်သည်ဟုပြ၏။

**ဥပါဒါန်**။ ။ဥပ-မြဲစွာ+အာဒါန-ယူသည်။ အာရုံကိုမြဲစွာယူတတ်သော သဘောတရားသည် ဥပါဒါန်မည်၏။ ဘားကို မြွေဖမ်းသည်နှင့် တူ၏။ ကာမအာရုံကို မြဲစွာယူသော လောဘသည် ကာမုပါဒါန်မည်၏။ သီလဗ္ဗတ၊ အတ္တဝါဒမှ တပါး-၆၂-ပါးသောဒိဋ္ဌိသည်ရင်း၊ နတ္ထိဒိန္နံ-စသော ဝတ္ထုဆယ်ပါး ရှိသော ဒိဋ္ဌိသည်ရင်း ဒိဋ္ဌုပါဒါန်မည်၏။ နွားတို့၏ အလေ့ အကျင့်ဖြင့် နိဗ္ဗာန်ရ၏ဟု မြဲစွာယူသောဒိဋ္ဌိသည် သီလဗ္ဗတုပါဒါန်မည်၏။ ရုပ်သည်အတ္တမည်၏၊စသည်ဖြင့် မြဲစွာယူသော သက္ကာယဒိဋ္ဌိ ၂၀-သည်အတ္တဝါဒုပါဒါန်မည်၏။

**ဒသဝတ္ထုကဒိဋ္ဌိ**။ ။နတ္ထိဒိန္နံ– အလှူကားရှိ၏။ အလှူကျိုးမရှိ။ နတ္ထိယိဋ္ဌံ-ယဇ်ကြီးပူဇော်ခြင်း အကျိုးမရှိ။ နတ္ထိဟုတံ-ဧည့်သည်ဝတ်-စသော ယဇ်ငယ်အကျိုးမရှိ။ နတ္ထိကမ္မာနံ ဝိပါကော–

ကုသိုလ်ကံအကုသိုလ်ကံ အကျိုးရင်း အကျိုးဆက်မရှိ။ နတ္ထိအယံ လောကော-ထိုထိုမှလာရာ ပစ္စုပ္ပန် လောကမရှိ။(တမလွန်၌ စိတ်ဖြင့်တည်၍ယူသည်။) နတ္ထိပရော လောကော-ဤမှသွားရာ တမလွန် လောကမရှိ။(ဤလောက၌စိတ်ဖြင့် တည်၍ယူသည်။ သဗ္ဗေတတ္ထ တပ္ပေဝ ဥစ္ဆိဇ္ဇန္တိတိ၊ထိုထို၌သာ ပြတ်ကုန်၏၊-ဟု ဒသေတိ။) နတ္ထိမာတာ-အမိ၌ ပြုကျိုးမရှိ။ နတ္ထိပိတာ-အဘ၌ပြုကျိုးမရှိ။ နတ္ထိ သတ္တာဩပပါတိကာ-သေ၍တဖန် ပဋိသန္ဓေနေသူမရှိ။ ဥပပါတ် ပဋိသန္ဓေမျှ မဟုတ်ဟူလို။ နတ္ထိလောကေ သမဏဗြာဟ္မဏာ- အနုလောမ ပဋိပဒါကျင့်သော သမဏ ဗြာဟ္မဏလည်းမရှိ။ပစ္စုပ္ပန် လောက တမလွန် လောကသိ၍ ဟောကြားသော သဗ္ဗညုတ ဘုရားလည်းမရှိ၊ ဤအယူဆယ်ပါးသည် ဒိဋ္ဌုပါဒါန်မည်၏။

**သက္ကာယဒိဋ္ဌိ ၂၀။** ။ရူပံအတ္တာ-ရုပ်သည် အတ္တတည်း။ ရူပဝန္တံအတ္တာ-ရုပ်ရှိသောအတ္တတည်း။ (အတ္တသည်ရုပ်ရှိသည် ဟူလို။) အတ္တနိရူပံ အတ္တ၌ ရုပ်တည်သည်တည်း။ရူပသ္မိံအတ္တာ- ရုပ်၌အတ္တတည်သည်တည်း။ ဤသို့ရုပ်၌လေးချ၊ ထိုအတူဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၌လည်း လေးခုစီဖြစ်၍ ၂၀-ဖြစ် ၏။ ။သ-ထင်ရှားရှိသည် + ကာယ-ရုပ်နာမ်အပေါင်း+ဒိဋ္ဌိ-အ မှားမြင်ခြင်း၊ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်နာမ်အပေါင်း သည် သက္ကာယ၊ ထို၌ငါသူတပါးဟု အမှားမြင်ခြင်းသည်*သက္ကာ ယဒိဋ္ဌိမည်၏။

သက္ကာယဒိဋ္ဌိ ၂၀-ဖြစ်ပုံကား…သူတော်ကောင်းတရားမကြား မမြင်မသိသော အန္ဓပုထုဇဉ်သည်- ရုပ်သည်အတ္တ၊ ရုပ်ရှိသော အတ္တ၊ အတ္တ၌ရုပ်၊ ရုပ်၌အတ္တ ဟုလေးမျိုးရှု၏။ ။ဝေဒနာသည် အတ္တ၊ ဝေဒနာရှိသော အတ္တ၊ အတ္တ၌ဝေဒနာ၊ ဝေဒနာ၌အတ္တဟု လေးမျိုးရှု၏။ သညာသည်အတ္တ၊ သညာရှိသောအတ္တ၊ အတ္တ၌သ

---

* သန္တော-သံဝိဇ္ဇမာနော ကာယော-သက္ကာယော။ မိစ္ဆာပဿတိတိဒိဋ္ဌိ။ သက္ကာယေ ပဝတ္တာ ဒိဋ္ဌိ-သက္ကာယဒိဋ္ဌိ၊…ဤသို့ဝစနတ္ထပြု။

ညာ၊ သညာ၌အတ္တဟု လေးမျိုးရှု၏။ သင်္ခါရသည်အတ္တ၊ သင်္ခါရ ရှိသော အတ္တ၊ အတ္တ၌သင်္ခါရ၊ သင်္ခါရ၌အတ္တဟု လေးမျိုးရှု၏။ ဝိညာဏ်သည်အတ္တ၊ ဝိညာဏ် ရှိသောအတ္တ၊ အတ္တ၌ဝိညာဏ်၊ ဝိညာဏ်၌အတ္တဟု လေးမျိုးရှု၏။

ရုပ်စွဲ ၁။နာမ်စွဲ ၇။ရုပ်နာမ်စွဲ ၁၂-ပေါင်း ၂၀။ ။တနည်းကား ခန္ဓာတပါးစွဲ-၅။ လေးပါးစွဲ ၁၅-ပေါင်း ၂၀။ ။တနည်းကား သဿတဒိဋ္ဌိ ၁၅။ ဥစ္ဆေဒဒိဋ္ဌိ ၅-ပေါင်း ၂၀။ ။တနည်းကား ဘဝဒိဋ္ဌိ ၁၅၊ ဝိဘဝဒိဋ္ဌိ ၅-ပေါင်း ၂၀။

ရုပ်သည်အတ္တဟု ရှုခြင်းသည် မီးလျှံသည်အဆင်း၊ အဆင်းသည် မီးလျှံဟု မကွဲမပြား ရှုသည်နှင့်တူ၏။(အကြင်ရုပ်, ထိုငါ၊ အကြင်ငါ, ထိုရုပ်ဟုရှုသည်။ တနည်း-ရုပ်သည်ငါ၊ ငါသည်ရုပ်ဟု ရှုသည်ဟုလို။)

ရုပ်ရှိသော အတ္တဟု ရှုခြင်းသည် အရိပ်ရှိသော သစ်ပင်ဟု အရိပ်တခြား သစ်ပင်တခြား ရှုသည်နှင့်တူ၏။

အတ္တ၌ရုပ်ဟု ရှုခြင်းသည် ပန်း၌အနံ့ဟု ပန်းတခြား၊ အနံ့တခြားရှုသည်နှင့်တူ၏။

ရုပ်၌အတ္တဟု ရှုခြင်းသည် ကြုတ်၌ပတ္တမြားဟု ကြုတ်တခြား ပတ္တမြားတခြား ရှုသည်နှင့်တူ၏။

ဤသို့ ရှုသောသူသည် ဒိဋ္ဌိကိုတားနိုင်အောင် သင်ခြင်း မေးခြင်း ဆုံးဖြတ်ခြင်းဖြင့် ရအပ်သော အာဂမလည်းမရှိ။ ပဋိပတ်အကျင့်ဖြင့် ရအပ်သော အဓိဂမလည်းမရှိ။ထိုကြောင့် အသုတဝန္တ မည်၏။အရိယာတို့ကိုဉာဏ်ဖြင့် မမြင်မသိသောကြောင့် သပ္ပုရိသ အဒဿာဝီလည်းမည်၏။ သတိပဋ္ဌာန်စသော ဓမ္မ၌မလိမ္မာသော ကြောင့်သပ္ပုရိသဓမ္မ အကောဝိဒလည်းမည်၏။သီလ၊သတိ၊ဉာဏ၊ ခန္တီ၊ဝီရိယ-ဟူသော သံဝရဝိနည်းငါးပါး။တဒင်္ဂစသော ပဟာန ဝိနည်းငါးပါး မရှိသောကြောင့် သပ္ပုရိသဓမ္မ အဝိနီတလည်း မည် ၏။ ဆရာဘုရားအမျိုးမျိုးတို့၏ မျက်နှာကို ကြည့်တတ်၏။ ကာမ

ဂုဏ်၌နှစ်မြုပ်၏။ နိဝရဏတို့ဖြင့် ဖုံးအုပ်၍ မှောက်ထား အပ်သူ ဖြင်၏။ သူတော်ကောင်းတို့မှ အထူးသီးခြားသူဖြစ်၏။ ထို့ကြောင့် ပုထုဇ္ဇနလည်းမည်၏။ အန္ဓပုထုဇဉ်မည်၏။ ကလျာဏပုထုဇဉ် အား သက္ကာယဒိဋ္ဌိမဖြစ်။ သင်ယူမေးမြန်း ဆုံးဖြတ်ခြင်းဖြင့် သက္ကာယဒိဋ္ဌိကင်းအောင် ခန္ဓာ၊ အာယတန၊ ဓာတ်တို့ကိုသိလျှင် ကလျာဏပုထုဇဉ်မည်၏။

ဤအဘ္ဘူဟူသည် ပရမတ်၌ စွဲမြှောင်သော ပညပ်ကောင်ဖြစ်၏။ အန္ဓတို့၏ အစွဲကောင်ဖြစ်၏။ "အစိုးရ၏၊ အပျက်မရှိ၊ တခဲနက်"ဟုစွဲအပ်သော ကိုယ်ကောင်ဖြစ်၏။ငါ၊သူတပါး-ယောကျ်ား မိန်းမ-ဟူ၍ရင်၊ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါဟူ၍ရင်း- စွဲအပ်သော အကောင်တုဖြစ်၏။

ရုပ်သည်အတ္တ-ဟုစွဲရာ၌ ခန္ဓာတပါးသာစွဲသည်။ ရုပ်ရှိသော အတ္တ၊ အတ္တ၌ရုပ်၊ ရုပ်၌အတ္တ-ဟုစွဲခြင်းသုံးမျိုး၌ ခန္ဓာလေးပါးစီ စွဲသည်။ ဝေဒနာ စသည်လည်း ဤနည်းတည်း။ ။ခန္ဓာတပါးစွဲသည်ငါးခုရှိ၏။ ဥစ္ဆေဒဒိဋ္ဌိမည်၏။ ဝိဘဝဒိဋ္ဌိလည်း မည်၏။ လေးပါးစွဲသည် ၁၅-ခုရှိ၏၊ သဿတဒိဋ္ဌိမည်၏။ ဘဝဒိဋ္ဌိလည်း မည်၏။ ။ဟာပါးစွဲ ၅-ခု၌ရုပ်စွဲတခု။ နာမ်စွဲလေးခုဟု သိအပ်၏။ လေးပါးစွဲ ၁၅-ခုတို့တွင် ရုပ်ရှိသော အတ္တစသော သုံးခု၌ရုပ်ကို ဖယ်၍ ၄-ပါးနာမ်စွဲဟုသိအပ်၏။ဝေဒနာရှိသော အတ္တစသည်တို့ ၌ ဝေဒနာဖယ်၍ ၄-ပါးရုပ်နာမ်စွဲ။ သညာဖယ်၍၊ သင်္ခါရဖယ်၍၊ ဝိညာဏ်ဖယ်၍ ၄-ပါးရုပ်နာမ်စွဲဟု ၁၂-ခုရှိအောင် သိအပ်၏။

ဤသက္ကာယဒိဋ္ဌိ ၂၀-သည် နတ်ပြည်မတား၊ မဂ်ကိုသာတားသည်။ သောတာပတ္တိမဂ်ရလျှင် အမြစ်ပြတ်သည်။ ဒိဋ္ဌိဟူသမျှ ကို၊ဝါ၊ ကမ္ဘာမီး လောင်သောအခါ ကမ္ဘာပြောင်း၍ ငရဲခံရ သော နိယတ မိစ္ဆာဒိဋ္ဌိကြီးကိုပင် အရင်းခံပြုပေး၏။ ထို့ကြောင့် ကြောက်ဘွယ် ကောင်းသော သက္ကာယဒိဋ္ဌိဖြစ်၏။ အာဂမ၊ အဓိ ဂမဖြင့် ကင်းအောင်ပြုအပ်၏။ အာဂမမျှဖြင့် ကင်းခြင်းကိုပင်

အချို့ကျေနပ်ကုန်၏။ စိတ်မချသာသေး။ မိန်းမောသူ၊ မွေ့လျော်သူငယ်၊ ခြင်၊ ပရွက်-စသည်တို့အား သညာယမိဒ္ဓိမဖြစ်။ အာဂမစသည် ဖြင့်ကင်းစေသောကြောင့်မဟုတ်။ စွဲနိုင်အောင်တွေ့ခြင်း လွန်ကဲသောကြောင့်တည်း။

**နီဝရဏ**။ ။ချာန်စသော ကုသိုလ်မဖြစ်အောင်၊ ဖြစ်လျှင် ပျက်အောင် တားမြစ်တတ်သော သဘောတရားသည် နီဝရဏ မည်၏၊ ပညာမျက်စိကိုလည်း ပိတ်ဆို့တတ်၏။ ကာမဂုဏ်၌ လွန်ကဲသောရာဂသည် ကာမစ္ဆန္ဒ နီဝရဏမည်၏။ ဒေါသကိုး ပါး၊ ဝါ-ဆယ်ပါးသည် ဗျာပါဒနီဝရဏမည်၏။

ထိနနှင့်မိဒ္ဓ၊ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စတို့ကို နီဝရဏတခုဟူ၍ အဘယ်ကြောင့် ပေါင်းသနည်း?။ ။ကိစ္စတူ၊ အကြောင်းတူ၊ ဆန့်ကျင်ဘက် တူသောကြောင့်တည်း။ စိတ်စေတသိက်တို့ကို တွန့်စေခြင်းသည် ထိနမိဒ္ဓတို့၏ ကိစ္စတည်း။ ပျင်းရိ ထိုင်းမှိုင်းခြင်းသည် ထိနမိဒ္ဓတို့၏ အကြောင်းတည်း။ ဝီရိယသည် ထိနမိဒ္ဓတို့၏ ဆန့်ကျင်ဘက်တည်း။ ။မငြိမ်မသက် ပြုခြင်းသည် ဥဒ္ဓစ္စ ကုက္ကုစ္စတို့၏ ကိစ္စတည်း။ ဉာတိဗျသန-စသည်ကို ကြံစည်ခြင်းသည် ၎င်းတို့၏ အကြောင်းတည်း။ သမထသည် ၎င်းတို့၏ ဆန့်ကျင်ဘက်တည်း။

ယုံမှားခြင်းရှစ်ပါးသည် ဝိစိကိစ္ဆာနီဝရဏမည်၏။ ။ဘုရား၌၊ တရား၌၊သံဃာ၌၊သိက္ခာ၌၊ရှေ့အစွန်း၌၊နောက်အစွန်း၌၊ ရှေ့နောက် အစွန်း၌၊ ပဋိစ္စသမုပ္ပါဒ်၌ ယုံမှား၏။ ။ထိုတွင် သီလ၊ သမာဓိ၊ ပညာသည် သိက္ခာသုံးပါး။ အတိတ်ခန္ဓာ အာယတနဓာတ်သည် ပုဗ္ဗန္တတပါး၊ အနာဂတ်ခန္ဓာအာယတနဓာတ်သည် အပရန္တတပါး။ အကြောင်းအကျိုးဝန်တရား ၁၂-ပါးသည် ပဋိစ္စသမုပ္ပါဒ်မည်၏။

အပ်၊ မအပ်-ရှုးစပ်းခြင်းကား ဝိနယကုက္ကုစ္စမည်၏၊ ရဟန္တာ အားလည်းဖြစ်သည်။ နီဝရဏမဟုတ်၊ နီဝရဏ အတုအပသာ

**အနုသယ။** ။သတ္တဝါတို့ သန္တာန်၌ မင်္ဂဖြင့် မပယ်မချင်း အဖန်ဖန်ဖြစ်တတ်သော သဘောတရားသည် အနုသယမည်၏။ မင်္ဂမပယ်သေး သောကြောင့် လျောက်ပတ်သော အကြောင်းရသည်ရှိသော် ဖြစ်တတ်၏။ထိုကြောင့် အားစွမ်းရှိ၏။ မင်္ဂမပယ်ခြင်းကြောင့် အားစွမ်းရှိသော ကိလေသာသည် အနုသယမည်၏ဟူလို။ မုချအားဖြင့် ခဏတ္တယသို့ မရောက်သော နဝတ္တဗ္ဗ ကိလေသာရ၏။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟု မဆိုအပ်။ (နဝတ္တဗ္ဗ-ကိလေသာဖြစ်ပုံကို မင်္ဂသတ်ရာ၌ထင်ရှားစွာမိန့်ဆို၏။)

တနည်းကား-အနုသယ ကိလေသာသည် ဘူမိလဒ္ဓဥပ္ပန္နမည်၏၊ဥပ္ပန္နမည်သောကြောင့် ပရိယာယ်အားဖြင့် ပစ္စုပ္ပန်ဟူ၍လည်း ဆိုအပ်၏။တနည်း၊ဓမ္မသင်္ဂဏီ ပါဠိတော်၌ အနုသယကို စိတ္တသမ္ပယုတ်ဟူ၍၎င်း–အာရုံကို အာရုံပြု၏ဟူ၍၎င်း။ အကြောင်းရှိ၏ဟူ၍၎င်း၊စင်စစ်အကုသိုလ်ဖြစ်၏ဟူ၍၎င်း။အတိတ်လည်းဟုတ်၏၊အနာဂတ်လည်း ဟုတ်၏၊ ပစ္စုပ္ပန်လည်း ဟုတ်၏ ဟူ၍၎င်း–ဒေသနာတော်မူသည်။ထို့နှင့်ညီစွာယမိုက်ပါဠိတော်၌ ဥပ္ပဇ္ဇတိ–ဟူ၍ဟောသည်ဟု ယမိုက်အဋ္ဌကထာဆို၏။ ဓမ္မသင်္ဂဏီ၌လည်း ပရိယာယ်အားဖြင့် ဒေသနာသည်ဟူလို။ ။ဋီကာကျော်၊ မဏိမဉ္ဇူတို့၌။ ။ "နိပ္ပရိယာယအားဖြင့် အနာဂတ"ဟုဆို၏။ နဝတ္တဗ္ဗနှင့် အနက်ဟူအဓိပ္ပါယ်တူ ဖြစ်လျှင် ဆန့်ကျင်ခြင်းမရှိ၊ သာရတ္ထဒီပနီဝိနည်း မဟာဝါဋီကာ၌လည်း အနာဂတဟု ဆိုလျက်ရှိ၏။နဝတ္တဗ္ဗ၌ ဝဒ ဓာတ်၊ အနာဂတ၌ ဂဒ-ဓာတ်ဟုကြံလျှင် သဒ္ဒါကျမ်းတို့၌ အနက်တူ၏။ အာဂတာနာဂတ သံဃာဟု ဆိုရာ၌လည်း မရောက်ပြီး မရောက်ဆဲ၊ မရောက်လတ္တံ့သည် အနာဂတ၌ ပါဝင်၏။

**သံယောဇဉ်။** ။ဝဋ်ဆင်းရဲမှ မထွက် နိုင်အောင် ဖွဲ့နှောင်တတ်သော သဘောတရားသည် သံယောဇဉ်မည်၏။ ။သေယျ၊ သဒိသ၊ ဟီန–ပုဂ္ဂိုလ် သုံးယောက်အား–ငါမြတ်သည်၊ ငါနှင့်တူသည်၊ ငါယုတ်သည်ဟု သုံးမျိုးစီဖြစ်သော မာန် ကိုးပါးသည်

မာနသံယောဇဉ်မည်၏။ ။အာဝါသ၊ ကုလ၊ လာဘ၊ ဝဏ္ဏ၊ဓမ္မ-အားဖြင့်ဖြစ်သော ဝန်တိုခြင်း ငါးပါးသည် မစ္ဆရိယသံယောဇဉ် မည်၏။

**ကိလေသာ။** ။စိတ်ကိုပူပန်စေတတ်၊ ညှိုးနွမ်းစေတတ်သော သဘောတရားသည် ကိလေသာမည်၏။

## မိဿကသင်္ဂဟမှတ်ဘွယ်

ကုသိုလ်အကုသိုလ် အဗျာကတစွမ်းဖြင့် ရောပြွမ်းသော တရားတို့ကိုပေါင်းရခြင်းသည်။ ဝါ၊ ပေါင်းရာသည် မိဿကသင်္ဂဟ မည်၏။

**ဟိတ်။** ။အကျိုး၏ ဖြစ်ကြောင်း သဘော တရားသည် ဟိတ်မည်၏။ ဟိတ်ရှိသော တရားတို့သည် အမြစ်စည်ပင်သော သစ်ပင်ကဲ့သို့ ခိုင်ခံ့ကုန်၏။ ဟိတ်မရှိသော တရားတို့သည် ရေညှိမှော်နှင့်တူကုန်၏။

**ဈာန်။** ။အာရုံကိုကပ်၍ရှုတတ်သော၊ ဝါ၊ ဆန့်ကျင်ဘက် နီဝရဏတို့ကို ရှို့မြှိုက်တတ်သော တရားအပေါင်းသည် ဈာန် မည်၏။ ဝိတက်စသော အစိတ်အစိတ်သည် ဈာန်မည်၏။ ။ ဒေါမနဿ ဈာန်-အကုသိုလ်သက်သက်ဖြစ်၏။ အကြွင်း ၆-ခု ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ။

ပဉ္စဝိညာဏ်၌ ဝိတက်မရှိသောကြောင့် ဈာန်မရ။ ဝိတက် တင်ပေးမှ အာရုံကိုကပ်၍ ရှုနိုင်သည်။ ဝိတက်တင် သျှင် အာရုံ၌ ကျရုံမျှ ဖြစ်သည်၊ ကပ်၍မရှုနိုင်။ ထို့ကြောင့် ပဉ္စဝိညာဏ်၌ ဥပေက္ခာ (သုခ၊ ဒုက္ခ) ဝေဒနာသည် ဈာန်င်္ဂမဖြစ်တတ်။

**မဂ္ဂင်။** ။သုဂတိရောက်ကြောင်း၊ ဒုဂ္ဂတိရောက်ကြောင်း၊ နိဗ္ဗာန်ရောက်ကြောင်း၊ တရားအပေါင်းသည် မဂ္ဂမည်၏။ အစိတ် အစိတ်သည်မဂ္ဂင်မည်၏။

လောကီသမ္မာဒိဋ္ဌိသည် ဟေတုမက သဝိဂါရတို့ကို မပေါက် မပြန့်မြင်တတ်၏။ အတ္တိဒိန္နံ၊ အတ္တိယိဋ္ဌံ-စသည်ဖြင့် ဆယ်မျိုးပြား၏။ လောကုတ္တရာ သမ္မာဒိဋ္ဌိသည် နိဗ္ဗာန်ကို၊ ဝါ၊ သစ္စာလေးပါးကိုမြင်တတ်၏။ ပရိညာကိစ္စ၊ ပဟာနကိစ္စ၊ သစ္ဆိကြိယာကိစ္စ၊ ဘာဝနာကိစ္စ-အားဖြင့် လေးမျိုးပြား၏။

သမ္မာသင်္ကပ္ပသည် သုံးမျိုးပြား၏။ လောဘမှရင်း,အကုသိုလ်မှရင်း,ကွက်သော အလောဘသည် နေက္ခမ္မမည်၏၊ ရင်းနှင့်ယှဉ်သော အကြံသည် နေက္ခမ္မသင်္ကပ္ပမည်၏။ ဝါ၊ ရှင်ရဟန်းပြုခြင်းသည်နေက္ခမ္မမည်၏။ ရင်း၌ဖြစ်သောအကြံသည် နေက္ခမ္မသင်္ကပ္ပမည်၏။ မေတ္တာနှင့် ယှဉ်သောအကြံသည် အဗျာပါဒသင်္ကပ္ပမည်၏။ ကရုဏာနှင့်ယှဉ်သော အကြံသည် အဝိဟိံသာသင်္ကပ္ပမည်၏။

သမ္မာဝါယာမသည် သမ္မပ္ပဓာန်လေးပါးဖြင့်ပြား၏။ သမ္မာသတိသည် သတိပဋ္ဌာန်လေးပါးဖြင့်ပြား၏။ သမ္မာသမာဓိသည် ဈာန်ငါးပါးဖြင့် ပြား၏။

မိစ္ဆာဒိဋ္ဌိစသော လေးပါးသည် ဒုဂ္ဂတိရောက်ကြောင်း မိစ္ဆာမဂ္ဂင်လေးပါးမည်၏။

အဟိတ်စိတ်၌ ဟိတ်မရှိခြင်းကြောင့် မဂ္ဂင်မရ။ ဟိတ်ရှိမှ မဂ္ဂင်ကိစ္စပြုသည်။ ထိုကြောင့်အဟိတ်စိတ်၌ ဝိတက်၊ ဝီရိယ၊ ဧကဂ္ဂတာသည် မဂ္ဂင်မမည်။ ။ဝိစိကိစ္ဆာ စိတ်၌ ဧကဂ္ဂတာလည်း အဓိမောက္ခမယှဉ်သောကြောင့် ဂ္ဂင်၊ ဣန္ဒြေ၊ ဗိုလ်မမည်၊ အဓိမောက္ခဆုံးဖြတ်ခြင်းမရှိသဖြင့် ဧကဂ္ဂတာသည် စိတ်၌တည်ရုံမျှသာတည်သည်၊ နိုင်နင်းစွာမတည်။ ထိုကြောင့် မိစ္ဆာသမာဓိမဂ္ဂင်လည်း မမည်၊ သမာဓိန္ဒြေလည်း မမည်၊ သမာဓိဗိုလ်လည်းမမည်။ သမ္မာဝါစာ-စသောသုံးပါးသည် မဟာကုသိုလ်၌နာနာ၊ကဒါစိ။

ဣန္ဒြေ။ ။မိမိနှင့်အတူဖြစ်သော တရားတို့ကို မိမိသို့လိုက်စေလျက် အစိုးတရကြီးကဲပြုသော သဘောတရားသည် ဣန္ဒြေမည်၏။

စက္ခုသည် စက္ခုဝိညာဏ်ကို အစိုးအရ အကြီး အသေးပြ၍ မြင်စေ၏။ မိမိအားရှိခြင်း၊ အားနည်းခြင်းသို့ လိုက်စေ၏၊ မိမိအား ရှိလျှင် အမြင်သန်စေ၏။ အားနည်းလျှင် မသန်စေ။ ။သောတ စသည်တို့သည် သောတဝိညာဏ်စသည်တို့ကို ကြားစေ၏၊အနံ့ ယူစေ၏၊အရသာသိစေ၏၊ အတွေ့သိစေ၏။

ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေသည် လိင်၊ နိမိတ္တ၊ ကုတ္တ၊ အာကပ္ပ-တို့ကို၍ ထို့ ဤသို့ မိန်းမအသွင် ယောက်ျားအသွင်စသည် ဖြစ်ရမည်ဟု စီမံ၏။ ။ရုပ်ဇီဝိတသည် အတူဖြစ်သော ကမ္မဇကလာပ်ကိုအစိုးတရ စောင့်ရှောက်၏။ (ဥပါဒ်နှင့် ဋီအကြား၊ ဋီနှင့်ဘင်အကြား-မပျက်အောင် စောင့်ရှောက်၏ဟူလို၊)

နာမ်ဇီဝိတသည် အတူဖြစ်သော စိတ်စေတသိက်တို့ကို ဥပါဒ် ဋီ,ဘင်အကြား၌မပျက်အောင် အစိုးတရ စောင့်ရှောက်၏၊ ။ မနသည် စေတသိက်တို့ကို မိမိကဲ့သို့ အာရုံကို သိစေ၏။ သုခ စသောငါးပါးသည် စိတ်စေတသိက်တို့ကို ကိုယ်ချမ်းသာ၊ ကိုယ်ဆင်းရဲ၊ စိတ်ချမ်းသာ၊ စိတ်ဆင်းရဲ- ဖြစ်စေ၍ သိသာအောင် ထင်ရှားစေ၏။ လျစ်လျူရှုစေ၍ မသိမသာ သိမ်မွေ့စေ၏။ သဒ္ဓါစသော ငါးပါးသည် စိတ်စေတသိက်တို့ကို ယုံကြည်စေ၏။ အားထုတ်စေ၏၊ သတိထင်စေ၏၊ ကောင်းစွာထားစေ၏၊ ထိုးထွင်း၍သိစေ၏။

အနညာသည် စိတ်စေတသိက်တို့ကို "မသိသေးသော သစ္စာလေးပါးကိုသိမည်" ဟုအား ထုတ်ခြင်း၌ မိမိကဲ့သို့ အား ထုတ်စေ၏။ ။အညိန္ဒြေသည် ပဌမမဂ်သိသော အတိုင်း အဖန် ဖန်သိခြင်း၌ မိမိကဲ့သို့သိစေ၏၊ ဝါ၊ သံယောဇဉ်ကိုပယ်စေ၏။ ရာဂစသည်ကို ခေါင်းပါးအောင်ပြုစေ၏။ ။အညာတာဝိန္ဒြေသည် သိပြီးသော ရဟန္တာ၏ ဣန္ဒြေဖြစ်သည့်အလျောက် ကိစ္စအားလုံး စွန့်၍ နိဗ္ဗာန်သို့ရှေးရှုစေ၏။

ဤ၂၂-ပါးတို့တွင် ဓမ္မသင်္ဂဟမြဲခြင်း၌ ပညိန္ဒြေကိုဟောသည်၊ ကမ္မဝိပါကေ (?)ပြခြင်း၌ အနညာတ စသော သုံးပါးကိုဟောသည်။ ဤစကားဖြင့် ပညိန္ဒြေသည် လောကီသက်သက်မဟုတ်၊ လောကီလောကုတ္တရာပညာ အားလုံးဖြစ်သည်ဟုပြသည်။

**ဈာန်ဟောစဉ်။** ။ သဗ္ဗာဝါဟု ဒေါ်ဆိုပညပ်ရာ၌ အစ္ဆုတ္တိက ရုပ်ငါးခုသည် ယူသော မိ္ခရာဖြစ်၏။ ထိုငါးခုကိုမှတည်လို၍ ရှေးဦးစွာဟောသည်၊ ဤရုပ်ကြောင့်အတိုင်း အမပညပ်ကွဲပြားသည်ဟု ဘာဝရုပ်ကိုဟောသည်။ ဤတရားကြောင့်ကြာရှည်စွာတည်သည်ဟု ဇီဝိတဒြေသက် ထွင်းပြသည်၊ အာရုံသိရာ၌ နာမ်တရားတို့၏ ခေါင်းဆောင်ဟု မနကိုဟောသည်။ နာမ်တရားစု၏ ညစ်နွမ်းကြောင်းကို ဝေဒနာငါးပါးဖြင့် ပြသည်၊ ဖြူစင်ကြောင်းကိုသဒ္ဓါ စသော ငါးပါးဖြင့်ပြသည်။ အစဉ်အတိုင်းဖြူစင်ပုံကို နောက်ဆုံး သုံးခုဖြင့် အဆုံးသတ်၍ ပြတော်မူသည်။(သိသာရ ဝဏ္ဏဒုက္ခတော ဟု ငါတို့ယိုးယား ဟောင့်ဟ အပ်သည်ကို လမ်းစ ညွှန်ပြပေသည်။)

ဝိဂ်္ဂကမ္ဘာ့ဝတ်၌ ဟောပြသည့် သမာဓိန္ဒြေမည်။ *ဓမ္မသင်္ဂဏီ ပါဠိတော်၌ ပဋိပ္ပဒါ ၊ ဝေနေယျဉ်ဘ၊ သန္တိရဏ-ဤစိတ် ၁၆-ခု၌ ဟောယောကိုဟောသော်လည်း သမာဓိန္ဒြေ ဟုမဟော၊ ထိုကြောင့် ထိုသဖိ ခုနှလည်း သမာဓိန္ဒြေမည်။ ထိုဝိရိယကြောင့် သောစိတ် ၇၂-ခုနှသာ သမာဓိန္ဒြေယူရသည်။ ပညိန္ဒြေကိုလည်း လောကီလောကုတ္တရာ ဉာဏ်သမ္ပယုတ် ၄၇-ခုလုံး၌ ယူရသည်။ ဓာတုကထာ အရနောက်၌ကား မရောဘဲ ကိစ္စသော၌လောကီ၌သာယူလေသည်။

**ဗိုလ်။** ။ ကြည့်ခြင်း၊ ပျင်းရိခြင်းစသော ဆန့်ကျင်ဘက် နစ်ပါးတို့ကြောင့် မတုန်လှုပ်သောသဘောတရားခုနစ်ပါးသည် ဗိုလ်မည်၏။ (နှုတ်ပါးယှဉ်နေသည်) ဝါ၊ သမ္ပယုတ်တရားတို့၌မြဲမြံ ခိုင်ခံ့ခြင်းကြောင့် ဗိုလ်မည်၏။ (ကိုးပါးလုံးမိသည်) အဟိရိက

* ဓမ္မသင်္ဂဏီပါဠိတော်ကိုကြည့်ရှုမှတ်သားလျှင်အသိဉာဏ်နိုင်မြဲပေလိမ့်မည်။

အနေသတ္တပ္ပ- နှစ်ပါးကား ဤမြမြိုင်နှခြင်းနောက်အနက်ကြောင့် သာမိုလ်အမည်ရသည်။

အဝိရိယာမိတ် ၁၆-ရုတ်နှ ဒိုလ်မ၁ရ၊ ဝိရိယရှိမှ ဒိုလ်ကနိုးပြုနိုင်သည်။ ထိုကြောင့်ပစ္စဝိညာဏ်၊ မနောဓာတ်၊ သန္တိရဏ တို့နှကောဂ္ဂတာသည်ဗိုလ်မမည်။ဝိစိကိစ္ဆာနှ ကောဂ္ဂတာလည်းဗိုလ်မမည်။

**အဓိပတိ။** ။မိမိနှင့်စပ်၍ဖြစ်သောတရားတို့၏ အကြီးအကဲဖြစ်သော သဘောတရားသည်အဓိပတိမည်၏။

ဆန္ဒရှိသူအား အဘယ်အရာမပြီးတဲ ရှိအံ့နည်းဟူသောရှေးစိတ်အားထုတ်ခြင်းဖြင့် နောက်စိတ်ဖြစ်ပေါ်သောအခါ ဆန္ဒသာလျှင်အဓိပတိဖြစ်သည်။ဝိရိယရှိသူအား။ စိတ်ရှိသူအား။ပညာရှိသူအား အဘယ်အရာမပြီးတဲရှိအံ့နည်းဟူသောရှေးစိတ်အားထုတ်ခြင်းဖြင့် နောက်စိတ်ဖြစ်ပေါ်သောအခါ ဝိရိယသာအဓိပတိဖြစ်သည်၊ စိတ်သာအဓိပတိဖြစ်သည်၊ပညာသာအဓိပတိဖြစ်သည်။

တပါးသော အဓိပတိတို့၏ ကြီးကဲခြင်းကိုတား၍တဦးတည်းကြီးကဲခြင်းသည် အဓိပတိ၏သဘောဖြစ်၏။ တပါးသောဇုန္ဒြေတို့၏ကြီးကဲခြင်းကို မတားမူ၍ မိမိအလိုသို့ လိုက်စေခြင်းမှုသည် ဣန္ဒြိယ၏သဘောဖြစ်၏။အဓိပတိကားနှစ်ပါးပြိုင်မရှိ။

ဣန္ဒြိယကား အချင်းချင်း အားလုံးပင် ပြိုင်သည်။

**အာဟာရ။** ။အဇ္ဈတ္တသန္တာန်၏ အကြောင်းဟူလေပါ တို့သည် အကျိုးပစ္စယုပ္ပန်ကို ဆောင်တတ်သောကြောင့်အာဟာရတို့မည်ကုန်၏။

ကဗဠိကာရသည် သြဇာလျှင် ရှစ်ခုမြောက်ရှိသော အာဟာရဇရုပ်ကလာပ်ကို ဆောင်၏။ ဖဿသည် ဝေဒနာ သုံးပါးကို ဆောင်၏။ မနောသဉ္စေတနာသည်၊ ဝါ၊ လောကီကုသိုလ် အကုသိုလ်ကံသည် ဘုံသုံးပါး၌ ပဋိသန္ဓေကို ဆောင်၏။ ဝိညာဏ်သည်၊ဝါ၊ ပဋိသန္ဓေဝိညာဏ်သည် နာမ်ရုပ်ကိုဆောင်၏။

**အကြောင်းထူးလေးပါး။** ။အကြောင်းထူးဖြစ်ပုံကား- ကဗဠီကာရသည် အစာစားသူတို့၏ ရူပကာယအား အကြောင်းထူးဖြစ်သည်၊ ကံစသည်ကြောင့် ဖြစ်သော်လည်း အာဟာရ ထောက်ပံ့မှ အသက်ရှည်သော ကြောင့်တည်း။ အထိန်းသည် သည့် သူငယ်အား ကျေးဇူး ပြုသည်နှင့်တူ၏၊ ကျားကန်သော တိုင်သည် အိမ်အား အကြောင်းထူးဖြစ်၍ ကျေးဇူးပြုသည်နှင့် တူ၏။

ဖဿသည် သုခစသော ဝေဒနာကို ဖြစ်စေခြင်းဖြင့် သတ္တဝါ တို့ကြာမြင့်စွာ တည်ခြင်း၌ အကြောင်းထူးဖြစ်သည်။ အာရုံ သည် သုခစသော ဝေဒနာ၏ကြည်ရာဖြစ်၏။ ထိုအာရုံကို ဖဿ ထိတွေ့မှသာ ဝေဒနာဖြစ်နိုင်သောကြောင့်တည်း။

မနောသဉ္စေတနာသည် ဘဝ၏အဖြစ်ကိုဖြစ်စေခြင်းဖြင့် သတ္တ ဝါတို့ကြာမြင့်စွာတည်ခြင်း၌ အကြောင်းထူး ဖြစ်၏၊ ကုသိုလ်ကံ အကုသိုလ်ကံ စေတနာဖြစ်အောင် အားထုတ်မှ ဘဝ၏ တည် ရာ ဖြစ်ဖြစ်နိုင်သောကြောင့်တည်း။

ဝိညာဉ်သည် နာမ်ရုပ်ကိုဖြစ်စေခြင်းဖြင့် သတ္တဝါတို့ ကြာ မြင့်စွာ တည်ခြင်း၌ အကြောင်းထူး ဖြစ်၏။ (အကြောင်းထူး လေးပါးတို့ သိသာရန် မလွယ်ကူနိုင်အောင် ကျေးဇူးပြုသော ဆောင်မှု ကြီးကျယ်သော ဖြစ်၍ ကြောက်ဘွယ် ကောင်းကုန်၏။)

---

## ဗောဓိပက္ခိယသင်္ဂဟမှတ်ဘွယ်

သစ္စာလေးပါးသိသောမဂ်ဉာဏ်သည် ဗောဓိမည်၏။ မဂ်ဉာဏ် ၏အသင်းအပင်း၌ ဖြစ်သော သတိပဋ္ဌာန်စသည်တို့သည် ဗောဓိ ပက္ခိယတို့မည်ကုန်၏။ ထိုတရားတို့ကို ဟူရာပေါင်းရခြင်းသည်၊ ပါ၊ ပေါင်းရုံးသည့် ဗောဓိပက္ခိယသင်္ဂဟမည်၏။

**သတိပဋ္ဌာန်။** ။သတိစေတသိက် သည်ပင်လျှင် အာရုံ၌ သက်ဝင်တည်သောကြောင့် သတိပဋ္ဌာန်မည်၏။ (သတိ-သတိ စေတသိက်+ပဋ္ဌာန-တည်သည်။)

ဆံပင်မွေးညှင်းစသည်တို့၏ အပေါင်းသည်၊ ဝါ-ထွက်သက် ဝင်သက်အပေါင်းသည်၊ ဝါ၊ ဘူတရုပ် ဥပါဒါရုပ် အပေါင်းသည် ကာယမည်၏။ ကာယ၌ သုဘဟူသော ဝိပလ္လာသကို ပယ်၍ အသုဘဟုရှုသော ဉာဏ်သည် ကာယာနုပဿနာဉာဏ်မည်၏။ ထိုဉာဏ်နှင့်အတူ ဖြစ်သော သတိသည် ကာယာနုပဿနာ သတိပဋ္ဌာန်မည်၏။

ဝေဒနာ သုံးပါး၌ သုခဝိပလ္လာသပယ်၍ ဒုက္ခဟုရှုသောဉာဏ်နှင့်အတူဖြစ်သော သတိသည် ဝေဒနာနုပဿနာသတိပဋ္ဌာန်မည်၏။ ရာဂရှိသောစိတ်၊ ရာဂမရှိသောစိတ်-စသော ၁၆ ပါးသော စိတ်တို့၌ နိစ္စဝိပလ္လာသပယ်၍ အနိစ္စဟု ရှုသောဉာဏ်နှင့် အတူ ဖြစ်သော သတိသည် စိတ္တာနုပဿနာ သတိပဋ္ဌာန်မည်၏။ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဓမ္မတို့၌ အတ္တဝိပလ္လာသပယ်၍ အနတ္တဟု ရှုသောဉာဏ်နှင့် အတူဖြစ်သော သတိသည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်မည်၏။ ။လေးပါးလုံး ၄၂-ပါးသောစိတ်၌ ရှိသော သတိဖြစ်၏။ လောကီ၌ အသီးသီး၊ လောကုတ္တရာ၌ တပေါင်းတည်း။

**စိတ် ၁၆-ပါး။** ။စိတ္တာနုပဿနာ သတိပဋ္ဌာန်ရှုရာ စိတ် ၁၆-ပါးကား-သရာဂစိတ်၊ ဝီတရာဂစိတ်၊ သဒေါသစိတ်၊ ဝီတဒေါသစိတ်၊သမောဟစိတ်၊ ဝီတမောဟစိတ်၊ သံခိတ္တစိတ်၊ဝိက္ခိတ္တစိတ်၊မဟဂ္ဂတစိတ်၊ အမဟဂ္ဂတစိတ်၊သဉ္တရစိတ်၊ အနုတ္တရစိတ်၊ သမာဟိတစိတ်၊အသမာဟိတစိတ်။ဝိမုတ္တစိတ်၊အဝိမုတ္တစိတ်။

**သမ္မပ္ပဓာန်။** ။ဝီရိယ စေတသိက်သည်ပင်လျှင် ကောင်းစွာ အားထုတ်ကြောင်း ဖြစ်သောကြောင့် သမ္မပ္ပဓာန် မည်၏။စိတ် ၄၂-ပါး၌ရှိသော ဝီရိယရ၏။ ကိစ္စလေးပါး အားဖြင့် လောကီ၌အသီးသီး၊ လောကုတ္တရာ၌ တပေါင်းတည်း ဖြစ်သည်။ ဝါ၊ မဂ်ဉာဏဒဿန ဝိသုဒ္ဓိ၌ မိုယ်စိတ်ဖြစ်သောအခါ သမ္မပ္ပဓာန် ပယ်၍ ဗောဓိပက္ခိယတရား ၃၃-ပါး ပြိုင်တူဖြစ်သည်ဟု ဆို၏။ ဝီရိယရှိသော်လည်း မိုလ်၌ သမ္မပ္ပဓာန်ကိစ္စမရှိပါဟူလို။

**အသီးသီးဖြစ်ပုံ။** ။လောက၌ အသီးသီးဖြစ်ပုံကား-သံသရာ၌ မဖြစ်ဘူးသော အကုသိုလ်ကားမရှိ။ ဤနေရာ၌ ဝတ်ကြီးဝတ်ငယ်ပြုခြင်း စသည်တို့ကြောင့် ဖြစ်ခွင့်မရသော အကုသိုလ်သည် အနုပ္ပန္နမည်၏။ ၎င်းကိုဖြစ်ခွင့်မပေးရ။ ဝတ်မပြုမိသဖြင့် ဖြစ်လာသော ထိုအကုသိုလ်သည် ဥပ္ပန္နမည်၏။ ထိုအခါအားထုတ်၍ပယ်ရသည်။ ။သမထ၊ဝိပဿနာ၊ မဂ်သည် မဖြစ်သေးမီ အနုပ္ပန္နကုသိုလ်မည်၏၊ ထိုအခါ ဖြစ်လာအောင် အားထုတ်ရသည်။ ။ဖြစ်လေသောအခါ ဥပ္ပန္နကုသိုလ်မည်၏။ထိုအခါမပျက်အောင် တိုးပွါးအောင် အားထုတ်ရသည်။ မဂ်ကားမပျက်ကောင်း။ ဤသို့ လောက၌ ကိုယ်စီအသီးသီးဖြစ်သည်။

**ဥပ္ပန္နရှစ်မျိုး။** ။ဥပ္ပန္နအမျိုးမျိုး သိလျှင် တပေါင်းတည်းဖြစ်ပုံ သိလွယ်လတ္တံ့။ ခဏတ္တယသို့ ရောက်ဆဲ ကိလေသာသည် ဝတ္တမာန ဥပ္ပန္နမည်၏။ မဂ်မသတ်နိုင်။ ။အာရုံခံစားပြီး၍ ချုပ်သောဝိပါက်သည်၎င်း၊ ဖြစ်ပြီး၍ချုပ်သော ကံသည်၎င်း ဘူတာဝိဂတဥပ္ပန္နမည်၏။ မဂ်မသတ်နိုင်။ ။အကျိုးပေးခွင့်ရသော ဝိပါက်သည် အခွင့်ရသည်မှစ၍ ဩကာသကတ ဥပ္ပန္နမည်၏။ မဂ်မသတ်နိုင်။ ။ဝိပဿနာ၏ အာရုံဖြစ်သော အတိတ်စသော ခန္ဓာငါးပါးသည် ဘူမိ။ ထိုဘူမိ၌ကိန်းသော ကာလတ္တယ နဝတ္တဗ္ဗ အနုသယ ကိလေသာသည် ဘူမိလဒ္ဓ ဥပ္ပန္နမည်၏။ ဤဥပ္ပန္နကို မဂ်သတ်သည်။

တနည်း။ ။ခဏတ္တယရောက်ဆဲ ကိလေသာသည် သမုဒါစာရဥပ္ပန္နမည်၏။ မဂ်မသတ်။ ။တကြိမ်မြင်ပြီးလျှင် အောက်နောက်တိုင်း သတိရတိုင်း ဖြစ်နိုင်သော ကိလေသာသည် အာရမ္မဏာဓိဂ္ဂဟိတ ဥပ္ပန္နမည်၏။ နွယ်ပင်၌ချုတ်ရာတိုင်း အစေးထွက်နိုင်သည်နှင့်တူ၏။ မဂ်သတ်မည်။ ။သမာပတ်ဖြင့် မခွါသေးသော ကိလေသာသည် အဝိက္ခမ္ဘိတ ဥပ္ပန္နမည်၏။ နွယ်ပင်ချုတ်ရာတိုင်း အစေးမထွက်သောနေရာ မရှိသည်နှင့် တူ၏။ မဂ်သတ်မည်။

မဂ်ဖြင့် မသတ်သေးသော ကိလေသာသည် အသမုဂ္ဃါဋိတပဟာနမည်၏၊ ဘဝဂ်၌ ဖြစ်သူအားလည်း ထိုကိလေသာ ဖြစ်သည်၊ မဂ်သတ်မည်။

ဝတ္တမာန၊ ဘူတာ၊ဩကာသ၊သမုဒါ-လေးဖြာမဂ်မသတ်။

**မဂ်သတ်ပုံ။** ။သရက်ပင် တပင်၌ အကိတ်သီး စား၍ပြီး၊ ပစ္စုပ္ပန်သီးမသီးဆဲ။ အနာဂတ်သီးမသီးသေး။ ထိုသရက်ပင်ကို ခုတ်လှည်းလျှင် ခုတ်လှည်းဆဲအခါ ဘယ်အသီးမှ မျက်။ မခုတ်လှည်းခဲ့လျှင် သီးနိုင်သော ကာလဝိမုတ်အသီးတို့သာ မသီးနိုင်ခြင်းအားဖြင့် ပျက်ကုန်၏ဟု ဆိုအပ်ကုန်၏။

ထိုအတူဖြစ်ပြီး ချုပ်သွားသော ကိလေသာကို မဂ်မသတ်။ ပစ္စုပ္ပန် ကိလေသာလည်း မဂ်ခဏ၌ မရှိဆဲဖြစ်၍ မဂ်မသတ်။ အနာဂတ် ကိလေသာလည်း မဖြစ်သေး မရှိသေး သောကြောင့် မဂ်မသတ်။ မဂ်မဖြစ်ခဲ့လျှင် ဖြစ်နိုင်သော ကာလဝိမုတ် ကိလေသာတို့သာ မဖြစ်နိုင်ခြင်းအားဖြင့် သတ်အပ်ကုန်၏ ဟုဆိုအပ်၏။

**တပေါင်းတည်း ဖြစ်ပုံ။** ။လောကုတ္တရာ၌ တပေါင်းတည်းဖြစ်ပုံကား။ မဂ်စိတ်ဖြစ်ဆဲခဏ၌ အနုပဿနာကုသိုလ် မဖြစ်ခြင်းသည် ကိစ္စတပါး။ ဘုမိလဒ္ဓ ဥပ္ပန္နစသော ဥပ္ပန္နအကုသိုလ်ကိုသတ်ခြင်း သည်လည်း ကိစ္စတပါး။ တသံသရာလုံး မဖြစ်ဘူးသော မဂ်စိတ်ဟူသော အနုပ္ပန္နကုသိုလ် ဖြစ်ခြင်း သည်လည်း ကိစ္စတပါး။ မဂ်စိတ်၏ခဏတွင်ယ ပဝတ္တိသည်-တည်သည်, တိုးပွါးသည်မည်၏။ ထိုမဂ်စိတ် ဥပ္ပန္နကုသိုလ် ကည်ခြင်း,တိုးပွါးခြင်း သည်လည်း ကိစ္စတပါး။ ဤသို့ကိစ္စလေးပါး တပြိုင်တည်း ဖြစ်သည်။ မဂ်စိတ်၌ သမ္မပ္ပဓာန်လေးပါးလုံး ပြိုင်သည်ဟူ၏။ ပုထုဇဉ်၌ ထိုကိစ္စမျိုး မရှိ(လျှာရှိသူတို့ မြန်ရှက်ဘွယ်အရသာ ယူပေဟည့်။)

**ဈဋ္ဌိပါဒ်။** ။အဓိဋ္ဌာန်ခြင်း စသည်၏ပြည့်ပုံကြောင်း တန်ခိုးအမျိုးမျိုး၌ရှိသော ဉာဏ်သည် ဈဋ္ဌိမည်၏။ ထိုဉာဏ်၏အခြေ

သည့် ဈာန်ပါဒမည်၏။ စိတ် ၄၂-ချက်၌ရှိသော ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာ ရ၏။

**တနည်း။** ။ဈာန်၊ မဂ်၊ ဖိုလ်သည် ဈာန်မည်၏။ ရှေ့အတိုင်း၌ဖြစ်သော ဥပစာရ ဝိပဿနာသည် ဈာန်ပါဒ မည်၏။ ။တနည်း။ ပဌမ ဈာန်သည် ဈာန်ပါဒ။ ဒုတိယ ဈာန်သည် ဈာန်။ ဤနည်းဖြင့် အောက်အောက်ဈာန် မဂ်သည် အထက်ထက်ဈာန် မဂ်၏ ဈာန်ပါဒမည်၏။ အထက်ထက်ဈာန် မဂ်သည်ဈာန်မည်၏။ ။တနည်း၊ အဓိပတိတပ်ခိုက်ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသလေးပါးသည်ဈာန်လည်း မည်၏။ ဈာန်ပါဒလည်းမည်၏။

ဈာန်ခြေ၊ ဗိုလ်တို့သည် မိဿက သင်္ဂဟနည်းဖြင့် သိလွယ်ကုန်ပြီ။

**ဗောဓိဇ္ဈင်။** ။ဥဒယဗ္ဗယဉာဏ်အားထုတ်သည်မှစ၍ သစ္စာလေးပါးသိသည်အထိ ယောဂီသည် ဗောဓိမည်၏။ ဝါ၊ သစ္စာလေးပါးသိကြောင်း၊ ကိလေသာဟူသော အိပ်ခြင်းမှနိုးကြောင်း၊ ကိလေသာငုံမှ မဂ်ဖိုလ်ပွင့်ကြောင်း တရား ၇-ပါးအပေါင်းသည် ဗောဓိမည်၏။ ဗောဓိမည်သောပုဂ္ဂိုလ်၏။ ဝါ၊ တရားအပေါင်း၏ အကြောင်းအစိတ်တို့သည် ဗောဇ္ဈင်တို့မည်ကုန်၏။ စိတ် ၄၂-ချက် ရှိသော သတိ စသောတရား ၇-ပါးရ၏။ ဓမ္မဝိစယ ဟူသည် ဝိပဿနာပညာဖြစ်၏။

**ဥပေက္ခာဆယ်ပါး။** ။ဥပေက္ခာ သမ္ဗောဇ္ဈင်သည် ဝေဒနာမဟုတ်၊ တတြမဇ္ဈတ္တတာ ဖြစ်၏။ ။ဥပေက္ခာသည် ဆဠင်္ဂုပေက္ခာ၊ ဗြဟ္မဝိဟာရုပေက္ခာ၊ ဗောဇ္ဈင်္ဂုပေက္ခာ၊ ဝီရိယုပေက္ခာ၊ သင်္ခါရုပေက္ခာ၊ ဝေဒနုပေက္ခာ၊ ဝိပဿနုပေက္ခာ၊ တတြမဇ္ဈတ္တုပေက္ခာ၊ ဈာနုပေက္ခာ၊ ပါရိသုဒ္ဓုပေက္ခာ၊-ဟု ဆယ်ပါးရှိ၏။ ထိုတွင် ဝီရိယုပေက္ခာသည် ဝီရိယ။ သင်္ခါရု၊ ဝိပဿနုသည်ပညာ။ ဝေဒနုသည် ဝေဒနာ၊ ကြွင်းခြောက်ပါးသည် တတြမဇ္ဈတ္တတာ စေတသိက်ဖြစ်၏။ ဆဠင်္ဂုသည် ရဟန္တာအား ဖြစ်သည်။ ဈာနုသည် တတိယဈာန်၌ ဖြစ်သည်။ ပါရိသုဒ္ဓုသည် ပဉ္စမဈာန်၌ဖြစ်သည်။

မဂ္ဂင်သည်သိသာသောနည်းရှိပြီ။ ။မဂ်ဂိတ်၌မဂ္ဂင်ရှစ်ပါးလုံး တပေါင်းတည်း မဂ္ဂင်ကိစ္စပြုသည်။ ဖိုလ်စိတ်၌တပေါင်းတည်းသာ ဖြစ်သည်၊မဂ္ဂင်ကိစ္စမပြု။ ဖိုလ်စိတ်၌လည်း-မဂ္ဂင်"မဂ္ဂပရိယာပန္န-ဟုဟော၏။ပရိယာယ်သာတည်း။

ဗောဓိပက္ခိယတရားကိုယ် ၁၄-ပါးတို့တွင် ဝိဝဇ္ဇနီယသိတဖြစ်သောမဟာကုသိုလ်။ မဟာကြိယာ၊ အပ္ပနာဇောအားဖြင့် စိတ် ၄၂-ခုသည် စိတ်မည်၏။ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ-နှစ်ပါးကိုလည်း တပေါင်းတည်း ပြုသည်။ ဝဇ္ဇနီယသိတကို ဤသင်္ဂဟ၌ မယူရ။

---

## သဗ္ဗသင်္ဂဟမှတ်ဘွယ်

ပရမတ္ထတရားလေးပါးကို ခန္ဓာစသည်ဖြင့် အလုံးစုံပေါင်းရ ခြင်းသည်၊ ဝါ၊ ပေါင်းရာသည် သဗ္ဗသင်္ဂဟမည်၏။

**ခန္ဓာ။** ။အတိတ်, အနာဂတ်စသော ၁၁-ပါးသောအပြား ဖြင့်ပြားသော တရားတို့သည် တလုံးတည်း, တစုတည်း ပေါင်းစု ခြင်းအနက်ကြောင့် ခန္ဓာတို့မည်ကုန်၏။

အတီတ-ချုပ်ပြီ၊ အနာဂတ-မဖြစ်သေး၊ ပစ္စုပ္ပန္န-အကြောင်း ကိုစွဲ၍ ဖြစ်ဆဲ (သုံးမျိုး။) အဇ္ဈတ္တ-ကိုယ်တွင်း၊ ဗဟိဒ္ဓ-ကိုယ်ပ၊ (နှစ်မျိုး။) ဩဠာရိက-ရုန့်ရင်းထင်ရှားသည်၊ သုခုမ-သိမ်မွေ့၍ မထင်ရှား (နှစ်မျိုး။) ဟီန-အယုတ်၊ ပဏီတ-အမြတ် (နှစ်မျိုး။)ဒူရ၊ အဝေး၊ သန္တိက-အနီး (နှစ်မျိုး။) ဤကား ၁၁-ပါး အပြားတည်း။

**ပစ္စုပ္ပန်ခွဲ။** ။ရုပ်၌ ဤတဘဝလုံးရုပ်သည် အဒ္ဓါပစ္စုပ္ပန် မည်၏။ သဘောတူ ဥတုကြောင့်ဖြစ်သော ရုပ်အစဉ်သည်၊ ဝါ၊ သဘောတူ အာဟာရကြောင့်ဖြစ်သော ရုပ်အစဉ်သည်။ ဝါ၊ ဟတ် ထိလုံးကြောင့်၊ ဓာအကြိမ်ကြိမ် တဆက်လုံးကြောင့်၊ သမာပတ် တခုလုံးကြောင့်ဖြစ်သော ရုပ်အစဉ်သည် သန္တတိ ပစ္စုပ္ပန်မည်၏။ တခဏ၊ တနံနက်၊ တနေ့၊ တညဉ့်၊ စသောအချိန်ပိုင်းချိန်၌ ဖြစ်သော

ရုပ်အစဉ်သည် သမယပစ္စုပ္ပန်မည်၏။ ဥပါဒ်၊ ဌီ၊ ဘင်ခဏတ္တယသို့ ရောက်ဆဲရုပ်သည် ခဏပစ္စုပ္ပန်မည်၏။ ရုပ်ပစ္စုပ္ပန်လေးမျိုး။ တနည်း-ဟေတုကိစ္စ-ဇနကသတ္တိသာပြီး၍ ပစ္စယကိစ္စ-ဥပထမ္ဘနသတ္တိ မပြီးသေးသောရုပ်သည် ပစ္စုပ္ပန်မည်၏။

နာမ်၌--တခုသောဝီထိအတွင်း၊ ဇောကြိမ်ကြိမ်အတွင်း၊ သမာပတ်အတွင်းဖြစ်သော နာမ်သည်၊ ဝါ၊တခုသောအာရုံ၌ ဖြစ်သော နာမ်သည် သန္တတိ ပစ္စုပ္ပန်မည်၏။ ခဏတ္တယသို့ ရောက်ဆဲနာမ်သည် ခဏပစ္စုပ္ပန်မည်၏။ ။နာမ်ပစ္စုပ္ပန်နှစ်မျိုး။

ပြဿဒ္ဒါရိယစသည်ကို ကုသိုလ် အကုသိုလ် စသောဇာတ်ဖြင့်၎င်း၊ သုခဒုက္ခ စသော သဘောဖြင့်၎င်း၊ သမာပတ်ဝင်စား မဝင်စားသော ပုဂ္ဂိုလ်ဖြင့်၎င်း၊ လောကီ လောကုတ္တရာဖြင့်၎င်း ခွဲအပ်၏။

စေတောပရိယ အဘိညာ-- ပစ္စုပ္ပန်စိတ်ကို အာရုံပြုရာ၌ ခဏပစ္စုပ္ပန်ကို အာရုံမပြု၊ သန္တတိပစ္စုပ္ပန်ကိုသာ အာရုံပြုသည်။ ဝေါဟာရအများသုံးစွဲသောပစ္စုပ္ပန်၌လည်းခဏကိုမယူကြ။အတိ ရှည်ကြာအား ရှုချဖြစ်သော ခဏကိုအသုံးများသည်။

ခန္ဓာငါးပါးဥပမာ။ ။ခန္ဓာငါးပါး၌ ရုပ်သည် တည်ရာ ဖြစ်သောကြောင့် လူနာရုံနှင့်တူ၏။ ဝေဒနာသည် ခံစားအပ်သော ကြောင့် အနာနှင့်တူ၏။ သညာသည် ဝေဒနာကို ဖြစ်စေသော ကြောင့် သလိပ်စသောနိုးသော အကြောင်းနှင့်တူ၏။ သင်္ခါရသည် မသင့်သောအစာစသော ဝေးသောအကြောင်းနှင့်တူ၏။ ဝိညာဏ် သည်လူနာနှင့်တူ၏။ (လူနာရုံ၊ အနာ၊ ကိုယ်တွင်း သလိပ်စသည်၊ ကိုယ်ပအစာစသည်၊ လူနာ ဤငါးမျိုးနှင့်စဉ်တိုင်းတူ၏။) တနည်း နှောင်အိမ် အမျိုးမျိုး၊ ညှဉ်းဆဲခြင်း၊ ခိုးမှုစသောအပြစ်၊ သူသတ် ယောက်ျား၊ ခိုးသူနှင့်၎င်းတူ၏။ စားခွက်၊ ထမင်း၊ ဟင်းလျာ၊ ကျွေးသူ၊ စားသူနှင့်၎င်း--အစဉ်အတိုင်းတူ၏။

**ခန္ဓာငါးပါးရှုဘွယ်။** ။ဤခန္ဓာငါးပါးအပေါင်းသည် ရန်သူငါးယောက်နှင့် တူလေစွ၊ ဝန်ထုပ်ကြီး ငါးထုပ်နှင့်တူလေစွ၊ ထိုးဆွဲတတ် ကိုက်ခဲတတ်းလေစွ၊ အနိစ္စ,ဒုက္ခ, အနတ္တဖြစ်လေစွ၊ သံလျက်မိုးသော သူသတ်ယောက်ျား ငါးယောက်နှင့် တူလေစွဟု ဖန်ဖန်ရှုအပ်၏။ တနည်း-ရုပ်သည် အနှိပ်မပါ စွန့်ပစ်ရာ ရေမြှုပ်နှင့်တူလှ၏တကား။ ဝေဒနာသည် အသုံးချ၍မရသော ရေပွက်နှင့်တူလှ၏။ သညာသည် အထင်လွဲစေသော တံလျှပ်နှင့်တူလှ၏။ သင်္ခါရသည် အကာအဖတ် တခုလုံးဖြစ်သော ငှက်ပျောတုံးနှင့်တူလှ၏၊ ဝိညာဏ်သည် လှည့်စားသော မျက်လှည့်နှင့် တူလှ၏တကားဟု ဖန်ဖန်ရှုအပ်၏။ (ရေမြှုပ်၊ ရေပွက်၊ တံလျှပ်၊ ငှက်ပျောတုံး၊ မျက်လှည့်။)

**သီးခြားခန္ဓာနှစ်ပါး။** ။ဝေဒနာ၊ သညာကို စေတသိက်ချင်းတူလျက်အဘယ်ကြောင့် ခန္ဓာသီးခြားသနည်း?။ ဝဋ်ဆင်းရဲတို့၌သာယာခြင်းဘူ။ သာယာခြင်း၏ အဆောက်အဦ တခုဖြစ်သောကြောင့်တည်း။ ။ဝေဒနာသည် တေဘူမက ဝဋ်တို့၌သာယာခြင်း အစွမ်းဖြင့်ဖြစ်၏။ သညာသည် အသုဘ၌သုဘ-စသော ဝိပလ္လာသစွမ်းဖြင့်ဖြစ်၍ သာယာခြင်း၏ အဆောက်အဦ ဖြစ်၏။ ဤသို့ သံသရာ၏ ပဓာနအကြောင်း ရှိခြင်းကြောင့် ဤနှစ်ပါးကိုခွဲ၍ သီးခြားဟောသည်။ သံသရာရှည်အောင် ဝေဒနာသာယာသည်၊ ဝေဒနာကို သညာအားပေးသည် ပူလို။

**ခန္ဓဝိမုတ်။** ။နိဗ္ဗာန်သည် အတိတ်နိဗ္ဗာန် စသည်ဖြင့်ပြောကာလဝိမုတ်နိဗ္ဗာန် တပါးတည်းသာဖြစ်၏။ ဗဟိဒ္ဓသာ၊ သုခုမသာ၊ ပဏီတသာ၊ ဒူရသာ-ဖြစ်၏။ ၁၁-ပါး အပြားမရှိသဖြင့် ပေါင်းစုခြင်း အနက်မရှိသောကြောင့် ခန္ဓာအမည်မရ။

**ဥပါဒါနက္ခန္ဓာ။** ။ဥပါဒါန်လေးပါးတို့၏ အာရုံဖြစ်သော ခန္ဓာတို့သည် ဥပါဒါနက္ခန္ဓာ တို့မည်ကုန်၏။ ။လောကီ လောကုတ္တရာ မထူးမူ၍ သဘောတူ အားလုံ ပေါင်းခြင်း ၅ ခန္ဓာငါး

ပါးကိုဟောသည်။ လောကီသက်သက်ကို ဝိပဿနာ၏ အာရုံဟု ပြုခြင်းငှါ ဥပါဒါနက္ခန္ဓာ ငါးပါးကိုဟောသည်။

ဝေဒနာစသော လေးပါးသည်လောကီ၊လောကုတ္တရာနှစ်မျိုးစီ၊ ရုပ်ကား ကာမာဝစရ– လောကီသာတည်း။ သဘောတူပေါင်း ရုခြင်း ဟနက်ဖြင့် ခန္ဓာမည်၏။ ဥပါဒါန်၏ အာရုံဖြစ်ခြင်း၊ပေါင်းရုခြင်း နှစ်နက်ဖြင့် ဥပါဒါနက္ခန္ဓာမည်၏။

**အာယတန။** ။စိတ် စေတသိက်တို့၏ မိမိကိစ္စဖြင့် အားထုတ်ရာနေရာသည် အာယတနမည်၏။ စိတ် စေတသိက်တို့ကို ချဲ့ဘတ်သော ကြောင့်လည်း အာယတန မည်၏။ သံသရာရှည်အောင် ဆောင်တတ်သောကြောင့်လည်း အာယတနမည်၏။စိတ်စေတသိက်တို့၏ နေရာ၊ ရောပြွမ်း၍ တည်ရာ၊ပေါင်းဆုံရာ၊မွေးဘွားရာ၊ အကြောင်းရင်းခံ-ဟူသော အနက်ကြောင့်လည်း အာယတနမည်၏။

**အာယတနရှုဘွယ်။** ။ဤအာယတန ၁၂-ပါးသည် အရပ်၊တပါးမှလည်း မလာဘဲ၊အရပ်တပါးသို့လည်း မသွားဘဲချုပ်တတ်၏။ ဝိညာဏ်ဖြစ်အောင်လည်းအားမထုတ်တတ်၊မကြောင့်ကြတတ်ဟုရှုအပ်၏။ ။တနည်း၊ အဇ္ဈတ္တိကာယတန ၆-ပါးသည် မြွေ၊မိကျောင်း၊ ငှက်၊အိမ်ခွေး၊ တောခွေး၊မျောက်-ဤ ၆-ကောင်နှင့်တူ၏။ ဗာဟိရာယတန ၆-ပါးသည် အမှိုက်ပုံ၊ ရေအောင်း၊ကောင်းကင်၊ မီးဖိုချောင်၊ သူကောင်ရှိသော သုသာန်၊ တောအုပ်–ဤ ၆–နေရာနှင့်တူ၏။ အဇ္ဈတ္တိကသည် ရွာပျက်ခင်းနှင့်တူ၏။ဗာဟိရသည် ရွာဖျက်သော ခိုးသူဓားပြနှင့်တူ၏-ဟုရှုအပ်၏။

**ဓာတ်။** ။မိမိသဘောကိုဆောင်တတ်သောသဘောတရားသည် ဓာတ်မည်၏။ဝါ၊ များစွာသော သံသရာဒုက္ခကို စီရင်သောကြောင့် ဓာတ်မည်၏။ ဝန်ထုပ် ကိုယ်ကဲ့သို့ ထမ်းဆောင် အပ်သောကြောင့်ဓာတ်မည်၏။ အလိုက်မသိ ဒုက္ခစိမ့်ခြင်းမျှဖြစ်သော

ကြောင့်ဓာတ်မည်၏။ သဏ္ဍာဝါတို့ ဒုက္ခရှာရေ၌ အကြောင်းဖြစ်သောကြောင့် ဓာတ်မည်၏။ရှာ၍ရသမျှဒုက္ခကို ဆောင်ထားရေဖြစ်သောကြောင့်ဓာတ်မည်၏။ ကိုယ်အစိတ် သွေး,သည်းခြေသည် ဓာတ်မည်သကဲ့သို့- ကျောက်အဝိတ်-ဆေးဒါန်း၊မြင်းသီလာသည် ဓာတ်မည်သကဲ့သို့–သိအပ်သော ဥဿုမ်ဓာတ်တရား၏ အစိတ်ဖြစ်သောကြောင့် ဓာတ်မည်၏။ အသက်ဇီဝ မဟုတ်ခြင်း ကြောင့်လည်းဓာတ်မည်၏။

ကျွတ်ထိုက်သူအချို့တို့သည် ဝိညာဏ်၌ဇီဝဟု သညာရှိကုန်၏။ ဝါ၊အသက် တလုံးတခဲတည်း ခွဲစိတ်မရ၊ ဘယ်အခါမှမပျက်-ဟု မှတ်ထင်ကုန်၏။ ထိုသူတို့အား ဝိညာဏဓာတ် ခုနစ်ပါး အစိတ်အပိုင်းများပုံကိုရင်း၊ဝတ္ထုနှင့်အာရုံ အကြောင်းဆုံမှ ဖြစ်ရသဖြင့် အမြဲမရှိ ပျက်စီးပုံကိုရင်းပြ၍၊ ထိုဇီဝသညာကို ပယ်နုတ်ခြင်းငှါ ဓာတ် ၁၈-ပါးကိုဟောသည်။

**ဓာတ်ရှုဘွယ်။** ။နိဗ္ဗာန်မှ တပါးသော သင်္ခတ ဓာတ်တို့သည် ဥပါဒ်ရှေ၊ ဘင်နောက်-အစွန်းနှစ်ဘက်မှဆိတ်ကုန်၏။သုဘ၊ နိစ္စ၊ သုခ၊အတ္တမှဆိတ်ကုန်၏။အကြောင်း ညီညွတ်မှဖြစ်ကုန်၏-ဟု ရှုအပ်၏။ စက္ခုစသော ဒွါရဓာတ် ၆-ပါးသည် စည်ကြီးသဘွယ်ဖြစ်၏။ ရူပစသောအာရုံဓာတ် ၆-ပါးသည် လက်ခတ် သဘွယ်ဖြစ်၏။စက္ခုဝိညာဏ်စသော ဝိညာဏဓာတ် ၆-ပါးသည် စည်သံသဘွယ်ဖြစ်၏။ တနည်း။ ဒွါရ၊အာရုံ၊ဝိညာဏ်–ဤဓာတ် သုံးမျိုးသည်မှန်ပြင်သဘွယ်၊ မျက်နှာသဘွယ်၊အရိပ်သဘွယ်ဖြစ်၏။ ဝါ၊ နှမ်းသဘွယ်၊ ကျည်ပွေ့သဘွယ်၊ ဆီသဘွယ်ဖြစ်၏။ ဝါ၊ ပွတ်ရုံသဘွယ်။ပွတ်ကျေးသဘွယ်၊ မီးသဘွယ်ဖြစ်၏-ဟု ရှုအပ်၏။

မနောဓာတ်သည် ပဉ္စဝိညာဏ်၏ ရှေ့သွားနှင့်ရင်, နောက်သွားနှင့်ရင်းတူ၏။ ဝေဒနာသည် မြားဒြောင့် တံကျင်နှင့် တူ၏။ သညာသင်္ခါရသည် ဒြောင့်ဗူးနာနှင့်တူ၏။ ပုထုဇဉ်သညာသည် တွယ်တာစေသောကြောင့် အချည်းနှီးသော လက်ဆုပ်နှင့်တူ၏။ အလွဲထင်တတ်သောကြောင့် တောသမင်နှင့်တူ၏။ သင်္ခါရသည်

ပဋိသန္ဓေကို ဖြစ်စေသောကြောင့် မိးကျိုးတွင်းသို့ပစ်ချသူနှင့်တူ၏။ ဇာတိဒုက္ခထက်ချပ်ရှိသောကြောင့် မင်းချင်းလိုက်သော ခိုးသူနှင့်တူ၏။ အကျိုးမရှိသောခန္ဓာစဉ်ကို ဖြစ်စေသောကြောင့် အဆိပ်မျိုးစေ့နှင့်တူ၏။ ။ချပ်သည့် ဘေးမျိုးစုံစေသောကြောင့် သင်ရုန်းစက်နှင့်တူ၏-ဟုရှုအပ်၏။

အသင်္ခတ နိဗ္ဗာနဓာတ်သည် သေခြင်းမရှိ၊ ငြိမ်သက်၏။ ဘေးမရှိ-ဟုရှုအပ်၏၊ ။မနောဝိညာဏဓာတ်သည် အာရုံတခုသွတ်၍ တခုယူတတ် သောကြောင့် တောမျောက်နှင့် တူ၏။ ဆုံးမခက်သောကြောင့် မြင်းယုတ်နှင့်တူ၏။ကျလိုရာ ကျတတ်သောကြောင့် ကောင်းကင်သို့ပစ်သော တုတ်နှင့်တူ၏။ ကိလေသာ မျိုးစုံသွဉ်သောကြောင့် ကချေသည်မနှင့်တူ၏-ဟုရှုအပ်၏။

**သစ္စာ။** ။သစ္စာ လေးပါးတို့သည် အရိယာတို့၏+သိအပ်သောသစ္စာ၊ဘုရားရှင်၏+ဟောအပ်သောသစ္စာ။ အရိယာပုဂ္ဂိုလ်ဖြစ်အောင်+ပြုသောသစ္စာ။ မချွတ်မယွင်း မှန်ကန်သော+သစ္စာတို့ဖြစ်ကုန်၏၊ အနက်လေးနည်း။

**ပုဒ်အနက်။** ။၂-စက်ဆုပ်စရာ+ခ-အချည်းနှီး။ ။စက်ဆုပ်စရာအချည်းနှီးဖြစ်သောတရားသည် ဒုက္ခမည်၏။ ။သံ-ပေါင်းဆုံမိလျှင်+ဥ-ဖြစ်ခြင်း၏+အယ-အကြောင်း၊အဝိဇ္ဇာစသောအကြောင်းတပါးနှင့် ပေါင်းဆုံမိလျှင် ဒုက္ခသစ္စာဖြစ်ခြင်း၏ အကြောင်းဖြစ်သောတရားသည် သမုဒယမည်၏။ ။ရောဓ-ဒုက္ခ+နိ-မရှိ။ ။သံသရာဒုက္ခမရှိရာ အရပ်သည် နိရောဓမည်၏။ ဝါ၊ ဒုက္ခချုပ်ရာ ချုပ်ကြောင်းသည် နိရောဓမည်၏။ ။မရ-သတ်လျက်+ဂ-+သွားသည်။ ။ကိလေသာကို အကြွင်းမဲ့သတ်လျက် နိဗ္ဗာန်သို့သွားသောတရားသည် မဂ္ဂမည်၏။(မရဂမှမဂ္ဂဖြစ်။)

**သစ္စာအနက် ၁၆-ချက်။** ။ဒုက္ခ သစ္စာသည် နှိပ်စက်တတ်၏။ ပြုပြင်အပ်၏၊ ပူပန်စေအပ်၏။ ဖေါက်ပြန်၏၊ လေးနက်။ ။သမုဒယသည် အားထုတ်၏၊ အကြောင်းဖြစ်၏၊ ယှဉ်တွဲစေ၏၊ (ဒုက္ခနှင့်တွဲပေးခြင်းတည်း။) နှောင့်ယှက်တတ်၏-လေး

နက်။ ။နိရောဓသည် ထွက်မြောက်တတ်၏၊ ဆိတ်ငြိမ်၏၊ မပြုပြင်အပ်၊ မသေတတ်–လေးနက်။ ။မဂ္ဂသည် ထုတ်ဆောင်တတ်၏၊ အကြောင်းဖြစ်၏၊ သိမြင်တတ်၏၊ ကြီးကဲ၏။-လေးနက်။ ဤသို့ ၁၆-နက်သိအပ်၏။

**လက္ခဏာစသည်။** ။ဒုက္ခသစ္စာသည် နှိပ်စက်ခြင်း လက္ခဏာရှိ၏၊သမုဒယသည်ဖြစ်ကြောင်း လက္ခဏာရှိ၏။ နိရောဓသည် ငြိမ်သက်ခြင်းလက္ခဏာရှိ၏၊မဂ္ဂသည် ထုတ်ဆောင်ခြင်းလက္ခဏာရှိ၏။ ဝါ၊ဖြစ်ခြင်း၊ဖြစ်စေခြင်း၊နစ်ခြင်း၊နစ်စေခြင်းလက္ခဏာ လေးပါးစဉ်တိုင်းရှိ၏။ ဝါ၊ပြုပြင်ခြင်း၊ပူပန်မက်မောခြင်း၊ မပြုပြင်ခြင်း, နိဗ္ဗာန်ကိုမြင်ခြင်း လက္ခဏာ စဉ်တိုင် ရှိ၏။ ။ပြင်းစွာပူလောင်စေခြင်းကိစ္စ၊ ဒုက္ခမပြတ် ဖြစ်စေခြင်း ကိစ္စ၊ မသေခြင်းကိစ္စ၊ ကိလေသာပယ်ခြင်းကိစ္စ လေးပါးစဉ်တိုင်းရှိ၏။ ။ဖြစ်လာသော တရားဟူ၍ရင်း၊ နှောင့်ယှက်သော တရားဟူ၍ရင်း၊ သင်္ခါရနိမိတ်ကင်းဆိတ်သော တရားဟူ၍ရင်း၊အဏ္ဏဝတ္တ ဗဟိဒ္ဓမှထသော တရားဟူ၍ရင်း ရှုသူညာဏ်အား ထင်ရှားသော အခြင်းအရာလေးပါး စဉ်တိုင်းရှိ၏။ ။ပဒဋ္ဌာန်မပြ။

**သစ္စာမည်ခြင်း။** ။မနှိပ်စက် တတ်သော ဒုက္ခဟူ၍မရှိ။ ဒုက္ခမှတပါး နှိပ်စက်တတ်သော တရားဟူ၍မရှိ၊ ဤသို့အမြဲအစွဲ မှန်ကန်ခြင်းကြောင့်၊ ဝါ၊မဖောက်ပြန်ခြင်းကြောင့်၊ဝါ၊ထင်ရှားခြင်းကြောင့် ဒုက္ခသည် သစ္စာမည်၏။ ။ဒုက္ခကိုမဖြစ်စေသော တဏှာမရှိ။ တဏှာမှတပါး ဒုက္ခကိုဖြစ်စေသော တရားမရှိ။ ။မငြိမ်သက်သောနိဗ္ဗာန်မရှိ။ နိဗ္ဗာန်မှတပါး ငြိမ်သက်သော တရားမရှိ။ ။မထုတ်ဆောင်သောမဂ်မရှိ။ မဂ်မှတပါး ထုတ်ဆောင်သောတရားမရှိ.....ဤသို့အမြဲအစွဲ မှန်ကန်ခြင်း၊ မဖောက်ပြန်ခြင်း၊ ထင်ရှားခြင်းကြောင့် သစ္စာမည်၏။

**ဒုက္ခ ၁၂-မျိုး။** ။ဒုက္ခသစ္စာသည်- ဇာတိ—ပဋိသန္ဓေနေခြင်း၊ ဇရာ-အိုခြင်း၊ မရဏ-သေခြင်း၊ သောက-စိုးရိမ်ခြင်း၊ပရိဒေဝ—ငိုကြွေးခြင်း၊ဒုက္ခ—ကိုယ်နာခြင်း၊ ဒေါမနဿ—စိတ်နာခြင်း၊ ဥပါယာသ-ပြင်းစွာပင်ပန်းခြင်း။ အပ္ပိယေဟိသမ္ပယောဂ—မချစ်သူနှင့်တွေ့ဆုံခြင်း၊ ပိယေဟိဝိပ္ပယောဂ— ချစ်သူနှင့်ကွေကွင်းခြင်း၊ ယမ္ပိစ္ဆံ န လဘတိ—လိုတိုင်းမရခြင်း၊ ဝါ၊ မရစကောင်းကို တောင့်တခြင်း၊ သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓ—အကျဉ်းအားဖြင့် ဥပါဒါနက္ခန္ဓာ ငါးပါး-ဤသို့ ၁၂-မျိုးရှိ၏။

**ဒုက္ခ ၃။** ။ကိုယ်နာ၊ စိတ်နာသည် ဒုက္ခစစ်ဖြစ်၍ ဒုက္ခဒုက္ခမည်၏။ သုခသည် ဖေါက်ပြန်လျှင် ဆင်းရဲကြောင်းဖြစ်၍ ဝိပရိဏာမဒုက္ခမည်၏။ ဥပေက္ခာနှင့် ကြွင်းသင်္ခါရသည် ဖြစ်ခြင်းပျက်ခြင်းအမြဲရှိ၍ သင်္ခါရဒုက္ခမည်၏။-သုံးမျိုး။

တနည်း၊ သွားနာ၊ နားနာစသည်၊ ရောဂါပုပန်ခြင်း စသည်သည်ထင်ရှား- ပဋိစ္ဆန္နဒုက္ခမည်၏၊ ရိုက်နှက်၍ ဒဏ်ရာရခြင်းသည် ထင်ရှား၏-အပဋိစ္ဆန္နဒုက္ခမည်၏၊ နှစ်မျိုး။
တနည်း၊ ကိုယ်နာ၊ စိတ်နာသည် ကေန်ဆင်းရဲ၏- နိပ္ပရိယာယဒုက္ခမည်၏။ ကြွင်းသမျှသင်္ခါရဒုက္ခသည် ကိုယ်နာ၊ စိတ်နာတို့၏တည်ရ ဖြစ်၏၊အကြောင်းဖြစ်၏။ ပရိယာယဒုက္ခမည်၏။ နှစ်မျိုး။

ထိုကြောင့်သောက၊ ဒုက္ခ၊ ဒေါမနဿ—ဤသုံးမျိုးသာ- ဒုက္ခအစစ်၊ နိပ္ပရိယာယဒုက္ခမည်၏၊ မုချဒုက္ခမည်၏။ ကြွင်းကိုးမျိုးသည် ကိုယ်နာမဟုတ်၊စိတ်နာမဟုတ်၊ကိုယ်နာစိတ်နာတို့၏တည်ရာအကြောင်းဖြစ်၍ ဒုက္ခစစ်မဟုတ်။ပရိယာယဒုက္ခမည်၏။ သင်္ခါရဒုက္ခမည်၏၊ဝိပရိဏာမဒုက္ခမည်၏။

**သံခိတ်ဒုက္ခ။** ။ဇာတိစသည်ဖြင့် ဟောသော ဒုက္ခ၊ မဟောသောဒုက္ခဟူသမျှသည် ဥပါဒါနက္ခန္ဓာကိုသာ ညွှန်းဆဲလျက်ရှိ၏။ မှက်ခြင်အပေါင်းသည် နွားတကောင်ကိုသာ ဝိုင်းအုံ၍ကိုက်ခဲသကဲ့သို့တည်း။ ဒုက္ခဟူသမျှသည် ဥပါဒါနက္ခန္ဓာ၌သာ

တည်၏၊ မြက်နွယ်အပေါင်းသည် မြေ၌သာတည်သကဲ့သို့တည်း။ မရေတွက်နိုင်အောင် များလှသောဒုက္ခပဟူသမျှ၏ ဂုဏ်အရသာသည် ဥပါဒါနက္ခန္ဓာ၌သာတည်၏။သမုဒြာလေးစင်း ရေအရသာသည် ရေတပေါက်၌တည်သကဲ့သို့တည်း၊ ဤနည်းဖြင့် ဒုက္ခအားလုံး-ကုန်စင်အောင် ချုံးလို၍ ဤအဆုံးသတ် သံခိတ်ဒုက္ခကိုဟောတော်မူလေသည်။

**သမုဒယသုံးမျိုး။** ။သမုဒယ သစ္စာသည် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ-ဟုသုံးမျိုးရှိ၏။ မိယရုပ်၊ သာတရုပ်မည်သော ဥပါဒါနက္ခန္ဓာငါးပါး လောကီတရား၌သာ အာရုံပြုသောအားဖြင့် တည်၏။ ဤတဏှာသုံးမျိုးသည် အာရုံ ၆-ပါးအားဖြင့် ၁၈-မျိုး၊ကာလသုံးပါးအားဖြင့် ၅၄-မျိုး။ အဇ္ဈတ္တိကဗာဟိရသန္တာန်နှစ်ပါးအားဖြင့် ၁၀၈-မျိုးဖြစ်၏၊ (တဏှာသုံးတန်၊ တည်၍ခံ၊ အာ၊ ကာ၊ သန်ဖြင့်မြှောက်၊ တဏှာအစစ်-တရာ့ရှစ်-ဖြစ်၏ထိုမှုလောက်။)

**အကြောင်းထူး။** ။ဒုက္ခ၏အကြောင်း များစွာရှိလျက် တဏှာကိုသာအဘယ်ကြောင့် သမုဒယဟုဟောသနည်း? ထူးသောအကြောင်းဖြစ်သော ကြောင့်တည်း။ ထူးပုံကား၊ အဝိဇ္ဇာသည် အာရုံ၏အပြစ်ကို မမြင်အောင် ဖုံးရုံသာဖုံး၏။ ဒိဋ္ဌိစသည်သည် တဏှာပွါးကြောင်းမျှသာဖြစ်၏။ ဒေါသစသည်သည် စေတနာကံ၏ .အကြောင်းမျှသာဖြစ်၏၊ တဏှာကား ဘဝစည်းစိမ် ဆန်းကြယ်ခြင်းကို မှတ်သား၏၊ အမြင်ကျယ်၏၊ အပြစ်ဒုက္ခကို မမြင်၊ နိစ္စသုခအတ္တထင်၍ လိုချင်တောင့်တ၏၊ ရစိမ့်သောငှါအကြောင်းကံကို အဆန်းတကြယ်စိမံ၏၊ ကံ၏မိရှာ၊ အကြောင်း၊ အပေါင်း၊ အားပေးသူ-ဖြစ်၏၊ ကံကြောင့်ဖြစ်သော ဘဝစည်းစိမ် ပဟူသမျှသည် ဆန်းကြယ်သော ဒုက္ခရောက်ကြောင်း တဏှာစွမ်းသာတည်း၊ ဤသို့ဒုက္ခ၏ ထူးသောအကြောင်း ဖြစ်သောကြောင့်တဏှာကိုသာ သမုဒယဟု ဟောသည်။ ။တဏှာအမြင်ကျယ်သ

လောက် ကံဆန်းကြယ်သည်၊ ကံဆန်းကြယ်သလောက် ဒုက္ခ ဆန်းကြယ်သည်။

**နိရောဓခေတ်။** ။နိရောဓ သစ္စာသည် ထိုတဏှာ သုံးမျိုး၏ အကြွင်းမဲ့ချုပ်ရာ ချုပ်ကြောင်းဝိရာဂ၊ နိရောဓ-စသည်မည်သော နိဗ္ဗာနခေတ်ဖြစ်၏။

ဤနိဗ္ဗာနခေတ်သည် ဒုက္ခ ၁၂-မျိုးချုပ်ရာဖြစ်၏၊ဒုက္ခချုပ်အောင် ဒုက္ခကိုမသတ်ရ၊ အကြောင်း သမုဒယကို သတ်ရသည်။သစ်ပင် သေအောင် အညွန့်မဖြတ်ရ၊ အမြစ်ဖြတ်ရသည်နှင့်တူ၏။ ခဲပစ် ခံရသော ခွေးသည် ခဲကိုမနှိပ်စက်၊ ပစ်သူကိုနှိပ်စက်ခြင်းဖြင့် နောက်ထပ်ခဲမကျ။ တိတ္ထိတို့ကား ဒုက္ခချုပ်အောင် ရေငုပ်ခြင်း၊ မီးလှုံခြင်း၊ ဆူး၌အိပ်ခြင်းစသည်ဖြင့် ဒုက္ခကိုပင်သတ်ကုန်၏။သစ် ပင်သေအောင် အညွန့်ဖြတ်သည်နှင့်တူ၏။ ဒုက္ခမချုပ်၊ အကြောင်း အမြစ်ရင်းမသိရှာကြကုန်။ ခဲပစ်ခံရသော ဇိမ်ခွေးသည် ပစ် သူကိုမကိုက်၊ ခဲကိုသာကိုက်ခြင်းဖြင့် နောက်ထပ် ဖန်ဖန်ခဲကျ ပြန်သည်။

**တဏှာ၏သင်းချိုင်း။** ။ထိုသမုဒယကို အရိယာမဂ်ဖြင့် အမြစ်ဖြတ်သော အခါ မင်္ဂသည် နိဗ္ဗာန်ကို အာရုံပြုခြင်းကြောင့် သမုဒယသည် နောက်မဖြစ်နိုင်ခြင်းသို့ ရောက်၏။ တောအုပ်၌ ပေကြွသော ခိုးသူကိုဖမ်း၍မြို့အနီး၌သတ်သော်လည်း တောအုပ် ၌ခိုးသူသေပြီဟု ဆိုအပ်သကဲ့သို့ နိဗ္ဗာန်မြို့အာရုံပြု၍ သတ်သော် လည်း ဖယ်မှုပ်, သာဝေရုပ် တောအုပ်၌သာ တဏှာချုပ်ခြင်းသို့ ရောက်သည်ဟု ဆိုအပ်၏။ ထကြွရာအရပ်၌ မထကြွနိုင်ပြီဖြစ် သောကြောင့်တည်း။

**မချနိဗ္ဗာန်။** ။သစ်ပင်အမြစ်ဖြတ်လျှင် သီးနေကျ အသီးမ သီးနိုင်၍ပျက်သကဲ့သို့ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်အာရုံပြုလျှင် ဖြစ်နေ ကျ ကိလေသာ မဖြစ်နိုင်၍ချုပ်–ပျက်၏၊ ထိုချုပ်ပျက်ခြင်းသည် အနုပ္ပါဒနိရောဓမည်၏။ မချနိဗ္ဗာန် မဟုတ်သေး၊ ဤနိရောဓ၏

အကြောင်း ဥပနိဿယသတ္တိရှိသော မဂ်အာရုံသည်သာလျှင်မချ နိဗ္ဗာန်မည်၏။သိမ်မွေ့လှ၏။တဏှာရောက်အောင်အာရုံမပြုနိုင်။

**မဂ္ဂရှစ်မျိုး။** ။မဂ္ဂသစ္စာသည် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ စသည်ဖြင့် ရှစ်မျိုးရှိ၏။မဂ်စိတ်ဖြစ်ခိုက် စေတသိက် ၃၆-ခုတို့တွင် ပညာ၊ ဝိတက်-စသောရှစ်ခုသည် မဂ္ဂသစ္စာမည်၏။

**သစ္စဝိမုတ်။** ။ကြွင်းသောစေတသိက် ၂၈-ခုနှင့် မဂ်စိတ် သည်မဂ်စိတ္တုပ္ပါဒ် ၂၉-ခုဖြစ်၏။ ဖိုလ်စိတ်ဖြစ်ခိုက် စေတသိက် ၃၆-ခုနှင့် ဖိုလ်စိတ်သည် ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုဖြစ်၏။ ဤမဂ် စိတ္တုပ္ပါဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇ ခုသည် သစ္စာလေးပါးမှ လွတ်၏။ပရိယာယ် အားဖြင့်ကား ဖိုလ်စိတ်၌ သမ္မာဒိဋ္ဌိစသော ရှစ် ပါးကို မဂ္ဂင်္ဂ မဂ္ဂပရိယာပန္န- ဟုဟောသောကြောင့် မဂ္ဂသစ္စာ၌ ၎င်း၊ အကြွင်းတို့ကိုသင်္ခါရ ဒုက္ခ သာမညအားဖြင့် ဒုက္ခသစ္စာ၌ ၎င်း ရေတွက်နိုင်၏၊မချမရေတွက်အပ်။

**သစ္စာသိကျိုး။** ။ဒုက္ခသိလျှင် ခန္ဓာငါးပါး၌ သုဘ၊နိစ္စ၊ သုခ၊အတ္တဟုယူသောအစွဲများကို ပယ်နိုင်သည်။သမုဒယသိလျှင် ဗြဟ္မာဗိဿနိုးဖန်ဆင်း၏ဟု အကြောင်းလွဲသော အကျင့်ကိုပယ် နိုင်သည်၊ နိရောဓသိလျှင် အရူပဘုံကို နိဗ္ဗာန်ဟု အထင်မှားသော အကျင့်ကိုပယ်နိုင်သည်။ မဂ္ဂသိလျှင် ကာမသုခလ္လိကစသည်ကို နိဗ္ဗာန် ရောက်ကြောင်းဟု ယူသောအကျင့်ပျက်ကို ပယ်နိုင် သည်။ ။သစ္စာလေးပါးမသိလျှင် လောက၌ဖြစ်ခြင်း၊ ဖြစ်ခြင်း အကြောင်း၊ ချုပ်ခြင်း၊ ချုပ်ခြင်း အကြောင်း– ဤလေးပါးတို့၌ တွေဝေ၏။

**သစ္စာဥပမာ။** ။ဒုက္ခသစ္စာသည် ဝန်ထုပ်၊သမုဒယသည် ဝန်ထုပ်ထမ်းယူခြင်း၊ နိရောဓသည် ဝန်ထုပ်ချခြင်း၊ မဂ္ဂသည် ဝန်ထုပ်ချနိုင်ကြောင်း နှင့်တူ၏။ တနည်း-အနာ၊အနာဖြစ်ကြောင်း၊ အနာပျောက်ခြင်း၊ ဆေးကောင်းနှင့်စည်တိုင်းတူ၏။ ငတ်မွတ်ခြင်း၊ မိုးခေါင်ခြင်း၊ ဝပြောခြင်း၊ မိုးကောင်းခြင်းနှင့်၎င်း၊ ဤမှာ

ဘက်ကမ်း၊ရေအယဉ်၊ ထိုမှာဘက်ကမ်း၊ ကူးခြင်းလို့လနှင့်ရင်း, ရန်သူ၊ ဒေါသ၊ မေတ္တာ၊ ချီးမြှောက် စောင်မ ခြင်းနှင့်ရင်း၊ စဉ် တိုင်းတူ၏။

**စတုက္ကလေးချက်။** ။ကြွင်း မဂ်မိတ္တုပ္ပါဒ်၊ ဖိုလ်စိတ္တုပ္ပါဒ် သည် သင်္ဂါရ ဒုက္ခဖြစ်၍ ဒုက္ခသာမည်သည်၊ သစ္စာမမည်။နိဗ္ဗာန်၊ လောဘ၊ မဂ္ဂတို့သည် သစ္စာသာမည်၏-ဒုက္ခမမည်၊တဏှာကြွင်း သော လောကီခန္ဓာငါးပါးသည် ဒုက္ခလည်းမည်- သစ္စာလည်း မည်။ ကြွင်းမဂ်မိတ္တုပ္ပါဒ် ဖိုလ်စိတ္တုပ္ပါဒ်သည် ရချအားဖြင့် ဒုက္ခ လည်းမမည်-သစ္စာလည်းမမည်။ ။တဏှာမှတပါးသောကီလေ သာစသည်သည် သမုဒယသာမည်၏၊သစ္စာမမည်၊ ဒုက္ခ၊ နိရောဓ၊ မဂ္ဂသည် သစ္စာသာမည် သမုဒယမမည်၊ တဏှာသည် နှစ်ပါးစုံ မည်၏၊ ကြွင်းမဂ်ဖိုလ် စိတ္တုပ္ပါဒ်သည် နှစ်ပါးစုံမမည်။ ။သင်္ဂါရနိ ရောဓ၊နိရောဓသမာပတ်သည် နိရောဓသာမည် သစ္စာမမည်။ဒုက္ခ၊ သမုဒယ၊မဂ္ဂသည် သစ္စာသာမည်-နိရောဓမမည်။နိဗ္ဗာန်သည် နှစ် ပါးစုံမည်။ကြွင်းမဂ်ဖိုလ် စိတ္တုပ္ပါဒ်သည် နှစ်ပါးစုံမမည်။ ။ပဋိဂ္ဂ ကမဂ်၊ ဓမ္မာမဂ်၊ သကာယပဂ်စသည်သည် မဂ္ဂသာမည်-သစ္စာမ မည်။ ဒုက္ခ၊သမုဒယ၊ နိရောဓသည် သစ္စာသာမည်-မဂ္ဂမမည်။ မဂ္ဂင်ရှစ်ပါးသည် နှစ်ပါးစုံမည်။ ကြွင်းမဂ်ဖိုလ်စိတ္တုပ္ပါဒ်သည် နှစ် ပါးစုံမမည်။

**သုည။** ။ဒုက္ခသာရှိသည်-ဆင်းရဲသူမရှိ။ တဏှာသာရှိသည် တပ်နှစ်သက်သူမရှိ။ နိဗ္ဗာန်သာရှိသည်-ငြိမ်းချုပ်သူမရှိ။ မဂ္ဂသာရှိ သည်-သွားသူကျင့်သူမရှိ၊

နိဗ္ဗာန်သည် အတ္တမှဆိတ်၏။ မဂ္ဂသည် ဓုဝ၊ သုခ၊ အတ္တ-သုံး ပါးမှဆိတ်၏။ဒုက္ခ၊ သမုဒယသည် သုဘ၊ ဓုဝ၊ သုခ၊ အတ္တ-လေး ပါးမှဆိတ်၏။

နိရောဓသည် ကြွင်းသုံးပါးမှ၊ကြွင်းသုံးပါးသည် နိရောဓမှဆိတ် ၏။ သမုဒယ၊ မဂ္ဂသည် အကျိုးမှ၊ ကြွင်းနှစ်ပါးသည် အကြောင်း မှဆိတ်၏။

**အသိခဲယဉ်းပုံ။** ။အဝေးမှ သံကောက်ပေါက် ငယ်ဖြင့် အဆင့်ဆင့် မချွတ်ယွင်းအောင် မြှား ပစ်သွင်းနိုင်ခြင်းသည် ခဲယဉ်းလှ၏။ အစိတ်တရာ စိတ်သောသားမြီး၏ အစွန်းတချဖြင့် အစွန်းတချကို ထိအောင်ထိုးခြင်းသည် သာ၍ခဲယဉ်း၏။ သစ္စာလေးပါးသိခြင်းကား ထိုထက်လွန်၍ အခဲယဉ်းဆုံးဖြစ်၏။ ။ခုနစ်နှစ်သားအရွယ်တို့ သစ္စာလေးပါး လွယ်ကူစွာ သိနိုင်ခြင်းကား ဖြည့်အပ်သော ပါရမီကြောင့်သာတည်း။ ထိုကြောင့် ပါရမီပြည့်အောင် အားထုတ်ရေး၌ နှုန်းနှေးဖင့်နွဲ့ အချိန်မဆွဲရာ။

**သဘောတူမတူ။** ။သစ္စာလေးပါးသည် မှန်ကန်ခြင်း၊ အတ္တဆိတ်ခြင်း၊ သိနိုင်ခဲခြင်းအားဖြင့်တူ၏။ လက္ခဏာမတူ။ ။ဒုက္ခ၊ သမုဒယသည် သိနိုင်ခဲသဖြင့် နက်နဲခြင်း၊ လောကီဖြစ်ခြင်း၊ အာသဝ၏ အာရုံဖြစ်ခြင်းအားဖြင့်တူ၏၊ ကျိုးကြောင်းမတူ၊ သိအပ်ပယ်အပ်မတူ၊ နောက်နှစ်ပါးသည် နက်နဲသဖြင့် သိနိုင်ခဲခြင်း၊ လောကုတ္တရာဖြစ်ခြင်း၊ အနာသဝဖြစ်ခြင်း အားဖြင့်တူ၏။ အာရုံအာရမ္မဏိက မတူ၊ မျက်မှောက်ပြုအပ်-ပွါးစေအပ်မတူ။ ။ပဌမနှင့် တတိယသည် အကျိုးအားဖြင့်တူ၏၊ သင်္ခတအသင်္ခတမတူ။ ။ဒုတိယနှင့် စတုတ္ထသည် အကြောင်းအားဖြင့်တူ၏၊ ကုသိုလ် အကုသိုလ် မတူ။ ။ပဌမနှင့်စတုတ္ထသည် သင်္ခတအားဖြင့်တူ၏၊ လောကီ လောကုတ္တရာမတူ။ ။ဒုတိယနှင့် တတိယသည် နေဝသေက္ခ နာသေက္ခအားဖြင့်တူ၏၊ အာရုံပြုတတ် မပြုတတ်အားဖြင့် မတူ။

**သုံးဦးကြိုက်တရား။** ။သစ္စာဝါဒီတို့သည် နာမ်ကို၊ ရုပ်ကို၊ နှစ်ပါးစုံကို-တွေ့ဝေသူဟု သုံးယောက်ရှိ၏။ ဝါ၊ ဉာဏ်ဆန္ဒထက်၊ မထက်၊ နှံ့သူဟု သုံးယောက်၊ ဝါ၊ ကျဉ်းကြိုက်၊ လတ်ကြိုက်၊ ကျယ်ကြိုက်သူဟုသုံး ယောက်ရှိ၏။ ထိုတွင် နာမ်၌တွေ့ဝေသူအား ချိုးဖြောက်ခြင်းငှါ ခန္ဓာငါးပါးကိုဟောသည်။ ထို၌နာမ်ကို ခန္ဓာလေးပါးဖြင့်ဝေဘန်ပြသည်။ ရုပ်၌တွေ့ဝေသူအား ချိုးဖြောက်ခြင်းငှါ အာယတန ၁၂-ပါးကိုဟောသည်။ ထို၌ ရုပ်ကိုဆယ်ပါး

ခွဲဖြင့်ဝေဘန်ပြသည်။ နှစ်ပါးစုံ၌ တွေဝေသူအား ချီးမြှောက်ခြင်း ငါ ခတ် ၁၀-ပါးကိုဟောသသည်၊ ထို၌ရုပ်ကိုလည်း ခတ်များစွာ ဖြင့် နာမ်ကိုလည်း ခတ်များစွာဖြင့်ဝေဘန်ပြသည်။ထိုနည်းအတူ ဉာဏ်ဆုန္ဒေထက်သူအတွက်အကျဉ်းကြိုက်သူအတွက်ခန္ဓာငါးပါး ကို"မထက်သူ၊ အလတ်ကြိုက်သူအတွက် ဒွါဒသာယတန ၁၂-ပါးကို။ နံ့သူ၊အကျယ်ကြိုက်သူအတွက် ခတ် ၁၈-ပါးကိုဟောသည်။

ထိုခန္ဓာ၊ အာယတန၊ ဓာတ်-သုံးမျိုးလုံးသည် ဖြစ်ခြင်း၊ ဖြစ် ကြောင်း၊ နစ်ခြင်း၊ နစ်ကြောင်းအားဖြင့် လေးစိတ်ကွဲ မြင်အောင် ရှုရသည်။ ထိုသို့မိမိအား ရှုသူကို ချင်းသာအထူး ကျေးဇူးများ အောင် ရွက်ဆောင်သည်။ တပါးသော ခြင်းရာဖြင့် ရှုသူကိုမ ဆောင်။ ထိုကြောင့်သစ္စာလေးပါးကို ဟောသည်။

သမုစ္စည်းပိုင်းအရသာပြီး၏။

## ၈ ... ပစ္စည်းပိုင်း

အကြောင်းပစ္စည်း တရားတို့သည် အကျိုးပစ္စယုပ္ပန်တရားတို့ အား (တည့်တံ့ခြင်းငှါ ဖြစ်ပေါ်ခြင်းငှါ) ကျေးဇူးပြုကုန်၏။ ထို ပစ္စည်းကိုရင်း၊ ထိုပစ္စယုပ္ပန်ကိုရင်း၊ ထိုကျေးဇူးပြုပုံကိုရင်း ထိုက် သည့်အားလျော်စွာ ဆိုပေအံ့။

(စိတ်၊စေတသိက်၊ ရုပ်သည် သခ်တမည်၏။ ပစ္စည်းပစ္စယုပ္ပန် နှစ်မျိုးလုံးဖြစ်ကောင်းသည့်။ နိဗ္ဗာန်ပညတ်သည် အသခ်တမည်၏။ ပစ္စည်းသာ ဖြစ်ကောင်းသည်၊ပစ္စယုပ္ပန်မဖြစ်ကောင်း၊အကြောင်း ကြောင့်ဖြစ်သော အကျိုးမဟုတ်။ ။ဖြစ်ပေါ်ခြင်းငှါသက်သက် ကာ -အနန္တရစသော ငါးခု၊ တည်တံ့ခြင်းငှါ- ပစ္ဆာဇာတသာ။ ဖြစ်ပေါ်တည်တံ့ခြင်းငှါ-ဟေတုစသော ၁၈။)

**နည်းနှစ်ပါး။** ။ပဋိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်းဟု ပစ္စ ယသင်္ဂဟနှစ်ခု သိအပ်၏။ ။ထိုတွင်အကြောင်းဖြစ်လျှင် အကျိုး ဖြစ်လေ့ရှိသဖြင့် ထိုအကြောင်း အကျိုးတို့၏ ဖြစ်ပုံခြင်းရာ သာမညဖြင့် မှတ် အပ်သောနည်းသည် ပဋိစ္စသမုပ္ပါဒ်နည်းမည်၏။ (ကျဉ်း၏။)

သတ္တိထူး ပြု၍ဖြစ်သော ၂၄-ပစ္စည်းကို အကြောင်းပြု၍ ဆိုသောနည်းသည် ပဋ္ဌာန်းနည်းမည်၏။ (ကျယ်၏။)

အာဟစ္စ–အထူးပြု၍+ပစ္စယ–ကျေးဇူးပြုသည်။ ။ဤ ၂၄–ပစ္စည်းသည် အကျိုးဖြစ်ပေါ်အောင် သတ္တိအထူးပြု၍ရင်း+ကျေးဇူးပြုသောကြောင့်ရင်း အာဟစ္စ ပစ္စယမည်၏။ အကျိုး၏ တည်ရာဖြစ်သောကြောင့် ဌိတိလည်းမည်၏။

နည်းနှစ်ပါးကိုရော၍ အဋ္ဌကထာဆရာတို့ ချဲ့ကုန် ဖွင့်ကုန်၏။

**ပဋိစ္စသမုပ္ပါဒ်နည်း။** ။အဝိဇ္ဇာကြောင့် သင်္ခါရတို့ဖြစ်ကုန်၏။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏။ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်၏၊ သဠာယတနကြောင့် ဖဿဖြစ်၏။ ဖဿကြောင့် ဝေဒနာဖြစ်၏၊ ဝေဒနာကြောင့်တဏှာဖြစ်၏။ တဏှာကြောင့် ဥပါဒါန်ဖြစ်၏။ ဥပါဒါန်ကြောင့် ဘဝဖြစ်၏။ ဘဝကြောင့် ဇာတိဖြစ်၏။ (ဝါ-ကမ္မဘဝကြောင့် ဥပပတ္တိဘဝဟူသော ဇာတိဖြစ်၏။ ဇာတိကြောင့် ဇရာ မရဏဖြစ်၏။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့ဖြစ်ကုန်၏။ ဤသို့အကြောင်း အဆက်ဆက်ဖြင့် ဆင်းရဲအစုသာ ထင်ရှားစွာဖြစ်၏။ ဤကား ပဋိစ္စသမုပ္ပါဒ်နည်းတည်း။)

**ခွဲပုံမာတိကာ။** ။ဤပဋိစ္စသမုပ္ပါဒ်နည်း၌ ကာလ ၃-ပါး။ အင်္ဂါ ၁၂-ပါး။ အခြင်းအရာ ၂၀။ အစပ် ၃-ပါး၊ အလွှာ ၄-ပါး။ ဝဋ် ၃-ပါး၊ မူလ ၂-ပါး-တို့ကို သိအပ်ကုန်၏။

**ကာလ ၃-ပါး။** ။အဝိဇ္ဇာ၊ သင်္ခါရသည် အတိတ်ကာလ မည်၏-နှစ်ပါး။ ဇာတိ၊ ဇရာ မရဏသည် အနာဂတ် ကာလ မည်၏–နှစ်ပါး။ အလယ် ရှစ်ပါးသည် ပစ္စုပ္ပန်ကာလ မည်၏–ရှစ်ပါး။……ဤကား ကာလသုံးပါးတည်း။

**အင်္ဂါ ၁၂–ပါး။** ။အဝိဇ္ဇာ၊ သင်္ခါရ။……ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။……တဏှာ၊ ဥပါဒါန်၊ ဘဝ။……ဇာတိ၊ ဇရာ မရဏ။……ဤကား အင်္ဂါ ၁၂-ပါးတည်း။

သောဝက စသောငါးပါးကား ဓာတ်၏အကျိုးဆက် အကျိုးများ သာဖြစ်သည်၊ မှချအကျိုးရင်း မဟုတ်။ ထို့ကြောင့် အင်္ဂါသီးခြားမယူရ။

**ခြင်းရာ ၂၀–စသည်။** ။အဝိဇ္ဇာ၊ သင်္ခါရကိုယူလျှင် တဏှာ၊ ဥပါဒါန်၊ ဘဝ-ကိုလည်း ယူရသည်-(ငါးပါး)။ တဏှာ၊ ဥပါဒါန်၊ ဘဝကိုယူလျှင် အဝိဇ္ဇာသင်္ခါရကိုလည်း ယူရသည်(ငါးပါး)။ ဓာတ်၊ ဇရာ မရဏ(ဟူသောဂုဏ်နှစ်ပါး)ကို ယူလျှင်ကား ဝိညာဏ်စသော အကျိုး (ခြင်း)ငါးပါးကို ယူခြင်းသာ ဖြစ်၏။ (ငါးပါး)ဓာတ်၊ ဇရာ မရဏသည် ထိုငါးပါး၏ဂုဏ် ဥပါဒ်၊ ဌီ၊ ဘင်မျှသာဖြစ်သောကြောင့် ၇-ပါးမဖြစ်။ ၅-ပါးသာတည်း။

ထို့ကြောင့် အဝိဇ္ဇာ၊ သင်္ခါရ။ တဏှာ၊ ဥပါဒါန်၊ ဘဝသည် အတိတ်အကြောင်း ငါးပါးမည်၏။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် ပစ္စုပ္ပန် အကျိုး ငါးပါး မည်၏။-(ဤကား ပုဗ္ဗန္တဘဝစက်တည်း။ ၇-ပါးအရင်းခံသည်။)

တဏှာ၊ ဥပါဒါန်၊ ဘဝ။ အဝိဇ္ဇာ၊ သင်္ခါရသည် ပစ္စုပ္ပန် အကြောင်းငါးပါးမည်၏။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် အနာဂတ်အကျိုး ငါးပါးမည်၏။ (ဤကား အပရန္တဘဝစက်တည်း။ ၅-ပါးအရင်းခံသည်။)

ဤသို့လျှင်အခြင်းအရာ ၂၀။ အစပ်သုံးပါး၊ အလွှာ လေးပါးတို့ဖြစ်ကုန်၏။ (ဥပပတ္တိဘဝကား အနာဂတ်အကျိုး ဓာတ်၌ ပါဝင်၏၊ ဝိပါကဝဋ် ဖလပဋ္ဌကဋ္ဌရှုအပ်၏။)

**ဝဋ်သုံးပါး။** ။အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်သည် ကိလေသဝဋ်မည်၏-(သုံးပါး)။ ကမ္မဘဝဟု ဆိုအပ်သော ဘဝတစ်ဝတ်နှင့်သင်္ခါရသည်ကမ္မဝဋ်မည်၏။(နှစ်ပါး၊ဝါ-တပါးခွဲ)။ဥပပတ္တိဘဝဟုဆိုအပ်သော ဘဝတစ်ဝတ်နှင့် အကြွင်းသည် ဝိပါကဝဋ် မည်၏။ (မှစ်ပါး၊ ဝါ-ခုနှစ်ပါးခွဲ)ဤကား ဝဋ်သုံးပါးတည်း။ (ဘဝကိုကမ္မဘဝ၊ ဥပပတ္တိဘဝဟု နှစ်မျိုးခွဲသည်။ မသိလျှင်ဆဲ့သုံးဖြစ်လတ္တံ့။)

ကိ-သုံး၊ကံ-နှစ်၊ ဝိပါက်-ရှစ်။ ဆဲ့နှစ်ဖြစ်စိုင်စေ။

**မူလ ၂ ပါး။** ။အဝိဇ္ဇာသည် ပုဗ္ဗန္တဘဝစက်၏မူလမည်၏။ တဏှာသည် အပရန္တဘဝစက်၏ မူလမည်၏။ ဤကား မူလနှစ်ပါးတည်း။

**ဝဋ်ပြတ်ပုံလည်ပုံ။** ။ထို(အမြစ်) မူလနှစ်ပါး အကြွင်းမဲ့ ပြတ်မှသာ သံသရာဝဋ်ပြတ်သည်။ မပြတ်နိုင်ကြောင်းကား-တွေဝေမိန်းမောသော ဇရာမရဏာ၏ အနှိပ်အစက်မပြတ် ခံရသူတို့အား မအိုသိမသေသိသော ကာမာသဝ စသည့်တို့သည် ဖြစ်တတ်ကုန်၏။ (သောက။ ပရိဒေဝ-စသည့်တို့၏ အနှိပ်စက်ခံရသူတို့အားလည်း ကာမာသဝစသည်တို့ဖြစ်ကုန်၏။) အာသဝတို့ဖြစ်သောကြောင့် အဝိဇ္ဇာလည်းဖြစ်ပြန်၏။ထိုသို့ဖြစ်သောကြောင့် မပြတ်နိုင်။

ဤနည်းဖြင့် ဝဋ်သုံးပါးသည် မပြတ်လည်၏။ ဘုံသုံးပါးဌ်ဖြင့်၏။ အစမရှိ၊ အကြောင်းတို့၏ ညီညွတ်ခြင်းကိုစွဲ၍ အကျိုးတို့၏ ဖြစ်ရာဌာန ဖြစ်၏။ထိုကြောင့် ဤဝဋ်သုံးပါးသည် ပဋိစ္စသမုပ္ပါဒ် မည်၏။ ဤသို့ဘုရားရှင် ဟောတော်မူလေသည်။

## ပဋိစ္စသမုပ္ပါဒ်အရကောက်

သစ္စာလေးပါး၊ ပုဗ္ဗန္တ၊အပရန္တ၊ ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ် ဤရှစ်ဌာန၌ တွေဝေသောမောဟသည် အဝိဇ္ဇာမည်၏။(အတိတ်ခန္ဓာစသော သံသရာရှေ့ အစွန်းသည် ပုဗ္ဗန္တမည်၏-စသည်ဖြင့် သိအပ်၏။)

ကာမကုသိုလ်၊ အကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ် စေတနာ ၂၉-ခုသည် သင်္ခါရမည်၏။ ထိုတွင်ကာမကုသိုလ်၊ ရူပကုသိုလ်စေတနာ ၁၃-ခုသည် ပုညာဘိသင်္ခါရ မည်၏။ အကုသိုလ်စေတနာ ၁၂-ခုသည် အပုညာဘိသင်္ခါရမည်၏။ အရူပကုသိုလ်စေတနာ ၄-ခုသည် အာနေဉ္ဇာဘိသင်္ခါရမည်၏။ ။တနည်း-ကာယဒွါရ၌ဖြစ်သော ကာမကုသိုလ်၊ အကုသိုလ်စေတနာ

၂၀-သည် ကာယသင်္ခါရမည်၏။ ဝစီဒွါရ၌ဖြစ်သော ထိုစေတနာ ၂၀-သည် ဝစီသင်္ခါရမည်၏။ မနောဒွါရ၌ဖြစ်သော စေတနာ ၂၉-ခုလုံးသည် စိတ္တသင်္ခါရမည်၏။

ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ် ၁၉-ခု၊ ပဝတ္တိအခါ လောကီဝိပါက် ၃၂-ခုသည် ဝိညာဏ်မည်၏။

လောကီဝိပါက် ၃၂-ခု၌ရှိသော စေတသိက်ခန္ဓာသုံးပါးသည် နာမ်မည်၏၊ ကမ္မဇရုပ်သည် ရုပ်မည်၏။

အဇ္ဈတ္တိကာယတန ခြောက်ပါးသည် သဠာယတနမည်၏။

လောကီဝိပါက် ၃၂-ခု၌ရှိသော ဖဿ ၃၂-ခုသည် ဖဿမည်၏။

ထိုဖဿ ၃၂-ခုနှင့် အတူဖြစ်သော ဝေဒနာ ၃၂-ခု သည် ဝေဒနာမည်၏။

ဝေဒနာကြောင့် အာရုံခြောက်ပါး၌ နှစ်သက်သော တဏှာ ၆-ပါးသည် တဏှာမည်၏။

အားကြီးသော တဏှာနှင့် ဒိဋ္ဌိသည် ဥပါဒါန်မည်၏။

ဘဝသည် ကမ္မဘဝ၊ ဥပပတ္တိဘဝ-ဟုနှစ်မျိုးပြား၏။ ထိုတွင် ပုညာဘိသင်္ခါရစသော စေတနာ ၂၉-ပါးသည် ကမ္မဘဝမည်၏။ စေတနာနှင့်ယှဉ်သော ဘဝဂါမိကံ ၂၉-ခုသည်လည်း ကမ္မဘဝမည်၏။ (လောကီကုသိုလ်၊ အကုသိုလ် ၂၉-ခု စိတ္တုပ္ပါဒ်ကို ဘဝဂါမိကံဟုဆိုသည်။)။ ။ဥပပတ္တိဘဝသည် ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ-ဟုသုံးပါး။ သညီဘဝ၊ အသညီဘဝ၊ နေဝသညီနာသညီဘဝ-ဟုသုံးပါး။ ဧကဝေါကာရဘဝ၊ စတုဝေါကာရဘဝ၊ ပဉ္စဝေါကာရဘဝ-ဟုသုံးပါး။ ဤသို့ ကိုးပါးဖြစ်၏။

နိပ္ဖန္နရုပ်၊ နာမက္ခန္ဓာတို့၏ ဖြစ်ခြင်းသည် ဇာတိမည်၏။

နိပ္ဖန္နရုပ်၊ နာမက္ခန္ဓာတို့၏ ရင့်ခြင်း ပျက်ခြင်းသည် ဇရာ မရဏမည်၏။

စိုးရိမ်ပူဆွေးသော ဒေါသမူ‌ဒွေ၌ရှိသော ဒေါမနဿ ဝေဒနာသည်သောကမည်၏။

ဆွေမျိုး ပျက်စီးခြင်း စသည်တို့ကြောင့် ငိုကြွေး မြည်တမ်းသော စိတ္တဇဝိပလ္လာသ သဒ္ဒရုပ်သည် (ဝါ-ငိုသံသည်) ပရိဒေဝမည်၏။

ဒုက္ခသဟဂုတ် ကာယဝိညာဏ်၌ရှိသော ဒုက္ခဝေဒနာ (ကိုယ်နာ)သည်ဒုက္ခမည်၏။

ဒေါသမူ‌ဒွေ၌ ရှိသော ဒေါမနဿ-ဝေဒနာ- (စိတ်နာ)သည် ဒေါမနဿမည်၏။

ဆွေမျိုးပျက်စီးခြင်း စသည်တို့ကြောင့် ဖြစ်သော ပြင်းစွာ စိတ်ပင်ပန်းခြင်းသည် (ဝါ-ဒေါသစေတသိက်သည်) ဥပါယာသ မည်၏။

ဤကားသုတ္တန္တ ဘာဇနီယ နည်းတည်း။ ထိုမှတပါး အဘိဓမ္မာဘာဇနီယနည်း၊ ဓာတုကထာ နည်းတို့ကိုလည်း သိအောင် အားထုတ်အပ်ကုန်၏။ ဓာတုကထာ၌ ဇရာနှင့်မရဏကို ခွဲသည်။ ဤ၌အင်္ဂါတရတည်းပြုသည်။

## အခြင်းအရာစသည်၌မှတ်ဘွယ်

**ကံ-ကိလေသာချင်း။** ။အဝိဇ္ဇာ၊သင်္ခါရ ကိုယူလျှင်အဘယ် ကြောင့်တဏှာ၊ ဥပါဒါန်၊ ဘဝကို ယူသနည်း?။ ။ကိလေသာ ချင်းတူ၊ ကံချင်းတူသော ကြောင့်တည်း။ အဝိဇ္ဇာလည်း ကိလေသာ၊ တဏှာ၊ ဥပါဒါန်လည်း ကိလေသာ=ဤသုံးခု ကိလေသာ ဝဋ်ချင်းတူသည်။ သင်္ခါရလည်းကံ၊ ကမ္မဘဝ တစိတ်လည်း ကံ=ဤနှစ်ခု ကမ္မဝဋ်ချင်းတူသည်၊ တဏှာ၊ ဥပါဒါန်၊ဘဝကိုယူ လျှင်လည်းတူပြီ။

**ဂဟဏ် ဂဟဏ။** ။ဇာတိ၊ ဇရာ၊ မရဏကို ယူလျှင် ဝိညာဏ်စသော အကျိုးငါးပါးကို ယူခြင်းသာဟူသည် အဘယ် ကြောင့်နည်း?။ ဂဟဏ်နှင့်ဂဟဏခွဲ၍ မရသောကြောင့်တည်း။(ဝါ-

ဠာနီနှင့် ဠာနခွဲ၍မရ။ ဂုဏ်နှင့်ဒြဗ်ခွဲ၍ မရသောကြောင့်တည်း။) ဇာတိ၊ ဖရာမရဏာသည် ဝိညာဏ်စသော ငါးပါး၏ ဥပါဒ်၊ ဋ္ဌီ၊ ဘင်ဖြစ်၍ ဂုဏ်ဖြစ်၏။ ဌာနီဖြစ်၏။ ငါးပါးကား ဂုဏောဖြစ်၏၊ ဌာနဖြစ်၏၊ ဒြဗ်ဖြစ်၏။

ဂုဏ်နှစ်ပါးယူလျှင် ဒြဗ်ငါးပါးပါ၏။ ဒြဗ်ငါးပါးယူလျှင် ဂုဏ်နှစ်ပါးပါ၏။ ခွဲ၍မရ။ အင်္ဂါအားဖြင့် ခုနစ်ပါး။ ဒြဗ်အားဖြင့်ငါးပါး။ ဂုဏ်အားဖြင့်နှစ်ပါးဖြစ်၏။ ဤဒြဗ်အားဖြင့် ယူသောကြောင့် ခုနစ်ပါးမဖြစ်၊ ငါးပါးသာဖြစ်သည်။

**တိသန္ဓိစသည်။** ။သင်္ခါရနှင့် ဝိညာဏ်အကြား-ဟေတုဖလတစပ်၊ ဝေဒနာနှင့် တဏှာအကြား-ဖလဟေတုတစပ်။ ဘဝနှင့်ဇာတိအကြား-ဟေတုဖလတစပ်။ ဤသို့သုံးစပ်ဖြစ်၏။

အစပ်သုံးပါး၏ အစအဆုံးအားဖြင့် လေးပါးသည် အလွှာလေးပါးမည်၏။ အကျဉ်းအဘို့သင်္ခေပ လေးထပ်မည်၏။

အတိတ်အကြောင်းငါးပါး၊ ပစ္စုပ္ပန် အကြောင်းငါးပါးသည်ကိလေသာနှင့် ဟံသာဖြစ်၍ အကြောင်းမျိုးစေ့ချင်း တူသောကြောင့် အကြောင်း ကမ္မဝဋ်ဆယ်ပါးမည်၏၊ ပစ္စုပ္ပန် အကျိုးငါးပါး၊ အနာဂတ်အကျိုးငါးပါးသည် အကျိုးဝိပါကဝဋ်ဆယ်ပါးမည်၏။ နှစ်ချပ်ပေါင်းလျှင် အခြင်းအရာနှစ်ဆယ်ဖြစ်၏။

ဤဘဝစက်သည် အကြောင်းမကောင်း၊ အမြဲမရှိ၊ ဆင်းရဲ၏၊ ဖေါက်ပြန်၏။ ကာလကြာရှည်မတည်၊ မခိုင်ခံ့၊ အကြောင်းဓမ္မတို့ကြောင့်အကျိုး ဓမ္မတို့၏ဖြစ်ခြင်းသာတည်း။ ဖြစ်စေတတ်သောငါ သူကပါမရှိ။ အကြောင်းကို ချုပ်စေရမည်ဟု ဟောသည်၊ အကြောင်းချုပ်လျှင် ဘဝစက်ရပ်၍ သံသရာဝဋ်ပြတ်လေ၏။

ဤသို့ဒုက္ခဓမ္မတို့၏ ဖြစ်ခြင်း, ဝဋ်ဒုက္ခပြတ်ခြင်း, တရားဟောခြင်း--ဤသုံးပါးရှိသောကြောင့် "ဤသာသနာ၌ ဒုက္ခကင်းအောင်ပြုခြင်း၏ ဖြစ်ဟူ၍ပရိယာယ်ရှိသည်" ဟု ယုံကြည်အပ်၏။ ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ ဒုက္ခဓမ္မအစုသာရှိသည်ဟု သိလျှင်သဿတ ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးလည်းမဖြစ်ပြီ။

**မူလ။** ။မြွေ၏ဦးခေါင်းကို ကိုင်လျှင် လက်ကိုမြွေရစ်ပတ်သကဲ့သို့ အဝိဇ္ဇာ တဏှာမကောင်းလျှင်ဝဋ်သုံးပါးရစ်ပတ်၏။အဆက်ဆက်မပြတ်။ အဝိဇ္ဇာသည် ဒုဂ္ဂတိခေါင်းဆောင်။ တဏှာသည် သုဂတိခေါင်းဆောင်၊ ဤသို့ဝဋ်သုံးပါး၏ ပဓာန အကြောင်းဖြစ်သောကြောင့် အဝိဇ္ဇာနှင့်တဏှာသည်မူလမည်၏၊

**ပုဗ္ဗန္တစက်။** ။အဝိဇ္ဇာသည် အတိတ်အဘို့မှ ပစ္စုပ္ပန်ဝိပါက်ဖြစ်အောင်ဆောင်သည်။ ဝေဒနာအထိဖြစ်အောင် ဆောင်သည်။ ထိုကြောင့် ပုဗ္ဗန္တမူလမည်၏။

ဝေဒနာကြောင့် တဏှာဖြစ်သောအခါ အဝိဇ္ဇာလည်းတဏှာနှင့်အတူဖြစ်သည် ထိုကြောင့် "ဝေဒနာပစ္စယာအဝိဇ္ဇာ" ဟုလည်း ခွေအပ်၏။ ဤသို့အဝိဇ္ဇာမူလက- ပုဗ္ဗန္တစက်ပိုင်း ဘချဖြစ်၏။ ဤစက်၌ အင်္ဂါ ၇- ပါးသာ လည်သလောဟူမူ။ ။အတိတ်ဘဝအဝိဇ္ဇာ၌တဏှာ၊ ဥပါဒါန် ပါဝင်သည်၊ သင်္ခါရ၌ဘဝပါဝင်သည်။ ပစ္စုပ္ပန်ဘဝ ဝိညာဏ်စသော ငါးပါး၌ ဇာတိ၊ ဇရာမရဏ ပါဝင်သည်။ အင်္ဂါ ၁၂-ပါးအပြည့်လည်သည်။

**အပရန္တစက်။** ။တဏှာသည် ပစ္စုပ္ပန်မှ အနာဂတ်ဝိပါက်ကိုဆက်၍ ချဲ့ထွင်သည်၊ ဇရာ မရဏအထိ ချဲ့ထွင်သည်၊ ထို့ကြောင့်အပရန္တမူလမည်၏။

ဇရာ မရဏဖြစ်သောအခါ သောကစသည် ပါဝင်ပြီးဖြစ်၍ အာသဝလည်းဖြစ်သည်။ ကာမာသဝသည် တဏှာပင်တည်း။ ထိုကြောင့်"ဇရာမရဏပစ္စယာ တဏှာ"ဟု လှည့်ခွေအပ်၏၊ဤသို့တဏှာမူလကအပရန္တစက်ပိုင်းတချဖြစ်၏၊ ဤစက်၌အင်္ဂါငါးပါးသာလည်သလော ဟူမူ။ ။ပစ္စုပ္ပန်ဘဝ တဏှာ၊ဥပါဒါန်၌အဝိဇ္ဇာမည်၏။ ဘဝ၌ သင်္ခါရမည်၏။ အနာဂတ်ဘဝ-ဇာတိ၊ ဇရာမရဏ၌ ဝိညာဏ်စသော ငါးပါးပါဝင်သည်။ အင်္ဂါ ၁၂-ပါးအပြည့်လည်သည်။ ။သတ္တဝါအပေါင်းသည် မူလနှစ်ပါးရှိမြဲသော ဤစက်ပိုင်းနှစ်ချဖြင့် မရပ်မတည် တလည်တည်းလည်ကုန်၏။

**စက်နှစ်ခုဟောကြောင်း။** ။အဝိဇ္ဇာ မူလရှိသော ပုဗ္ဗန္တစက်ကိုဒိဋ္ဌိစရိုက်ရှိသူ့စွမ်းဖြင့်ဟောသည်။ ဒိဋ္ဌိများသူကို အဝိဇ္ဇာသည် သံသရာရှည်အောင် ဆောင်သောကြောင့်တည်း။ တနည်း-ဥစ္ဆေဒဒိဋ္ဌိကို ပယ်နိုင်ခြင်းငှါဟောသည်၊ ကြောင်းကျိုး မပြတ်ဖြစ်သည်ကိုပြသောကြောင့်တည်း။ တနည်း-ဂဗ္ဘသေယျကစွမ်းဖြင့်ဟောသည်၊ ကလလရေကြည် ဝိညာဏ်မှနာမ်ရုပ်၊ သဠာယတနစဉ်၍ဖြစ်ပုံကို ပြသောကြောင့်တည်း။

တဏှာမူလရှိသော အပရန္တစက်ကို တဏှာစရိုက် ရှိသူ့စွမ်းဖြင့်ဟောသည်၊ တဏှာများသူကို တဏှာသည် သံသရာရှည်အောင် ဆောင်သောကြောင့်တည်း။တနည်း-သဿတဒိဋ္ဌိကိုပယ်နိုင်ခြင်းငှါဟောသည်၊ ဖြစ်ဖြစ်သမျှတို့၏ ဇရာ၊ မရဏကိုပြသောကြောင့်တည်း။ တနည်း-ဩပပါတိကစွမ်းဖြင့်ဟောသည်။ ဇာတိအင်္ဂါဖြင့် တကွဖြစ်ခြင်းကို ပြသောကြောင့်တည်း။

---

## ပဋ္ဌာန်းနည်း

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော-အစရှိသော ၂၄-ပစ္စည်းသည် ပဋ္ဌာန်းနည်းမည်၏။

ထိုတွင် ဟိတ်ခြောက်ပါးဖြစ်၍ ကျေးဇူးပြုခြင်းသည် ဟေတုပစ္စည်းမည်၏။ သစ်မြစ်သည် သစ်ကိုင်း သစ်ခက်တို့အား စည်ပင်စေ၍ မြဲစွာတည်စေသောသတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား မြဲစွာတည်စေသော သတ္တိဖြင့် ကျေးဇူးပြု၏။

အာရုံခြောက်ပါးဖြစ်၍ ကျေးဇူးပြုခြင်းသည် အာရမ္မဏပစ္စည်းမည်၏။တောင်ဝှေးကြိုးတန်းသည် ကျိုးသူ ကန်းသူတို့အား ဆွဲရာထောက်ရာ အားယူစရာ သတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား-အားယူစရာ သတ္တိဖြင့် ကျေးဇူးပြု၏။

အလေးအမြတ် ပြုအပ်သော အာရုံဖြစ်၍၎င်း၊အဓိပတိလေးပါးတပါးပါးဖြစ်၍၎င်း ကျေးဇူးပြုခြင်းသည် အဓိပတိပစ္စည်းမည်၏။

စကြာမင်းသည်နိုင်ငံသားတို့အား တဦးတည်း ကြီးကဲသောသတ္တိ ဖြင့်ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား တဦးတည်း ကြီး ကဲသောသတ္တိဖြင့် ကျေးဇူးပြု၏။

အခြားမဲ့ဖြစ်၍ ကျေးဇူးပြုခြင်းသည် အနန္တရ ပစ္စည်းမည်၏။ စကြာမင်း နတ်ရွာစံခြင်းသည် သားကြီးအား အခြားမရှိ မင်းဖြစ် စေသော သတ္တိဖြင့်ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန် တရားတို့အား အခြားမရှိဖြစ်စေသော သတ္တိဖြင့်ကျေးဇူးပြု၏။

ကောင်းစွာအခြားမဲ့ဖြစ်၍ ကျေးဇူးပြုခြင်းသည် သ+မနန္တရ ပစ္စည်းမည်၏။ စကြာမင်း တောထွက်ခြင်းသည် သားကြီးအား ကောင်းစွာအခြားမရှိ မင်းဖြစ်စေသော သတ္တိဖြင့် ကျေးဇူးပြုသ ကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား ကောင်းစွာအခြားမရှိ ဖြစ်စေသော သတ္တိဖြင့် ကျေးဇူးပြု၏။ (ဒေသနာဝိလာသ၊ ဝေနေယျရှာသယ စွမ်းဖြင့် ထပ်ဟောသည်၊ အထူးမရှိ။)

တကွဖြစ်၍ ကျေးဇူးပြုခြင်းသည် သဟဇာတ ပစ္စည်းမည်၏။ ဆီမီးသည် အလင်းရောင်အား တကွဖြစ်စေသော သတ္တိဖြင့်ကျေး ဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား တကွဖြစ်စေသော သတ္တိ ဖြင့်ကျေးဇူးပြု၏။

အချင်းချင်းဖြစ်၍ ကျေးဇူးပြုခြင်းသည် အညမညပစ္စည်းမည် ၏။ သစ်သားသုံးချောင်း လေးချောင်းမှီ၍ ထောင်ခြင်းသည် အ ချင်းချင်း ကူညီထောက်ပံ့သောသတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့ ပစ္စ ယုပ္ပန်တရားတို့အား အချင်းချင်း ကူညီထောက်ပံ့သော သတ္တိဖြင့် ကျေးဇူးပြု၏။

မှီရာဖြစ်၍ ကျေးဇူးပြုခြင်းသည် နိဿယပစ္စည်းမည်၏။ မြေ ကြီးသည် သစ်ပင်တို့အား တည်ရာ မှီရာ သတ္တိဖြင့် ကျေးဇူးပြု သကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား မှီရာသတ္တိဖြင့် ကျေးဇူးပြု၏။

အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုခြင်းသည် ဥပနိ ဿယပစ္စည်းမည်၏။ မိုးလေးလရွာသော မိုးသည် သစ်ပင် သတ္တဝါတို့အား-အားကြီးသောအကြောင်း သတ္တိဖြင့် ကျေးဇူးပြု

သကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား အားကြီးသော အကြောင်းသတ္တိဖြင့်ကျေးဇူးပြု၏။

ရှေးဦးစွာဖြစ်၍ မိမိရှိခိုက် ကျေးဇူးပြုခြင်းသည် ပုရေဇာတ ပစ္စည်းမည်၏။ ကမ္ဘာဦးနေလသည် အလင်းမှီသော သတ္တဝါတို့အား ရှေးဦးဖြစ်၍ မိမိရှိခိုက် ထောက်ပံ့သောသတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား ရှေးဦးဖြစ်၍ မိမိရှိခိုက် ထောက်ပံ့သော သတ္တိဖြင့်ကျေးဇူးပြု၏။

နောက်မှဖြစ်၍ ကျေးဇူးပြုခြင်းသည် ပစ္ဆာဇာတ ပစ္စည်းမည်၏။ လင်းတငယ်တို့၏ နောက်မှဖြစ်သော စားလိုသော အာသာသည်၊ ဝါ၊ အာသာနှင့်ယှဉ်သော စေတနာသည် ရှေးဦးစွာဖြစ်သောကိုယ်အား ထောက်ပံ့သောသတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား နောက်မှဖြစ်၍ ထောက်ပံ့သောသတ္တိဖြင့် ကျေးဇူးပြု၏။

အဖန်တလဲလဲထုံသည်ဖြစ်၍ ကျေးဇူးပြုခြင်းသည် အာသေဝန ပစ္စည်းမည်၏။ နံ့သာအထပ်ထပ် လိမ်းခြင်းသည် နောက်ထပ်လိမ်းသော နံ့သာအား-အားရှိအောင်ထုံသော သတ္တိဖြင့်ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား-အားရှိအောင် ထုံသောသတ္တိဖြင့်ကျေးဇူးပြု၏။

စေတနာကံဖြစ်၍ ကျေးဇူးပြုခြင်းသည် ကမ္မပစ္စည်းမည်၏။ မျိုးစေ့သည် သစ်ပင်အား ပေါ်ပေါက်လာစေသော သတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား ပေါ်ပေါက် လာစေသော သတ္တိဖြင့် ကျေးဇူးပြု၏။

အကျိုးဝိပါက်ဖြစ်၍ (အချင်းချင်း) ကျေးဇူးပြုခြင်းသည် ဝိပါကပစ္စည်းမည်၏၊ လေညှင်းသည် အရိပ်၌နေသူအား ငြိမ်းစေသော သတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား ငြိမ်းစေသော သတ္တိဖြင့် ကျေးဇူးပြု၏။

အာဟာရ လေးပါးဖြစ်၍ ကျေးဇူးပြုခြင်းသည် အာဟာရပစ္စည်းမည်၏။ ကျားကန်သောတိုင်သည် အိမ်အိုအား ထောက်ပံ့သော သတ္တိ၊ဆောင်သော သတ္တိဖြင့်ကျေးဇူး ပြုသကဲ့သို့ ပစ္စယုပ္ပန် တရားတို့အား ထောက်ပံ့သောသတ္တိ၊ ဆောင်သော သတ္တိဖြင့်ကျေးဇူးပြု၏။

ရုပ်ဇီဝိတိန္ဒြေ၊ နာမ်ဇီဝိတိန္ဒြေ အကြီးအကဲဖြစ်၍ ကျေးဇူး ပြုခြင်းသည် ဣန္ဒြိယပစ္စည်းမည်၏၊ မင်းကြီး အသီးသီးတို့သည် တပြည်တည်းသားတို့အား အသီးသီး ပိုင်သဘောသို့ လိုက်စေလျက် အသီးသီး ကြီးကဲသော သတ္တိဖြင့်ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန် တရားတို့အား အသီးသီးကြီးကဲသော သတ္တိဖြင့်ကျေးဇူးပြု၏။ (ရုပ်ဇီဝိတိန္ဒြေ ရှစ်ပါး၌ ဘာဝရုပ်ဇီဝိတိန္ဒြေနှစ်ပါး ပစ္စည်းမဖြစ်။ နာမ်ဇီဝိတိန္ဒြေကား ရှစ်ပါးလုံးပစ္စည်းဖြစ်၏၊)

ဈာနင် ငါးပါးဖြစ်၍ ကျေးဇူးပြုခြင်းသည် ဈာနပစ္စည်းမည်၏။ တောင်ထိပ်သို့ ရောက်သောသူသည် တောင်အောက်၌ နေသူတို့အား ကပ်၍ရှုသောသတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား ကပ်၍ရှုသော သတ္တိဖြင့်ကျေးဇူးပြု၏။

မဂ္ဂင်ကိုးပါးဖြစ်၍ ကျေးဇူးပြုခြင်းသည် မဂ္ဂပစ္စည်း မည်၏။ လှေသည် ကမ်းတဘက်သို့ ပို့ဆောင်သောသတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား သုဂတိသို့၊ ဒုဂ္ဂတိသို့၊ နိဗ္ဗာန်သို့ ပို့ဆောင်သောသတ္တိဖြင့် ကျေးဇူးပြု၏။

အညီအညွတ် ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုခြင်းသည် သမ္ပယုတ္တပစ္စည်းမည်၏။ ထောပတ်၊ ဆီ၊ ပျား၊ တင်လဲ အာဖြင့် လေးပါးသော စတုမဓုသည် အညီအညွတ်ယှဉ်သော သတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့ ပစ္စယုပ္ပန် တရားတို့အား အညီအညွတ်ယှဉ်သောသတ္တိဖြင့် ကျေးဇူးပြု၏။(စတုမဓုသည်အရသာလေးမျိုးရော၍မထွက်၊ တမျိုးတည်း သမလျက် အတူထွက်သည်ဟူလို။)

အတူဖြစ်လျက် မယှဉ်မူ၍ ဝါ-မယှဉ်မတွဲ တကွဲစီ သီးခြား ဖြစ်၍ ကျေးဇူးပြုခြင်းသည် ဝိပ္ပယုတ္တပစ္စည်းမည်၏။ ချို၊ချဉ်၊စပ်၊ ငန်၊ဖန်၊ခါး-အရသာခြောက်ပါးသည် မရောယှက်သော သတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့ ပဋ္ဌယုပ္ပန် တရားတို့အား မရောယှက်သော သတ္တိဖြင့်ကျေးဇူးပြု၏။ (သမအောင် ရောသော်လည်း အရသာ သမခြင်းမရှိပဥ်သို။)

ထင်ရှားရှိ၍ ကျေးဇူးပြုခြင်းသည် အတ္ထိပစ္စည်းမည်၏။ မြေ တောင်စသည်သည် မြက်သစ်ပင်တို့အား ထင်ရှားရှိ၍ထောက်ပံ့ သောသတ္တိဖြင့် ကျေးဇူး ပြုသကဲ့သို့ ပစ္စယုပ္ပန် တရားတို့အား ထင်ရှားရှိ၍ ထောက်ပံ့သောသတ္တိဖြင့် ကျေးဇူးပြု၏။

မရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်းသည် နတ္ထိပစ္စည်းမည်၏။ မီး သည် အမိုက်မှောင်အား မိမိမရှိမှ ဖြစ်စေသော သတ္တိဖြင့်ကျေးဇူး ပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား မိမိမရှိမှဖြစ်စေသော သတ္တိ ဖြင့် ကျေးဇူးပြု၏။

ကင်းသည်ဖြစ်၍ ကျေးဇူးပြုခြင်းသည် ဝိဂတပစ္စည်းမည်၏။ နေဝင်ခြင်းသည် ညဉ့်ဖြစ်ခြင်းအား မိမိဝင်ပျောက်၍ ကင်းမှ ဖြစ်စေသော သတ္တိဖြင့်ကျေးဇူး ပြုသကဲ့သို့ ပစ္စယုပ္ပန် တရားတို့ အား မိမိကင်းမှဖြစ်စေသော သတ္တိဖြင့်ကျေးဇူးပြု၏။

မကင်းမူ၍ ကျေးဇူး ပြုခြင်းသည် အဝိဂတ ပစ္စည်းမည်၏။ သမုဒ္ဒရာသည် ငါးအပေါင်းအား မိမိမကင်းမူ၍ ထောက်ပံ့သော သတ္တိဖြင့်ကျေးဇူး ပြုသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား မိမိမကင်း မူ၍ ထောက်ပံ့သော သတ္တိဖြင့် ကျေးဇူးပြု၏။

အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ ငါးပစ္စည်း သည်ဖြစ်ပေါ်ခြင်းငှါ ကျေးဇူးပြု၏။ ပစ္ဆာဇာတသည် တည်တံ့ ခြင်းငှါကျေးဇူးပြု၏။ ကြွင်း ၁၈-ခုသည် ဖြစ်ပေါ်ခြင်း ငှါရင်း၊ တည်တံ့ခြင်းငှါရင်းကျေးဇူးပြု၏။

တည်တံ့-ဘဂ်ာ၁၊ ဖြစ်ငါးဖြာ၊ဒွယာ—တဆဲ့ရှစ်။

## ကျေးဇူးပြုနည်း ၆-မျိုး

နာမ်သည် + နာမ်အား ခြောက်ပစ္စည်း။ နာမ်သည် + နာမ်ရုပ်အားငါးပစ္စည်း။ နာမ်သည် + ရုပ်အား တပစ္စည်း။ ရုပ်သည် + နာမ်အားတပစ္စည်း။ ပညတ်နာမ်ရုပ်သည် + နာမ်အားနှစ်ပစ္စည်း။ နာမ်ရုပ်သည် + နာမ်ရုပ်အားကိုးပစ္စည်း။ ဤသို့(၆ + ၅ + ၁ + ၁ + ၂ + ၉-ဟု) ၂၄-ပစ္စည်းသည် ၆-မျိုးဖြစ်၍ကျေးဇူးပြုသည်။

**နာမ်+နာမ်-ခြောက်။** ။ဤ ၆-မျိုးတို့တွင် နာမ်သည် + နာမ်အားခြောက်ပစ္စည်းကား-အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ၊ အာသေဝန၊ သမ္ပယုတ္တ ဖြစ်၏။

**အနန္တရာဒိဖြစ်ပုံကား။** ။အနန္တရ နိဒ္ဒေသ၌ စိတ္တစေတသိကာ ဓမ္မာ + ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ-အနန္တရ သမနန္တရ နတ္ထိ ဝိဂတ ဝသေန။ အနက်ကို လွယ်လွယ်ပေး၍ အဓိပ္ပါယ်ကို ရှင်းရှင်းမြင်အောင် သတိပြုသင့်၏။

အနန္တရနိဒ္ဒေသ၌ အခြားမဲ့ဖြစ်၍ ချုပ်ကုန်သော။ စိတ္တစေတသိကာဓမ္မာ၊ စိတ်စေတသိက်တို့သည် + ပစ္စုပ္ပန္နာနံ၊ မိမိသို့လိုက်၍ ဖြစ်ကုန်သော။ စိတ္တစေတသိကာနံ ဓမ္မာနံ၊ စိတ်စေတသိက်တို့အား။ အနန္တရ သမနန္တရ၊ နတ္ထိ၊ ဝိဂတ ဝသေန၊ အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**မှတ်ချက်။** ။ဝိထိစိတ်အစဉ်အားဖြင့် ရှေး၌ဖြစ်၍ချုပ်သော စိတ်တိုင်းပစ္စည်း။ နောက်၌လိုက်၍ ဖြစ်သောစိတ်တိုင်း ပစ္စယုပ္ပန်ဟုခွဲရသည်။ ရှေးစိတ်၊ နောက်စိတ် ဝိထိသိလျှင် လွယ်၏။ ရှေးစိတ်လည်း ၈၉။ နောက်စိတ်လည်း ၈၉-ပင်တည်း။

အထူးကားရဟန္တာ၏ စုတိသည် နောက်စိတ်မရှိသောကြောင့် ရှေးစိတ်မမည်။ ပစ္စည်းမဖြစ်၊ ပစ္စယုပ္ပန်သာဖြစ်သည်။ နိရောဓ

သမာပတ် ရက်များစွာ ခြားသော်ငြား။ အသညသတ် ကမ္ဘာငါး ရာခြားသော်ငြား။ နောက်နောက် စိတ်အား + ရှေးရှေး စိတ်သည် အနန္တရစသည်ဖြင့် ကျေးဇူးပြု၏။

**ပစ္စည်းပစ္စယုပ္ပန်ခွဲပုံ။** ။အနန္တရ၌"ရဟန္တာ စုတိ ကြဉ်သော" ရှေးရှေးသော စိတ်တခု ယုတ်ကိုးဆယ်၊ စေတသိက်၅၂ ပညာသသည် ပစ္စည်းမည်၏။"ရဟန္တာစုတိ နှင့်တကွ"နောက်နောက်သော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ၅၂ ပညာသသည် ပစ္စယုပ္ပန် မည်၏။ ။ အနန္တရမျိုး။

သမနန္တရ၊ နတ္ထိ၊ ဝိဂတ၌လည်း တူပြီ။ ။အနန္တရမျိုး။

**အာသေဝန။** ။ပုရိမာနိဇဝနာနိ+ ပစ္ဆိမာနံ ဇဝနာနံ– အာသေဝနဝသေန၊ ပုရိမာနိဇဝနာနိ၊ရှေး,ရှေးဇောတို့သည်။ပစ္ဆိမာနံ ဇဝနာနံ၊နောက်နောက် ဇောတို့အား။ အာသေဝနဝသေန၊ အာသေဝနသတ္တိဖြင့်။ ပစ္စယော၊ကျေးဇူး ပြုကုန်သည်။ဟောန္တိ၊ ဖြစ်ကုန်၏။

**မှတ်ချက်။** ။အာသေဝန ဇောသည် ကာမ၊ရူပ၊ အရူပ လောကုတ္တရာအားဖြင့် ဘုံမတူသော်လည်း ဝေဒနာတူ၊ ဇာတ်တူ- ကုသိုလ်ချင်း၊အကုသိုလ်ချင်း၊ ကြိယာချင်းသာ ဖန်ဖန်ထုံသည်၊ဘုံ မတူရာ၌ ကာမကုသိုလ်သည် ကာမ၊ ရူပ၊ အရူပ၊ လောကုတ္တရာ ကုသိုလ်အား–လေးချက်။ ကာမကြိယာသည် ကာမ၊ ရူပ၊အရူပ ကြိယာအား သုံးချက်ထုံသည်။ဝိပါက်သည် မိုလ်ဇော ဖြစ်စေကာ မူ မထုံတတ်၊မထုံအပ်။လောကုတ္တရာကုသိုလ် မဂ်ဇောကား မထုံ တတ်သော်လည်း ထုံအပ်သည်။ ဇောမှ ရှေ့ဇော နောက်ဇောသို့ ပြိုင်ယှဉ်၏။ အစဇော-ပစ္စည်းသာ။ အဆုံးဇော၊ မဂ်ဇော–ပစ္စယုပ္ပန်သာ။ အလယ်ဇော-ပစ္စည်း၊ ပစ္စယုပ္ပန်။ မိုလ်ဇော–လုံးလုံး မပါ။

**ပစ္စည်းပစ္စယုပ္ပန်ခွဲပုံ။** ။အာသေဝနဒွိ- ရှေ့ရှေ့သော လောကီဇော သတ္တစတ္တာလီသ၊ စေတသိက်ဒွေပညာသသည် ပစ္စည်းမည်၏။ နောက်နောက်သောလောကီဇော၊ မဂ်ဇော-ဧကပညာသ၊ စေတသိက် ဒွေပညာသသည် ပစ္စယုပ္ပန်မည်၏။ ။အနန္တရမျိုး။

**သမ္ပယုတ္တ။** ။သဟဇာတာ စိတ္တစေတသိကာဓမ္မာ+အညမညံ-သမ္ပယုတ္တဝသေန။ ။သဟဇာတာ၊ တကွဖြစ်ကုန်သော။ စိတ္တစေတသိကာဓမ္မာ၊ စိတ်စေတသိက် တို့သည်။ အညမညံ၊ အချင်းချင်းအား။ သမ္ပယုတ္တဝသေန၊ သမ္ပယုတ္တသတ္တိဖြင့်။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**မှတ်ချက်။** ။နာမ်ခန္ဓာချင်းချင်း၌ တပါးသည် သုံးပါးအား၊ သုံးပါးသည် တပါးအား၊နှစ်ပါးသည် နှစ်ပါးအား-သုံးနည်းကျေးဇူးပြုသည်၊ လေးပါးလုံးပစ္စည်းမဖြစ်၊ပစ္စယုပ္ပန်မဖြစ်။ စေတသိက်ပိုင်း သမ္ပယောဂနည်း သင်္ဂဟနည်းမှသိလျှင် လွယ်၏။

**နှစ်ချက်ခွဲ။** ။သမ္ပယုတ္တ၌ တကွဖြစ်သော စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေပညာသ- နာမ်ခန္ဓာတပါး နှစ်ပါး၊သုံးပါးသည် ပစ္စည်းမည်၏။ ထိုတကွဖြစ်သောနာမ်ခန္ဓာသုံးပါး၊ နှစ်ပါး၊တပါးသည် ပစ္စယုပ္ပန်မည်၏။ ။သဟဇာတမျိုး။

**နာမ်+နာမ်ရုပ်ငါး။** ။နာမ်သည်+နာမ်ရုပ်အားငါးပစ္စည်းကား-ဟေတု၊ ဈာန၊ မဂ္ဂ၊ကမ္မ၊ဝိပါကဖြစ်၏။

**ဟေတာဒိ။** ။ဟေတု ဈာနင်္ဂမဂ္ဂင်္ဂါနိ+သဟဇာတာနံ နာမရူပါနံ ဟေတာဒိဝသေန။ ။ဟေတုဈာနင်္ဂမဂ္ဂင်္ဂါနိ၊ဟိတ်၊ ဈာနင်၊ မဂ္ဂင်တို့သည်။ သဟဇာတာနံ နာမရူပါနံ၊ တကွ ဖြစ်သော နာမ်ရုပ်တို့အား။ ဟေတာဒိဝသေန၊ ဟေတု၊ ဈာန၊ မဂ္ဂသတ္တိဖြင့်။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

**ဟေတုမှတ်ချက်။** ။သဟိတ်စိတ် ကေသတ္တတိ တို့တွင် တိဟိတ် ၄၇။ ဒွိဟိတ် ၂၂။ ဧကဟိတ် ၂-ဖြစ်၏။ မောဟမူဒွေ၌ မောဟဟိတ်သည် ယှဉ်ဘက်ဟိတ်မရှိသောကြောင့် အဟိတ်မည်၏၊ ပစ္စယုပ္ပန်၌ကြဉ်ရသည်။ ။သဟာဇာတရုပ်အရကို ပဝတ္တိအခါဖြစ်လျှင် စိတ္တဇရုပ်ကို။ ပဋိသန္ဓေအခါဖြစ်လျှင် ပဋိသန္ဓေကမ္မဇရုပ်ကိုကောက်ရသည်။ (နောင်သဟာဇာတရုပ် တွေ့တိုင်း၌ နည်းဖြင့်ကောက်အပ်၏။)ဗာဟိရရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊၌ငါးမျိုးမကောက်ရ။

**နှစ်ချက်ခွဲ။** ။ဟေတု၌ လောဘ၊ဒေါသ-စသော ဟိတ်ခြောက်ပါးသည်ပစ္စည်း မည်၏။ ထိုဟိတ်ခြောက်ပါးနှင့်အတူဖြစ်သော သဟိတ်စိတ်ကေသတ္တတိ။ "မောဟမူဒွေ၌ မောဟကြဉ်သော" စေတသိက် ၅၁။ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်သည် ပစ္စယုပ္ပန်မည်၏။ ။သဟာဇာတမျိုး။

**ဈာနင်မှတ်ချက်။** ။ဒွေပဉ္စဝိညာဏ်၌ ဈာနင်မရှိ၊ ဧကဂ္ဂတာ ဥပေက္ခာရှိသော်လည်း ဈာနင်မမည်။ဝိတက်ရှိမှ အာရုံကပ်ရှုနိုင်သော ဈာနင်မည်သောကြောင့်တည်း၊လောဘမူ သောမနဿစိတ်၌ ဈာနင် ငါးပါး။ ကြွင်းအကုသိုလ်၌ ဈာနင်လေးပါး။ဒွေပဉ္စဝိညာဏ်၌ ဈာနင်မရှိ။ အဟိတ်သောမနဿ၌ ငါးပါး။ ကြွင်းအဟိတ်ခြောက်ခု၌ ပီတိကြဉ်လေးပါး- စသည်ဖြင့် စိတ်အကုန်ဈာနင်ခွဲမြင်ရမည်။ ။ဒေါမနဿဈာနင်တခုကား စင်စစ် အကုသိုလ်တည်း။

**နှစ်ချက်ခွဲ။** ။ဈာနင်၌ ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ၊ ဝေဒနာ-ဟူသော ဈာနင်ငါးပါးသည် ပစ္စည်းမည်၏။ ထိုဈာနင်ငါးပါးနှင့် အတူဖြစ်သောစိတ်တခုယုတ်မှစ်ဆယ်၊ စေတသိက်ဒွေပဉ္စာသ၊စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်သည် ပစ္စယုပ္ပန်မည်၏။သဟာဇာတမျိုး။

**မဂ္ဂမှတ်ချက်။** ။အဟိတ်စိတ်၌ မဂ္ဂင်မရှိ၊ ဟေတုဂ္ဂတာရှိသော်လည်း မဂ္ဂင်ကိစ္စမပြုတတ်။ ဝိစိကိစ္ဆာ၌ ဝိတက်နှင့် ဝီရိယသာ မဂ္ဂင်မည်သည်။ ဧကဂ္ဂတာကား မဂ္ဂင်မမည်။ အဓိမောက္ခမရှိသောကြောင့်တည်း။ ဝိစိကိစ္ဆာ၌ မဂ္ဂင်နှစ်ပါး၊ ဒွိပဉ္စဝိညာဏ်တို့၌ မဂ္ဂင်လေးပါး၊ ကြွင်းအကုသိုလ်၌ မဂ္ဂင်သုံးပါး၊ အဟိတ်၌မရှိ။ စသည်ဖြင့် စိတ်အကုန်မဂ္ဂင်ခွဲမြင်ရမည်။

**နှစ်ချက်ခွဲ။** ။မဂ္ဂ၌-ပညာ၊ ဝိတက်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ ဝီရိယ၊သတိ။ဧကဂ္ဂတာ၊ဒိဋ္ဌိ-ဟူသောမဂ္ဂင်တရား ကိုယ်ကိုးပါးသည် ပစ္စည်းမည်၏။ထို မဂ္ဂင်ကိုးပါးနှင့်အတူဖြစ်သော သဟိတ်စိတ် စေတသိက်၊ စေတသိက် ဒွေပဉ္စသ။ သဟိတ်စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေကမ္မဇရုပ်သည် ပစ္စယုပ္ပန်မည်၏။ ။သဟာဇာတ မျိုး။ ။(မောဟမူဒွေ၌ မောဟအဘယ်ကြောင့် မဂ္ဂင် သနည်း၊တွေ့အောင်ရှာလေ။ရသောမဂ္ဂင်ရေပြပါ။)

**ကမ္မ။** ။သဟဇာတာ စေတနာ+သဟဇာတာနံ နာမရူပါနံ……။နာနာက္ခဏိကာစေတနာ ၊ ကမ္မာဘိ နိဗ္ဗတ္တာနံ နာမရူပါနံ-ကမ္မပစ္စယေန။ ။သဟဇာတာ၊ တကွဖြစ်သော။ စေတနာ၊ စေတနာသည်။ သဟဇာတာနံ နာမရူပါနံ၊ တကွဖြစ်ကုန်သော နာမ်ရုပ်တို့အား။ ကမ္မပစ္စယေန၊ ကံ၏အစွမ်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ နာနာက္ခဏိကာ၊ အထူးထူးသော ကာလ၌ ဖြစ်သော။စေတနာ၊စေတနာသည်။ ကမ္မာဘိ နိဗ္ဗတ္တာနံ၊ကံကြောင့်ဖြစ်ကုန်သော။နာမရူပါနံ၊နာမ်ရုပ်တို့အား။ကမ္မပစ္စယေန၊ကံ၏အစွမ်းဖြင့်။ပစ္စယော၊ကျေးဇူးပြုသည်။ဟောတိ၊ဖြစ်၏။

**မှတ်ချက်။** ။သဟဇာတ၌ စေတနာသည် ပစ္စယုပ္ပန်မဖြစ်။ ကျေးဇူးပြုသော စေတနာတပါး မရှိသောကြောင့်တည်း။ ။နာနာက္ခဏိက၌ ကမ္မာဘိနိဗ္ဗတ္တာနံ နာမရူပါနံ-ဟုဆိုခြင်းဖြင့် ကံ

ကြောင့်ဖြစ်သော ဝိပါက်နှင့် ကမ္မဇရုပ်သာ ပစ္စယုပ္ပန် ဟူ၍ရင်း။ ထိုကိုဖြစ်စေသော အတိတ်ကုသိုလ်၊ အကုသိုလ် စေတနာသာ ပစ္စည်းဟူ၍ရင်း, ကျိုးကြောင်းချင်းချင်း ထောက်၍သိသာပြီ။

**နှစ်ချက်ခွဲ။** ။ကမ္မပစ္စည်းသည် သဟဇာတကမ္မ၊ နာနာက္ခဏိက ကမ္မ-ဟုနှစ်မျိုးပြား၏။ သဟဇာတကမ္မ၌ စေတနာ တရယုတ် ကိုးဆယ်သည် ပစ္စည်းမည်၏။ ထို စေတနာနှင့် အတူဖြစ်သော စိတ်တရ ယုတ် ကိုးဆယ်၊ "စေတနာကြဉ်သော" စေတသိက်ဧကပညာသ၊ စိတ္တဇ ရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်သည် ပစ္စယုပ္ပန်မည်၏။ သဟ ဇာတမျိုး။

နာနာက္ခဏိက ကမ္မ၌ အတိတ်ဖြစ်သော ကုသိုလ်၊အကု သိုလ်စေတနာ ၃၃-ခုသည် ပစ္စည်းမည်၏။ ထိုအတိတ် စေတနာသည် ဖြစ်စေအပ်သော ဝိပါက် ဆတ္တိံသ၊စေ တသိက်အဋ္ဌတိံသ၊ ပဋိသန္ဓေ ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇ ရုပ်၊အသညသတ် ကမ္မဇရုပ်သည် ပစ္စယုပ္ပန်မည်၏။ ။နာ နာက္ခဏိကမျိုး၊ ပကတူပနိဿယမျိုး၊ အနန္တရမျိုး- သုံးမျိုး။

**ဝိပါက။** ။ဝိပါကက္ခန္ဓာ+အညမညံ၊ သဟဇာတ ရူပါနံ ဝိပါကပစ္စယေန။ ။ဝိပါကက္ခန္ဓာ၊ ဝိပါက် ခန္ဓာတို့သည်။ အည မညဿ၊ အချင်းချင်းအားရင်း။ သဟဇာတရူပါနဉ္စ၊ တကွဖြစ်သော ရုပ်တို့အားရင်း။ ဝိပါကပစ္စယေန၊ အကျိုးပေးသည့် အစွမ်းဖြင့်။ ပစ္စယာ၊ ကျေးဇူး ပြုကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

**မှတ်ချက်။** ။အညမညံ၊ သဟဇာတရူပါနံ-ဟု ရုပ်တွဲခြင်း ကြောင့် နာမ်ခန္ဓာတပါးသည်+သုံးပါးအားရင်း၊ သဟဇာတရုပ် အားရင်း၊ နာမ်ခန္ဓာနှစ်ပါးသည် နှစ်ပါးအားရင်း, သဟဇာတရုပ် အားရင်း, နာမ်ခန္ဓာသုံးပါးသည် တပါးအားရင်း, သဟဇာတရုပ်

အားရင်း။ နာမ်ခန္ဓာလေးပါးသည်+ သဟဇာတ ရုပ်အားသော ဟူသိရသည်။ ။ဝဋ္ဌော၊ ကာမဓော၊ အဘိညာ ၃၂-ပါးသော ဝိညာဉ်ဒွေကိုဖြစ်စေသည်။ ထိုကြောင့် သဝိပါကစိတ္တဇရုပ်၌ ဝိညာဉ် ဒွေကြည်ရသည်ကိုလည်းသိရမည်။

**နှစ်ချက်ခွဲ။** ။ဝိပါက၌ ဝိပါက်ဆတ္တိသ၊ စေတ သိက်အဋ္ဌတိံသ-နာမ်ခန္ဓာတပါး၊ နှစ်ပါး၊ သုံးပါး၊ လေး ပါးသည် ပစ္စည်းမည်၏။ တကွဖြစ်သော ဝိပါက်နာမ် ခန္ဓာသုံးပါး၊ နှစ်ပါး၊ တပါးသည်ရင်း၊ "ဝိညာဉ်ဒွေကြည် သော" စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်သည်ရင်း၊ ပစ္စ ယုပ္ပန်မည်၏။ ။သဟဇာတမျိုး။

---

**နာမ်သည်+ရုပ်အားတစ်။** ။နာမ်သည် ရုပ်အားတပစ္စည်း ကား ပစ္ဆာဇာတဖြစ်၏။

**ပစ္ဆာဇာတ။** ။ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ+ ပုရေဇာတဿဣမဿ ကာယဿပစ္ဆာဇာတဝသေန။ ။ပစ္ဆာ ဇာတာ၊ နောက်နောက်၌ ဖြစ်ကုန်သော။ စိတ္တစေတသိကာဓမ္မာ၊ စိတ်စေတသိက်တို့သည်။ ပုရေဇာတဿ၊ ရှေးရှေး၌ဖြစ်သော။ ဣမဿကာယဿ၊ ဤကာယအား။ ပစ္ဆာဇာတဝသေန၊ နောက် နောက်၌ ဖြစ်သည်၏အစွမ်းဖြင့်။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**မှတ်ချက်။** ။နောက်စိတ်သည် ရှေးဤကာယအား ဟူသည် ဤဘဝ၌ ပဋိသန္ဓေမှစ၍ ရှေးရှေးစိတ်နှင့် အတူဖြစ်သော ရုပ် အား+ပဋိသန္ဓေနောင် ပဌမဘဝင်မှစ၍ နောက်နောက် စိတ် သည်တည်း။ တည်တံ့ခြင်း၌ ထောက်ပံ့သည်။ ထိုအခါ ထို ရှေးရှေးရုပ်သည် ရုပ်၏ဌီသို့ ရောက်ပြီ။ ပဉ္စဝေါကာရနှင့်သာ ဆိုင်သည်။ ပဉ္စဝေါကာရ၌လည်း စိတ်သည်ဖြစ်ခိုက် ၄၂။အမြဲ ဖြစ်နေ ၄၃။ မဖြစ် ၄-ကိုသိရမည်။ (စတုဝေါကာရ၌ ဖြစ်ခိုက်

၄၂။ ဖြစ်နေ ၄။မဖြစ် ၄၃ ကိုသိရမည်)။ ။ဤကာယ-ရှေးရုပ်ကား-ပဋိသန္ဓေစိတ်၏ ဥပါဒ်၌ ကမ္မဇရုပ်သာ၊ကေဇဥပါဒ်သည်။ ပဋိသန္ဓေဋီမှစ၍ ဥတုဇရုပ်နှင့် ဒွိဇဥပါဒ်သည်။ ပဌမဘဝင်ဥပါဒ်မှစ၍ ဥပါဒ်တိုင်း စိတ္တဇရုပ်နှင့် တိဇဥပါဒ်သည်။ အာဟာရနှံ့သော အခါမှစ၍ အာဟာရဇနှင့် စတုဇ ဥပါဒ်သည် ဟု သိရမည်။

**နှစ်ချက်ခွဲ**။ ။ပစ္ဆာဇာတ၌ ပစ္စဝေါ ကာရဘုံ၌ ဖြစ်ခိုက်၊ ဖြစ်နေ "အရူပဝိပါက်လေးချကြဉ်သော" ပဌမဘဝင်အစရှိသော နောက်နောက်သောစိတ် ၈၅-ခု စေ တသိက် ဒွေပညာသသည့် ပစ္စည်းမည်၏။ ထိုနာမက္ခန္ဓာတို့သည်ထောက်ပံ့အပ်သော ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဋီသို့ ရောက်သော ကေဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယ သည်ပစ္စယုပ္ပန်မည်၏။ ။ပစ္ဆာဇာတမျိုး။

---

**ရုပ်သည်×နာမ်အားတစ်**။ ။ရုပ်သည် + နာမ်အား တပစ္စည်းကား ပုရေဇာတဖြစ်၏။

**ပုရေဇာတ**။ ။သဝတ္ထုကံ+ပဝတ္တိယံ သတ္တန္နံ ဝိညာဏဓာတူနံ+ပဉ္စာရမ္မဏာနိစ+ပဉ္စဝိညာဏ ဝိထိယာ- ပုရေဇာတပစ္စယေန။ ။သဝတ္ထုကံ၊ ခြောက်ပါးသော ဝတ္ထုရုပ်တို့သည်။ ပဝတ္တိယံ၊ ပဝတ္တိအခါ၌။ သတ္တန္နံ ဝိညာဏဓာတူနံ၊ ခုနစ်ပါးသော ဝိညာဏဓာတ်တို့အား။ပုရေဇာတပစ္စယေန၊ ရှေး၌ဖြစ်သည်၏ အစွမ်းဖြင့်။ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောဘုန်း၊ ဖြစ်ကုန်၏။ ပဉ္စာရမ္မဏာနိစ၊ ပဉ္စာရုံတို့သည်လည်း။ ပဉ္စဝိညာဏ ဝိထိယာ၊ ပဉ္စဝိညာဏဝီထိအား။ပုရေဇာတပစ္စယေန၊ရှေး၌ဖြစ်သည်၏အစွမ်းဖြင့်။ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ဟောဘုန်း၊ ဖြစ်ကုန်၏။

**မှတ်ချက်**။ ။ဝတ္ထုရုပ် မှီပုံကို ဤသို့သိရမည်။ ပဉ္စဝိညာဏ ဓာတ်ငါးပါးသည် ပဉ္စမအတိတဘဝင်နှင့် ဥပါဒ်ပြိုင်သော မဇ္ဈိ မာယုကဖြစ်သော ပဉ္စဝတ္ထုရုပ် အသီးသီးမှီသည်။ (စက္ခုဝိညာဏ် သည်စက္ခုဝတ္ထုရုပ်စသည်ဖြင့် ငါးမျိုးခွဲသိနိုင်ရမည်။) မနောဓာတ်၊ မနောဝိညာဏ ဓာတ်နှစ်ပါးသည် ပဋိသန္ဓေအစရှိသော ရှေးရှေး သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်မှီသည်။ ။နိရော ဓသမာပတ်မှထသောအခါ ရှေးစိတ်တချက်ခန့်ကာလ၌ ဖြစ်သော ဟဒယဝတ္ထုရုပ် မှီသည်။ မရဏာသန္နအခါ ၁၇-ချက်မြောက် သောစိတ်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထုရုပ်မှီသည်။ ။ပဋိသန္ဓေ စိတ်သည် မိမိနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်မှီသည်။ ဤ ပစ္စည်း၌ကား ပဝတ္တိကိုသာ ခွဲယူလတ္တံ့။

ပဉ္စာရုံသည် + ပဉ္စဒွါရဝီထိအား-ဟုဆိုရာ၌ "နိပ္ဖန္နရုပ်သည် ကာမ မနောဒွါရဝီထိအားရင်း၊ အဘိညာဒွေအားရင်း" ဟုပဉ္စာ ဝါရမှယူ၍ ဖြည့်စွက်တော်မူကြသည်။ ထိုပဉ္စာရုံ၊ နိပ္ဖန္နရုပ်အာရုံ သည် ပရမတ်ဖြစ်ခြင်းကြောင့် သုခိတ၊ ဒုက္ခိတသတ္တဝါ ပညတ် ကိုသာ အမြဲအာရုံပြုသော အပ္ပမညာဒွေ- အာရုံမပြု-ဟူ၍လည်း သိရမည်။

**နှစ်ချက်ခွဲ**။ ။ပုရေဇာတသည် ဝတ္ထုပုရေဇာတ အာရမ္မဏပုရေဇာတဟုနှစ်မျိုးပြား၏။ ဝတ္ထုပုရေဇာတ ၌-ပဝတ္တိအခါ ခြောက်ပါးသော ဝတ္ထုရုပ်သည် ပစ္စည်း မည်၏။ ထိုဝတ္ထုရုပ်၌မှီ၍ဖြစ်သော ခုနစ်ပါးသော ဝိညာဏ ဓာတ်သည်ပစ္စယုပ္ပန်မည်၏။ ။ဝတ္ထုမျိုး။

အာရမ္မဏ ပုရေဇာတ၌-ပစ္စုပ္ပန် ပဉ္စာရုံသည်။ ဝါ- ပစ္စုပ္ပန်နိပ္ဖန္နရုပ်သည်ပစ္စည်းမည်၏။ ထိုပဉ္စာရုံကို အာရုံ ပြုသော ပဉ္စဒွါရဝီထိစိတ် ၅၄-ချ၊ "အပ္ပမညာဒွေကြဉ် သော" စေတသိက်ပညာသသည်။ ဝါ၊ ထိုပစ္စုပ္ပန်နိပ္ဖန္နရုပ် ကို အာရုံပြုသော ကာမ မနောဒွါရိက ဝီထိစိတ် ၄၁-ချ၊

အဘိညာဥ်၊ "အပ္ပမညာကြဉ်သော" စေတသိက်ပညာ
သသည်ပဋ္ဌယုဉ်နိုင်၏။ အာရမ္မဏမျိုး။

---

**ပညပ်နာမ်ရုပ်+နာမ်အားနှစ်။** ။ပညတ်၊ နာမ်၊ ရုပ်တို့သည်+နာမ်အားနှစ်ပစ္စည်းကား အာရမ္မဏ၊ ဥပနိဿယဖြစ်၏။

**အာရမ္မဏ။** ။ရူပါဒိဝသေန ဆဗ္ဗိဓံပေါတိ အာရမ္မဏံ။ အာရမ္မဏံ၊ အာရုံသည်။ ရူပါဒိဝသေန၊ ရူပါရုံစသည် အစွမ်းဖြင့်။ ဆဗ္ဗိဓံ၊ ခြောက်ပါးအပြားရှိသည်။ဟောတိ၊ဖြစ်၏။

**မှတ်ချက်။** ။အာရမ္မဏ သင်္ဂဟအတိုင်း အာရုံပြုပုံသိရှိရုံမျှဖြင့် ဤပစ္စည်းလွယ်ကူလှ၏။

**နှစ်ချက်ခွဲ။** ။အာရမ္မဏ၌ စိတ်တရ ယုတ်ကိုးဆယ်၊ စေတသိက် ၅၂ ပညာသ၊ ရုပ်အဋ္ဌဝီသ၊နိဗ္ဗာန်၊ပညတ်ဟုဆိုအပ်သော အာရုံခြောက်ပါးသည် ပစ္စည်းမည်၏။ ထိုအာရုံခြောက်ပါးကို အာရုံပြုသော စိတ်တရယုတ်ကိုးဆယ်၊ စေတသိက် ၅၂ ပညာသသည် ပစ္စယုပ္ပန်မည်၏။ ။အာရမ္မဏမျိုး။

**ဥပနိဿယ။** ။ဥပနိဿယသည် အာရမ္မဏူပ နိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယဟုသုံးမျိုးပြား၏။

**အာရမ္မဏူပနိဿယ။** ။ဘတ္ထ အာရမ္မဏမေဝ ဂရုကတံ အာရမ္မဏူပနိဿယော။ ။တတ္ထ၊ ထိုအာရုံတို့တွင်။ ဂရုကတံ၊ အလေးအမြတ် ပြုအပ်သော။ အာရမ္မဏမေဝ၊ အာရုံခြောက်ပါးသည်သာလျှင်။ အာရမ္မဏူပနိဿယော၊ အာရမ္မဏူပနိဿယသည်။ဟောတိ၊ဖြစ်၏။

**အာရမ္မဏူမှတ်ချက်။** ။အလေးအမြတ်အာရုံပြုရာ၌လောဘမူရှစ်ခုသည် (ဒေါသ၊မောဟ၊ဒုက္ခကြဉ်သော) လောကီစိတ် ၇၆-ခု၊ စိတ္တုပ္ပါဒ်၊ ဋ္ဌ-နိပ္ဖန္နရုပ်ကို အလေးအမြတ် အာရုံပြု၏။

ပုထုဇဉ်၏မဟာ ကုသိုလ်ရှစ်ခုသည် လောကီကုသိုလ် သင်္ခါရကိုအာရုံပြု၏။ အောက်ဖိုလ် သုံးယောက်၏ မဟာကုသိုလ်သမ္ပယုတ်လေးခုသည် မိမိမဂ်၊ မိမိဖိုလ်၊ နိဗ္ဗာန်ကိုအာရုံပြု၏။ ရဟန္တာ၏မဟာကြိယာ သမ္ပယုတ်လေးခုသည် မိမိမဂ်၊ မိမိဖိုလ်၊ နိဗ္ဗာန်ကိုအာရုံပြု၏။ (ဝါ၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ နိဗ္ဗာန်ကိုအာရုံပြု၏။ လောကုတ္တရာ စိတ်ရှစ်ခုသည် နိဗ္ဗာန်ကို အလေးအမြတ် အာရုံပြု၏။ ဤအနေခွဲသိလျှင်လွယ်ကူ၏။ ပရမတ်အာရုံ၌ အပ္ပမညာ အာရုံမပြု။)

**နှစ်ချက်ခွဲ။** ။အာရမ္မဏူပ နိဿယ၌ အလေးအမြတ်ပြုအပ်သော ဓာတ္ထုဖြစ်သော နိပ္ပန္နရုပ်အဌာရသ။ "ဒေါသမူဒွေ၊ မောဟမူဒွေ၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ် ကြဉ်သော" စိတ် ၈၄-ခု။ "ဒေါသစတုက္က၊ ဝိစိကိစ္ဆာ ကြဉ်သော" စေတသိက် သတ္တစတ္တာလီသ၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်-ဤအာရုံခြောက်ပါးသည် ပစ္စည်းမည်၏။ ထိုအာရုံခြောက်ပါးကို အလေးအမြတ် အာရုံပြုတတ်သော လောဘမူ စိတ်ရှစ်ခု၊ မဟာကုသိုလ်စိတ် ရှစ်ခု၊ မဟာကြိယာဉာဏ သမ္ပယုတ်စိတ် လေးခု၊ လောကုတ္တရာစိတ် ရှစ်ခု။ "ဒေါသစတုက္က၊ ဝိစိကိစ္ဆာ၊ အပ္ပမညာကြဉ်သော" စေတသိက် ပဉ္စစတ္တာလီသသည် ပစ္စယုပ္ပန်မည်၏။ ။ အာရမ္မဏာမျိုး။

**အနန္တရူပနိဿယ။** ။အနန္တရ နိရုဒ္ဓ စိတ္တ စေတသိကာ ဓမ္မာ အနန္တရူပနိဿယော။ ။အနန္တရနိရုဒ္ဓ၊ အခြား မဲ့ဖြစ်၍ ချုပ်ကုန်သော၊ စိတ္တစေတသိကာ ဓမ္မာ၊ စိတ်စေတသိက် တို့သည်။ အနန္တ ရူပနိဿယော၊ အနန္တရူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

**နှစ်ချက်ခွဲ။** ။အနန္တရူပနိဿယသည် အနန္တရနှင့်တူ၏။ ။ အနန္တရမျိုး။

**ပကတူပနိဿယ**။ ။ရာဂါဒယော ပန ဓမ္မာ သဒ္ဓါဒယော စ သုခံ ဒုက္ခံ ပုဂ္ဂလော ဘောဇနံ ဥတု သေနာသနဉ္စ + ယထာရဟံ အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ ကုသလာဒိ ဓမ္မာနံ၊ ကမ္မံ + ဝိပါကာနန္တိ စ ဗဟုဓာ ဟောတိ ပကတူပနိဿယော။

ရာဂါဒယော ပန ဓမ္မာ စ၊ ရာဂစသော တရားတို့သည်ရင်း။ သဒ္ဓါဒယော စ၊ သဒ္ဓါစသောတရားတို့သည်ရင်း။ သုခဉ္စ၊ သုခဝေဒနာသည်ရင်း။ ဒုက္ခဉ္စ၊ ဒုက္ခဝေဒနာသည်ရင်း။ ပုဂ္ဂလော စ၊ ပုဂ္ဂိုလ်သည်ရင်း။ ဘောဇနဉ္စ၊ ဘောဇဉ်သည်ရင်း။ ဥတု စ၊ ဥတုသည်ရင်း။ သေနာသနဉ္စ၊ ကျောင်းအိပ်ရာ နေရာသည်ရင်း။ ယထာရဟံ၊ လိုက်သည်အားလျော်စွာ။ အဇ္ဈတ္တဉ္စ၊ အဇ္ဈတ္တသန္တာန်၌လည်း ဖြစ်ကုန်သော။ ဗဟိဒ္ဓါ စ၊ ဗဟိဒ္ဓသန္တာန်၌လည်း ဖြစ်ကုန်သော။ ကုသလာဒိဓမ္မာနံ၊ ကုသိုလ် အကုသိုလ် အဗျာကတတို့အားရင်း။ ကမ္မံ၊ ကံသည်၊ ဝိပါကာနံ၊ ဝိပါက်တို့အားရင်း။ ..ဣတိ စ၊ ဤသို့လျှင်။ ပကတူပ နိဿယော၊ ပကတူပနိဿယသည်။ ဗဟုဓာ၊ များသော အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

**ပကတူမှတ်ချက်**။ ။ပကတူ စကား နှစ်ရပ်တို့တွင် ပဌမဖြင့်-ပညပ်၊ နာမ်၊ ရုပ်သည် + နာမ်အား ပကတူတမျိုးဖြစ်၏။ ဤ၌ အနန္တရမျိုးလည်း အတွင်းဝင်၏။ ။ဒုတိယဖြင့် ဗလဝအတိတ်ကံ ၃၃-ခုသည် + ဝိပါက်အား ပကတူတမျိုးဖြစ်၏။ ဤ၌နာနာက္ခဏိကမျိုး၊ အနန္တရမျိုးလည်း အတွင်းဝင်၏-ဟုပြသည်။

**နှစ်ချက်ခွဲ**။ ။ပကတူပ နိဿယ၌ ဗလဝဖြစ်သော ရှေ့ ရှေ့သောစိတ်တခု ယုတ်ကိုးဆယ်၊ စေတသိက် ၅၂ ပညာသ-ရုပ်အဋ္ဌဝီသ ပစ္စည်းထိုက်သောအချို့သောပညပ်သည် ပစ္စည်းမည်၏။ နောက်နောက်သော စိတ်တခု ယုတ်ကိုးဆယ်၊ စေတသိက် ၅၂ ပညာသသည် ပစ္စယုပ္ပန် မည်၏။ ပကတူပမျိုး။

**မှတ်ဘွယ်အထူး**။ ။ပကတိယာ × ဥပနိဿယော–ပကတူပနိဿယော။... ပကတိယာ၊ အာရမ္မဏာသဘော,အနန္တရသဘောမ

ရော ပင်ကိုယ်မိမိသဘော သက်သက်ဖြင့်။ ဥပနိဿယော၊ အား ကြီးသောအကြောင်းသည်။ ပကတူပနိဿယော၊ ပကတူပနိဿ ယတည်း။ တနည်း၊ ပ-ကတော ဥပနိဿယော ပကတူပနိဿ ယော၊ ပ-ကတော၊ အထူးတွန်းဖြစ်ပြီးသော။ ဝါ၊ ဗဟိဒ္ဓသန္တာန်မှိုဲအပ်သော။ ဥပနိဿယော၊ အားကြီးသောအကြောင်းသည်။ ပကတူပ နိဿ ယော၊ ပကတူပနိဿယတည်း။ ရာဂသဒ္ဓါစသည် သည့်အထူးတွန်း ဖြစ်ပြီးသော ပကတမည်၏။ ပုဂ္ဂိုလ်၊ ဘောဇဉ်စသည် သည့်ဗဟိဒ္ဓ သန္တာန် မှိုဲအပ်သော ပကတမည်၏။ ။ပစ္စယမဟာ ပဒေသမည်၏။ ထိုကြောင့် များသောအပြားရှိ၏။

သုတ္တန်နည်း ပကတူပနိဿယ၌ကား – နာမ်နှင့်ရုပ် သည်ပစ္စည်းမည်၏။ ရုပ်သည် ပစ္စယုပ္ပန်မည်၏ ဟုအကို မွှာမှုထူးခြား၏။ ။အဘိဓမ္မာ၌ ရုပ်အားကျေးဇူးပြုသော ပကတူမရှိ။ သုတ္တန် ပကတူကို ပဋ္ဌာန် သမုဋ္ဌာန်ကြောင်း ကျိုးကျေးဇူးပြုပုံ ပြရာ၌ များစွာမြင်ရလတ္တံ့။

**ဒွယံ+ဒွယ–ကိုး။** ။နာမ် ရုပ်သည်+နာမ် ရုပ်အား ကိုး ပစ္စည်းကား–အဓိပတိ၊ သဟဇာတ၊ အညမည(၃)နိဿယ၊ အာ ဟာရ၊ ဣန္ဒြိယ(၃)ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ(၃)ဖြစ်၏။

**အဓိပတိ။** ။ဂရုကတ မာရမ္မဏာ+အာရမ္မဏာဓိပ တိဝသေန နာမာနံ၊……သဟဇာတာဓိပတိ စတုဗ္ဗိဓောပိ+ သဟဇာတဝသေန သဟဇာတာနံ နာမရူပါနန္တိ စ ဒုဝိဓော ဟောတိ အဓိပတိပစ္စယော။

ဂရုကတံ၊ အလေးအမြတ် ပြုအပ်သော။ အာရမ္မဏံ၊ အာရုံ သည်။ နာမာနံ၊ နာမ်တို့အား။ အာရမ္မဏာဓိပတိဝသေန၊ အာ ရမ္မဏာဓိပတိ၏ အစွမ်းဖြင့်၊ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ စတုဗ္ဗိဓောပိ။ လေးပါးအပြားရှိသည်လည်းဖြစ်သော။ သဟ ဇာတာဓိပတိ၊ သဟဇာတာဓိပတိသည်။ သဟဇာတာနံ နာမ ရူပါနံ၊ တကွဖြစ်သောနာမ်ရုပ်တို့အား။ သဟဇာတဝသေန၊ သဟ

ဓာတ်၏ အစွမ်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ဣတိစ၊ ဤသို့လျှင်။ အဓိပတိပစ္စယော၊ အဓိပတိပစ္စည်းသည်။ ဒုဝိဓော၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

**မှတ်ချက်။** ။အာရမ္မဏာဓိပတိသည် အာရမ္မဏူပနိဿယနှင့်တူ၏။ သဟဇာတာဓိပတိ၌ ဒွိဟိတ်ဇော ၁၀-ချွ၌ အဓိပတိသုံးပါးတို့တွင် တပါးပါးရံခါရ၏။ ကာမဉာဏ သမ္ပယုတ်ဇော ၈-ချွ၌ လေးပါးတပါးပါးရံခါရ၏။ အပ္ပနာဇော ၂၆-ချွ၌လေးပါး တပါးပါးအမြဲရ၏။ ။ရံခါ ၂၆၊ အမြဲ ၂၆-ပေါင်း ၅၂။ ။သုံးပါးတပါးပါး ၁၀။ လေးပါးတပါးပါး ၃၄-ပေါင်း ၅၂-ဤသို့ခွဲသိရမည်။

**နှစ်ချက်ခွဲ။** ။အဓိပတိသည် အာရမ္မဏာဓိပတိ၊ သဟဇာတာ ဓိပတိဟု နှစ်မျိုးပြား၏။ အာရမ္မဏာဓိပတိသည် အာရမ္မဏူပ နိဿယနှင့်တူ၏။ ။အာရုံမျိုး။

သဟဇာတာဓိပတိ၌-ဆန္ဒ၊ စိတ္တ၊ ဝိရိယ၊ ဝိမံသ-ဟု ဆိုအပ်သော အဓိပတိတရားကိုယ် လေးပါးတို့တွင် တပါးပါးသည်ပစ္စည်းမည်၏။ ထိုအဓိပတိတပါးပါးနှင့် အတူဖြစ်သောသာဓိပတိဇော ၅၂-ချ၊ "ဝိစိကိစ္ဆာကြဉ်သော" စေတသိက်ကြေပညာသ။ သာဓိပတိစိတ္တဇရုပ်သည် ပစ္စယုပ္ပန်မည်၏။ သဟဇာတမျိုး။ (ပဋိသန္ဓေအခါ အဓိပတိမရ။)

**သဟဇာတ။** ။စိတ္တစေတသိကာ ဓမ္မာ+အညမညံသဟဇာ တာရူပါနံ့။……မဟာဘူတာ+အညမညံ ဥပါဒါရူပါနံ့။……ပဋိသန္ဓိက္ခဏေဝတ္ထုဝိပါကာ+ အညမညံ့-တိဝိဓောဟောတိ သဟဇာတပစ္စယော။

စိတ္တစေတသိကာဓမ္မာ၊ စိတ်စေတသိက်တို့သည်။ အညမညံ၊ အချင်းချင်းအားရင်း။ သဟဇာတရူပါနံ့၊ တကွဖြစ်သော ရုပ်တို့အားရင်း။… မဟာဘူတာ၊ မဟာဘုတ်တို့သည်။ အညမညံ။ အချင်း

ချင်းအားရင်း။ ဥပါဒါရူပါနှ္ဖ၊ ဥပါဒါရုပ်တို့အားရင်း။...ပဒိုသဋ္ဌကွ ဓော၊ ပဒိုသနွေခဏာန္ဒ၊ ဝတ္ထု၊ ဝိပါကာ၊ ဝတ္ထုရုပ်နှင့် ဝိပါက်တို့ သည်။ အညမည်၊ အချင်းချင်းအား။ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏၊ဣတိစ၊ဤသို့လျှင်။သဟဇာတပစ္စယော၊သဟ ဇာတ ပစ္စည်းသည်။ တိဝိဓော၊ သုံးပါးအပြားရှိသည်။ဟောတိ၊ ဖြစ်၏။

**မှတ်ချက်။** ။အစစကာ နှစ်ရပ်၌ ဆိုပြီးသောနည်း ရှိ၍ သိ နိုင်ရမည်။ ။တတိယစကား၌ ပဋိသန္ဓေခဏာဟု ဆိုခြင်းကြောင့် ဝတ္ထုသည် ဟဒယဝတ္ထုဖြစ်ရမည်။ဝိပါကသည် ပဋိသန္ဓေဝိပါက် ဖြစ်ရမည်။ ပဉ္စဝေါကာရနှင့်သာ ဆိုင်သည်ဟု သိရမည်။

**နှစ်ချက်ခွဲ။** ။သဟဇာတ၌ စိတ်တခု ယုတ်ကိုးဆယ် စေတသိက်ဒွေပဉ္စာသ-နာမ်ခန္ဓာတပါး၊ နှစ်ပါး၊ သုံးပါး၊ လေးပါးသည့်ရင်း (၁)။ မဟာဘုတ်တပါး၊နှစ်ပါး၊သုံးပါး၊ လေးပါးသည့်ရင်း(၂)။ပဋိသန္ဓေအခါဟဒယဝတ္ထု၊ပဉ္စဝေါ ကာရပဋိသန္ဓေနာမက္ခန္ဓာသည့်ရင်း (၃)။ ပစ္စည်းမည်၏။ တကွဖြစ်သော နာမ်ခန္ဓာသုံးပါး၊ နှစ်ပါး၊တပါး၊စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇ ရုပ်သည့်ရင်း (၁)။ မဟာဘုတ် သုံးပါး၊ နှစ်ပါး၊ တပါး၊ ဥပါဒါရုပ်သည့်ရင်း (၂)။ ပဋိသန္ဓေအခါ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထုသည့်ရင်း (၃)။ပစ္စယုပ္ပန်မည်၏။ သဟဇာတမျိုး။

**အညမည။** ။စိတ္တစေတ သိကာခန္ဓာ+အညမည်၊ မဟာဘူတာ+အညမည်...ပဋိသန္ဓိက္ခဏေ ဝတ္ထုဝိပါကာ +အညမညန္တိစ-တိဝိဓော ဟောတိ အညမည ပစ္စယော။

စိတ္တစေတသိကာခန္ဓာ၊ စိတ်စေတသိက်တို့သည်။ အညမည်၊ အချင်းချင်းအား။......မဟာဘူတာ၊မဟာဘုတ်တို့သည်၊ အညမည်၊ အချင်းချင်းအား။......ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေခဏာ၌၊ ဝတ္ထုဝိပါ ကာ၊ ဝတ္ထုရုပ်နှင့် ဝိပါက်တို့သည်။ အညမည်၊ အချင်းချင်းအား။

ပစ္စယာ၊ကျေးဇူး ပြုကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ဇာတိစ၊ ဤသို့လျှင်။အညမညပစ္စယော၊အညမညပစ္စည်းသည်။တိဝိဓော၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

**မှတ်ချက်။** ။စိတ်စေတသိက်၌ ရုပ်မတွဲ။ မဟာဘုတ်၌ ဥပါဒါရုပ်မတွဲ။ ထို့ကြောင့် နာမ်ခန္ဓာလေးပါးလုံး၊ မဟာဘုတ်လေးပါးလုံးပစ္စည်းမဖြစ်။ ပစ္စယုပ္ပန်ဝေးစွ။

**နှစ်ချက်ခွဲ။** ။အညမညနှ် စိတ်တခု ယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ-နာမ်ခန္ဓာတပါး၊ နှစ်ပါး၊ သုံးပါးသည်ရင်း (၁)။ မဟာဘုတ် တပါး၊ နှစ်ပါး၊ သုံးပါးသည်ရင်း (၂)။ ပဋိသန္ဓေအခါ ဟဒယဝတ္ထု ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာသည်ရင်း (၃)။ ပစ္စည်းမည်၏။ တကွဖြစ်သောနာမ်ခန္ဓာသုံးပါး၊ နှစ်ပါး၊ တပါးသည်ရင်း (၁)။မဟာဘုတ်သုံးပါး၊ နှစ်ပါး၊ တပါးသည်ရင်း (၂)။ ပဋိသန္ဓေအခါ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယ ဝတ္ထုသည်ရင်း (၃)-ပစ္စယုပ္ပန်မည်၏။……သဟဇာတမျိုး။

**နိဿယ။** ။စိတ္တစေတသိကာ ဓမ္မာ+အညမညံ သဟဇာတရူပါနဉ္စ။မဟာဘူတာ+အညမညံ ဥပါဒါရူပါနဉ္စ။ ဆ ဝတ္ထူနိ+သတ္တန္နံဝိညာဏ ဓာတူနန္တိစ-တိဝိဓောဟောတိ နိဿယပစ္စယော။

စိတ္တစေတသိကာဓမ္မာ၊ စိတ်စေတသိက် တရားတို့သည်။အညမညံ၊အချင်းချင်းအားရင်း။ သဟဇာတရူပါနဉ္စ၊ အတူတကွဖြစ်သောရုပ်တို့အားရင်း။ မဟာဘူတာ၊ မဟာဘုတ်တို့သည်။ အညမညံ၊အချင်းချင်းအားရင်း၊ဥပါဒါ ရူပါနဉ္စ၊ ဥပါဒါ ရုပ်တို့အားရင်း ဆဝတ္ထူနိ၊ဆဝတ္ထုတို့သည်။ သတ္တန္နံဝိညာဏဓာတူနံ၊ သတ္တဝိညာဏဓာတ်တို့အား။ ပစ္စယာ၊ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဇာတိစ၊ဤသို့လျှင်။ နိဿယပစ္စယော၊ နိဿယ ပစ္စည်းသည်

တိဝိဓေါ၊သုံးပါးအပြားရှိသည်။ ဟောတိ၊ဖြစ်၏။ (ပုရေစာဟာ၌ပ ဝတ္တိယံ-ပါသည်၊ ဤ၌မပါ။)

**မှတ်ချက်။** ။အစပကားနှစ်ရပ်ဖြင့် သဟာဇာတမျိုးကို။ တ တိယဖြင့် ပဋိသန္ဓေအခါ သဟာဇာတမျိုး၊ ပဝတ္တိအခါ ဝတ္ထုမျိုး၊ အာရုံမျိုးဟု သုံးမျိုးကိုပြသည်။ အာရုံမျိုး ပြရာ၌ ဝတ္ထုလည်းဖြစ်၊ အာရုံလည်းဖြစ်၊ ပုရေဇာတလည်းဖြစ်၊ နိဿယလည်းဖြစ်သော ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယကိုပြသည်။ ထိုအင်္ဂါလေးချက် ညီသော ပစ္စည်းကိုကား မရဏာသန္နအခါ ၁၇-ချက်မြောက်သော ဟဒယဝတ္ထုဟုသိရမည်။ ထိုဟဒယ၌မှီ၍ ထိုဟဒယကို အာရုံပြု နိုင်သောစိတ်ကား မရဏာသန္န မနောဒွါရိက ဝိထိစိတ်သာ ဖြစ်ရ မည်။ "ဣဿာ၊တိက၊ ဝိရတိ၊ အပ္ပမညာအားဖြင့် စေတသိက်ရှစ်ခု ယှဉ်နိုင်စရာ အကြောင်းလည်းမရှိဟု သိရမည်"။

**နှစ်ချက်ခွဲ။** ။နိဿယသည် သဟဇာတနိဿယ၊ ပုရေဇာ တနိဿယဟု နှစ်မျိုးပြား၏။ သဟဇာတနိဿယသည် သဟဇာ တ (တိဝိဓ) နှင့်တူ၏။ ။သဟဇာတမျိုး။

ပုရေဇာတ နိဿယသည် ဝတ္ထုပုရေဇာတ နိဿယ၊ ဝတ္ထာရမ္မဏ ပုရေဇာတနိဿယဟု နှစ်မျိုးပြား၏။ ဝတ္ထု ပုရေဇာတ နိဿယသည် ဝတ္ထု ပုရေဇာတနှင့် တူ၏။ ဝတ္ထုမျိုး။

ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ၌-မရဏာသန္နအခါ ၁၇-ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သောဟဒယ ဝတ္ထုသည်ပစ္စည်းမည်၏၊ ထိုဟဒယ၌မှီ၍ အာရုံပြု၍မရ ဏာသန္နအခါဖြစ်သောကာမ မနောဒွါရိက ဝိထိစိတ် ၄၁-ခု၊ ဝါ-မနောဒွါရာဝဇ္ဇန်း၊ကာမဇောတခု၊ယုတ်သုံးဆယ်၊ဟ ဒါရုံကောဒသ။ "ဣဿာ၊မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိရတိ၊အပ္ပ မညာကြဉ်သော"စေတသိက် စတုစတ္တာလီသသည် ပစ္စ ယုပ္ပန်မည်၏။အာရုံမျိုး။

**မှတ်ဖွယ်အထူး**။ ။ပစ္စယုပ္ပန်၌ အဘိညာ ဒွေကိုလည်း သုတ္တန်ပါဠိစသော စကားဖြင့် ဆရာမြတ်တို့မိန့်ဆိုကုန်၏။ သတ္တရသမ ဟာဒယဝတ္ထုကို အဘိညာဒွေမှီလျက် အာရုံပြု၍ ထိုအဘိညာဇော နောင် ရတိ ဖြစ်သည်ဟူသော အဓိပ္ပါယ်ဖြင့် မိန့်ဆိုကုန်၏။ အဘိညာသည်ရတိအား အနန္တရပစ္စည်း။ သတ္တရ သမ ဟာဒယသည် အဘိညာအား ဝတ္ထုပုရေဇာတ၊ဝတ္ထုပုရေဇာတနိဿယဖြင့်လည်းဆိုဖွယ်ရှိ၏။ အဘိဓမ္မာ၌ကား မဟော။

**အာဟာရ**။ ။ကဗဠီကာရောအာဟာရော+ဣမဿ ကာယဿ……။အရူပိနောအာဟာရာ+သဟဇာတာနံ နာမရူပါနန္တိစ -ဒုဝိဓော ဟောတိ အာဟာရပစ္စယော။

ကဗဠီကာရော အာဟာရော၊ ကဗဠီ ကာရ အာဟာရသည်။ ဣမဿကာယဿ၊ ဤကာယအား။……အရူပိနော အာဟာရာ၊ နာမ်အာဟာရတို့သည်။ သဟဇာတာနံ နာမရူပါနံ၊ တကွဖြစ်သော နာမ်ရုပ်တို့အား။ ပစ္စယာ၊ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ဣတိစ၊ ဤသို့လျှင်။ အာဟာရပစ္စယော၊ အာဟာရပစ္စည်းသည်။ ဒုဝိဓော၊ နှစ်ပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

**မှတ်ချက်**။ ။အဇ္ဈတ္တဩဇာနှင့် ဗဟိဒ္ဓဩဇာ ပေါင်းဆုံမိမှ ဤသက်ရှိ အာဟာရဇ ကာယအားကျေးဇူးပြုသည်၊အာဟာရဇရုပ်ကိုဖြစ်စေသည်။အဇ္ဈတ္တသက်သက်၊ဗဟိဒ္ဓသက်သက်မဖြစ်စေနိုင်။ ။ဩဇာသည် ဩဇာကြွဉ်သော မိမိကလာပ်အားရင်း၊ ဩဇာမကြွဉ်သော တပါးသောကလာပ်အားရင်း ကျေးဇူးပြုသည်။ ဝါ၊ ကလာပ်တူလျှင် ဩဇာကြွဉ်၍ ကလာပ်ပြားလျှင် မကြွဉ်မူ၍ ကျေးဇူးပြုသည်။

**နှစ်ချက်ခွဲ**။ ။အာဟာရသည် ရုပ် အာ ဟာ ရ၊ နာမ်အာဟာရဟု နှစ်မျိုးပြား၏။ ရုပ်အာဟာရ၌ ထမင်းခဲ ဘွယ်စသည်၌ တည်သော ဗဟိဒ္ဓဩဇာသည်ပစ္စည်းမည်

၏။ အာဟာရဇရုပ်သည် ပစ္စယုပ္ပန်မည်၏။ ။တနည်းကား-အဇ္ဈတ္တသန္တာန်၌ရှိသော စတုဇဩဇာ၊ ဗဟိဒ္ဓသန္တာန်၌ ရှိသော ဥတုဇဩဇာသည် ပစ္စည်းမည်၏။ "ကလာပ်တူဩဇာကြဉ်သော" ကလာပ်တူ၊ ကလာပ်ပြား ဖြစ်သောစတုဇရုပ်သည် ပစ္စယုပ္ပန်မည်၏။ ။ရုပ်အာဟာရမျိုး။

နာမ်အာဟာရ၌ ဖဿ၊ စေတနာ၊ ဝိညာဏ်ဟူသော နာမ်အာဟာရတရား ကိုယ်သုံးပါးသည် ပစ္စည်းမည်၏။ ထိုအာဟာရ သုံးပါးနှင့် အတူဖြစ်သော စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်သည် ပစ္စယုပ္ပန်မည်၏။ ။သဟဇာတမျိုး။

**ဣန္ဒြိယ။** ။ပဉ္စပသာဒါ+ပဉ္စန္နံ ဝိညာဏာနံ။…ရူပဇီဝိတိန္ဒြိယံ+ဥပါဒိန္နရူပါနံ၊……အရူပိနော ဣန္ဒြိယာ+သဟဇာတာနံနာမရူပါနန္တိစ-တိဝိဓော ဟောတိ ဣန္ဒြိယပစ္စယော။

ပဉ္စပသာဒါ၊ ငါးပါးသော ပသာဒ (ဝတ္ထုရုပ်) တို့သည်။ ပဉ္စန္နံ ဝိညာဏာနံ၊ ပဉ္စဝိညာဏ်တို့အား။ ရူပဇီဝိတိန္ဒြိယံ၊ ရုပ်ဇီဝိတိန္ဒြေသည်။ ဥပါဒိန္နရူပါနံ၊ ကမ္မဇရုပ်တို့အား။ အရူပိနော ဣန္ဒြိယာ၊ နာမ်ဣန္ဒြေတို့သည်၊ သဟဇာတာနံ နာမရူပါနံ၊ တကွဖြစ်ကုန်သောနာမ်ရုပ်တို့အား။ ပစ္စယာ၊ ကျေးဇူးပြုကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိစ၊ ဤသို့လျှင်။ ဣန္ဒြိယပစ္စယော၊ ဣန္ဒြိယပစ္စည်းသည်။ တိဝိဓော၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

**မှတ်ချက်။** ။ပဌမစကားဖြင့် ဝတ္ထုမျိုးဖြစ်၏။ မရဏာသန္နကပဉ္စဝတ္ထုသော ပဉ္စဝိညာဏ်၏ မှီရာအသီးသီး ပစ္စည်းဖြစ်၏ဟု သိရမည်။ ။ဒုတိယဖြင့် ဇီဝိတရုပ်သည် ရှိရှိသော ကမ္မဇကလာပ် ကိုးစည်းအား ဟုသိရမည်။ ကမ္မဇကိုလည်း ပဝတ္တိ၊ ပဋိသန္ဓေ၊ အသညသတ်ဟု သုံးမျိုးလုံးသိရမည်။ အချို့သောနေရာ၌သက်ရှိစတုဇရုပ်သည် ဥပါဒိန္နမည်၏။ ဤအဘိဓမ္မာ၌ကား ကမ္မ

ဇရုပ်သာ ဥပါဒိန္န မည်၏။ ။တတိယဖြင့် နာမ်ဈာန်ခြေ ရှစ်ပါး ပစ္စည်းကိုသိရမည်။ ဝိပါကိစ္စာ၌ ဧကဂ္ဂတာ–ဈာန်ခြေမမည်။ အဝိရိယစိတ် ၁၆-ခု၌ ဧကဂ္ဂတာလည်း ဈာန်ခြေမမည်။

**နှစ်ချက်ခွဲ။** ။ဣန္ဒြိယသည် ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ၊ သဟဇာတိန္ဒြိယ-ဟုသုံးမျိုးပြား၏။ ပုရေဇာတိန္ဒြိယ၌ မဇ္ဈိမာယုကဖြစ်သောပဉ္စဝတ္ထုသည် ပစ္စည်းမည်၏။ ပဉ္စဝတ္ထု၌မှီသော ဒွေပဉ္စဝိညာဏ်တဆယ်၊ သဗ္ဗစိတ္တသာဓာရဏစေတသိက်ခုနစ်ခုသည် ပစ္စယုပ္ပန်မည်၏။ ။ဝတ္ထုမျိုး။

ရူပဇီဝိတိန္ဒြိယ၌ ဇီဝိတိန္ဒြိယရုပ်သည် ပစ္စည်းမည်၏။ ထိုဇီဝိတိန္ဒြိယရုပ်ကြဉ်သော ကလာပ်တူ ကမ္မဇကလာပ်ကို စည်းသည် ပစ္စယုပ္ပန်မည်၏။ ရုပ်ဇီဝိတမျိုး။

သဟဇာတိန္ဒြိယ၌-ဇီဝိတ၊ စိတ်၊ ဝေဒနာ(၃)၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ(၅)ဟူသော နာမ်ဈာန်ခြေ တရားကိုယ် ရှစ်ပါးသည် ပစ္စည်းမည်၏။ ထိုနာမ်ဈာန်ခြေ ရှစ်ပါးနှင့် အတူဖြစ်သော စိတ်တခု ယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်သည် ပစ္စယုပ္ပန်မည်၏။ သဟဇာတမျိုး။

**မှတ်ဖွယ်အထူး။** ။ဈာန်ခြေ ၂၂-ပါး၊ တရားကိုယ် ၁၆-ပါးတို့သည် ဒွိဒွိမိကိစ္စ၌ ဆိုင်ရာဆိုင်ရာတရားတို့ကို မိမိအလိုအတိုင်းဖြစ်အောင် အစိုးတရ ကြီးကဲကြသောကြောင့် ဣန္ဒြိယ မည်ကုန်၏။ ဘာဝရုပ်မှ တပါးတို့သည် ပစ္စယလည်း မည်ကုန်၏။ ဘာဝရုပ်နှစ်ခုကား လိင်္ဂ၊ နိမိတ္တ၊ ကုတ္တ၊ အာကပ္ပ-လေးမျိုးကို မိန်းမအသွင်စသည်၊ ယောကျ်ားအသွင် စသည် ဖြစ်ကြရမည်ဟု အစိုးတရ ပြုသောကြောင့်သာ ဣန္ဒြိယမည်သည်။ အစိုးတရ အမြဲ မပြုသောကြောင့် ပစ္စယမမည်။ ပဋိသန္ဓေအခါ ဘာဝရုပ်ရှိလျက် လိင်္ဂစသည်ကို မဖြစ်စေနိုင်။ ဗြဟ္မာတို့အား ဘာဝရုပ် မရှိဘဲလျက် ပုရိသလိင်္ဂ စသည့်ထင်ရှား၏။ အချို့ယောကျ်ား ဖြစ်လျက်

မိန်းမအသွင်၊ မိန်းမဖြစ်လျက် ယောကျ်ားအသွင်။ အမြဲအမှန်မှတ်၍မရ။ (လိင်ဂါဒ်မျိုး အုပ်စိုးမမြဲသတည်း)။ ။တနည်း၊ ဘာဝရုပ်နှစ်ခုသည် လိင်စသော လေးမျိုးအား ဇနကသတ္တိဖြင့် လည်းမဖြစ်စေ။ ဥပထမ္ဘက သတ္တိဖြင့်လည်း မထောက်ပံ့၊ အနုပါလက သတ္တိဖြင့်လည်း မစောင့်ရှောက်။ ပစ္စည်းဖြစ်နည်း သုံးပါးဖြင့် ကျေးဇူး မပြုသောကြောင့် ပစ္စယမမည်၊ လိင်စသော လေးမျိုးကို ဇာတိဘာဝ ပုရိသဘာဝအား လျော်သော သဏ္ဌာန်၊ မုရေစ သည်ဖြစ်အောင် ကံ,စိတ်,ဥတု, အာဟာရတို့ကသာ ပြုပြင်ကြသည်။ဘာဝနှစ်ခုကား ဤသို့ဤသို့ဖြစ်ရမည်ဟု အစိုးတရကြီးကဲခြင်းသာပြုသည်။ ဖြစ်အောင် ပြုပြင်ပေးခြင်းမရှိ။ (ပစ္စည်းဖြစ်နည်းသုံးပါးမှ ဖျောင်လွှဲပေ သတည်း)။ ။တနည်း၊ လိင်စသော လေးမျိုးသည် ပစ္စယုပ္ပန်ဖြစ်စကောင်းသော သဒိတပရမတ် စက်စစ်မဟုတ်၊ပညတ္တိ ဝိသေသဖြစ်သည်။ထိုကြောင့် ပစ္စယမဖြစ်နိုင်။ (ပရမတ်မှ သီးခြားသော ပညတ်အား ကျေးဇူးပြုသော ပစ္စည်းအဘယ်မှာ ဖြစ်နိုင်အံ့နည်း)။

လိင်ဂါဒ်မျိုး-အုပ်စိုးမမြဲ(၁) ရှောင်လွှဲသုံးနည်း(၁) ပညတ်သီး(၁)ပစ္စည်းချုံကြောင်းဘာဝတည်း။

**ဝိပ္ပယုတ္တ**။ ။ဩက္ကန္တိက္ခဏေ ဝတ္ထု+ဝိပါကာနံ၊ စိတ္တစေတသိကာ ဓမ္မာ+သဟဇာတ ရူပါနံ သဟဇာတဝသေန။..ပစ္ဆာဇာတာစိတ္တ စေတသိကာ ဓမ္မာ+ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတ ဝသေန။……ခဝတ္ထုနိ+ပဝတ္တိယံ သတ္တန္နံဝိညာဏဓာတူနံ ပုရေဇာတဝသေနေတိစ-တိဝိဓောဟောတိ ဝိပ္ပယုတ္တပစ္စယော။

ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေအခါ၌။ ဝတ္ထု၊ ဝတ္ထုရုပ်သည်။ ဝိပါကာနံ၊ ဝိပါက်တို့အား။ စိတ္တစေတသိကာဓမ္မာ၊ စိတ်စေတသိက်တို့သည်၊ သဟဇာတရူပါနံ။ တကွဖြစ်သော ရုပ်တို့အား။ သဟဇာတ ဝသေန၊သဟဇာတ၏ အစွမ်းဖြင့်။ ပစ္စယာ၊ ကျေးဇူး

ပြုကုန်သည်။ ဟောန္တိ-ဖြစ်ကုန်၏။ [ဤဝါကျမှ ဖြတ္တာနိကုဇ္ဈောဝိပါကာ+ဝတ္ထု၊ သာ- ဟုထုတ်ယူအပ်၏။ ပစ္စာ ခါတာ-စသည် အဘူဂ်ပြီ။ ။ဆဝတ္ထု၊နိစသည် အတူဂိုပြီ။] ဣတိစ၊ ဤသို့လျှင်။ ဝိပ္ပယုတ္တာပစ္စယော၊ ဝိပ္ပယုတ္တပစ္စည်းသည်။ တိဝိဓော၊သုံးပါးအပြား ရှိသည်။ဟောတိ၊ဖြစ်၏၊

**မှတ်ချက်။** ။ဤဝိပ္ပယုတ္တသည် ဉာဏ်မှကင်းသော ဉာဏဝိပ္ပယုတ်မျိုးကဲ့သို့မဟုတ်။ မရှဉ်မတွဲ တကွဲစီဖြစ်၏၊ သီးခြား ဖြစ်ခြင်းသာတည်း။ ပြိုင်တူ။ နောက်၊ ရှေ့-ဟု သုံးမျိုးဖြစ်၍ကျေးဇူးပြု၏။ ပြိုင်တူဖြစ်ရာ၌ ပဋိသန္ဓေအခါ ဝတ္ထု၊သည်+ဝိပါကတို့အားကဲ့သို့ ဝိပါကတို့သည် ဝတ္ထု၊အား အချင်းချင်း ကျေးဇူးပြုကုန်၏။ အညမညံ့ဟုမဆိုသော်လည်း ဓိတ္တ စေတသိကာခန္ဓာ+သဟဇာတရူပါနံ-မှ "ဝိပါကာ+ဝတ္ထု၊သာ" ဟုထုတ်ယူနိုင်၏။ ဝိတ္တဇ ရုပ်ကိုဖြစ်စေသောစိတ် ၇၅-ခုရှိ၏။ စိတ္တဇရုပ်ကြောင့်ကား ထို ၇၅-မဖြစ်ဟုသိရမည်။

**နှစ်ချက်ခွဲ။** ။ဝိပ္ပယုတ်သည် သဟဇာတဝိပ္ပယုတ်၊ ပစ္ဆာဇာတဝိပ္ပယုတ်၊ ပုရေဇာတဝိပ္ပယုတ်ဟု သုံးမျိုးပြား၏။ သဟဇာတဝိပ္ပယုတ်၌-ပဋိသန္ဓေအခါ ဟဒယဝတ္ထု၊ ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာသည်ရင်း (၁)။ ရုပ်ကိုဖြစ်စေတတ်သောစိတ် ၇၅-ခု၊ စေတသိက် ဒွေပဉ္စာသည်ရင်း (၂)-ပစ္စည်းမည်၏။ ပဋိသန္ဓေအခါ ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ၊ ဟဒယဝတ္ထု၊သည်ရင်း (၁)။ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်သည်ရင်း (၂)-ပစ္စယုပ္ပန်မည်၏။ သဟဇာတမျိုး။

ပစ္ဆာဇာတဝိပ္ပယုတ်သည် ပစ္ဆာဇာတနှင့်တူ၏။ ။ပစ္ဆာဇာတမျိုး။ ပုရေဇာတ ဝိပ္ပယုတ်သည် ဝတ္ထု၊ပုရေဇာတဝိပ္ပယုတ်၊ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ်ဟု နှစ်မျိုးပြား၏။ ဝတ္ထု၊ပုရေဇာတ ဝိပ္ပယုတ်သည် ဝတ္ထု၊ပုရေဇာတနှင့်

တူ၏။ ။ဝဏ္ဏမျိုး။ ဝဏ္ဏာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ်သည် ဝဏ္ဏာရမ္မဏ ပုရေဇာတ နိဿယနှင့် တူ၏၊ အာရုံမျိုး။

**အတ္ထိ။** ။သဟဇာတံ၊ ပုရေဇာတံ၊ ပစ္ဆာဇာတဉ္စ သမ္ဗလာ။ ကဗဠီကာရော အာဟာရော၊ ရူပဇီဝိတမိန္ဒြိယန္တိ၊ ပဉ္စဝိဓော ဟောတိ အတ္ထိပစ္စယော အဝိဂတပစ္စယော စ။

သမ္ဗလာ၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ သဟဇာတဉ္စ၊ သုံးမျိုးသောသဟဇာတရင်း။ ပုရေဇာတဉ္စ၊ နှစ်မျိုးသောပုရေဇာတရင်း။ ပစ္ဆာဇာတဉ္စ၊ ပစ္ဆာဇာတရင်း။ ကဗဠီကာရော အာဟာရော စ၊ ကဗဠီကာရ အာဟာရရင်း။ ရူပဇီဝိတဉ္စ၊ ရူပဇီဝိတရင်း။ ဣတိ၊ ဤသို့။ အယံ အတ္ထိ ပစ္စယော၊ ဤအတ္ထိပစ္စည်းသည်။ ပဉ္စဝိဓော၊ ငါးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ အဝိဂတပစ္စယော စ၊ အဝိဂတပစ္စည်းသည်လည်း။ ပဉ္စဝိဓော၊ ငါးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

**နှစ်ချက်ခွဲ။** ‐ ။အတ္ထိသည် သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိဟု ငါးမျိုးပြား၏။ ။သဟဇာတတ္ထိသည် သဟဇာတ(ကိဝိဓ)နှင့် တူ၏။ ။သဟဇာတမျိုး။

ပုရေဇာတတ္ထိသည် ဝတ္ထုပုရေဇာတတ္ထိ၊ အာရမ္မဏ ပုရေဇာတတ္ထိဟု နှစ်မျိုးပြား၏။ ။ဝတ္ထုပုရေဇာတတ္ထိသည် ဝတ္ထုပုရေဇာတနှင့်တူ၏။ ။ဝတ္ထုမျိုး။

အာရမ္မဏ ပုရေဇာတတ္ထိသည် အာရမ္မဏပုရေဇာတနှင့်တူ၏။ ။အာရုံမျိုး။

ပစ္ဆာဇာတတ္ထိသည် ပစ္ဆာဇာတနှင့်တူ၏။ ။ပစ္ဆာဇာတမျိုး။

အာဟာရတ္ထိသည် ရုပ်အာဟာရနှင့်တူ၏။ ။ရုပ်အာဟာရမျိုး။

ရူပဇီဝိတိန္ဒြိယတ္တိသည် ရူပဇီဝိတိန္ဒြိယနှင့် တူ၏။ ။ ရုပ်ဇီဝိတမျိုး။

**အဝိဂတ။** ။အဝိဂတသည်လည်း အတ္ထိငါးမျိုးနှင့်တူ၏။ ။ ခြောက်မျိုး။

**ပစ္စည်းပေါင်းခြင်း။** ။ဤအလုံးစုံသော ပစ္စည်းတို့သည် အာရမ္မဏ၊ ဥပနိဿယ၊ ကမ္မ၊အတ္ထိ-ဤလေးပစ္စည်း၌ ပေါင်းဝင်ကုန်၏။

အမျိုးတူရာ ပေါင်းဝင်သောကြောင့် အာရမ္မဏ၌ အာရုံမျိုးရှစ်ပစ္စည်းဖြစ်၏။ ဥပနိဿယ၌ ဥပနိဿယမျိုး-ကိုး။ ဝါ-အနန္တရမျိုး ၇။ ပကတူပမျိုး ၂–ဖြစ်၏။ ကမ္မ၌နာနာက္ခဏိကကမ္မတချဖြစ်၏။ အတ္ထိ၌ သဟဇာတမျိုး ၁၅။ ဝတ္ထုပုရေ ၆။ ပစ္ဆာဇာတမျိုး ၄။ အာဟာရမျိုး ၃။ ရူပဇီဝိတိန္ဒြိယမျိုး ၃-မျိုးဖြစ်၏။ [ခက်ခဲသည်ဟုထင်ရသော်လည်း ဆိုပြီးသောနည်းရှိသဖြင့် ကြိုးစားအားထုတ်၍သိရသောအခါ ဝိတိပါမောက္ခတို့ဖြစ်နိုင်ကုန်ရာ၏။]

**သဟဇာတရုပ်နှစ်မျိုး။** ။စိတ်စေတသိက်တို့နှင့် အတူတကွဖြစ်သောရုပ်သည် သဟဇာတရုပ်မည်၏။ ပဝတ္တိအခါစိတ္တဇရုပ်၊ ပဋိသန္ဓေအခါကမ္မဇရုပ်ဟုနှစ်မျိုးပြား၏။ ဤသဟဇာတရုပ်ကိုဟောတုံသော ငါးပစ္စည်း၌ရှင်း၊ အဓိပတိစသော ရှစ်ပစ္စည်း၌ရှင်း ပစ္စယုပ္ပန်အဖြစ်ဖြင့် ဟောသည်။ ကြွင်း ၁၁-ပစ္စည်း၌ မဟော။ ပဉ္စဝေါကာရဘုံ၌သာ ဟောသည်။ စတုဝေါကာရ၊ ဧကဝေါကာရ၌မဟော။

**ပစ္စည်းခွဲခြင်း။** ။ဤသို့ပစ္စည်းတို့သည် ဧကကာလိကပစ္စည်း၊ ကာလဝိမုတ္တပစ္စည်းအားဖြင့် နှစ်မျိုးဖြစ်ကုန်၏၊အစ္စတ္တိက ပစ္စည်း၊ ကာယိရပစ္စည်းအားဖြင့် နှစ်မျိုး၊သန်တပစ္စည်း၊ အသန်တပစ္စည်းအားဖြင့်နှစ်မျိုး။ ပညတ်ပစ္စည်း၊ နာမ်ပစ္စည်း၊ ရုပ်ပစ္စည်းအားဖြင့် သုံးမျိုး။ အလုံးစုံသတ္တိ အသီးသီးအားဖြင့် ၂၄–မျိုးဖြစ်ကုန်၏။

(ပြားခြင်းအားဖြင့် ၄၇ ပစ္စည်း။အမျိုးအရေအတွက် ၄၉-မျိုးကို လည်းသိအပ်၏။)

**ကာလဖြင့်လေးမျိုး။** ။ကာလအားဖြင့်… ပစ္စုပ်-ဆဲ့ငါး၊ အတိတ်-ငါးနှင့်၊ ဒွိကား-တပြား၊တိကာ ဝိမုတ်၊ သုံးချထုတ်၊ ပေါင်းချုပ်နှစ်ဆဲ့လေး။

**ပစ္စုပ်။** ။ပစ္စုပ်ဆဲ့ငါးကား-ဟေတု၊သဟဇာတ၊အညမည၊ နိဿယ (၄)၊ပုရေဇာတ၊ ပစ္ဆာဇာတ၊ ဝိပါက (၃)၊အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ(၄) သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊အတ္ထိ၊အဝိဂတ၊(၄)၊ ဤသို့ပစ္စုပ္ပန်ကာလပစ္စည်း ၁၅-ဖြစ်၏။

အတိတ်ငါးကား-အနန္တရ၊သမနန္တရ၊ အာသေဝန၊နတ္ထိ၊ ဝိဂတ တည်း၊

ဒွိကားတပြားကား-ကမ္မ။ ဤကမ္မသည် ပစ္စုပ်တိတဒွိကာလိက ပစ္စည်းဖြစ်၏။

တိကာဝိမုတ်-သုံးချထုတ်ကား-အာရမ္မဏ၊ အဓိပတိ၊ဥပနိဿယ။ ဤသုံးပစ္စည်းသည် တေကာလိကနှင့် ကာလဝိမုတ်ပစ္စည်း ဖြစ်၏။

**ယုဂ ခုနစ်စုံ။** ။ပစ္စည်းတို့သည် အနက်တူတစုံ၊ သဒ္ဒါတူတစုံစသည်ဖြင့် ခုနစ်စုံရှိ၏။

အနက်တူတစုံကား-အနန္တရ၊ သမနန္တရဖြစ်၏။

သဒ္ဒါတူတစုံကား-နိဿယ၊ ဥပနိဿယ-ဖြစ်၏။"ဥပသာ ရ လိုရင်းမဟုတ်"

ကာလပဋိပက္ခတစုံကား-ပုရေဇာတ၊ ပစ္ဆာဇာတ။

ဟေတုဖလတစုံကား-ကမ္မ၊ ဝိပါက။

အညမည ပဋိပက္ခသုံးစုံကား-သမ္ပယုတ္တ၊ဝိပ္ပယုတ္တ။ ။အတ္ထိ၊ နတ္ထိ။ ။ဝိဂတ၊ အဝိဂတ ဖြစ်၏။

**သတ္တိနှစ်မျိုး။** ။သတ္တိအားဖြင့်……ဇနက-ခုနစ်၊ ထမ္ဘ-တစ်၊ ဆဲ့ရှစ်-ဥဘယံ။ ဇနက-ခုနစ်ကား-အနန္တရ၊သမနန္တရ၊ အနန္တရူ၊

ပကတူပဟူသော ဥပနိဿယ (၃)၊ အာသေဝန၊ နာနာက္ခဏိက ကမ္မ၊ နတ္ထိ၊ ဝိဂတ (၄)-ဤခုနစ်ပစ္စည်းသည် ဇနကသတ္တိဖြင့် ဖြစ်ပေါ်ခြင်းငှါသာ ကျေးဇူးပြု၏။ ဥပထမ္ဘကမဟုတ်။

ထမ္ဘ-တစ်ကား-ပစ္ဆာဇာတ၊ ဤတပစ္စည်းသည် ဥပထမ္ဘက သတ္တိဖြင့် တည်တံ့ခြင်းငှါသာ ကျေးဇူးပြု၏၊ ဇနကမဟုတ်။

ဆဲ့ရှစ်-ဥဘယံကား-ဟေတု၊ အာရမ္မဏ၊ အဓိပတိ (၃)။ သဟဇာတ၊ အညမည၊ နိဿယ၊ အာရမ္မဏူပနိဿယ (၄) ပုရေဇာတ၊ သဟဇာတကမ္မ၊ ဝိပါက (၃) အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ (၄) သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၄)။ ဤ ၁၈-ပစ္စည်းသည် ဇနက၊ ဥပထမ္ဘက-သတ္တိနှစ်ပါးဖြင့် ဖြစ်ပေါ်ခြင်းငှါရင်း တည်တံ့ခြင်းငှါရင်း ကျေးဇူးပြု၏။ (ဥပနိဿယနှင့်ကမ္မကို သတိပြု၊ နှစ်ဌာနစီ။)

**ဌာနိကနှစ်မျိုး။** ။သင်္ခတတရားအားလုံးတို့အား ကျေးဇူးပြုသောပစ္စည်းသည် သဗ္ဗဋ္ဌာနိက ပစ္စည်းမည်၏။ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတဟူလေးခုရှိ၏။

သင်္ခတတရား တစိတ် တဒေသအား ကျေးဇူးပြုသော ပစ္စည်းသည် အသဗ္ဗဋ္ဌာနိက ပစ္စည်းမည်၏။ ကြွင်း ၂၀-ဖြစ်၏။

## ပစ္စည်းပေါင်းဝင်ခြင်း၌မှတ်ဘွယ်

**အာရုံမျိုးရှစ်။** ။အာရမ္မဏာဓိပတိ၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယ၊ အာရမ္မဏူပနိဿယ၊ အာရမ္မဏပုရေဇာတ၊ ဝတ္ထာရမ္မဏပုရေဇာတ ဝိပ္ပယုတ္တ၊ အာရမ္မဏပုရေဇာတတ္ထိ၊ အာရမ္မဏပုရေဇာတာဝိဂတ ·····ဤ ၇-ပစ္စည်းသည် အာရမ္မဏ၌ ပေါင်းဝင်၏။ ထိုကြောင့် အာရုံမျိုး ရှစ်ပစ္စည်းဖြစ်၏။

**ဥပနိဿယမျိုးကိုး။** ။အနန္တရ၊ သမနန္တရ၊ အာသေဝန၊ မဂ္ဂါနန္တရမိုလ်အား (ပစ္စည်း) တပ်သော နာနာက္ခဏိက ကမ္မ၊

နတ္ထိ၊ ဝိဂတ……ဤ ၄-ပစ္စည်းသည် အနန္တရ၌ဝင်၏။ ။ဝိပါက် ဆတ္တိံသအား တပ်သောဗလ၀ နာနာက္ခဏိကကမ္မသည် ပကတူ၌ဝင်၏။ ထိုကြောင့် ဥပနိဿယမျိုးကိုးဖြစ်၏။ ဝါ-အနန္တရမျိုး ၇။ ပကတူမျိုး ၂-ဖြစ်၏၊ (ရုပ်အား ကျေးဇူးမပြုသော ပကတူ၌ရုပ် အား ကျေးဇူးပြုသော နာနာက္ခဏိက ဝင်ခြင်းသည် တစိတ်-သပဒေသဝင်ခြင်းတည်း။)

**နာနာက္ခဏိကမျိုးတစ်။** ။ဝိပါက်၊ ကဋတ္တာရုပ်အားတပ်သောဗလ၀၊ ဒုဗ္ဗလကမ္မသည် နာနာက္ခဏိကမျိုးတခုဖြစ်၏။ [ကာမဝိပါက်အား ကာမကုသိုလ်၊ အကုသိုလ်-ဒုဗ္ဗလသည် နာနာက္ခဏိကသတ္တိဖြင့် ကျေးဇူးပြု၏။ ဗလဝသည် ပကတူ၊ နာနာက္ခဏိကသတ္တိဖြင့် ကျေးဇူးပြု၏။ အပ္ပနာဝိပါက်အား အပ္ပနာကုသိုလ် ဗလဝသည် ပကတူ၊ နာနာက္ခဏိက သတ္တိဖြင့် ကျေးဇူးပြု၏။ ဒုဗ္ဗလမရှိ။ ။မဂ္ဂါနန္တရဖိုလ်အား မဂ်သည် အနန္တရ၊ ပကတူ၊ နာနာက္ခဏိကသတ္တိဖြင့် ကျေးဇူးပြု၏။ ကဋတ္တာရုပ်အာ ၊ ကာမကုသိုလ်၊ အကုသိုလ်၊ ရူပကုသိုလ်-ဗလဝ၊ ဒုဗ္ဗလသည် နာနာက္ခဏိကသတ္တိဖြင့် ကျေးဇူးပြု၏။]

**သဟဇာတမျိုး ၁၅။** ။ဟေတု၊ သဟဇာတာဓိပတိ၊ သဟဇာတ (၃)။ အညမည၊ သဟဇာတ နိဿယ၊ သဟဇာတကမ္မ၊ (၃)။ ဝိပါက၊ နာမ်အာဟာရ၊ သဟဇာတိန္ဒြိယ (၃)။ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ (၃)၊ သဟဇာတဝိပ္ပယုတ္တ၊ သဟဇာတာဝိဂတ (၂)။ ဤ ၁၄-ပစ္စည်းသည် သဟဇာတတ္တိ၌ဝင်၏။ ထိုကြောင့် သဟဇာတမျိုး ၁၅-ဖြစ်၏။

**ဝဇ္ဇုမျိုး ၆။** ။ဝဇ္ဇုပုရေဇာတနိဿယ၊ ဝဇ္ဇုပုရေဇာတ၊ ပုရေဇာတိန္ဒြိယ၊ ပုရေဇာတဝိပ္ပယုတ္တ၊ ပုရေဇာတာဝိဂတ· ဤငါးပစ္စည်းသည် ဝဇ္ဇုပုရေဇာ တတ္တိ၌ဝင်၏။ ထိုကြောင့်ဝဇ္ဇုမျိုး ၆-ဖြစ်၏။

**ပဋ္ဌာဝဇ္ဇာတမျိုး ၄။** ။ပဋ္ဌာဝဇ္ဇာတ၊ ပဋ္ဌာဝဇ္ဇာတဝိပ္ပယုတ္တ၊ ပဋ္ဌာဝဇ္ဇာတာဝိဂတ။ ဤသုံးပစ္စည်းသည် ပဋ္ဌာဝဇ္ဇာတတ္ထိ၌ ဝင်၏။ ပဋ္ဌာဝဇ္ဇာတမျိုး ၄-ဖြစ်၏။

**အာဟာရမျိုး ၃။** ။ရုပ်အာဟာရ၊ ရုပ်အာဟာရာဝိဂတ၊ ဤနှစ်ပစ္စည်းသည် ရုပ်အာဟာရတ္ထိ၌ ဝင်၏။……အာဟာရမျိုး ၃-ဖြစ်၏။

**ရူပဇီဝိတမျိုး ၃။** ။ရူပဇီဝိတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယာဝိဂတ……။ဤနှစ်ပစ္စည်းသည် ရူပဇီဝိတိန္ဒြိယတ္ထိ၌ ဝင်၏။……။ရူပဇီဝိတမျိုး ၃-ဖြစ်၏။

---

## ပညတ်

ပညတ်၊ နာမ်၊ရုပ်တို့တွင် ရူပက္ခန္ဓာသည် ရုပ်မည်၏။နာမ်ခန္ဓာလေးပါး၊ နိဗ္ဗာန်-ဤငါးပါးသည် အရူပလည်းမည်၏၊ နာမ်လည်းမည်၏၊ပညတ်ကား အတ္ထပညတ်၊သဒ္ဒပညတ်ဟုနှစ်မျိုးပြား၏။

သိစေအပ်သော "ဝါ-သိအပ်သော"ပညတ်သည်အတ္ထ ပညတ်မည်၏။ (ဝစ္စပညတ်လည်းမည်၏။ ပညာပီယတ္တာပညတ္တိလည်းမည်၏။)

သိစေတတ်သော ပညတ်သည် သဒ္ဒပညတ်မည်၏။ (ဝါစကပညတ်လည်းမည်၏။ နာမပညတ်လည်းမည်၏။ ပညာပနတော ပညတ္တိလည်းမည်၏။)

သင်္ကေတ ဝစနံ သစ္စံ၊ လောကသမ္မုတိကာရဏံ။
ပရမတ္ထ ဝစနံ သစ္စံ၊ဓမ္မာနံ တထလက္ခဏံ။

လောကသမ္မုတိကာရဏံ၊လူတို့သမုတ်ခြင်းလျှင် အကြောင်းရှိသော။သင်္ကေတဝစနံ၊ သင်္ကေတစကားသည်။သစ္စံ၊မှန်၏။ဓမ္မာနံ၊ ဓမ္မတို့၏။တထလက္ခဏံ၊ မှန်သော လက္ခဏာရှိသော။ ပရမတ္ထဝစနံ၊ ပရမတ်စကားသည်။ သစ္စံ၊မှန်၏။

သမ္မုတိသစ္စာ၊ ပရမတ္ထသစ္စာ ဟူသစ္စာနှစ်ပါးလုံး အုပ်ရှင် သုံး၏။ ထိုပြင်တတိယသစ္စာဟူ မရှိပြီ။ (အရိုးဖြူသောကြောင့် ကျိုး ဟူသမုတ်ပြု၏-ဟူသည့်သစ္စာနှစ်ပါး၌ မပါဝင်ပြီ။)

**အဏ္ဏပညပ်အများ။** ။သိအပ်သော အဏ္ဏ ပညပ်သည် သဏ္ဌာနပညပ်၊ သမူဟပညပ်-စသည်ဖြင့် အများအပြားရှိ၏။

မြေကြီး၊ တောတောင်၊သစ်ပင်-စသည်သည် (ပါ-မြေကြီးစ သောအမည်ဖြင့် သိအပ်သော ဝတ္ထုဒြဗ်သည်)သဏ္ဌာနပညပ်မည် ၏။ပဗန္ဓဟူသောအစဉ်အဆက်ဖွဲ့ခြင်း မပြတ်သောကြောင့်တည်း။ ပထဝီ၊ အာပေါစသော မဟာဘုတ်တို့၏ပြန့်ခြင်း၊ ရိုမောက်ခြင်း စသော ခြင်းရာဖေါက်ပြန်ခြင်းကို စွဲ၍မှည့်အပ်သော ဝတ္ထုဖြစ်၏။

အိမ်၊ အိုး၊ ပုဆိုး–စသည်သည် သမူဟပညပ်မည်၏။ သစ် သား၊ မြေညက်၊ ဝါချည်စသည်တို့၏ ပေါင်းရုံခြင်းကို စွဲ၍မှည့် အပ်သော အရာဖြစ်၏။

ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်-စသည်သည် သတ္တပညပ်မည် ၏။ ခန္ဓာငါးပါး၏ခြင်းရာကို စွဲ၍မှည့်အပ်သောအရာဖြစ်၏။

အရှေ့၊အနောက်–စသည်သည် ဒိသာပညပ်မည်၏။ နံနက်၊ ညချမ်း–စသည်သည် ကာလပညပ်မည်၏။ ကဆုန်၊ နယုန်-စ သည်သည် မာသပညပ်မည်၏။ လ၊နေ၊ နက္ခတ်တို့၏ လှည့် လည်သော ခြင်းရာကိုစွဲ၍ မှည့်အပ်သောအရာဖြစ်၏။

တွင်း၊ လိုင်ဂူ၊အပေါက်-စသည်သည် အာကာသပညပ်မည် ၏။ မဟာဘုတ်တို့၏ မထိခြင်း၊ မရှိခြင်းကိုစွဲ၍ မှည့်အပ်သော အရာဖြစ်၏။

ကသိုဏ်းနိမိတ်၊ အသုဘနိမိတ်စသည်သည် နိမိတ်ပညပ်မည် ၏။ ယောဂီတို့အား ထိုထိုနိမိတ်အာရုံ ထင်ခြင်းကို စွဲ၍မှည့်အပ် သောအရာဖြစ်၏။

ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် စသည်သည်လည်း နိမိတ်ပညပ် မည်၏။ဘာဝနာစဉ်ထူးခြားခြင်းကိုစွဲ၍မှည့်အပ်သောအရာဖြစ်၏။

ဤအတ္ထပညပ်သည် ပရမတ် မဟုတ်သော်လည်း ပရမတ်၏အရိပ်အရောင်စွဲမြှောင်တုပခြင်းဖြင့် စိတ်စေတသိက်တို့၏ အာရုံဖြစ်၏။ ထိုထိုခြင်းရာဖြင့်ဖြစ်သည်ကို စွဲ၍ထောက်၍ အကြောင်းပြု၍ ထိုထိုခြင်းရာဖြင့် ကြံဆအပ်သောအရာ၊ ရေတွက်အပ်သောအရာဖြစ်၏။ မှည့်ခေါ်အပ်သော အရာဖြစ်၏၊ အပြားအားဖြင့် သိစေအပ်သော [ဝါ-သိအပ်သော] အရာဖြစ်၏။ ထို့ကြောင့်ပညပ်မည်၏။

**သဒ္ဒပညပ် ၆-မည်။** ။သိစေတတ်သော သဒ္ဒပညပ်ကို ကား နာမ၊ နာမကမ္မ၊ နာမဓေယျ၊ နိရုတ္တိ၊ ဗျဉ္ဇန၊ အဘိလာပ- ဟူသော အမည် ၆- ပါးဖြင့် ပြအပ်၏။ (အမည်သာ ကွဲ၏ ဟူလို။)

ဤသဒ္ဒပညပ်ဟူသည် ရွတ်ဆိုအပ်သော အသံအဖြစ်သို့ရောက်သော အက္ခရာစဉ်ဖြစ်၏။ ထိုအက္ခရာစဉ်သည် (၁)-အတ္ထေသု+ နမတီတိနာမံ-အနက်တို့၌+ ညွတ်တတ်သောကြောင့် နာမ မည်၏၊ (၂)-နမတီတိနာမံ၊ကရီယတေတိကမ္မံ၊နာမမေဝ တံကမ္မဉ္စာ တိနာမကမ္မံ-အနက်၌လည်း ညွတ်တတ်၊ ပြုလည်း ပြုအပ်သော ကြောင့် ဝါ-မှည့်အပ်သော+ အမည်ဖြစ်သောကြောင့် နာမကမ္မ မည်၏။(၃)-နမတီတိနာမံ၊ဓီယတေတိဓေယျံ၊ နာမမေဝတံဓေယျဉ္စာ တိ နာမဓေယျံ-ညွတ်တတ်၊ ထားအပ်သောကြောင့်၊ဝါ-ထားအပ် သော အမည်ဖြစ်သောကြောင့် နာမဓေယျမည်၏။ (၄)-နိဟရိ တွာ ဥတ္တတိ ဧကာသာတိ နိရုတ္တိ-ဝစနတ္ထကို ထုတ်၍ဆိုကြောင်း ဖြစ်သောကြောင့် နိရုတ္တိမည်၏၊ (၅)-ဗျဉ္ဇီယတိ အတ္ထော ဧတေ နာတိဗျဉ္ဇနံ-အနက်ကိုပြတတ်သောကြောင့် ဗျဉ္ဇနမည်၏။ (၆)- အဘိ မုခံလပတီတိ အဘိလာပေါ-အနက်ဖြင့်သို့ ရှေးရှုပြု၍ပြော တတ်သောကြောင့် အဘိလာပမည်၏။ ။ဤသို့ဤသဒ္ဒပညပ်သည် အမည်ခြောက်ပါးရှိ၏။ ဆိုလတ္တံ့သော တတိယဝိထိ၏အာရုံဖြစ် ၏။ အနက်ဖြင့်အတ္ထပညပ်ကို သိကြောင်းဖြစ်၏။

**သဒ္ဒပညပ်အပြား။** ။ဤအကျွရာ၌သည် အနွဲ့ပ္လုံနာမ်၊ ရုဠီနာမ်အားဖြင့်နှစ်ပါး။ ကောဣရ၊ အနေကာ၊ရ၊ အနေကာပဒ အားဖြင့် သုံးပါး။ သာမညနာမ်၊ဂုဏနာမ်၊ ကြိယာနာမ်၊ ယဒိစ္ဆာ နာမ်အားဖြင့်လေးပါး၊ဒဗ္ဗနာမ်၊ ဂုဏနာမ်၊ကြိယာနာမ်၊ နာမနာမ်၊ ဇာတိနာမ်အားဖြင့်ငါးပါး၊ ဝိဇ္ဇမာန၊ အဝိဇ္ဇမာန စသော်အားဖြင့် ခြောက်ပါး။လူမျိုးအလိုက်အားဖြင့် တရာ့တပါးပြား၏။

**ဝိဇ္ဇမာနဆက္က။** ။ပရမတ်အားဖြင့် ထင်ရှားရှိသောရုပ်၊ ဝေဒနာ-စသည်ကို ရုပ်ဝေဒနာ-စသည်ဖြင့် မှည့်ခေါ်ခြင်းသည် ဝိဇ္ဇမာန ပညပ်မည်၏။ ပရမတ်အားဖြင့် ထင်ရှား မရှိသောမြေ၊ တောင်-စသည်ကို မြေ၊ တောင်စသည်ဖြင့် .မှည့်ခေါ်ခြင်းသည် အဝိဇ္ဇမာနပညပ်မည်၏။ ။ပရမတ်အားဖြင့် ထင်ရှားရှိ၊ မရှိကို ရောနှော၍ ဆဠဘိညော-အဘိညာခြောက်ပါးရှိသူဟု မှည့်ခေါ် ခြင်းသည်ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညပ်မည်၏။ ဣတ္ထိသဒ္ဒေါ-မိန်းမ ၏အသံဟု မှည့်ခေါ်ခြင်းသည် အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညပ် မည်၏။စက္ခုဝိညာဏံ-စက္ခုဝိညာဏ်ဟုမှည့်ခေါ်ခြင်းသည် ဝိဇ္ဇ မာနေနဝိဇ္ဇမာန ပညပ်မည်၏။ ရာဇပုတ္တော-မင်းသားဟု မှည့် ခေါ်ခြင်းသည်အဝိဇ္ဇမာနေန အဝိဇ္ဇမာန ပညပ်မည်၏။

**ပညပ်နှစ်ခုအထူး။** ။[ နွားဟုဆိုရာ၌ နငယ်ဝဆွဲရေးချ ဝစ္စပေါက်ရုံမျှ၊ နုတ်သံဆိုရုံမျှနွားသည် သဒ္ဒပညပ်မည်၏။ မြက် မစား၊ လှည်းမရုန်း၊ နွားကိုယ်ခန္ဓာမဟုတ်သေး၊ ဟုံနွားကိုယ် ခန္ဓာသို့ကား ရှေးရှုညွှတ်၏။ တက်ိယဝိဘ်၏ အာရုံဖြစ်၏။ ။ မြက်စား- လှည်းရုန်းသော နွားကိုယ်ခန္ဓာဖြစ်သာသျှင် အတ္ထ ပညပ်မည်၏၊ စတုတ္ထဝိဘ်၏ အာရုံဖြစ်၏၊ ။ဆေ ဟုဆို၊ နွလည်း စလုံးပေါင်း အက္ခရာဆား၊ နုတ်သံဆ သည့်ပင်နေ၊ နေသော ဆားဖြစ်သို့ ကား ရှေးရှုညွှတ်၏။ သဒ္ဒပညပ်မည်၏၊ နေသော ဆားသာသျှင် အတ္ထပညပ်ဖြစ်၏။ ။ဤသို့အထူးကိုခွဲ အပ်၏။]

**သင်္ကေတဖြင့်ပြီးခြင်း။** ။ဝစီဃောသသာ နူသာရေန၊ သောတဝိညာဏ ဝီထိယာ။ ။ဝစီဃောသာနုသာရေန၊ နှုတ်မြွက်သံသို့ အစဉ်လျှောက်သဖြင့်။ သောတဝိညာဏ ဝီထိယာ၊ သောတဝိညာဏဝီထိသည်။ ပဝတ္တာ-ပဝတ္တာယ၊ ဖြစ်လတ်သော်။ ။အဓိပ္ပါယ်ကား "သွား" ဟုဆိုသံကြားရသောအခါ ပစ္စုပ္ပန်သဒ္ဒါရုံကိုအာရုံပြုလျက် သောတဝိညာဏဝီထိ- ပဌမဖြစ်သည်။ ထိုနောက် ထို "သွား"ဟူသောအတိတ်သဒ္ဒါရုံကို အာရုံပြုလျက် နောက်လိုက်-တဒနုဝတ္တကမနောဒွါရဝီထိ- ဒုတိယမချွတ်ဖြစ်သည်။ ဤနှစ်ဝီထိသည် ပင်ဤနေရာ၌ သောတဝိညာဏဝီထိမည်၏။

ပဝတ္တာနန္တရုပ္ပန္န၊ မနောဒွါရသ ဂေါစရာ။ ။ပဝတ္တာ-ပဝတ္တာယ၊ ဖြစ်လတ်သော်။ အနန္တရုပ္ပန္နမနောဒွါရဿ၊ အခြားမဲ့ဖြစ်သော မနောဒွါရဝီထိ၏။ ဂေါစရာ၊ အာရုံဖြစ်သော။(သာယံပညတ္တိ၊ထိုပညတ်သည်။ လော(က)သင်္ကေတနိမ္မိတာ)။ ။ယခင်နှစ်ဝီထိနောင် သုဒ္ဓမနောဒွါရဝီထိ- တတိယမချွတ်ဖြစ်သည်။ ပစ္စုပ္ပန်၊ အတိတ် သဒ္ဒါရုံပရမတ်ကိုအာရုံမပြုဘဲ နယ်ခံဆွဲစသော အက္ခရာစဉ်နာမပညတ်ကို အာရုံပြုလျက်ဖြစ်သည်၊ သင်္ကေတ ထားသလိုဖြစ်သောနာမပညတ်ဖြစ်သောကြောင့် ဆိုသူသည် မြက်စားကောင်းအနက်ဖြစ်သို့ ညွှတ်လျက်ဆို၏။ကြားသူကား သင်္ကေတသိသူဖြစ်လျှင် မြက်စားကောင်းအနက်ဖြစ်ကို မိမိထံညွှတ်စေလျက်ကြား၏။

အတ္ထာယဿ နုသာရေန၊ ဝိညာယန္တိ တတော ပရံ။ ။ တတော ပရံ၊ထိုမှနောက်၌။ ယဿ၊ ယင်းနာမပညတ်ကို။ အနုသာရေန၊အစဉ်လျှောက်သဖြင့်။ အတ္ထာ၊အနက်ဖြစ်အတ္ထပညတ်တို့ကို။ ဝိညာယန္တိ၊ သိအပ်ကုန်၏။ ။တတိယဝီထိနောင် "သွားဟူသည် မြက်စားသော ခန္ဓာဖြစ်သာတည်း"ဟုသွားဖြစ်ကိုသိလျက် မနောဒွါရဝီထိ-စတုတ္ထဖြစ်သည်။ ဝါ-ကြားသူ သင်္ကေတသိပြီးဖြစ်မှ ဤဝီထိဖြစ်၍သိသည်။ ဤစတုတ္ထသွားသည်သိအပ်သော အတ္ထပညတ်မည်၏။ယခင်တတိယသွားသည် (သိကြောင်း) သဒ္ဒပညတ်မည်၏။ နာမပညတ်မည်၏။

သာယံပညတ္တိ ဝိညေယျာ၊ လောကသင်္ကေတနိဿိတာ။ ။
သာယံပညတ္တိ၊ ထိုနာမပညတ်ကို။ လောက သင်္ကေတ နိဿိတာ။ လောကသင်္ကေတဖြင့် ပြီး၏ဟူ၍။ ဝိညေယျာ၊ သိအပ်၏။ ။
ကမ္ဘာဦးလူတို့သည် ဤသို့ဤသို့ခြင်းရှိသော ဝတ္ထုဒြပ်ကို နွားဟူ၍၎င်း၊ ကျွဲဟူ၍၎င်း သင်္ကေတထား၍ မှည့်ကုန်၏။ လူမျိုးအလိုက် သင်္ကေတထား၍တရွာတပါးမှည့်ခေါ်ခြင်း ပြားကုန်၏။ထိုအတိုင်းသဒ္ဒပညတ် အမျိုးမျိုး ဖြစ်လာသည်ဟု သိအပ်၏။ထို့ကြောင့် သင်္ကေတသိသူဖြစ်မှ စတုတ္ထဝိထိဖြစ်၍ နားလည်သည်။ သင်္ကေတမသိသူအား တတိယဝိထိ အထိဖြစ်၍ နာမပညတ်မျှကိုသာသိနိုင်သည်။ စတုတ္ထဝိထိမဖြစ်၍ အတ္ထပညတ်ကိုမသိနိုင်။

## ဝဒန္တသုံးဝိထိ

ဝဒန္တပုဂ္ဂိုလ်အား သုံးဝိထိကျမှ အသံဖြစ်သည်။ အတ္ထပညတ်သိသောဝိထိ၊ နာမပညတ်သိသောဝိထိ၊ အသံဖြစ်စေသောဝိထိ- ဤသုံးဝိထိတည်း။

ချဲ့ဦးအံ့၊ နွားဟူ၍တ်ဆိုလိုသောအခါ ရှေးဦးစွာ နွားခန္ဓာဒြပ်ကို အာရုံပြုလျက် မနောဒွါရဝိထိတချဖြစ်သည်။ ဤကား အတ္ထပညတ်သိသောဝိထိတည်း။

ထိုနောက်ထိုကိုယ်ဒြပ် အတ္ထပညတ်မှ အစဉ်လျှောက်၍ အကျွ ရာနွားဟူသော နာမပညတ်ကို ဆင်ခြင်ကာ အာရုံပြုလျက် မနောဒွါရဝိထိတချဖြစ်သည်။ ဤကား နာမပညတ်သိသော ဝိထိတည်း။

ထိုနောက် သုတန္တပုဂ္ဂိုလ် သိနိုင်အောင် အနက်ဖြ သုညွှတ်၍ နွားဟူသောအသံကိုဖြစ်စေလျက် မနောဒွါရဝိထိ တချဖြစ်သည်။ ဤကား အသံဖြစ်စေသော ဝိထိတည်း။ ဤသို့ သုံးဝိထိ အစဉ်အတိုင်းကျမှ 'နွား' ဟူသော အသံဖြစ်သည်။

## သုဏာန္တ လေးဝိထိ

သုဏာန္တအား လေးဝိထိကျမှ အနက်ဖြစ်သိသည်။ ပစ္စုပ္ပန်သဒ္ဒါရုံသိသောဝိထိ၊ အတိတ်သဒ္ဒါရုံသိသောဝိထိ၊ နာမပညတ်သိသော ဝိထိ၊အတ္ထပညတ်သိသောဝိထိ—ဤလေးဝိထိတည်း။ သိသာသော နည်းရှိပြီ။

**အနက်နှစ်မျိုး။** ။အနက်ဟူသည်ဝေါဟာရတ္ထ၊ဘာဝတ္ထ- ဟူနှစ်မျိုးပြား၏။ ဝေါ-နွား။ ဤသို့အနက်ပြန်ခြင်းသည် ဝေါဟာရ တ္ထမည်၏၊ ပရိယာယ်တမျိုး ပြောင်းခြင်းမျှ ဖြစ်သည်၊ လှည်းရုန်း သောနွားမဟုတ်။ ထိုဝေါဟာရတ္ထသည် နာမပညတ်သာ တည်း။ နွားခန္ဓာဖြစ်သည်ဘာဝတ္ထမည်၏။ လှည်းရုန်းနိုင်၊ မြက်စားနိုင်ပြီ။ ထိုဘာဝတ္ထသည်သာလျှင် အတ္ထပညတ်ဖြစ်သည်။

ဤ၌သုဏာန္တ၏ တတိယဝိထိအာရုံသည် ဝဒန္တ၏ ဒုတိယဝိထိ အာရုံဖြစ်၏။ သုဏာန္တ၏ စတုတ္ထဝိထိအာရုံသည် ဝဒန္တ၏ ပဌမ ဝိထိအာရုံဖြစ်၏။ဤသို့အာရုံချင်း ကိုက်ညီလျှင် အာဘော်ကိုက်ညီ သည့်မည်၏။

**အသံများတိုင်းဝိထိတိုးခြင်း။** ။ပုဆိုး-ဟုအက္ခရာ နှစ်ခုရှိ သောအသံကိုကြားသောအခါ ပု-၌ပစ္စုပ္ပန်သဒ္ဒါရုံတဝိထိ၊ အတိတ် သဒ္ဒါမျိုး ဟပေါင်းအာ ဖြင့် နှစ်ဝိထိ။ ဆိုး-၌ ထိုအတူ နှစ်ဝိထိ၊ ပေါင်းရုဟာန် သမူဟာကာရ ပညတ်၌တဝိထိ—ဤသို့ ငါးဝိထိဖြစ် ပြီးမှ နာမပညတ်တဝိထိ၊အတ္ထပညတ် တဝိထိဖြစ်၍ ၇-ဝိထိကျမှ အနက်နားလည်သည်။

သံလာတော်-ဟုသုံးခုသောအသံကို ကြားသောအခါ ရှေးအ ဟူသံ၌နှစ်ဝိထိ၊ လာ၌နှစ်ဝိထိ၊ တော်၌နှစ်ဝိထိ၊ သမူဟာကာရ ပညတ်၌တဝိထိ-ဤ ၇-ဝိထိနောင် နာမပညတ်တဝိထိ၊ အတ္ထပညတ် တဝိထိဖြစ်၍ ၉—ဝိထိကျမှနားလည်သည်။ အသံတခု တိုးလျှင် နှစ်ဝိထိများသည်။

မြတ်စွာဘုရား-ဟုလေးခုသော အသံ၌ ၁၁-ဝိထိ။ ။ညီတော် အာနန္ဒာ-ဟုငါးခုသောအသံ၌ ၁၃-ဝိထိ။ ။ဤကားအကျဉ်းတည်း။

## ဝဒန္တအကျယ် ၇-ဝိထိ

ဝဒန္တအား အကျယ်အားဖြင့် ၇-ဝိထိကျမှ အသံဖြစ်သည်။ တဇ္ဇာပညတ်ကိုသိသောဝိထိ၊ ဥပါဒါပညတ်ကို သိသောဝိထိ၊ သမူဟပညတ်ကိုသိသောဝိထိ၊ သန္တတိပညတ်ကို သိသောဝိထိ၊ အတ္ထပညတ်ကိုသိသောဝိထိ၊ သင်္ကေတပညတ်ကို သိသောဝိထိ၊ သဒ္ဒပညတ်ကို သိသောဝိထိ-ဤသို့အစဉ်အတိုင်း ၇-ဝိထိကျမှ အသံဖြစ်သည်။

ထိုတွင် ရုပ်နာမ်တို့၏ ရုပ္ပနလက္ခဏာ၊ နမနလက္ခဏာသည် တဇ္ဇာပညတ်မည်၏။ ထိုလက္ခဏာကိုစွဲ၍ ရူပ၊ နာမ-ဟုသမုတ်ခြင်းသည် ဥပါဒါပညတ်မည်၏။ ထိုရုပ်နာမ် ခန္ဓာတို့၏ အပေါင်းသည် သမူဟပညတ်မည်၏။ ထိုရုပ်နာမ်ခန္ဓာတို့၏ အစဉ်သည် သန္တတိပညတ်မည်၏။ ထိုသန္တတိပညတ်သည်သာလျှင် အနက်ဖြစ်သောကြောင့် အတ္ထပညတ်မည်၏၊ ထိုအတ္ထပညတ်ကို မှတ်သားကြောင်း လောကသမ္မုတိသည် သင်္ကေတပညတ်မည်၏။ ထိုသင်္ကေတပညတ်ကိုပြသော အက္ခရာစဉ်သည် သဒ္ဒပညတ်မည်၏။

ဤပညတ်ခုနစ်ပါးကို အစဉ်အတိုင်း အာရုံပြု၍ မနောဒွါရဝိထိစိဖြစ်၏။ ထိုနောင်အသံဖြစ်လာ၏။

ဤ၌ဝဒန္တ၏ သဒ္ဒပညတ်သည် မိမိသိပြီးသော အတ္ထပညတ်ကို ဟောခြင်းငှါ ဖြစ်ပေါ်လာ၏၊ ညွှတ်လာ၏၊ အနက်သို့ညွှတ်တတ်သော နာမပညတ်ဖြစ်၏။ ထိုကြောင့် အတ္ထေ နမတီတိနာမံ- ကတ္တုသာဓ်ဆိုအပ်၏။

## သုတန္တအကျယ် ၇-ဝိထိ

သုတန္တအားလည်း အကျယ်အားဖြင့် ၇-ဝိထိကျမှ နားလည်သည်၊ ဝဒန္တ၏ ပဋိလောမအားဖြင့် သဒ္ဒပညတ်ကို သိသောဝိထိ၊ သင်္ကေတပညတ်ကို သိသောဝိထိ၊ အတ္ထပညတ်ကို သိသောဝိထိ၊

သဏ္ဌာန်တိ ပညာပ်ကိုသိသော ဝိထိ၊ သမူဟပညတ်ကို သိသောဝိထိ၊ ဥပါဒါပညတ်ကိုသိသောဝိထိ။ တစ္ဆာပညတ်ကို သိသောဝိထိ-ဤသို့ အစဉ်အတိုင်း ၇-ဝိထိကျမှနားလည်သည်။

ဤ၌သုဏာန္တ၏ သဒ္ဒပညတ်သည် မိမိသဘောတဖြင့် မှတ်သားဘူးသော အတ္ထပညတ်ကို သိစေ၏။ မိမိသို့ညွတ်စေ၏။ မိမိထံအနက်တို့ကို ညွတ်လာစေသော နာမပညတ်ဖြစ်၏။ ထို့ကြောင့် အတ္တနိ အတ္ထေ နာမေတီတိ နာမံ-ဟု ဟောတုကတ္တုသာဓ်ဆိုအပ်၏။

## ပညတ်ပျက်-မပျက်

ဤနာမပညတ်သည် လူတို့အသုံးပြုသော အခါဖြစ်လာ၏။ အသုံးမပြုသောအခါ ကွယ်ပျောက်၏။ အခြင်းအရာ အထူးထူးပြုပြင်ခြင်းကိုစွဲ၍ဖြစ်သော အတ္ထပညတ်သို့ လိုက်၍လည်း အမည်တမျိုးစီဖြင့်ပြောင်းလဲပေါက်ပြန်၏။ ထို့ကြောင့် လောကသင်္ကေတ နိမ္မိတာ-ဟုဆိုအပ်၏။ စင်စစ်အားဖြင့်ကား ဥပါဒ်၊ ဌီ၊ ဘင်စွမ်းဖြင့် ဘယ်အခါမှ မပျက်။ အတ္တဒိဋ္ဌိဖြင့် စွဲလမ်းသော ငါ-ဟူသော ပညတ်သည် တသက်လုံး ဘယ်အခါ ပျက်ဘူးလေ သနည်း။ တသံသရာလုံးပင် ငါ-မပျက်။

အတ္ထပညတ်ကား ခန္ဓာငါးပါး ပရမတ္ထတရားဖြစ်၍ ဥပါဒ်၊ ဌီ၊ ဘင်စွမ်းဖြင့် တပျက်တည်းပျက်၏။ အတ္တဒိဋ္ဌိဖြင့် ငါဟုစွဲရာ အတ္တဘောသည် မပျက်သောအခါရှိသေးသလော၊ နှစ်တိုင်း၊ လတိုင်း၊ ရက်တိုင်း၊ နံနက် မွန်းတည့်စသော အချိန်တိုင်း၊ တပျက်တည်းပျက်၏။ ခြေတလှမ်းတလှမ်း၌ ကြွ၊ ဆောင်၊ လွှဲ၊ ချ၊ ထား၊ နှိပ်-အခိုက်အတန့်တိုင်းပင် တပျက်တည်း ပျက်၏။ ဤသို့တပျက်တည်း ပျက်သော ခန္ဓာငါးပါးကို ဘယ်အခါမှ မပျက်သော 'ငါ'ဟူသော အမည်တပ်၍ သတ္တဝါတို့ မျက်စိလည်ကြရလေသည်။

ဂေါ-နွား ဤသို့ဆိုရာ၌ ဂေါသဒ္ဒါသည်၎င်း၊ ဝေါဟာရတ္ထနွားသဒ္ဒါသည်၎င်း နာမပညတ်ချည်းသာဖြစ်၏။ လှည်းမရှိန်း၊ မြက်စား၊ ဘယ်အခါမှမသေ။ ။ဘာဝတ္ထနွားကား ခန္ဓာငါးပါးအတ္ထ

ပညာပ်ဖြစ်၏။ လှည်းရုန်းသည်၊ မြက်စားသည်၊ သေနိုင်သည်။ ထိုကြောင့် နာမဂေါတ္တံ နဇ္ဇိရတိ–ဟုဟောသည်။ နာမဂေါတ္တံ၊အမည်အနွယ် ပညာပ်သည်၊ နဇ္ဇိရတိ၊မပျက်။

---

## ပဋ္ဌာနသမုပ္ပါဒ် နည်းမှတ်ဖွယ်

အကြောင်း သာမညကို ငဲ့၍ခေါ်ဝေါ် အပ်သော အပေါင်းပစ္စည်းသည် ပဋိစ္စသမုပ္ပါဒ်နည်းမည်၏၊ ကျဉ်း၏၊ပေါင်း၏။ အကြောင်းဝိသေသကိုငဲ့၍ ခေါ်ဝေါ်အပ်သော အစိတ်အစိတ်ပစ္စည်းသည် ပဋ္ဌာန်းနည်းမည်၏။ ကျယ်၏၊ စိတ်၏၊ ဤသို့ကျဉ်းကျယ် ပေါင်းစိတ်ဖြစ်၍တနည်း၌ တနည်းဝင်သည်။ ထိုကြောင့်ရောနှော၍ ချဲ့ဖွင့်ကုန်၏။

[ပဋိစ္စ-စွဲ၍၊ ဝါ- ယှဉ်ကြည်အပ်သည်၊ သံ+ တပေါင်းတည်း၊ ဝါ၊မပေါက်မပြန် ဥပ္ပါဒ+ ဖြစ်သောအကျိုး။]

အကြောင်းတို့၏ ညီညွတ်ခြင်းကိုစွဲ၍+တပေါင်းတည်း+ဖြစ်သော အကျိုးသည် ပဋိစ္စသမုပ္ပါဒ်မည်၏။ ဝါ-အကြောင်းတို့၏ ညီညွတ်ခြင်းကိုစွဲ၍+ အကြောင်းအားလျော်ကန် မပေါက်မပြန်+ ဖြစ်သော အကျိုးသည် ပဋိစ္စသမုပ္ပါဒ်မည်၏၊ ဝါ–ယှဉ်ကြည်အပ်သော+တပေါင်းတည်း+ဖြစ်သော အကျိုးသည် ပဋိစ္စသမုပ္ပါဒ်မည်၏။ဝါ- ယှဉ်ကြည်အပ်သော+ အကြောင်း အားလျော် ကန် မပေါက်မပြန်+ ဖြစ်သောအကျိုးသည် ပဋိစ္စသမုပ္ပါဒ်မည်၏။ လေးနည်း။

အကြောင်းဟူသမျှသည်လည်း အကြောင်းကြောင့် ဖြစ်သော အကျိုးသာဖြစ်၍ အင်္ဂါ ၁၂-ပါးလုံးသည် ပဋိစ္စသမုပ္ပါဒ်မည်၏။ နိဗ္ဗာန်သာလျှင် အကျိုးမဟုတ်သောကြောင့် လွတ်၏။ အကြောင်းကင်း၏။

**ခေါင်းဆောင်။** ။အဘယ်ကြောင့် အဝိဇ္ဇာကိုစ၍ ဟောသနည်း၊အကြောင်းကင်းသလော၊အစဘုရားလော?။ ။အစတရားမဟုတ်၊ အကြောင်းမကင်း၊ အာသဝကြောင့် အဝိဇ္ဇာဖြစ်သည်။

ဝဋ္ဋကထာပေါ်ရာ၌ ပဓာနခေါင်းဆောင် ဖြစ်သောကြောင့်စ၍ ပေါ်သည်။ အဝိဇ္ဇာသည် ဒုဂ္ဂတိသို့ရောက်ကြောင်း ကံ၏ခေါင်း ဆောင်…။ တဏှာသည် သုဂတိသို့ ရောက်ကြောင်း ကံ၏ခေါင်း ဆောင်…။ ထိုနှစ်ပါးတို့တွင်လည်း အဝိဇ္ဇာသည် တဏှာ၏ အ ကြောင်းဖြစ်သေး၏။ ထို့ကြောင့် ပဓာနခေါင်းဆောင်ဟု ဆိုအပ်၏။

**ပြန်ဆက်ပုံ။** ။အဝိဇ္ဇာရှိသူအား ဇရာမရဏဖြစ်သောအခါ သောကစသည်တို့ဖြစ်ကုန်၏။ နှပ်ချုလိုခြင်း၊ အသက်ရှည်လိုခြင်းဖြင့် အာသဝတို့လည်း ဖြစ်ကုန်၏။ အာသဝနှင့် သှဉ်တွဲလျက် အဝိဇ္ဇာ လည်းဖြစ်ပြန်၏။ ထိုအာသဝကြောင့် အဝိဇ္ဇာဖြစ်သည်။ ထိုဇရာ မရဏကြောင့် အဝိဇ္ဇာဖြစ်သည်၊ အဝိဇ္ဇာလုမရိုက်–သောက အပူ ဆိုက်လျှင် အာသဝ-အရက်သောက်၍ တဖန်အဝိဇ္ဇာ လုမရိုက်ဖြစ် ပြန်၏။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပြန်၏။ ဤနည်းဖြင့် ဘဝစက် ပြန်၍ဆက်လေ၏။

**အင်္ဂါမရေတွက်ခြင်း။** ။သောက စသော ငါးပါးသည် ဇာတိ၏ မှချအကျိုးရင်းမဟုတ်။ ဇာတိကြောင့်လည်း ဖြစ်သည်၊ ဇရာမရဏကြောင့်လည်း ဖြစ်သည်၊ တပါးသော ဒုက္ခကြောင့် လည်းဖြစ်သည်။ ရူပ စသည်တို့၌ကား လုံးလုံးမဖြစ်။ ထိုသို့ အကျိုးများမှုဖြစ်သောကြောင့် အင်္ဂါသီးခြားမရေတွက်ရ။

## အဝိဇ္ဇာပစ္စယာသင်္ခါရမှတ်ဘွယ်

**အရကောက်။** ။သစ္စာလေးပါး၊ ပုဗ္ဗန္တ၊ အပရန္တ၊ ပုဗ္ဗန္တာ ပရန္တ၊ ပဋိစ္စသမုပ္ပါဒ်-ဤရှစ်ဌာန၌ သဘောမှန်မသိသော မောဟ သည် အဝိဇ္ဇာမည်၏။ (အာရုံမပြုနိုင်၊ အိပ်ပျော်နိုင် မသိခြင်းမျိုး ကိုမယူအပ်။ အတိတ် ခန္ဓာ၊ အာယတန၊ ဓာတ်တို့သည် ပုဗ္ဗန္တ မည်၏။ ရှေ့အစွန်း–ရှေ့ဘဝမည်၏–ဤသို့စသည်ဖြင့် နည်းယူ၍ အကြောင်းကိုသိအပ်၏။)

လောကီကုသိုလ်၊ အကုသိုလ်-စေတနာ ၂၉-ခုသည်သင်္ခါရ မည်၏။ ထိုတွင်ပုညာဘိသင်္ခါရ ၁၃။ အပုညာဘိသင်္ခါရ ၁၂။

အာနေဉ္စာဘိသင်္ခါရ ၄။ ။တနည်း-ကာယသင်္ခါရ ၂၀။ ဝစီသင်္ခါရ ၂၀။ စိတ္တသင်္ခါရ ၂၉။-ခွဲနိုင်ရမည်။

**တပါးသောသင်္ခါရများ။** ။အနိစ္စာ ဝတ သင်္ခါရာ ပုသော''နိဗ္ဗာန်မှကြွင်းသော''သင်္ခါရသည် သင်္ခတသင်္ခါရမည်၏။ ကံကြောင့်ဖြစ်သော ဝိပါက်၊ကမ္မဇရုပ်သည် အဘိသင်္ခတသင်္ခါရမည်၏။ ကိုယ်စိတ်၌ဖြစ်သော ဝီရိယသည် ပယောဂါဘိသင်္ခါရမည်၏။ ထွက်သက် ဝင်သက်လေသည် ကာယသင်္ခါရမည်၏။ ဝိတက်၊ဝိစာရသည် ဝစီသင်္ခါရမည်၏။ ကြွင်းသောစေတသိက် ၅၀ သည် စိတ္တသင်္ခါရမည်၏။ ။ဤသင်္ခါရတို့ကို အဝိဇ္ဇာပစ္စယာ သင်္ခါရာ၌ မယူအပ်ကုန်။

**အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်ပုံ။** ။ဒုက္ခသစ္စာ၌ရင်း၊ ပုဗ္ဗန္တစသောလေးဌာန၌ရင်း ဒုက္ခအရဟု မသိသူသည် ဤငါးဌာန ဒုက္ခကိုသုခဟုထင်၏။ ထိုသုခကိုရလိုသောကြောင့် မေးမြန်း၍ရင်း၊ကြံစည်၍ရင်း ပုညာဘိသင်္ခါရကို အချို့ပြု၏။ အပုညာဘိသင်္ခါရကို အချို့ပြု၏။ အာနေဉ္စာဘိသင်္ခါရကိုအချို့ပြု၏။ ထိုအခါငါးဌာန တွေဝေသောအဝိဇ္ဇာကြောင့်သင်္ခါရတို့ဖြစ်ကုန်၏။ ။ထိုသင်္ခါရသုံးပါးလုံးသည်ထိုထိုဘုံ၌ဇာတိ၊ဇရာ၊မရဏစသောဒုက္ခကိုသာဖြစ်စေ၏။

သမုဒယသစ္စာ၌ ဒုက္ခဖြစ်ကြောင်းဟု မသိသူသည် သုခဖြစ်ကြောင်းဟုထင်၏။ တဏှာပြုပြင်၍ တန်းဆာဆင်ထားသောသင်္ခါရတို့ကို သုခဟုထင်ခြင်းကြောင့် ထိုတဏှာကိုလည်း သုခဖြစ်ကြောင်းဟုထင်သည်၊ ထိုတဏှာ ပြုပြင်ပေးသောသုခကို ရလိုသောကြောင့် ဖျေးအတူကုသိုလ်၊ အကုသိုလ်တို့ကိုပြု၏။ ထိုအခါ သမုဒယ၌ တွေဝေသော အဝိဇ္ဇာကြောင့် သင်္ခါရတို့ဖြစ်ကုန်၏။ ။ထိုသင်္ခါရသုံးပါးလုံးသည် တဏှာပူသော သမုဒယမြဲလျက် တဏှာစသော ကျက်ကွင်း၌သာ ဖြစ်၏။

နိရောဓဟုဆိုအပ်သော [illegible] စသော ဘုံတခုခုကို နိရောဓ-နိဗ္ဗာန်ဟုမှတ်ယူသူသည်ရင်း၊ မ[illegible]ရှိ၊

မှ တပါးသောတရားကို နိရောဓမဂ္ဂဟု မှတ်ထင်သူသည်၎င်း-ထို နိရောဓကို ရလိုသောကြောင့် ထိုမဂ္ဂကို အားထုတ် လိုသောကြောင့် ကုသိုလ်အကုသိုလ်တို့ကို ပြု၏။ အချို့သတ်၍ ယဇ်ပူဇော်၏။ "ဤသို့သောနတ်ပြဟ္မာဖြစ်လျှင် မသေသောနိဗ္ဗာန်ကိုရ၏" ဟု အချို့ခြိုးခြံစွာကျင့်၏။ သေလုနီးပါးကျင့်ခြင်းစသည်ကို ပြု၏။ ထိုအခါနိရောဓ၌၎င်း၊ မဂ္ဂ၌၎င်း တွေဝေသော အဝိဇ္ဇာကြောင့် သင်္ခါရတို့ဖြစ်ကုန်၏။ ။ထိုသင်္ခါရ သုံးပါးလုံးသည် နိရောဓနှင့် မစပ်၊ မဂ္ဂနှင့်မစပ်၊ ဒုက္ခနှင့်သာစပ်၏။

**ကုသိုလ်ဆင်ကောင်ပုပ်။** ။ဒုက္ခနှင့် သမုဒယ မသိသူ၏ ကုသိုလ်၊ အကုသိုလ်သည် မိမိဒုက္ခဖြစ်ကြောင်းသာတည်း။ နိရောဓနှင့် မဂ္ဂမသိသူ၏ ကုသိုလ်အကုသိုလ်သည် မိမိသူတပါး ဒုက္ခဖြစ်ကြောင်းသာတည်း။ သစ္စာလေးပါးမသိသူပြုသမျှကုသိုလ်၊ အကုသိုလ်သည်သံသရာဒုက္ခဖြစ်ကြောင်းသာတည်း။

သစ္စာလေးပါးသိသူ၏ ဝိဝဋ္ဋ နိဿိတ ကုသိုလ်ကား လောကုတ္တရာမဂ်စိတ်ဖြစ်အောင် ပကတူပ သတ္တိဖြင့်၎င်း, အနန္တရူပ သတ္တိဖြင့်၎င်း အာသေဝနသတ္တိဖြင့်၎င်း ကျေးဇူးပြု၏ဟု ပဋ္ဌာန်းပါဠိတော်၌ဟောသည်။ထိုဝိဝဋ္ဋနိဿိတ ကုသိုလ်သော်လည်း မဂ်စိတ်မဖြစ်မီ သံသရာဒုက္ခမှမလွတ်သေး။ မြစ်သမုဒ္ဒရာအတွင်းဆင်ကောင်ပုပ်နှင့်တူ၏။ မှီတွယ်၍ ကူးရသော်လည်း ကမ်းသို့မရောက်မချင်း ပုပ်နံ့လှိုင်၏။ ဤသည့်ပင် ငါတို့အားကိုးရာတည်း။

**ဥပမာဖြင့်ပြခြင်း။** ။တနည်းကား၊ဖြစ်လတ္တံ့ဒုက္ခနီးကပ်သည်ကိုမသိသော အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရကိုပြုသည်။ နဟ်သုံးရလိမ့်မည်ဆင်၍ ချောက်သို့ချန်ဆင်းသူနှင့်တူ၏။ ဝါ၊မီးပုံတွင်းချန်ဆင်းသော ပိုဖလံနှင့်တူ၏။ ဝါ-ပျားရည် လိမ်းသော သင်မုန်ကို လျှာ လျက်သူနှင့်တူ၏။ အနည်းငယ်ချို၍ လျှာပြတ်တတ်သည်၊ ဒုက္ခနီးကပ်၏။

ဖြစ်ဆဲလက်ရှိဒုက္ခကို မသိသောအဝိဇ္ဇာကြောင့် အပုညာဘိ ပြုသည်။ မစင်ကို ကိုင်ဆော့ကစားသော သူငယ်နှင့်တူ၏။ ဝါ- စိတ်ညစ်၍ အဆိပ်မျိုသည်နှင့်တူ၏။ ချက်ခြင်းဒုက္ခတွေ့၏။

ဖေါက်ပြန်လတ္တံ့သော ဝိပရိဏာမဒုက္ခကို မသိသောအဝိဇ္ဇာ ကြောင့် အာနေဥ္ဇာဘိပြုသည်၊ နတ်ပြည်အသွင် ခေတ္တပျော်မြူး ရန်ဖန်ဆင်းထားသော ဘီလူးမြို့၊ ကျတ်မြို့ အတွင်းသို့ မျက်စိ လယ် လမ်းမှားဝင်သွားသည်နှင့်တူ၏။ ဖန်ဆင်းခြင်း ရုပ်သိမ်း လျှင် ချုံထဲရောက်၏။

**ကျေးဇူးပြုပုံ။** ။အဝိဇ္ဇာသည် ပုညာဘိအား နှစ်ပစ္စည်းဖြင့် ကျေးဇူးပြု၏။ အပုညာဘိအား ၁၅-ပစ္စည်းဖြင့် ကျေးဇူးပြု၏၊ အာနေဥ္ဇာဘိအား တပစ္စည်းဖြင့်ကျေးဇူးပြု၏။

(နှစ်ပစ္စည်းကား-အာရမ္မဏ၊ပကတူပနိဿယ၊ ။၁၅-ပစ္စည်း ကား-ဟေတု၊ အာရမ္မဏ၊ အဓိပတိ၊ အနန္တရ၊ သမနန္တရ (၅)၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဥပနိဿယ၊ အာသေဝန (၅)၊ သမ္ပယုတ္တ၊ အတ္ထိ၊ နတ္ထိ၊ ဝိဂတ၊ အဝိဂတ (၅)။ ။တပစ္စည်းကား ပကတူပ။)

**ပုညာဘိအား ၂-ပစ္စည်း။** ။အဝိဇ္ဇာကို အနိစ္စ, ဒုက္ခ, အ နတ္တဟုဝိပဿနာ ရှုသောအခါ ကာမကုသိုလ် ပုညာဘိအား ကျေး ဇူးပြု၏။ အဘိညာဝင်စား၍ သိသောအခါ ရူပကုသိုလ် ပုညာဘိ အား ကျေးဇူးပြု၏။ အဝိဇ္ဇာသည် အာရမ္မဏ ပစ္စည်းအဖြစ်ဖြင့် ကျေးဇူးပြု၏။

အဝိဇ္ဇာမှလွတ်လို၍ ဒါနစသည်ကိုပင် ရူပဈာန်ကိုပင် ဖြစ်စေ သောအခါ ပုညာဘိအား ကျေးဇူးပြု၏။ တွေဝေ၍ ကာမဘုံ ရူပ ဘုံ၌ဖြစ်ဖို့ ကာမကုသိုလ်၊ ရူပကုသိုလ်ကို ဖြစ်စေသောအခါ ပုညာဘိအား ကျေးဇူးပြု၏ ပကတူပ နိဿယအဖြစ်ဖြင့် ကျေး ဇူးပြု၏။

**အာနေဉ္စာဘိအားတပစ္စည်း။** ။အဝိဇ္ဇာမှလွတ်လို၍ အရူပကုသိုလ်ကို ဖြစ်စေသောအခါ အာနေဉ္စာဘိအား ကျေးဇူးပြု၏။ တွေဝေ၍ အရူပဘုံ၌ဖြစ်အောင် အရူပကုသိုလ်ကို ဖြစ်စေသော အခါအာနေဉ္စာဘိအား ပကတူပနိဿယအဖြစ်ဖြင့် ကျေးဇူးပြု၏။

**အပုညာဘိအား ၁၅။** ။အဝိဇ္ဇာကို အာရုံပြု၍ လောဘ ဒေါသစသည်ဖြစ်သောအခါ အပုညာဘိအား အာရမ္မဏ သတ္တိ စသည်ဖြင့် ကျေးဇူးပြု၏။

အလေးပြု၍ သာယာသောအခါ လောဘမူ အပုညာဘိအား အာရမ္မဏာ ဓိပတိ သတ္တိစသည်ဖြင့် ကျေးဇူးပြု၏။

တွေဝေ၍ ပါဏာတိပါတစသည်ကို ပြုသောအခါ အပုညာ ဘိအား အကြောင်းရင်းခံ အဝိဇ္ဇာသည် ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။ ဟာဇူဖြစ်သော အဝိဇ္ဇာသည်ဟေတု၊ သဟဇာတ၊ သမ္ပယုတ္တစသည်ဖြင့် ကျေးဇူးပြု၏။ နောက်နောက်အဝိဇ္ဇာ ဇော အား ရှေးရှေးအဝိဇ္ဇာဇောသည် အနန္တရ၊ အာသေဝနစသည်ဖြင့် ကျေးဇူးပြု၏။

**ထင်ရှားသောအဝိဇ္ဇာ။** ။အဘယ်ကြောင့် အဝိဇ္ဇာ ပစ္စယာသင်္ခါရဟုဟောသနည်း။ သင်္ခါရ၏အကြောင်းသည် အဝိဇ္ဇာ တခုတည်းသာလော။ ကခုတည်းမဟုတ်။ တဏှာ၊ ဥပါဒါန်စ သည်ဖြင့် အများအပြားရှိ၏။ အဝိဇ္ဇာကား ထိုတို့၏ အကြောင်း လည်းဖြစ်၍ ပြဋ္ဌာန်းသော ပဓာနအကြောင်းရင်းပင်မဖြစ်၊သလိပ် နှာ၌ ပေါ်သော ယင်ရှားသကဲ့သို့ ထင်ရှားသော ပါကဋအ ကြောင်း ဖြစ်၏။အဝိဇ္ဇာကင်းသော ရဟန္တာတို့နှင့် မဆက်ဆံသော အသာဓာရဏ အကြောင်းဖြစ်၏။ထိုသို့ပြဋ္ဌာန်းခြင်း, ထင်ရှားခြင်း, မဆက်ဆံခြင်း ကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါရဟု ဟောသည်။

**ကြောင်းကျိုးတူမတူ။** ။အနိဋ္ဌကျိုး ပေးသော အဝိဇ္ဇာ ကြောင့် အနိဋ္ဌကျိုးပေးသော အပုညာဘိသာဖြစ်တန်စေ။ ပုညာ ဘိစသည်တို့ဖြစ်ခြင်းသည် သင့်နိုင်အံ့လော?။

လောက၌ ဆန့်ကျင်သော အကြောင်း မတူသော အကြောင်းသည် များစွာရှိ၏။ အကျိုးဟူသမျှလည်း ဒိပါက်အကျိုးရင် ချည်းသာမဟုတ်။ ထိုကြောင့်သင့်နိုင်၏။

ရှေးစိတ်သည် နောက်စိတ်အား၊ ရှေ့ အတတ်သည် နောက်အတတ်အား-နေရာဌာန ဆန့်ကျင်သော အကြောင်းဖြစ်၏။ ကံသည် ရုပ်အား၊ နို့ရည်သည် နို့ခဲအား—သဘာဝ ဆန့်ကျင်သော အကြောင်းဖြစ်၏။ အလင်းရောင်သည် စက္ခုဝိညာဏ်အား၊ တင်လဲခဲသည်အရက်အား ကိစ္စဆန့်ကျင်သော အကြောင်းဖြစ်၏၊

စက္ခုပသာဒ၊ ရူပါရုံတို့သည် စက္ခုဝိညာဏ်အား ဌာနမဆန့်ကျင်သော အကြောင်းဖြစ်၏။ ရှေ့ဇောသည် နောက်ဇောအား သဘာဝမဆန့်ကျင်သော အကြောင်းဖြစ်၏။

ဥတု၊ အာဟာရသည် ရုပ်အား၊ သလေးစေ့သည် သလေးသီးအား သဒိသအကြောင်းဖြစ်၏။ရုပ်သည်နာမ်အား၊နာမ်သည်ရုပ်အား၊ နွားမွေး, ဆိတ်မွေးသည် နေဇာမြက်အား၊ သားချိုသည် အသံအား၊ နို့ခဲ နှမ်းညှက် တင်လဲတို့သည် မြက်နံ့သာအား၊ မှော်သည် ဟင်းဆန်ခွဲပင်အား၊ မြည်းမသည် အဿတိုရ်မြင်းအား အသဒိသအကြောင်းဖြစ်၏။

ဤသို့ဆန့်ကျင် မဆန့်ကျင်သော အကြောင်း၊ တူမတူသော အကြောင်း-များစွာထင်ရှားသောကြောင့်"အဝိဇ္ဇာကြောင့် ပုညာဘိစသည်တို့ ဖြစ်ခြင်းသည်"သင့်လျော်၏။

**ငါးဌာနအဝိဇ္ဇာ။** ။တနည်း၊ စုတိ၊ ပဋိသန္ဓေ၊ သံသရာ၊ သင်္ခတလက္ခဏာ၊ ပဋိစ္စသမုပ္ပါဒ်—ဤငါးဌာန၌ တွေဝေသူသည် သင်္ခါရ သုံးပါးကိုပြု၏။ ထိုကြောင့်လည်း အဝိဇ္ဇာကြောင့် ပုညာဘိစသည်တို့ ဖြစ်ခြင်းသည် သင့်လျော်၏။

စုတိ၌ တွေဝေသူသည် "ရုပ်နာမ်ခန္ဓာတို့၏ ပျက်ခြင်းသည် မရဏမည်၏"ဟု(ယူရမည်ကို)မယူဘဲ"သတ္တဝါသေ၏၊ သားငါ့သို့သေ၏၊ ဘဝတပါးသို့ပြောင်းသွား၏။"စသည်ဖြင့်ကြံ၏။

ပဋိသန္ဓေ၌တွေဝေသူသည်"ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ခြင်းသည် ဇာတိမည်၏"ဟု-မယူဘဲ "သတ္တဝါဖြစ်၏။ ငါ့မှာသားသ္မီးဖြစ်၏။ ကိုယ်အသစ်ဖြစ်၏။" စသည်ဖြင့်ကြံဆ၏။

သံသရာ၌ တွေဝေသူသည် "ခန္ဓာ အာယတန ဓာတ်တို့၏ အစဉ်မပြတ် ဖြစ်ခြင်းသည် သံသရာမည်၏"ဟု မယူဘဲ"ဤသူသည်ဤဘဝမှ ထိုဘဝသို့၊ ထိုဘဝမှဤဘဝသို့–သွား၏၊ လာ၏၊ ပြောင်းရွှေ့၏။"စသည်ဖြင့် ကြံဆ၏။

သင်္ခတလက္ခဏာ၌ တွေဝေသူသည်"စိတ် စေတသိက် ရုပ်သည် သိခြင်း၊ ထိခြင်း၊ ကြမ်းတမ်းခြင်းလက္ခဏာရှိ၏။ ဝါ-အနိစ္စ, ဒုက္ခ,အနတ္တ လက္ခဏာရှိ၏"ဟု သဘာဝလက္ခဏာကို၊ ဝါ-သာမညလက္ခဏာကို မယူဘဲ"ငါ့ကိုယ်၊ငါ့ဟာ၊ငါ-မြဲ၏၊ တင့်တယ်၏၊ချမ်းသာ၏"ဟုကြံဆ၏။

ပဋိစ္စသမုပ္ပါဒ်၌ တွေဝေသူသည် "အဝိဇ္ဇာ စသည်ကြောင့် သင်္ခါရစသည်တို့ဖြစ်ကုန်၏"ဟု မယူဘဲ"အတ္တသည် ကိုယ်တိုင်သိ၏။ တနည်း-အတ္တသည် ဗုဒ္ဓိဂုဏ်နှင့် တွဲလျှင်သိ၏။–မတွဲလျှင် မသိ။ အတ္တသည်ပြု၏၊ပြုစေ၏။ သန္ဓေအခါဖြစ်၏။ အဏု-သိမ်မွေ့သောအကြောင်း၊ ဣဿရာဒိ-နတ်ပြဟ္မာစသော အကြောင်းတို့သည် ကာလလရေကြည် စသောအဖြစ်ဖြင့် ခန္ဓာအိမ်ကိုပြုပြင်၏။ မျက်စိစသော ဣန္ဒြေတို့ကို ပြည့်စေကုန်၏။ မျက်စိစသည်ပြည့်သောအခါ သိ၏။ ခံစား၏၊ စုံမက်၏။ စွဲလမ်း၏၊ အားထုတ်၏၊ တဖန်ဘဝသစ်၌ ဖြစ်၏ဟူ၍ရင်း။ သတ္တဝါအားလုံးသည် နိယတိ+သင်္ဂတိ၊ ဘဝ+ပရိဏာတာ–သဘာဝ နိယမအတိုင်း+ပေါင်းဆုံ၍+ဘဝတို့၌+ဖြစ်ကုန်၏ဟူ၍ရင်း" ကြံဆ၏။

ဤသို့ငါ့မှာန အဝိဇ္ဇာကြောင့် ကန်းသော အန္ဓပုထုဇဉ် ဗာလသည်ကြိမ်ဖုံအနည်းနည်းဖြင့် ခရီးညွှန်ကင်း အလင်းမရ ဒုက္ခိတမျို လမ်းကောင်းလမ်းဆိုး အရမ်းတိုး သကဲ့သို့ ကုသိုလ် အကုသိုလ်အရမ်းတိုးလျက် သင်္ခါရသုံးပါးကို ပြု၏။ ။သစ္စာလေးပါး သိသောအခါမှ အဝိဇ္ဇာအမြစ်ပုပ်ဆွေး၍ဝဋ်ဒုက္ခငြိမ်းလေသည်။

## သနိ္ဒါရုပစ္စယဝိညာဏ်မှတ်ဘွယ်

**အရကောက်။** ။ယခင်ပုညာဘိစသော သနိ္ဒါရသုံးပါး သည် သနိ္ဒါရမည်၏။ (ဉာဏ်ဒွိအဘိညာကုသိုလ်စေတနာ၊ မဂ်ပယ် သောအကုသိုလ်စေတနာ၊ အပဟာသိကံစေတနာတို့ မပါကုန်၊ အဝိဇ္ဇာကြောင့်ဖြစ်သော သနိ္ဒါရကား ဟုတ်၏။ ဝိညာဏ်ကို ဖြစ်စေနိုင်သည်မဟုတ်။ဥဒ္ဓစ္စစေတနာလည်း ပဋိသန္ဓေအခါမပါ၊ ပဝတ္တိအခါ ပါသည်။)

ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ် ၁၉-ခု၊ ပဝတ္တိအခါ လောကီ ဝိပါက် ၃၂-ခုသည် ဝိညာဏ်မည်၏။ (လောကုတ္တရာတို့ကို ဝဋ္ဋ ကထာ၌မယူ။ အဘိဓမ္မာဘာဇနီယနည်းဖြင့်ကား စိတ် ၈၉-ခုလုံး ဝိညာဏ်မည်၏။ ကြိယာစိတ်၊ လောကုတ္တရာစိတ်တို့ကိုလည်း ပဋိစ္စသမုပ္ပန္နသာဖြစ်၍ သွင်း ဟောသည်။)

**ကျေးဇူးပြုပုံ။** ။သနိ္ဒါရ ၂၉-ပါးသည် ပဋိသန္ဓေအခါ ဝိပါက်ဝိညာဏ် ၁၉-ခုအား ပဝတ္တိအခါ ၃၂-ခုအား နာနာက္ခ ဏိက ကမ္မ၊ ပကတူပနိဿယပစ္စည်းနှစ်ပါးဖြင့်သာ ကျေးဇူးပြု၏။

ချဲဦးအံ့၊ ကာမကုသိုလ် ပုညာဘိရှစ်သည် ပဋိသန္ဓေဝိညာဏ် ၉-ခု၊ ပဝတ္တိဝိညာဏ် ၁၆-ခုကိုဖြစ်စေ၏။ ရူပကုသိုလ်ပုညာဘိ ငါးသည် ပဋိသန္ဓေ ၅-ခု၊ပဝတ္တိ ၅-ခုကို ဖြစ်စေ၏။ ။ပုညာ ဘိကြောင့် ဝိညာဏ် ၂၁-ဖြစ်သည်။

ဥဒ္ဓစ္စကြဉ်သော အပုညာဘိ ၁၁-သည် ပဋိသန္ဓေ တခုကို ဖြစ်စေ၏။ ဥဒ္ဓစ္စနှင့်တကွ ၁၂ သည် ပဝတ္တိဝိညာဏ် ၇-ခုကို ဖြစ်စေ၏။ ။အပုညာဘိကြောင့် ၇။

အာနေဉ္စာဘိ ၄-သည် ပဋိသန္ဓေ ၄၊ ပဝတ္တိ ၄-ကိုဖြစ်စေ ၏။ ။အာနေဉ္စာဘိကြောင့် ၄။

**ပဋိသန္ဓေအပြား။** ။ပဋိသန္ဓေဝိညာဏ်သည် ရူပမိဿ၊ အမိဿအားဖြင့် နှစ်ပါး။ ကာမ၊ ရူပ၊ အရူပအားဖြင့် သုံးပါး

ပြား၏။ အဏ္ဏဇ၊ ဇလာဗုဇ၊ သံသေဒဇ၊ ဩပပါတိက-ယောနိ အားဖြင့်လေးပါးပြား၏။ ဒေဝ၊ မနုဿ၊ နိရယ၊ ပေတ၊ တိရစ္ဆာန-ဂတိအားဖြင့်ငါးပါးပြား၏။ ဧကတ္တကာယ နာနာတ္တသညီ-စသော ဝိညာဏဋ္ဌိတိအားဖြင့် ခုနစ်ပါးပြား၏။ သတ္တာဝါသအားဖြင့် ကိုးပါး ပြား၏။

ရူပဓိဿသည်လည်း သ-ဘာဝက အဘာဝက-အားဖြင့် နှစ်ပါး ပြား၏။ သ-ဘာဝကလည်း ဣတ္ထိဘာဝ သဟိတ၊ ပုမ္ဘာဝသဟိတ အားဖြင့် နှစ်ပါးပြားပြန်၏။

**ပဋိသန္ဓေပုစ္ဆာ။** ။ပဋိသန္ဓေသည် အဘယ်သို့သောတရား နည်း။ ရှေးဘဝမှလာသလော?။ ။ပဋိသန္ဓေသည် အဝိဇ္ဇာနုသယ အကြောင်းရင်းခံ၍ တဏှာနုသယ ခြံရံ၍ ကံကြောင့်ဖြစ်ပေါ်လာ သော နာမ်ရုပ်တရားဖြစ်၏။ ရှေးဘဝမှလာသည်မဟုတ်။ ဉပါဒ်ဆဲ ခဏ၌သာ ဘဝသစ်သို့ရောက်လာသောအသွင်ဖြင့်ဖြစ်၏။

ရှေးဘဝမှမလာလျှင် ရှေးဘဝအကြောင်းကင်းသည် မဟုတ် လော?။ ။ကင်းသည်မဟုတ်၊ ရှေးဘဝမှ အဝိဇ္ဇာ၊ တဏှာ၊ သင်္ခါရဟူသော အကြောင်းသုံးပါးမကင်းမူ၍ ဖြစ်သည်။ ပဲ့တင် သံ၊ ဆီမီးလျှံ၊ မှန်ရိပ်၊ တံဆိပ်ရေးအတူ ရှုအပ်၏။ ။ပဲ့တင်သံ စသည့်ကိုဖြစ်သောအခါ မူလအသံရွေ့လာသည် မဟုတ်၊ မူလ မီးလျှံ၊မူလမျက်နှာ၊ မူလတံဆိပ်-ရွေ့လာသည်မဟုတ်။ မူလအသံ စသည်မှ အကြောင်း ကင်းသည်လည်း မဟုတ်။ ပဋိသန္ဓေဖြစ် သောအခါလည်း မူလရှေးဘဝမှ ရွေ့လာသည်မဟုတ်။ ရှေးဘဝ မှအကြောင်း ကင်းသည်လည်းမဟုတ်ဟု ရှုအပ်၏။

သင်္ခါရကြောင့် ဝိညာဏ်ဖြစ်လျှင် သင်္ခါရနှင့် ဝိညာဏ်သည် တခုတည်းလော၊ တခုစီလော?။ ။တခုတည်းလည်း မဟုတ်၊ တခုစီလည်းမဟုတ်။ တသန္တာန်တည်း ဆက်စပ်၍ဖြစ်သည်။ နို့မှ နို့ခမ်းဖြစ်သောအခါ နို့ခမ်းသည်နို့မဟုတ်၊ တခြားမှနို့ခမ်းလည်း မဟုတ်၊ တသန္တာန်တည်းဆက်စပ်၍ ဖြစ်သကဲ့သို့တည်း။

ဘဝဟောင်း၌မသာဘဲ အသစ်ဖြစ်လျှင် ကံပြုသူဘယောက်၊ အကျိုးခံစားသူ တယောက် မဖြစ်နိုင်ပြီလော?။ ။မဖြစ်နိုင်။ တသန္တာန်တည်း၌ရှိသော အကျိုးသည် သူတပါးနှင့်မဆိုင်၊ သူတပါး၏ ကံကြောင့်လည်းမဖြစ်။ ။သရက်စေ့ကို ပျားရည်လိမ်းစိုက်လျှင် ထိုအပင်၏ အသီးသာ မိုလွန်၍ချိုသည်။ ငယ်စဉ်က သင်သောပညာသည် ကြီးသောအခါ ထိုသူအားသာ အကျိုးရှိသည်။ ထိုအတူအတိတ်ကံသည် ထိုကံပြုသူအားသာ အကျိုးပေးသည်။ သူတပါးအား မပေး။

အကျိုးခံစားတတ်သူ၊ ပုဂ္ဂိုလ်သတ္တဝါ ရှိသလော။ ထိုအကျိုးသည်အဘယ်သူအား ဖြစ်မည်နည်း?။ ။ပရမတ်အားဖြင့် မရှိ၊ ပညတ်အားဖြင့်ရှိသည်။ သစ်ပင်၌အသီး ဖြစ်လာသောအခါ "ဤသစ်ပင်သည် သီးတတ် ပေသည်"ဟု ခေါ်ဝေါ်ကြ၏။ ကောင်းကျိုး၊မကောင်းကျိုး ဖြစ်လာသောအခါ "ဤသူသည် အကျိုးကိုခံစားတတ်သည်"ဟု ခေါ်ဝေါ်ကြ၏။ ထိုခေါ်ဝေါ်ခြင်း ပညတ်ဖြင့် အကျိုးခံစားသူပုဂ္ဂိုလ်သတ္တဝါရှိသည်။ ထိုအကျိုးသည်လည်း ထိုသူအားသာ ဖြစ်သည်တည်း။

ပြုအပ်သောကံရှိခိုက် အကျိုးပေးသလော။ မရှိခိုက်အကျိုးပေးသလော?။ ။ရှိခိုက်ပေးလျှင် ကံနှင့်အကျိုးပြိုင်တူဖြစ်ရာ၏။ မရှိခိုက်ပေးလျှင် ရှေးနောက် အခါမရွေး အမြဲအကျိုးပေးရာ၏။ ထိုကြောင့် ဤသို့မှတ်အပ်။ သင်္ခါရကို ပြုခဲ့သော ကြောင့်သာ ဝိညာဏ်ဖြစ်သည်ဟုမှတ်အပ်၏။ ။ဘဏ္ဍာဝယ်ယူခဲ့သောကြောင့်သာ အဘိုးငွေ ပေးရသည်။ ချေးငှါးခဲ့သောကြောင့်သာ အစားပြန်ပေးရသည်--ဟုအတူရှုအပ်၏။

## ဝိညာဏပစ္စယာနာမရူပံ မှတ်ဘွယ်

**အရကောက်**။ ။ယခင်ပဋိသန္ဓေ ဝိညာဏ် ၁၉-၊ ပဝတ္တိ ဝိညာဏ် ၃၂-သည် ဝိညာဏ်မည်၏။ ဤကား သဟဇာတ ဝိညာဏ်တည်း။ လောကီကုသိုလ်၊ အကုသိုလ်စိတ် ၂၉-သည်

လည်း ဝိညာဏ်မည်၏။ ဤကားအဘိသင်္ခါရ ဝိညာဏ်တည်း။ ဝါ-ကံဝိညာဏ်တည်း။ ။ဝိပါက်ဝိညာဏ်၊ ကံဝိညာဏ် နှစ်ပါး ဟူသိအပ်၏။

စေတသိက်သည် နာမ်မည်၏။ ရုပ်သည် ရုပ်မည်၏။ ။ တနည်း၊အရူပဘုံ၌ ဝိပါက်နှင့်ယှဉ်သော စေတသိက်သည် နာမ်မည်၏။ အသညသတ်ဘုံ၌ ကမ္မဇရုပ်သည်ရုပ်မည်၏။ ပဉ္စဝေါကာရဘုံ၌ ဝိပါက်နှင့်ယှဉ်သော စေတသိက်နှင့် ကမ္မဇရုပ်သည် နာမ်ရုပ်မည်၏။ ။နာမ်+ရုပ်+နာမ်ရုပ်- သုံးမျိုးကို ပေါင်း၍ နာမ်ရုပ်ဟု ခေါ်သည်။

(ဤ၌စိတ်နာမ်သည် အကြောင်းဝိညာဏ်ဖြစ်၍ အကျိုးနာမ်၌ မယူ။နိဗ္ဗာန်နာမ်လည်း အကြောင်း ကင်းသောကြောင့်မယူ။ ။ အဘိဓမ္မ ဘာဇနီယ နည်း၌ကား စိတ်တခု ယုတ် ကိုးဆယ်သည် ဝိညာဏ်မည်၏။ စေတသိက် ဒွေပညာသသည် နာမ်မည်၏။ စတုဇရုပ်အားလုံးသည် ရုပ်မည်၏ ဟုဟောသည်။)

ကျေးဇူးပြုပုံ။ ။ဝိပါက် ဝိညာဏ်သည် နာမ်အား ကိုးပစ္စည်းဖြင့် ကျေးဇူးပြု၏။ ဟဒယဝတ္ထု၊ ရုပ်အား ကိုးပစ္စည်းဖြင့် ကျေးဇူးပြု၏။ကြွင်းကမ္မဇရုပ်အား ရှစ်ပစ္စည်းဖြင့်ကျေးဇူးပြု၏။

ကံဝိညာဏ်သည် ကမ္မဇရုပ်အားတပစ္စည်းဖြင့် ကျေးဇူးပြု၏။

ကြွင်းဝိညာဏ်သည် ထိုထိုနာမ်ရုပ်အား သဟဇာတစသည် ဖြင့်ထိုက်သလို ကျေးဇူးပြု၏။

ချဲ့ဦးအံ့။အရူပဝိပါက်လေးခုသည် သဟဇာတ စေတသိက်အား သဟဇာတ၊အညမည၊နိဿယ(၃) ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ (၃)သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ(၃)-ဤကိုးပစ္စည်းဖြင့် ကျေးဇူးပြု၏။ ပဉ္စဝေါကာရဝိပါက် ၂၀-သည် သဟဇာတ စေတသိက်အား ထိုကိုးပစ္စည်းဖြင့် ကျေးဇူးပြု၏။ ပဉ္စဝေါကာရ ပဋိသန္ဓေဝိပါက် ၁၅-သည် သဟဇာတ ပဋိသန္ဓေစေတသိက်အား ထိုကိုးပစ္စည်းဖြင့် ကျေးဇူးပြု၏။ ။ထိုပဉ္စဝေါကာရ ပဋိသန္ဓေဝိပါက်

၁၅-သည် ဟဒယဝတ္ထုအား သမ္ပယုတ္တနှုတ်၍ ဝိပ္ပယုတ္တနှင့်ကိုး ပစ္စည်း။ ပဉ္စဝေါကာရဝိပါက် ၂၀-ခုသည် ကြွင်းသဟဇာတ ကမ္မဇရုပ်အား အညမညကြဉ်၍ ၇စ်ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ကံဝိညာဏ်ကား သဟဇာတ မဟုတ်သော ရုပ်ကို ဖြစ်စေ သောကြောင့် အတိတ်ရုပ ပဉ္စမဈာန် ကုသိုလ်ကံ ဝိညာဏ်သည် အသညသတ်ဘုံ၌ ကမ္မဇရုပ်အား သုတ္တန်ပကတူပ နိဿယဖြင့် ကျေးဇူးပြု၏၊ အတိတ်ကာမကုသိုလ်၊ အကုသိုလ်၊ ရူပကုသိုလ်ကံ ဝိညာဏ် ၂၅-သည်ကာမဘုံ၊ ရူပဘုံ၌ ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်အား သုတ္တန်ပကတူဖြင့် ကျေးဇူးပြု၏၊ (အဘိဓမ္မာ ပကတူသည် ရုပ်အား ကျေးဇူးမပြု။)

ပဋိသန္ဓေနောင် ပဌမဘဝင်စသော ကြွင်းဝိပါက် ဝိညာဏ် သည် ထိုထိုဘုံ၌ ထိုထိုသဟဇာတ နာမ်ရုပ်အား သဟဇာတ စသည်ဖြင့် ထိုက်သလို ကျေးဇူးပြု၏။

**အနုမာနနာမ်ရုပ်။** ။ဝိညာဏ်ကြောင့်ပဋိသန္ဓေနာမ်ရုပ် ဖြစ်ခြင်းကို အဘယ်သို့ သိအပ်သနည်း။ ။စိတ္တာနုပရိဝတ္တိနော ဓမ္မာ-စသည်ဖြင့် စိတ်နောက်သို့ လိုက်၍ဖြစ်သော တရားတို့ကို ဟောသောကြောင့် နာမ်စေတသိက် ဖြစ်ခြင်းကိုသိအပ်၏။ မြင် ရသောစိတ္တဇရုပ်ဖြင့်,မမြင်ရသောကမ္မဇရုပ်ကို ထောက်ဆ၍ရုပ် ဖြစ်ခြင်းကိုသိအပ်၏။ ။စိတ်ကြည်လျှင် ရုပ်ကြည်သည်၊ စိတ်မ ကြည်လျှင်ရုပ်မကြည်။ ဤသို့စိတ္တဇရုပ်ကို မြင်ရခြင်းဖြင့် မမြင်ရ သောကမ္မဇရုပ်ကိုလည်း ဝိညာဏ်ကြောင့်ဖြစ်သည်ဟုသိအပ်၏။

ဤသို့ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည်ဟု ဟောခြင်းကို ပညာရှိတို့ ဆင်ခြင်သောအခါ ပရမတ်နာမ်ရုပ်သာ ဖြစ်သည်ဟု ထင်ရှား၏။ သတ္တဝါ၊ လူ၊ နတ်ဖြစ်သည်ဟု မထင်ရှား။

## နာမရူပပစ္စယာ သဠာယတနံ မှတ်ဘွယ်

**အရကောက်။** ။စေတသိက်ခန္ဓာသုံးပါး၊မဟာဘုတ်လေး ပါး၊ ဝတ္ထုရုပ် ခြောက်ပါး၊ ဇီဝိတရုပ်၊ အာဟာရရုပ်သည် အ

ကြောင်း နာမ်ရုပ်မည်၏။ (နာမ်+ရုပ်+နာမ် ရုပ်ကို နာမ်ရုပ်ဟု ပေါင်းသည်။)

အဇ္ဈတ္တိကာယတန ခြောက်ပါး၊ ဆဠာယတန တပါးသည် သဠာယတနမည်၏။ (အရူပဘုံ၌ မနာယတနဟူသော ဆဠာယတနသာဖြစ်သည်။)

ရူပါရုံစသော ဗာဟိရာယတနတို့ကား တပြိုင်နက်လည်းမရ၊ သကာသန္တတိ ပရိယာပန္နချည်းလည်း မဟုတ်သောကြောင့် ရုပ်ဟူရာ၌မကောက်။ သကာသန္တတိပရိယာပန္နရုပ်ကိုသာကောက်သည်။

**နာမ်ကျေးဇူးပြုပုံ။** ။စေတသိက် ခန္ဓာသုံးပါး၊ နာမ်တို့တွင် (၁) အရူပဘုံ၌ပဋိသန္ဓေ အခါနာမ်သည် ဆဠာယတနအား သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ ဝိပါက၊အတ္ထိ၊အဝိဂတ-ဟုအယုတ်ဆုံး ခုနစ်ပစ္စည်းဖြင့် ကျေးဇူးပြု၏။ရံခါဟေတုနှင့်၎င်း၊ ရံခါ အာဟာရနှင့်၎င်း အလွန်ဆုံးအားဖြင့် ကျေးဇူးပြု၏။

ပဝတ္တိအခါ ဝိပါကနာမ်သည် ဝိပါက ဆဠာယတနအား-ထိုအတူ ကျေးဇူးပြု၏။

အဝိပါကနာမ်သည် အဝိပါကဆဠာယတနအား "ဝိပါကကြဉ်၍" ထိုအတူ ကျေးဇူးပြု၏။

(၂) ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေအခါ ဟဒယအဘော်ရှိသော ဝိပါကနာမ်သည် ဆဠာယတနအား ခုနစ်ပစ္စည်းဖြင့် ကျေးဇူးပြု၏။ ရံခါဟေတုနှင့်၎င်း ရံခါအာဟာရနှင့်၎င်း အလွန်ဆုံးအားဖြင့် ကျေးဇူး ပြု၏၊

မဟာဘူတ်အဘော်ရှိသော ဝိပါကနာမ်သည် ပဉ္စာယတနအား "အညမည၊ သမ္ပယုတ္တနုတ်၍" ဝိပ္ပယုတ္တဟု ခြောက်ပစ္စည်းဖြင့် ကျေးဇူးပြု၏၊ရံခါဟေတုနှင့်၎င်း,ရံခါအာဟာရနှင့်၎င်း,အလွန်ဆုံး အားဖြင့် ကျေးဇူးပြု၏။

(၃) ပဉ္စဝေါကာရ၌ ပဝတ္တိဝိပါကနာမ်သည် ဝိပါကဆဠာယတနအားအယုတ်ဆုံး၇-ပစ္စည်းဖြင့် ကျေးဇူးပြု၏။ အဝိပါကနာမ်

သည် အဝိပါကဆဋ္ဌာယတနအား အယုတ်ဆုံး ၆-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

(၄) ပဉ္စဝေါကာရ၌ ပဝတ္တိ ပဉ္စပသာဒရှိသော ပဉ္စဝိညာဏ် နာမ်သည်ရင်း၊ ဟဒယရှိသော ဝိပါကနာမ်သည်ရင်း၊ ကုသိုလ်စသော အဝိပါကနာမ်သည်ရင်း ပဉ္စာယတနအား-- ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-လေးပစ္စည်းဖြင့် ကျေးဇူးပြု၏။

**ရုပ်ကျေးဇူးပြုပုံ။** ။(၁) ဟဒယ ဝတ္ထုရုပ်သည် ပဉ္စဝေါကာရ ပဋိသန္ဓေအခါ မနာယတနအား "သမ္ပယုတ္တ၊ ဝိပါကနှုတ်၍" ဝိပ္ပယုတ္တဟု ၆-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

(၂) မဟာဘုတ်လေးပါးရုပ်သည် သန္ဓေပဝတ္တိ ထိုထိုပဉ္စာယတနအား သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ-လေးပစ္စည်းဖြင့် ကျေးဇူးပြု၏။

(၃) ရုပ်ဇီဝိတသည် သန္ဓေပဝတ္တိ ပဉ္စာယတနအား အတ္ထိ၊ အဝိဂတ၊ ဣန္ဒြိယ-သုံးပစ္စည်းဖြင့် ကျေးဇူးပြု၏။

(၄) ရုပ်အာဟာရသည် ကာမဘုံ၌ ပဝတ္တိပဉ္စာ ယတနအား-အတ္ထိ၊ အဝိဂတ၊ အာဟာရ-သုံးပစ္စည်းဖြင့် ကျေးဇူးပြု၏။

(၅) ပဉ္စပသာဒရုပ်သည် ပဝတ္တိအခါ ပဉ္စဝိညာဏ်တည်းဟူသော မနာယတနအား-နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ခြောက်ပစ္စည်းဖြင့် ကျေးဇူးပြု၏။

(၆) ဟဒယဝတ္ထုရုပ်သည် ပဝတ္တိအခါ ကြွင်းမနာယတနအား "ဣန္ဒြိယကြဉ်၍" ငါးပစ္စည်းဖြင့် ကျေးဇူးပြု၏။

**နာမ်ရုပ်ကျေးဇူးပြုပုံ။** ။ပဉ္စဝေါကာရ ပဋိသန္ဓေအခါ နာမ်ခန္ဓာသုံးပါး၊ ဟဒယဝတ္ထုဟူသော နာမ်ရုပ်သည် မနာယတနအား သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ-စသည်ဖြင့် ကျေးဇူးပြု၏။ ။ဤအဖြက်ဖြင့် ချဲ့နိုင်လောက်ပြီ။

**မှတ်ချက်။** ။ရူပအရ၌ ဗာဟိရာယတနကိုယူ၍လည်း အလုံးစုံသောနာမ်ရုပ်သည် မနာယတနအား အာရမ္မဏစသည်ဖြင့် ကျေးဇူးပြု၏-ဟု ကြံဘွယ်ရှိသမျှ ကြံရာ၏၊

## သဠာယတနပစ္စယာဖဿောမှတ်ဘွယ်

**အရံကောက်။** ။ဆဠာယတန၊ အဇ္ဈတ္တိကာယတန၊ ဗာဟိရာယတန-၍အလုံးစုံသည်ပေါင်း၍ အကြောင်းသဠာ ယတနမည်၏။

လောကီဝိပါက် ဗာတ္တိံသဥ္စရှိသော ဖဿ ၃၂-ခုသည် ဖဿမည်၏။ ဒွါရစွမ်းဖြင့်စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ဇိဝှါသမ္ဖဿ၊ကာယသမ္ဖဿ၊မနောသမ္ဖဿ-ဟုခြောက်မျိုးပြား၏။ စက္ခုဝိညာဏ်ဒွေဖဿသည် စက္ခုသမ္ဖဿမည်၏၊ သောတဝိညာဏ်ဒွေဖဿသည် သောတသမ္ဖဿမည်၏။ ဃာနဝိညာဏ် ဒွေဖဿသည် ဃာနသမ္ဖဿမည်၏၊ ဇိဝှါဝိညာဏ်ဒွေဖဿသည်-ဇိဝှါသမ္ဖဿမည်၏၊ ကာယဝိညာဏ်ဒွေဖဿသည်-ကာယသမ္ဖဿမည်၏။ ဒွေပဉ္စဝိညာဏ်မှ ကြွင်းသော လောကီဝိပါက် ၂၂-ခုဖဿသည် မနောသမ္ဖဿမည်၏။

**ဝါဒကွဲ။** ။သက်ရှိ ဥပါဒိန္နက-ပဝတ္တိ- ကထာဖြစ်သောကြောင့် ဧကသန္တတိ ပရိယာယပန္နဖြစ်သောပစ္စည်း ပစ္စယုပ္ပန်ကိုပြသည်ဟု ယူသောဆရာတို့သည် အရူပ ဆဠာယတနနှင့် ပဉ္စဝေါကာရ အဇ္ဈတ္တိက သဠာယတနတို့ကို ပေါင်း၍ သဠာယတနဟု ယူကုန်၏။

ပစ္စယုပ္ပန်သာ ဧကသန္တတိ ပရိယာယပန္န။ ပစ္စည်းကားသက်မဲ့ဘိန္နသန္တာနကိုလည်း ပြသည်ဟုယူသော ဆရာတို့သည် ဗာဟိရာယတနကိုလည်း ဖဿဖြစ်ကြောင်းဟုယူ၍ ဆဠာယတန၊ အဇ္ဈတ္တိက သဠာ ယတန၊ ဗာဟိရ သဠာယတနတို့ကို ပေါင်း၍ သဠာယတနဟုယူကုန်၏။

**အများကြောင့်တခု။** ။အာယတနအားလုံးကြောင့် ဖဿ တခုမဖြစ်။ တခုကြောင့်အားလုံးမဖြစ်။ အများကြောင့်သာ တခုဖြစ်သည်။ ဖြစ်ပုံကား စက္ခုသမ္ဖဿ တခုသည် စက္ခာယတန၊

ရူပါယတန၊ စက္ခုဝိညာဏ် မနာယတန၊ သမ္ပယုတ် စေတသိက် ဓမ္မာယတန၊ ဤလေးပါးကြောင့်ဖြစ်သည်။

**ကျေးဇူးပြုပုံ။** ။ငါးသည်-ခြောက်ဖြင့်၊ တစ်သည်-ကိုးဖြင့်။ ဗာဟိရသည် လေးဖြင့်တည်း။ ။ငါးသည်ခြောက်ဖြင့်ကား စက္ခာယတနစသော ငါးပါးသည် စက္ခုသမ္ဖဿ စသောငါးပါး အား နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ခြောက်ပစ္စည်းဖြင့် ကျေးဇူးပြု၏။ ။တစ်သည် ကိုးဖြင့်ကား ဝိပါကမနာယတနတပါးသည် ဝိပါက် ၂၂-ဟူသော မနောသမ္ဖဿ အား သဟဇာတ၊ အညမည၊ နိဿယ(၃) ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ(၃)သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၃) ဤကိုးပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဗာဟိရသည် လေးဖြင့်ကား၊ ရူပါယတနစသော ငါးပါးသည် စက္ခုသမ္ဖဿ စသောငါးပါးအား အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ-လေးပစ္စည်းဖြင့် ကျေးဇူးပြု၏။ ဗာဟိရာယတန ခြောက်ပါးသည် မနောသမ္ဖဿအား အာရမ္မဏသတ္တိတခုချဖြင့် ကျေးဇူးပြု၏။

## ဖဿပစ္စယာဝေဒနာ မှတ်ဘွယ်

**အရကောက်။** ။ယခင်ဖဿ ၃၂-ခုသည် ဖဿမည်၏။

လောကီဝိပါက်ဝေဒနာ ၃၂-ခုသည် ဝေဒနာမည်၏။ စက္ခုသမ္ဖဿဇာဝေဒနာ စသည်ဖြင့် ခြောက်မျိုးပြား၏။ [ဤဝေဒနာသည် ဒွါရအားဖြင့် ခြောက်ပါးဖြစ်၏။ ပဘေဒအားဖြင့် ၈၉-ပါးဖြစ်သော်လည်း လောကီဝိပါက်ဝေဒနာကိုသာ ဤ၌ယူသည်။]

**ကျေးဇူးပြုပုံ။** ။သဟဇာတအား ရှစ်၊ ဝီထိ တူနောက် ဝေဒနာအားတစ်။ ။ပဉ္စဒွါရ၌ စက္ခုသမ္ဖဿစသော ဖဿငါးပါးသည် အတူဖြစ်သော စက္ခုသမ္ဖဿဇာဝေဒနာ-စသော ငါးပါး အား သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-ရှစ်ပစ္စည်းဖြင့် ကျေးဇူးပြု၏။ ဒွါရတူ

ဖြစ်သော သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊တဒါရုံ ဝေဒနာတို့အား အနန္တရူပကတူ-ဟူသော ဥပနိဿယဖြင့်ကျေးဇူးပြု၏။

မနောဒွါရ၌ တဒါရုံ မနော သမ္ဖဿသည် ထိုတဒါရုံ ဝေဒနာအား ၅စ်ဖြင့် ကျေးဇူးပြု၏။

ဒွါရဝိမုတ် (ပ၊ဘ၊စု)ဖဿ ၁၉-ခုသည် ထိုဝေဒနာ ၁၉-ခုအား ရှစ်ဖြင့် ကျေးဇူးပြု၏။

ဝါဒကဲ့။ ။အနုပါဒိန္နကလည်း ပစ္စည်းဖြစ်သင့်၏ဟု ယူသော ဆရာတို့အလိုအားဖြင့် မနောဒွါရ ဝဇ္ဇန်း ကြိယာ ဖဿသည် တဒါရုံဝိပါက် ဝေဒနာအား ပကတူပ နိဿယဖြင့် ကျေးဇူးပြု၏။ ။မူလဋီကာ၌ ဤနည်းဖြင့် ဖဿတခုယုတ် ကိုးဆယ်သည် အနန္တရဖြစ်သော မဖြစ်သော ထိုထိုဝိပါက် ဝေဒနာ ၃၆-အား ဥပနိဿယအဖြင်ဖြင့် သင့်အပ်၏ဟုဆိုအပ်၏။ (ဤဝိသောကိဝိပါက်၊ ကမ္မဇရုပ်မှ တပါးသည့် အနုပါဒိန္နမည်၏။)

## ဝေဒနာပစ္စယာ တဏှာမှတ်ဘွယ်

**အရကောက်။** ။ယခင်ဝေဒနာ ၃၂-ပါးသည် ဝေဒနာမည်၏။ ဝါ-လောကီဝေဒနာ ၈၁-ခုသည် အကြောင်းဝေဒနာမည်၏။

ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာဟူသော တဏှာ ၆-ပါးသည် တဏှာမည်၏။

**တဏှာ ၁၀၈။** ။ဤတဏှာသည် အာရုံအားဖြင့် ၆-ပါး။အာကာရပဝတ္တိအားဖြင့် ကာမ၊ ဘဝ၊ ဝိဘဝ-ဟုသုံးချစ်ပြား၍ ၁၈-ပါး။ သန္တာန်အားဖြင့် အဇ္ဈတ္တ၊ ဗဟိဒ္ဓဟုနှစ်ချစ်ပြား၍ ၃၆-ပါး၊ ကာလသုံးပါးဖြင့် သုံးချစ်ပြား၍ ၁၀၈—ပါးဖြစ်၏။

အာရုံခြောက်ပါးကို ကာမရာဂဖြင့် သာယာခြင်းသည် ကာမတဏှာ။ သဿတဒိဋ္ဌိနှင့် ယှဉ်၍ သာယာခြင်းသည် ဘဝတဏှာ။ (အာသဝ၌ ပြအပ်သော ဘဝါသဝ ဟူသမျှလည်း ဘဝ

တဏှာ။)ဥဒ္ဒေသဒီပနီနှင့် သုဒ္ဓိချုံသာသယာခြင်းသည် ...သာပဟာ။ ပြ
မည်၏။ နိဒ္ဒေသ တဏှာသည် မည်၏၊ နိဒ္ဒေနိဒ္ဒေ နိဒ္ဒေသနိ
ကိုကား တဏှာအာရုံမပြု၍၊ တဏှာအာရုံပြုရာ နိဒ္ဒေသကား
ဥဒ္ဒေသဒီပနီလက်တွင်း၌သာတည်း။

ကျေးဇူးပြုပုံ။ ။သက္ကတျာတမျိုးသာ။ ။လောကီဝိပါက်
သုခဝေဒနာတခုသည် တဏှာအား ကျေးဇူးပြု၏။ တနည်း၊
သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာ ၃၂ ပါးသည်၊ ဝိ-လောကီ
ဝေဒနာ ၈၁-ပါးသည် တဏှာအား ဥပနိဿယဖြင့်ကျေးဇူးပြု၏။

ဒုက္ခရလျှင် သုခကို တောင့်တသောကြောင့်၊ သုခရလျှင် မ
ရောင့်ရဲနိုင်သောကြောင့်၊ ဥပေက္ခာရလျှင် သုခအတူဖြစ်သက်
သည်ဟု စုံမက်နိုင်သောကြောင့် ဝေဒနာအားလုံးသည် တဏှာ
ကိုဖြစ်စေ၏။

ဝေဒနာကြောင့် သတ္တဝါအားလုံးအား တဏှာဖြစ်သလော။
အနုသယ မကင်းသူအားသာ တဏှာဖြစ်သည်။ အနုသယကင်း
သော ရဟန္တာအား တဏှာမဖြစ်။ အနုသယမကင်းသေးသည်
ယောနိသော မနသိကာရရှိသည် ရှိလျှင်တဏှာမဖြစ်။ ဤတဏှာ
မဖြစ်ခြင်းသည်သံသရာထွက်လမ်းဖြစ်၏။

## တဏှာပစ္စယာ ဥပါဒါန်မှတ်ဘွယ်

**အရကောက်။** ။ယခင်တဏှာသည် တဏှာမည်၏။

အားကြီးသော တဏှာဒိဋ္ဌိသည် ဥပါဒါန်မည်၏။ ။တဏှာ
၁၀၈-ပါး၏ ခိုင်မြဲခြင်းသည် ကာမုပါဒါန်မည်၏။ နိစ္စဒိ
ဋ္ဌိသော ဝဋ္ဋနုသာယပါ ရှိသော ဒိဋ္ဌိသည်ဒိဋ္ဌုပါဒါန်မည်၏။ နွားတို့
၏အလေ့အကျင့်ဖြင့် ဝဋ်မှစင်ကြယ်၏ဟု စွဲလမ်းခြင်းသည် သီ
လဗ္ဗတု ပါဒါန်မည်၏။ သက္ကာယဒိဋ္ဌိ ၂၀-သည် အတ္တဝါ
ပါဒါန်မည်၏။

တဏှာနှင့် ဥပါဒါန်အဟယ်သို့ ထူးသနည်း။ ။တဏှာသည်
မရသေးသော အာရုံကို တောင့်တ၏။ ခိုးဝင်ရာ၌ ပစ်းသော

၏။ ထိုအတူ ကာမုပါဒါန်ကြောင့် အတွင်းဝင်လေးချက်နှင့် တကွ ရူပဘဝနှစ်ခု၊ အတွင်းဝင် သုံးချက်နှင့်တကွ အရူပဘဝနှစ်ခု-ဟု ဘဝခြောက်ခုဖြစ်၏၊ ကြွင်းဥပါဒါန်တို့ ကြောင့်လည်း ထိုအတူ ဖြစ်၍ အတွင်းဝင်တို့နှင့် တကွ ဘဝ ၂၄-ခုဖြစ်၏။

တနည်း၊ ဘဝသည် အကျဉ်းဥပပတ္တိဘဝ ကိုးပါး ပြားသော ကြောင့် အကြောင်းကွဲသည့် ကိုးပါးပြား၍ ၁၈-ပါး။ ဥပါဒါန် လေးပါးကြောင့် ၁၈-ပါးစီဖြစ်၍ ၇၂-ပါးပြား၏။

**သင်္ဂဟအကျဉ်း။** ။ကမ္မနှင့် ဥပပတ္တိကို တပေါင်းတည်းပြု၍ ကာမုပါဒါန်ကြောင့် အတွင်းဝင်တို့နှင့်တကွ ကာမဘဝ တခု၊ ရူပဘဝတခု၊ အရူပဘဝတခုဟု ဘဝသုံးခုဖြစ်၏။ ကြွင်း ဥပါဒါန်တို့ကြောင့်လည်း သုံးခုစီဖြစ်၍ အတွင်းဝင်တို့နှင့် တကွ ဘဝ ၁၂ ခုဖြစ်၏။ တနည်း ဥပါဒါန်တို့ကိုသာ တပေါင်းတည်းပြု လျှင်ဥပါဒါန် ဟူသောအကြောင်းကြောင့် အတွင်းဝင်တို့နှင့် တကွ ကာမဘဝနှစ်ခု၊ ရူပ၊ အရူပ-နှစ်ခုစီဟု ဘဝခြောက်ခု ဖြစ်၏။ ထိုခြောက်ခုတွင် ကမ္မ၊ ဥပပတ္တိသို့ပေါင်းလျှင် အတွင်းဝင်တို့ နှင့်တကွ ကာမ၊ ရူပ၊ အရူပဟုဘဝသုံးခု၊ ထိုကာ မဘဝ စသည်တို့သို့ ပေါင်းလျှင်ကမ္မ၊ ဥပပတ္တိ-ဟုဘဝနှစ်ခု။ ထိုသို့ ပေါင်းလျှင် ဥပါဒါန်ကြောင့်ဟူသော ဘဝေါ၏အစွမ်းဖြင့် ဘဝ တခုသာဖြစ်၏။

**ဥပါဒါန်အားလုံးကြောင့် ဘဝအားလုံး။** ။ပုထုဇဉ် သည် ဥပါဒါန်လေးပါးနှင့် ပြည့်စုံ၏။ သင့်လျော်သလို ဖြစ်ပေတော်၏။ ဥပါဒါန်တခုခု ဖြင့် ထိုက်သောဘဝကိုတောင့်တ၍ ပြုလုပ်ရောက်တခုခုကို ပြုသည်သာ တည်း။ ထို့ကြောင့် “ဤဥပါဒါန်ဖြင့် ရူပ၊ အရူပဘဝမဖြစ်” ဟုဆိုသောဝါဒကို မယူအပ်။ ဥပါဒါန်အားလုံးဖြင့် ဘဝအားလုံး ဖြစ်သည်ဟုယူအပ်၏။

ဖြစ်ပုံကား အချို့သောသူသည် ကြားဖူးခြင်း၊ တွေးဆခြင်း ဖြင့် ရူပ၊ ပြည့်နှင့်ပြည့်၍ ကာမအာရုံ ပြည့်စုံ၏ဟုကြံ၍ ရခြင်းငှါ

မသူတော်ဘရား လှည့်စားအပ်သူဖြစ်မှု ကာမုပါဒါန် စွဲ၍ ဖြင့် အကုသိုလ်ကံကိုပြု၏။ တနည်း၊ ဖျက်ဆောက် ခံ၊ အင်္ဂါ မအာရုံကို တောင့်တချ်သော်ရင်။ ဖြစ်ကာမဆောင့်ဆောင် ချိ၍ သော် ရင်း၊ ကာမုပါဒါန်စွမ်းဖြင့် အကုသိုလ်ကံကိုပြု၏။ အကုသိုလ်ကံ ကြောင့်အပါယ်၌ဖြစ်၏၊ ထိုတွင်ကံသည်ကမ္မဘ၀။ ထိုကံကြောင့် ဖြစ်သော ခန္ဓာသည် ဥပပတ္တိဘ၀၊ ထိုနှစ်ပါးလုံးသည် ကာမဘ၀ သာမည်၏၊ ဤကာမဘ၀၌ သညာဘ၀၊ ပဉ္စဝေါကာရဘ၀တို့ သည် အတွင်းဝင်ကုန်၏။

အချို့ကား သူတော်ကောင်းတရားနာရ၍ ကာမုပါဒါန်စွမ်းဖြင့် ကာမကုသိုလ်ကံကိုပြု၏။ ကာမကုသိုလ်ကံကြောင့် လူ့ပြည်နတ် ပြည်၌ဖြစ်၏။ ထိုတွင် ကံသည် ကမ္မဘ၀။ အကြွင်းတည်း။

အချို့ကား ရူပ၊ အရူပဘုံ၌ ကာမအာရုံ လွန်စွာပြည့်စုံ၏ဟု ကြား၍ကြံ၍ ကာမုပါဒါန်စွမ်းဖြင့် ရူပဈာန်၊ အရူပဈာန်ကိုပြု၏။ ထိုကံကြောင့် ရူပ၊ အရူပ၌ဖြစ်၏။ ထိုတွင် ကံသည်ကမ္မဘ၀။ အကြွင်းတည်း။ (နှစ်ပါးလုံး ရူပဘ၀၊ အရူပဘ၀)၊ အတွင်းဝင် ဘ၀တို့သာထုံးကုန်၏။

**အချို့ကား**။ ။ဤအတ္တသည်ကာမ၊ ရူပ၊ အရူပ ဘုံဘုံရှိ သော ကောင်းစွာပြတ်သည်ဟု ဥစ္ဆေဒစွဲ၍ ဒိဋ္ဌုပါဒါန်စွမ်းဖြင့် ထိုထိုအကုသိုလ်၊ ကာမကုသိုလ်၊ ဈာန်ကုသိုလ်ကို ပြု၏။ ထိုတွင် ကံသည်တည်း။

**အချို့ကား**။ ။ဤအတ္တသည် ကာမ၊ ရူပ၊ အရူပဘုံတရုံ၌ သာ မပင်မနိုး ချမ်းသာ၏ဟု အတ္တဝါဒုပါဒါန်စွမ်းဖြင့် ထိုထို အကုသိုလ်စသည်ကိုပြု၏၊ ထိုတွင် ကံသည်တည်း။

**အချို့ကား**။ ။ဤသီလဗ္ဗတုပါဒါန် ဖြင့် အကျင့်သည် ကာမ၊ ရူပ၊ အရူပဘုံတရုံ၌ ပြည့်စုံချမ်းသာ၍ ပြည့်စုံသည် ဟု သီလဗ္ဗတုပါဒါန်စွမ်းဖြင့် ထိုထိုအကုသိုလ် စသည်ကို ပြု၏။

ထိုတွင်ကံသည် ကမ္မဘဝမည်၏။ ထိုကံကြောင့် ဖြစ်သောခန္ဓာသည် ဥပပတ္တိဘဝမည်၏။ ဤနှစ်ထိုထိုဥပပတ္တိဘဝတို့ အတွင်းဝင်ကုန်၏။

**ကျေးဇူးပြုပုံ။** ။ဥပါဒါန်လေးပါးသည် ရူပဘဝ၊ အရူပဘဝ၊ ကာမကုသိုလ်ဘဝတို့အား-ဝါ-သမ္ပယုတ်မဟုတ်သော ကမ္မဘဝအားလုံး၊ ဥပပတ္တိဘဝအားလုံးတို့အား ဥပနိဿယ-တပစ္စည်းဖြင့်ကျေးဇူးပြု၏။

မိမိနှင့်သမ္ပယုတ်ဖြစ်သော အကုသိုလ် ကမ္မဘဝတို့အား သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊အတ္ထိ၊ အဝိဂတ၊ ဟေတုစသော သဟဇာတ ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။ ။ဝိပ္ပယုတ်ဖြစ်သော ကမ္မဘဝတို့အား ဥပနိဿယတပစ္စည်းဖြင့်သာ ကျေးဇူးပြု၏။

တနည်း၊ကာမုပါဒါန်သည် သမ္ပယုတ် ကမ္မဘဝအား ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊အတ္ထိ၊အဝိဂတ ၇-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ကြွင်းဥပါဒါန် သုံးပါးသည် သမ္ပယုတ် ကမ္မဘဝအား ဟေတုနှုတ်၍မဂ္ဂထည့်၍ ၇-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဥပါဒါန်လေးပါးသည် သမ္ပယုတ် မဟုတ်သော ကမ္မဘဝ၊ ဥပပတ္တိဘဝတို့အား ဥပနိဿယ-တပစ္စည်းဖြင့် ကျေးဇူးပြု၏။

## ဘဝပစ္စယာဇာတိမှတ်ဘွယ်

**အရကောက်။** ။ကမ္မဘဝသည်သာလျှင် ဘဝမည်၏။ဥပပတ္တိဘဝကားဇာတိ၏အကြောင်းမဟုတ်သောကြောင့် ဤနှမယူ။

နိပ္ဖန္နရုပ်တို့၏ဖြစ်ခြင်း၊ နာမက္ခန္ဓာလေးပါးတို့၏ဖြစ်ခြင်းသည် ဇာတိမည်၏။

**ကျေးဇူးပြုပုံ။** ။ကမ္မဘဝသည် ဇာတိအား နာနာက္ခဏိကကမ္မ၊ဥပနိဿယ-နှစ်ပစ္စည်းဖြင့် ကျေးဇူးပြု၏။

ဘဝသည် ဇာတိ၏အကြောင်းဟု အဘယ်သို့ သိသနည်း။ ။ အမြွာမွေးသူတို့အား ပြင်ပအကြောင်းတူလျက် အယုတ်အမြတ် စသော အထူးထင်ရှားသောကြောင့်တည်း။ မိဘ၏ သွေးသား၊ အာဟာရစသော ဗာဟိရ အကြောင်းချင်းတူလျက် ယုတ်မြတ် မတူခြင်းသည် ကံမှတပါး အကြောင်းတပါးမရှိ။ ကမ္မဘဝကြောင့် ဖြစ်သော သတ္တဝါတို့အား အဇ္ဈတ္တသန္တာန်၌ ကမ္မဘဝသာအကြောင်းရှိ၏။ ကမ္မံသတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတတာယ-ဟု ဟောသည်။ ယဒိဒံ-ယာအယံဟီနပ္ပဏီတတာ၊ အကြင်အယုတ် အမြတ်၏ ဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တာယဟီနပ္ပဏီတတာယ၊ ထိုအယုတ်အမြတ်၏ ဖြစ်ခြင်းအကျိုးငှါ။ ကမ္မံ၊ ကုသိုလ် အကုသိုလ်ကံသည်။ သတ္တေ၊ သတ္တဝါတို့ကို။ ဝိဘဇတိ၊ ဝေဘန်၏။ ထိုကြောင့်ဘဝသည် ဇာတိ၏အကြောင်းဟု သိအပ်၏။

## ဇာတိပစ္စယာ ဇရာမရဏံမှတ်ဘွယ်

**အရကောက်။** ။ယခင်ရုပ်ဇာတိ၊ နာမ်ဇာတိသည် ဇာတိမည်၏။ ထိုနိပ္ဖန္နရုပ်နာမက္ခန္ဓာတို့၏ ရင့်ခြင်းပျက်ခြင်းသည် ဇရာမရဏမည်၏။

**ကျေးဇူးပြုပုံ။** ။ဇာတိသည် ဇရာမရဏအား သုတ္တန် ပကတူပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု၏။ ဇာတိရှိသူအားသာ ဇရာမရဏသည်ရင်း၊ သောကစသည်တို့သည်ရင်း ဖြစ်ကုန်၏။ ထိုကြောင့် ဇာတိကိုဇရာမရဏ၏ရင်း၊ သောကစသည်တို့၏ရင်း အကြောင်းဟု ဟောသည်။

## သောကစသည်မှတ်ဘွယ်

**အရကောက်။** ။စိုးရိမ်ပူဆွေးသော ဒေါသမူစိတ်၌ ရှိသော ဒေါမနဿဝေဒနာသည် သောကမည်၏။

H·224.42 [ပံ့သာဝတီမှ]

ဆွေမျိုးပျက်စီးခြင်း စသည်တို့ကြောင့် ငိုကြွေး မြည်တမ်းသော စိတ္တဇဝိပလ္လာသ သဒ္ဒရုပ်သည်၊ ဝါ-ငိုကြွေးသံသည် ပရိဒေဝမည်၏။

ကာယဝိညာဏ်၌ရှိသော ဒုက္ခဝေဒနာ ကိုယ်နာသည် ဒုက္ခမည်၏။

ဒေါသမူစိတ္တ၌ရှိသော ဒေါမနဿဝေဒနာစိတ်နာသည် ဒေါမနဿမည်၏။

ဆွေမျိုးပျက်စီးခြင်း စသည်တို့ကြောင့်ဖြစ်သော ပြင်းစွာပင်ပန်းသော ဒေါသသည် ဥပါယာသမည်၏။ ။(ဝေဒနာ ၃၊ ဒေါသ ၁၊ သဒ္ဒရုပ် ၁။)

**အာသဝကြောင့်ပြန်ဆက်ပုံ။** ။သောကစသည်ဖြစ်သောအခါ အဝိဇ္ဇာလည်းဖြစ်သည်။ ပရိဒေဝသဒ္ဒ၌ မောဟာအဝိဇ္ဇာမပါသော်လည်း တွေဝေသူတို့သာ ငိုကြွေးသောကြောင့် မောဟအဝိဇ္ဇာရှိပြီးပုံကိုသိသာ၏။

တနည်း၊ ကာမအာရုံ ပျက်သော ကာမာသဝရှိသူအား ကာမအာရုံပျက်စီးသောအခါ သောကစသည်ဖြစ်၏။ အသက်ရှည်၍ ဘဝါသဝရှိသော နတ်တို့အား အနိဋ္ဌ,ဒုက္ခ စသောတရားသံ ကြားသောအခါ ရုတ်နိမိတ်ထင်သကဲ့သို့ ထိတ်လန့်ခြင်းသည် ဖြစ်၏။ ရုပ်သည်ငါကိုယ်၊ ငါ့ဟာ၊ ငါဟုဒိဋ္ဌာသဝရှိသူတို့အား ရုပ်ဖေါက်ပြန်သောအခါ သောကစသည်ဖြစ်၏။ တွေဝေသော အဝိဇ္ဇာသဝရှိသူတို့အား ပျက်မှောက်၌ပင် သောကစသည် ဖြစ်လွယ်လှ၏။

ဤသို့အာသဝလေးပါးကြောင့် သောကစသော ငါးပါးဖြစ်၏၊ သောကစသည်ဖြစ်လျှင် အာသဝပါပြီးဖြစ်၏။ ထိုအာသဝကြောင့် အဝိဇ္ဇာဖြစ်၏။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏။ ဤသို့စသည်ဖြင့် ဘဝဆက်စပ်၍ မပြတ်ဖြစ်၏။ ဤသို့ဆက်စပ်၍ ဖြစ်ပုံကိုပြလို၍ သောကစသည်ကို အဆုံး၌ဟောသည်။

ဤဘဝစက်သည် အစမရှိ၊ ပြုပြင်ဖန်ဆင်းသူမရှိ။ ခံစားသူမရှိ။ နိစ္စ၊ သုခ၊ အတ္တ၊ သုဘ မှ ဆိတ်၏။

---

## ကျေးဇူးပြုပုံပစ္စည်းအမျိုးချုပ်

ပစ္စည်းအမျိုး နှစ်မျိုးတို့တွင် သဟဇာတမျိုးသည် နာမ်ရုပ်ပစ္စည်း+နာမ်ရုပ်ပစ္စယုပ္ပန်။ ။အာရုံမျိုး။ ပကတူမျိုးသည် ပညတ်၊ နာမ်၊ ရုပ်ပစ္စည်း+နာမ်ပစ္စယုပ္ပန်။ ။အနန္တရမျိုးသည် နာမ်ပစ္စည်း+နာမ်ပစ္စယုပ္ပန်။ ။နာနာက္ခဏိကမျိုးသည် စေတနာကံပစ္စည်း+နာမ်ရုပ်ပစ္စယုပ္ပန်။ ။ပစ္ဆာဇာတမျိုးသည် နာမ်ပစ္စည်း၊ ရုပ်ပစ္စယုပ္ပန်။ ။ဝတ္ထုမျိုးသည် ရုပ်ပစ္စည်း+နာမ်ပစ္စယုပ္ပန်။ ။အာဟာရမျိုး၊ ရူပဇီဝိတိန္ဒြိယမျိုးသည် ရုပ်ပစ္စည်း+ရုပ်ပစ္စယုပ္ပန်။ သုတ္တန်ပကတူပမျိုးသည် နာမ်ရုပ်ပစ္စည်း+ရုပ်ပစ္စယုပ္ပန်။ ။(အနန္တရမျိုး၊ ပကတူပမျိုးသည် ဥပနိဿယမျိုးပင်တည်း။)

အဝိဇ္ဇာပစ္စယာသင်္ခါရာ၌-အာရုံမျိုး၊ အနန္တရမျိုး၊ ပကတူမျိုး၊ သဟဇာတမျိုးအားဖြင့် လေးမျိုးကျေးဇူးပြုသည်။

သင်္ခါရပစ္စယာ ဝိညာဏံ၌-ပကတူ၊ နာနာက္ခဏိက-နှစ်မျိုး။

ဝိညာဏပစ္စယာနာမရူပံ၌-သဟဇာတ၊ သုတ္တန်ပကတူ-နှစ်မျိုး။

နာမရူပပစ္စယာ သဠာယတနံ၌-သဟဇာတ၊ ပစ္ဆာဇာတ၊ ဣန္ဒြိယ၊ အာဟာရ၊ ဝတ္ထု-ငါးမျိုး။

သဠာယတန ပစ္စယာဖဿော၌-သဟဇာတ၊ ဝတ္ထု၊ အာရုံ-သုံးမျိုး။

ဖဿပစ္စယာဝေဒနာ၌-သဟဇာတ၊ ပကတူ-နှစ်မျိုး။

ဝေဒနာ ပစ္စယာတဏှာ၌ ပကတူ-တမျိုး။

တဏှာပစ္စယာ ဥပါဒါနံ၌-ပကတူ၊ သဟဇာတ-နှစ်မျိုး။

ဥပါဒါနပစ္စယာ ဘဝေါ၌-သဟဇာတ၊ ပကတူ-နှစ်မျိုး။

ဘဝပစ္စယာ ဇာတိ၌-နာနာက္ခဏိက၊ ပကတူ-နှစ်မျိုး။

ဇာတိပစ္စယာ ဇရာမရဏံ၌-သုတ္တန်ပကတူ-တမျိုး။

ဤကားအဋ္ဌကထာမှီ၍ ပြခြင်းတည်း၊ ကြံဘွယ်ကား-သင်္ခါရ ပစ္စယာ ဝိညာဏံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိဝိညာဏ်သည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ကို အာရုံပြု၍ဖြစ်၏၊ ကံသည်သင်္ခါရဖြစ်၏။ ကံသင်္ခါရကိုအာရုံပြု၍ ဝိညာဏ်ဖြစ်သောကြောင့် အာရုံမျိုးဖြင့်လည်း ကျေးဇူးပြုသေး၏ ဟုကြံဘွယ်ရှိ၏၊ နောက်ပုဒ်တို့၌လည်း ကြံဘွယ်ရှိသမျှ ကြံအပ်သည် သာတည်း။

---

## ဝိနိစ္ဆယခြောက်ပါးမှတ်ဘွယ်

ဤပဋိစ္စသမုပ္ပါဒ်၌ သစ္စပဘာဝ-အကြောင်းသစ္စာရှိခြင်း။ ကိစ္စ-အလုပ်ကိစ္စ။ ဝါရဏ-တားခြင်း။ ဥပမာ-တူခြင်း။ ဂမ္ဘီရဘေဒ-နက်နဲခြင်းလေးပါး၊ နယဘေဒ- နည်းလေးပါး- ဤသို့ဝိနိစ္ဆယ ခြောက်ခုသိအပ်၏။

**သစ္စပဘာဝ။** ။သာမညအားဖြင့် လောကီကုသိုလ်၊ အကုသိုလ်သည် သမုဒယသစ္စာမည်၏။ ကြွင်းသောလောကီစိတ်၊ စေတသိက်၊ ရုပ်သည် ဒုက္ခသစ္စာမည်၏။ ထိုကြောင့်အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်-လေးခုသည် သမုဒယ သစ္စာမည်၏။ ဘဝသည် သစ္စာဒွယမည်၏။ ကမ္မဘဝကား သမုဒယ။ ဥပပတ္တိဘဝကား ဒုက္ခဖြစ်သောကြောင့်တည်း။ ဝိညာဏ်စသော ကြွင်းခုနစ်ခုသည် ဒုက္ခသစ္စာမည်၏။

အဝိဇ္ဇာပစ္စယာသင်္ခါရာသည် သမုဒယသစ္စာကြောင့် သမုဒယ သစ္စာဖြစ်သည်မည်၏။ သင်္ခါရပစ္စယာ ဝိညာဏံသည် သမုဒယ သစ္စာကြောင့် ဒုက္ခသစ္စာဖြစ်သည်မည်၏၊ (ဤနည်းဖြင့် အားလုံး ဖေါ်ဆိုနိုင်ရမည်။)ဥပါဒါနပစ္စယာဘဝေါသည် သမုဒယ သစ္စာကြောင့်သစ္စာဒွယဖြစ်သည်မည်၏။ ဘဝပစ္စယာ ဇာတိသည် သမုဒယကြောင့် ဒုက္ခသစ္စာဖြစ်သည်မည်၏။ ။ဤသို့ ဤဘဝစက်ကို ဖန်ဖန်ရှုအပ်၏။ (ကမ္မဘဝကြောင့်သာ ဇာတိဖြစ်သည်။ ဥပပတ္တိဘဝကား ဇာတိ၌ဝင်သည်-ဟုအထူးသိအပ်၏။)

ကိစ္စ။ ။အဝိဇ္ဇာသည်တွေဝေစေ၏။ သင်္ခါရ၏အကြောင်း လည်းဖြစ်၏၊ နှစ်ကိစ္စ။သင်္ခါရသည် သင်္ခတတရားကို ပြုပြင်၏။ ဝိညာဏ်၏အကြောင်း လည်းဖြစ်၏။နှစ်ကိစ္စ။ဝိညာဏ်သည် အာရုံကိုသိ၏၊နာမ်ရုပ်၏ အကြောင်းလည်း ဖြစ်၏။နှစ်ကိစ္စ။ နာမ်ရုပ်သည် အချင်းချင်းထောက်ပံ့၏၊ သဠာယတန၏အကြောင်းလည်း ဖြစ်၏။ နှစ်ကိစ္စ။ သဠာယတနသည် မိမိစားကျက် အာရုံခြောက်ပါး၌ဖြစ်၏။ ဖဿ၏အကြောင်းလည်းဖြစ်၏။နှစ်ကိစ္စ။ ဖဿသည် အာရုံကို တွေ့ထိ၏။ ဝေဒနာ၏ အကြောင်းလည်းဖြစ်၏။ နှစ်ကိစ္စ။ ဝေဒနာသည်ခံစား၏။ တဏှာ၏အကြောင်းလည်းဖြစ်၏။ နှစ်ကိစ္စ။ တဏှာသည်တပ်နှစ်သက်၏။ ဥပါဒါန်၏ အကြောင်းလည်း ဖြစ်၏။ နှစ်ကိစ္စ။ ဥပါဒါန်သည်စွဲလမ်း၏။ ဘဝ၏အကြောင်းလည်း ဖြစ်၏။ နှစ်ကိစ္စ။ ဘဝသည်ဂတိငါးပါး၌ပစ်ချ၏။ ဇာတိ၏အကြောင်းလည်း ဖြစ်၏။ နှစ်ကိစ္စ။ ဇာတိသည် ခန္ဓာတို့ကိုဖြစ်စေ၏။ ဇရာ၏ အကြောင်းလည်းဖြစ်၏။ နှစ်ကိစ္စ။ ဇရာမရဏသည် ခန္ဓာတို့၏ရင့်ခြင်းပျက်ခြင်းကို စွဲ၍တည်၏။ ဘဝသစ်၏ရင်း၊ သောကပရိဒေဝစသည်တို့၏ရင်း အကြောင်းလည်းဖြစ်၏။နှစ်ကိစ္စ။ ။ဤသို့လည်း ဤဘဝစက်ကို ဖန်ဖန်ရှုအပ်၏။

ဝါရဏ။ ။အဝိဇ္ဇာပစ္စယာ သင်္ခါရာဟု ဟောခြင်းသည် ပြုပြင်ဖန်ဆင်းသူရှိ၏ဟု ယူသော မိစ္ဆာ အယူကိုတား၏။ သင်္ခါရပစ္စယာ ဝိညာဏံဟုဟောခြင်းသည် အတ္တသည် ပြောင်းရွှေ့၏ဟုယူသော မိစ္ဆာအယူကို တား၏။ ဝိညာဏပစ္စယာ နာမရူပံသည် အတ္တသည်တလုံးတည်း တခဲနက်ဟုယူသော မိစ္ဆာအယူကိုတား၏။ (နာမ်တခြား၊ ရုပ်တခြားဟု အကွဲအစိတ်ကို ပြသောကြောင့်တည်း။)နာမရူပပစ္စယာသဠာယတနံသည်မြင်၊ကြား၊နမ်း၊စား၊ထိ၊သိသူအတ္တရှိ၏ဟု ယူသောမိစ္ဆာအယူကိုတား၏။ သဠာယတန ပစ္စယာ ဖဿောသည် တွေ့ထိတတ်သူ အတ္တရှိ၏ဟုယူသော မိစ္ဆာအယူကိုတား၏။ ဖဿပစ္စယာ ဝေဒနာသည် ခံစားတတ်သူ အတ္တရှိ၏ဟု ယူသော မိစ္ဆာအယူကိုတား၏။ ဝေဒနာ ပစ္စယာ

တဏှာသည် တပ်နှစ်သက်တတ်သူ အတ္တရှိ၏ဟု ယူသော မိစ္ဆာ အယူကိုတား၏၊ တဏှာပစ္စယာ ဥပါဒါန်သည် စွဲလမ်းတတ်သူ အတ္တရှိ၏ဟု ယူသော မိစ္ဆာအယူကိုတား၏။ ဥပါဒါနပစ္စယာ ဘဝေါသည်အသစ်ဖြစ်ပေါ်သူအတ္တရှိ၏ဟုယူသောမိစ္ဆာအယူကို တား၏။ ဘဝပစ္စယာဇာတိသည် ပဋိသန္ဓေနေတတ်သူ အတ္တရှိ၏ ဟု ယူသော မိစ္ဆာအယူကိုတား၏။ ဇာတိပစ္စယာ ဇရာ မရဏံ စသည်သည် အိုသူ၊ သေသူအတ္တရှိ၏။ စိုးရိမ်သူအတ္တ၊ ငိုသူအတ္တ၊ ကိုယ်ဆင်းရဲသူအတ္တ၊ စိတ်ဆင်းရဲသူအတ္တ၊ ပြင်းစွာပင်ပန်းသူ အတ္တ ရှိ၏ဟုယူသော မိစ္ဆာအယူကိုတား၏။ ။ဤသို့လည်း ဤဘဝ စက်ကိုဖန်ဖန်ရှုအပ်၏။

တနည်း။ မသိခြင်း အဝိဇ္ဇာသာရှိသည်။ မသိသူပုဂ္ဂိုလ်သတ္တဝါ မရှိ။ ပြုပြင်ခြင်းသင်္ခါရသာရှိသည်။ ပြုပြင်သူမရှိ။ ဝိညာဏ်ဖြစ်ခြင်း သာရှိသည်။ တဘဝမှ ပြောင်းရွှေ့လာသူမရှိ။ နာမ်နှင့်ရုပ်တွဲခြင်း သာရှိသည်။ တလုံးတည်း တခဲနက်မရှိ။ စက္ခုသောတစသော မြင်၊ ကြား၊ နမ်း၊ စား၊ ထိ၊ သိခြင်းသာရှိသည်။ မြင်သူ၊ ကြားသူ၊ နမ်းသူ၊ စားသူ၊ ထိသူ၊ သိသူမရှိ၊ တွေ့ထိခြင်း ဖဿသာရှိသည်။ တွေ့ထိ သူမရှိ၊ ခံစားခြင်း ဝေဒနာသာရှိသည်။ ခံစားသူမရှိ။ တပ်နှစ်သက်ခြင်း တဏှာသာရှိသည်၊ တပ်နှစ်သက်သူမရှိ။ စွဲလမ်းခြင်း ဥပါဒါန်သာရှိသည်။ စွဲလမ်းသူမရှိ၊ ဂတိငါးပါး၌ ပစ်ချခြင်း၊ ဖြစ်ခြင်း ဘဝသာရှိသည်၊ ပစ်ချသူ၊ ဖြစ်သူမရှိ။ ပဋိသန္ဓေဖြစ်ခြင်းသာရှိသည်။ ပဋိသန္ဓေနေသူမရှိ။ အိုခြင်းသေခြင်း သာရှိသည်။ အိုသူသေသူမရှိ။ စိုးရိမ်ခြင်း၊ ငိုကြွေးသံ၊ ကိုယ်နာခြင်း၊ စိတ်နာခြင်း၊ ပြင်းစွာပင်ပန်း ခြင်းသာရှိသည်။ စိုးရိမ်သူ၊ ငိုကြွေးသူ၊ ကိုယ်နာသူ၊ စိတ်နာသူ၊ ပြင်းစွာပင်ပန်းသူ မရှိဟု ဖန်ဖန်ရှုအပ်၏။

**ဥပမာ။** ။အဝိဇ္ဇာသည် သူကန်းနှင့်တူ၏။ (ထိုထိုမြွတ်ရှိကို ဆက်ဆန်သော လက္ခဏာ၊ မဆက်ဆန်သော လက္ခဏာတို့ဖြင့် မသိသောကြောင့်တည်း။)အဝိဇ္ဇာ ပစ္စယာ သင်္ခါရာသည် သူကန်း

ချွတ်ချော်သည်နှင့်တူ၏။ (ရဲခါကသိုလ်၊ ရဲခါဒ္ဒကျောက်ဖြင့် ချွတ်ချော်၏။) ဝိညာဏ်သည် ချွတ်ချော်၍ လဲကျသည်နှင့်တူ၏။ (ပဋိသန္ဓေထဲလိမ့်ကျ၏။) နာမ်ရုပ်သည် လဲကျ၍ဖူးရောင်သည်နှင့်တူ၏။ (နာမ်နှင့်ရုပ်ပွဖေါင်း၏။) သဠာယတနသည် ဖူးရောင်၍ အနာအဖု ပြည်ဥသည်နှင့်တူ၏။ (အနာ ၆-ခုဖြစ်၏။) ဖဿသည် အနာအဖု ပြည်ဥသည်ကို ထိခိုက်သည်နှင့်တူ၏။ ဝေဒနာသည် ထိခိုက်၍အနာနာသည်နှင့်တူ၏။ တဏှာသည်အနာနာ၍ ဆေးကုလိုသည်နှင့်တူ၏။ ဥပါဒါန်သည် ဆေးကုလို၍ မသင့်သော ဆေးအလွဲကိုယူသည်နှင့်တူ၏။ ဘဝသည်ဆေး အလွဲကိုယူ၍ လိမ်းသည်နှင့် တူ၏။ ဇာတိသည် ဆေးလိမ်းမှား၍ အနာတိုးသည်နှင့်တူ၏။ ဇရာမရဏသည် အနာတိုး၍ ပေါက်ကွဲသည်နှင့်တူ၏။ ။ဤသို့လည်း ဤဘဝစက်ကို ဟာသနှာခန်တည်း ဥပမာဖြင့် ဖန်ဖန်ရှုအပ်၏။

ကန်း၊ချော်၊ လဲကျ၊(၃) ဖူး၊ကြွ၊ပြည်၊ထိ(၃)၊နာ၏၊ကု၊
လွဲ၊(၃)လိမ်း၊ တိုး၊ ကွဲ (၃)-ဆက်တွဲပမာ–သူငါတူလှ၏။

တနည်း၊ အဝိဇ္ဇာသည် မျက်စိတိမ်လွှား သည်နှင့်တူ၏၊ သင်္ခါရသည် မိမိကိုယ်ကို အိမ်ဖွဲ့သော မိုးကောင်နှင့်တူ၏။ ဝိညာဏ်သည် အမတ်ကြီးတို့၏ ထိမ်းအုပ်ခြင်းခံ၍ မင်းစည်းစိမ် ရသော မင်းသားငယ်နှင့်တူ၏။ (သင်္ခါရ အမတ်ကြီး တို့ ပြုပြင်ပေးမှ ဂတိငါးပါး၌ တည်နိုင်သည်။) နာမ်ရုပ်သည် မျက် ယှည့်ရုပ် မျိုးစုံနှင့်တူ၏။ သဠာယတနသည် မြေကောင်းရာ၌ ပေါက်သော ချုံသစ်ပင်နှင့်တူ၏။ ဖဿသည် ပွတ်၍ရသော မီးနှင့်တူ၏။ (အာရုံနှင့် ပသာဒထိခိုက်မှ ဖဿဖြစ်သည်။) ဝေဒနာသည် ပွတ်၍ရသော မီးပူလောင်သည်နှင့်တူ၏။ တဏှာသည် ဆားငန်ရေသောက်၍ ရေငတ်သည်နှင့်တူ၏။ ဥပါဒါန်သည် ရေငတ်၍ ဖန်ဖန်ရေ တောင့်တသည်နှင့်တူ၏။ ဘဝသည်ငါးမျှားချိတ်ကောက်ကောက် မျိုသည်နှင့်တူ၏။ ကမ္ဘာဝက်ပြုမိ၍ ပဋိသန္ဓေဖြစ်ရသည်၊ ဇာတိသည် မျိုးစေ့အပင် ပေါက်သည်နှင့်တူ၏။ ဇရာမရဏသည်

ပေါက်သောသစ်ပင် ပြိုလဲသည်နှင့်တူ၏။ ။ဤသို့လည်း ဤဘဝ
စက်ကို သင်္ကန်သီးခြား ဥပမာဖြင့် ဖန်ဖန်ရှုအပ်၏။

တိမ်၊ မိုး၊ထိန်းအုပ် (၃)၊ မျက်လှည့်ရုပ်၊ချုံထူ (၂)၊မီး
ပွတ်၊ ပူ၊ငန်း (၃) ဖန်ဖန်၊ ချိတ်ကောက် (၂)၊ မျိုးပေါက်၊
ပင်လဲ (၂)–သီးခြားတွဲ–ကွဲကွဲပမာ–သူငါတူလှ၏။

ဂမ္ဘီရဘော။ ။အဝိဇ္ဇာကြောင့်ရင်း၊ အဝိဇ္ဇာနှင့်အတူဖြစ်သောသရေးကြောင့်ရင်း သင်္ခါရဖြစ်သည်၊တပါးသောအကြောင်းကြောင့်မဖြစ်၊ဤသို့အဝိဇ္ဇာစသည်ကြောင့် သင်္ခါရစသောအကျိုးအဆင့်ဆင့်ဖြစ်လာခြင်းဟူသောအနက်၊ အဝိဇ္ဇာစသည် မရှိလျှင် သင်္ခါရစသော အကျိုးမရှိခြင်း ဟူသောအနက်–ဤအနက်နှစ်ပါးသည်ဟုတ်မှန်၏။ သိနိုင်ခဲ၏။ သားမြီးဖျားချင်းထိအောင် ထိုးနိုင်သည်ထက် အသိခက်၏။ ထိုကြောင့် ဤဘဝစက်သည် အကျိုးအတ္ထအားဖြင့် (သမုဒ်ရေလယ် ယုန်ငယ်တမျှ) နက်နဲလှ၏ဟု အတ္ထဂမ္ဘီရအားဖြင့် ဖန်ဖန်ရှုအပ်၏။

အဝိဇ္ဇာသည် အကြောင်းခြင်းရာဖြင့်သော၊ အကြောင်းအခိုက်အတန့်ဟည့်ခိုက်၍သော ကျေးဇူးပြု၏။ ထိုခြင်းရာကိုရင်း, ထိုအခိုက်အတန့်ကိုရင်းသိနိုင်ခဲ၏။ သားမြီးဖျားထိုးနိုင်သည်ထက်အသိခက်၏၊ ထိုကြောင့် ဤဘဝစက်သည် အကြောင်းဓမ္မအားဖြင့် နက်နဲလှ၏ဟု ဓမ္မဂမ္ဘီရအားဖြင့် ဖန်ဖန်ရှုအပ်၏။

ဤဘဝစက်ကို ဝေနေယျတို့အား ကောင်းစွာသိအောင်ထိုထိုအနုလုံဖြင့်ရင်း, ပဋိလုံဖြင့်ရင်း, ဟောခြင်းသည် လွယ်ကူသည်မဟုတ်။သာဝကဉာဏ် ထွတ်ထိပ်သို့ရောက်သော ရှင်သာရိပုတြာတို့ပင်မဟောနိုင်။သဗ္ဗညုတဉာဏ်တော်ရှိ၍သာ ဟောနိုင်သည်၊ ထိုကြောင့် ဤဘဝစက်သည် ဟောခြင်းဒေသနာအားဖြင့် နက်နဲလှ၏ဟု ဒေသနာဂမ္ဘီရဖြင့် ဖန်ဖန်ရှုအပ်၏။

အဝိဇ္ဇာသင်္ခါရစသည်တို့၏ သဘောသည် သိအပ်သောပဋိဝေဓမည်၏။ ထိုသဘောကို သိသောဉာဏ်သည် သိတတ်သော

ပဋိဝေဓမည်၏။ ဤသိအပ်၊ သိတတ်-နှစ်ရပ်သော ပဋိဝေဓသည် သိနိုင်ခဲသောသဘောရှိ၏၊ ထိုကြောင့် ဤဘ၀စက်သည့် ပဋိဝေ ဓအားဖြင့် နက်နဲလှ၏ဟု ပဋိဝေဓဂမ္ဘီရဖြင့် ဖန်ဖန်ရှုအပ်၏။

**နယဘော၊** ။မျိုးစေ့မှအညွန့်စသည် ဖြစ်၍သစ်ပင်ကြီး ဖြစ်သကဲ့သို့ အဝိဇ္ဇာစသည်မှ သင်္ခါရစသည်တို့ တဆက်တည်း စပ်၍ ဖြစ်ခြင်းသည် ဧကတ္တနည်းမည်၏။ ဤနည်းသိလျှင် ဥစ္ဆေဒ ဒိဋ္ဌိကင်း၏၊ (တသန္တာန်တည်း ကျိုးကြောင်းစပ်သည်ကို မြင်ရ သောကြောင့်တည်း၊) အသိလွဲလျှင် သဿတဒိဋ္ဌိစွဲ၏။ (သန္တာန် မပြတ်ဘဲတခုတည်းဟု ယူသောကြောင့်တည်း၊)

အဝိဇ္ဇာသဘောတခြား၊ သင်္ခါရသဘောတခြား-ဤသို့စသည် ဖြင့် တခြားစီဖြစ်ခြင်းသည် နာနတ္တနည်းမည်၏၊ ဤနည်းသိလျှင် သဿတဒိဋ္ဌိကင်း၏။ အသစ်အသစ် တခြားစီဖြစ်သည်ကို မြင် သောကြောင့်တည်း။အသိလွဲလျှင် ဥစ္ဆေဒဒိဋ္ဌိစွဲ၏၊ မွေးသူတခြား၊ သေသူတခြားဟုလွဲနိုင်သောကြောင့်တည်း၊

သင်္ခါရကို ငါဖြစ်စေမည်ဟု အဝိဇ္ဇာအား ကြောင့်ကြဗျာပါရ မရှိ၊ ဝိညာဏ်စသည်ကို ငါဖြစ်စေမည်ဟု သင်္ခါရစသည်တို့ အား ကြောင့်ကြဗျာပါရမရှိ၊ ဤသို့ကြောင့်ကြ ဗျာပါရ မရှိခြင်း သည် အဗျာပါရနည်းမည်၏။ ဤနည်းသိလျှင် အတ္တဒိဋ္ဌိကင်း၏။ ပြုသူအတ္တမရှိ၊ ပြုပြင်သော သတ္တဝါမရှိ၊ နိဿတ္တ နိဇ္ဇီဝ-ဓမ္မ သဘောမျှသာ ရှိသည်ဟု မြင်သောကြောင့်တည်း။ အသိလွဲလျှင် အကြိယာဒိဋ္ဌိစွဲ၏။ အကြောင်းကို မယူသော ကြောင့်တည်း။ ဗျာပါရမရှိသော်လည်း သဘာဝ နိယမအားဖြင့် ဖြစ်သောအ ကြောင်းဖြစ်ခြင်းသည်ရှိ၏။ မီးလျှံဟူသမျှ အထက်သို့တက်ခြင်း။ လေဟူသမျှ ဖီလာတိုက်ခြင်းသည် သဘာဝနိယမအားဖြင့် ဖြစ် သော အကြောင်းဖြစ်ခြင်းသည်ရှိ၏။ ဤသို့အကြောင်း ဖြစ်ခြင်းရှိ သည်ကို မယူနိုင်သောကြောင့်တည်း။

နို့ရည်စသည်မှ နို့ဓမ်းစသည် ဖြစ်သကဲ့သို့ ဓမ္မတာအားဖြင့် အဝိဇ္ဇာစသည်မှ သင်္ခါရစသည်ဖြစ်ခြင်းသည် ဧဝံ ဓမ္မတာနည်း မည်၏။ ဤနည်းသိလျှင် အဗျာပါရနည်း အဟောတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိကင်း၏။ ကြောင်းကျိုးလျော်စွာ ဖြစ်ခြင်းကိုသိသောကြောင့်တည်း။ နို့မှ နို့ ဓမ်းဖြစ်သည်၊ ရေမှမဖြစ်။ နှမ်းမှဆီဖြစ်သည်၊ သဲမှမဖြစ်၊ အကြောင်း ဟူသမျှကြောင့် အကျိုးဟူသမျှမဖြစ်။ လျော်စွာဖြစ်သည်ဟု သိ သောကြောင့် အကြောင်းကံကိုလည်း မပယ်။ အကျိုးဝိပါက်ကို လည်း မပယ်ဟူလို၊ အသိလွဲလျှင် အဟောတုကဒိဋ္ဌိ၊ နိယတိဝါဒစွဲ ၏။ အကြောင်းကြောင့် အကျိုးဖြစ်ခဲ့လျှင် အကြောင်းတခြား၊ အကျိုး တခြားဖြစ်ခြင်းကြောင့် သဲမှဆီသော်ငင်း၊ ကြံမှနို့သော်ငင်းဖြစ်သင့် ရာ၏။ ထိုသို့မဖြစ်လေရကား ထိုထိုအကျိုး၏ ထိုထိုအကြောင်း မရှိစကောင်းဟု အကြောင်းပယ်၍ အဟောတုကဒိဋ္ဌိစွဲသည်၊ ထိုသို့ အကြောင်းမရှိသော်လည်း သဘာဝ နိယမအားဖြင့် နို့မှ နို့ဓမ်း ဖြစ်သကဲ့သို့ မိဘသွေးသားကြောင့် သဘာဝ နိယမအားဖြင့် သတ္တဝါဖြစ်သည်။ သဘာဝ နိယမအားဖြင့် နတ်လူစသော ဂတိ ငါးပါး၌ဖြစ်သည်။ သဘာဝနိယမအားဖြင့် တနေ့ကျလျှင် သံသရာ ဝန်ကင်းပြတ်၍ နိဗ္ဗာန်ရနိုင်သည်ဟု နိယတိ ဝါဒစွဲသည်။

## ဥယျောဇဉ်

သတ္တဝါ အပေါင်းသည် မှုလန္တစ်ပါးခိုင်မြဲသော စက်ဝိုင်းနှစ် ချဖြင့် သံသရာအထပ်ထပ် မချပ်မတည် တလည်တည်း လည် ကုန်၏။

ပဋိစ္စသမုပ္ပါဒ်ကို လျော်စွာသိသောဉာဏ်ကား ထိုမှုလန္တစ်ပါး မဖြစ်နိုင်ကြောင်း ဉာဏ်ဖြစ်၏။ မှုလန္တစ်ပါးမဖြစ်လျှင် သံသရာ ဘဝစက် ပျက်၏။

ဤဘဝစက်ကို မဖျက်နိုင် မခွဲနိုင်လျှင် မိုးကြိုး စက်ကြီး လောင်မီးပမာ သံသရာမှ ချန်ကာကျော်ထွက် လွတ်မြောက်ချက် ကား အိပ်မက်၌ပင် မရှိလေစွတကား။

ဤဘာဝစက်ကို သုတမယညာဏ်၊ စိန္တာမယညာဏ်၊ ဘာဝနာမယညာဏ်တို့ဖြင့် လျှော်စွာ မသိခြင်းကြောင့် မြတ်ဆာချည့်ထွေး စာသိုက်ထွေးနှင့် မြက်ထွေး အတူ သူငယ်မကြွင်း လေးဘုံဆင်းကာ သံသရာ၌ ရှည်ကြာဒုက္ခ တွေ့ရလေစွတကား။

ဤပဋိစ္စ သမုပ္ပါဒ် သဘောသည် သမုဒြာ၌ ယုန်ငယ်ပမာ ထောက်ရာတည်ရာမရ နစ်နှံလေစွတကား။

သို့စဉ်နှစ်မျှောင် နစ်ရောင်ပြင်းထန် နစ်နှံမှန်လည်း ဗိန် ညာဏ်ဆောင်ထား ချွန်နှုတ်သွား ချွန်နှုတ်သားတို့ပင် ဘုရားရှင် ညာဏ်တော်မှီ၍ ခွဲနိုင် ဖေါက်နိုင်ဖျက်ဆီးနိုင်ကြကုန်၏။

ထိုကြောင့် ဝိဝဋ္ဋသူတပါး အကျိုးများစေလိုသော အမျိုး ကောင်းသားသည် ကိဋ္ဋတပါး ပယ်ရှား၍ နစ်လှသော ဤဘာဝ စက်ကို ထောက်ရာတည်ရာ ရအောင် မနေမနား အားထုတ် ရာ၏။

ပစ္စည်းပိုင်းအရသာပြီး၏။

---

## ၉……ကမ္မဋ္ဌာန်းပိုင်း

ယခုအခါ သမထဘာဝနာ၊ ဝိပဿနာဘာဝနာတို့၏ (အာရုံ) ကမ္မဋ္ဌာန်း နှစ်မျိုးကို ဆိုပေအံ့။ ။နီဝရဏတို့ကို ငြိမ်းအောင်ပြု ခြင်းသည်သမာဓိမည်၏၊သမထလည်းမည်၏။အနိစ္စ,ဒုက္ခ,အနတ္တ ဟူသော အခြင်းအရာဖြင့် ရှုခြင်းသည် ပညာမည်၏။ ဝိပဿနာ လည်းမည်၏။ တိုးပွါးအောင် ပွါးများစေခြင်းသည် ဘာဝနာ မည်၏။ သမာဓိကို ပွါးများစေလျှင် သမထဘာဝနာ၊ ပညာကို ပွါးများစေလျှင် ဝိပဿနာဘာဝနာ မည်၏။

**အာရုံကမ္မဋ္ဌာန်းနှစ်မျိုး။** ။(ကမ္မဿ-ပြုအပ်သော ကမ္မ ၏+ဌာနံ တည်ရာအာရုံ။) ပြုအပ်သော ဘာဝနာကမ္မ၏+တည် ရာဖြစ်သော ကသိုဏ်းစသော အာရုံသည် ကမ္မ+ဋ္ဌာနမည်၏။ သမာဓိဘာဝနာကမ္မ၏ အာရုံသည် သမထကမ္မဋ္ဌာန်း။ ပညာဘာ

ဝနာကမ္မ၏အာရုံသည် ႏုပသနာကမ္မဋ္ဌာန်း၊ ဤအာရုံကမ္မဋ္ဌာန်း နှစ်မျိုးကို ယခုဆိုပေအံ့ ဟူလို။

**ဘာဝနာကမ္မဋ္ဌာန်း နှစ်မျိုး။** ။(ကမ္မမေဝ– ကမ္မသည် သာလျှင်+ဌာနံ-အကြောင်း။) ဘာဝနာ ကမ္မ သည်သာလျှင်+ နောက်နောက် အားထုတ်ခြင်း၊တရားထူးရခြင်း၏ အကြောင်းဖြစ် သောကြောင့် ကမ္မ+ဋ္ဌာနမည်၏။ သမာဓိဘာဝနာ ကမ္မသည် သမထကမ္မဋ္ဌာန်း၊ ပညာဘာဝနာကမ္မသည် ဝိပဿနာကမ္မဋ္ဌာန်း၊ ဤဘာဝနာကမ္မဋ္ဌာန်း နှစ်မျိုးလည်း- ပါဝင်ပေလတ္တံ့ဟူလို။

**ဥဒ္ဒေသ။** ။သမထကမ္မဋ္ဌာန်း၌ ကသိုဏ်း ဆယ်ပါး၊အသု ဘဆယ်ပါး၊ အနုဿတိဆယ်ပါး၊ အပ္ပမညာလေးပါး၊ သညာ တပါး၊ ဝဝတ္ထာန်တပါး၊ အာရုပ္ပလေးပါး-ဤသို့ သမထ ကမ္မဋ္ဌာန သင်္ဂဟ ခုနစ်ခု သိအပ်၏။

ရာဂစရိတ်၊ ဒေါသစရိတ်၊ မောဟစရိတ်၊ သဒ္ဓါစရိတ်၊ ဗုဒ္ဓိစ ရိတ်၊ဝိတက်စရိတ်၊ဤသို့စရိတ်ခြောက်ခု သိအပ်၏။ရာဂသည်(ရာ ဂစရိတ် မည်၏။ရာဂပင်ကိုယ် များသူသည် ရာဂစရိတ ပုဂ္ဂိုလ် မည်၏။အကြွင်းလွယ်ပြီ။)

ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာ-ဤသို့ ဘာဝနာသုံးခုသိအပ်၏။

ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်-ဤသို့ နိမိတ်သုံး ခု သိအပ်၏။ ။ဤကားဥဒ္ဒေသတည်း။

(အစစွာဖြစ်သော ဘာဝနာသည် ပရိကမ္မဘာဝနာ၊ နီဝရဏ ခွါနိုင်သည်မှစ၍ ဂေါတြဘူ အဆုံးတိုင်ဖြစ်သော ဘာဝနာသည် ဥပစာရဘာဝနာ၊ မဟဂ္ဂုတ် လောကုတ္တရာဘာဝနာသည် အပ္ပ နာဘာဝနာ။ ။ပရိကမ္မဘာဝနာ၏ အာရုံသည် ပရိကမ္မနိမိတ်၊ မျက်စိဖြင့်မြင်သကဲ့သို့ စိတ်ဖြင့်ယူအပ်သော အာရုံသည် ဥဂ္ဂဟ နိမိတ်။ ထိုဥဂ္ဂဟနိမိတ်နှင့်တူသော အပြစ်ကင်းသော အာရုံသည်

ပဋိဘာဂနိမိတ်။ ။ပရိကမ္မ၊ဥဂ္ဂဟနိမိတ်နှစ်ပါးသည် ပရိကမ္မဘာဝနာ တခု၏ အာရုံ။ ။ပဋိဘာဂနိမိတ် တပါးသည် ဥပစာရ၊ အပ္ပနာ ဘာဝနာနှစ်ခု၏အာရုံ။)

**ကသိုဏ်းဆယ်ပါး။** ။ပထဝီကသိုဏ်း၊အာပေါကသိုဏ်း၊ တေဇောကသိုဏ်း၊ဝါယောကသိုဏ်း၊ဤသို့ မြေ၊ရေ၊မီး၊လေ-အလုံးစုံနှင့်ထင်သော ဓာတ်ကသိုဏ်းလေးပါး၊ (ပထဝီ-မြေ+ကသိဏ-အလုံးစုံအရပ်၌နှင့်ထင်၊) နီလကသိုဏ်း၊ ပီတကသိုဏ်း၊လောဟိတကသိုဏ်း၊ ဩဒါတကသိုဏ်း—ဤသို့-ညို၊ရွှေ၊နီ၊ဖြူ-အလုံးစုံနှင့်ထင်သော ဝဏ္ဏကသိုဏ်း လေးပါး၊ အာကာသ ကသိုဏ်း၊ အာလောကကသိုဏ်း—ဤသို့-ကြားပေါက်ကောင်းကင်၊ အလင်းရောင်-အလုံးစုံနှင့်ထင်နှစ်ပါး။ ။ဤကားကသိုဏ်းဆယ်ပါးတည်း။

**အသုဘဆယ်ပါး။** ။ဥဒ္ဓုမာတကံ– သေသည်မှအထက်၌+ဖူးဖူးရောင်သော အကောင်ပုပ်။ ဝိ+နီလကံ-ဖြူနီရောလျက်+ညိုမဲသော အကောင်ပုပ်။ ဝိ+ပုဗ္ဗကံ–ယိုသော ပြည်ရှိသောအကောင်ပုပ်။ဝိ+ စ္ဆိဒ္ဒကံ-ခါးလယ်၌+ပြတ်သောအကောင်ပုပ်။ဝိ+က္ခာယိတကံ- အထူးထူး+ဆိတ်ခွဲကိုက်ခဲအပ်သော အကောင်ပုပ်။ ဝိ+က္ခိတ္တကံ-ဖရိုဖရဲ+ပစ်အပ်သောအကောင်ပုပ်။ ဟတ+ဝိ+က္ခိတ္တကံ-ကြက်ခြေခတ်မွှမ်း၍+ ဖရိုဖရဲ+ပစ်အပ်သော အကောင်ပုပ်။လောဟိတကံ-သွေးထွက် သံယို အကောင်ပုပ်။ပုဠုဝကံ-ပိုးလောက်တဖွါးဖွါး အကောင်ပုပ်။အဋ္ဌိကံ-အရိုးရှ အကောင်ပုပ်။ ။ဤကားအသုဘ ဆယ်ပါးတည်း။ (ကျီးဦးခွန်းကို ကြက်တောင်စည်း ဟူသကဲ့သို့ ကျီးခြေ သဏ္ဌာန်ကို ကြက်ခြေခတ် ဟူ၏။)

**အနုဿတိဆယ်ပါး။** ။ဗုဒ္ဓါ နုဿတိ–ဘုရား ဂုဏ်ကို အောက်မေ့ခြင်း။ ဓမ္မာနုဿတိ-တရား ဂုဏ်ကို အောက်မေ့ခြင်း။ သံဃာနုဿတိ–သံဃာဂုဏ်ကို အောက်မေ့ခြင်း။ သီလာနုဿတိ-ငါ၏သီလ ဗင်ကြယ်လေစွဟု အောက်မေ့ခြင်း။စာဂါနုဿတိ

ဇွန်ကြဲဘူး လှူဒါန်းဘူးသည်ကို အောက်မေ့ခြင်း။ ဒေဝတာနုဿတိ- နတ်တို့သည် သဒ္ဓါစသည်ရှိ၍ နတ်ဖြစ်ကြသည်။ ငါ့အားလည်း ထိုသဒ္ဓါစသည်ရှိ၏-ဟုနတ်တို့ကို စံထား၍အောက်မေ့ခြင်း။ဥပသမာနုဿတိ-နိဗ္ဗာန်အား ကိလေသာ အားလုံး ငြိမ်း၏ဟု အောက်မေ့ခြင်း။မရဏာနုဿတိ-ငါသေရလတ္တံ့ဟု အောက်မေ့ခြင်း။ ကာယ+ဂတာ+သတိ-သုံးဆဲ့နှစ် ကောဋ္ဌာသ ကာယ၌ဖြစ်သော+အောက်မေ့ခြင်း။ အာနာပါနဿတိ-ထွက်သက် ဝင်သက်ကိုအောက်မေ့ခြင်း။ ။ဤကားအနုဿတိဆယ်ပါးတည်း။

**အပ္ပမညာလေးပါး။** ။မေတ္တာ- သတ္တဝါ အားလုံးကို ကိုယ်နှင့်အမျှချစ်ခြင်း၊ကရုဏာ-ဆင်းရဲသူကိုသနားခြင်း။မုဒိတာ-ချမ်းသာသူကို ဝမ်းမြောက်ခြင်း၊ဥပေက္ခာ- ကံအားလျော်စွာဖြစ်ရသည်ဟု အသင့်အတင့်+ရှုခြင်း။ဝါ၊ ကံကိုအလေးပြုခြင်း။ ။ဤကား အပ္ပမညာ လေးပါးတည်း။ ဗြဟ္မဝိဟာရတရား- ဗြဟ္မစိုရ်တရားဟူ၍လည်း ခေါ်ကြ၏။

**သညာတပါး။** ။အာဟာရေ+ ပဋိကူလ+ သညာ-အာဟာရ၌+စက်ဆုပ်ဘွယ်ဟု+အမှတ်ပြုခြင်း။ ။ဤကား သညာတပါးမည်၏။

**ဝဝတ္ထာန်တပါး။** ။စတုဓာတု+ဝဝတ္ထာနံ- ဓာတ် လေးပါးတို့ကို+ပိုင်းခြားခြင်း။ ။ဤကားဝဝတ္ထာန်တပါးမည်၏။ ။ပထဝီ ၂၀၊ အာပေါ ၁၂၊ တေဇော ၄၊ ဝါယော ၆-ဟု ၄၂-ကောဋ္ဌာသဖြင့် ပိုင်းခြား၏။ မာ၊ ဖွဲ့၊ ရင့်၊ ထောက်- လက္ခဏာဖြင့် ပိုင်းခြား၏။

**အာရုပ္ပလေးပါး။** ။အာကာသာ နဉ္စာယတနံ-အဆုံးမရှိသော ကောင်းကင်ပညတ်အာရုံ။ဝိညာနဉ္စာယတနံ၊ အဆုံးမရှိသော အာကာသာနဉ္စာယတနစျာန်မဟဂ္ဂုတ်အာရုံ။အာကိဉ္စညာယတနံ၊ နတ္ထိဘာဝပညတ်အာရုံ။နေဝသညာ နာသညာယတနံ၊အာကိဉ္စညာ

ယတနုဗျာန် မဟာဂုတ်အာရုံ။ ဤကားအာရုပ္ပ လေးပါးတည်း ဤသို့လျှင် သမထကမ္မဋ္ဌာန်း (အာရုံ) လေးဆယ်ဖြစ်၏။

**သပ္ပါယဘေဒ။** ။ရာဂစရိုက်ရှိသူအား ဒသအသုဘ၊ ကာယဂတာသတိ-အားဖြင့်ကမ္မဋ္ဌာန်း ၁၁-ပါး လျောက်ပတ်၏။

ဒေါသများသူအား အပ္ပမညာ၊ ဝဏ္ဏကသိုဏ်း-အာ ဖြင့်ရှစ်ပါး လျောက်ပတ်၏။

မောဟများသူ၊ ဝိတက်များသူအား အာနာပါန- တပါး လျောက်ပတ်၏။

သဒ္ဓါများသူအား ဗုဒ္ဓါနုဿတိစသော-ခြောက်ပါး လျောက်ပတ်၏။

ပညာများသူအား မရဏ၊ ဥပသမ၊ သညာ၊ ဝဝတ္ထာန်-လေးပါးလျောက်ပတ်၏။

ကြွင်းကသိုဏ်း ၆-ပါး၊ အာရုပ္ပ ၄-ပါးအားဖြင့် ဆယ်ပါးသည် ပုဂ္ဂိုလ်အားလုံးတို့အား လျောက်ပတ်၏။ (ဓာတ်ကသိုဏ်း၊ အာကာ၊ အာလောက-၆။)

ဤဆယ်ပါးတို့တွင် ကသိုဏ်းတို့၌ ကောက်နယ် တလင်းခန့်မျှ ကြီးသော ကသိုဏ်းဝန်းသည် မောဟများသူအား လျောက်ပတ်၏။ ခွက်မျှ ဆန်ကောမျှငယ်သော ကသိုဏ်းဝန်းသည် ဝိတက်များသူအား လျောက်ပတ်၏။ ဤကား သပ္ပါယဘေဒတည်း။

ဤ၌ဖြောင့်ဖြောင့် ဆန့်ကျင်ခြင်းသည် လျောက်ပတ်သည်မည်၏။ အနုံ့၏ဆန့်ကျင်ဘက် ဆေးကဲ့သို့လွန်စွာ လျောက်ပတ်သည်ဟူ၍။ ရာဂစသည်ကို မခွါနိုင်သော သဒ္ဓါစသည်ကို ကျေးဇူး မပြုနိုင်သော မလျောက်ပတ်သော ကမ္မဋ္ဌာန်းဟူ၍ကား မရှိ။ ။ ကသိုဏ်းဝန်းကြီးလျှင် စိတ်မတွေဝေ၊ မောဟများ သူနှင့်သင့်၏။ စိတ်ပြေးသာသောကြောင့် ဝိတက်နှင့်မသင့်။ ကသိုဏ်းဝန်းငယ်လျှင် စိတ်မပြေးသာ၊ ဝိတက်များသူနှင့်သင့်၏။ စိတ်တွေဝေစရာဖြစ်သောကြောင့် မောဟနှင့်မသင့်။

[ရာဂ-၁၁+၁၀=၂၁။ ။ဒေါသ-ဂ+၁၀=၁ဂ။ ။မောဟာဝိတက်- ၁+၁၀=၁၁။ ။သဒ္ဓါ-၆+၁၀=၁၆။ ။ပညာ-၄+၁၀=၁၄။]

**ဘဝနာဘေဒ**။ ။ကမ္မဋ္ဌာန်းလေးဆယ်လုံး၌ ပရိကမ္မဘာဝနာ-ရသည်သာတည်း။ ဗုဒ္ဓါဒိအဋ္ဌ၊ သညာ၊ ဝဝတ္ထာန်-အားဖြင့် ဆယ်ပါး၌ ဥပစာရဘာဝနာလည်းရသည်၊ အပ္ပနာမရ။ ကြွင်း ၃၀၌အပ္ပနာဘာဝနာလည်းရ၏။ [ပရိကမ္မ ၄၀၊ ဥပစာရ ၄၀၊ အပ္ပနာ ၃၀။]

ထို ၃၀ တို့တွင် ဒသကသိဏ၊ အာနာပါနသည် ရှာန်ငါးပါးလုံးကိုရစေ၏။ (၁၁) ဒသအသုဘ၊ ကာယဂတာ သတိသည် ပဌမရှာန်ကိုရစေ၏။ (၁၁)မေတ္တာ၊ ကရုဏာ၊ မုဒိတာသည် အောက်ရှာန်လေးပါးကိုရစေ၏။(၃)ဥပေက္ခာသည် ပဥ္စမရှာန်ကိုရစေ၏။ (၁) ဤသို့ကမ္မဋ္ဌာန်း ၂၆-ပါးသည် ရူပရှာန်ကိုရစေ၏။ [ပဌမရှာန်-၂၅။ ဒုတိယရှာန်၊ တတိယရှာန်၊ စတုတ္ထရှာန်-၁၄။ ပဥ္စမရှာန် ၁၂။]

အဆုံးမရှိသော ကောင်းကင်ပညတ်စသော အာရုပ္ပအာရုံလေးပါးသည် အရူပရှာန်လေးပါးကို တခုစီအစဉ်အတိုင်း ရစေ၏။ (ဤကားဘာဝနာဘေဒတည်း။)

**နိမိတ္တဘေဒ**။ ။ကမ္မဋ္ဌာန်း လေးဆယ်လုံး၌ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်နှစ်ပါးကို ထိုက်သည် အားလျော်စွာ ရသည်သာတည်း။ အချို့ကမ္မဋ္ဌာန်း၌ မထင်ရှားသောကြောင့် ပရိယာယ်အားဖြင့်ရ၏ဟူလို။

ပဋိဘာဂနိမိတ်ကိုကား ဒသကသိဏ၊ ဒသအသုဘ၊ ကောဋ္ဌာသ၊ အာနာပါန-အားဖြင့် ၂၂-ပါးတို့၌သာ ရသည်။ထင်ရှားစွာရသည်။ ပရိယာယ်မဟုတ်။

ထို ၂၂-ပါး၌ရသော ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိတို့ဖြစ်ကုန်၏။

**ပရိကမ္မနိမိတ်။** ။ဖြစ်ပုံကား အာဒိကမ္မိက ပုဂ္ဂိုလ်သည် ပထဝီကသိုဏ်းဝန်း စသည်တို့၌ အာရုံယူ၍ (ကြည့်၍) ပထဝီ ပထဝီစသည်ဖြင့် စိဖြန်းသည်ဖြစ်အံ့၊ ထိုကသိုဏ်းဝန်း စသော အာရုံသည် ပရိကမ္မနိမိတ်မည်၏။ စိဖြန်းသော ဘာဝနာသည် ပရိကမ္မဘာဝနာမည်၏။

ပရိကမ္မနိမိတ်သည် ပစ္စုပ္ပန်ရူပါရုံဖြစ်၏။ ထို့ကြောင့် သာမညအားဖြင့် အတီတဘဝင်၊ ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်ဖြစ်၍ ဘဝင်ကျသင့်၏။

**ဥဂ္ဂဟနိမိတ်။** ။ထိုပရိကမ္မနိမိတ်ကို ဖန်ဖန်စိဖြန်း၍ စိတ်ဖြင့် ကောင်းစွာယူနိုင်သောအခါ မျက်စိဖြင့် မြင်သကဲ့သို့ မနောဒွါရ အားထင်၏။ ထိုအခါထိုအာရုံသည် ဥဂ္ဂဟနိမိတ်မည်၏။ ထိုပရိကမ္မဘာဝနာသည်လည်း ခိုင်ခံ့စွာတည်၏။

ဥဂ္ဂဟနိမိတ်သည် မနောဒွါရဂ္ဂဟိတ ရူပါရုံဖြစ်၏။ ထို့ကြောင့်ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်ဖြစ်၍ ဘဝင်ကျသင့်၏။

**ပဋိဘာဂနိမိတ်။** ။ထိုနောင် ထိုဥဂ္ဂဟနိမိတ်၌ ပရိကမ္မသမာဓိဖြင့်-ပထဝီ၊ ပထဝီ-ဟုလွန်စွာစိဖြန်းသော ယောဂီအား သမာဓိလွန်စွာခိုင်မြဲသောအခါ ထိုဥဂ္ဂဟနိမိတ်နှင့်တူစွာ အာရုံဟာရသည်စိတ်၌ ကောင်းစွာတည်၏၊ သက်ဝင်လာ၏။ ထိုအာရုံသည် ကသိုဏ်းအပြစ်မှလွတ်၏။ ဝါ၊ ပရမတ်မှလွတ်သော ပညတ်ဖြစ်၏။ ဘာဝနာ စွမ်းကြောင့်ဖြစ်၏။ ထိုအခါ ပဋိဘာဂနိမိတ် ဖြစ်ပြီဟုဆိုအပ်၏။(ကသိုဏ်းအပြစ်ဟူသည် လက်ရာ အရေးအသား အပွန်း အပဲ့စသည်တည်း။)

(ပဋိဘာဂနိမိတ်သည် ပညတ်ခမ္မာရုံဖြစ်၍။ ထို့ကြောင့် စ၊ဒ၊မ၊ဓော-ခုနစ်ကြိမ်ဖြစ်၍ ဘဝင်ကျသင့်၏။)

**ဥပစာရဇော။** ။ထိုပဋိဘာဂ နိမိတ်ထင်သည်မှစ၍ ကာမာဝစရသမာဓိသည် နီဝရဏတည်းဟူသော ဘေးရန်ကို ပယ်နိုင်ခါနိုင်၏။ ထိုအခါ ဥပစာရ ဘာဝနာဖြစ်သည်မည်၏။ ဝါ၊ ဥပစာရဇော ရသည်မည်၏။

**အပ္ပနာဇော။** ။ထိုနောင် ထိုပဋိဘာဂ နိမိတ်ကိုသာလျှင် ဥပစာရသမာဓိဖြင့် ပထဝီ၊ ပထဝီ-ဟုဖန်ဖန်စီးဖြန်းသော ယောဂီအား ရူပါဝစရ ပဉ္စမဈာန်စိတ်သည် အပ္ပနာ၏ အစွမ်းဖြင့်ဖြစ်၏။ ဝါ၊ အပ္ပနာဘာဝနာဖြစ်သည်မည်၏။ ဝါ၊ အပ္ပနာဇောရသည်မည်၏။ (ဤဉ္စဝိတက်သည် အပ္ပနာမည်၏။)

[ပဋိဘာဂနိမိတ်ပညတ်ခမ္မာရုံ၌ ဈာန်အပ္ပနာ ဖြစ်ဟန်ကား။စ၊ဒ၊ မ၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ အာဒိကမ္မိကဖြစ်အံ့၊ ဈာန်စိတ်တကြိမ်ဖြစ်၍ ဘဝင်ကျ၏။ သမာပဇ္ဇနဖြစ်အံ့၊ ဈာန်စိတ်အကြိမ်များစွာဖြစ်၍ ဘဝင်ကျ၏။ မဟာဋီကာ ၇၂-ဝိထိ။]

**ဈာန်တက်ပုံ။** ။ထိုနောင် ထိုပဉ္စမဈာန်ကိုသာလျှင် အာဝဇ္ဇန-မနောဒွါရ ဝဇ္ဇန်းစိတ်ဖြင့် ဆင်ခြင်ခြင်း၊ သမာပဇ္ဇန-ဈာန်ဇော ကြိမ်ကြိမ်ဖြင့် ဝင်စားခြင်း၊ အဓိဋ္ဌာန-အလိုရှိတိုင်း ဈာန်ကိုထားခြင်း၊ ဝုဋ္ဌာန-ဈာန်မှထခြင်း၊ ပစ္စဝေက္ခဏာ-ဉာဏ်ဇောဖြင့် ဆင်ခြင်ခြင်း-ဤဝသီဘော်ငါးပါးဖြင့် လေ့လာသောအခါ "ဝိတက်စသော ဈာန်အင်္ဂါသည်ရုန့်ရင်း၏" ဟူ၍၎င်း၊ "ရုန့်ရင်းသော အင်္ဂါကိုပယ်လို၏" ဟူ၍၎င်း၊ "ဝိစာရစသော ဈာန်အင်္ဂါသည် သိမ်မွေ့၏" ဟူ၍၎င်း၊ သိမ်မွေ့သော အင်္ဂါတို့ကိုသာ ဖြစ်စေလို၏" ဟူ၍၎င်း-တဖန်ပထဝီ၊ ပထဝီ-စသည်ဖြင့် အားထုတ်ပြန်သည် ဖြစ်အံ့၊ အစဉ်အတိုင်း ဒုတိယ ဈာန်စသည်တို့သည် အာရုံ အား လျော်စွာ အပ္ပနာစွမ်းဖြင့် ဖြစ်ကုန်၏။

[ပဌမဈာန်၌ ဝိတက်ပယ်လို၍-အားထုတ်သောအခါ ဒုတိယဈာန်ဖြစ်၏။ ဒုတိယဈာန်၌ ဝိစာရပယ်လို၍ အားထုတ်သော အခါ တတိယဈာန်ဖြစ်၏။ တတိယဈာန်၌ ပီတိပယ်လို၍ အားထုတ်သောအခါ စတုတ္ထဈာန်ဖြစ်၏။ စတုတ္ထဈာန်၌ သုခပယ်လို၍-အားထုတ်သောအခါ ပဉ္စမဈာန်ဖြစ်၏။]

ဤသို့လျှင် ဒသကသိဏ၊ ဒသအသုဘ၊ ကောဋ္ဌာသ၊အာနာပါန-ဟူသော ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌ ပဋိဘာဂ နိမိတ်ထင်သည်။အပ္ပမညာလေးပါးကား သတ္တဝါပညတ်အာရုံ၌ ဈာန်ရစေ၏။ ပဋိဘာဂနိမိတ်မထင်၊ဤကား ကမ္မဋ္ဌာန်း ၂၆-ပါး၌ ရူပဈာန်ဖြစ်ပုံတည်း။

**ဝသီဘော်ငါးပါး။** ။ရသောဈာန်၊ဝင်စားသောဈာန်တို့၌ ငါးပါးသောလေ့လာခြင်းဖြင့် လေ့လာသောသူသည် ဝသီမည်၏။ လေ့လာခြင်းဂုဏ်သည် ဝသီဘော်မည်၏။ ။ဝိတက်စသောဈာန်အင်္ဂါတခုတခု၌ မနောဒွါရာဝဇ္ဇန်း နောင် ဘာဝင် လေးကြိမ်၊ ငါးကြိမ်၊ဘဝင်နှစ်ကြိမ်၊ သုံးကြိမ်ထက် မလွန်စေဘဲ ဈာန်အင်္ဂါကို အဆင့်ဆင့် မနောဒွါရာ ဝဇ္ဇန်းဖြင့် ဆင်ခြင်ခြင်းသည် အာဝဇ္ဇနဝသီ ဘော်မည်၏။ ။ဈာန်ဝင်စားလိုသည့် အခြားမဲ့၌ဘဝင်နှစ်ကြိမ်၊သုံးကြိမ်ထက်မလွန်စေဘဲ-မ၊ပ၊ဥ၊နု၊ဂေါ၊ဈာန်ဇောအကြိမ်များစွာဖြင့် ဝင်စားနိုင်ခြင်းသည် သမာပဇ္ဇန ဝသီဘော်မည်၏။ ပိုင်းခြားသော ကာလအတိုင်း ဘဝင်မကျစေဘဲ ဈာန်စိတ်ကိုထားနိုင်ခြင်းသည် အဓိဋ္ဌာန ဝသီဘော်မည်၏။ ။ပိုင်းခြားသောကာလအတိုင်း ဘဝင်ကျစေ၍ ဈာန်မှထနိုင်ခြင်းသည် ဝုဋ္ဌာန ဝသီဘော်မည်၏။ ။အာဝဇ္ဇနဝသီဘော်၌ အာဝဇ္ဇန်း နောင် ကာမဇော လေးကြိမ်၊ ငါးကြိမ်မျှ ထားနိုင်ခြင်းသည် ပစ္စဝေက္ခဏာ ဝသီဘော်မည်၏။

**အရူပဈာန်။** ။ကသိုဏ်းရုပ်၌ ပဉ္စမဈာန်ရပြီးသော ယောဂီသည် ထိုကသိုဏ်းရုပ်၌ အပြစ်မြင်၍ အရူပဈာန်ကို ဖြစ်စေလို

သည်ရှိသော် အာကာသကြဉ်သော ကသိုဏ်းကိုးပါးတို့တွင် တပါးပါးကိုခွါ၍ ရအပ်သော ကောင်းကင် ပညတ်ကို "အနန္တော အာကာသော" ဟုဖန်ဖန် စီးဖြန်းသည်ဖြစ်အံ့။ ပဌမအရူပဈာန်သည် အပ္ပနာစွမ်းဖြင့် ဖြစ်၏။

[ကသိုဏ်းဈာန်ဝင်စားပြီးမှ ပဋိဘာဂနိမိတ်ကို နှလုံးမသွင်းခြင်းသည် ခွါသည်မည်၏။ ထိုသို့ခွါ၍ ဖြစ်လာသော ကောင်းကင်သည် ကသိဏုဂ္ဃါဋိမ အာကာသမည်၏။ အဖဋ္ဋာကာသမည်။ ပဋိဘာဂနိမိတ်မမည်။ အာကာသကသိုဏ်းကိုကား ခွါ၍မရ။]

ထိုပဌမာရုပ္ပ အာကာသာ နဉ္စာယတန ဈာန်စိတ်ကိုသာလျှင် "အနန္တံ ဝိညာဏံ" ဟုဖန်ဖန်စီးဖြန်းသည်ဖြစ်အံ့၊ ဒုတိယ အရူပဈာန်သည် အပ္ပနာစွမ်းဖြင့်ဖြစ်၏၊ ဝါ-ဝိညာနဉ္စာယတန ဈာန်ရ၏။

ထိုပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းဟူသော နတ္ထိဘာဝပညတ်ကိုသာလျှင် "နတ္ထိကိဉ္စိ" ဟုဖန်ဖန်စီးဖြန်းသည်ဖြစ်အံ့။ တတိယအရူပဈာန်သည် အပ္ပနာစွမ်းဖြင့်ဖြစ်၏။ ဝါ-အာကိဉ္စညာယတန ဈာန်ရ၏။

တတိယာရုပ္ပဈာန်စိတ်ကို "သန္တမေတံ၊-ပဏီတမေတံ" ဟုဖန်ဖန်စီးဖြန်းသည်ဖြစ်အံ့၊ စတုတ္ထအရူပဈာန်သည် အပ္ပနာစွမ်းဖြင့်ဖြစ်၏။ ဝါ-နေဝသညာ နာသညာယတန ဈာန်ရ၏။ ဤကားအာရုပ္ပကမ္မဋ္ဌာန်းလေးပါး၌ အရူပဈာန် ဖြစ်ပုံတည်း။

**အပ္ပနာမရတဆယ်။** ။ဗုဒ္ဓါဒိအဋ္ဌ၊ သညာ၊ ဝဝတ္ထာန် အာ ဖြင့်ကြွင်းသောကမ္မဋ္ဌာန်းဆယ်ပါးတို့၌ ဘုရားဂုဏ်စသည်ကို အာရုံပြု၍ "အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ" စသည်ဖြင့် ပရိကံပြု၍ အာရုံပြုအံ့။ (စီးဖြန်းအံ့၊) ပရိကမ္မဘာဝနာ သမာဓိလည်းရ၏။ နီဝရဏ ခွါနိုင်သော ဥပစာရ ဘာဝနာ သမာဓိလည်းပြည့်စုံ၏။ ဝါ၊ ဥပစာရဈာန်အထိရ၏။

**အဘိညာဥ်ငါးပါး။** ။အဘိညာဏ်စွမ်း ဖြင့်သော်လည်း ပါဒကဖြစ်သော ပဉ္စမဈာန်မှထ၍ အဓိဋ္ဌာန်အပ်သောအာရုံ၊ ဖန်ဆင်းအပ်သော အာရုံကိုဆင်ခြင်၍ “သတံဟောမိ၊ သဟဿံဟောမိ” စသည်ဖြင့် ပရိကံပြုအံ့။ ရူပါရုံစသောအာရုံ ခြောက်ပါး၌ထိုက်သည်အားလျော်စွာ အဘိညာ ကိစ္စတပ်သော ရူပပဉ္စမဈာန် ကုသိုလ်ကြိယာသည် အပ္ပနာစွမ်းဖြင့် တကြိမ်သာဖြစ်၏။ ထိုနောင် ဘဝင်ကျ၏။

အဘိညာသည် ဣဒ္ဓိဝိဓ၊ ဒိဗ္ဗသောတ၊ ပရစိတ္တဝိဇာနန၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခု-အားဖြင့် ငါးပါးပြား၏။ ဤကားနိဂ္ဂဘေဒတည်း။

သမထကမ္မဋ္ဌာန်းပြီး၏။

## အာဝဟစသည်မှတ်ဘွယ်

**အာဝဟ။** ။ကမ္မဋ္ဌာန်း ၄၀-တို့တွင် ဗုဒ္ဓါဒိအနု၊ သညာ၊ ဝဝတ္ထာန်-ဆယ်ပါးသည် ဥပစာရာဝဟ ကမ္မဋ္ဌာန် မည်၏။ ကြွင်း ၃၀-သည်အပ္ပနာဝဟ ကမ္မဋ္ဌာန်းမည်၏။ ။ဥပစာ ဈာန်ဆောင် ၁၀၊ အပ္ပနာဈာန်ဆောင် ၃၀။ ပေါင်း ၄၀။

**ပဘေဒ။** ။အပ္ပနာဝဟ ၃၀-တို့တွင်အသုဘ၊ကာယဂတာ၊ ဥပေက္ခာ၊ အာရုပ္ပ-ဤ ၁၆-ပါးသည် ဧကဈာနိကကမ္မဋ္ဌာန်းမည်၏။ မေတ္တာ၊ ကရုဏာ၊ မုဒိတာသုံးပါးသည် စတုက္ကဈာနိက ကမ္မဋ္ဌာန်းမည်၏။ ကသိုဏ်း၊ အာနာပါန-၁၁-ပါးသည် ပဉ္စကဈာနိက ကမ္မဋ္ဌာန်းမည်၏။ တဈာန် ၁၆။ လေးဈာန် ၃။ ငါးဈာန် ၁၁။ ပေါင်း ၃၀။

**အတိက္ကမ။** ။ကသိုဏ်း၊ အာနာပါန၊ အပ္ပမညာ-ဤ ၁၅-ပါသည် ဝိတက်စသော ဈာန်အင်္ဂါကို လွန်သောကြောင့် အင်္ဂါတိက္ကမ ကမ္မဋ္ဌာန်းမည်၏။ အာရုပ္ပ လေးပါးသည် ကသိုဏ်းအာရုံ၊ ကောင်းကင်အာရုံစသည်ကို လွန်သောကြောင့် အာရမ္မဏာတိက္က

မ ကမ္မဋ္ဌာန်းမည်၏။ကြွင်း ၂၁-ပါးသည်လွန်ခြင်းမရှိ။ ။အင်္ဂါလွန် ၁၅။ အာရုံလွန် ၄။ မလွန် ၂၁။ ပေါင်း ၄၀။

**ဝဇ္ဇနာဝဇ္ဇန်။** ။ကသိုဏ်း ဆယ်ပါးသည် ပွါးစေအပ်(ချဲအပ်) သောကြောင့် ဝဇ္ဇနမည်၏။ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ စေတောပရိယ-၏အဘိညာဉ်ကိုကားချဲနိုင်သမျှကျေးဇူးပြုသော ဆယ်ပါးတည်း။ ကြွင်း ၃၀-ကား မချဲအပ်၊ အဝဇ္ဇနမည်၏။ ။ချဲအပ် ၁၀။ မချဲအပ် ၃၀။ ပေါင်း ၄၀။

မချဲအပ် ၃၀-တို့တွင် အသုဘ၊ ကာယဂတာ၊ အာနာပါန-၏ ၁၂-ပါးသည် အရပ်ပိုင်းခြား၍ ပွါးစေနိုင်သော်လည်း အသုဘကောင်စသည်တို့သာ တိုးပွါး၍ အကျိုးမရှိသောကြောင့် မပွါးစေအပ်။ အပ္ပမညာ-လေးပါးသည် ပဋိဘာဂနိမိတ် မရှိသောကြောင့်မပွါးစေအပ်။ အာကာသာနဉ္စာ ယတနသည် ကသိုဏ်းကိုခွါ၍ရအပ်သော အာကာသ ဖြစ်သောကြောင့် မပွါးစေအပ်။ နတ္ထိဘာဝသည် မရှိသောကြောင့် မပွါးစေအပ်။ ဒုတိယ၊ စတုတ္ထအာရုပ္ပ၏အာရုံဖြစ်သော အာကာသာနဉ္စာယတန၊ အာကိဉ္စညာယတန-နှင့် အကြွင်းသည်၊ ဝါ၊ဗုဒ္ဓါဒိအနုဿတိ၊ သညာ၊ ဝဝတ္ထာန်၊ ဝိညာနဉ္စာယတန၊ နေဝသညာ နာသညာယတနတို့၏ အာရုံအားဖြင့် ၁၂-ခုသည် ပရမတ် ဖြစ်သောကြောင့် မပွါးစေအပ်၊ ။အကျိုးမရှိ ၁၂။ ပဋိဘာဂမရှိ ၄။ ကသိုဏ်းခွါ ၁။ မရှိ ၁။ ပရမတ် ၁၂။ ပေါင်း ၃၀။

**အာရုံ။** ။ကသိဏ၊ အသုဘ၊ ကာယဂတာ၊ အာနာပါန-၏ ၂၂-ပါးသည် ပဋိဘာဂနိမိတ်ထင်သည်။ ကြွင်း ၁၈ပါး-မထင်။ ပဋိဘာဂထင် ၂၂။ မထင် ၁၈။ ပေါင်း ၄၀။

ဗုဒ္ဓါဒိအနုဿတိ၊ သညာ၊ဝဝတ္ထာန်၊ ဝိညာနဉ္စာယတန၊ နေဝသညာနာသညာယတန-၏ ၁၂-ပါးသည် သဘာဝဓမ္မပရမတ်ကို အာရုံပြု၏။ ၂၂-ပါးသည် ပဋိဘာဂနိမိတ်ပညတ်ကို အာရုံပြု၏။ အပ္ပမညာ၊ အာကာသာနဉ္စာယတန၊ အာကိဉ္စ ညာယတန ၆-ပါးသည် သဘာဝလည်း မဟုတ်။ ပဋိဘာဂလည်း မဟုတ်သော

နဝတ္တဗ္ဗပညပ်ကို အာရုံပြု၏။ ။ပရမတ်အာရုံ ၁၂။ ပဋိဘာဂအာရုံ ၂၂။ နဝတ္တဗ္ဗအာရုံ ၆။ ပေါင်း ၄၀။

**စလာစလ။** ။အာပေါ၊ တေဇော၊ ဝါယော၊ အာလောက-ကသိဏ(၄)၊ ဝိပုဗ္ဗက၊ လောဟိတက၊ ပုဠုဝက-အသုဘ၊ (၃) အာနာပါန (၁)ဤရှစ်ပါးသည် ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်အခိုက်လှုပ်သော ခြင်းရာထင်သောကြောင့် စလိတကမ္မဋ္ဌာန်းမည်၏။(ပဋိဘာဂနိမိတ်၌ လှုပ်သောကမ္မဋ္ဌာန်းမရှိ၊) ကြွင်း ၃၂-ပါးသည် အစလိတ ကမ္မဋ္ဌာန်းမည်၏။ လှုပ် ၈။ မလှုပ် ၃၂။ ပေါင်း ၄၀။

**ဘုံ။** ။နတ်ပြည်၌အသုဘ၊ ကာယဂတာ၊ သညာ-၁၂-ပါးမရ။ပြဟ္မာပြည်၌ အာနာပါနနှင့် ၁၃ ပါးမရ။အရူပလေးဘုံ၌အာရုပ္ပလေးပါးသာ ရသည်၊ ကာမဘုံ၌ ၄၀-လုံးရသည်။ ။ကာမ၌ ၄၀။ နတ်ဘုံ ၂၈။ ပြဟ္မာ ၂၇။ အရူပ ၄၊ ပေါင်း ၄၀။ ။အရူပ လေးဘုံ၌လည်း အောက်အောက် ကြည့်၍ အစဉ့်အတိုင်း ၄။၃။၂။၁ သာ။ပေါင်း ၄။

**ဂဟဏ။** ။ဝါယော ကသိုဏ်းကို ဒိဋ္ဌဝဏ္ဏ။ ဖုဋ္ဌဝဏ္ဏဖြင့်(မြင်ရာ၊ ထိရာဖြင့်)ဥဂ္ဂဟနိမိတ်ယူရသည်၊ကြွင်းကသိဏ၊ အသုဘ၊တစပဉ္စကအားဖြင့် ၂၀-ကိုဒိဋ္ဌဝဏ္ဏဖြင့် ဥဂ္ဂဟနိမိတ်ယူရသည်၊အာနာပါနကိုဖုဋ္ဌဝဏ္ဏဖြင့် ဥဂ္ဂဟနိမိတ်ယူရသည်။ကြွင်း ၁၈-ပါးကို သုတဝဏ္ဏ ကြားဘူးရာဖြင့် ဥဂ္ဂဟနိမိတ် ယူရသည်။ ။ဒိဋ္ဌဖုဋ္ဌ ၁။ဒိဋ္ဌ ၂၀။ ဖုဋ္ဌ ၁။ သုတ ၁၈။ပေါင်း ၄၁။ [ကာယဂတာ၌ ၃၂-ကောဋ္ဌာသကို ဒိဋ္ဌ ၅။ သုတ ၂၇-ဟူ၍ခွဲပြု၍ယူသည်၊ ထိုကြောင့် ၄၀ မဖြစ်၊၄၁-ဖြစ်သည်။]

**အာဒိကမ္မိက။** ။ဥပေက္ခာ၊ အာရုပ္ပ-ဤငါးပါးကို အာဒိကမ္မိကမပွါးအပ်။ ။အာဒိကမ္မိကပွါး ၃၅။ မပွါး ၅ ပေါင်း ၄၀။

**ပစ္စယ။** ။ကသိုဏ်းဆယ်ပါးသည် အဘိညာဉ်၏အကြောင်းဖြစ်သည်။ အာကာသာနဉ္စာ ယတနကြည့်သော ကသိုဏ်း ကို

ပါးသည် အာရုပ္ပချာန်၏ အကြောင်းဖြစ်သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ-သုံးပါးသည် ဥပေက္ခာချာန်၏ အကြောင်း ဖြစ်သည်။ အောက်အောက် အာရုပ္ပသည် အထက်အထက် အာရုပ္ပ၏ အကြောင်းဖြစ်သည်။ နေဝသညာ နာသညာယတနသည် နိရောဓ၏ အကြောင်းဖြစ်သည်၊ လေးဆယ်လုံးသည် မျက်မှောက်ဘဝချမ်းသာစွာ နေခြင်း၏ အကြောင်းဖြစ်သည်၊ ဝိပဿနာ၏ အကြောင်းဖြစ်သည်။ ဘဝသမ္ပတ္တိ၏ အကြောင်းဖြစ်သည်။ ။ အဘိညာအကြောင်း ၁၀။ အာရုပ္ပ ၆။ ဥပေက္ခာ ၃။ အထက်အာရုပ္ပ ၃။ နိရောဓ ၁။ မျက်မှောက်ချမ်းသာ၊ ဝိပဿနာ။ ဘဝသမ္ပတ္တိ အကြောင်း၄၀။ ပေါင်း ၄၀။

**စရိယာနုကူလ။** ။ရာဂစရိတ်အား ၁၁-ပါးလျော်၏။ ဒေါသ ဂ။ မောဟ ၁၊ ဝိတက် ၁၊ သဒ္ဓါ ၆၊ ဗုဒ္ဓိ ၄။ စရိတ်အားလုံးအား ၁၀။ပေါင်း ၄၀။

**သမ္ဗတ္တက။** ။မေတ္တာ၊ မုဒိတာ၊ အသုဘ-သုံးပါးသည်၊ ဝါ၊ ၁၂-ပါးသည် ရဟန်းကိစ္စအားလုံး၌၊ ကမ္မဋ္ဌာန်း အားထုတ်ရာတိုင်း၌ အလိုရှိအပ်သောကြောင့် သဗ္ဗတ္ထက ကမ္မဋ္ဌာန်းမည်၏။ စရိတ်အားလျော်စွာ အမြဲဆောင်အပ်သော ကမ္မဋ္ဌာန်း ၄၀-သည် ပါရိဟာရိယ ကမ္မဋ္ဌာန်းမည်၏။ ။သဗ္ဗတ္ထက ၁၂။ပါရိဟာရိယ ၄၀။ ပေါင်း ၄၀။

**ပရမတ်၌အပ္ပနာ။** ။ဘုရားဂုဏ် စသည်သည် ပရမတ်ဖြစ်၏။များသောအပြားရှိ၏။ဂုဏ်တခုတခုသည်ပင် လွန်စွာနက်နဲ၏။ ရေနက်ရာလှေနစ်သကဲ့သို့ ထောက်တည်ရာမရ။ ထို့ကြောင့် ဗုဒ္ဓါဒိအဋ္ဌ၊ သညာ၊ ဝဝတ္ထာန်-ဆယ်ပါး၌ အပ္ပနာမဖြစ်။ ။ ဝိညာနဥ္စာယတန၊ နေဝသညာ နာသညာယတန ဈာန်ကား ပရမတ်ကိုအာရုံပြုသော်လည်း အာရုံကိုလွန်သော ဘာဝနာစွမ်းဖြင့် အပ္ပနာသို့ရောက်၏။ ။ပရမတ်၌ အပ္ပနာမဖြစ် ၁၀။ဖြစ် ၂။ပေါင်း ၁၂။

ဆက်ဦးအံ့၊ လောကုတ္တရာ သမာဓိသည်လည်း ဝိသုဒ္ဓိဘာဝနာ စဉ် စွမ်းဖြင့် ပရမတ်အာရုံ၌ အပ္ပနာသို့ရောက်၏။ ။အနုရုံလွန်သောဘာဝနာထူး၊ ဝိသုဒ္ဓိဘာဝနာထူးနှစ်မျိုး။

**ဈာန်တစိတ်ဖြစ်ကြောင်း။** ။အသုဘ၊ ကာယဂတာ–တို့သည် စက်ဆုပ်ဘွယ်ဖြစ်ကုန်၏။ ရေယဉ်ကြမ်း၌ ထိုးဝါးစွမ်းဖြင့်သာ လှေတည်သကဲ့သို့ စက်ဆုပ်ဘွယ်အာရုံဆိုး၌ ဝိတက်စွမ်းဖြင့်သာ စိတ်တည်သည်။ ထိုကြောင့် ထိုအာရုံ၌ ဝိတက်ရှိသော ပဌမဈာန်သာဖြစ်သည်။ ။မေတ္တာ၊ကရုဏာ၊ မုဒိတာတို့သည် ဗျာပါဒ၊ဝိဟိံသာ၊ အရတိဟူသော ဒေါမနဿ သဟဂုတ်တို့ကို ပယ်သဖြင့် ဆန့်ကျင်ဘက် သောမနဿတို့သာ ဖြစ်ထိုက်ကုန်၏။ ထိုကြောင့် ထိုအာရုံ၌ သောမနဿရှိသော ဈာန်လေးပါးသာဖြစ်သည်။ ဥပေက္ခာ၊အာရုပ္ပတို့သည် ကမ္မဿကတာ ဉာဏ်ဖြင့် လျစ်လျူရှုကုန်၏။ တဖြဲမဏ္ဍတ္တတာ စေတသိက် အားရှိကုန်၏။ ထိုကြောင့် ထိုအာရုံ၌ ဥပေက္ခာရှိသော ပဥ္စမဈာန်သာဖြစ်သည်။ ။ပဌမဈာန်သာ ၁၁။ အောက်ဈာန်လေးပါးသာ ၃။ ပဥ္စမဈာန်သာ ၅။ ပေါင်း ၁၉။ ။ဈာန်ငါးပါးလုံးရသော ကသိဏ၊ အာနာပါန-၁၁-နှင့် ပေါင်း ၃၀။

**ကမ္မ+ဿက တာဉာဏ်။** ။ကုသိုလ်ကံ၊ အကုသိုလ်ကံသည်ကမ္မမည်၏။မိမိဥစ္စာသည်သကမည်၏။ကမ္မ-ကံဟူသော+သက-မိမိဥစ္စာ+ရှိသော သတ္တဝါအားလုံးသည် - ကမ္မ+ဿက မည်၏။ကမ္မဿက ဖြစ်ကြောင်း ကံသည်ကမ္မဿကတာမည်၏။ ယခင်ကုသိုလ်ကံ အကုသိုလ်ကံ ပင်တည်း။ ထိုကံကိုမြင်သိသောဉာဏ်သည် ကမ္မဿကတာ ဉာဏ်မည်၏။

## စရိုက်မှတ်ဘွယ်

စရိုက် ၆-ပါးတို့တွင် ရာဂသည် အကုသိုလ်အတွင်း၌ ...၏။ ဝဏ္ဏ၊ကာမဂုဏ်ကိုရှာဖွေ၏။ သဒ္ဓါသည်ကုသိုလ်အတွင်း၌ ...၏။ သီလစသောဂုဏ်ကိုရှာဖွေ၏။ သဘောချင်းတူသည်။ ထိုကြောင့်

ရာဂများလျှင် သဒ္ဓါများတတ်သည်။ သဒ္ဓါများလျှင် ရာဂများတတ်သည်။

ဒေါသသည်အာရုံ၌ မကပ်ငြိ၊မဟုတ်သောအပြစ်ကို ရှာဖွေ၏။ ပညာလည်းမကပ်ငြိ၊ ဟုတ်သောအပြစ်ကို ရှာဖွေ၏။ သဘောချင်းတူသည်။ ဒေါသများလျှင် ပညာများ၊ပညာများလျှင် ဒေါသများတတ်သည်။

မောဟသည် အနှောင့်အယှက်များ၌ မတည်ကြည်၊ မသက်ပင်နိုင်ခြင်းဖြင့် တုန်လှုပ်၏။ ဝိတက်သည် အကြံများ၌ မတည်ကြည်၊ လျှင်စွာကြံခြင်းဖြင့် တုန်လှုပ်၏၊ သဘောချင်း တူသည်။ မောဟများလျှင် ဝိတက်များ၊ ဝိတက်များလျှင် မောဟများတတ်သည်။

ဆုဋ္ဌာရုံ၌ လေ့ကျက်သူ၊ နတ်ပြည်မှလာသူတို့အား ရာဂများတတ်သည်။ သတ်ဖြတ်ခြင်း၌ လေ့ကျက်သူ၊ ငရဲမှလာသူတို့အား ဒေါသများတတ်သည်၊ သေအရက် သောက်စားသူ၊အမေးအမြန်းနည်းသူ၊ တိရစ္ဆာန်ဘဝမှလာသူတို့အား မောဟများတတ်သည်ဟုဆိုကုန်၏။

ယင်းသို့ဆိုသော်လည်း စင်စစ်အားဖြင့် ကုသိုလ်ပြုစဉ် ရာဂခြံရံအံ့။ ထိုကံဖြင့် ပဋိသန္ဓေနေသောသူသည် ရာဂစရိုက်ရှိသူဖြစ်၏။ ဒေါသ၊ မောဟ၊ ဝိတက်ခြံရံလျှင် ထိုအတူတည်း။ ပညာခြံရံလျှင် ဗုဒ္ဓိစရိုက်ရှိသူ၊ သဒ္ဓါခြံရံလျှင် သဒ္ဓါစရိုက်ရှိသူဖြစ်၏။

စရိုက်ညံ့လျှင် ခွေးမြီးကောက်နှင့်တူ၏။ ကျည်တောက်စွပ်၍ ပဖြောင့်နိုင်။ စရိုက်သဘောသည် မပြတ်ဖြစ်တတ်၏။ ရိုးမမြင်၊ လေမမြင်၊ အဆာင်အခြင်မရှိ။ ဇာတ်ထိုးမရ၊ နွားတော်ရေကျဖြစ်တတ်၏။ ပဋိသန္ဓေကံပြုစဉ်ကပင် မျိုးဆက်ပါလာသောကြောင့်တည်း။ ထိုကြောင့်ကုသိုလ်ပြုသောအခါ ရာဂစသည် မခြံရံစေဘဲ သဒ္ဓါ ပညာခြံရံအောင် သတိကြီးစွာ ထားအပ်၏။ (ကျင့်ဘွယ်အရသာ ထူးလှ၏။)

ရာဂစရိုက်ရှိသူသည် ဆေးခြောက်မှုးကဲ့သို့ ဝင့်ကြွားသော အမူအရာရှိ၏။ ခြေရာအလယ်မထင်အောင် ဖြေးဖြေးနင်း၍သွား တတ်၏။ အင်္ကျီကြီးငယ် ကောင်းမွန်စွာ ထား၍အိပ်၏။ ထသောအခါ ဖြေးဖြေးသာသာ စကားတို့ ပေး၍ ထတတ်၏။ ကိစ္စပြုရာ၌ သပ်ရပ်၏။ အဝတ်အရုံသေသပ်၏၊ ဆိမ့်ချိုမွှေးကြိုင်ကြိုက်၏။ အရသာခံ၍ အဝန်းညီစွာစားတတ်၏။ ဇာဋ္ဌာပုံအနည်းငယ်မြင်လျှင် မခွါရက်အောင် ခင်မင်၏။

ဒေါသစရိုက်ရှိသူသည် နွားရိုးမှုးယုံး၊ နဖားကြိုး ပယင်းသကဲ့သို့ ရှုံးရှားသော အမူအရာရှိ၏၊ ခြေဖွန်းဖြင့် ပေါက်သကဲ့သို့ ဒရွတ်တိုက်၍ သွားတတ်၏။ မျက်မှောင်ကြုံ့၍အိပ်တတ်၏။ လျှင်စွာစကားကို ပေး၍ ထတတ်၏။ ကိစ္စပြုရာ၌ မသပ်ရပ်၊ အပတ်အမှုံ့ဟင်းကြွပ် မညီရှိ၏။ ချဉ်ငန်စပ်ခါးကြိုက်၏။ အရသာမခံ။ ခံတွင်းအပြည့် အဖေါင်း စားတတ်၏။ အနိဋ္ဌာရုံ အနည်းငယ်မြင်လျှင် ကဲ့ရဲ့ လွယ်၏။

မောဟစရိုက်ရှိသူသည် ပတ်ိုင်းသီးစားမိသော ကြက်ဖတ်ကဲ့ သို့ ငေးမှိုင်သော အမူအရာရှိ၏။ အသွားကြို့ကြာ၏။ ကိုယ်လက် တောင့်တင်းသကဲ့သို့ ချွတ်ချော်စွာ နင်း၍သွားတတ်၏။ မှောက် ခုံ ကားယားအိပ်တတ်၏။ တအင်အင်ပြု၍ ဖြေးဖြေး ထတတ်၏။ ကိစ္စပြုရာ၌ သိပ်သည်းခြင်းမရှိ။ အဝတ်အမှုံ့ပယ္ယှော မညီရှိ၏။ ကြိုက်သောအစာ အမြဲမရှိ။ အလုပ် သေးသေး ညီမညွတ် စား တတ်၏၊ လက်နှုတ်ခမ်း ပေကပ်ခြင်း၊ မိတ်စင်ခြင်း များ၏။ ပင် ကိုယ်သဘောဖြင့် ချီးမွမ်း၊ ကဲ့ရဲ့မပြု။ သံယောင်လိုက်တတ်၏။

သဒ္ဓါစရိုက်ရှိသူစသည်တို့သည် ရာဂစသည့်တို့နှင့် သဘော ချင်းတူသောကြောင့် အမူအရာစသည့်တို့လည်း တူကုန်၏။

ရာဂစရိုက်ရှိသူအား ဆွမ်းခံလမ်း၊ ရွာ၊ ဒါယကာနှင့် ပစ္စည်း လေးဖြာ၊ ရှုံဘွယ် ရတ်ချာ အနိဋ္ဌာဖြစ်လျှင်သင့်၏။ ရပ်ချင်း၊ သွားခြင်း ဣရိယာပုထ်သင့်၏။ ရာဂမဖြစ်နိုင်။

ဒေါသစရိုက်ရှိသူ၊ သဒ္ဓါစရိုက် ရှိသူတို့အား သန့်ရှင်းသော ရှုဋ္ဌာရုံဖြစ်လျှင်သင့်၏။ အိပ်ခြင်း,ထိုင်ခြင်းသင့်၏။

မောဟစရိုက်ရှိသူအား ကြီးပြန့်ကျယ်ဝန်းသော အာရုံသင့်၏၊ သွားခြင်း ရှုရိယာပုထ်သင့်၏။

ဝိတက်စရိုက်ရှိသူအား ကျဉ်းမြောင်း ဖုံးကွယ်သေးငယ်သော အာရုံသင့်၏။ ရပ်ခြင်း၊ သွားခြင်းသင့်၏။

ဗုဒ္ဓိစရိုက်ရှိသူအား မသင့်သောအာရုံမရှိ။

## ဝိပဿနာကမ္မဋ္ဌာန်း

**ဥဒ္ဒေသ။** ။ဝိပဿနာ ကမ္မဋ္ဌာန်း၌ သီလဝိသုဒ္ဓိ- စသော ဝိသုဒ္ဓိ၇ပါးကို သိအပ်၏။ သီလလေးပါး စင်ကြယ်ခြင်းသည် သီလဝိသုဒ္ဓိ။ ဥပစာရဈာန်၊ အပ္ပနာဈာန်ဖြင့် နီဝရဏကင်း၍ စိတ်စင်ကြယ်ခြင်းသည် စိတ္တဝိသုဒ္ဓိ။ နာမ်ရုပ်နှစ်ပါးသာဟု သိမ်းဆည်း၍ အတ္တမရှိဟု သိခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိ။ နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းမိသဖြင့် ယုံမှားခြင်း ၁၆-ပါး၊ ၈-ပါးကင်းခြင်းသည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ။ သမ္မသနဉာဏ်ပြီး၍ ဥဒယဗ္ဗယ ဉာဏ် အားထုတ်စဉ် ဘေးရန် ဆယ်ပါးဖြစ်လတ်သော် ဝိပဿနာ၏ လမ်းမှန်၊ လမ်းမှား-မှတ်သား ဆုံးဖြတ်နိုင်ခြင်းသည် မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိ။ ဥဒယဗ္ဗယ ဉာဏ်မှစ၍ အနုလောမ ဉာဏ်တိုင်အောင် အဆင့်ဆင့်ဖြစ်သော ဉာဏ် ၉-ပါးသည် ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိ။ မဂ်ဉာဏ်လေးပါးသည် ဉာဏဒဿန ဝိသုဒ္ဓိ။ ။သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿန-ဝိသုဒ္ဓိခုနစ်ပါး။

အနိစ္စလက္ခဏာစသော လက္ခဏာသုံးပါးကိုလည်း သိအပ်၏။ ရုပ်နာမ်ခန္ဓာတို့၏ မမြဲခြင်းသည် အနိစ္စလက္ခဏာ။ ဆင်းရဲခြင်း

သည် ဒုက္ခလက္ခဏာ။ ရုပ်နာမ်ခန္ဓာတို့၌ အတ္တမရှိခြင်းသည် အနတ္တလက္ခဏာ။

အနိစ္စာနုပဿနာစသော အနုပဿနာသုံးပါးကိုလည်း သိအပ်၏။ ရုပ်နာမ်ခန္ဓာတို့၏ အနိစ္စလက္ခဏာကို ဖန်ဖန်ရှုသော ဉာဏ်သည် အနိစ္စာနုပဿနာ။ ဒုက္ခလက္ခဏာကို ဖန်ဖန်ရှုသောဉာဏ်သည် ဒုက္ခာနုပဿနာ။ အနတ္တလက္ခဏာကို ဖန်ဖန်ရှုသောဉာဏ်သည် အနတ္တာနုပဿနာ။

သမ္မသန ဉာဏ်စသော ဉာဏ်ဆယ်ပါးကိုလည်း သိအပ်၏။ ခန္ဓာစသည်ကို အပေါင်းအစုအားဖြင့် အနိစ္စ,ဒုက္ခ,အနတ္တဟု သုံးသပ်ခြင်းသည် သမ္မသနဉာဏ်။ (ဤဉာဏ်ဖြင့် အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်မဖြစ်သေး။) ဖြစ်ခြင်းပျက်ခြင်းကိုရှုခြင်းသည် ဥဒယဗ္ဗယဉာဏ် (ဤဉာဏ်မှစ၍ အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်ဖြစ်၏။) ပျက်ခြင်းကိုသာ ရှုခြင်းသည် ဘင်္ဂဉာဏ်။ သင်္ခါရတို့ကို ဘေးဟု ရှုခြင်းသည် ဘယဉာဏ်။ ဘေးရှိသော သင်္ခါရတို့ကို အပြစ်ဟု ရှုခြင်းသည် အာဒီနဝဉာဏ်။ အပြစ်ရှိသော သင်္ခါရတို့၌ ငြီးငွေ့ခြင်းသည် နိဗ္ဗိဒါဉာဏ်။ ငြီးငွေ့၍ သင်္ခါရတို့မှ လွတ်လိုခြင်းသည် မုဉ္စိတုကမျတာဉာဏ်၊ လွတ်ကြောင်း ပြည့်စုံအောင် တဖန်သင်္ခါရတို့ကိုပင် ပြန်၍သိမ်းဆည်းခြင်းသည် ပဋိသင်္ခါဉာဏ်။ ထိုတဖန်သိမ်းဆည်းသော သင်္ခါရတို့၌မချစ်၊မမုန်း လျစ်လျူ ရှုခြင်းသည် သင်္ခါရုပေက္ခာဉာဏ်။ ဥဒယဗ္ဗယစသော ရှေးဉာဏ် ရှစ်ပါးတို့အား၎င်း မဂ်ခဏာရလတ္တံ့သော ဗောဓိပက္ခိယတရား ၃၇-ပါးတို့အား၎င်း လျော်သော ဉာဏ်သည်။ ဝါ။ မဂ္ဂဝီထိ၌ ဂေါတြဘူမှ ရှေ့ဖြစ်သော သစ္စာနုလောမိကာ ဉာဏ်သည် အနုလောမဉာဏ်မည်၏။ ။သမ္မသန၊ ဥဒယ၊ ဘင်္ဂ၊ ဘယ(၄)အာဒီနဝ၊ နိဗ္ဗိဒါ၊ မုဉ္စိတု (၇)ပဋိသင်္ခါ၊ သင်္ခါရု၊ အနုလောမ(၁၀)-ဉာဏ်ဆယ်ပါး။

သုညတဝိမောက္ခ စသော ဝိမောက္ခသုံးပါးကိုလည်း သိအပ်၏။ အနတ္တဟုရှု၍ ရသော မဂ်ဖိုလ်သည် သုညတဝိမောက္ခ။ အနိစ္စဟု

၍ရသော မဂ်ဖိုလ်သည် အနိမိတ္တဝိမောက္ခ။ ဒုက္ခရှု၍ရသော မဂ်ဖိုလ်သည် အပ္ပဏိဟိတဝိမောက္ခ။

သုညတာ နုပဿနာစသော ဝိမောက္ခ မုခသုံးပါးကိုလည်း သိအပ်၏။ မဂ်ဖိုလ်ရကြောင်း အနတ္တာ နုပဿနာ ဉာဏ်သည် သုညတာ နုပဿနာ ဝိမောက္ခမုခ။ အနိစ္စာနုပဿနာဉာဏ်သည် အနိမိတ္တာနုပဿနာ ဝိမောက္ခမုခ။ ဒုက္ခာနုပဿနာဉာဏ်သည် အပ္ပဏိဟိတာနုပဿနာ ဝိမောက္ခမုခ။

ဥဒ္ဒေသပြီး၏။

**သီလဝိသုဒ္ဓိ။** ။ဤဥဒ္ဒေသ၌ ရှေးဦးစွာ ဝိနည်းပညတ်ကို လွန်ကျူးမိသည်မရှိခြင်းဖြင့်ရင်း၊ လွန်ကျူးမိလျှင် ကုစားပြီးခြင်း ဖြင့်ရင်း၊ ကုစားသာသေးလျှင် အပြစ်ကိုထင်စွာ ဖွင့်ပြောထား ခြင်းဖြင့်ရင်း၊ ပါတိမောက္ခ သံဝရသီလစင်ကြယ်သည် မည်၏။ ဒွါရခြောက်ခွင် အကုသိုလ်မဝင်အောင် သတိယှဉ်ခြင်းဖြင့်ရင်း၊ သတိလစ်၍ အကုသိုလ်ဖြစ်လျှင်-နပုနေဝံကရိဿာမိ (နောင်မပြု ပါတော့အံ့)ဟု စိတ်ဆောက်တည်ခြင်းဖြင့်ရင်း ဣန္ဒြိယ သံဝရသီ လစင်ကြယ်၏။ မိမိ၏ရင်း, တပါးသော ရဟန်း၏ရင်း,မိစ္ဆာဇီဝ ပစ္စည်းလေးပါးကို မသုံးဆောင်ခြင်းဖြင့်ရင်း, သုံးဆောင်မိလျှင် ဒေသနာကြား,ကုစားခြင်းဖြင့်ရင်း, အာဇီဝပါရိသုဒ္ဓိသီလစင်ကြယ် ၏။ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်ကာ သုံးဆောင် ခြင်းဖြင့် ပစ္စယသန္နိဿိတ သီလစင်ကြယ်၏။ ထိုအခါသီလလေး ပါးစင်ကြယ်ပြီ၊ တရားအားထုတ်နိုင်ပြီ။

**စိတ္တဝိသုဒ္ဓိ။** ။အပ္ပနာ ဈာန်ရခြင်းဖြင့်ရင်း, မရလျှင် နီဝရ ဏကင်း၍ စိတ်ငြိမ်အောင် ဥပစာရဈာန်ရခြင်းဖြင့်ရင်း စိတ္တဝိသုဒ္ဓိ ဖြစ်၏။ ထိုအခါ နီဝရဏမှ စိတ်စင်ကြယ်ပြီ၊ တရား အားထုတ် နိုင်ပြီ။

**ဒိဋ္ဌိဝိသုဒ္ဓိ။** ။လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်-အားဖြင့် နာမ်ရုပ်ကို သိမ်းဆည်းခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ ဗဿသည်

ဖုသနလက္ခဏာရှိ၏။ ပထဝီသည် ဟာကုဋ္ဌလက္ခဏာရှိ၏ ...
အကျယ်သိမ်းဆည်းခြင်းဖြင့်ရင်း၊ နာမ်သည် အာရုံသို့ ညွတ်ခြင်း
လက္ခဏာရှိ၏၊ ရုပ်သည် အအေးအပူ စသည်ကြောင့် ဖောက်ပြန်ခြင်း
ဖောက်ပြန်ခြင်းလက္ခဏာရှိ၏–စသော အကျဉ်း သိမ်းဆည်းခြင်း
ဖြင့်ရင်း ဒိဋ္ဌိဝိသုဒ္ဓိဖြစ်၏။ နာမ်ရုပ်မှတပါးအတ္တ၊ ဇီဝမရှိဟု ညာဏ်
အမြင် စင်ကြယ်ပြီ၊ သက္ကာယဒိဋ္ဌိကွာပြီ။

[လက္ခဏာနှစ်မျိုးရှိ၏။ အနိစ္စလက္ခဏာ စသည်သည်
နာမ်၊ရုပ်အများနှင့်ဆက်ဆံ၏၊ သာမညလက္ခဏာမည်၏။
ဝိဇာနန၊ ဖုသန၊ ကက္ခဠ၊ သန္တိ–စသော လက္ခဏာသည်
အများနှင့် မဆက်ဆံ၊စိတ်,စေတသိက်, ရုပ်, နိဗ္ဗာန်တို့၏
သီးခြားသော မိမိလက္ခဏာဖြစ်၏၊ သဘာဝ လက္ခဏာ
မည်၏။ ။ရသနှစ်မျိုး+ ပြုလုပ်ခြင်းသည် ကိစ္စရသ။ပြည့်
စုံခြင်းသည် သမ္ပတ္တိရသ။ ။ပစ္စုပဋ္ဌာန် နှစ်မျိုး၊ ထင်ရှာ
သော အခြင်းအရာသည် ဥပဋ္ဌာနာကာရ ပစ္စုပဋ္ဌာန်၊
အကျိုးသည် ဖလပစ္စုပဋ္ဌာန်။ ။ပဒဋ္ဌာန်တမျိုး–နီးသော
အကြောင်းသည် ပဒဋ္ဌာန်မည်၏။]

**ကန်္ခါဝိသုဒ္ဓိ။** ။ထိုနာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်း
ခြင်းသည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။ ။ပဋိသန္ဓေ နာမ်ရုပ်
သည် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ကံ–ဟူသောအကြောင်းကြောင့်
ဖြစ်သည်။ ပဝတ္တိရုပ်သည် ကံ၊စိတ်၊ဥတု၊ အာဟာရကြောင့် ဖြစ်
သည်။ပဝတ္တိနာမ်သည် ဝတ္ထု၊အာရုံ စသည်ကြောင့်ဖြစ်သည်။ အ
ထူးအားဖြင့် ကုသိုလ်သည် ယောနိသော မနသိကာရကြောင့်
ဖြစ်သည်၊ အကုသိုလ်သည် အယောနိသောကြောင့် ဖြစ်သည်။
ဝိပါက်သည်ကုသိုလ်၊ အကုသိုလ် စွမ်းကြောင့် ဖြစ်သည်၊ ...
ဝဋ္ဋန် ဒွေသည် ဘဝင်စသည် အစွမ်းကြောင့်ဖြစ်သည်။ ကြိယာ
ဇောသည် ရဟန္တာသန္တာန် စွမ်းကြောင့်ဖြစ်သည်။ အကြောင်း
မကင်းသော အကျိုးတရား အပေါင်းတို့ သာတည်း။ ဤသို့

ကြောင်းသိမ်းဆည်းခြင်းဖြင့် ကင်္ခါ စင်ကြယ်၏။ ယုံမှားခြင်း ၁၆ ပါး၊ ၈-ပါးတို့မှလွန်၏။ ထိုအခါ စူဠသောတာပန် အငယ်စားဖြစ်ပြီ။ ဉာဏ်ဆယ်ပါး အားထုတ်နိုင်ပြီ။

**မဂ္ဂါမဂ္ဂဉ် သမ္မသနဉာဏ်။** ။ထိုနောက်ထိုသို့သိမ်းဆည်းပြီးသော အကြောင်းမကင်းသော တေဘူမကသင်္ခါရတို့၌အတိတ်စသည်ခွဲ၍ လက္ခဏာရေး သုံးပါးတင်၍ ဖန်ဖန်သုံးသပ် အပ်၏။ ဤသို့သုံးသပ်ခြင်းသည် သမ္မသန ဉာဏ်မည်၏။ ဤ၌ခန္ဓာဒိနယမာရဏ္ဏဖြင့် သိဟိုဠ်သားတို့ အလိုနယ ဝိပဿနာမည်၏–ဟုဆိုသည်။ ကလာပဝသေန သမ္ပိဏ္ဍိတွာဖြင့် ဇမ္ဗူဒိပ်သားတို့ အလိုကလာပ သမ္မသနမည်၏ဟု ဆိုသည်။ အဓိပ္ပါယ် တူသည်သာတည်း။

**နယဝိပဿနာ။** ။နယဝိပဿနာသုံးသပ်ပုံကား၊ ခန္ဓာငါးပါး၊ ဒွါရခြောက်ပါး၊ အာရုံခြောက်ပါး စသည်ဖြင့် လာသော ပဋိသမ္ဘိဒါ ဒေသနာနည်းကိုယူ၍……

ရူပံအနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန။ ။ဝေဒနာအနိစ္စာခယဋ္ဌေန …။သညာအနိစ္စာခယဋ္ဌေန၊သင်္ခါရာ အနိစ္စာခယဋ္ဌေန၊ ဝိညာဏံ အနိစ္စံခယဋ္ဌေန……။ ။ဤသို့စသည်ဖြင့် သုံးသပ်အပ်၏။

**ကလာပသမ္မသန။** ။ကလာပ သမ္မသန သုံးသပ်ပုံကား၊ အတိတ် အနာဂတ်စသော ၁၁-ပါးသော အပေါင်းအစု ကလာပ, စုမ်ဖြင့် ပေါင်းချုံး၍–

အတိတ်ရုပ်သည် အတိတ်၌ချုပ်ပြီးပြီ။ အနိစ္စံခယဋ္ဌေန၊ ဒုက္ခံဘယဋ္ဌေန၊အနတ္တာ အသာရကဋ္ဌေန။ ။အနာဂတ်ရုပ်သည် အနာဂတ်၌ချုပ်လတ္တံ့။အနိစ္စ,ဒုက္ခ,အနတ္တ။ ။ပစ္စုပ္ပန်ရုပ်သည် အနာဂတ် မဖြစ်မီချုပ်၏။အနိစ္စ, ဒုက္ခ, အနတ္တ။ ။အဇ္ဈတ္တရုပ်သည် ဗဟိဒ္ဓမဖြစ်မူ၍ချုပ်၏……။ ဗဟိဒ္ဓရုပ်သည်အဇ္ဈတ္တမဖြစ်မူ၍ချုပ်၏။ ။သုခုမရုပ်သည်

ဩဠာရိက မဖြစ်မှု၍ချုပ်၏။ ။ဩဠာရိကရုပ်သည် သုခုမ မဖြစ်မှု၍ ချုပ်၏။ ။ဟီနရုပ်သည် ပဏီတ မဖြစ်မှု၍ ချုပ်၏။ ။ပဏီတရုပ်သည် ဟီနမဖြစ်မှု၍ ချုပ်၏။ ။ ဒူရရုပ်သည် သန္တိက မဖြစ်မှု၍ ချုပ်၏။ ။သန္တိကရုပ်သည် ဒူရ မဖြစ်မှု၍ ချုပ်၏၊ အနိစ္စ,ဒုက္ခ,အနတ္တ။ ။ဝေဒနာ စသည်လည်း ထိုအတူ ၁၁-ပါးခွဲ၍ သုံးသပ်အပ်၏။

**အဒ္ဓါနစသည်။** ။အဒ္ဓါန၊ သန္တတိ၊ ခဏစွမ်းဖြင့်လည်း လက္ခဏာရေးသုံးပါးတင်၍ သုံးသပ်အပ်၏။ အဒ္ဓါနစွမ်းဖြင့်ကား အတိတ်ဘဝရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တ။ အနာဂတ်ဘဝရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တ။ ပစ္စုပ္ပန်ဘဝရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တ။

သန္တတိစွမ်းဖြင့်-အတိတ်သန္တာန်ရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တ။ အနာဂတ်သန္တာန်ရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တ။ ပစ္စုပ္ပန်သန္တာန်ရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တ။

ခဏစွမ်းဖြင့်-အတိတ်ခဏတ္တယရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တ။ အနာဂတ် ခဏတ္တယရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တ။ ပစ္စုပ္ပန် ခဏတ္တယရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တ။ ။ဤသို့ဖန်ဖန် သုံးသပ်သောသူသည် သမ္မသနဉာဏ်ဖြင့် သုံးသပ်သည်မည်၏။

**ဥဒယဗ္ဗယဉာဏ်။** ။ထိုတေဘူမက သင်္ခါရတို့၌သာလျှင် ပစ္စယစွမ်း၊ ခဏစွမ်းဖြင့်ဖြစ်ခြင်း၊ ပျက်ခြင်းကိုရှုသော ဉာဏ်ဖြင့် ဖန်ဖန်ရှုသောသူသည် ဥဒယဗ္ဗယဉာဏ်ဖြင့် ရှုသည်မည်၏။

**ပစ္စယစွမ်းဖြင့်ရှုပုံကား။** ။အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ရုပ်ဖြစ်သည်။ တဏှာဖြစ်ခြင်းကြောင့် ရုပ်ဖြစ်သည်။ ကံဖြစ်ခြင်းကြောင့် ရုပ်ဖြစ်သည်။ အာဟာရ ဖြစ်ခြင်းကြောင့် ရုပ်ဖြစ်သည်။ ဤသို့အကြောင်းလေးပါးဖြင့် ရှုအပ်၏။

**ခဏစွမ်းဖြင့်ရှုပုံကား။** ။ဥပါဒ်ခဏ၌ရုပ်ဖြစ်သည်။ဤသို့ ခဏတပါးဖြင့် ရှုအပ်၏။ ဥဒယ၌ငါးပါး ဖြင့်ရှုအပ်၏။

အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ရုပ်ချုပ်သည်။ တဏှာချုပ်ခြင်း ကြောင့် ရုပ်ချုပ်သည်။

ကံချုပ်ခြင်းကြောင့် ရုပ်ချုပ်သည်။ အာဟာရချုပ်ခြင်းကြောင့် ရုပ်ချုပ်သည်။

အကြောင်းလေးပါး၊ ဘင်ခဏ၌ ရုပ်ချုပ်သည်။ ခဏတပါး၊ ဝယ၌ ငါးပါးဖြင့် ရုပ်ချုပ်သည်။

ဝေဒနာ၊ သညာ။ သင်္ခါရတို့၌ အာဟာရပယ်၍ ဖဿကြောင့် ဝေဒနာ၊သညာ၊ သင်္ခါရဖြစ်သည်။ ဝိညာဏ်၌ အာဟာရပယ်၍ နာမ်ရုပ်ကြောင့် ဝိညာဏ်ဖြစ်သည်။ ဤသို့ပြင်၍ ရှုအပ်၏။ ခန္ဓာငါး ပါး၌ ဥဒယဗ္ဗယ ဆယ်ပါးစီရှုအပ်၏။

ဥဒယဗ္ဗယ ငါးဆယ်ရှုသည်မှစ၍ အာရဒ္ဓဝိပဿက ယောဂီ မည်၏။ ဤသို့သော ယောဂီအားသြဘာသစသော ဘေးရန်ဆယ် ပါးဖြစ်လတ်သော် ထိုဘေးရန်တို့ကို သိမ်းဆည်း၍ လမ်းမှန် လမ်း မှား မှတ်သားခြင်းသည် မဂ္ဂါမဂ္ဂညာဏ ဒဿန ဝိသုဒ္ဓိမည်၏။ ။ ဘေးရန်ဆယ်ပါးကား ထင်မြဲခမ္ဘတာဟုဆို၏။

**ဘေးရန်ဆယ်ပါး။** ။ဆယ်ပါးကား-လွန်ကဲသော ဝိပ ဿနာ စိတ်ကြောင့် ကိုယ်မှအရောင်ထွက်ခြင်း၊ ထိုအတူ ဝိပဿ နာစိတ်ကြောင့် ဝိတိငါးမျိုးဖြစ်ခြင်း၊ ကိုယ်စိတ်အပူငြိမ်း၍ ပဿဒ္ဓိ နှစ်ပါးဖြစ်ခြင်း (၃) အားကြီးသော သဒ္ဓါဟူသော အဓိမောက္ခဖြစ် ခြင်း၊ ဝီရိယသမ္ဘောဇ္ဈင်ဟူသော ပဂ္ဂဟဖြစ်ခြင်း (၅) အတိပဏီ တသုခဖြစ်ခြင်း၊ ဝိပဿနာဉာဏ် အမြင်သန်ခြင်း၊ ရှေးဟောင်းပြန် သိသတိထင်ခြင်း (၈) ဥပေက္ခာသမ္ဘောဇ္ဈင် ဟူသောတတြမဇ္ဈတ္တု ပေက္ခာ၊ မနောဒွါရာ ဝဇ္ဇန်းဟူသော အာဝဇ္ဇ နုပေက္ခာဖြစ်ခြင်း၊ အရောင်စသည်၌ "ငါ့အားဤသို့ မဖြစ်စဘူးဖြစ်ကုန်၏" ဟုသိမ် မွေ့သော တဏှာ နိကန္တိ ဖြစ်ခြင်း (၁၀)ဤဆယ်ပါးတည်း။

ထိုအခါ ငါအားမဖြစ်စဘူး ဖြစ်သည်။ မဂ္ဂျတ်ကောန် မင်္ဂမှုပ် ရပြီဟုမယူမူ၍–ဤဆယ်ပါးသည် တဏှာဖြစ်ကြောင်း၊ မာနဖြစ်ကြောင်း၊ဒိဋ္ဌိဖြစ်ကြောင်းဖြစ်၍ ဝိပဿနာညစ်ငြူးကြောင်း ဘေးရန်သာဖြစ်သည်၊ လမ်းမှန်မဟုတ်။ ထိုမှလွတ်သော ဝိပဿနာဉာဏ် အစဉ်သာ လမ်းမှန်ဖြစ်ချေသည်ဟု မှတ်သား ဆုံးဖြတ်ခြင်းဖြင့် သိမ်းဆည်းအပ်၏။

**ပဋိပဒါဉာဏ်။** ။ထိုဘေးရန်ဆယ်ပါးမှ လွတ်ပြီးသောအခါ ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် အဆင့်ဆင့်အားထုတ်အပ်သော ဝိပဿနာဉာဏ် ကိုးပါးသည် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိမည်၏။

ဉာဏ်အဆင့်ဆင့်ဖြစ်ရာ၌ ဖျေးဦးစွာ သမ္မသနဉာဏ် သုံးသပ်သောအခါ ဝိပဿနာဉာဏ် အားထုတ်သည် မမည်သေး။ ။ခန္ဓာတို့၏ဖြစ်ခြင်း ပျက်ခြင်းကို သိသောအခါ ဥဒယဗ္ဗယဉာဏ်။ ဖြစ်ခြင်းလွှတ်၍ ပျက်ခြင်းမှုသိသောအခါ ဘင်ဂဉာဏ်။ ပျက်ခြင်းမြင်၍ ခြင်္သေ့ သစ်ကျားပမာ ကြောက်စရာဟုသိသောအခါ ဘယဉာဏ်(ဥ၊ဘင်၊ဘ-၃။)ကြောက်လန့်၍ယူချင်စရာမထင် မိုးလောင်သောအိမ်အသွင် အပြစ်မြင်သောအခါ အာဒီနဝဉာဏ်။ အပြစ်မြင်၍ ငြီးငွေ့သောအခါ နိဗ္ဗိဒါဉာဏ်။ပိုက်ကွန်မိသော ငါးပမာ ဘုံသုံးပါးမှလွတ်လိုသောအခါ မုဉ္စိတုကမျတာဉာဏ်(အာ၊နိ၊မု ၃။) အပြစ်မြင်သော်လည်း တရှိန်တည်းမပြေးဝင်နိုင်သဖြင့် သမုဒ္ဒရာ ဌက်ပမာ ဖန်ဖန်ပြန်၍ လွတ်ခြင်းကြီးလွတ်အောင် သုံးသပ်သောအခါ ပဋိသင်္ခါဉာဏ်။ အပြစ်မြင်ပြီးသော သင်္ခါရတို့၌ စွန့်ပြီးသောမယားအတူ လျစ်လျူရှုသောအခါ သင်္ခါရုပေက္ခာဉာဏ်၊ မဂ္ဂဝိထိ၌ ပရိကံ,ဥပစာ,အနုလုံ ဖြစ်သောအခါ အနုလောမဉာဏ်၊ (ပဋိ၊ဂု၊နု-၃၀၀) ဤသို့အဆင့်ဆင့်ဖြစ်၏။

(ဤတွင် ဝိသုဒ္ဓိခြောက်ပါး ပြီး၏။)

**ဉာဏဒဿနဝိသုဒ္ဓိ-မဂ်ဝိထိ။** ။ဤသို့ ဝိသုဒ္ဓိ ခြောက်ပါး အစဉ်အားဖြင့် အားထုတ်သော ယောဂီအား ဝိပဿနာ ဉာဏ်၏

ရင့်ခြင်းကို(ဝါ၊သင်္ခါရုပေက္ခာဉာဏ်၏ ရင့်ခြင်းကို)စွဲ၍မဂ်ဖိုလ် အပ္ပနာဖြစ်လို လတ်သည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ-ဖြစ်၍ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊မဂ် တကြိမ်၊ ဖိုလ်နှစ်ကြိမ် သုံးကြိမ်ဖြစ်၍ ဘဝင်ကျ၏။

**ပ-ဥ-နု—လေးမည်။** ။ဤမဂ္ဂဝီထိစိတ်စဉ်၌ ပရိကံ၊ဥပစာ၊ အနုလုံသည် အထွတ်အထိပ်သို့ ရောက်သော ဝိပဿနာဖြစ်သောကြောင့်သိခါပတ္တာမည်၏။ သစ္စာနုလောမဉာဏ်နှင့်(ဝါ၊ဝိပဿနာရှုသောမဟာကုသိုလ်ဉာဏ်နှင့်) တကွဖြစ်သောကြောင့် သာနုလောမာမည်၏။ သင်္ခါရတို့ကို လျစ်လျူရှုသောကြောင့် သင်္ခါရုပေက္ခာမည်၏။ မဂ်သို့ ရောက်ကြောင်း ဝိပဿနာ ဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာမည်၏။ လေးမည်။ ဤစိတ်တို့သည်အနိစ္စစသော လက္ခဏာတခုခုကို အာရုံပြုကုန်၏။ (ဝုဋ္ဌာနသည် မဂ်၏အမည်ဖြစ်၏။ကိလေသာမှထသောကြောင့်တည်း။)

**ဂေါတြဘူ။** ။ဂေါတြဘူသည် နိဗ္ဗာန်ကို အာရုံပြု၍ပုထုဇဉ်အနွယ်ကိုဖျက်လျက် အရိယာအနွယ်သို့ ရောက်စေလျက်ဖြစ်၏။ နိဗ္ဗာန်ကိုမြင်လျက် ကိလေသာကိုမသတ်ဘဲ မဂ်အားအချက်ပေးသောကြောင့် မဂ်၏အာဝဇ္ဇန်း အရာ၌တည်သည်။

**မဂ်ဉာဏ်။** ။မဂ်သည် ဒုက္ခသစ္စာကို အကုန်အစဉ် သိလျက်၊ သမုဒယသစ္စာကို ပယ်လျက်၊ နိရောဓ သစ္စာကို မျက်မှောက်ပြုလျက်၊ မဂ္ဂသစ္စာကိုပွါးစေသောအားဖြင့် အပ္ပနာဝီထိသို့ ရောက်၏။ ။ဤ၌ မဂ်ဉာဏ်သည် လေးကိစ္စကို တပြိုင်နက်ပြီးစေသည်။ နိဗ္ဗာန်ကို အာရုံပြုခြင်းသည် နိရောဓ မျက်မှောက်ပြုသည်မည်၏။ မဂ်စိတ်ကိုရင်း။ ကြွင်းမဂ္ဂင်ခုနစ်ပါးကိုရင်း အတူတကွ ခဏတ္တယသို့ ရောက်စေခြင်းသည် မဂ္ဂကို ပွါးစေသည်မည်၏။နောင်ဖြစ်ထိုက်သော ကိလေသာကို မဖြစ်နိုင်သောအနေသို့ ရောက်စေခြင်းသည် သမုဒယ ပယ်သည်မည်၏။ ဒုက္ခ၏အကြောင်းကိုပယ်ခြင်းဖြင့် ဒုက္ခကိုအကုန်အစဉ် သိသည်မည်၏။

မဂ်ဉာဏ်သည် ကိလေသာသတ်သည့်အပြင် အနမတဂ္ဂ သံသရာ-ဝဋ်ဒုက္ခ သမုဒြာ ကိုလည်း ခန်းစေ၏။ အပါယ်တံခါးကိုလည်းပိတ်စေ၏၊ သူတော်ကောင်း ဥစ္စာခုနစ်ပါး၏ ပိုင်ရှင်တရေးသူဌေးကိုလည်း ဖြစ်စေ၏။ မိစ္ဆာမဂ္ဂင် ရှစ်ပါးကိုလည်း ပယ်၏။ တွင်း၊ပ၊နီး၊ဝေး၊အကြီး၊အသေး-ဘေးဟူသမျှကိုလည်း ငြိမ်းစေ၏။ဘုရားရှင်၏သားတော်စစ် အဖြစ်သို့လည်း ရောက်စေ၏။ရတနာ သုံးပါး၌ သက်ဝင်သော အဝိဂမသဒ္ဓါ၊ပဋိသမ္ဘိဒါ၊အဘိညာစသည်ကိုလည်း ရစေ၏။

**ဖိုလ်ဉာဏ်။** ။ဖိုလ်စောနှစ်ကြိမ် သုံးကြိမ်သည် နိဗ္ဗာန်ကို အာရုံပြု၏။မဂ်ပယ်သောကိလေသာကို အငိုးအငွေ့မျှမကျန်အောင် ငြိမ်းစေ၏။

**ပစ္စဝေက္ခဏာဉာဏ်။** ။ထိုနောင်ဘဝင်ဖြတ်၍ ပစ္စဝေက္ခဏာဉာဏ် ဝိထိတ်ဖြစ်ကုန်၏။ မဂ်ဖိုလ်ရပြီးသော လောကုတ္တရာပညာရှင်သည် မဂ်၊ ဖိုလ်၊နိဗ္ဗာန်သုံးမျိုးကို တခုစီအာရုံပြု၍ ဆင်ခြင်၏၊ ပယ်ကိလေသာ၊ ကြွင်းကိလေသာနှစ်ခုကို အချို့သေက္ခ ဆင်ခြင်၏။အချို့သေက္ခမဆင်ခြင်။သာကီဝင်မင်းသား မဟာနာမ်သည်ဘုရားရှင်ထံ ချဉ်းကပ်၍ တပည့်တော်သန္တာန်၌ ကိလေသာ အဘယ်မျှမပယ်ရသေးပါသနည်း ဟုလျှောက်၏။ အသေက္ခကား ကြွင်းကိလေသာကိုသာ မရှိသောကြောင့် မဆင်ခြင်။

ဤသို့ဝိသုဒ္ဓိခြောက်ပါး အစဉ်ဖြင့် ဖြစ်စေအပ်သော မဂ်ဉာဏ် လေးပါးသည် ဉာဏဒဿနဝိသုဒ္ဓိမည်၏။

(ဝိသုဒ္ဓိဘေဒ ပြီး၏။)

**ဝိမောက္ခဘေဒ။** ။ဝိမောက္ခဘေဒ၌ အနတ္တာ နုပဿနာသည်အတ္တဟု နှလုံးသွင်းခြင်းကိုစွန့်၏၊ (အတ္တမှဆိတ်သော သညာကိုပြင်၏။) ထိုကြောင့်သုညတာ နုပဿနာမည်သော ဝိမောက္ခမုခဖြစ်၏။အနိစ္စာနုပဿနာသည် ဝိပလ္လာသဖြစ်ကြောင်း နိမိတ်ကို စွန့်၏။ အနိမိတ္တာနုပဿနာမည်သော ဝိမောက္ခမုခဖြစ်၏။ ဒုက္ခာ

နုပဿနာသည် တဏှာတောင့်တခြင်းကို စွန့်၏။ အပ္ပဏိဟိတာ နုပဿနာမည်သော ဝိမောက္ခမုခဖြစ်၏။

ထိုကြောင့် ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည် အနတ္တဟုရှုအံ့၊ မဂ်သည်သုညတ ဝိမောက္ခမဂ်မည်၏။ အနိစ္စဟုရှုအံ့၊ အနိမိတ္တ ဝိမောက္ခမဂ်မည်၏။ ဒုက္ခဟုရှုအံ့၊အပ္ပဏိဟိတ ဝိမောက္ခမဂ်မည်၏။ ဝိပဿနာအာရုံစွမ်းဖြင့် မဂ်အမည်သုံးရသည်။

မဂ္ဂဝီထိ၌ မဂ်နောင်ဖိုလ်သည် မဂ်အာရုံစွမ်းဖြင့် အမည်သုံးရသည်။ ဖလသမာပတ္တိဝီထိ၌ ဖိုလ်သည် ဝိပဿနာရှုခြင်းအားလျော်စွာ ဝိပဿနာအာရုံစွမ်းဖြင့် အမည်သုံးရသည်။ (မဂ်အာရုံမရှိ)။ ။မဂ္ဂဝီထိ၊ ဖလသမာပတ္တိ ဝီထိအားလုံး၌ မဂ်ဖိုလ်တို့သည် နိဗ္ဗာန်အာရုံ စွမ်းဖြင့်လည်းသုံးမည်၊မိမိကိစ္စ ဂုဏ်စွမ်းဖြင့်လည်း သုံးမည်ရ၍ တူသည်သာတည်း။

**ပုဂ္ဂလဘေဒ။** ။ပုဂ္ဂလဘေဒ၌ သောတာပတ္တိမဂ် ရသောသူသည် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကိုရင်း၊ အပါယ်သွားကြောင်း အကုသိုလ်ကိုရင်း ပယ်ပြီးဖြစ်၏။ သောတာပန် မည်သောသူဖြစ်၏။ ကာမဘုံ၌ လူနတ်အရော ပဋိသန္ဓေ ခုနစ်ကြိမ်ရှိလျှင် သတ္တက္ခတ္တုပရမ။ နှစ်ကြိမ်မှ ခြောက်ကြိမ် ထိရှိလျှင် ကောလံကောလ၊ တကြိမ်ရှိလျှင် ဧကဗီဇီမည်၏။ လူဘုံသက်သက်၊ နတ်ဘုံသက်သက်၌ မရောယှက်ဘဲ ဘဝရောထောင် ထပ်ဖြစ်သော်လည်း တကြိမ်သာမည်၏။ သကဒါဂါမ်၊ အနာဂါမ်ဖြစ်၍ ရူပဘုံသို့ရောက်လျှင် ဘဝများစွာ ဘုံစဉ်စံဖြစ်သေး၏။ လူနတ်အရော ကာမဘုံ ပဋိသန္ဓေကိုသာရည်၍ သတ္တက္ခတ္တု ပရမဟု ဆိုသည်။

သကဒါဂါမိမဂ်ရလျှင် ရာဂ,ဒေါသ, မောဟခေါင်းပါးပြီးဖြစ်၏၊ သကဒါဂါမ်ပုဂ္ဂိုလ်မည်၏။ ဤလူ့ပြည်သို့ ပဋိသန္ဓေတကြိမ်လာနိုင်၏။

အနာဂါမိမဂ်ရလျှင် ကာမရာဂ၊ ဗျာပါဒ အကြွင်းမဲ့ပယ်ပြီးဖြစ်၏။ အနာဂါမ်ပုဂ္ဂိုလ်မည်၏။ ကာမဘုံသို့ ပဋိသန္ဓေ လာခြင်းမရှိ။

အရဟတ္တမဂ်ရလျှင် ကိလေသာ အားလုံး အကြွင်းမရှိ ပယ်ပြီး ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်မည်၏။ အာသဝေါကုန်၍ အလှူခံပုဂ္ဂိုလ် အမြတ်ဆုံးဖြစ်၏။

လောကုတ္တရာ ဉာဏ်ဖြစ်ရာ၌ ဝသီဘော်လေ့လာဘွယ် မရှိ။ ဆန့်ကျင်ဘက်တို့ကို သမုစ္ဆေဒပြုပြီးဖြစ်သောကြောင့် အလိုလို ဝသီဘော်ပြည့်စုံ၏။ လောကီဈာန်သမာပတ်၌သာနှုန်းနှေးခြင်းကင်း အောင်ဝသီဘော်လေ့လာရသည်။ (ဤစကားဖြင့် ဝသီဘော်မလေ့ လာခြင်းကြောင့် ဖလသမာပတ် မဝင်စားနိုင် ဟူသောစကားကို ပယ်အပ်၏။)

**သမာပတ္တိဘေဒ။** ။သမာပတ္တိဘေဒ၌ မိမိရသော ဖိုလ်ကို မိမိဝင်စားခြင်းဖြင့် ဖလဋ္ဌာန်ပုဂ္ဂိုလ်တိုင်း ဖလသမာပတ်ကို ဝင် စားနိုင်ကုန်၏။

နိရောဓသမာပတ်ကိုကား အနာဂါမ်၊ ရဟန္တာတို့သာ ဝင်စား နိုင်ကြသည်။ ဝင်စားပုံကား၊ ရှေးဦးစွာ ပဌမဈာန်ကို ဝင်စား၏။ ဤကားသမထပြုခြင်းတည်း။ ထိုနောင်ပဌမဈာန်မှထ၍ ပဌမဈာန် ၌ ရှိသောသင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ,အနတ္တဟုရှု၏။ ဤ ကားဝိပဿနာ ပြုခြင်းတည်း။ ဤသို့သမထ၊ ဝိပဿနာပြုခြင်း သည် ယုဂနဒ္ဓပြုသည်မည်၏။

ဤနည်းဖြင့် ဈာန်အစဉ် အတိုင်း ယုဂနဒ္ဓပြုကာ အာကိဉ္စညာ ယတနဈာန်အထိ ဝင်စား၍ အာကိဉ္စညာယတန ဈာန်မှထသော အခါ ဝိပဿနာ မပြုဘဲ အဓိဋ္ဌာန်ခြင်းစသော ပုဗ္ဗကိစ္စလေးပါး ပြု၍နေဝသညာ နာသညာယတန ဈာန်ကိုဝင်စား၏။ နေဝသညာ နာသညာယတန ဈာန်ဇောသည် နှစ်ကြိမ်စော၍ စိတ်အစဉ်ပြတ် ၏။ စိတ်စေတသိက် စိတ္တဇရုပ် ချုပ်၍ ကိဇရုပ်မျှ ကြွင်း၏၊ ထို အခါ နိရောဓသမာပတ် ဝင်စားသည်မည်၏။

ပုဗ္ဗကိစ္စလေးပါး ပြုခြင်းကား၊ မိမိနှင့်စပ်သော သီးခြားတည် သော ကျောင်း၊ သပိတ်၊ သင်္ကန်းစသည်သည် မီးစသောအန္တ ရာယ်ကြောင့် မပျက်စီးနိုင်စေသတည်းဟု ဓိဋ္ဌာန်၏။ ကိုယ်၌ဝတ်

ရုံထားသောသက်နှင်းအတွက် မိဋ္ဌာန်ဘွယ်မလို။ ။သံစားအပေါင်း တောင့်တသောအခါ လာမခေါ်မိ သမာပတ်မှ ထနိုင်စေသတည်း ဟုမိဋ္ဌာန်၏။ မြတ်စွာဘုရား ခေါ်တော်မူသောအခါ လာမခေါ်မိ ထနိုင်စေသတည်းဟု မိဋ္ဌာန်၏။ ခုနစ်ရက်အတွင်း မိမိအသက် အပိုင်းအခြားတည်နိုင် မတည်နိုင်ကြည့်ရှု၏။ဤလေးပါးတည်း။

နိရောဓ သမာပတ်ကို ကာမဘုံ၊ ရူပဘုံ၌သာ- အနာဂါမ်၊ ရဟန္တာတို့သာ-မဟာဂုတ်ချာန် ကိုးပါးလုံး ရမှသာ ဝင်စားနိုင် ကြသည်၊အရူပဘုံ၌ ဈာန်ကိုးပါးမရှိ၍ ယုဂနဒ္ဓပင်မပြည့်စုံ။ကာမ ဘုံ၌ အာဟာရ အတွက် အလွန်ဆုံး ခုနစ်ရက်သာ၊ ရူပဘုံ၌ ပိုင်း ခြားမရှိဝင်စားကြ၏။

နိရောဓ သမာပတ်မှထသောအခါ အနာဂါမ်အား အနာဂါမိ ဖိုလ်ဇောတကြိမ် စော၍ဘဝင်ကျ၏။ ရဟန္တာအား အရဟတ္တ ဖိုလ်ဇောတကြိမ် စော၍ဘဝင်ကျ၏။ ထိုနောင် ပစ္စဝေက္ခဏာ ဉာဏ်ဝီထိဖြစ်၏။ (အနာဂါမ်၊ ရဟန္တာအားသာ- သမာဓိပြည့် သည်။)

ဤ၌ခုနစ်ရက်ခြားသော်လည်း နေဝသညာ နာသညာယတန ဒုတိယဇောသည် အနာဂါမိဖိုလ်ဇော၊ အရဟတ္တ ဖိုလ်ဇောအား (စိတ်အခြားမရှိ) အနန္တရ သတ္တိဖြင့် ကျေးဇူးပြု၏။ ဤနည်းမျိုး ဖြင့် အသညသတ်ဘုံအသက်–ကမ္ဘာငါးရာခြားလျက် တတိယ ဘဝ နောက်ဆုံးစုတိသည် ယခုဘဝ ပဋိသန္ဓေ စိတ်အားလည်း အနန္တရသတ္တိဖြင့် ကျေးဇူးပြု၏။ (ဤသဘောကို မြင်လျှင် အဘိ ဓမ္မာ၌ ထူးသောဉာဏ်မျက်စိရှိသူမည်၏။)

လူမင်းနတ်မင်း ဗြဟ္မာမင်းတို့သည် မိမိစည်းစိမ်ကို ခံစား၍ မငြီးငွေ့နိုင်ကြကုန်။ ဖလဋ္ဌာန် ပုဂ္ဂိုလ်လည်း မိမိဖိုလ် အရသာခံ စား၍ မငြီးငွေ့နိုင်။မင်းစည်းစိမ်ခံစားစဉ် အပူဝင် အဖေမိ၊ငန်းဖမ်း၊ အသက်ထွက်–အချိုဖြစ်သေး၏။ ဖိုလ်အရသာ ခံစားစဉ် ထိုအန္တ ရာယ်မျိုး ဗိုးစဉ်းမှုမဖြစ်။ အမြိုက်ဆေး ဖျန်းသော ပျားသည် ဩ ဇာထက်၍ လွန်စွာ အရသာရှိ၏။ ဖိုလ်ချမ်းသာ ဆွတ်ဖျန်းသော

ဖိုလ်အရသာသည် သာလွန်ထက်မြက်စွာ ချမ်းသာသော အရသာရှိ၏။ စိတ်ရှိသူတို့ ခံစားသော ချမ်းသာတို့တွင် ထိပ်ဆုံးချမ်းသာဖြစ်၏။ နိဗ္ဗာန်လက်တွေ့ဖြစ်၏။ ထိုကြောင့် ဤသို့တိုက်တွန်းအပ်၏။

ဘာဝေတဗ္ဗံ ပနိဒ္ဓေဝံ၊ ဘာဝနာဒွယ မုတ္တမံ။
ပဋိပတ္တိ ရသ သာဒံ၊ ပတ္ထယန္တေန သာသနေ။

သာသနေ၊ ဘုရားရှင်သာသနာတော်၌။ ပဋိပတ္တိရသသာဒံ၊ ပဋိပတ်အကျင့်ဖြင့် ရအပ်သော သမာပတ် အရသာ သာယာဘွယ် လွန်စွာကို။ ပတ္ထယန္တေန၊ တောင့်တသောသူသည်။ ဣဒ္ဓေဝံ၊ ဤဆိုပြီးသော နည်းဖြင့်။ ဥတ္တမံ၊ မြတ်သော။ ဘာဝနာဒွယံ၊ သမထ ဝိပဿနာ ဘာဝနာနှစ်ပါး ရဟန်းတရားကို။ ဘာဝေတဗ္ဗံ၊ ပွါးများအပ်၏။ ဝါ၊ ပွါးများနိုင်ကြပါစေ ကုန်သတည်း။

ကမ္မဋ္ဌာန်းပိုင်း အရသာ တစိတ်ပြီး၏။

## နိဂုံး

ဤမှုဖြင့် ညောင်လေးပင်မြို့ တောရကျောင်းတိုက်၌ နေသော ဥက္ကဋ္ဌ မထေရ်ဖြစ်ခိုက်ဖြစ်သော ဦးအရိယမထေရ်၏ အရှင်စီရင်ရေးသားသော ဤသင်္ဂြိုဟ်အရသာသည် ၂၄၀၂-ခု သာသနာတော်နှစ်လွန်သော ၁၃၀၀-ပြည့်နှစ်၌ ပြီးဆုံးခြင်းသို့ ရောက်၏။

၃၃-ယောက်သော နတ်တို့စံရာ တာဝတိံသာ၌ ဟောကြားသောအဘိဓမ္မာ ခုနစ်ကျမ်းမှဖြစ်လာသော ရှင်အနုရုဒ္ဓါ၏ သင်္ဂြိုဟ်ကျမ်းသည်ရှိ၏။ ထိုသင်္ဂြိုဟ်ကျမ်း၏ အရသာဖြစ်သော ဤကျမ်းသည့်ခံတွင်း ကောင်းသူတို့အား မဂ်ဖိုလ်မျိုးစေ့ဖြစ်အောင် အရသာ ဆောင်နိုင်လတ္တံ့။ ကမ္မဋ္ဌာန်းပိုင်းအရသာကို ဝိသုဒ္ဓိ[illegible] သာ၌ပြည့်စုံစေအံ့။

သာသနာရေး ဦးစီးဌာန သို့
အရှင် ကာဝိဒ မှ
လှူဒါန်းပါသည်။

အဘိဓမ္မာပိဋကတ်

ခုနစ်ကျမ်းလုံး၏အရသာကို

ပေါ်လွင်စေလျက်

လျှာတိုင်းနှင့်သင့်သော

# သင်္ဂြိုဟ်–အရသာ

ညောင်လေးပင်မြို့-တောရကျောင်းတိုက်
နာယကဆရာတော်
စီရင်ရေးသားသည်။

☆

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၃